# ဂလာတိဩဝါဒစာ နှင့် ဧဖက်ဩဝါဒစာ

*ဂလာတိမြို့နှင့် ဧဖက်မြို့ရှိအသင်းတော်များအတွက်
ရှင်ပေါလု၏သွန်သင်ဆုံးမချက်များကို ဆင်ခြင်နှလုံးသွင်း
လေ့လာခြင်း*

**အက်ဖ်၊ ဝိန်း မက်လီယိုဒ်**

(F. WAYNE MAC LEOD)

**Light To My Path Book Distribution**

Sydney Mines, NS, CANADA

# မာတိကာ


စကားဦး ------------------------------------------------ ၁

ဂလာတိဩဝါဒစာကိုနိဒါန်းပျိုးခြင်း -------------------------- ၅

၁။ အခြားသောဧဝံဂေလိတရား -------------------------- ၉

၂။ ရှင်ပေါလုထံ၌ ဧဝံဂေလိတရားကိုဖော်ပြခြင်း ------------ ၁၉

၃။ ပေါလု၊ တပါးအမျိုးတို့ထံ၌ စေလွှတ်သောတမန်တော် ----- ၃၁

၄။ ရှင်ပေါလုနှင့် ရှင်ပေတရု ---------------------------- ၄၁

၅။ ပညတ်တရားလား၊ ယုံကြည်ခြင်းလား ------------------- ၅၁

၆။ ပညတ်တရား၏ရည်ရွယ်ချက် ------------------------- ၆၃

၇။ သားများနှင့် အစေခံကျွန်များ ------------------------ ၇၃

၈။ ဟာဂရနှင့်စာရာ ---------------------------------- ၈၁

၉။ အရေဖျားလှီးခြင်းအကြောင်း ဟောပြောခြင်း ------------ ၉၁

၁၀။ ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်း ------------------ ၁၀၃

၁၁။ နိဂုံးချုပ်အမှာစကား -------------------------------- ၁၁၇

ဖေက်ဩဝါဒစာကိုနိဒါန်းပျိုးခြင်း ---------------------------- ၁၂၉

၁၂။ သခင်ခရစ်တော်၌ ----------------------------------- ၁၃၅

၁၃။ ကိုယ်တော်၌ ကြီးထွားခြင်း ---------------------------- ၁၄၇

၁၄။ သခင်ခရစ်တော်၌ ပြန်လည်အသက်ရှင်ခြင်း ------------ ၁၅၇

၁၅။ တကျွန်းတနိုင်ငံသားမဟုတ် -------------------------- ၁၆၇

၁၆။ ပေါလု၊ တပါးအမျိုးတို့ထံ၌ စေလွှတ်သောတမန်တော် ----- ၁၇၇

၁၇။ ဖေက်အသင်းသားများအတွက် ရှင်ပေါလု၏
ဆုတောင်းချက် ------------------------------------ ၁၈၉
၁၈။ ဆင့်ခေါ်ခြင်းနှင့် ထိုက်တန်သောအသက်တာကို
ရှင်သန်ခြင်း ------------------------------------------ ၁၉၉
၁၉။ လူတို့အားဆုလာဘ်များကိုပေးတော်မူ၏ ---------------- ၂၁၅
၂၀။ လူသစ်ကို ယူတင်ဝတ်ဆောင်ခြင်း --------------------- ၂၃၁
၂၁။ အလင်း၌ရှင်သန်ခြင်း -------------------------------- ၂၄၅
၂၂။ လင်နှင့်မယား ------------------------------------ ၂၅၉
၂၃။ အလိုတော်နှင့်ညီသော ဆက်ဆံရင်းနှီးမှုများ ------------ ၂၇၃
၂၄။ သခင်ဘုရားအားဖြင့် ခိုင်ခံ့ခြင်းရှိကြလော့ -------------- ၂၈၃
၂၅။ လက်နက်စုံကို ဝတ်ဆောင်ကြလော့ -------------------- ၂၉၅
၂၆။ နတ်ဆိုး၏ဝိညာဉ်ရေးအင်အားစုများ ------------------ ၃၀၇
၂၇။ သမ္မာတရားတည်းဟူသောခါးပန်း --------------------- ၃၁၅
၂၈။ ဖြောင့်မတ်ခြင်းပါရမီတည်းဟူသောရင်အုပ်တန်ဆာ ------ ၃၂၇
၂၉။ ဧဝံဂေလိတရားတည်းဟူသောခြေစွပ် ------------------ ၃၃၉
၃၀။ ယုံကြည်ခြင်းတည်းဟူသောဒိုင်းလွှား ------------------- ၃၄၉
၃၁။ ကယ်တင်ခြင်းတည်းဟူသောသံခမောက် --------------- ၃၆၁
၃၂။ ဝိညာဉ်တော်၏ဓါး --------------------------------- ၃၇၅
၃၃။ ဝိညာဉ်တော်အားဖြင့် ဆုတောင်းကြလော့ -------------- ၃၈၉
၃၃။ နိုးကြားလျှက်သတိရှိကြလော့ ------------------------- ၄၀၃
၃၅။ နိဂုံးချုပ်အမှာစကား ------------------------------ ၄၁၃

## စကားဦး

ဂလာတိဩဝါဒစာတွင် ရှင်ပေါလုကမိမိ၏ခေတ်ကာလမှ ယုံကြည်သူများအား ၎င်းတို့၏လောလောလတ်လတ်တည်ဆောက်ထားသော သခင်ယေရှုနှင့် ဆက်ဆံရင်းနှီးမှု၌ မောရှေပေးသောပညတ်တရား၏ အခန်းကဏ္ဍအကြောင်းကို ဖော်ပြခဲ့သည်။ ရှင်ပေါလုသည် ပညတ်တရားအကြောင်း ဟောပြောခြင်းကို အခိုင်အမာဆန့်ကျင်ခဲ့သော်လည်း သခင်ယေရှုခရစ်တော်တစ်ပါးတည်း၌ ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းရရှိခြင်းအယူဝါဒကိုမူ အခိုင်အမာထောက်ခံခဲ့သည်။ ရှင်ပေါလုက ဂလာတိယုံကြည်သူတို့အား သခင်ယေရှုပြုခဲ့သောအမှုတော်အားဖြင့် ၎င်းတို့သည် ပညတ်တရားနှင့်ပညတ်တရား၏တောင်းဆိုပြဋ္ဌာန်းချက်များမှ လွတ်မြောက်ခဲ့ကြ၍ ဘုရားသခင်၏သားသမီးများအဖြစ် မွေးစားခံကြရကြောင်းကို ပြန်လည်အသိပေးခဲ့သည်။

ဧဖက်ဩဝါဒစာတွင် တမန်တော်ကြီးက ယုံကြည်သူတို့အား သခင်ယေရှု၌ရှိသော ၎င်းတို့၏အရိုက်အရာနှင့် အကျိုးအမြတ်များကို အသိပေးခဲ့သည်။ ထို့အပြင်၊ ဝိညာဉ်တော်၌ ကျင်လည်လျှောက်လှမ်းခြင်းအတွက် လမ်းညွှန်ချက်အချို့ကို ပေးခဲ့ပြီး၊ ၎င်းတို့တစ်ဦးချင်းက မလွဲဧကန်ရင်ဆိုင်ခဲ့ကြမည့် ဝိညာဉ်တိုက်ပွဲအတွက် မည်သို့ပြင်ဆင်ကြရမည်ကိုလည်း ပြသပေးခဲ့သည်။ တမန်တော်ကြီးသည် မိသားစုနှင့်လည်းကောင်း၊ လုပ်ငန်းခွင်နှင့်လည်းကောင်း သက်ဆိုင်သောလက်တွေ့အခြေခံဥပဒေသအချို့ကိုလည်း ဝေငှခဲ့သည်။

ဤစာစဉ်တွဲရှိ အခြားစာအုပ်များအားလုံးနည်းတူ ဤရှင်းလင်းချက်စာအုပ်ကို သမ္မာကျမ်းချက်များနှင့်အတူ ဖတ်ရှုရန်မှာကျွန်ုပ်၏ဆန္ဒဖြစ်သည်။

သင်သည်ဤရှင်းလင်းချက်စာအုပ်ကိုသာဖတ်ရှုလျှင် ကျွန်ုပ်အထမြောက် ပြီးပြည့်စုံစေလိုသောအရာကို လွဲချော်သွားပါလိမ့်မည်။ ဤရှင်းလင်းချက် စာအုပ်သည်သမ္မာကျမ်းစာကို အစားထိုးဖို့မဟုတ်ပါ။ သမ္မာကျမ်းစာလေ့လာ ခြင်းအတွက် အထောက်အကူပစ္စည်းတစ်ခုသာဖြစ်သည်။ အခန်းတစ်ခန်းစီ၏ အစပိုင်း၌ ဖော်ပြထားသော သမ္မာကျမ်းချက်များနှင့်အတူ ဤစာအုပ်ကို ဖတ်ရှုဖို့ ကျွန်ုပ်တိုက်တွန်းပါသည်။ ဤစာအုပ်သည် သန့်ရှင်းသောဝိညာဉ် တော်၏နေရာကိုလည်း အစားထိုးဖို့မဟုတ်ပါ။ ဤစာအုပ်ကို ကျွန်ုပ်ရေးသား စဉ်၌ ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်ကိုလမ်းပြပေးခဲ့ကြောင်း ကျွန်ုပ် ယုံကြည်ထားပါသော်လည်း၊ ဤစာအုပ်ဖတ်ရှုလေ့လာခြင်း၌ လည်းကောင်း၊ အနက်ဖွင့်ရှင်းလင်းပေးရန် ရည်ရွယ်ထားသော သမ္မာကျမ်းကို ဖတ်ရှုလေ့လာ ခြင်း၌လည်း ဝိညာဉ်တော်သည် သင့်ကိုလမ်းပြပေးလိမ့်မည်ဟု ကျွန်ုပ် လက်ခံထားသည်။ သင့်အား ထိုးထွင်းသိမြင်နိုင်စွမ်းကိုပေးဖို့ ဘုရားသခင်၏ ဝိညာဉ်တော်ကို တောင်းလျှောက်ပါ။ ဝိညာဉ်တော်သည် သင့်ကိုထိုးထွင်း သိမြင်နိုင်စွမ်းကိုပေးဖို့ ဤစာအုပ်ကိုရွေးချယ်ကောင်း ရွေးချယ်ပါလိမ့်မည်။ သို့တည်းမဟုတ် ဝိညာဉ်တော်သည် သင့်ကိုတိုက်ရိုက်စိန်ခေါ်ကောင်း စိန်ခေါ် ပါလိမ့်မည်။ အရေးကြီးသောအချက်မှာ သင်ဖတ်ရှုလေ့လာရာ၌ ဘုရား သခင်၏ ဝိညာဉ်တော်အား သင့်ကိုလမ်းပြစေခြင်းဖြစ်သည်။

ဤလေ့လာမှုကို သင်အစပြုသည်နှင့် သခင်ဘုရားထံ၌ အကြောင်း ကိစ္စအချို့ကို ဆောင်ယူလာဖို့အချိန်အနည်းငယ် ယူစေချင်ပါသည်။ ပထမ အနေဖြင့်၊ ဘုရားသခင်သည် သင့်ကိုမိမိအထံပါးသို့ သာ၍နီးကပ်စွာဆွဲယူရန် အတွက် ဤစာအုပ်ကို သင့်အသက်တာ၌ အသုံးပြုရန် ကျေးဇူးပြု၍ဆုတောင်း ပါ။ ဒုတိယအနေဖြင့် ကမ္ဘာတစ်ဝှမ်းရှိ အခြားသူများ၏အသက်တာ၌

ဤစာအုပ်ကို ကောင်းကြီးပေးဖို့ ကျေးဇူးပြု၍ဆုတောင်းပါ။ ဤစာစဉ်တွဲမှ ထောင်နှင့်ချီသောစာအုပ်များစွာကို ကမ္ဘာတစ်ဝှမ်းမှ ချို့တဲ့သောသင်းအုပ်ဆရာများနှင့် ခရစ်ယာန်အမှုတော်ဆောင်များအား ပေးပို့လျှက်ရှိသည်။ မြောက်မြားစွာသော လူတို့ကိုသခင်ခရစ်တော်နှင့် ပို၍နီးစပ်ကျွမ်းဝင်လာစေဖို့ ဤစာအုပ်နှင့် ဤစာစဉ်တွဲမှအခြားစာအုပ်များသည် ဘုရားသခင့်ဝိညာဉ်တော်၏လက်ထဲ၌ အသုံးဝင်သောအရာများဖြစ်လာမည့်အကြောင်း ကျေးဇူးပြု၍ ကျွန်ုပ်နှင့်အတူ ဆုတောင်းပါ။

ဤလေ့လာမှုကို သင်စတင်လုပ်ဆောင်သည်နှင့်အမျှ ဘုရားသခင်သည် သင့်ကိုကြွယ်ဝစွာ ကောင်းကြီးပေးပါစေ။

အက်ဖ် ဝိန်း မက်လီယိုဒ်

# ဂလာတိသြဝါဒစာ နှင့် ဖေက်သြဝါဒစာ

# ဂလာတိဩဝါဒစာကို နိဒါန်းပျိုးခြင်း

*ရေးသားပြုစုသူ*

ရှင်ပေါလုက မိမိကိုယ်ကို ဂလာတိဩဝါဒစာအား ရေးသားခဲ့သူအဖြစ်ကျမ်း၏ပထမအခန်းကြီး၌ ဖော်ပြထားသည်။ ရှင်ပေါလုရေးသားပြုစုခဲ့ကြောင်းကို အခန်းကြီး ၁ နှင့် ၂ တို့၌ မိမိ၏အကြောင်း အသေးစိတ်ဝေငှထားခြင်းက ပို၍သိသာထင်ရှားစေပါသည်။

*နောက်ခံအကြောင်းအရာ*

ဤစာစောင်ကို ယနေ့ခေတ်၌ တူရကီဟုသိထားသော ဂလာတိမြို့၌ရှိသောအသင်းတော်ထံ ရေးသားပေးပို့ခဲ့သည်။ ဤအသင်းတော်ကို ရှင်ပေါလုတည်ထောင်ခဲ့ကြောင်း ဖြစ်နိုင်ချေများစွာရှိသည်။ ထိုသို့ဖြစ်ဟန်ရှိသောကြောင့် သူတို့အတွက် သီးခြားဝန်ထုပ်ဝန်ပိုးကို ထမ်းနေရခြင်းဖြစ်ပေမည်။ ဂလာတိ ၄း၁၉ ၌ ရှင်ပေါလုကငင်းတို့အား "ချစ်သားတို့ . . . . သင်တို့အဖို့သားဖွားခြင်းဝေဒနာကို ငါခံရ၏" ဟုရေးသားပြောဆိုခဲ့သည်။

ဂလာတိမြို့ရှိယုံကြည်သူများသည် မှားယွင်းသောဆရာများ၏ဩဇာလွှမ်းခြင်းကို ခံနေကြရသည်ဟု မှတ်ယူရသည်။ ဤမှားယွင်းသောဆရာများက ခရစ်ယာန်များသည် ဘုရားသခင်၏ကြည်ဖြူစွာ လက်ခံခြင်းကိုခံရဖို့အတွက် ပညတ်တော်နှင့်ထုံးခံအစဉ်အလာများကို လိုက်နာရန်လိုအပ်

သည်ဟု ယုံကြည်ခဲ့ကြသည်။ ၎င်းတို့၏ယုံကြည်ခြင်းသည် ယုဒဘာသာနှင့် ခရစ်ယာန်ဘာသာတို့ကိုရောနှောထားသော ယုံကြည်ခြင်းဖြစ်သည်။ အသင်းတော်ထဲမှ ယုံကြည်သူအချို့က ဤသွန်သင်ချက်ကိုယုံကြည် လက်ခံခဲ့ကြသည် (ဂလာတိ ၁း၆၊ ၃း၁ ကိုကြည့်ပါ)။ ထို့အပြင်၊ ကျမ်းဘောင် အသွားအလာအရ ဤမှားယွင်းသောဆရာများက ရှင်ပေါလုနှင့်ရှင်ပေါလု၏ တမန်တော်အရိုက်အရာကို မေးခွန်းထုတ်ခဲ့ကြသည်ဟု ယူဆရသည်။

ဂလာတိယုံကြည်သူများထံသို့ ရေးသားပေးပို့ခဲ့သော ဤစာစောင် တွင် ရှင်ပေါလုကအဓိကပြဿနာကြီးနှစ်ခုကို လိပ်မူရေးသားခဲ့သည်။ ပထမ အနေဖြင့် ရှင်ပေါလုက သခင်ယေရှုခရစ်၌ တည်နေသောယုံကြည်သူတစ် ယောက်သည် ဘုရားသခင်၏ လက်ခံအသိအမှတ်ပြုခြင်းကို ရရှိဖို့အလို့ငှါ မောရှေ၏ပညတ်တရားကိုလိုက်နာရန်လိုအပ်မှုရှိ၊ မရှိဟူသောမေးခွန်းကို လိပ်မူခဲ့သည်။ ဤစာစောင်၌လိပ်မူထားသော ဒုတိယပြဿနာမှာပို၍ပုဂ္ဂိုလ် ရေးသဘောကို ဆောင်သည်။ ရှင်ပေါလုက မိမိသည်ဘုရားသခင်၏ ဆင့်ခေါ် ခွဲခန့်ခြင်းကို ခံထားရ၍ မိမိ၏သွန်သင်ချက်များမှာလည်း ဘုရားသခင်ထံမှ ဖြစ်ကြောင်းကို ဂလာတိအသင်းသားများအား စိတ်ချနေကြရန်ပြောဖို့ လိုအပ်ခဲ့သည်။ ဤအချက်အားဖြင့် ရှင်ပေါလုက မိမိ၏တမန်တော်အရိုက် အရာအား မေးခွန်းထုတ်နေကြသောသူများကို တုန့်ပြန်ဖြေရှင်းခဲ့ဟန်တူသည်။ ဤစာစောင်၏ ပထမအခန်းကြီးနှစ်ခန်းရှိ အပိုင်းတော်တော်များများသည် ရှင်ပေါလုက မိမိ၏သာသနာလုပ်ငန်းနှင့် ဆင့်ခေါ်ခြင်းအား ကာကွယ် ချေပခြင်းတွင် စူးစိုက်ထားသည်။

*ယနေ့အတွက်ဤကျမ်းစာစောင်အရေးပါပုံ*

ဤစာစောင်၌ ရှင်ပေါလုတင်ပြထားသည့် အဓိကအချက်ကြီးများ အနက် တစ်ခုမှာ ကယ်တင်ခြင်းသည် ကျွန်ုပ်တို့ပြုလုပ်စွမ်းဆောင်နိုင်သော

အရာကြောင့်မဟုတ်၊ သခင်ယေရှုတစ်ပါးတည်း၌ ယုံကြည်ခြင်းအားဖြင့် ဖြစ်တည်သည်ဟူသောအချက်ဖြစ်သည်။ ကျွန်ုပ်တို့၏ခေတ်ကာလရှိ အသင်းတော်သည် မိမိတို့၏ကြိုးစားအားထုတ်မှုများဖြင့် ကောင်းကင်ဘုံဝင်စားနိုင်သည်ဟူသော ယုံကြည်မှုနှင့် ရုန်းကန်နေရဆဲဖြစ်သည်။ ဤစာစောင်သည် အဆိုပါကိစ္စနှင့် စပ်လျဉ်း၍အထောက်အကူများစွာကို ပေးကမ်းထားသည်။ ထို့အပြင်၊ ရှင်ပေါလုမှစာရေးပေးပို့ထားသောသူများသည် ရှင်ပေါလု၏ သာသနာပြုခြင်းအောက်၌ သခင်ဘုရားကို ယုံကြည်လက်ခံခဲ့ ကြသောသူများ ဖြစ်ကြောင်းကို သတိရပါ။ သူတို့သည်လည်း ထိုခေတ်ကာလမှ မှားယွင်းသော သွန်သင်ချက်၏လွှမ်းမိုးခြင်းကိုခံကြရပြီး၊ ဘုရားသခင်၏ ကြည်ဖြူစွာလက်ခံခြင်းကို ရရှိနိုင်ဖို့ထိုသို့သောအရာများကို တစ်နည်းနည်းဖြင့် လုပ်ဆောင်ဖို့ လိုအပ်လျှက်ရှိသည်ဟု ယုံကြည်နေကြသည်။ ဤကျမ်းတွင် ရှင်ပေါလုက ကျွန်ုပ်တို့လုပ်ဆောင်နိုင်သောအရာများမပါဘဲ၊ ကျွန်ုပ်တို့မှာ ဘုရားသခင်၏ ကြည်ဖြူစွာလက်ခံခြင်းနှင့် ချစ်ခြင်းကိုခံကြရကြောင်း အသိ ပေးထားသည်။ သခင်ခရစ်တော်၌ ကျွန်ုပ်တို့အား ကြည်ဖြူစွာလက်ခံရခြင်းကို အာမခံထားပြီး ဖြစ်သောကြောင့် ကျွန်ုပ်တို့အနေဖြင့် ဆက်ကပ်မြှုပ်နှံခြင်းစိတ်နှလုံးအားဖြင့်လည်းကောင်း၊ ချစ်ခြင်းမေတ္တာအာဖြင့်လည်းကောင်း အလုပ်အကျွေးပြုကြရန် လွှတ်ခြင်းကိုခံကြရသည်။ ဤအချက်သည်လည်း ကျွန်ုပ်တို့၏ခေတ်ကာလရှိ အသင်းတော်က ကြားနာဖို့လိုအပ်သည့် အရေးကြီးသော အမှာစကားတစ်ခုဖြစ်သည်။

# ဂလာတိသြဝါဒစာ နှင့် ဖေက်သြဝါဒစာ

၁

# အခြားသောဧဝံဂေလိတရား

ဂလာတိ ၁း၁-၁၀ ကိုဖတ်ရှုပါ။

ဤစာစောင်သည် အာရှုပြည်ဝန်းငယ် (ခေတ်သစ်တူရကီနိုင်ငံ)ဒေသရှိဂလာတိပြည်တစ်ဝိုက်မှ အသင်းတော်များထံ၌ ရေးသားပေးပို့ခဲ့သောစာဖြစ်သည်။ ဤစာစောင်ကို သီးသန့်အသင်းတော်တစ်ပါးထံ လိပ်မူပေးပို့ခဲ့ခြင်းမဟုတ်ပါ။ ဤဒေသတစ်ဝိုက်ရှိ အသင်းတော်တစ်သိုက်ကို လိပ်မူပေးပို့ခဲ့ခြင်းဖြစ်သည်။ ရှင်ပေါလုသည် မိမိ၏သာသနာပြုခရီးစဉ်၌ ဤမြို့ကြီးအချို့တွင်အသင်းတော်များကို တည်ထောင်ခဲ့သည် (တမန်တော် ၁၃း၁၄-၁၄း၂၃)။ နောက်ပိုင်းတွင် ရှင်ပေါလုက သီးသန့်ပြဿနာတစ်ခုကို ရင်ဆိုင်ဖြေရှင်းရန်အတွက်ဤအသင်းတော်များထံသို့ စာရေးပေးပို့ခဲ့သည်။ ထိုပြဿနာမှာ မောရှေ၏ပညတ်တရားဆီသို့ ပြန်သွားခြင်း၊ မောရှေ၏ပညတ်တရားအား ကယ်တင်ခြင်းအတွက် နည်းလမ်းတစ်ခုအဖြစ်နှင့်လည်းကောင်း၊ ဝိညာဉ်ပြည့်ဝသောအသက်တာ၏ အထောက်အထားတစ်ခုအဖြစ်နှင့်လည်း ရှုမြင်ခြင်း စသည့်စုံစမ်းနှောက်ယှက်ခြင်းဖြစ်သည်။

အခန်းငယ် ၁ တွင် ရှင်ပေါလုက မိမိကိုယ်ကိုတမန်တော်(စေလွှတ်ခံရသောသူ)တစ်ပါးအဖြစ် မိတ်ဆက်ခဲ့သည်။ ကနဦးအသင်းတော်တွင် တမန်တော်၏ အခန်းကဏ္ဍသည် အလွန်သီးသန့်ဆန်သော ကဏ္ဍဖြစ်ခဲ့သည်။ ဘုရား

သခင်သည် ကမ္ဘာမြေ၌မိမိ၏အသင်းတော်ကို အုတ်မြစ်ချရန်အတွက် ဤပုဂ္ဂိုလ်များကို ရွေးချယ်ခဲ့သည်။ ရှင်ပေါလုက မိမိအားဆင့်ခေါ်ခွဲခန့်ခြင်းသည် လူ့ထံမှလာသောအရာမဟုတ်သည်ကို ဂလာတိအသင်းသားများအား အသိပေးခဲ့ပုံကို သတိပြုပါ။ ဤအခန်းကဏ္ဍကိုရယူထမ်းဆောင်ရန်အတွက် သူသည် ဘုရားသခင်၏ဆင့်ခေါ်ခြင်းကို ခံခဲ့ရသည်။ တမန်တော်ကြီးသည် သခင်ယေရှုခရစ်၏ ဆင့်ခေါ်ခြင်းကိုလည်းကောင်း၊ ထိုသခင်ကို သေခြင်းမှ ရှင်ပြန်ထမြောက်စေတော်မူသော ခမည်းတော်ဘုရား၏ ဆင့်ခေါ်ခြင်းကို လည်းကောင်း ခံခဲ့ရကြောင်းကို ပို၍တိတိကျကျသတိပြုပါ။ သေခြင်းမှရှင်ပြန် ထမြောက်ခဲ့သော သခင်ခရစ်တော်က ရှင်ပေါလုထံ၌ ကိုယ်တိုင်ပေါ်တော်မူ၍ သူ့ကိုတမန်တော်တစ်ပါးဖြစ်လာဖို့ ဆင့်ခေါ်ခဲ့သည် (တမန်တော် ၉း၁-၉၊ ၁၅ ကိုကြည့်ပါ)။

သခင်ယေရှုခရစ်၏ ကျေးဇူးကြီးမားလှသော လုပ်ဆောင်မှုမပါလျှင် ရှင်ပေါလု၏ဆင့်ခေါ်ခံရခြင်းသည် အဓိပ္ပါယ်ကင်းမဲ့ခဲ့ပါလိမ့်မည်။ ကျွန်ုပ်တို့ တစ်ဦးချင်းစီ၌ကဲ့သို့ သခင်ယေရှုသာ ရှင်ပေါလုကိုယ်စားအသေမခံခဲ့လျှင် သူသည်ဘုရားသခင်နှင့် ထာဝရခွဲကွာရခြင်းဆီသို့ လျှာထားစီရင်ခံခဲ့ရပါလိမ့်မည်။ သခင်ယေရှု၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းက အပြစ်ဒုစရိုက်နှင့် သိဗ္ဗိုင်းကိုအောင်နိုင်ခဲ့ပါသည်။ ရှင်ပေါလု၏ မျှော်လင့်ချက်နှင့်တရားဒေသနာသည် သခင်ယေရှု၏ ဤရွေးနှုတ်ခြင်းအမှုတော်၌ စူးစိုက်ခဲ့ကြသည်။

ရှင်ပေါလုက မိမိနှင့်အတူရှိနေကြသော ညီအစ်ကိုများထံမှ နှုတ်ခွန်းဆက်သခြင်းနှင့် စိုးရိမ်ပူပန်ပေးမှုတို့ကို ပေးပို့ခဲ့သည်။ ဤမိတ်ဆွေများမှာ မည်သူများဖြစ်ကြကြောင်းကို ကျွန်ုပ်တို့အားပြောပြမထားသော်လည်း သူတို့သည် ဂလာတိပြည်ရှိအသင်းတော်၏ ကောင်းကျိုးချမ်းသာနှင့် စပ်လျဉ်း၍

ရှင်ပေါလု၏ စိုးရိမ်ပူပန်ပေးမှုကို မျှဝေခဲ့ကြသည်။

အခန်းငယ် ၃ တွင် ရှင်ပေါလုက ဂလာတိနယ်ရှိအသင်းတော်များ ထံ၌ ဘုရားသခင်၏ ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းကို ရရှိကြဖို့မိမိ၏ ဆုတောင်းမေတ္တာကို ပို့ခဲ့သည်။ ကျေးဇူးတော်ဆိုသည်မှာ မထိုက်မတန်ဘဲ ရရှိသောဘုရားသခင်၏ မျက်နှာသာပေးမှုဖြစ်သည်။ ဤမထိုက်မတန်သော ဘုရားသခင်၏ မျက်နှာသာပေးမှုသည် ဂလာတိယုံကြည်သူများအပေါ်၌ ကျရောက်လာဖို့မှာ ရှင်ပေါလု၏ဆန္ဒဖြစ်သည်။ အသင်းတော်များအတွက် ရှင်ပေါလုဆန္ဒပြုနေသော ငြိမ်သက်ခြင်းဆိုသည်မှာ သခင်ယေရှုနှင့် သင့်တင့် မှန်ကန်သော ဆက်ဆံရင်းနှီးမှုမှ ရောက်ရှိလာသောအရာဖြစ်သည်။ လူတို့ သည် အပြစ်လွှတ်ခြင်းကို ခံရ၍ခမည်းတော်နှင့် သင့်တင့်မှန်ကန်သော ဆက်ဆံရင်းနှီးမှုဆီသို့ ဆောင်ယူခြင်းကိုခံရသောအခါ၌သာလျှင် ဤငြိမ်သက် ခြင်းမှာ ဖြစ်နိုင်ချေရှိလာရသည်။ ဂလာတိယုံကြည်သူများအတွက် ရှင်ပေါလု၏ စိတ်ဆန္ဒမှာ ၄င်းတို့သည် ဘုရားသခင်၏မျက်နှာသာပေးခြင်းကို သိရှိနားလည် ၍ ထိုသခင်နှင့်သင့်တင့်မှန်ကန်သော ဆက်ဆံရင်းနှီးမှုကို ရှိထားကြကြောင်း သေချာနေကြရန်ဖြစ်သည်။

ဤကျမ်းကို ရှင်ပေါလုနိဒါန်းပျိုးရာတွင် သခင်ယေရှုသည် အဓိက အချက်အချာအရာဖြစ်သည်။ အခန်းငယ် ၄ တွင် ရှင်ပေါလုက မိမိ၏စာဖတ် သူတို့အား ၄င်းတို့၏အပြစ်ဒုစရိုက်အတွက် ကိုယ့်ကိုယ်ကိုပေးဆပ်ခဲ့သူမှာ သခင်ယေရှုဖြစ်ကြောင်းအသိပေးခဲ့သည်။ သခင်ယေရှုသည် ၄င်းတို့အတွက် ဆိုးရွားကြောက်မက်ဖွယ်ကောင်းသော ကရာနီကားတိုင်ပေါ်၌ လိုလိုလားလား အသေခံခဲ့သည်။ ကိုယ်တော်သည် မိမိဖန်ဆင်းခဲ့သောသူများ၏ ဆဲရေး စော်ကားခြင်းကို ခံခဲ့ရသည်။ ကိုယ်တော်သည် အပြစ်သားများက သူ့အပေါ်၌

ပေးခဲ့သော နာကျင်မှုများနှင့် ဆင်းရဲဒုက္ခများကို လိုလိုလားလားခံစားခဲ့သည်။ ကိုယ်တော်သည် ဤသို့အဘယ်ကြောင့်ပြုလုပ်ခဲ့ပါသနည်း။ သခင်ယေရှုသည် ယုံကြည်သူတို့အား ဆိုးညစ်သောပစ္စုပ္ပန်ကာလမှကယ်နှုတ်ဖို့ ဤသို့ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ရှင်ပေါလုက ကျွန်ုပ်တို့ကို အသိပေးထားသည်။

ဤဆိုးညစ်သောကာလဆိုသည်မှာ အဘယ်နည်း။ ပထမလူသား အာဒံက ဤလောက၌ အပြစ်တရားဝင်ရောက်လာဖို့ တံခါးဖွင့်ပေးခဲ့သော အချိန်၌ ဤကာလစတင်ခဲ့သည်။ ထိုအချိန်မှစ၍ ဖန်ဆင်းခြင်းအားလုံးသည် အပြစ်ဒုစရိုက်၏ဝန်ထုပ်အောက်၌ ဒုက္ခရောက်ခဲ့ရပါသည်။ ဤရုပ်လောက နှင့် ခပ်သိမ်းသောဖန်ဆင်းခြင်းသည် ဆင်းရဲဒုက္ခနှင့် ပျက်စီးဆွေးမြေ့ခြင်းကို စတင်ခံစားခဲ့ကြရသည်။ ရှေးကာလနှင့် ၎င်း၏သက်ရောက်မှုများသည် မည်သူမျှသေခြင်း၏ ခံတွင်းမှမလွတ်မြောက်နိုင်သည့်အကြောင်းကို အမြဲမပြတ် အသိပေးနေသောအရာဖြစ်လာသည်။ ထို့အပြင်၊ လူမှုရေးဆက်ဆံရင်းနှီးမှု များပြိုကွဲခြင်းလည်း ရှိခဲ့သည်။ အာဒံ၏သားအရင်းက မိမိ၏ညီကိုအသေ သတ်ခဲ့သည်။ အိမ်ထောင်ရေးများပြိုကွဲပျက်စီးခြင်း၊ မိဘများနှင့်အထက်မှ အာဏာရှိသူတို့အား လေးစားမှုမရှိခြင်း၊ ရာဇဝတ်မှုများ၊ အကြမ်းဖက်မှုများ၊ ကမ္ဘာလောကကြီး၏အကျင့်ပျက်ဖောက်ပြန်နေသော ဖွဲ့စည်းပုံစနစ်များ အားလုံးသည် ဤဆိုးညစ်သောကာလ၏ ထူးခြားသောလက္ခဏာများဖြစ်ကြ သည်။

ဤလောက၌ အပြစ်တရားဝင်ရောက်လာခြင်းက ဘုရားသခင်နှင့် လူသားတို့ကြား၌ ခွဲကွာခြင်းကိုဆောင်ယူလာခဲ့သည်။ ဘုရားသခင်၏ကျိန်ဆဲ ခြင်းသည် လူသားမျိုးနွယ်တစ်ခုလုံးပေါ်၌ ကျရောက်ခဲ့သည်။ လူသားမျိုးနွယ် ကြီးသည် ဘုရားသခင်နှင့်ထာဝရခွဲကွာခြင်းအတွက်လည်းကောင်း၊ ဘုရား

သခင်၏ အမျက်တော်အောက်၌ရှိနေရန်အတွက်လည်းကောင်း လျာထား သတ်မှတ်ခံခဲ့ရသည်။ ဤပြဿနာကို ဖြေရှင်းကုသဖို့ကျွန်ုပ်တို့၏ ဉာဏ်ပညာ၊ ကျွန်ုပ်တို့၏ခွန်အားတို့ဖြင့် ကျွန်ုပ်တို့လုပ်ဆောင်နိုင်သောအရာ တစ်ခုမျှမရှိပါ။ ကျွန်ုပ်တို့သည် ပြိုကွဲပျက်စီးနေသောလူမှုဆက်ဆံရေးများနှင့် နာကျင်ဝမ်းနည်းမှုများဖြင့် ဇကာပေါက်သဖွယ်ဖြစ်နေ၍ ဖျားနာခြင်းနှင့်ရောဂါဘယနှင့် ပြည့်နေသောလောကကြီး၌ ရှင်သန်ကြဖို့ လျာထားသတ်မှတ်ခြင်းခံကြရသည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့သည်သေဆုံး၍ ဘုရားသခင်နှင့် ထာဝရခွဲကွာသွားကြရမည်ဖြစ်သည်။

ကရာနီကားတိုင်ထက်၌ သခင်ယေရှု၏အသေခံခြင်းက အပြစ်တရား၏ ကျိန်ဆဲခြင်းကိုချိုးဖျက်ခဲ့ပြီး သူ့ကိုယုံကြည်ကြမည့်သူတိုင်းအတွက် မျှော်လင့်ချက်ကိုပေးခဲ့သည်။ ကိုယ်တော်၏အမှုတော်အားဖြင့် ဘုရားသခင်နှင့် ဆက်ဆံရင်းနှီးရခြင်းမှာ ဖြစ်နိုင်ချေရှိခဲ့သည်။ သခင်ယေရှုပြုခဲ့သောအမှုတော်အားဖြင့် ဘုရားသခင်ထံ၌ နဂိုအတိုင်းပြန်လည်ပြုပြင်ပေးအပ်ခံရခြင်းဆိုသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ထာဝရမျက်နှာပေးမှုနှင့် ငြိမ်သက်ခြင်းကို ခံစားမွေ့လျော်နိုင်ကြသည်ဟု ဆိုလိုပါသည်။ သခင်ယေရှုလုပ်ဆောင်သွားခဲ့သောအရာကိုစဉ်းစားသုံးသပ်ခြင်းက ရှင်ပေါလုကိုရိုးတွင်းခြင်ဆီအထိ မွှေနှောက်လှုံ့ဆော်ခဲ့ပါသည်။ အခန်းငယ် ၅ တွင် ရှင်ပေါလုက "ထိုဘုရားသခင်သည် ကမ္ဘာအဆက်ဆက်ဘုန်းကြီးတော်မူစေသတည်း" ဟုပြောခဲ့ပါသည်။ ဤအရာထက်အံ့သြမင်သက်ဖွယ်ကောင်းသောအခြားအရာ ရှိနိုင်ပါဦးမည်လော။ ကျွန်ုပ်သည် လွတ်မြောက်ခြင်းကိုရရှိနိုင်သည်။ ကျွန်ုပ်၏ခပ်သိမ်းသောအပြစ်တို့သည်လည်း ခွင့်လွှတ်ခြင်းကိုရရှိနိုင်သည်။ ကျွန်ုပ်သည်ဘုရားသခင်နှင့်ခင်မင်ရင်းနှီးရသောအခွင့်ကို ထာဝရခံစားမွေ့လျော်နိုင်သည်။ ကျွန်ုပ်သည်ထာဝရအသက်ကိုရှိထားပါသည်။ ဤအရာ

အားလုံးသည်သခင်ယေရှုကြောင့်လည်ကောင်း၊ ကျွန်ုပ်အတွက် ထိုသခင် ပြုလုပ်ခဲ့သောအမှုတော်ကြောင့်လည်ကောင်း ဖြစ်သည်။

ဤကျမ်းဘောင်အသွားအလာ၌ ရှင်ပေါလုက အခန်းငယ် ၆ တွင် သူသည်ဂလာတိအသင်းသားများက သခင်ယေရှုထံမှလည်းကောင်း၊ ထိုသခင် ၌ရှိသော ၎င်းတို့၏မျှော်လင့်ချက်ထံမှလည်းကောင်း အလျင်အမြန်စွန့်ခွါ ကျောခိုင်းခဲ့ကြသည်ကို အံ့ဩမိကြောင်းဖေါ်ပြခဲ့သည်။ "အံ့ဩသည်" ဟု ဘာသာပြန်ဆိုထားသော ဂရိစကားလုံးသည် အလွန်လေးနက်ပြင်းထန်သော စကားလုံးဖြစ်သည်။ ထိုစကားလုံးသည် "မင်းတို့မှာရှိထားတဲ့ မျှော်လင့်ချက်က နေစွန့်ခွာကျောခိုင်းသွားကြမယ်ဆိုတာ ငါယုံကိုမယုံနိုင်ဘူး။ မင်းတို့လုပ်လိုက် တဲ့အရာက မင်းတို့ရဲ့နားလည်သဘောပေါက်မှုအားလုံးကို အာခံဖီဆန်လိုက် တာပဲ။ ပုံမှန်စိတ်အနေမှာရှိတဲ့ ဘယ်သူကမှမင်းတို့ လုပ်ခဲ့တဲ့အရာကို လုပ်မှာ မဟုတ်ဘူး" ဟူသောအယူအဆမျိုးရှိသည်။

ရှင်ပေါလု၏အဆိုအရ ဂလာတိအသင်းသားများသည် ကျေးဇူးတော် နှင့်ယှဉ်သော ဧဝံဂေလိတရားအစစ်အမှန်မှ ပညတ်စောင့်ထိန်းခြင်းကို ဦးစား ပေးသောယုံကြည်ချက်ဆီသို့ ဦးလှည့်သွားခဲ့ကြသည်။ ဤအရာမည်သို့ ဖြစ်ပွား ခဲ့သနည်း။ ဂလာတိအသင်းသားများကို တမန်တော်တို့၏ ရိုးရှင်းသောသွန်သင် ချက်များမှ ဦးလှည့်ကျောခိုင်းစေခဲ့ကြသည့် မှားယွင်းသောဆရာများနှင့် ပရောဖက်များသည် ၎င်းတို့၏အလယ်၌ရှိနေခဲ့ကြသည်။ ဤကောက်ကျစ် ယုတ်မာသောပုဂ္ဂိုလ်များသည် သခင်ခရစ်တော်၏ ဧဝံဂေလိတရား (သတင်း ကောင်းတရား)ကို တလွဲတချော် လိမ်လည်တင်ပြ၍ မှောက်လှန်ခဲ့ကြသည်။ ဤအရာကို သူတို့မည်သို့ပြုလုပ်ခဲ့ကြသနည်း။ ဤမေးခွန်းကို ရှင်ပေါလုက ဤစာစောင်၏ကျန်ရှိနေသော အပိုင်းတစ်လျှောက်လုံးတွင် ဖြေကြားသွား

ပါလိမ့်မည်။ သို့သော် အတိုချုပ်အားဖြင့်ပြောရလျှင်၊ မှားယွင်းသောဆရာများနှင့်ပရောဖက်များက ယုံကြည်သူတစ်ယောက်သည် ကယ်တင်ခြင်းခံရ၍ ဘုရားသခင်၏မျက်နှာသာပေးမှုကို ခံစားမွေ့လျော်နိုင်ဖို့အလို့ငှါ အရေဖျားလှီးခြင်းကိုခံယူ၍ မောရှေ၏ပညတ်တရားကို စောင့်ထိန်းရမည်ဟု သွန်သင်ပေးခဲ့ကြသည်။ ရှင်ပေါလု၏အဆိုအရ ဤအရာသည်ကျေးဇူးတော်နှင့်ယှဉ်သောဧဝံဂေလိတရား (သတင်းကောင်းတရား) ကိုမှောက်လှန်ခြင်းသာဖြစ်သည်။ ဤအကြောင်းအရာကို ဤလေ့လာခြင်းတစ်လျှောက်လုံး၌ ကျွန်ုပ်တို့ပို၍ အသေးစိတ်စစ်ဆေးသုံးသပ်သွားကြပါမည်။

ပညတ်တရား၏ပြဋ္ဌာန်းထားချက်များကို ပေါင်းထည့်ခြင်းဖြင့် ဧဝံဂေလိတရား (သတင်းကောင်းတရား) အားမှောက်လှန်ခြင်းနှင့်စပ်လျဉ်း၍ ရှင်ပေါလုမည်သို့ ပြင်းပြင်းထန်ထန်ခံစားခဲ့သည်ကို အခန်းငယ် ၈ နှင့် ၉ တွင်သတိပြုပါ။ ရှင်ပေါလုက ဂလာတိအသင်းသားများအား တမန်တော်တစ်ပါး (သို့) ကောင်းကင်ဘုံမှ ကောင်းကင်တမန်တစ်ပါးက ဤမှောက်လှန်ထားသော ဧဝံဂေလိတရား (သတင်းကောင်းတရား) ဒေသနာကို ဟောပြောလျှင်၊ ထိုသူသည် ထာဝရကျိန်ဆဲခြင်းကိုခံခဲ့ရလိမ့်မည်ဟု ပြောခဲ့သည်။ ဤအရာသည် အလွန်လေးနက်ပြင်းထန်သော ထုတ်ဖော်ပြောဆိုမှုတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့အလယ်မှ မည်သူကဘုရားသခင်၏ ကောင်းကင်တမန်တစ်ပါးပါးကိုသော်လည်းကောင်း၊ တမန်တော်တစ်ပါးပါးကိုသော်လည်းကောင်း ကျိန်ဆဲဝံ့ပါမည်နည်း။ ရှင်ပေါလု၏စကားလုံးများတွင် ဒေါသအရိပ်အယောင်သန်းနေပါသည်။ ရှင်ပေါလုက ကျွန်ုပ်တို့၏အပြစ်များအတွက်ကားတိုင်ထက်၌ သခင်ခရစ်တော်ကပြီးပြည့်စုံစေခဲ့သောအမှုတော်၏သမ္မာတရားကိုဆုတ်ယုတ်လာစေသောမည်သူကိုမဆို၊ မည်မျှပင်အရေးပါသော ပုဂ္ဂိုလ်ဖြစ်နေပါစေ

ဤဒေါသကိုရည်ရွယ်ထားသည်။ သခင်ခရစ်တော်၏ အမှုတော်တစ်ပါးတည်းကသာ ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက်ပြည့်စုံလုံလောက်ပါသည်။ အခြားမည်သည့်အရာကိုမျှ ထပ်လောင်းပေါင်းထည့်၍မရနိုင်ပါ။ ဂလာတိအသင်းသားများသည် ဘုရားသခင်၏မျက်နှာသာပေးမှုနှင့် ကယ်တင်ခြင်းကို ထိုက်ထိုက်တန်တန်ရရှိဖို့ ပညတ်တရားကိုစောင့်ထိန်းရန်လိုအပ်သည်ဟု ပြောဆိုခြင်းသည် သခင်ခရစ်တော်လုပ်ဆောင်သွားခဲ့သော အမှုတော်အား လုံလောက်မှုမရှိဟု ပြောဆိုခြင်းသာဖြစ်သည်။ လူသားမျိုးနွယ်၏ကယ်တင်ခြင်းအတွက် သခင်ခရစ်တော်၏အမှုတော်အား ချိုးနှိမ်လျော့ချပြောဆိုသောမည်သူကိုမဆို တိကျပြတ်သားမှုအရှိဆုံးပုံစံဖြင့်ကိုင်တွယ်ဖို့ လိုအပ်သည်။

ဤအကြောင်းကိစ္စနှင့်စပ်လျဉ်း၍ မိမိ၏အမြင်များအပေါ်၌ အခြားသူများကမည်သို့ထင်မှတ်သွားကြမည်ကို ရှင်ပေါလုဂရုမစိုက်ခဲ့ပါ။ သူသည် ဂလာတိအသင်းသားများ၏ သဘောကျနှစ်သက်မှုကို မရှာခဲ့ပါ။ ဤသမ္မာတရားအတွက် သူတို့နှင့်မိမိ၏ဆက်ဆံရင်းနှီးမှုကိုဆုံးရှုံးရမည်ဆို လျှင်ပင် ရှင်ပေါလုလိုလိုလားလားရှိနေခဲ့သည်။ တမန်တော်တစ်ပါးအဖြစ်နှင့် သခင်ခရစ်တော်ကသူ့အပေါ်၌ လက်ဆင့်ကမ်းခဲ့သောသမ္မာတရားကို ကာကွယ်စောင့်ရှောက်ရန်မှာ ရှင်ပေါလု၏အရေးကြီးတာဝန်ဖြစ်ခဲ့သည်။ ဤသို့ပြုလုပ်ရသည့်အတွက် မိတ်ဆွေများကိုဆုံးရှုံးရမည်ဆိုလျှင်ပင် ရှင်ပေါလုကလိုလိုလားလားပြုလုပ်လိုခဲ့ပါသည်။ သူသည် လူ့အကြိုက်ကိုသာဆောင်ဖို့ ကြိုးစားခဲ့လျှင် ဘုရားသခင်၏ အစေခံတစ်ပါးဖြစ်နိုင်ခဲ့လိမ့်မည်မဟုတ်ပါ။ သူသည် ဆုံးဖြတ်ရွေးချယ်မှုတစ်ခုကို ပြုလုပ်ရပေမည်။ သူသည် ဘုရားသခင်၏အကြိုက်ကိုဆောင်၍ သမ္မာတရား အတွက် မားမားရပ်တည်မည်လား (သို့) သူသည် ဂလာတိအသင်းသားများ၏အကြိုက်ကိုဆောင်၍ ၎င်းတို့၏အမှားကို ဆက်လက်လုပ်ဆောင်စေမည်လား။ ရှင်ပေါလုသည် ဘုရားသခင်၏

အကြိုက်ကိုဆောင်ဖို့ ရွေးချယ်ခဲ့ပါသည်။

ဤပထမကျမ်းပိုဒ်အနည်းငယ်က စာစောင်တစ်ခုလုံး၏ သဘောလက္ခဏာကို ချပြထားသည်။ ဤစာစောင်သည် သမ္မာတရားကို တောင်းပန်ချက်မပါဘဲပြောသော ထိထိမိမိရှိလှသည့် စာစောင်ဖြစ်သည်။ ရှင်ပေါလုသည် သခင်ခရစ်တော်၏ဧဝံဂေလိတရား (သတင်းကောင်းတရား) ဒေသနာ၏ပြင်းထန်လေးနက်မှုကိုလျော့ပေါ့လာစေဖို့ နှုတ်ပယ်တည်းဖြတ်သော (သို့) ပြဋ္ဌာန်းချက်များကိုထပ်လောင်းပေါင်းထည့်ခြင်းဖြင့် သခင်ခရစ်တော် ပြုလုပ်ခဲ့သော အမှုတော်ကိုချိုးနှိမ့်လျှော့ချပြောဆိုသော မည်သူ့ကိုမဆို မာကြောခက်ထန်စွာ ဆန့်ကျင်ပြောဆိုထားပါသည်။

စဉ်းစားသုံးသပ်ရန်အချက်များ

- ယနေ့တွင် ကျွန်ုပ်တို့သည် ဧဝံဂေလိတရား (သတင်းကောင်းတရား) ၌မည်သည့်ပြဋ္ဌာန်းချက်များကို ထပ်လောင်းပေါင်းထည့်နိုင်ကြပါသနည်း။ အခြားသောဧဝံဂေလိတရား (သတင်းကောင်းတရား) ကို ဟောပြောခြင်းကြောင့် ကျွန်ုပ်တို့အပြစ်ရှိနိုင်ပါသလား။
- ဘုရားသခင်၏သဘောကျနှစ်သက်မှုကိုရရှိရန် ကျွန်ုပ်တို့သည် ဤအရာလုပ်ရမည်၊ ထိုအရာလုပ်ရမည်ဟု ပြောသောတရားဒေသနာကို လူတို့ကအဘယ်ကြောင့် နှစ်သက်နေကြသနည်း။
- ကျွန်ုပ်တို့ကို ကျွန်ုပ်တို့၏အပြစ်များမှ ကယ်တင်ပေးရန် သခင်ယေရှုခရစ်၏အမှုတော်တစ်ပါးတည်းဖြင့် လုံလောက်ပြည့်စုံသည် ဟူသောအချက်ကို အဘယ့်ကြောင့်လက်ခံရန် ခက်ခဲနေရပါသနည်း။

ဆုတောင်းရန်အချက်များ

- ကားတိုင်ထက်၌ သခင်ဘုရားပြီးပြည့်စုံစေခဲ့သောအမှုတော်ကို လက်ခံ၍ ဝန်ခံအပ်နှံခြင်းမှတစ်ပါး အခြားမည်သည့်အရာကိုမျှ နောက်ထပ်လုပ်ဆောင်ရန် မလိုတော့သည့်အတွက် သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။
- သင်ရဲ့ ကြိုးစားအားထုတ်မှုများဖြင့် ဘုရားသခင်၏ မျက်နှာသာ ပေးခြင်းကိုရရှိရန် မည်သည့်အရာကိုမျှ လုပ်ဆောင်ဖို့မလိုဘဲ သင်ဖြစ်တည်နေသည့်အတိုင်း ဘုရားသခင်ကသင့်ကို လက်ခံသော ကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- အခြားသောဧဝံဂေလိတရား၏သွန်သင်ခြင်း၌ ကျော့မိနေသောသူ တစ်ယောက်ယောက်ကို သင်သိပါသလား။ သခင်ဘုရားကမိမိလုပ် ဆောင်ခဲ့သောအမှုတော်၏တစ်ပါးတည်းကသာ လုံလောက်ပြည့်စုံ မှုရှိကြောင်းကို ထိုသူ့ထံ၌ထုတ်ဖော်ပြသပေးရန်အတွက် ဆုတောင်း ပေးဖို့ အချိန်အနည်းငယ်ယူပါ။

၂

# ရှင်ပေါလုထံ၌ ဧဝံဂေလိတရားကို ထုတ်ဖော်ပြသခြင်း

ဂလာတိ ၁း၁၁-၂၄ ကိုဖတ်ရှုပါ။

နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းတွင် ဧဝံဂေလိတရားဒေသနာတော်အား မှောက်လှန်ခြင်းအကြောင်းကို ရှင်ပေါလုမည်မျှ လေးနက်ပြင်းထန်စွာခံစားခဲ့သည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြသည်။ ဧဝံဂေလိတရား (သတင်းကောင်းတရား)သည် ရှင်ပေါလုကအသက်တာ၌ အလွန်စုံမက်သောအရာဖြစ်ခဲ့သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့၏အပြစ်များအတွက် အသေခံခဲ့ပြီး၊ အပြစ်နှင့်သေခြင်းအပေါ်၌ အောင်နိုင်ခြင်းနှင့်အတူ ရှင်ပြန်ထမြောက်ခဲ့သည်ဟူသောတရားဒေသနာကို ထုတ်ဖော်ဟောပြောခြင်း၌ ရှင်ပေါလု၏ အသက်တာကို ဆက်ကပ်မြှုပ်နှံထားသည်။ ဤသမ္မာတရားသည် ရှင်ပေါလု၏အသက်တာကိုအခြေခံကျကျပြောင်းလဲခဲ့ပါသည်။ ဤသမ္မာတရားကို အခြားသူများထံ၌ သူဟောပြောခဲ့သည်နှင့်အမျှ ထိုသူတို့သည်လည်း ဤဒေသနာတော်၏တန်ခိုးတော်အားဖြင့် ပြုပြင်ပြောင်းလဲခြင်းကိုခံခဲ့ကြရသည်။ ဤနောက်တစ်ပိုင်းတွင် ရှင်ပေါလုက မိမိ၏အသက်တာကို အခြေခံကျကျ ပြောင်းလဲစေခဲ့သောဤတရားတော်ကို မည်သို့နားလည်သဘောပေါက်လာခဲ့ကြောင်းနှင့် စပ်လျဉ်းအနည်းငယ်ရှင်းပြခဲ့သည်။

ရှင်ပေါလုက ဂလာတိအသင်းသားများအား သတင်းကောင်းတရား

ဒေသနာတော်သည် လူ့သွန်သင်ပေးခြင်းအားဖြင့် သူ့ထံသို့ရောက်မလာခဲ့ကြောင်းကို နားလည်စေလိုခဲ့သည်။ ထိုသမ္မာတရားသည် ခေတ်ကာလအဆက်ဆက်မှအဆင့်ဆင့်လက်ဆင့်ကမ်းလာသော လူ့အယူအဆ (သို့) အတွေးအခေါ်တစ်ခုမဟုတ်ပါ။ ဧဝံဂေလိတရား (သတင်းကောင်းတရား) သည် ဘုရားသခင်ကိုယ်တိုင်၌ အစပြုခဲ့ပါသည်။ ဧဝံဂလိတရား (သတင်းကောင်းတရား)သည် မိမိ၏လူမျိုးတို့အား ကယ်တင်ခြင်းအတွက် ဘုရားသခင်၏အံ့ဖွယ်အကြံအစီဖြစ်သည်။

အခန်းငယ် ၁၂ မှ ၁၆ ထိတွင် ရှင်ပေါလုက မိမိသည်ဧဝံဂေလိတရားဒေသနာတော်ကို လူတို့အားဖြင့် နားလည်သဘောပေါက်လာခဲ့ခြင်းမဟုတ်ကြောင်းကို ဖော်ပြခဲ့သည်။ အမှန်ဆိုရလျှင်၊ ရှင်ပေါလုသည် သခင်ခရစ်တော်အား လက်မခံမီတွင် လူတို့ကသူ့ထံ၌ ဧဝံဂေလိတရားအကြောင်းကို ပြောလေလေ၊ ထိုဧဝံဂေလိတရားကို သူပို၍ဆန့်ကျင်တွန်းလှန်လေလေဖြစ်ခဲ့သည်။ အခန်းငယ် ၁၃ က ရှင်ပေါလုသည် သခင်ခရစ်တော်၏တရားဒေသနာတော်နှင့်ပတ်သက်သောအရာတိုင်းကို မုန်းတီးခဲ့သည်ဟု ကျွန်ုပ်တို့အားပြောပြထားသည်။ သူအလွန်စိတ်အားထက်သန်စွာ လိုက်နာကျင့်ကြံသောယုဒဘာသာအတွက် မိစ္ဆာဒိဋ္ဌိဝါဒအဖြစ် သူသုံးသပ်ထားသော ဤသွန်သင်ခြင်းအား လက်ခံသောသူမှန်သမျှကို ပြင်းပြင်းထန်ထန်ညှဉ်းပန်းနှိပ်စက်ခြင်းဖြင့် ကိုယ်ထိလက်ရောက် တိုက်ခိုက်ခဲ့ပါသည်။

တမန်တော်ကြီး (ထိုအချိန်က ရှောလုဟုခေါ်သောသူ) သည် အသင်းတော်ကိုညှဉ်းပန်းနှိပ်စက်ရန်အတွက် ဒမာသက်မြို့သွားရာလမ်း၌ မည်သို့ဖြစ်ခဲ့သည့်အကြောင်းကို တမန်တော်ဝတ္ထုကပြောပြထားသည် (တမန်တော် ၉)။ ထိုသို့သွားစဉ်တွင် ကောင်းကင်မှအလွန်တောက်ပသောအလင်းသည် သူ့ကိုတားဆီးခဲ့သည်။ ထိုအလင်းထဲမှ အသံတစ်သံထွက်ပေါ်ခဲ့သည်။ ထိုအသံသည်

ရှင်ပေါလုထံ ကိုယ့်ကိုယ်ကိုထုတ်ဖော်ပြောဆိုပြသခဲ့သော သခင်ယေရှု၏အသံတော်ဖြစ်ခဲ့သည်။ မိမိညှင်းပန်းနှိပ်စက်နေခဲ့သော သခင်ဘုရားနှင့်ဤမျှော်လင့်သောတွေ့ဆုံမှုကြီးသည် ရှင်ပေါလု၏အသက်တာကို ပြောင်းလဲပစ်ခဲ့သည်။ သူသည် ယခင်ကအတိုင်း ဘယ်သောအခါတွင်မျှ ပြန်ဖြစ်လာတော့မည်မဟုတ်ပါ။ ထိုနေ့၌ကြားခဲ့ရသောစကားကို သူဘယ်သောအခါတွင်မျှ မေ့ပျောက်နိုင်ခဲ့ မည်မဟုတ်ပါ။ ရှင်ပေါလု၏ မျက်စိနှင့်နားတို့ပွင့်လာခဲ့သည်။ စိတ်နှလုံးကို လည်းတို့ထိခြင်းခံခဲ့ရသည်။ ထိုအချိန်မှစ၍သူသည် မိမိပြင်းပြင်းထန်ထန်ငြင်းပယ်ခဲ့သော ဧဝံဂေလိတရား (သတင်းကောင်းတရား) သည် သမ္မာတရားဖြစ်ရုံသာမက၊ ထာဝရအပယ်ငရဲမီးတောက်ထဲမှ ကယ်တင်ပေးမည့်တစ်ခုတည်းသောမျှော်လင့်ချက်ဖြစ်ကြောင်းကို နက်နဲသောစိတ်အားထက်သန်မှုနှင့်အတူ ထုတ်ဖော်ဟောပြောခဲ့ပါမည်။

ထိုကဲ့သို့သော အကျိုးသက်ရောက်မှုကို ဖန်တီးခဲ့သည့်ရှင်ပေါလု၏အတွေ့အကြုံမှာ မည်သည့်အရာဖြစ်ခဲ့သည်။ ဤအရာမတိုင်မီတွင် သူသည် ဧဝံဂေလိတရားဒေသနာကို ကြားနာခဲ့ရမည်မှာ သံသယပွါးစရာမရှိပါ။ သို့သော်ထိုအရာသည် သူ့အသက်တာကို သက်ရောက်မှုမလုပ်နိုင်ခဲ့ပါ။ သူသည် ယုဒဘာသာမှလွဲ၍အခြားသွန်သင်မှုဝါဒကို စိတ်ဝင်စားခြင်းမရှိခဲ့ပါ။ ရှင်ပေါလု၏အသက်တာ နှင့်အတွေးအခေါ်ကိုပြောင်းလဲခဲ့သောအရာမှာ ဘုရားသခင်ကိုယ်တိုင် ဤတရားဒေသနာကို သူ့ထံ၌ထုတ်ဖော်ပြသခဲ့သည်ဟူသောအချက်ဖြစ်သည်။ ဤတရားဒေသနာသည် လူ့နှုတ်ပါးစပ်မှတဆင့်သူ့ထံသို့ရောက်လာခဲ့ခြင်းမဟုတ်ပါ။ ဘုရားသခင်ထံမှ တိုက်ရိုက်ရောက်လာသောတရားဒေသနာဖြစ်သည်။ အခြေခံအားဖြင့်၊ ဤအရာသည်ကျွန်ုပ်တို့တစ်ဦးချင်းစီ၌ ဖြစ်ခဲ့သောအရာဖြစ်သည်။ ဘုရားသခင်သည် မိမိကိုယ်တိုင်ကျွန်ုပ်တို့တစ်ဦးချင်းထံ၌ ကိုယ့်ကိုယ်ကို ထုတ်ဖော်ပြသရပါလိမ့်မည်။ သင်သည်

တရားဒေသနာကို လူ့နှုတ်ပါးစပ်မှတဆင့်ကြားကောင်းကြားခဲ့မည်ဖြစ်သော်လည်း အရာခပ်သိမ်းကို ပိုင်သအုပ်စိုးတော်မူသောဘုရားသခင်က မိမိ၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သင့်စိတ်ဝိညာဉ်ကို တိုက်ရိုက်စကားပြောသောအခါ၌သာ ဤဧဝံဂေလိတရား (သတင်းကောင်းတရား) ၏ပြောဆိုချက်များကို သင်စစ်မှန်စွာနားလည်သဘောပေါက်လာ၍ ယုံကြည်လက်ခံလာမည်ဖြစ်သည်။

ဘုရားသခင်၏လက်တော်သည် တမန်တော်ပေါလုအပေါ်၌ မွေးစကပင်ရှိနေခဲ့ကြောင်းကို အခန်းငယ် ၁၅ တွင်သတိပြုပါ။ ဤကဲ့သို့ အသင်းတော်အား ပြင်းပြင်းထန်ထန်နှိပ်စက်ညှင်းပန်းနေသည့်အချိန်၌ပင် ဘုရားသခင်သည် ဤရှင်ပေါလု၏အသက်တာ၌ အလုပ်လုပ်နေခဲ့ပါသည်။ အပြင်ပန်းအားဖြင့်ကြည့်လျှင် ဘုရားသခင်သည်ရှင်ပေါလုကို ကယ်တင်ခြင်းဆီသို့ဆောင်ယူလာမည့်အကြောင်း မျက်စိဖြင့်မြင်နိုင်သည့် ထင်ရှားသိသာသောအထောက်အထားမရှိသော်လည်း အချိန်ကာလစတင်ချိန်မှပင် ဘုရားသခင်သည် ရှင်ပေါလုအတွက်ရည်ရွယ်ချက်တစ်ခုရှိနေခဲ့ပါသည်။ အချိန်ကာလရောက်လာသောအခါ ထိုအစီအစဉ်ကို သူ့ထံ၌ထုတ်ဖော်ပြသခဲ့ပါသည်။

အခန်းငယ် ၁၆ သည်အလွန်အရေးကြီးသည်။ ရှင်ပေါလုက သူ့အထဲ၌ (အင်္ဂလိပ်ကျမ်းစာကိုကြည့်ပါ) ဘုရားသခင်သည် မိမိ၏သားတော်ကို ထုတ်ဖော်ပြသရန် နှစ်သက်ကျေနပ်တော်မူကြောင်း မည်သို့ပြောပြခဲ့သည်ကို သတိပြုပါ။ "အထဲ၌" ဟူသောစကားလုံးနှင့် "ထံ၌" ဟူသော စကားလုံးတို့၏ကြားတွင် အလွန့်အလွန်ကွဲပြားခြားနားမှုကြီးရှိပါသည်။ မိမိတို့ထံ၌ သခင်ခရစ်တော်ကို ထုတ်ဖော်ပြသခြင်းခံရသောသူများစွာရှိသည်။ ဤပုဂ္ဂိုလ်များသည် သခင်ခရစ်တော်၏အမှုတော်နှင့် စပ်လျဉ်း၍နားလည်သဘောပေါက်မှုတစ်ခုကို ရှိထားကြသည်။ သူတို့ကသခင်ယေရှုသည် မည်သူဖြစ်ကြောင်းကိုလည်းကောင်း၊ ဤလောက၌ဆင်းကြွလာ၍ အထမြောက်ပြီးပြည့်စုံစေမည့်

အရာကိုလည်းကောင်း၊ သင့်အားပြောပြနိုင်ကြပါလိမ့်မည်။ သို့သော်၊ သခင်ခရစ်တော်ကို သူတို့အထဲ၌ထုတ်ဖော်ပြသခြင်း မရှိခဲ့သေးပါ။ သခင်ခရစ်တော်ကို ကျွန်ုပ်တို့ထံ၌ ထုတ်ဖော်ပြသသောအခါ ကျွန်ုပ်သည်သခင်ခရစ်တော်မည်သူဖြစ်ကြောင်းကိုလည်းကောင်း၊ မည်သည့်အရာကိုလာရောက်လုပ်ဆောင်သည်ကိုလည်းကောင်း ဦးနှောက်ဉာဏ်ရည်အရ နားလည်သဘောပေါက်ကြသည်။ သို့သော်သခင်ခရစ်တော်ကို ကျွန်ုပ်တို့၏အထဲ၌ ထုတ်ဖော်ပြသသောအခါ ကျွန်ုပ်တို့၏အသက်တာများကို ပြုပြင်ပြောင်းလဲမည်ဟူသောရည်ရွယ်ချက်အတွက် ကျွန်ုပ်တို့၏အသက်တာ၌ ကိန်းဝပ်နေထိုင်ဖို့ဝင်ရောက်လာခဲ့ပါသည်။ ကျွန်ုပ်တို့၏အထဲ၌ ကိုယ်တော်မျက်မှောက်ပြုခြင်းက ကျွန်ုပ်တို့ကိုလုပ်ပိုင်ခွင့်အာဏာပေးပါသည်။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်ကို ကျွန်ုပ်တို့ကြားသိခဲ့သောသူ၊ ကျွန်ုပ်တို့ဖတ်ရှု၍ သိခဲ့သောသူတစ်ဦးအဖြစ်နှင့် ပြောဆိုခြင်းမျိုးမဟုတ်ဘဲ၊ ကျွန်ုပ်တို့ကိုယ်တိုင်သိကျွမ်းထားသောသူ တစ်ယောက်အဖြစ်နှင့် ပြောဆိုကြသည်။ သခင်ခရစ်တော်ကို ကျွန်ုပ်တို့အထဲ၌ ထုတ်ဖော်ပြသသောအခါ ကိုယ်တော်၏တန်ခိုးတော်နှင့် ဉာဏ်ပညာသည် ကျွန်ုပ်တို့၏အစိတ်အပိုင်း တစ်ခုဖြစ်လာပါသည်။ ကိုယ်တော်၏ အသက်တာသည် ကျွန်ုပ်တို့မှတဆင့် စီးဆင်းသွားပြီး အခြေခံကျကျပြောင်းလဲမှုတစ်ခုဖြစ်ပေါ်လာပါသည်။

၂ကော ၅း၁၇ တွင် ရှင်ပေါလုက မည်သူမဆိုသခင်ခရစ်တော်၌ ရှိလျှင် ထိုသူသည်အသစ်ပြုပြင်ထားသော သတ္တဝါဖြစ်သည်ဟု ကျွန်ုပ်တို့ကို ပြောပြထားသည်။ ရှင်ပေါလုသည် ဧဝံဂေလိတရား (သတင်းကောင်းတရား) ဒေသနာကို မိမိ၏အသက်တာ၌ကိုယ်တွေ့ခံစားနေရသောကြောင့် သူသည် ထိုတရားဒေသနာအကြောင်းကို အလွန်ပြင်းပြနေရခြင်းဖြစ်သည်။ ဧဝံဂေလိတရား (သတင်းကောင်းတရား) ကို ရှင်ပေါလုနားလည်သဘောပေါက်ခြင်းသည် လူသားမှတဆင့်ရောက်လာသောအရာမဟုတ်၊ ဘုရားသခင်ကိုယ်တိုင်

သူ့ထံ၌ အထူးသီးသန့်ထုတ်ဖော်ပြသခြင်းဖြင့် ရောက်လာသောအရာဖြစ်သည်။ ဤနည်းလမ်းဖြင့် ဘုရားသခင်သည် မိမိကိုယ်ကို သင့်ထံ၌ထုတ်ဖော်ပြသခဲ့ပါသလား။

အခန်းငယ် ၁၆ တွင် ရှင်ပေါလုက မိမိ၏စာဖတ်သူတို့အား သူသည် သခင်ခရစ်တော်၌ အသက်တာပြောင်းလဲပြီးနောက်တွင်ပင် လူတို့နှင့်တိုင်ပင်ဆွေးနွေးခြင်းကို မလုပ်ခဲ့ကြောင်းဆက်လက်၍ အသိပေးခဲ့သည်။ ဧဝံဂေလိတရား (သတင်းကောင်းတရား) အားရှင်ပေါလုနားလည်သဘောပေါက်ခြင်းသည် သူအသက်တာမပြောင်းလဲမီ၌သော်လည်းကောင်း၊ အသက်တာပြောင်းလဲပြီးနောက်တွင်သော်လည်းကောင်း လူသားသွန်သင်ပေးခြင်း၏ရလဒ်တစ်ခုအနေဖြင့် ရောက်လာသောအရာမဟုတ်ခဲ့ပါ။ သူ့အသက်တာပြောင်းလဲပြီးနောက်တွင် ယေရုရှလင်မြို့ရှိ အခြားသောတမန်တော်များနှင့်တိုင်ပင်ဆွေးနွေးခြင်းမလုပ်ခဲ့ပါ။ အာရပ်ပြည်သို့သာထွက်သွားခဲ့ကြောင်း ရှင်းရှင်းလင်းလင်းပြောပြထားသည်။ ထိုသို့ဖြင့်သူသည် သခင်ဘုရားနှင့် စပ်ဆိုင်သောသူများထံမှ ဖယ်ရှားခြင်းကိုခံခဲ့ရသည်။ ယုံကြည်သူလူသစ်အဖြစ်နှင့် သူ့ထံ၌ ရှိရှိသမျှသောအရာမှာ ဘုရားသခင်နှင့်နှုတ်ကပတ်တော်သာဖြစ်ခဲ့သည်။ သူသည် သေချာသောလမ်းစဉ်တစ်ခုကို ယုံကြည်ရန်လူတို့၏ လေ့ကျင့်သင်ကြားပေးခြင်းကို မခံခဲ့ရပါ။ သုံးနှစ်ကျော်လွန်ပြီးနောက်၌သာ ရှင်ပေါလုသည် ရှင်ပေတရုကို သွားရောက်တွေ့ဆုံခဲ့သည် (သူနှင့်အတူ တစ်ဆယ့်ငါးရက် အတူတကွနေထိုင်ခဲ့သည်)။ ထိုကာလအတောအတွင်း၌ သူသည်သခင်ယေရှု၏ညီဖြစ်သော ရှင်ယာကုပ်မှလွဲ၍ အခြားမည်သည့် တမန်တော်နှင့်မျှ တွေ့ဆုံခဲ့ခြင်းမရှိပါ (ငယ် ၁၉)။

ရှင်ပေါလုသည် ကျွန်ုပ်တို့အား ဤအရာများကိုအဘယ်ကြောင့် ပြောပြနေပါသနည်း။ ထိုအရာများသည် ယနေ့ခေတ်ကျွန်ုပ်တို့အတွက် မည်သည့်သွယ်ဝိုက်ပြောဆိုမှုများကို ရှိထားကြပါသနည်း။ ရှင်ပေါလုက မိမိ

ဟောပြောသောအရာများသည် လူ့ဉာဏ်ပညာ၏ အကောင်းဆုံးသော အရာများသက်သက်မဟုတ်ကြောင်း ကျွန်ုပ်တို့အားပြောပြနေပါသည်။ သူဟောပြောသောအရာသည် သူ့ထံ၌ဘုရားသခင်ကိုယ်တိုင် တိုက်ရိုက်ထုတ်ဖော်ပြသခဲ့သောဘုရားသခင်၏ဉာဏ်ပညာဖြစ်ကြောင်းကို ပြောပြနေပါသည်။

ဤကျမ်းချက်က ယနေ့တွင်ကျွန်ုပ်တို့အား မည်သည့်အရာကို ပြောပြနေပါသနည်း။ ယုံကြည်သူလူသစ်များအား တပည့်တော်ပြုလုပ်မွေးထုတ်ခြင်းအကြောင်းနှင့် စပ်လျဉ်း၍မည်သည့်အရာကို ပြောပြနေပါသနည်း။ ယုံကြည်သူလူသစ်များသည် ရှင်ပေါလုကဲ့သို့ မိမိတို့ဘာသာသင်ယူကြရန်အတွက် ကိုယ့်ခြေထောက်ပေါ်၌ကိုယ်ရပ်တည်နိုင်ကြဖို့ ဤအတိုင်းပစ်ထားသင့်ပါသလား။ သူတို့သည် မိမိတို့၏ပထမနှစ်အနည်းငယ်မှ ခရစ်ယာန်အတွေ့အကြုံများကို အခြားသောယုံကြည်သူများမရှိသောနေရာ၌ သီးခြားကုန်ဆုံးစေသင့်ပါသလား။ ဤအရာသည် မိုက်မဲသောလုပ်ရပ်သာမဟုတ်၊ အန္တရာယ်ရှိသောလုပ်ရပ်ဖြစ်ကြောင်းကို ကျွန်ုပ်တို့အားလုံးသဘောတူခဲ့ကြပါလိမ့်မည်။ စာတန်သည်ယုံကြည်သူလူသစ်တစ်ဦးကရရှိပိုင်ဆိုင်ထားသည့် မပြောပလောက်သောသမ္မာတရားလေကို လွဲမှားစွာလိမ်လည်တင်ပြ၍ ယူဆောင်ဖယ်ရှားပစ်ရန်ကိုသာ အလွန်လိုချင်နေပါသည်။

ဤနေရာတွင် ရှင်ပေါလု၏အပြုအမူများအား ကျွန်ုပ်တို့မည်သို့နားလည်ကြရမည်နည်း။ ယုံကြည်သူလူသစ်များသည် ကျွန်ုပ်တို့ထံမှ ကြားနာရသည်ထက် ဘုရားသခင်ထံမှကြားနာနိုင်ခြင်းက ပို၍အရေးကြီးသည်ဟူသောအချက်ကို ကျွန်ုပ်တို့နားလည်ထားရန်မှာ အဓိကအချက်ဖြစ်သည်ဟု ကျွန်ုပ်မြင်မိသည်။ ယုံကြည်သူလူသစ်များသည် များသောအားဖြင့် ၎င်းတို့ကိုတပည့်တော်များအဖြစ် ပြုလုပ်မွေးထုတ်ပေးသောသူများ၏ ကိုယ်ပွားများဖြစ်လာတတ်ကြသည်။ အခြားသူများအား တပည့်တော်များအဖြစ် ပြုလုပ်မွေးထုတ်ပေးကြရာတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အသင်းတော်၏ နည်းစနစ်များနှင့်

ဓမ္မအယူဝါဒများကို အမြဲလိုလိုရှေ့တန်းတင် တွန်းပို့တတ်ကြသည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့သည် ယုံကြည်သူလူသစ်များအား ကျွန်ုပ်တို့က အဘယ့်ကြောင့်မှန်ကန်၍ အခြားသူများမှာ အဘယ်ကြောင့်မှားယွင်းကြသည်ကို ပြသဖို့စုံစမ်းနှောက်ခံကြရသည်။ ကျွန်ုပ်တို့သည် သူတို့ကိုကျွန်ုပ်တို့ တွေးခေါ်သကဲ့သို့ တွေးခေါ်ရန်၊ ကျွန်ုပ်တို့ဝတ်ပြုကိုးကွယ်သကဲ့သို့ ဝတ်ပြုကိုးကွယ်ရန်၊ ကျွန်ုပ်တို့ကဲ့သို့သောသူများနှင့်သာ ပေါင်းသင်းဆက်ဆံကြရန် လေ့ကျင့်သင်ကြားပေးတတ်ကြသည်။ ယုံကြည်သူလူသစ်များသည် ကျွန်ုပ်တို့ထံမှ ကြားနာရပါသော်လည်း သူ/သူမသည် ဘုရားသခင်ထံမှကြားနာတတ်ရန်ကိုလည်းကောင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေ့လာတတ်ရန်လည်းကောင်း သင်ယူပါသလား။ ကျွန်ုပ်တို့သည် သူတို့ကိုကျွန်ုပ်တို့၏ တပည့်တော်ပြုလုပ်မွေးထုတ်ခြင်းသင်တန်းအစီအစဉ်ဖြင့် လက်တွဲခေါ်ဆောင်သွားပြီးနောက်တွင် သူတို့သည် မည်သူ့ထံမှ သင်ယူခဲ့ကြပါသနည်း။ သူတို့သည် ကျွန်ုပ်တို့ထံမှသာ ကြားနာခဲ့ကြပါသလား (သို့) သူတို့သည် ဘုရားသခင်ထံမှလည်း ကြားနာခဲ့ကြရပါသလား။ သမ္မာကျမ်းစာကို သူတို့နားလည်သဘောပေါက်ရာ၌ ကျွန်ုပ်တို့နှင့်သဘောထားကွဲလွဲခွင့်ကို သူတို့အားပေးခဲ့ကြပါသလား။ ဘုရားသခင်က သူတို့ကို ဖြစ်စေချင်သောသူများဖြစ်လာကြဖို့ သူတို့ကို ကျွန်ုပ်တို့လမ်းပြဦးဆောင်နေကြပါသလား (သို့) ကျွန်ုပ်တို့ကသူတို့ဖြစ်လာဖို့ လိုအပ်သည်ဟုယူဆသောသူများ ဖြစ်လာဖို့ တိုက်တွန်းနေကြပါသလား။ ကျွန်ုပ်တို့သည် သူတို့ကိုခိုင်မာသော ကိုင်ပိုင်ထင်မြင်ယူဆချက်များရှိလာကြဖို့ လမ်းပြဦးဆောင်နေကြပါသလား (သို့) ကျွန်ုပ်တို့၏ခိုင်မာသော ကိုင်ပိုင်ထင်မြင်ယူဆချက်များကိုသာ လက်ဆင့်ကမ်းနေကြပါသလား။

ရှင်ပေါလု၏ အသက်တာပြောင်းလဲခြင်း နောက်ဆက်တွဲနှစ်ကာလများသည် ဘုရားသခင်ထံမှကြားနာခြင်းနှစ်ကာလများဖြစ်ခဲ့သည်။ ထိုနှစ်ကာလများတွင် မိမိ၏ခိုင်မာသောကိုယ်ပိုင်ထင်မြင်ယူဆချက်များကို

ဖော်ဆောင်ခဲ့သည်။ ဤခိုင်မာသောထင်မြင်ယူဆချက်များသည် အချို့သော ဘာသာရေးခေါင်းဆောင်များထံမှ သူ့ထံသို့လက်ဆင့်ကမ်းပေးအပ်ခဲ့သော တစ်ပတ်ရစ် သမ္မာတရားများ မဟုတ်ကြပါ။ တစ်ပတ်ရစ်ထင်မြင်ယူဆချက် များသည် အမှုတော်မြတ်အတွက် ပြင်းပြသောစိတ်ဆန္ဒကို မဖန်တီးပေးကြပါ။ ရှင်ပေါလုသည် အခြားသူတစ်ယောက်ယောက်၏ ယုံကြည်ခြင်းကို ဟောပြော ခြင်း၌ စိတ်ဝင်စားခဲ့မည်မဟုတ်ပါ။ အမှုတော်မြတ်၌ ရှင်ပေါလု၏ပြင်းပြသော စိတ်ဆန္ဒရှိနေခြင်းသည် မိမိ၏နက်နက်နဲနဲခံစား ကြုံတွေ့ရသော ခိုင်မာသည့် ထင်မြင်ယူဆချက်များမှ ရောက်ရှိလာခဲ့ပါသည်။ သခင်ခရစ်တော်သည် ရှင်ပေါလုအတွက် အစစ်အမှန်ဖြစ်ခဲ့သည်။ ကိုယ်တော်သည်ရှင်ပေါလုအထဲ၌ ထုတ်ဖော်ပြသခြင်းကိုခံခဲ့ရသည်။ ကိုယ်တော်သည် မိမိ၏သမ္မာတရားကို ရှင်ပေါလုထံ၌ ထုတ်ဖော်ပြသနေခဲ့ပါသည်။ ရလဒ်မှာကား၊ လူတို့သည် ရှင်ပေါလု၏အသက်တာ၌ ထူးခြားသောပြောင်းလဲမှုကို မြင်တွေ့ခဲ့ကြရသည်။ ကနဦး၌ အသင်းတော်အားညှင်းပန်းနှိပ်စက်ခဲ့သူ၏ အသက်တာ၌ ကိုယ်တော် လုပ်ဆောင်နေသောအရာကို မြင်တွေ့ခဲ့ကြသောကြောင့် သူတို့သည် ဘုရား သခင်ကို ချီးမွမ်းထောမနာပြုခဲ့ကြသည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- သင့်အထဲ၌ သခင်ခရစ်တော်ကို ထုတ်ဖော်ပြသခြင်းခံခဲ့ရပါသလား။ သင့်အသက်တာရှိ ဤအချင်းအရာ၏ သက်သေအထောက်အထား များမှာ အဘယ်နည်း။
- သင်ရရှိထားသော ခိုင်မာသည့်ထင်မြင်ယူဆချက်များသည် သင့်ရဲ့ ခိုင်မာသော ကိုယ်ပိုင်ထင်မြင်ယူဆချက်များ ဟုတ်ပါသလား။ သင် ယုံကြည်နေသောအရာသည် ကိုယ်တိုင်လေ့လာ၍ အလေးအနက် ဆင်ခြင်သုံးသပ်ပြီးနောက် ဘုရားသခင်၏ရှေ့တော်၌ မှန်ကန်

ကြောင်းဖျောင်းဖျခြင်းခံခဲ့ရသောကြောင့် ယုံကြည်နေပါသလား (သို့) တစ်စုံတစ်ယောက်က သင်ယုံကြည်ရမည်ဟုပြောပြ ခဲ့သောကြောင့် ယုံကြည်နေပါသလား။

- ခိုင်မာသောကိုယ်ပိုင်ထင်မြင်ယူဆချက်ကို ဟောပြောခြင်းနှင့် ခိုင်မာသောတစ်ပတ်ရစ် ထင်မြင်ယူဆချက်ကို ဟောပြောခြင်းတို့ကြားတွင် ကွဲပြားခြားနားချက် ရှိပါသလား။ ထိုကွဲပြားခြားနားချက်မှာအဘယ်နည်း။
- သင်ယုံကြည်ထားသော သမ္မာတရားက သင့်အသက်တာကို အကျိုးသက်ရောက်မှုရှိစေပါသလား။ ဘုရားသခင်က သင့်ထံ၌ ထုတ်ဖော်ပြသခဲ့သော သမ္မာတရားအတွက် စိတ်နှလုံး၌ နက်နက်နဲနဲခံစားရသောပြင်းပြသည့် စိတ်ဆန္ဒတစ်ခုရှိပါသလား။ ဤအရာသည် သင့်အသက်တာကို မည်သို့အရာထင်စေခဲ့သနည်း။

ဆုတောင်းရန်အချက်များ

- သခင်ဘုရားက ဧဝံဂေလိတရား(သတင်းကောင်းတရား)၏ သမ္မာတရားကို သင့်စိတ်နှလုံးဆီသို့ ကိုယ်တိုင်ကိုယ်ကျပြောပြခဲ့၍ လက်ခံယုံကြည်စေခဲ့သောအချိန်ကို ပြန်လည်သတိရရန်အချိန်အနည်းငယ်ယူပါ။ ဘုရားသခင်သည် ဧဝံဂေလိတရား(သတင်းကောင်းတရား) ကိုသင့်ထံ၌ ကိုယ်တိုင်ကိုယ်ကျထုတ်ဖော်ပြသခဲ့သည့်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- ဘုရားသခင်ပေးသနားတော်မူသော ကယ်တင်ခြင်းကို သင်ကိုယ်တိုင်ကိုယ်ကျမသိရှိမီရှေးကာလကတည်းကပင် ကိုယ်တော်သည် သင့်အပေါ် ၌ မိမိ၏လက်တော်ကို တည်ထားခဲ့သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။

- ရှောလုကဲ့သို့ သမ္မာတရားထံမှ ထွက်ပြေးနေသောသူတစ်ယောက် ယောက်ကို သင်သိပါသလား။ ဤပုဂ္ဂိုလ်ထံ၌ ဘုရားသခင်ကိုယ့်ကိုယ်ကို ထုတ်ဖော်ပြသမည့်အကြောင်း ဆုတောင်းပေးရန် အချိန်အနည်းငယ်ယူပါ။

# ဂလာတိသြဝါဒစာ နှင့် ဖေက်သြဝါဒစာ

# ၄
# ရှင်ပေါလု၊ တစ်ပါးအမျိုးတို့ထံ၌ စေလွှတ်သောတမန်တော်

ဂလာတိ ၂း၁-၁၀ ကိုဖတ်ရှုပါ။

ဘုရားသခင်သည် ဧဝံဂေလိတရား (သတင်းကောင်းတရား) ဒေသနာတော်ကို ရှင်ပေါလုထံ၌ ထုတ်ဖော်ပြသခဲ့သည်မှာ ထင်ရှားနေပါသော်လည်း၊ ခရစ်ယာန်အသိုင်းအဝိုင်းထဲ၌ သူ့ကိုလက်ခံနိုင်ဖို့မှာ အချိန်အကန့်အသတ်တစ်ခုအထိကြာမြင့်ခဲ့သည်။ အစကနဦးတွင် တမန်တော်များကပင် ဤအထင်ကရဖြစ်သောအသင်းတော်ညှဉ်းပန်းနှိပ်စက်သူက ယခုစစ်မှန်သောယုံကြည်သူတစ်ယောက်ဖြစ်နေသည်ကို လက်ခံနိုင်ရန်အခက်တွေ့ခဲ့ကြသည်။ အသင်းတော်ဘက်မှ ဤသို့ချီတုံချတုံဖြစ်နေခြင်းကို ပို၍ရှုပ်ထွေးစေခဲ့သောအရာမှာ တစ်ပါးအမျိုးအသိုင်းအဝိုင်း၌ ဤဧဝံဂေလိတရား (သတင်းကောင်းတရား) ကိုသွားရောက်ဟောပြောရန်ဟူသော ရှင်ပေါလု၏သီးခြားဝန်ထုပ်ဝန်ပိုးဖြစ်သည်။ ရှင်ပေါလု၏ဝန်ထုပ်ဝန်ပိုးမှာ ထိုခေတ်ကာလ၌လုပ်လေ့လုပ်ထရှိသော ယုဒလူမျိုးများထံ၌သာ သီးသန့်သွားရောက်ဟောပြောခြင်း မဟုတ်ခဲ့ပါ။

မိမိစာစောင်၏ဤအပိုင်းတွင် ရှင်ပေါလုက မိမိ၏သာသနာလုပ်ငန်းကို အခြားတမန်တော်များက မည်သို့လက်ခံလာခဲ့ကြသည်ကို ရှင်းပြခဲ့သည်။ ဆယ့်လေးနှစ်ကြာပြီးနောက်တွင် သူသည်ဗာနဗ၊ တိတုတို့နှင့်အတူ ယေရုရှလင်

မြို့သို့သွားရောက်ခဲ့ကြောင်းကို ပြောဆိုခြင်းဖြင့် အစပြုခဲ့သည်။ ယေရုရှင်မြို့သို့ သွားရောက်ခဲ့သည့် ဤခရီး၏အချိန်အတိအကျကို ကျွန်ုပ်တို့သေချာမသိရပါ။ အချို့ကရှင်ပေါလုအသက်တာပြောင်းလဲပြီးနောက် ဆယ့်လေးနှစ်အကြာတွင် ဖြစ်သည်ဟုရှုမြင်ကြသည်။ အချိန်ကာလသတ်မှတ်ချက်မှာ အရေးမကြီးပါ။ အရေးကြီးသည့်အချက်မှာ ရှင်ပေါလုယေရုရှလင်မြို့သို့သွားရောက်ခဲ့ရသည့်အကြောင်းအရင်းဖြစ်သည်။ သူသည်ဘုရားသခင်၏ဗျာဒိတ်တော်ကို တုန့်ပြန်သည့်အနေဖြင့် သွားရောက်ခဲ့ရခြင်းဖြစ်ကြောင်း အခန်းငယ် ၂ က ဖော်ပြထားသည်။ တပါးအမျိုးတို့ထံ၌ မိမိဟောပြောခဲ့သော ဧဝံဂေလိတရား (သတင်းကောင်း)ကို ယေရုရှလင်မြို့ရှိအသင်းတော်ရှေ့၌ချပြဖို့ ထိုသို့ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ သူသည်မိမိလုပ်ရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ယုဒလူမျိုးမဟုတ်သော အသိုင်းအဝိုင်း၌ မိမိဟောပြောသည့် တရားဒေသနာနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းချက်ကို တင်ပြရန်အတွက် သွားရောက်ခဲ့ခြင်းဖြစ်သည်။ တပါးအမျိုးတို့ထံ၌ မိမိတရားဟောပြောခြင်းတွင် ရှင်ပေါလုအောင်မြင်ကျော်လွှားဖို့လိုအပ်သည့် အခြေခံကျသောအဆီးအတားကြီးနှစ်ခုရှိနေကြောင်းကို သဘောပေါက်နားလည်ထားဖို့လိုအပ်သည်။ ပထမအနေဖြင့်၊ တပါးအမျိုးတို့ကို ကယ်တင်ခြင်းအစီအစဉ်တစ်ခုလုံးမှ ပစ်ပယ်ခံထားရသော အသိုင်းအဝိုင်းတစ်ခုအဖြစ် ရှေးကာလများစွာကတည်းက ရှုမြင်ခဲ့ကြသည့်အချက်ဖြစ်သည်။ သခင်ယေရှုက တပည့်တော်များအား မိမိ၏တရားဒေသနာကို ဣသရေလအမျိုးတို့ထံ၌ ယူဆောင်သွားကြဖို့ ပြောခဲ့သည်(မဿဲ ၁၀း၅-၇)။ ကနဦးအသင်းတော်တွင်ပင် ဧဝံဂေလိပြုလုပ်ခြင်းသည် အစပိုင်းတွင် ယုဒအသိုင်းအဝိုင်းများထံ၌ဖြစ်ခဲ့သည် (တမန်တော် ၁၁း၁၉ ကိုကြည့်ပါ)။ တပါးအမျိုးတို့ထံ၌

တရားဟောပြောခြင်းတွင် ရှင်ပေါလုသည် ထုံးစံအစဉ်အလာကို ဆန့်ကျင်နေခဲ့ပါသည်။

ရှင်ပေါလုဖြေရှင်းဖို့ လိုအပ်သည့်ဒုတိယပြဿနာမှာ ယုံကြည်သူတပါးအမျိုးတို့၏အသက်တာရှိ ယုဒပညတ်တရား၏ အခန်းကဏ္ဍဖြစ်သည်။ တပါးအမျိုးများက သခင်ဘုရားအားသိကျွမ်းယုံကြည်လာကြသည်ကို လိုလိုလားလားမြင်တွေ့လိုသော ယုဒအမျိုးယုံကြည်သူအချို့ရှိကြသော်လည်း သူတို့က တပါးအမျိုးများသည် မောရှေ၏ပညတ်တရားအတိုင်း နေထိုင်ရန်လိုအပ်သည်ဟု ယုံကြည်နေကြဆဲဖြစ်သည်။ သူတို့ကသခင်ခရစ်တော်၌ အသက်တာပြောင်းလဲလာသော တပါးအမျိုးယောက်ျားတစ်ယောက်သည် အရေဖျားလှီးခြင်းမင်္ဂလာကိုခံယူ၍ ယုဒဘာသာရေးထုံးစံများကိုလိုက်နာစောင့်ထိန်းရမည်ဟု မျှော်လင့်ခဲ့ကြသည်။ အချို့သော ယုဒလူမျိုးများက ဤအရာကို တပါးအမျိုးတို့၏ကယ်တင်ခြင်းအတွက် ပြဋ္ဌာန်းချက်တစ်ခုအဖြစ်ပင်ပြုလုပ်ဖန်တီးခဲ့ကြသည်။ ရှင်ပေါလုက ဤအယူဝါဒကို ငြင်းပယ်ခဲ့ကြောင်း အခန်း (၁)၌ ကျွန်ုပ်တို့တွေ့မြင်ခဲ့ပြီးဖြစ်သည်။ တပါးအမျိုးတို့သည် မောရှေ၏ပညတ်တရားကို လိုက်လျှောက်ကျင့်ကြံခြင်းမရှိဘဲ ကယ်တင်ခြင်းကိုရရှိနိုင်သည်ဟု သူယုံကြည်ခဲ့သည်။ ဤနေရာတွင်လည်း ရှင်ပေါလုသည် ခိုင်မာသောထုံးစံအစဉ်အလာကို တစ်ဖန်ဆန့်ကျင်ခဲ့ပြန်သည်။

အခန်းငယ် (၂) တွင် ရှင်ပေါလုသည် ဘုရားသခင်ထံမှလာသော ဗျာဒိတ်တော်ကြောင့် ယေရုရှလင်မြို့သို့သွားရောက်ခဲ့ကြောင်းကို သတိပြုပါ။ ဤဗျာဒိတ်တော်ကိုမည်သည့်အချိန်၌ ရရှိခဲ့သည်ကိုလည်းကောင်း၊ မည်သို့ရရှိခဲ့သည်ကိုလည်းကောင်း ကျွန်ုပ်တို့အား ပြောပြမထားပါ။ သို့သော်၊ သိသာထင်ရှားနေသောအရာမှာ ရှင်ပေါလုအနေဖြင့် တပါးအမျိုးတို့အတွက် ဘုရား

သခင်၏အကြံအစည်နှင့်စပ်လျဉ်း၍ မိမိ၏ ခိုင်မာသောထင်မြင်ယူဆချက်ကို ယေရုရှလင်အသင်းတော်ထံ၌ပြောပြခြင်းသည် ဘုရားသခင်၏ရည်ရွယ်ချက်ဖြစ်ခဲ့သည်။ ယေရုရှလင်အသင်းတော်သည် တပါးအမျိုးတို့၌ တရားဟောပြောခြင်းကို ခုခံတားဆီးခဲ့ကြသည်။ ထို့ကြောင့်ရှင်ပေါလုသည် ဘုရားသခင်၏လမ်းပြမှုဖြင့် ဤပြဿနာကို အသင်းတော်ခေါင်းဆောင်များထံ၌ ပြောပြရန် ယေရုရှလင်မြို့သို့သွားခဲ့ပါသည်။

ရှင်ပေါလု၏ ချဉ်းကပ်ပုံချဉ်းကပ်နည်းကို မှတ်သားထားရန် ကျွန်ုပ်တို့အတွက် အရေးကြီးသည်။ ရှင်ပေါလုသည် ဘုရားသခင်ထံမှလာသောဗျာဒိတ်တော်ကို တုန့်ပြန်သည့်အနေဖြင့် သွားရောက်ခဲ့သည်။ သို့သော် ထိုသို့ဖြစ်စေကာမူ ရှင်ပေါလုသည် ဤပြဿနာနှင့်စပ်လျဉ်း၍ အသင်းတော်ကို ချဉ်းကပ်ရာတွင် အလွန်သတိထားခဲ့သည်။ သူသည်အလွန်အပျက်သဘောဆောင်သော သဘောထားနှင့်အတူ ယေရုရှလင်အသင်းတော်ကို လူသိရှင်ကြား အပြစ်ဖော်ဆုံးမနိုင်ပါသည်။ “ဘုရားသခင်က ငါ့ကိုဒီလိုအမှန်တကယ်ပြောခဲ့တာကွ” ဟူသော သဘောထားမျိုးနှင့်ရောက်လာခဲ့နိုင်ပါသည်။ သို့သော်၊ အခန်းငယ် ၂ ၌ သူသည်ခေါင်းဆောင်များကို နှစ်ကိုယ်ကြားသီးသန့် ပြောဆိုခဲ့ကြောင်းကိုသတိပြုပါ။ သူသည်မိမိ၏ပြေးပွဲကိုအချည်းနှီးပြေး ခဲ့လေပြီလားဟူသော စိုးရိမ်စိတ်တို့နှင့်အတူ ဤအရာကို ပြုလုပ်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် ရှင်ပေါလု၏ ထိုသဘောထားကို ပို၍အနီးကပ်စူးစမ်းစစ်ဆေးရန်လိုအပ်သည်။

ဘုရားသခင်ပေးအပ်ခဲ့သော တရားဒေသနာကို မည်သို့အသိပေးရှင်းလင်းပြောကြားရမည်ကို ဉာဏ်ပညာနှင့် ချင့်ချိန်နိုင်စွမ်းကို မပြသော “ဘုရားသခင်က ငါ့ကိုပြောပြခဲ့တာကွ” ဟူသောသဘောထားမျိုးဖြင့် ကျွန်ုပ်တို့ထံရောက်လာကြသော ပုဂ္ဂိုလ်များက ကျွန်ုပ်တို့ကို မည်သို့မကြာခဏစိတ်ကုန်

စေခဲ့ကြပါသနည်း။ ဤနေရာတွင် ရှင်ပေါလုသည် သိမ်မွေ့ခြင်း၊ နှိမ့်ချခြင်းတို့နှင့်အတူ ပြောဆိုခဲ့ပါသည်။ ရှင်ပေါလုသည် ဤအမှုကိစ္စအပေါ်၌ ခိုင်မာသောထင်မြင်ယူဆချက်ကို နက်နက်နဲနဲရှိထားသော်လည်း အသင်းတော်ထံ၌ ဆက်လက်၍ ဝန်ခံအပ်နှံလိုခဲ့သည်။ ရှင်ပေါလုသည် ကျေးဇူးတော်နှင့်ယှဉ်သော ဤတရားဒေသနာကို မည်သည့်နိုင်ငံသားပင် ဖြစ်စေကာမူ၊ ယုံကြည်သောသူတိုင်းထံ၌ ဟောပြောရန်မိမိ၏အသက်တာကို ဆက်ကပ်အပ်နှံခဲ့ပါသည်။ သူသည် တပါးအမျိုးတို့အား လက်ကမ်းလှမ်းယူရာ၌ လည်းကောင်း၊ ၄င်းတို့ကို ယုံကြည်သူယုဒလူမျိုးများနှင့် တန်းတူအဆင့်အတန်း ရပ်တည်မှု၌ ထားရှိရာ၌လည်းကောင်း မိမိ၏ကြိုးစားအားထုတ်မှု၏ နောက်ကွယ်တွင် ယေရုရှလင်အသင်းတော်၏ ရပ်တည်ပေးမှုကိုလိုအပ်ခဲ့သည်။ သူသည် ယုံကြည်သူများ၏အသက်တာ၌ မောရှေပညတ်တရား၏အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ တမန်တော်များအကြား၌ စည်းလုံးညီညွတ်ခြင်းကိုလည်း ရှာကြံခဲ့သည်။ တပါးအမျိုးတို့ထံ၌ ရှင်ပေါလုတရားဟောပြောခြင်းသည် ဘုရားသခင်၏အကြံအစည်ဖြစ်ခဲ့လျှင်လည်းကောင်း၊ အသင်းတော်သည် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြညွှန်ဆောင်ခြင်းကို နားလည်နိုင်စွမ်းရှိသည့် အသိတရားရှိခဲ့လျှင်လည်းကောင်း သူတို့သည် ရှင်ပေါလု၏အထဲ၌ရှိသော ဤဝန်ထုပ်ဝန်ပိုးကို ဘုရားသခင်ထံမှလာသောအရာအဖြစ် အသိအမှတ်ပြုလက်ခံ၍ ဤအမှုကို လုပ်ဆောင်ရာ၌ ရှင်ပေါလုကို ထောက်ခံ ကူညီပေးခဲ့ကြပါလိမ့်မည်။ ရှင်ပေါလုသည် မိမိ၏သာသနာလုပ်ငန်းနှင့် ဧဝံဂေလိတရား (သတင်းကောင်းတရား) အားမိမိနားလည်သဘောပေါက်ထားမှုတို့၌ ၄င်းတို့၏အတည်ပြုချက်ကိုရယူရန် အသင်းတော်ရှေ့၌ချပြခဲ့သည်။ ဤလုပ်ရပ်သည် နှိမ့်ချမှုရှိသော ယုံကြည်ခြင်းခြေလှမ်းအမှန်ဖြစ်ခဲ့သည်။ ရှင်ပေါလုဟောပြောသော

တရားဒေသနာနှင့် သာသနာလုပ်ငန်း၏နောက်၌ ရပ်တည်ပေး ရန်ယေရှုလင်အသင်းတော်၏ဆုံးဖြတ်ချက်သည် အလွယ်တကူဖြစ်မလာခဲ့ကြောင်းကို အခန်းငယ် ၃-၅ အားဖြင့်ကျွန်ုပ်တို့နားလည်နားလည်ကြရသည်။ ရှင်ပေါလုနှင့်အတူရှိနေခဲ့သော တပါးအမျိုး တိတုသည် ထိုထိုသော ဆန့်ကျင်အတိုက်အခံပြုခံရခြင်း၏အရင်းအမြစ်ဖြစ်ခဲ့သည်။ အချို့သောယုဒလူများက တိတုကို အရေဖျားလှီးမင်္ဂလာခံယူဖို့ ဖိအားပေးခဲ့ကြသည်။ ဤပုဂ္ဂိုလ်များကို ရှင်ပေါလုက သူလျှိုအဖြစ်စေလွှတ်ခံရသည့် "မှားယွင်းသောညီအစ်ကိုများ" ဟုသမုတ်ခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ဤပုဂ္ဂိုလ်များသည် တိတုအရေဖျားလှီးခြင်းမင်္ဂလာခံယူခြင်းရှိ၊ မရှိကိုလျှို့ဝှက်စွာဖြင့် လာရောက်စူးစမ်းလေ့လာခဲ့ကြသည်။

ရှင်ပေါလုသည် ဤမှားယွင်းသောဆရာများ၏ ဖိအားပေးမှု၌ အညံ့ခံရန်ငြင်းဆန်ခဲ့သည်။ သာ၍ကြီးမားကျယ်ပြန့်သော သာသနာလုပ်ငန်းကို ရည်ရွယ်၍ တမန်တော်ကြီးက အရေဖျားလှီးခြင်းကို ခွင့်ပြုပေးခဲ့သည့်အချိန်များရှိခဲ့သည် (တမန်တော် ၁၆း၁-၂)။ သို့သော်၊ ဤအချိန်သည် ထိုကဲ့သို့သော အချိန်မဟုတ်ခဲ့ပါ။ ဤအချိန်၌ လမ်းဖွင့်ပေးခဲ့လျှင် မောရှေ၏ပညတ်တရားသည် ကယ်တင်ခြင်းအတွက် လိုအပ်သောအရာဖြစ်သည်ဟု ပြောဆိုရာရောက်ခဲ့ပါလိမ့်မည်။ ဤအရာသည် ရှင်ပေါလုဆန့်ကျင်တိုက်ခိုက်နေသောအရာဖြစ်သည်။ နောက်ဆုံးတွင် ရှင်ပေါလု၏အတင်းအကျပ်အလေးအနက်တောင်းဆိုမှုအောင်မြင်ခဲ့သည်မှာထင်ရှားနေပါသည်။။ အခန်းငယ် ၃ က တိတုသည် အရေဖျားလှီးခြင်းကိုခံယူဖို့ မတိုက်တွန်းခြင်းမခံတော့ကြောင်းကျွန်ုပ်တို့ကိုပြောပြထားသည်။ တိတုအား ခရစ်တော်၌တည်သောအရေဖျားလှီးခြင်းကိုမခံယူသည့် တပါးအမျိုးတစ်ဦးအဖြစ် အရှိတိုင်းလက်ခံခဲ့ကြသည်။ ဤအရာသည် ရှင်ပေါလုကို အဘယ်မျှဝမ်းမြောက်စေခဲ့ပါမည်နည်း။

အခန်းငယ် ၆-၇ တွင် ရှင်ပေါလုက မိမိ၏စာဖတ်သူတို့အား ယေရုရှလင်မြို့ရှိ အသင်းတော်မှခေါင်းဆောင်များ (အသရေထင်ရှားသောသူတို့)က မိမိ၏တရားဒေသနာ၌ မည်သည့်အရာကိုမျှ ထပ်လောင်းပေါင်းထည့်ခြင်း မပြုကြကြောင်း ပြောပြခဲ့သည်။ ရှင်ပေါလု၏တရားဒေသနာကား အဘယ်နည်း။ ရှင်ပေါလု၏တရားဒေသနာမှာ တပါးအမျိုးတို့သည် မောရှေ၏ပညတ်တရားကို လိုက်နာကျင့်ကြံခြင်းမရှိဘဲ၊ ကယ်တင်ခြင်းကို ရရှိနိုင်သည်ဟူသော တရားဒေသနာပင်ဖြစ်သည်။ နောက်ဆုံးတွင် ယေရုရှလင်မြို့မှခေါင်းဆောင်များက ဤတရားဒေသနာ၌ နောက်ထပ်မည်သည့်ပြဌာန်းချက်ကိုမျှ ထပ်လောင်းပေါင်းထည့်ခြင်းမရှိပဲ လက်ခံခဲ့ကြသည်။ သူတို့သည် ရှင်ပေါလုကို တပါးအမျိုးတို့ထံ၌စေလွှတ်သော တမန်တော်အဖြစ် အတည်ပြုခဲ့ကြပြီး “ပညတ်တရားမပါပဲ၊ တပါးအမျိုးတို့၌ ကယ်တင်ခြင်း” ဟူသော ရှင်ပေါလုဟောပြောသော တရားဒေသနာ၏နောက်တွင်လည်း ရပ်တည်ပေးခဲ့ကြသည်။ ဘုရားသခင်သည် ရှင်ပေတရုကို ယုဒလူမျိုးများထံ၌ တရားဟောပြောရန် အသုံးပြုနေခဲ့သကဲ့သို့ ရှင်ပေါလုကိုလည်း တပါးအမျိုးတို့ထံ၌ တရားဟောပြောရန် အသုံးပြုနေခဲ့ပါသည်။ ရှင်ပေါလု၏ သာသနာလုပ်ငန်းနှင့် တရားဒေသနာတို့ကို အတည်ပြုပေးကြပြီးနောက်တွင် သူတို့သည် ရှင်ပေါလုနှင့် ဗာနဗတို့ထံ၌ လက်ျာလက်ခံခြင်းပေး၍ မိမိတို့၏စိတ်ရောကိုယ်ပါ အားပေးထောက်ခံမှုနှင့်အတူ ဆင်းရဲသောသူများကိုလည်း သတိရအောက်မေ့နေကြရန် စိန်ခေါ်ရင်း တပါးအမျိုးတို့ထံသို့ စေလွှတ်ခဲ့ကြသည် (ငယ် ၉-၁၀)။

ရှင်ပေါလုအတွက် ကယ်တင်ခြင်းတရားဒေသနာတွင်မည်သည့်အရာမျှထပ်လောင်းပေါင်းထည့်၍ မရနိုင်ပါ။ လူသားတို့သည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် လုပ်ဆောင်သွားခဲ့ပြီးသောအရာကို ယုံကြည်လက်ခံရန်မှ

လွဲ၍ မိမိတို့မှမည်သည့်ကြိုးစားအားထုတ်မှုမှမပါပဲ ဘုရားသခင်၏ကျေးဇူးတော်တစ်ပါးတည်းအားဖြင့် ကယ်တင်ခြင်းခံကြရပါသည်။ မည်သူ့အပေါ်တွင်မဆို နောက်ထပ်သတ်မှတ်ပြဋ္ဌာန်းချက်တစ်ခုခုကိုထားရှိခြင်းသည် သခင်ခရစ်တော်လုပ်ဆောင်သွားခဲ့သောအမှုတော်ကို တန်ဖိုးလျော့ပြောဆိုခြင်းသာဖြစ်သည်။ ဤအကြောင်းကိစ္စ၌ ရှင်ပေါလု၏အပြင်းအထန်တောင်းဆိုခြင်းက ကနဦးအသင်းတော်အား ကယ်တင်ခြင်း၌ ပညတ်တရားကိုပေါင်းထည့်ခြင်းဟူသော မှားယွင်းသည့်အယူအဆများကို ကိုင်တွယ်ဖြေရှင်းရန် ဖြစ်စေခဲ့သည်။ သခင်ခရစ်တော်၏အမှုတော်တစ်ပါးတည်းက ကယ်တင်ခြင်းအတွက်လုံလောက်ပြည့်စုံခဲ့ပါသည်။ တပါးအမျိုးတို့ထံ၌ သာသနာပြုခြင်းအတွက် အသင်းတော်ကိုသခင်ယေရှု၏စိတ်တော်နှင့် တစ်သားတည်းကျလာ ရန်လုပ်ဆောင်ရာ၌ ရှင်ပေါလုသည်အလွန်သြဇာအရှိန်အဝါကြီးခဲ့သည်။

စဉ်းစားသုံးသပ်ရန်အချက်များ

- ကျွန်ုပ်တို့သည် သခင်ခရစ်တော်နှင့်ကျင့်ဆောင်မှုတို့အားဖြင့် ကယ်တင်ခြင်းခံကြရသည်ဟူသော တရားဒေသနာကို ဟောပြောတင်ပြခြင်း အပြစ်ကို ပြုမိနိုင်ကြပါသလား။ ယနေ့တွင် ကျွန်ုပ်တို့သည် မယုံကြည်သူများအပေါ်၌ ၎င်းတို့၏ကယ်တင်ခြင်းအတွက် မည်သည့်ပြဋ္ဌာန်းချက်များကို တင်ဆောင်ထားနိုင်ကြပါသနည်း။
- သင့်ရဲ့ကောင်းမြတ်သောကျင့်ဆောင်မှုအားဖြင့် ဘုရားသခင်၏မျက်နှာသာပေးမှုကို ထိုက်တန်စွာရရှိရန် ရှာကြံနေကြောင်း ကိုယ့်ကိုယ်ကိုတွေ့ရှိခဲ့ဖူးပါသလား။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို သစ္စာရှိစွာအစေခံကြသောကြောင့် ဘုရားသခင်ကကျွန်ုပ်တို့ပို၍ ချစ်မြတ်နိုးလာပါသလား။ ကျွန်ုပ်တို့သစ္စာမရှိလျှင် ဘုရားသခင်က ကျွန်ုပ်တို့

ကိုလျော့၍ချစ်ပါသလား။

- လူတစ်ယောက်က သင့်ယုံကြည်ထားသကဲ့သို့ မယုံကြည်သောကြောင့် ထိုသူသည် သခင်ဘုရားနှင့်စစ်မှန်စွာ ပတ်သက်ဆက်နွယ်သောသူ အဖြစ်လက်ခံရန် ဝန်လေးတွန့်ဆုတ်နေသည့်အခြေအနေ၌ ကိုယ့်ကိုယ်ကိုတွေ့ရှိခဲ့ဖူးပါသလား။ ကျွန်ုပ်တို့သည်လည်း ယေရုရှလင်ရှိ အသင်းတော်ကဲ့သို့ အလားတူအမှားမျိုးကို ကျူးလွန်သည့် အပြစ်ရှိကြကြောင်းမှာ ဖြစ်နိုင်ပါသလား။
- သခင်ယေရှုအပြင် မောရှေ၏ပညတ်တရားအားဖြင့် ကယ်တင်ခြင်း ခံရသည်ဟူသော မှားယွင်းသည့်ယုံကြည်ချက်နှင့်စပ်လျဉ်း၍ ယေရုရှလင်မြို့ရှိအသင်းတော်ကိုစိန်ခေါ်ရန် ရှင်ပေါလု၌ဘုရား သခင်၏ကြည်လင်ပြတ်သားသော ဆင့်ခေါ်ခြင်းတစ်ခုရှိနေခဲ့သည်။ ရှင်ပေါလုတို့၏ခေတ်ကာလမှအသင်းတော်သည် ဘုရားသခင်၏ စိတ်တော်နှင့် တစ်သားတည်းမကျခဲ့ပါ။ မိမိ၌ခိုင်မာသော ထင်မြင် ယူဆချက်ရှိနေလင့်ကစား ရှင်ပေါလုသည် အသင်းတော်ကို မည်ကဲ့ သို့ချဉ်းကပ်ခဲ့သနည်း။
- သင်တို့၏အသင်းတော်တွင် ဘုရားသခင်၏ကြည်လင်ပြတ်သားသော စိတ်တော်နှင့် ထပ်တူမကျသည့် အစိတ်အပိုင်းများရှိနေပါသလား။ ထိုအစိတ်အပိုင်းများမှာအဘယ်နည်း။ အသင်းတော်ကို ဘုရား သခင်၏စိတ်နှင့်အလားတူသော စိတ်နှလုံးမျိုးကိုရရှိစေရန် မည်သည့် အရာကိုပြုလုပ်ဖို့ လိုအပ်သနည်း။

ဆုတောင်းရန်အချက်များ

- အရာများကို သင်ယုံကြည်သကဲ့သို့ မယုံကြည် (သို့) သင်ရှုမြင်သကဲ့သို့ မရှုမြင်သည့် သခင်ခရစ်တော်၌တည်သော ညီအစ်ကိုမောင်နှမတစ်ယောက်ယောက်ကို ဆန့်ကျင်၍ကြောင်းကျိုးမဆီလျော်သောခံစားချက်ဖြင့် မုန်းတီးခြင်းများကို သင့်အားထုတ်ဖော်ပြသပေးဖို့ ဘုရားသခင်ကို တောင်းလျှောက်ပါ။
- သင်တို့၏အသင်းတော်ကို မိမိ၏စိတ်တော်နှင့်တစ်သားတည်းဖြစ်လာဖို့ဆောင်ကျဉ်းပေးရန် ဘုရားသခင်ကိုယ်တော်ကို တောင်းလျှောက်ပါ။
- အသင်းတော်ရှိ အလွန်နူးညံ့၍ ကွဲရှလွယ်သောပြဿနာကို ဖြေရှင်းခဲ့ချိန်က ရှင်ပေါလုစိတ်နှလုံးနှိမ့်ချသကဲ့သို့ စိတ်နှလုံးနှိမ့်ချရန် ကျေးဇူးတော်ကိုပေးသနားဖို့ ဘုရားသခင်ကို တောင်းလျှောက်ပါ။
- သခင်ခရစ်တော်တစ်ပါးတည်းအားဖြင့် ကယ်တင်ခြင်းကို ရရှိခြင်းဟူသော ဧဝံဂေလိတရားကို ရှင်းလင်းပြတ်သားစွာဟောပြောခြင်းမရှိသောအသင်းတော်၌ရှိနေသည့် ညီအစ်ကိုမောင်နှမအချို့ကို သင်သိပါသလား။ သူတို့အတွက်ဆုတောင်းပေးဖို့ အချိန်အနည်းငယ်ယူပါ။ သခင်ခရစ်တော်တစ်ပါးတည်းအားဖြင့်သာ ကယ်တင်ခြင်းကိုခံကြရသည်ဟူသော သမ္မာတရားကို ထုတ်ဖော်ပြသပေးရန် ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။

၄

# ရှင်ပေါလု နှင့် ရှင်ပေတရု

ဂလာတိ ၂း၁-၁၁-၂၁ ကိုဖတ်ရှုပါ။

တပါးအမျိုးတို့အား အသင်းတော်ထဲသို့ ထည့်သွင်းပေါင်းစည်းလိုက်ခြင်းကိုဖြစ်စေလိုသော ရှင်ပေါလု၏စိတ်ဆန္ဒသည် သူ့ကိုယုဒခေါင်းဆောင်ပိုင်းများနှင့် ပဋိပက္ခဖြစ်စေခဲ့သည်။ ရှင်ပေါလုက မိမိ၏ရှုပါရုံကို ယေရုရှလင်မြို့ရှိအသင်းတော်ရှေ့၌ မည်သို့ထုချေကာကွယ်ခဲ့သည်ကို နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်း၌ ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြသည်။ ယေရုရှလင်မြို့ရှိအသင်းတော်သည် ရှင်ပေါလုကိုငှင်း၏ သာသနာလုပ်ငန်း၌ ခန့်အပ်အတည်ပြုပေးခဲ့ကြသော်လည်း ခေါင်းဆောင်များအနေဖြင့် မောရှေပညတ်တရား၌ နက်နက်နဲနဲအမြစ်တွယ်နေသော ၎င်းတို့၏ထုံးတမ်းအစဉ်အလာများနှင့် တွေးခေါ်မှုအလေ့အထများကို ပြောင်းလဲရန်မှာ မလွယ်ကူခဲ့ပါ။ ရှင်ပေါလုအနေဖြင့် အထင်ကရတမန်တော်ကြီးရှင်ပေတရုကို ၎င်း၏အပြောနှင့်အလုပ်မညီညွတ်မှုအတွက် အပြစ်ဖော်ဆုံးမခဲ့ရသည်။

အန္တိအုတ်မြို့၌ ရှင်ပေတရုနှင့်ရှင်ပေါလုတို့ကြား၌ဖြစ်ခဲ့သည့် ပဋိပက္ခကို ကျွန်ုပ်တို့မစစ်ဆေးမီတွင် နောက်ခံအကြောင်းအရာကို နားလည်သဘောပေါက်ထားခြင်းက ကျွန်ုပ်တို့အတွက် အထောက်အကူဖြစ်ပါလိမ့်မည်။ ပထမအနေဖြင့်၊ အန္တိအုတ်မြို့ရှိအသင်းတော်တွင် ယုဒလူမျိုးများနှင့် တပါး

အမျိုးတို့ကြားရှိ မတူကွဲပြားမှုများ၌ အပြင်းအထန်ရုန်းကန်ရသော သမိုင်းတစ်ခုရှိခဲ့သည်။ အသင်းတော်စတင်ခဲ့ချိန်၌ ယုံကြည်သူယုဒလူမျိုးများအနေဖြင့် ဧဝံဂေလိတရား (သတင်းကောင်းတရား) ကိုမိမိတို့၏ယုဒလူမျိုးများထံ၌ သာဟောပြောခြင်းသည် အစဉ်အလာတစ်ခုဖြစ်ခဲ့သည် (တမန်တော် ၁၁)။ သို့သော်၊ ဘုရားသခင်သည် ကုပရုပြည်နှင့် ကုရေနေပြည်မှ ယုံကြည်သူအချို့ကို ထိုဒေသတစ်ဝိုက်မှ တပါးအမျိုးတို့ထံ၌လည်း ဧဝံဂေလိတရား (သတင်းကောင်းတရား)ကို ဟောပြောဝေငှရန် စေ့ဆော်ခဲ့သည်။ ဤအချင်းအရာသည် တပါးအမျိုးတို့အလယ်၌ ဘုရားသခင့်ဝိညာဉ်တော်၏အရေးပါသော လှုပ်ရှားမှုကြီးနှင့် အန္တိအုတ်မြို့၌ အသင်းတော်တည်ထောင်ခြင်းတို့ကို ဖြစ်စေခဲ့သည်။

အသင်းတော်သည် ယုဒလူမျိုးတို့နှင့် တပါးအမျိုးတို့ ဘေးချင်းယှဉ်လျှက်အတူတကွ ဝတ်ပြုကိုးကွယ်ခြင်းနှင့်အတူ အချိန်အတိုင်းအတာတစ်ခုအထိလည်ပတ်နိုင်ခဲ့ဟန်ရှိသည်။ ဤအချင်းအရာသည် ဤအသင်းတော်အပေါ်၌ သခင်ဘုရား၏ကောင်းကြီးမင်္ဂလာ သက်ရောက်ရခြင်း၏အကြောင်းအရင်းများထဲမှတစ်ခုဖြစ်သည်။ ဤယုံကြည်သူများသည် မျိုးဆက်များစွာကတည်းကရှိနေခဲ့သည့် အခြေအမြစ်မရှိသော အစွဲအလမ်းများကို ဘေးဖယ်ထား၍၊ တစ်ဦးနှင့်တစ်ဦး သခင်ခရစ်တော်၌ ညီအစ်ကိုမောင်နှမများသဖွယ် လက်ခံကြရန် သင်ယူခဲ့ကြသည်။ သို့သော်၊ တမန်တော် ၁၅ တွင် မှားယွင်းသော တရားဟောဆရာများ အန္တိအုတ်မြို့သို့ရောက်ရှိလာပြီး၊ တပါးအမျိုးတို့သည် ကယ်တင်ခြင်းကိုရရှိဖို့ဆိုလျှင် ၎င်းတို့သည်မောရှေ၏ပညတ်တရားကို လိုက်နာစောင့်ထိန်းဖို့ လိုအပ်သည်ဟု ဟောပြောသွန်သင်ပေးခဲ့ကြသည်။ ဤအချင်းအရာသည် အသင်းတော်၌ ကြီးမားသောအငြင်းပွားမှုကြီးကို ဖြစ်စေခဲ့သည်။ ဤပဋိပက္ခကိုဖြေရှင်းရန်အတွက် ရှင်ပေါလုကို အန္တိအုတ်မြို့မှ ယေရုရှလင်မြို့သို့ စေလွှတ်ခဲ့ကြသည်။ ရလဒ်မှာ ယေရုရှလင်မြို့ရှိ အသင်းတော်က ကယ်တင်ခြင်းသည်မောရှေ၏ပညတ်တရားနှင့် မည်သို့မျှသက်ဆိုင်မှုမရှိကြောင်း

ထုတ်ပြန်ကြေညာခဲ့သည်။ ယုဒလူမျိုးတို့နှင့် တပါးအမျိုးတို့အတွက် ကယ်တင်ခြင်းသည် ပညတ်တရားကို နာခံလိုက်လျှောက်၍မဟုတ်၊ သခင်ခရစ်တော်တစ်ပါးတည်း၌ယုံကြည်ခြင်းတစ်ခုတည်းအားဖြင့် ဖြစ်ခဲ့သည်။

သို့သော်၊ ရှင်ပေတရုအန္တိအုတ်မြို့သို့ ရောက်လာသောအခါသူသည် တပါးအမျိုးတို့မှာ မောရှေ၏ပညတ်တရားကို လိုက်နာကျင့်ကြံခြင်းမရှိခဲ့ကြသောကြောင့် ယုံကြည်သူယုဒလူတို့ထက် နိမ့်ကျကြသည်ဟူသော မှားယွင်းသည့် ဤအယူအဆကိုသွန်သင်ပေးသော ပုဂ္ဂိုလ်အချို့၏လွှမ်းမိုးခြင်းကို ခံခဲ့ရသည်။ ဤပုဂ္ဂိုလ်များထံမှ ထိုသို့သောအရာကို မကြားခဲ့မီက ရှင်ပေတရုသည် တပါးအမျိုးတို့အား သခင်ခရစ်တော်၌ တန်းတူရည်တူညီအစ်ကိုများအဖြစ်လက်ခံ၍ သူတို့နှင့်အတူတကွ စားသောက်ခဲ့ပါသည်။ သို့သော်၊ ရှင်ပေတရုသည် ဤမှားယွင်းသောဆရာများ၏ ခြိမ်းခြောက်မှုကိုခံရ၍ ကိုယ့်ကိုယ်ကိုယုံကြည်သူတပါးအမျိုးတို့နှင့် သီးခြားနေခဲ့သည် (ငယ် ၁၂)။

ယုံကြည်သူအသိုင်းအဝိုင်း၌ရှိသော ရှင်ပေတရု၏ထင်ပေါ်ကျော်ကြားမှုကြောင့် သူသည်လူမြောက်မြားစွာကို မိမိ၏လမ်းစဉ်အားလိုက်လျှောက်ကြဖို့ လွှမ်းမိုးနိုင်ခဲ့သည်။ ဗာနဗကိုယ်တိုင်ကပင် ယုံကြည်သူတစ်ပါးအမျိုးတို့နှင့်စတင်ခပ်ခွါခွါနေလာခဲ့သည်။ ဧဝံဂေလိတရား (သတင်းကောင်း) ကိုဤသို့မှောက်လှန်ခြင်းနှင့် စည်းလုံးညီညွတ်မှုအား ဖြိုခွဲခြင်းသည် ရှင်ပေါလုကို အလွန်ဝမ်းနည်းကြေကွဲစေခဲ့သည်။ ဘုရားသခင်သည် ကယ်တင်ခြင်း၌ တပါးအမျိုးတို့ကို တန်းတူရည်တူကူဖော်လောင်ဖက်များအဖြစ် လက်ခံခဲ့ကြောင်းကိုရှင်ပေတရုသိခဲ့ပါသည်။ ကယ်တင်ခြင်းသည် မောရှေ၏ပညတ်တရားအားဖြင့်မရရှိနိုင်ကြောင်းကို သူသိခဲ့ပါသော်လည်း ဤအရာကို မိမိ၏အသက်တာရှင်သန်ပုံနှင့် ပုံဥပမာအားဖြင့် သက်သေမထူခဲ့ပါ။

ကျွန်ုပ်တို့သည် သခင်ယေရှုတစ်ပါးတည်း၌ ကျွန်ုပ်တို့ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းခံကြရကြောင်းကို ယုံကြည်ကြသည်ဟု ပြောဆိုကြ

သော်လည်း ကျွန်ုပ်တို့သည် အသက်တာပြောင်းလဲလာသော လူသစ်များ အပေါ်၌ အခြားတာဝန်ဝတ္တရားများကို မည်သို့မကြာခဏတင်တတ်ကြပါ သနည်း။ သခင်ခရစ်တော်၌ ယုံကြည်သူလူချင်းကဲ့သို့ လက်ခံနိုင်ရန်အတွက် ကျွန်ုပ်တို့သည်သူတို့အား မည်သည့်အရာကို ယုံကြည်ရမည်၊ မည်သို့နေထိုင် ရှင်သန်ဖို့လိုအပ်သည်၊ မည်သူနှင့်ဆက်ဆံပေါင်းသင်းဖို့လိုအပ်သည် စသည် ဖြင့်ပြောပြတတ်ကြသည်။

တပါးအမျိုးတို့သည် ကယ်တင်ခြင်းတရားဒေသနာကို ယုံကြည် လက်ခံကြ၍၊ အသင်းတော်ထဲ၌ ပေါင်းစည်းခံရသည်ကို မြင်တွေ့ရဖို့ ရှင်ပေါလု သည်မိမိ၏အသက်တာကို ဆက်ကပ်မြှုပ်နှံထားပါသည်။ တပါးအမျိုးတို့နှင့် အတူယှဉ်တွဲနေထိုင်ဖို့ ရှင်ပေတရု၏ငြင်းဆန်မှုသည် ရှင်ပေါလုကိုဒေါသထွက် စေခဲ့သည်။ အကြောင်းမှာ သူသည်သမ္မာတရားနှင့် ရှေ့နောက်ကိုက်ညီမှုမ ကြောင့်ဖြစ်သည်။ ရှင်ပေါလုသည် ရှင်ပေတရုကို “ထိုသူအပေါင်းတို့ရှေ့မှာ” အပြစ်ဖော်ဆုံးမဖို့ တုံ့ဆိုင်းမနေခဲ့ပါ (ငယ် ၁၂၊ ၁၄)။

ဤနေရာရှိ ရှင်ပေါလု၏အကျိုးသင့်အကြောင်းသင့် ငြင်းခုံဆွေးနွေး ချက်သည်အလွန်အရေးကြီးသည်။ ရှင်ပေါလုက ရှင်ပေတရုအား ၎င်း၏ရှေ့ နောက်မညီညွတ်မှုကို အသိပေးခြင်းဖြင့်စတင်ခဲ့သည်။ ရှင်ပေါလုက “သင်သည် ယုဒလူဖြစ်လျှက်ပင် တစ်ပါးအမျိုးတို့၏ ထုံးစံအတိုင်းကျင့်၏” ဟုပြောခဲ့သည်။ ရှင်ပေါလုက မည်သည့်အရာကို ပြောနေပါသနည်း။ ရှင်ပေါလုက ရှင်ပေတရု အားသူသည် ဇာတိအားဖြင့် ယုဒလူမျိုးဖြစ်သော်လည်း ယုဒလူမျိုးတို့၏ ပွဲလမ်းအခမ်းအနားနှင့်လည်းကောင်း၊ အစားအသောက်နှင့်လည်းကောင်း ဆိုင်သောပညတ်များနှင့်အညီ မနေထိုင်ခဲ့ကြောင်း အသိပေးနေခဲ့ပါသည်။ သူသည် ဘုရားသခင်အားဖြင့်ဤစည်းမျဉ်းနည်းဥပဒေသများမှ လွှတ်ခြင်းကို ခံခဲ့ရပြီးဖြစ်သည် (မာကု ၇း၁၈-၁၉၊ တမန်တော် ၁၀း၉-၂၂)။ ရှင်ပေတရု သည် ကိုယ်တိုင်ကယုဒလူမျိုးတစ်ဦးကဲ့သို့ မနေထိုင်သော်လည်း၊ ယုဒလူမျိုး

တို့၏ဓလေ့ထုံးတမ်းကို တပါးအမျိုးတို့အပေါ်၌ ပြဋ္ဌာန်းသွတ်သွင်းနေပါသည်။ သူတို့သည် ယုဒလူမျိုးများနှင့် သီးခြားခွဲ၍ စားသောက်ရမည့်အကြောင်း တောင်းဆိုနေပါသည်။

ရှင်ပေတရု၏အသက်တာရှင်သန်ပုံသည် သမ္မာတရားနှင့်သာ ရှေ့နောက်မညီသည်သာမဟုတ်၊ သူသည် မှားယွင်းသောဆရာများနှင့် မှားယွင်းသောအယူဝါဒကိုလည်း ခွန်အားပေးရာရောက်နေပါသည်။ ရှင်ပေတရုက မိမိ၏စိတ်နှလုံး၌ မောရှေ၏ပညတ်တရားကိုစောင့်ထိန်းခြင်းအားဖြင့် မည်သူမျှ ကယ်တင်ခြင်းမခံရကြောင်းကိုလည်းကောင်း၊ ကယ်တင်ခြင်းသည် ကားတိုင်ထက်၌ သခင်ယေရှုပြုလုပ်ခဲ့သော အမှုတော်အားဖြင့်သာဖြစ်တည်ကြောင်းကိုလည်းကောင်းသိနေခဲ့ပါသည်။ “ပညတ်တရား၏အကျင့်အားဖြင့် လူသည် ဖြောင့်မတ်ရာသို့မရောက်၊ သို့သော်ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ရာသို့ရောက်ကြောင်းသိကြ၏” (ဂယ ၁၆)။ တပါးအမျိုးတို့ထံမှ ရှင်ပေတရုသီးခြားခွဲနေခဲ့ခြင်းသည် ယုဒလူမျိုးနှင့် တပါးအမျိုးတို့ကြား၌ စိတ်ဝမ်းကွဲခြင်းကို အားပေးရာရောက်ခဲ့၍ သခင်ခရစ်တော်၏အမှုတော်အားဖြင့် ယုဒလူမျိုးတို့နှင့် တပါးအမျိုးတို့၏ တန်းတူရည်တူရှိခြင်းနှင့် စပ်လျဉ်းသော ထင်ရှားပြတ်သားသည့်သွန်သင်မှုကိုလည်း ထိခိုက်စေခဲ့သည်ဟု ထင်မှတ်ရသည်။

မောရှေ၏ပညတ်တရားအား စောင့်ထိန်းခြင်းကို အားပေးမြှင့်တင်ခဲ့သောသူများက စိုးရိမ်ခဲ့သောအချက်တစ်ချက်မှာ လူတစ်ယောက်သည် ပညတ်ချက်များမှလွတ်ငြိမ်းခဲ့လျှင် ဘုရားအလိုတော်နှင့်ညီသော အသက်တာဖြင့် နေထိုင်ရန် သူ့ကိုအားပေးဆွဲဆောင်သောအရာများရှိတော့မည်မဟုတ်ဟူသော အချက်ဖြစ်သည်။ သူတို့က ပညတ်တရားမှလွတ်မြောက်ခြင်းသည် ယုံကြည်သူများအလယ်၌ အပြစ်လွန်ကျူးသောအသက်တာများနှင့် စည်းကမ်းမဲ့သော အသက်တာများကို အားပေးမြှင့်တင်ပေးပါလိမ့်မည်ဟု

ယုံကြည်ခဲ့ကြသည်။ ဤအကြောင်းအရင်းကြောင့် သူတို့သည် ကယ်တင်ခြင်းအပြင် မောရှေ၏ ပညတ်တရားအားစောင့်ထိန်းခြင်းကို မရမကတိုက်တွန်းနေကြခြင်းဖြစ်သည်။

ဤယုံကြည်ချက်ကို ရှင်ပေါလုက စိန်ခေါ်ခဲ့သည်။ သခင်ခရစ်တော်သည် ပညတ်တရားမပါသော ကယ်တင်ခြင်းကို ပေးသနားဖို့ဆင်းကြွလာခဲ့လျှင် ထိုအရာကသခင်ခရစ်တော်သည် အပြစ်ဒုစရိုက်ကို အားပေးမြှင့်တင်နေသူတစ်ယောက်ဖြစ်သည်ဟု ဆိုလိုပါသလား (ငယ် ၁၇)။ ဤအယူအဆကို ရှင်ပေါလုပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သည်။ "ထိုသို့မဖြစ်နိုင်ရာ" ဟုပြောခဲ့သည်။ အမှန်ဆိုရလျှင် ဤအရာနှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ သခင်ခရစ်တော်သည် ပညတ်တရားကမလုပ်ဆောင်နိုင်ခဲ့သော အပြစ်ဒုစရိုက်ကိုအောင်နိုင်ခြင်းအား ကျွန်ုပ်တို့ကိုပေးသနားရန် ကြွဆင်းလာခဲ့ခြင်းဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကိုအတွင်းသဏ္ဍာန်၌ ပြောင်းလဲရန်ဆင်းကြွလာခဲ့သည်။ ပညတ်တရားသည် လူတစ်ယောက်၏စိတ်နှလုံးကို မပြောင်းလဲစေနိုင်ပါ။ ပညတ်တရားက အစွမ်းကုန်လုပ်ဆောင်နိုင်သောအရာမှာ စိတ်နှလုံး၏အပြစ်ရှိခြင်းကိုလည်းကောင်း၊ ထိုစိတ်နှလုံးက လိုအပ်နေသောအရာကိုလည်းကောင်း ဖော်ထုတ်ပြသပေးခြင်းဖြစ်သည်။

မောရှေ၏ပညတ်တရားကို ကယ်တင်ခြင်းအတွက် နည်းလမ်းတစ်ခုအဖြစ် ဘယ်သောအခါကမျှ မရည်ရွယ်ခဲ့ပါ။ ကယ်တင်ခြင်းသည် နောင်တရခြင်းနှင့် ယုံကြည်ခြင်းအားဖြင့်သာ အမြဲဖြစ်တည်ခဲ့သည် (ဆာလံ ၅၁း၁၄-၁၇၊ ဟဗက္ကုတ် ၂း၄)။ ပညတ်တရားသည် လူ့စိတ်နှလုံးထဲမှ အပြစ်ဒုစရိုက်ကိုထုတ်ဖော်ပြသပေး၍ ထိုစိတ်နှလုံးများကို ပြောင်းလဲနိုင်သော ကယ်တင်ရှင်တစ်ပါးအား ကျွန်ုပ်တို့လိုအပ်ကြောင်းကို ပြသပေးရန် ကြည့်မှန်တစ်ချပ်ကဲ့သို့သာဖြစ်သည်။ ဤစိတ်နှလုံးပြောင်းလဲခြင်းကို လုပ်ဆောင်ဖို့သခင်ယေရှု

ဆင်းကြွလာခဲ့ပါသည်။

ရှင်ပေါလုသည် ဤပြောင်းလဲခြင်းကို မိမိ၏အသက်တာ၌ ကြုံတွေ့ခံစားခဲ့သည်။

"ငါသည်ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်းအသက်ရှင်သေး၏။ ထိုသို့ဆိုသော်၊ ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ယခုငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဘို့ ကိုယ်ကိုကိုယ်စွန့်တော်မူ၏။" (ဂလ ၂း၂၀)

ရှင်ပေါလုသည် အသစ်သောအသက်တာကို သတိပြုမိခဲ့သည်။ ရှင်ပေါလုသည် သူ့ထံမှဘုရားသခင်မျှော်လင့်ထားသောအသက်တာကို ရှင်သန်ရန် အသစ်သောခွန်အားနှင့် တန်ခိုးအစွမ်းတစ်ခုကို တွေ့ကြုံခံစားခဲ့သည်။ သူသည်သခင်ခရစ်တော်၏ ဝိညာဉ်တော်နေထိုင်ကိန်းဝပ်နိုင်သောပစ္စည်းတန်ဆာတန်ခုဖြစ်သည်။ သူသည်မိမိအထဲ၌ သခင်ယေရှုကို နေထိုင်ကိန်းဝပ်ဖို့ ခွင့်ပြုသည်နှင့်အမျှ အပြစ်ကျူးလွန်လိုနေသောသူ၏ စိတ်ဆန္ဒမှာ ကျိုးပဲ့ကြေမွသွားပါသည်။ သူသည်မိမိ၏ခွန်အားဖြစ်သော သခင်ခရစ်တော်အားဖြင့် အရာခပ်သိမ်းကို ပြုလုပ်နိုင်ခဲ့ကြောင်းကို သဘောပေါက်ခဲ့သည် (ဖိလိပ္ပိ ၄း၁၃)။ ယခုသူရှင်သန်နေသောအသက်တာသည် ယခင်ကသူရှင်သန်ခဲ့သော ပညတ်တရားစောင့်ထိန်းခြင်းကို ဦးစားပေးလွန်းသော အသက်တာနှင့်အလွန်ကွဲပြားခြားနားခဲ့သည်။ ဤအသစ်သောအသက်တာသည် သူ့အထဲ၌သခင်ယေရှုက လုပ်ဆောင်နေသောအရာ၌ ယုံကြည်နေသောအသက်တာဖြစ်သည် (ဂလ ၂း၂၀)။ လွန်ခဲ့သောအချိန်တွင် ရှင်ပေါလု၏ယုံကြည်ခြင်းသည် ဘုရားသခင်အတွက် သူလုပ်ဆောင်ပေးနိုင်သောအရာ၌ ဖြစ်ခဲ့သည်။ ယခုတွင်မူ ရှင်ပေါလု၏စိတ်ချယုံကြည်မှုသည် သူ့အထဲ၌ဘုရားသခင်လုပ်ဆောင်

နေသောအရာ၌ဖြစ်သည်။

ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားသခင့်ဝိညာဉ်တော်၏မျက်မှောက် ပြုခြင်းကို ကျွန်ုပ်တို့သိနားလည်သောအခါ ထိုအရာသည် ကြီးမားသော ပြောင်းလဲမှုကြီးတစ်ခုကို ဖြစ်စေပါသည်။ ပညတ်တရားက ကျွန်ုပ်တို့လုပ်ရမည့် အရာကို ပြသပေးခဲ့သော်လည်း၊ ဘုရားသခင်၏ဝိညာဉ်တော်ကမူ ကျွန်ုပ်တို့ လုပ်ရမည့်အရာကို လုပ်နိုင်ဖို့စွမ်းဆောင်ပေးပါသည်။ သခင်ယေရှု၏ အသေခံ ခြင်းက ဘုရားသခင်၏ဝိညာဉ်တော်ကို ယုံကြည်သူ၏အသက်တာ၌ ကိန်းဝပ်ရန် တံခါးဖွင့်ပေးခဲ့ပါသည်။ ဘုရားသခင့်ဝိညာဉ်တော်၏ တန်ခိုးတော် ကိုသိနားလည်သောသူများက ဝိညာဉ်တော်သည် အပြစ်လုပ်လိုသောဆန္ဒအား ဖယ်ရှားပေးသည်ကိုလည်းကောင်း၊ စုံစမ်းနှောက်ယှက်ခြင်းကို ခုခံဆီးတား ရန်ကျေးဇူးတော်အားပေးသနားသည်ကိုလည်းကောင်း၊ ခမည်းတော်ကကျွန်ုပ် တို့အတွက် စီစဉ်ခင်းကျင်းထားသောလမ်း၌ လျှောက်လှမ်းရန်ဉာဏ်ပညာအား ပေးသနားသည်ကိုလည်းကောင်း သိနားလည်ကြသည်။ ပညတ်တရား၏ လမ်းစဉ်မှ လွတ်မြောက်ခြင်းသည် အပြစ်ဒုစရိုက်ကို အားပေးမြှင့်တင်ခြင်း မပြုပါ။ အပြစ်ဒုစရိုက်အပေါ်၌ အောင်နိုင်ခြင်းအသက်တာဖြင့် ရှင်သန်ရန် ဘုရားသခင်၏တန်ခိုးတော်ကို ကျွန်ုပ်တို့သိနားလည်ဖို့ တံခါးဖွင့်ပေးပါသည်။

အခန်းငယ် ၁၈ တွင် ရှင်ပေါလုက ရှင်ပေတရုအားပြုဖျက်ပြီးသော အရာကို နောက်တစ်ဖန်ပြန်လည်တည်ဆောက်ခြင်း၏ မိုက်မဲမှုအကြောင်းကို အသိပေးခဲ့သည်။ တစ်ဦးတစ်ယောက်သည် သခင်ခရစ်တော်အသက်တာ၏ တန်ခိုးတော်ကို ကြုံတွေ့ခံစားပြီးနောက်တွင် အချည်းနှီးဖြစ်သော ယခုအသက် တာကို မည်သို့ပြန်သွားနိုင်ခဲ့ပါသနည်း။ သခင်ခရစ်တော်အသက်တာ၏ တန်ခိုးတော်ကိုလည်းကောင်း၊ စစ်မှန်သောဖြောင့်မတ်ခြင်းကိုလည်းကောင်း သိနားလည်ခဲ့သော ယုံကြည်သူတစ်ယောက်သည် ထိရောက်မှုမရှိသော လူ့ကြိုး စားအားထုတ်မှုနှင့်ယှဉ်သောဘာသာရေးသို့ ပြန်သွားရန်စိတ်ဆန္ဒရှိနေခြင်း

သည် ရှင်ပေါလုအတွက် စိတ်ကူး၌ပင် မတွေးနိုင်သောအရာဖြစ်ခဲ့သည်။ ခရစ်ယာန် အသက်တာဆိုသည်မှာ မည်သည့်အရာဖြစ်သည်ကို ကျွန်ုပ်တို့သဘောပေါက်နားလည်ဖို့ဆိုလျှင် ဤနေရာ၌ ရှင်ပေါလုသွန်သင်ခဲ့သောအရာသည် အလွန်အရေးပါသည်။ ကျွန်ုပ်တို့ထဲမှ အမြောက်အမြားသည် ကျင့်ဆောင်မှုကိုအမှီပြုသောဘာသာရေးတစ်ခု၌ ကျော့မိနေကြပါသည်။ ကျွန်ုပ်တို့သည် သင့်တင့်မှန်ကန် သော အရာအားလုံးကို ပြုလုပ်ကြသည်။ သင့်တင့်မှန်ကန်သောအယူဝါဒများကို ကျွန်ုပ်တို့ယုံကြည်၍ သွန်သင်ပေးကြသည်။ သို့သော်၊ ကျွန်ုပ်တို့သည် ဆက်လက်၍ အနှစ်သာရကင်းမဲ့နေကြပါသည်။ ရှင်ပေါလုက ခရစ်ယာန်အသက်တာ၏လျှို့ဝှက်ချက်မှာ သခင်ခရစ်တော်အား မိမိ၏အသက်တာကို ကျွန်ုပ်တို့အထဲ၌ လည်းကောင်း၊ ကျွန်ုပ်တို့အားဖြင့်လည်းကောင်း ရှင်သန် စေရန် ခွင့်ပြုခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ကိုသွန်သင်ပေးထားပါသည်။ ဤနေရာ ၌သာအောင်နိုင်ခြင်း၊ စစ်မှန်သောဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်းတို့ရှိကြ သည်။ “ပညတ်တရားကို အမှီပြု၍ ဖြောင့်မတ်ရာသို့ရောက်နိုင်လျှင် ခရစ် တော်သည် အချည်းနှီးအသေခံတော်မူပြီ” (ငယ် ၂၁)။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ကျွန်ုပ်တို့သည် ပညတ်တရားကိုအမှီပြုသော ဧဝံဂေလိတရား (သတင်းကောင်းတရား)ကိုအားပေးမြှင့်တင်ကြပါသလား။ ကျွန်ုပ်တို့သည်ယနေ့တွင်လူတို့ကို ယုံကြည်သူများအဖြစ် လက်မခံမီတွင် မည်သည့် ပြဋ္ဌာန်းချက်များကို သူတို့အပေါ်၌ တင်ထားကြသနည်း။
- ယနေ့တွင်အသင်းတော်၌ စိတ်ဝမ်းကွဲခြင်းကို မည်သည့်အရာက ဖြစ်စေပါသနည်း။ သင်နှင့်မတူကွဲပြားသော ညီအစ်ကိုမောင်နှမတစ်ယောက်ယောက်ကို သင်လက်ခံနိုင်ပါသလား။

- ဘုရားသခင်ကို ကျေနပ်အားရစေရန် လူသား၏ကြိုးစားအားထုတ်မှုနှင့် ကျွန်ုပ်တို့အထဲမှ သခင်ခရစ်တော်၏အသက်တာနှင့် တန်ခိုးတော်ကို့ကြားရှိ ကွဲပြားခြားနားမှုမှာအဘယ်နည်း။

ဆုတောင်းရန်အချက်များ

- သင့်အထဲ၌ရှိသော ကိုယ်တော့်ဝိညာဉ်တော်၏ လုပ်ဆောင်မှု၌ ဝန်ခံအပ်နှံခြင်းမရှိသေးသော သင့်အသက်တာ၏အစိတ်အပိုင်းများကို ဖော်ထုတ်ပြသပေးရန် ဘုရားသခင်ကို တောင်းလျှောက်ပါ။ သင့်အသက်တာမှ ဤအစိတ်အပိုင်းများကို ကိုယ်တော်ထံ၌ ဝန်ခံအပ်နှံပါ။
- ဘုရားသခင်ကို သင့်ရဲ့ကြိုးစားအားထုတ်မှုများဖြင့် ကျေနပ်အားရစေနိုင်ပါသည်ဟု သင်အမှန်တကယ်ယုံကြည်ခဲ့သော အချိန်များအတွက် သင့်ကိုခွင့်လွှတ်ပေးရန် ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။
- ဘုရားသခင်သည် သင့်ကိုသင်ဖြစ်တည်နေသည့်အတိုင်း လက်ခံထားသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။ သင့်ရဲ့ကယ်တင်ခြင်းအတွက် လိုအပ်သောအမှုအရာအားလုံးကို သခင်ယေရှုက လုပ်ဆောင်ပေးသွားခဲ့သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- သင်နှင့်မကူကွဲပြားသော ညီအစ်ကိုမောင်နှမကို လက်ခံနိုင်ရန် ကူညီပေးဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။ ကိုယ်တော်သည် သင့်ကိုသင် ဖြစ်တည်နေသည့်အတိုင်း လက်ခံခဲ့သကဲ့သို့ သူတို့ကိုလည်း သူတို့ ဖြစ်တည်နေသည့်အတိုင်း လက်ခံသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။

၅

# ပညတ်တရားလား၊ ယုံကြည်ခြင်းလား

ဂလာတိ ၃း၁-၁၄ ကိုဖတ်ရှုပါ။

ရှင်ပေါလုသည် ယုံကြည်သူတို့၌ရှိသော သခင်ခရစ်တော်၏ အသက်တာအကြောင်းကို ဂလာတိအသင်းသားများအား ပြောပြနေခဲ့ပါသည်။ ရှင်ပေါလုက ပညတ်တရားသည် သူတို့ကိုမကယ်တင်နိုင်သကဲ့သို့ လူတို့၏စိတ်နှလုံးကိုလည်း ဘုရားသခင်ရှေ့တော်၌ မှန်ကန်ဖြောင့်မတ်ရန် မဖန်တီးနိုင်ကြောင်းအသိပေးခဲ့သည်။ ဂလာတိအသင်းသားများက ၎င်းတို့သည် ဘုရားသခင်၏အမျက်တော်မှ ကယ်တင်ခြင်းကိုခံရဖို့ သခင်ဘုရားနှင့်၎င်းတို့ကိုယ်စား သခင်ဘုရားကလုပ်ဆောင်သွားသည့်အမှုတော်ကို လက်ခံဖို့လိုအပ်ကြောင်း သဘောပေါက်နားလည်ခဲ့ကြပါသည်။ သို့သော်၊ ပြဿနာမှာသူတို့သည် သခင်ယေရှုကို ယုံကြည်ခြင်းဖြင့် လက်ခံပြီးနောက်တွင် မိမိတို့၏အသစ်သောခရစ်ယာန်အသက်တာကို လူ့ကြိုးစားအားထုတ်မှုအားဖြင့် ရှင်သန်ရန်ကြိုးစားအားထုတ်ကြခြင်းဖြစ်သည်။

ဂလာတိယုံကြည်သူများသည် ဤထောင်ချောက်၌ သက်ဆင်းမိကြသောကြောင့် အဘယ်မျှမိုက်မဲကြသည်ကို ရှင်ပေါလုက အသိပေးခဲ့သည်။ အခန်းငယ် ၁ တွင် ရှင်ပေါလုက “သင်တို့ကိုအဘယ်သူပြုစားသနည်း” ဟု

မေးခဲ့သည်။ မှားယွင်းသောပရောဖက်များသည် မြောက်ပင့်ပြောဆိုခြင်း၊ စကားအလင်္ကာကြွယ်ဝသော ငြင်းခုံဆွေးနွေးခြင်းတို့နှင့်အတူ ဂလာတိအသင်းသားများအား ဆွဲဆောင်၍ လှည့်စားဖြားယောင်းခဲ့ကြသည်။ ရှင်ပေါလုက ဂလာတိအသင်းသားများအား လက်ဝါးကပ်တိုင်၌ အသေခံခြင်း၏ အနက်အဓိပ္ပါယ်ကို ၎င်းတို့ထံ၌ ရှင်းလင်းပြတ်သားစွာ တင်ပြဟောပြောခဲ့ကြောင်း အသိပေးခဲ့သည်။ သခင်ခရစ်တော်၏အသေခံခြင်းသည် သူတို့၏အပြစ်အတွက်အဖိုးအခအပြည့်အဝကိုပေးခဲ့ကြောင်း ရှင်ပေါလုကသူတို့ကို ရှင်းလင်းပြတ်သားစွာ သွန်သင်ပေးခဲ့ပြီးဖြစ်သည်။ သူတို့၏ကယ်တင်ခြင်းအတွက် အခြားမည်သည့်အရာမျှမလိုအပ်တော့ပါ။ ပညတ်တရားအားဖြင့် ကယ်တင်ခံရခြင်းအကြောင်းကို သွန်သင်ပေးသောသူများသည် သခင်ခရစ်တော်အသေခံခြင်းလိုအပ်ခဲ့မှုကို ငြင်းပယ်နေကြခြင်းဖြစ်ကြောင်း သူတို့အနေဖြင့် ရှင်းလင်းစွာ သိနေသင့်သည်။ ကယ်တင်ခြင်းအတွက်လည်းကောင်း၊ ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောရပ်တည်မှုအတွက်လည်းကောင်း ကားတိုင်ထက်မှသခင်ခရစ်တော်တစ်ပါးတည်းကသာ ပြည့်စုံလုံလောက်မှုရှိခြင်းကို ငြင်းပယ်သောအယူဝါဒတစ်ခု၌ကျရှုံးခဲ့ကြသည့် ဂလာတိအသင်းသားများမှာ အဘယ် မျှပညာမဲ့ခဲ့ကြပါသနည်း။

ပညတ်တရားကို အမှီပြုခြင်းဖြင့် ကယ်တင်ခြင်းခံရခြင်းဟူသော အယူဝါဒသည် သခင်ခရစ်တော်ကြွဆင်းလာဖို့ လိုအပ်မှုကို ငြင်းပယ်ခြင်းဖြစ်ကြောင်း သူတို့အားပြသပြီးနောက်တွင် ရှင်ပေါလုက ဘုရားသခင့်ဝိညာဉ်တော်၏ အမှုတော်နှင့်စပ်လျဉ်းသော ၎င်းတို့၏အတွေ့အကြုံများအကြောင်းကို ၎င်းတို့ထံ၌ပြောပြခဲ့သည်။ လွန်ခဲ့သည့်နောက်ဆုံးအခန်းတွင် ရှင်ပေါလုက

သူတို့ကိုယုံကြည်သူများနှင့် မယုံကြည်သူများ၏ ခြားနားချက်မှာ သခင်ခရစ်တော်၏ ဝိညာဉ်တော်မျက်မှောက်ပြုခြင်းပင်ဖြစ်ကြောင်း အသိပေးခဲ့ပါသည်။ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို မည်သို့လက်ခံရရှိခဲ့ကြပါသနည်း။ သူတို့သည် ဘုရားသခင်၏ပညတ်ချက်များကို စောင့်ထိန်းလိုက်နာခြင်းအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိခဲ့ကြပါသလား (သို့) ဧဝံဂေလိတရား (သတင်းကောင်းတရား) ကိုယုံကြည်လက်ခံခဲ့ချိန်၌ သန့်ရှင်းသောဝိညာဉ်တော်ကို ဆုလက်ဆောင်တစ်ပါးအဖြစ်နှင့် သူတို့ကိုပေးခဲ့ပါသလား (ငယ် ၂)။ ဘုရားသခင်သည် မိမိ၏ဝိညာဉ်တော်ကို မိမိ၏ပကတိပြည့်စုံသောစံချိန်စံညွှန်းအား ပြည့်မီသောသူများ၌သာ ပေးသနားပါသလား။ ဂလာတိအသင်းသားများက ထိုကဲ့သို့မဟုတ်ကြောင်းကို သိနားလည်ခဲ့ကြပါသည်။ သူတို့အလယ်မှအချို့က တပါးအမျိုးဇစ်မြစ်မှဖြစ်ခဲ့ကြသည်။ ထို့ကြောင့်သူတို့သည် မောရှေ၏ပညတ်တရားနှင့်အတူ ကြီးပြင်းမလာခဲ့ကြသကဲ့သို့ အလိုတော်နှင့်ညီသောအသက်တာများဖြင့်လည်း မရှင်သန်ခဲ့ကြပါ။ သို့သော်သူတို့သည် ဘုရားသခင့်ဝိညာဉ်တော်၏ မျက်မှောက်ပြုခြင်းကို သိနားလည်ခဲ့ကြသည်။ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို မရရှိမီအချိန်၌ ပကတိပြည့်စုံသောစံချိန်စံညွှန်းတစ်ခုကို ပြည့်မီကြရန် တောင်းဆိုပြဋ္ဌာန်းခံကြရလျှင် သူတို့အလယ်မှမည်သူကမျှ ဝိညာဉ်တော်ကို ဘယ်သောအခါတွင်မျှ ရရှိခဲ့ကြလိမ့်မည်မဟုတ်ပါ။

ရှင်ပေါလုသည် ဂလာတိအသင်းသားများအား သန့်ရှင်းသောဝိညာဉ်တော်ကို ဘုရားသခင်၏ လက်ဆောင်တစ်ပါးအဖြစ်နှင့် ၎င်းတို့အားပေးသနားခဲ့ကြောင်း အသိပေးခဲ့သည် (ငယ် ၃)။ သူတို့သည် ထိုက်တန်မှုမရှိကြသော်

လည်း ဘုရားသခင်ထံမှ ဤအံ့ဖွယ်လက်ဆောင်ကို ရရှိခဲ့ကြသည်(ရောမ ၈း၉၊ ၁ကော ၁၂း၁၃)။ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိဖို့မည်သည့် အရာမှ လုပ်ဆောင်ဖို့မလိုခဲ့ပါ။ သတ်မှတ်ထားသော စံချိန်စံညွှန်းတစ်ခုကို လည်း ပြည့်မီဖို့မလိုအပ်ခဲ့ပါ။ သူတို့အသစ်တွေ့ရှိထားသော ဘုရားသခင်နှင့် ဆက်ဆံရင်းနှီးခြင်းကို တံဆိပ်ခတ်နှိပ်ရန်အတွက်လည်းကောင်း၊ ဘုရားသခင် ပြဌာန်းထားသော အသက်တာကိုရှင်သန်နိုင်ကြစေရန် သူတို့ကိုစွမ်းဆောင် ပေးဖို့အတွက်လည်းကောင်း သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင် ထံမှလာသော လက်ဆောင်တစ်ပါးဖြစ်ခဲ့သည်။

သင်သည်တစ်စုံတစ်ယောက်ကို ၄င်းတို့လိုအပ်လျှက်ရှိနေသည့် အရာ အားလက်ဆောင်အဖြစ်ပေးခဲ့သော်လည်း ထိုသူသည် ထိုလက်ဆောင်ကိုလက်ခံ ရရှိပြီးနောက်တွင် အသုံးမပြုပဲ စင်ပေါ်၌တင်ထားသည့်အဖြစ်ကို ကြုံဖူးပါ သလား။ ဂလာတိအသင်းသားများသည် သန့်ရှင်းသောဝိညာဉ်တော်အား ဤအတိုင်းပင် ပြုမူနေခဲ့ကြသည်။ သူတို့မှတဆင့် သန့်ရှင်းသောဝိညာဉ်တော် ကိုအလုပ်လုပ်ရန်ခွင့်ပြုပေးဖို့မသင်ယူခဲ့ကြပါ။ သန့်ရှင်းသောဝိညာဉ်တော်အား မည်သို့နာခံရမည်ကို မသင်ယူခဲ့ကြပါ။ သူတို့သည် မိမိတို့၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ပိုင်ခွင့်အာဏာပေးခြင်းနှင့် စွမ်းဆောင်ပေး ခြင်းတို့ကို အနည်းငယ်သာခံစားနားလည်ခဲ့ကြသည်။ သူတို့သည် သန့်ရှင်း သောဝိညာဉ်တော်ကို ပီတိစိတ်နှင့်ရှုစား ရန်အတွက်စင်တစ်ခုပေါ်၌ တင်ထား ကြပြီး၊ အသက်တာကိုလုပ်ရိုးလုပ်စဉ်အတိုင်းရှင်သန်၍ မိမိတို့၏ကာယ ခွန်အား၊ ဉာဏခွန်အားတို့ကိုအသုံးပြုခဲ့ကြသည်။ ဤလုပ်ရပ်သည် ဘုရား သခင်ကို စော်ကားခြင်းမဟုတ်ပါလား။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ် တော်၏လမ်းပြဦးဆောင်ခြင်းနှင့် လုပ်ပိုင်ခွင့်အားပေးခြင်းတို့ကို လိုအပ်ကြ

သောကြောင့် ဘုရားသခင်ကမိမိ၏ဝိညာဉ်တော်ကို ကျွန်ုပ်တို့အားပေးထားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်ကို ကျော်ပေး၍ ကျွန်ုပ်တို့၏ကိုယ်ပိုင်ခွန်အားဖြင့်ကြိုးထွားခြင်း နှင့်အလုပ်အကျွေးပြုခြင်းတို့ကို မရှာကြံဝံ့သင့်ပါ။

"ဤမျှလောက်သော ဆင်းရဲခြင်းကိုအချည်းနှီးခံကြပြီလော" ဟု အခန်းငယ် ၄တွင် ရှင်ပေါလုကမေးခဲ့သည်။ ဂလာတိအသင်းသားများသည် မိမိတို့အထဲ၌ရှိသော သခင်ခရစ်တော်၏အသက်တာကြောင့် ဆင်းရဲဒုက္ခရောက်ခဲ့ကြလျှင် ဤအရာသည်တစ်မျိုးဖြစ်၍၊ လုပ်ဆောင်မှုများကို အမှီပြုသောဘာသာရေးတစ်ခုအတွင်း ဆင်းရဲဒုက္ခရောက်ခဲ့ကြလျှင် ဤအရာသည် အလွန်ဆိုးဝါးသောအရာဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်ကို ဘေး၌ဖယ်ထားဖို့ ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်ခြင်း အကျိုးကျေးဇူးကို သူတို့ထံပေးခဲ့ပါသလား။ သူတို့သည် ပညတ်တရားကိုစောင့်ထိန်းကြသောကြောင့် ဘုရားသခင်က သူတို့အလယ်၌ အံ့ဖွယ် နိမိတ် လက္ခဏာများကိုပြုလုပ်ခဲ့ပါသလား (ငယ် ၅)။ ဂလာတိအသင်းသားများသည် ဆင်းရဲဒုက္ခကိုခံစားခဲ့ကြရမည်ဆိုလျှင်၊ ရှင်ပေါလုက သူတို့ကို လူကြိုးစားအားထုတ်မှုကိုအမှီပြုသောဘာသာရေးအတွက် မခံစားစေချင်ခဲ့ပါ။ စစ်မှန်၍ထာဝရ တည်သော ယုံကြည်ခြင်းအတွက်သာ ခံစားစေလိုခဲ့ပါသည်။

အခန်းငယ် ၆-၁၄ တွင် ရှင်ပေါလုက ဂလာတိအသင်းသားများထံ၌ မိမိပြောပြနေသောအရာအတွက် ဓမ္မအတွေးအခေါ်အယူအဆနှင့်လည်းကောင်း၊ သမ္မာကျမ်းစာနှင့်လည်းကောင်း ကိုက်ညီသောအခြေခံအကြောင်းအရင်းများကို သူတို့အားဖော်ပြပေးရန် ကြိုးစားခဲ့သည်။ သူသည်ဂလာတိအသင်းသားများအား အာဗြဟံဆီသို့ပြန်လည်ခေါ်ဆောင်သွားခဲ့သည်။

ကမ္ဘာဦး ၁၅း၆ တွင်ဘုရားသခင်က အာဗြဟံ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းအဖြစ် အသိအမှတ်ပြုခဲ့ကြောင်း ရှင်ပေါလုကသူတို့ကို အသိပေးခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ အာဗြဟံသည် ဘုရားသခင်နှင့် သင့်တင့်မှန်ကန်သောဆက်ဆံရင်းနှီးမှုရှိစေရန် ထည့်တွက်ခံရခြင်းမှာ သူ၏ပြုမူနေထိုင်ပုံသည် ကောင်းမွန်ပြည့်စုံခဲ့သောကြောင့်မဟုတ်၊ ဘုရားသခင်အပေါ်၌ထားရှိသော သူ၏ယုံကြည်ချက်ကြောင့်သာဖြစ်ခဲ့သည်။ ယုံကြည်ခြင်းကြီးသော ဤပုဂ္ဂိုလ်ထံ၌ ဘုရားသခင်ကတစ်နေ့တစ်ချိန်တွင် လူမျိုးအပေါင်း (မောရှေ၏ပညတ်တရားကို လုံးလုံးမသိခဲ့သောသူများအပါအဝင်) တို့သည် ကောင်းကြီးမင်္ဂလာခံကြရလိမ့်မည်ဟု ကတိပြုခဲ့သည်။ လူမျိုးနွယ်ခပ်သိမ်း၊ တိုင်းနိုင်ငံခပ်သိမ်းတို့အထဲမှလူများသည် ပညတ်တရားကိုစောင့်ထိန်းခဲ့ကြသောကြောင့် ဘုရားသခင်၏မျက်နှာသာပေးမှုကို ရရှိခဲ့ကြ၍မဟုတ်၊ သူတို့ထံ၌ ဟောပြောခဲ့သောဧဝံဂေလိတရား (သတင်းကောင်းတရား) ကိုအာဗြဟံကဲ့သို့ ယုံကြည်လက်ခံခဲ့ကြသောကြောင့် ဘုရားသခင်၏မိသားစုထဲသို့ ဆောင်ယူခြင်းကိုခံခဲ့ကြပါလိမ့်မည်။ ဘုရားသခင်၏နှုတ်ကပတ်တော်၌ ယုံကြည်ခြင်းရှိသော သူများသည် အာဗြဟံနှင့်အတူ ကောင်းကြီးမင်္ဂလာကို ခံကြရပါသည်(ငယ် ၉)။ ကျွန်ုပ်တို့သည်အာဗြဟံ၏ယုံကြည်ခြင်းပုံဥပမာကို တုပလိုက်လျှောက်ခြင်းဖြင့် အာဗြဟံ၏သားသမီးဖြစ်လာကြရသည်။

ဤယုဒလူမျိုးများထံ၌ ရှင်ပေါလုတင်ပြနေသောအရာမှာ သူတို့အထင်ကြီးလေးစားရသော ဝိညာဉ်ရေးဖခင်ကြီးအာဗြဟံသည် သူလုပ်ခဲ့သောအလုပ်ကြောင့်မဟုတ်၊ ဘုရားသခင်အပေါ်၌ထားရှိသော ယုံကြည်ချက်ကြောင့် ဖြောင့်မတ်ခြင်းတရားနှင့်အတူ ဂုဏ်ပြုမှတ်တမ်းတင်ခံရခြင်းဖြစ်သည်ဟူသော

အချက်ဖြစ်သည်။ အာပြဖုံကို ၎င်း၏ဖန်ဆင်းရှင်နှင့် မိတ်သဟာယဖွဲ့ခြင်း ထဲသို့ ဆောင်ယူခဲ့သောအရာသည် အလုပ်(သို့) အကျင့်မဟုတ်၊ ယုံကြည်ခြင်း သာဖြစ်ခဲ့သည်။

သူတို့ကို အာပြဖုံအား ပြည့်နှင်းပေးပြီးနောက်၊ ရှင်ပေါလုကသမ္မာ ကျမ်းစာ၏ဒုတိယမြောက်အချက်ဆီသို့ ဦးလှည့်ခဲ့သည်။ ရှင်ပေါလုက သူတို့ကို တရားဟောရာ ၂၇း၂၆ ၌ မောရှေရေးသားခဲ့သောအရာကို အသိပေးခဲ့သည်။ ထိုကျမ်းချက်တွင် မောရှေကမိမိ၏လူတို့အား ပညတ်တရား၌ စီရင်ရေးသား ထားသောအရာအားလုံးကို ဆက်လက်၍ကျင့်ကြံခြင်းမရှိသောသူသည် ကျိန် ခြင်းခံရကြောင်း အသိပေးခဲ့သည်။ ကျွန်ုပ်တို့အလယ်မှ လူမည်မျှက ဘုရား သခင့်ပညတ်တရား၏အဆင့်ကို လုံးလုံးပြည့်မီပါသနည်း။ ဘုရားသခင်၏ ပညတ်တရားကို ကျွန်ုပ်တို့ဘယ်သောအခါကမျှ မနာခံဘဲမနေခဲ့ပါဟု ပြောဆို ခြင်းသည် ကျွန်ုပ်တို့ပကတိပြည့်စုံကြပါသည်ဟု ပြောဆိုခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့တစ်ယောက်ဆီတိုင်းက ဘုရားသခင်၏သတ်မှတ်ပြဋ္ဌာန်းချက်ကို အဆင့်မပြည့်မီကြပါ။ ကျွန်ုပ်တို့သည် ပညတ်တရား၏ကျိန်ခြင်းအောက်၌ ရှိနေ ကြပါသည်။ ကျွန်ုပ်တို့၏ရှေ့၌ထားရှိထားသော ပညတ်တရားသည် လုပ်ဆောင်ဖို့ မဖြစ်နိုင်သော စံချိန်စံညွှန်းတစ်ခုဖြစ်သည်။ ပညတ်တရားကို အမှီပြု၍ ရှင်သန်ရန်ရှာကြံသောသူတို့သည် မိမိတို့၏မနာခံခြင်းအတွက် ဘုရားသခင်၏ကျိန်ခြင်းကိုခံဖို့ ကိုယ့်ကိုယ်ကိုပြစ်ဒဏ်ချမှတ်နေကြပါသည်။ ပညတ်တရားအောက်တွင် မျှော်လင့်ချက်မရှိခဲ့ပါ။ ဂလာတိအသင်းသားများ သည် မိမိတို့ကိုယ်ကို ထိုသို့သော လုပ်ဆောင်ရန်မဖြစ်နိုင်သည့် စံချိန်စံညွှန်း တစ်ခု၏အောက်၌ အဘယ့်ကြောင့်သွတ်သွင်းခဲ့ကြရပါမည်နည်း။ သူတို့သည်

ပညတ်တရားအောက်၌ရှင်သန်ကြလျှင် ဒဏ်ခတ်စီရင်ခြင်းကိုသာ ခံခဲ့ကြရပါလိမ့်မည်။ ပညတ်တရား၏နည်းလမ်းအားဖြင့် မည်သူမျှဘုရားသခင်နှင့် သင့်မြတ်နိုင်ခဲ့မည်မဟုတ်ပါ (ငယ် ၁၁)။

ဤအရာကို ပြောဆိုပြီးနောက်၊ ရှင်ပေါလုသည်ဂလာတိအသင်းသားများအား ပညတ်တရားအားဖြင့်မဟုတ်သော ဘုရားသခင်၏ကယ်တင်ခြင်းအကြံအစည်ကို အသိပေးခဲ့သည်။ "ဖြောင့်မတ်ရာ၌တည်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်" ဟု ဟဗက္ကုတ် ၂း၄ ကို ကိုးကားရင်းသူတို့ကိုပြောပြခဲ့သည်။ သူတို့ကိုပညတ်တရား၏ ကျိန်ခြင်းမှကယ်တင်ရန် သခင်ယေရှုဆင်းကြွလာခဲ့ခြင်းဖြစ်ကြောင်း သူတို့ကိုအသိပေးခဲ့သည်။ ကိုယ်တော်သည် ပညတ်တရား၏ကျိန်ခြင်းကို မိမိအပေါ်၌တင်ဆောင်ပြီး၊ ကျွန်ုပ်တို့၏ကိုယ်တိုင်ကြိုးစားအားထုတ်မှုမပါသော ကယ်တင်ခြင်းတစ်ပါးကို လူတို့အားပေးသနားခဲ့သည်။ ကားတိုင်ထက်၌ မိမိ၏အသေခံခြင်းဖြင့် ကိုယ်တော်သည် အပြစ်လွှတ်ခြင်းအတွက် တရားဝင်နည်းလမ်းတစ်လမ်းကို စီစဉ်ပေးခဲ့ပြီး၊ ဘုရားသခင့်အမျက်တော်၏ကျိန်ခြင်းမှ လွတ်မြောက်ခြင်းကိုလည်းပေးခဲ့သည်။ သခင်ခရစ်တော်အသေခံခြင်းအားဖြင့် တပါးအမျိုးများပင်လျှင် ဘုရားသခင်နှင့် ဆက်ဆံရင်းနှီးမှု၌ ပါဝင်လာနိုင်ကြပြီး၊ အာဗြဟံ၏ယုံကြည်ခြင်းပုံဥပမာ၌ အရင်းခံသောဝိညာဉ်ရေးမိသားစု၏ အစိတ်အပိုင်းဖြစ်လာနိုင်ခဲ့ကြသည် (ငယ် ၁၄)။

ရှင်ပေါလုက ဂလာတိအသင်းသားများအား ၄င်းတို့အနေဖြင့် ယုံကြည်ခြင်းဖြင့် ရှင်သန်ရန်မှာ ဘုရားသခင်၏ရည်ရွယ်ချက်ဖြစ်ကြောင်း အသိပေးခဲ့သည်။ ပညတ်တရားက မည်သည့်မျှော်လင့်ချက်ကိုမျှ မပေးနိုင်ပါ။

သူတို့၏တစ်ခုတည်းသော မျှော်လင့်ချက်မှာ သူတို့ကိုယ်စားသခင်ခရစ်တော် လုပ်ဆောင်သွားခဲ့သော အမှုတော်၌ဖြစ်သည်။ ဘုရားသခင်နှင့်ဆက်ဆံရင်းနှီး ခွင့်ရရှိရန်အတွက် သူတို့၏စိတ်ချယုံကြည်မှုကို သူတို့အတွက်သခင်ယေရှု လုပ်ဆောင်သွားခဲ့သောအရာ၌ ရှာတွေ့ခဲ့ကြရပေမည်။ သူတို့သည် ကိုယ်တော် ၌အပြည့်အဝအပြစ်လွတ်ခြင်းကိုခံရ၍ အပြည့်အဝလက်ခံအသိအမှတ်ပြုခြင်း ကိုခံခဲ့ကြရသည်။ နောက်ထပ်သူတို့လုပ်ဆောင်နိုင်သည့် မည်သည့်အရာကမျှ ဤထက်ပို၍ လက်ခံအသိအမှတ်ပြုခြင်းခံရဖို့ မစွမ်းဆောင်နိုင်ပါ။

သူတို့၏ယုံကြည်ခြင်းသည် ယုံကြည်သူများအဖြစ်နှင့် သူတို့၏အသက် တာ၌ရှိသော ဘုရားသခင့်ဝိညာဉ်တော်၏အမှုတော်၌လည်းရှိရမည်ဖြစ်သည်။ ယုံကြည်ခြင်းအားဖြင့်ဘုရားသခင်၏ဝိညာဉ်တော်ကိုလက်ခံရရှိကြသည်နှင့် အညီ ယခုတွင်သူတို့သည် မိမိတို့၏အသက်တာ၌ ထိုဝိညာဉ်တော်၏လှုပ်ရှား လုပ်ဆောင်မှုကို ယုံကြည်ကိုးစားကြရမည်ဖြစ်သည်။ သူတို့၏စိတ်နှလုံးအတွင်း ၌ထိုဝိညာဉ်တော်၏လုပ်ဆောင်နေသောအမှုတော်၌ယုံကြည်ခြင်းဖြင့် ဝန်ခံ အပ်နှံရမည်ဖြစ်ပြီး ရှင်သန်ခြင်းအတွက်လည်းကောင်း၊ ၎င်းတို့၏အသုံး တော်ခံမှုနှင့် ဘုရားသခင်နှင့်ဆက်ဆံရင်းနှီးမှုတို့၌ ကြီးထွားခြင်းအတွက်လည်း ကောင်း မိမိတို့၏ခွန်အားနှင့် လုပ်ပိုင်ခွင့်ပေးအပ်ခံရခြင်းတို့ကို ကိုယ်တော် တစ်ပါးတည်း၌သာရှာကြံကြရမည်ဖြစ်သည်။ သူတို့ကို ကယ်တင်ခြင်းပေးနားဖို့ သူတို့၏ယုံကြည်ခြင်းသည် သခင်ခရစ်တော်လုပ်ဆောင်သွားခဲ့သောအမှုတော် အပေါ်၌ရှိရမည်ဖြစ်သကဲ့သို့၊ ထိုကယ်တင်ခြင်းကို သူတို့၏နေ့စဉ်တွေ့ကြုံမှု များ၌ လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် စွမ်းဆောင်ပေးရန် ကိုယ်တော်ရှင်၏ဝိညာဉ်တော်ကို ယုံကြည်ခြင်းရှိရမည်ဖြစ်သည်။

စဉ်းစားသုံးသပ်ရန်အချက်များ

- သင်သည်ဘုရားသခင်၏ လက်ခံအသိအမှတ်ပြုခြင်းကိုခံရဖို့ ပို၍အသုံးတော်ခံရမည်၊ ပို၍ယုံကြည်ရမည်၊ ယုံကြည်ခြင်းပို၍ရှိရမည်ဟုခံစားဖူးပါသလား။ ဤအရာနှင့်ပတ်သက်၍ ဤကျမ်းချက်ကမည်သို့ပြောဆိုထားပါသနည်း။
- ဘုရားသခင်သည် မိမိ၏ဝိညာဉ်တော်ကို သင့်အားအဘယ်ကြောင့်ပေးခဲ့ပါသနည်း။ သင့်ရဲ့သာသနာလုပ်ငန်းနှင့် အစေခံခြင်းတွင် သင်သည် သန့်ရှင်းသောဝိညာဉ်တော်အား မည်သည့်အတိုင်းအတာအထိ မှီခိုအားထားပါသနည်း။
- သန့်ရှင်းသောဝိညာဉ်တော်က သင့်ကိုဦးဆောင်နေကြောင်း သင်သတိပြုခံစားဖူးပါသလား။ သန့်ရှင်းသောဝိညာဉ်တော်၏လှုပ်ရှားလုပ်ဆောင်ခြင်းနှင့် သင့်ရဲ့ကိုယ်ပိုင်ဉာဏ်ပညာဖြင့် ကြိုးစားအားထုတ်မှုတို့ကြားရှိ ကွဲပြားခြားနားချက်ကို သင်သိနားလည်ခဲ့ပါသလား။
- ပို၍လက်ခံအသိအမှတ်ပြုခြင်းကိုခံရဖို့ ကြိုးစားအားထုတ်ခြင်းဖြင့် ဘုရားသခင်ကို အစေခံခြင်းနှင့် အပြည့်အဝလက်ခံအသိအမှတ်ပြုခံရထားသည်ဟူသော စိတ်သဘောထားဖြင့် ဘုရားသခင်ကို အစေခံခြင်းတို့၏ ကွဲပြားခြားနားချက်မှာ အဘယ်နည်း။

ဆုတောင်းရန်အချက်များ

- သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြဦးဆောင်ခြင်းနှင့် လုပ်ပိုင်ခွင့် အာဏာပေးခြင်းတို့ကို သင်သတိမပြုမိခဲ့သောအချိန်များအတွက် ခွင့်လွှတ်ပေးရန် ဘုရားသခင်ကိုတောင်းလျှောက်ပါ။
- ဘုရားသခင်သည် သင့်ကိုသခင်ခရစ်တော်၌ အကြွင်းမဲ့လက်ခံအသိ အမှတ်ပြုခဲ့ကြောင်းကို နားလည်ဖို့ သင်ပျက်ကွက်ခဲ့သောအချိန်များ အတွက် ခွင့်လွှတ်ပေးရန် ဘုရားသခင်ကိုတောင်းလျှောက်ပါ။
- ဘုရားသခင်သည် သင့်ကိုအပြည့်အဝလက်ခံအသိအမှတ်ပြုသော ကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။ ချစ်ခြင်း၊ ဆက်ကပ်မြှုပ်နှံထား ခြင်းတို့ဖြင့် အသုံးတော်ခံနိုင်ရန် သင့်ကိုစွမ်းဆောင်ပေးဖို့ကို ကိုယ်တော့်ကို တောင်းလျှောက်ပါ။

# ဂလာတိသြဝါဒစာ နှင့် ဖေက်သြဝါဒစာ

၆

# ပညတ်တရား၏ ရည်ရွယ်ချက်

ဂလာတိ ၃း၁၅-၂၉ ကိုဖတ်ရှုပါ။

ရှင်ပေါလုသည် ဂလာတိအသင်းသားများအား ၎င်းတို့သည်ယုံကြည်ခြင်းဖြင့်သာ ကယ်တင်ခြင်းခံကြရသည်မဟုတ်၊ အလားတူယုံကြည်ခြင်းဖြင့်လည်းရှင်သန်ကြဖို့ လိုအပ်ကြောင်းပြောဆိုနေခဲ့ပါသည်။ သူတို့သည်ပညတ်တရားအားဖြင့် လုံးလုံးကယ်တင်ခြင်းမရနိုင်ကြောင်းကို အသိပေးခဲ့သည်။ သို့သော် ဤအချက်သည် ပညတ်တရား၏ရည်ရွယ်ချက်ကို လွဲမှားစွာသဘောပေါက်ထားကြပြီး၊ ကယ်တင်ခြင်းသည် ပညတ်တရားကိုစောင့်ထိန်းခြင်းဖြင့်လည်းကောင်း၊ အာဗြဟံ၏သွေးရင်းမျိုးဆက်များဖြစ်ခြင်းအားဖြင့် လည်းကောင်း ရရှိကြရသည်ဟုထင်မှတ်နေသော ယုဒလူမျိုးများအတွက် ပြဿနာဖြစ်စေခဲ့သည်။ ပညတ်တရားအား လိုက်နာကျင့်ကြံခြင်းမပါဘဲ လူတို့ကိုကယ်တင်ရန်မှာ ဘုရားသခင်၏ရည်ရွယ်ချက်ဖြစ်ခဲ့လျှင် ကိုယ်တော်သည် မောရှေ၏ပညတ်တရားကို အဘယ့်ကြောင့်ပေးခဲ့ပါသနည်း။ ရှင်ပေါလုက ဤမေးခွန်းကို မိမိစာစောင်၏ဤအပိုင်းတွင် လိပ်မူပြောဆိုထားပါသည်။

တမန်တော်ကြီးသည် ဘုရားသခင်က အာဗြဟံနှင့်၎င်း၏မျိုးဆက်များထံ၌ပေးခဲ့သော ပဋိညာဉ်တရားဖြင့်အစပြုခဲ့သည်။ ဤပဋိညာဉ်တရား

သည် ယုဒဘာသာအတွက် အချက်အချာကျသောအရာဖြစ်သည်။ ယုဒလူမျိုးများသည် မိမိတို့ကိုယ်ကို အထူးမိသားစုတစ်ခု၏အစိတ်အပိုင်းများအဖြစ် ရှုမြင်ခဲ့ကြသည်။ ဘုရားသခင်သည် မိမိ၏ရည်ရွယ်ချက်များအတွက် သူတို့ကို အာဗြဟံ၏ခေတ်ကာလမှစ၍ သီးသန့်ခွဲထုတ်ထားခဲ့သည်ဟု ရှုမြင်ခဲ့ကြသည်။ သို့သော်ရှင်ပေါလုက ယုဒလူမျိုးတို့အား ဘုရားသခင်သည် အာဗြဟံနှင့်ပြုလုပ်ခဲ့သောပဋိညာဉ်တရားတွင် လူမျိုးအပေါင်းတို့သည် အာဗြဟံအားဖြင့် ကောင်းကြီးမင်္ဂလာခံစားရမည့်အကြောင်း ကတိပြုထားသည်ကို အသိပေးထားသည်။

အခန်းငယ် ၁၆ တွင် ရှင်ပေါလုက ဂလာတိအသင်းသားများအား အာဗြဟံထံ၌ပြုခဲ့သော ဘုရားသခင်၏ကတိတော်သည် အာဗြဟံ၏ "မျိုးနွယ်များ" ဟူသောလူအမြောက်အမြားထံ၌ ပေးခဲ့သည်မဟုတ်။ အာဗြဟံ၏ "မျိုးနွယ်" (သို့) သီးသန့်ပုဂ္ဂိုလ်တစ်ဦးထံ၌ပေးထားခြင်းဖြစ်ကြောင်း အသိပေးခဲ့သည်ကို သတိပြုပါ။ ဤသို့ပြောဆိုရာတွင် ရှင်ပေါလုက ဂလာတိအသင်းသားများအား ဤပဋိညာဉ်တရားသည် ဘုရားသခင်က အာဗြဟံထံ၌ပေးသနားခဲ့မည့် သွေးရင်းမျိုးစဉ်မျိုးဆက်များအားဖြင့် ပြည့်စုံလာမည်မဟုတ်၊ သို့သော် သီးသန့်ပုဂ္ဂိုလ်တစ်ဦး (အာဗြဟံ၏ သီးသန့်မျိုးနွယ်တစ်ဦး)အားဖြင့် ပြည့်စုံခဲ့မည်ဖြစ်ကြောင်း ပြောပြခဲ့သည်။ ထိုပုဂ္ဂိုလ်မှာ သခင်ယေရှုဖြစ်ပြီး၊ အာဗြဟံထံ၌ပေးခဲ့သောဂတိတော်သည် သခင်ယေရှုကိုပြညွှန်းနေကြောင်း ပြောပြခဲ့သည်။

ဘုရားသခင်သည် အာဗြဟံထံ၌ပြုခဲ့သော မိမိ၏ပဋိညာဉ်တရားအားဖြင့် မိမိသည်အာဗြဟံမျိုးနွယ်များ၏ ဘုရားသခင်ဖြစ်၍၊ သူတို့သည်လည်း မိမိ၏လူမျိုးများဖြစ်လာမည့်အကြောင်း ကတိပြုခဲ့ပါသည်။ ဘုရားသခင်သည်

ပဋိညာဉ်တရားရှိ မိမိ၏အပိုင်းကိုအကြွင်းမဲ့ဖြည့်ဆည်းပြည့်စုံစေနိုင်စွမ်းသော်လည်း၊ အာဗြဟံ၏မျိုးနွယ်များကမူ ၎င်းတို့၏အပိုင်းကို မစောင့်ထိန်းနိုင်ခဲ့ကြပါ။ ဘုရားသခင်၏လူမျိုးတို့အနေဖြင့် မည်မျှပင်ကြိုးစားအားထုတ်ကြစေကာမူ နှစ်ပေါင်း ၄၃၀ ပြီးနောက် မောရှေ၏ခေတ်ကာလ၌သူတို့ကို ပေးအပ်ခဲ့သည့် ပညတ်တရားတော်ရှိ ဘုရားသခင်ချမှတ်ထားသော စံချိန်စံညွှန်းများကို ပြည့်မီရန်တတ်စွမ်းနိုင်ခဲ့ကြမည်မဟုတ်ပါ (ငယ် ၁၇)။

ဘုရားသခင်သည် အာဗြဟံ၏မျိုးနွယ်များက ပညတ်တရားအား မစောင့်ထိန်းနိုင်ကြမည်ကို ကနဦးကတည်းက သိနေခဲ့လျှင် ထိုပညတ်တရားကို မောရှေအားဖြင့် သူတို့အဘယ့်ကြောင့်ပေးခဲ့ပါသနည်း။ အခန်းငယ် ၁၉တွင် ရှင်ပေါလုက ဂလာတိအသင်းသားများအား ပညတ်တရားနှင့်စည်းမျဉ်းဥပဒေများ၏ ရည်ရွယ်ချက်မှာ "ကတိတော်ကိုခံသော မျိုးနွယ်မဖြစ်မီ တိုင်အောင် ဒုစရိုက်များကြောင့်" ဖြစ်သည်ဟု ပြောပြခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ မောရှေ၏ပညတ်တရားက ဣသရေလလူမျိုးများထံ၌ ဘုရားသခင်၏ဂရုဏာတော်လိုအပ်မှုကို ဖော်ထုတ်ပြသခဲ့သည်။ ပညတ်တရားက သူတို့သည် ကယ်တင်ရှင်ကိုမည်မျှလိုအပ်နေကြကြောင်းကို သူတို့အားပြသခဲ့သည်။ ပညတ်တရားသည် အပြစ်ဒုစရိုက်ပြဿနာကို ဖြေရှင်းဖို့လမ်းကိုလည်း ပြင်ဆင်ပေးခဲ့သည်။ ပညတ်တရားက ဘုရားသခင်သည် ကျေးဇူးတော်နှင့်ပြည့်စုံသောဘုရားဖြစ်၍ အပြစ်ကိုခွင့်လွှတ်ပေးကာ မိမိ၏သနားခြင်းဂရုဏာနှင့်ကျေးဇူးတော်လက်တော်ကို လိုလိုလားလားဆန့်တန်းပေးကမ်းလိုသောဘုရားလည်းဖြစ်ကြောင်းကို အာဗြဟံ၏သားသမီးများထံ၌ ပြသပေးခဲ့သည်။ ထို့အပြင်၊ ပညတ်တရားသည် အပြစ်ဒုစရိုက်ကို ကိုင်တွယ်ဖြေရှင်းရာ၌ ဘုရားသခင်၏တရားမျှတမှုရှိခြင်းကိုလည်း သူတို့ထံ၌ပြသပေးခဲ့သည်။

ပညတ်တရားကိုချိုးဖောက်ခြင်းတွင် အဖိုးအခကိုပေးရန်လိုအပ်သည်။ ထိုအဖိုးအခကို ကတိတော်ခံသော "မျိုးနွယ်" အားဖြင့်ပေးခဲ့ရပါလိမ့်မည်။ အာဗြဟံထံ၌ပြုခဲ့သော ဘုရားသခင်၏ကတိတော်သည် သခင်ယေရှုကိုညွှန်ပြခဲ့သကဲ့သို့ မောရှေအားဖြင့်ပေးခဲ့သော ပညတ်တရားသည်လည်း သခင်ယေရှုကိုညွှန်ပြ၍၊ ပညတ်တရား၏နောက်ဆုံးပြည့်စုံခြင်းကို သခင်ယေရှုတစ်ပါးတည်း၌သာ တွေ့ရှိခဲ့ရပါသည်။

အခန်းငယ် ၁၉ အရ၊ ပညတ်တရားကို ကောင်းကင်တမန်များအားဖြင့်အကောင်အထည်ဖော်ခဲ့ပါသည်။ ပညတ်တရားကိုပေးအပ်ခြင်း၌ ကောင်းကင်တမန်များလည်းပါဝင်ခဲ့သည်ကို ကျွန်ုပ်တို့အမြဲလိုလိုမတွေးတောခဲ့ကြပါ။ တရားဟောရာ ၃၃း၂ တွင်မောရှေက ကျွန်ုပ်တို့ကိုအောက်ပါအတိုင်း ပြောပြထားပါသည်။

> ထာဝရဘုရားသည် သိနာတောင်ပေါ်က ကြွတော်မူ၏ စိရအရပ်မှ ထိုလူတို့အားနေထွက်တော်မူ၏။ ပါရန်တောင်ပေါ်က ရောင်ခြည်ထွန်းပတော်မူ၍၊ သန့်ရှင်းသောသူ အထောင်အသောင်း တို့နှင့်အတူကြွတော်မူ၍၊ ဓမ္မမီးသည် ဣသရေလလူတို့အဘို့ လက်ျာလက်တော်မှထွက်လေ၏။

မောရှေ၏ပြောဆိုချက်အရ၊ ပညတ်တရားအား ပေးအပ်ခဲ့ချိန်တွင် သန့်ရှင်းသောသူ (ကောင်းကင်တမန်) အထောင်အသောင်းတို့သည် သိနာတောင်ပေါ်တွင် ရှိနေခဲ့ကြပါသည်။

ယုဒအုပ်ချုပ်ရေးလွှတ်တော်ရှေ့၌ သတေဖန်က ကိုယ့်ကိုယ်ကို ထုချေကာကွယ်ခဲ့ချိန်တွင် "သင်တို့သည် ကောင်းကင်တမန်များ ခင်းကျင်းသောအားဖြင့် ပညတ်တရားတော်ကို ခံရသော်လည်း မစောင့်ရှောက်ကြ"ဟု ပြော

ခဲ့သည် (တမန်တော် ၇း၅၃)။ ပညတ်တရားတော်အား ပေးအပ်ခြင်းတွင် ကောင်းကင်တမန်များလည်းပါဝင်ခဲ့ကြောင်း ဤကျမ်းပိုဒ်များတွင်ရှင်းလင်းပြတ်သားသော သဘောတရားတစ်ခုရှိနေပါသည်။ ဤအချင်းအရာသည် ပညတ်တရားတော်၏ကြီးကျယ်ခမ်းနားမှုကို ပို၍ထင်ရှားစေခဲ့ပါသည်။ ပညတ်တရားတော်သည် ဘုရားသခင်၏ရည်ရွယ်ချက်များအတွက် အလွန်အရေးပါခဲ့သောကြောင့် ကိုယ်တော်သည် မိမိ၏ကောင်းကင်တမန်များအား ထိုပညတ်တရားတော်ကို မျိုးစဉ်မျိုးဆက်အသီးသီးတိုင် ထိန်းသိမ်းစောင့်ရှောက်ဖို့ ခွဲခန့်ခဲ့သည်။ ဘုရားသခင်၏လူမျိုးတို့အား ၎င်းတို့သည် မေရှိယကိုလိုအပ်နေကြောင်း ညွှန်ပြပေးနိုင်သော ပညတ်တရားတော်၏တန်ခိုးအစွမ်းကို စာတန်ကသိနားခဲ့သည်။ စာတန်သည် ဤပညတ်တရားတော်ကို ဆန့်ကျင်ရန်အတွက်လည်းကောင်း၊ ဤပညတ်တရားတော်ကို လူတို့နားလည်သဘောပေါက်ခြင်းကို ဆန့်ကျင်တားဆီးရန်အတွက်လည်းကောင်း မိမိတတ်စွမ်းနိုင်သမျှကို ပြုလုပ်ခဲ့ကြောင်း ကျွန်ုပ်အခိုင်အမာပြောနိုင်သည်။

သို့သော်၊ ဤသို့ပြောဆိုထားသော်လည်း ကောင်းကင်တမန်များအားဖြင့်ပေးအပ်၍အကောင်အထည်ဖော်ခဲ့သော ဤပညတ်တရားတော်သည် ကျွန်ုပ်တို့ကို အမှန်အကျဉ်းချထားကြောင်း အခန်းငယ် ၂၂-၂၃ တွင်တွေ့မြင်သင့်သည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဘုရားသခင်နှင့် သီးခြားခွဲထားခံကြရကြောင်းကို ပညတ်တရားက ဖော်ထုတ်ပြသခဲ့ပါသည်။ ပညတ်တရားတော်၏ကန့်သတ်ချုပ်ချယ်ချက်များက ကျွန်ုပ်တို့ကိုထမ်းရွက်ရန်မဖြစ်နိုင်သော ဝန်ထုပ်အောက်၌ဆွဲချထားပါသည်။ ကျွန်ုပ်တို့၏အကျင့်သီလပျက်ခြင်းကို ကျွန်ုပ်အားပြသပေးခဲ့သည်။ အခြေခံအားဖြင့်ဆိုရလျှင် ပညတ်တရားတော်က သန့်ရှင်းသောဘုရားသခင်၏ကျေးဇူးတော်နှင့်ဂရုဏာတော်အားဖြင့် ဖြစ်တည်သောကယ်တင်ခြင်းကို ကျွန်ုပ်တို့လိုအပ်နေကြောင်း ပြသပေးခဲ့ပါသည်။ မောရှေ

၏ပညတ်တရားတော်သည် ဘုရားသခင်၏ကတိတော် (မျိုးနွယ်အားဖြင့်ကယ်တင်ခြင်း)ရောက်လာဖို့ လမ်းကိုပြင်ဆင်ပေးခဲ့ပါသည်။

အခန်းငယ် ၂၅ တွင် ရှင်ပေါလုက ဂလာတိအသင်းသားများအား သခင်ယေရှုခရစ်ကိုယုံကြည်ခြင်းက ယုံကြည်ခြင်းသူများကို ပညတ်တရားတော်၏အုပ်ထိန်းမှုအောက်မှ ဖယ်ရှားပေးကြောင်းပြောပြခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ကျွန်ုပ်တို့၏မျှော်လင့်ချက်သည် ပညတ်တရားတော်ကို နာခံနိုင်သော ကျွန်ုပ်တို့၏အစွမ်းအစတွင်မဟုတ်၊ သခင်ခရစ်တော်နှင့် သခင်ခရစ်တော်လုပ်ဆောင်သွားခဲ့သော အမှုတော်တွင်သာဖြစ်သည်။ ကျွန်ုပ်တို့၏မျှော်လင့်ချက်သည် ကျွန်ုပ်တို့၏လူ့ကြိုးစားအားထုတ်မှုများနှင့် လူ့ဉာဏ်ပညာတွင်မဟုတ်၊ ဘုရားသခင်ဖြစ်စေလိုသောသူများဖြစ်လာကြဖို့ ကျွန်ုပ်တို့ကိုစွမ်းဆောင်ပေးမည့် ကျွန်ုပ်တို့၏အထဲမှ ဘုရားသခင့်ဝိညာဉ်တော်၏ အမှုတော်တွင်ဖြစ်သည်။ ဤအချက်မှရှင်ပေါလုက အာဗြဟံထံ၌ ပြုခဲ့သောကတိတော်သည် သခင်ယေရှုခရစ်အားဖြင့် နောက်ဆုံးတွင် ပြီးပြည့်စုံခဲ့မည့်အကြောင်းကို အခန်း ငယ် ၂၆ တွင် ရှင်းရှင်းလင်းလင်းပြောပြခဲ့သည်။ ယုံကြည်သူများသည် ပညတ်တရားတော်ကိုစောင့်ထိန်းခြင်းကြောင့် ဘုရားသခင်၏သားသမီးများဖြစ်ကြရသည်မဟုတ်၊ သခင်ယေရှုခရစ်နှင့် သခင်ယေရှုခရစ်လုပ်ခဲ့သောအမှုတော်ကိုယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏သားသမီးများဖြစ်ကြရပါသည်။

ကျွန်ုပ်တို့သည် ပညတ်တရားအားဖြင့် ဘုရားသခင်၏စံချိန်စံညွှန်းကိုဖြည့်ဆည်းလုပ်ဆောင်ဖို့ ကြိုးစားအားထုတ်မှုတွင် ကျရှုံးခဲ့ကြပါသည်။ ကျွန်ုပ်တို့အားလုံး၌အပြစ်ရှိသည်။ သို့သော် သခင်ခရစ်တော်၏အမှုတော်ကို ယုံကြည်လက်ခံသောသူများမူကား သခင်ခရစ်တော်ကို ယူတင်ဝတ်ဆောင်ကြရသည်

(ငယ် ၂၇)။ သခင်ခရစ်တော်ကို ယူတင်ဝတ်ဆောင်ခြင်းဆိုသည်မှာ အဘယ်နည်း။ ရှင်ပေါလုက ယုံကြည်သူတို့သည် သခင်ခရစ်တော်၏ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ဖြောင့်မတ်ခြင်းတို့၌ ဗတ္တိဇံကိုခံကြရသည်ဟု ပြောဆိုခြင်းဖြင့် ဤအရာကိုရှင်းပြခဲ့ပါသည်။

ကျွန်ုပ်တို့ဗတ္တိဇံခံသောရေသည် ကျွန်ုပ်တို့ကိုဖုံးအုပ်လွှမ်းခြုံခဲ့ပါသည်။ ဤသည်မှာ သခင်ယေရှုကကျွန်ုပ်တို့အတွက် လုပ်ဆောင်ခဲ့သောအရာ၏ ပုံကားချပ်တစ်ခုဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို သန့်ရှင်းစင်ကြယ်စွာဆေးကြော၍ မိမိ၏ဖြောင့်မတ်ခြင်းကို အကွယ်အကာတစ်ခုအဖြစ်နှင့် ပေးသနားဖို့ ဆင်းကြွလာခဲ့ပါသည်။ ခမည်းတော်ဘုရားသည် သခင်ခရစ်တော်၏သန့်ရှင်းစင်ကြယ်ခြင်းကို ယူတင်ဝတ်ဆောင်ထားသော ကျွန်ုပ်တို့ကို ကြည့်ရှုသောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့၏ချို့ယွင်းအားနည်းချက်များနှင့် ကျရှုံးပျက်ကွက်မှုများကို မမြင်ဘဲ၊ မိမိ၏သားတော်လုပ်ဆောင်ခဲ့သော အမှုတော်ကိုသာမြင်တွေ့ပါသည်။ ထိုအပြစ်ဒုစရိုက်နှင့် ကျရှုံးပျက်ကွက်ခဲ့မှုများအားလုံးသည် ကားတိုင်အားဖြင့် ခွင့်လွှတ်ခြင်းကို ခံကြရပါသည်။ ကျွန်ုပ်တို့မည်သူမည်ဝါပင်ဖြစ်စေကာမူ၊ ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏ ထိုအကွယ်အကာကိုကြုံတွေ့ခံစားနိုင်သည်။ သခင်ခရစ်တော်၌ ဤဗတ္တိဇံခံခြင်းကို ယုဒလူမျိုးသားမဟုတ်၊ တပါးအမျိုးတို့ထံ၌လည်း ကတိပေးထားပါသည်။ ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ သခင်ယေရှု၏ မျက်မှောက်ပြုခြင်းအကွယ်အကာကို ယုံကြည်ခြင်းဖြင့် သိနားလည်နိုင်ပါသည်။

သင်သည် ဘုရားသခင်၏သားသမီးတစ်ယောက်ဖြစ်လာဖို့ အာဗြဟံ၏သွေးရင်းမျိုးဆက်တစ်ဦးဖြစ်ဖို့ မလိုပါ။ မောရှေ၏ပညတ်တရားကိုလည်း တိတိကျကျနာခံနိုင်ဖို့ မလိုအပ်ပါ။ သင်သည်ဘုရားသခင်၏သားသမီးတစ်ဦးဖြစ်လိုလျှင် သခင်ခရစ်တော်ကိုလည်းကောင်း၊ ထိုသခင်၏ ခွင့်လွှတ်ခြင်းကို

လည်းကောင်း ယူတင်ဝတ်ဆောင်ရန်လိုအပ်ပါသည်။ သင်သည် သင့်အသက်တာ၌ ကိုယ်တော်၏မျက်မှောက်ပြုခြင်း အကွယ်အကာဖြင့်လွှမ်းခြုံပေးမှုကို လိုအပ်ပါသည်။ သင်သည်ကိုယ်တော်နှင့်စပ်ဆိုင်သောသူဖြစ်ဖို့ လိုအပ်သည် (ငယ် ၂၉)။ သခင်ယေရှုနှင့်စပ်ဆိုင်သောသူအားလုံးသည် အာဗြဟံ၏မျိုးနွယ်များအဖြစ်မှတ်ယူခြင်းခံရ၍ ဘုရားသခင်က အာဗြဟံထံ၌ကတိပေးခဲ့သောဝိညာဉ်ရေးကောင်းကြီးမင်္ဂလာကို အာဗြဟံ၏မျိုးနွယ်ဖြစ်သော သခင်ယေရှုခရစ်အားဖြင့် အမွေခံရသူများအဖြစ် မှတ်ယူခြင်းခံကြရသည်။

ဤနေရာတွင် ရှင်ပေါလုက ယုဒလူမျိုးများအား ဘုရားသခင်က အာဗြဟံနှင့်ပြုခဲ့သော ပဋိညာဉ်တရားအကြောင်းကိုလည်းကောင်း၊ ထိုပဋိညာဉ်တရားသည် အာဗြဟံ၏မျိုးနွယ် (သခင်ယေရှု) ၌မည်သို့ပြည့်စုံခဲ့သည်ကိုလည်းကောင်း အသိပေးထားသည်။ မောရှေကိုပေးအပ်ခဲ့သော ပညတ်တရားတော်သည် သူတို့၌ကယ်တင်ရှင် (သခင်ယေရှု) လိုအပ်ကြောင်းကို ညွှန်ပြပေးဖို့ ရည်ရွယ်ခဲ့ကြောင်း ထပ်မံအသိပေးခဲ့ပါသည်။ ပညတ်တရားတော်နှင့် ပဋိညာဉ်တရားတို့သည် ကျွန်ုပ်တို့အား သခင်ယေရှုနှင့်သခင်ယေရှုလုပ်ဆောင်ခဲ့သောအမှုတော်တို့ကို ညွှန်ပြပေးပါသည်။ ဤနေရာတွင် ရှင်ပေါလုသည် ဂလာတိအသင်းသားများအား သခင်ခရစ်တော်ကိုရှာတွေ့ခြင်းသည် ဓမ္မဟောင်းပညတ်တရားတော်နှင့် ပဋိညာဉ်တရားတို့က ညွှန်ပြပေးသောအရာအားလုံးကိုရှာတွေ့ခြင်းပင်ဖြစ်ကြောင်း ပြသပေးနေသည်ဟု ထင်ရပါသည်။

စဉ်းစားသုံးသပ်ရန်အချက်များ

- မောရှေပညတ်တရားတော်၏ ရည်ရွယ်ချက်အကြောင်း ရှင်ပေါလုက မည်သို့ပြောပြထားသနည်း။ မောရှေ၏ပဋိညာဉ်တရား၌ ဘုရား

သခင်ချပြထားသော စံချိန်စံညွှန်းကို တိတိကျကျကျွန်ုပ်တို့နာခံနိုင်ပါသလား။

- သခင်ခရစ်တော်လုပ်ဆောင်သွားခဲ့သောအမှုတော်အားဖြင့် ဝတ်ဆင်လွှမ်းခြုံခံရခြင်း၏ အမှန်ဖြစ်တည်မှုကို သင်ကြုံတွေ့ခံစားဖူးပါသလား။ ဤဖြစ်ရပ်ကြောင့် သင့်အသက်တာ၌ မည်သည့်ပြောင်းလဲမှုများ ဖြစ်ပေါ်လာခဲ့သနည်း။
- သင့်ရဲ့အသက်တာနှင့် အမှုတော်လုပ်ငန်းကို သခင်ယေရှုထံ၌ စွန့်လွှတ်အပ်နှံခဲ့ပါသလား။ (သို့) သင့်ရဲ့ကိုယ်ပိုင်နည်းလမ်းဖြင့် ပြုလုပ်ဖို့ ခုခံတိုက်ခိုက်နေခဲ့ပါသလား။ သခင်ယေရှုထံ၌ လွှဲပြောင်းပေးအပ်ဖို့ လိုအပ်သည့် သင့်အသက်တာ အစိတ်အပိုင်းများရှိပါသလား။
- သခင်ခရစ်တော်သည် ပညတ်တရားတော်နှင့် ပရိုဖက်တရားတို့၏ ပြည့်စုံခြင်း မည်သို့ဖြစ်နိုင်သနည်း။ သခင်ခရစ်တော်ထံသို့ ဦးလှည့်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ပညတ်တရားတော်ကို စွန့်လွှတ်လိုက်ပါသလား (သို့) ဖြည့်ဆည်းပြည့်စုံစေပါသလား။

ဆုတောင်းရန်အချက်များ

- ဘုရားသခင်သည် သခင်ယေရှု၌ သင့်ရဲ့ကျရှုံးပျက်ကွက်မှုများအတွက် ပေးကမ်းထောက်ပံ့မှုတစ်ခုကို ပြုလုပ်ထားသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- သင့်တင့်ကောင်းမြတ်သော အသက်တာကိုရှင်သန်ခြင်းဖြင့် ဘုရားသခင်၏မျက်နှာသာပေးခြင်းကို ကြိုးစားရှာကြံနေသောသူတစ်ယောက်ယောက်ကို သင်သိပါသလား။ ဤရှင်သန်နေထိုင်ပုံသည်

အချည်းနှီးဖြစ်ကြောင်းကို ထိုပုဂ္ဂိုလ်ထံ၌ သခင် ဘုရားက ဖော်ထုတ်ပြသပေးမည့်အကြောင်းတောင်းလျှောက်ပါ။

- သခင်ဘုရားသည် ပညတ်တရားတော်နှင့် ပဋိညာဉ်တရားတို့၏ ပြီးပြည့်စုံမှုတစ်ခုအဖြစ် ကြွဆင်းလာခဲ့သည့်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။ ကိုယ်တော်၏အပြစ်လွှတ်ပေးခြင်းနှင့် စွမ်းဆောင်ပေးခြင်းတို့အတွက် ကျေးဇူးတင်ချီးမွမ်းပါ။

၉

## သားများနှင့်အစေခံကျွန်များ

ဂလာတိ ၄း၁-၁၁ ကိုဖတ်ရှုပါ။

ငွေအမြောက်အမြားကို အမွေခံဖို့ရှိသော်လည်း ထိုအခြေအနေသို့ မရောက်သေးသော အမွေခံတစ်ဦးနှင့် ဆင်းရဲသားအစေပါးကျွန်တစ်ဦးတို့၏ ခြားနားချက်မှာ အဘယ်နည်း။ အမွေခံသည် လက်ရှိပိုင်ရှင်က ထိုအမွေကို လွှဲပြောင်းပေးသောအခါ သူသည်ငွေအမြောက်အမြားကို ပိုင်ဆိုင်ဖို့အလား အလာရှိထားပါလိမ့်မည်။ သို့သော် အစေခံကျွန်မှာမူ အမွေဆက်ခံဖို့ မျှော်လင့် ချက်မရှိပါ။ သို့သော်၊ နည်းလမ်းမျိုးစုံဖြင့်ကြည့်လျှင် အမွေခံ၏လက်ရှိ အခြေ အနေသည် အစေခံကျွန်၏အခြေအနေထက် ပို၍မထူးခြားပါ။ ဖြစ်လာနိုင်ခြေ ရှိသော ချမ်းသာကြွယ်ဝမှုသည် လက်ရှိအတွက်တန်ဖိုးမရှိပါ။ အကြောင်းမှာ ထိုချမ်းသာကြွယ်ဝမှုကို အသုံးပြုရန်အခွင့်အလမ်းမရှိသောကြောင့်ဖြစ်သည်။

ဓမ္မသစ်ကာလတွင် အစေခံကျွန်တစ်ယောက် သခင်တစ်ယောက်ကို နာခံရသကဲ့သို့ အမွေခံလူငယ်ယောက်ျားလေးသည် အုပ်ထိန်းသူတစ်ဦးကို နာခံရသည်။ အမွေခံလူငယ်ယောက်ျားလေးသည် ဧရာမငွေအမြောက်အမြား ကိုအမွေဆက်ခံရမည်ဖြစ်သော်လည်း သူသည်ထိုအမွေကိုဆက်ခံရမည့် သတ် မှတ်ထားသော အသက်အရွယ်သို့မရောက်မချင်း၊ အုပ်ထိန်းသူသည် သူ့အသက် တာကိုထိန်းချုပ်ထားပါသည်။ သူသည်တာဝန်ဝတ္တရားများကို ကိုင်တွယ်

နိုင်လောက်သည့်အသက်အရွယ်နှင့် ရင့်ကျက်ခြင်းသို့ရောက်ရှိလာပြီဖြစ်ကြောင်း ဖခင်ဖြစ်သူကမဆုံးဖြတ်မချင်း သူသည် မိမိချမ်းသာကြွယ်ဝမှုကို အသုံးမပြုနိုင်ပါ။

ရှင်ပေါလုက ဂလာတိအသင်းသားများအားအရေးကြီးသော သင်ခန်းစာတစ်ခုကို သာဓကဖြင့်ရှင်းပြရန် ဤအချက်ကိုအသုံးပြုခဲ့ပါသည် (ငယ် ၁-၅)။ သူတို့အားလုံးသည် ပညတ်တရား၏ အစေခံကျွန်များဖြစ်နေခဲ့ကြသည်။ ပညတ်တရားသည် သူတို့ကိုအကျဉ်း၌ ချုပ်ထားသည်ဟု ရှင်ပေါလုကပြောခဲ့သည် (၃း၂၂-၂၃)။ ပညတ်တရား၏အောက်၌နေ၍ ဘုရားသခင်ကို စိတ်ကျေနပ်စေရန်အဆက်မပြတ် ကြိုးစားရုန်းကန်ကြသော်လည်း လုံးလုံးမစွမ်းဆောင်နိုင်ခဲ့ကြပါ။ အဆုံးတွင် သူတို့သည်ဘုရားသခင်နှင့်လည်း ပို၍နီးစပ်မလာကြပါ။ ခမည်းတော်သည် မိမိသတ်မှတ်ထားသောအချိန်တွင် မိမိ၏လူမျိုးတို့အတွက်အသေခံရန် မိမိ၏သားတော်ကို စေလွှတ်ခြင်းဖြင့် သူတို့ကိုပညတ်တရားအောက် လွတ်ငြိမ်းစေခဲ့သည်။ ကားတိုင်ထက်၌ အသေခံခြင်းဖြင့် သခင်ယေရှုသည် ကျေးဇူးကြီးမားစွာဖြင့် အပြစ်လွှတ်ခြင်းကိုလည်းကောင်း၊ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်နှင့်ပြန်လည် ဆက်ဆံရင်းနှီးရသောအခွင့်ကိုလည်းကောင်း ထောက်ပံ့ပေးသနားခဲ့သည်။ ရှင်ပေါလု၏အဆိုအရ၊ ဤအရာသည် အုပ်ထိန်းသူပညတ်တရား၏ထိန်းချုပ်မှုမှလွတ်ငြိမ်း၍ ဘုရားသခင်၏သားသမီးများဖြစ်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်သောလမ်းဖြစ်သည်။

ဘုရားသခင်သည် မိမိသားတော်၏ ဝိညာဉ်တော်ကို ယုံကြည်သူများ၏စိတ်နှလုံးထဲသို့ စေလွှတ်ခဲ့သည်။ အခန်းငယ် ၆ အရ၊ ကျွန်ုပ်တို့၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်မျက်မှောက်ပြုခြင်းသည် ခမည်းတော်ဘုရားနှင့် သင့်တင့်မှန်ကန်သောဆက်ဆံရင်းနှီးမှုအတွက် အာမခံကို ကျွန်ုပ်တို့အားပေးပါသည်။ ကျွန်ုပ်တို့၏အထဲ၌ ဘုရားသခင်သွတ်သွင်းထားသော

ဝိညာဉ်တော်က "အဗ္ဗအဘ"ဟု ဟစ်အော်နေပါသည်။ ဤစကားလုံးများတွင် နက်နဲသော နီးစပ်ကျွမ်းဝင်မှုနှင့် အာမခံချက်တို့ ရှိနေပါသည်။ ဤအရာသည် ဘုရားသခင်နှင့် ဆက်ဆံရင်းနှီးရခြင်းကို မသေချာသောသူတစ်ယောက်၏ ဟစ်အော်သံမဟုတ်ပါ။ ဤအရာသည် ချစ်ခင်ကြင်နာတတ်၍ ညင်သာယုယမှု ရှိသောဖခင်တစ်ဦးအတွက် ကလေးငယ်တစ်ယောက်၏ စိတ်ချယုံကြည်မှု အပြည့်ပါသော ဟစ်အော်သံဖြစ်သည်။ ကျွန်ုပ်တို့၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်မျက်မှောက်ပြုခြင်းသည် ကျွန်ုပ်တို့ကိုဘုရားသခင်၏ မိသားစုထဲ၌သွတ်သွင်းပေး၍ ဘုရားသခင်ကိုချစ်ခင်ယုယတတ်သော ကောင်းကင်ဘုံမှကျွန်ုပ်တို့၏အဘအဖြစ်နှင့် ဆက်ဆံရင်းနှီးရခြင်းအတွက် အာမခံချက်ကိုပေးပါသည်။

ဤမျှသာမက၊ ဝိညာဉ်တော်သည် ဘုရားသခင်၏အရင်းအမြစ်များကိုကျွန်ုပ်တို့၏အသက်တာထဲသို့ ထုတ်လွှတ်ပေးပါသည်။ ကျွန်ုပ်တို့သည် အစေခံကျွန်များမဟုတ်၊ ဘုရားသခင်၏သားသမီးများဖြစ်နေကြသောကြောင့် ဘုရားသခင်က မိမိ၏သားတော်၌ ကျွန်ုပ်တို့အတွက် သိုထားသောအရာအားလုံး၏အမွေခံများဖြစ်ကြသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏လုပ်ပိုင်ခွင့်အာဏာပေးခြင်းနှင့် ချမ်းသာစည်းစိမ်တို့ကို ကျွန်ုပ်တို့အလိုရှိသည်အတိုင်း အသုံးပြုဖို့ထားပေးထားပါသည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ ကိန်းဝပ်ရန်ဝင်ရောက်လာသောအချိန်တွင် မိမိနှင့်အတူမိမိ၏ စွမ်းရည်ဆုကျေးဇူးများကိုလည်း ယူဆောင်လာပါသည်။ ဝိညာဉ်တော်သည် သခင်ခရစ်တော်၌ရှိသော ကျွန်ုပ်တို့၏အမွေကို ကျွန်ုပ်တို့ထံ၌ ဖြည့်လွှတ်ပေးဖို့ ရောက်လာခြင်းဖြစ်သည်။

သခင်ခရစ်တော်သည် ကျွန်ုပ်တို့၏အထဲ၌ရှိသော သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့နှင့်ဆက်ဆံရင်းနှီးမှုတစ်ခုကို တံဆိပ်ခတ်

နိုပ်ခဲ့သောကြောင့် ကျွန်ုပ်တို့သည် သခင်ခရစ်တော်၌ မည်သည့်အရာများအား ရှိထားကြသည်ကို ယခုသဘောပေါက်မိပါသလား။ ကျွန်ုပ်တို့၏အထဲ၌ သန့်ရှင်းသောဝိညာဉ်တော်၏အမှုတော်မြတ်အားဖြင့် ဘုရားသခင်၏တန်ခိုးတော်နှင့် ထောက်ကူစွမ်းဆောင်ပေးခြင်းတို့ကို ကျွန်ုပ်တို့အလိုရှိသလို အသုံးပြု၍ရနိုင်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏သားသမီးများ၌ ရှိသောအခွင့်အာဏာကို ရှိထားကြပါသည်။ ကျွန်ုပ်တို့သည် အစေခံကျွန်များမဟုတ်တော့သကဲ့သို့ အုပ်ထိန်းသူတစ်ယောက်၏အောက်၌ အမွေဆက်ခံခြင်းကိုစောင့်စားနေသော သားသမီးများလည်းမဟုတ်ကြတော့ပါ။ ကျွန်ုပ်တို့သည် ထိုချမ်းသာစည်းစိမ်ကို ယခုအသုံးပြုနိုင်ကြပြီဖြစ်သည်။ ကျွန်ုပ်တို့ထဲမှ လူဘယ်နှစ်ယောက်က ကျွန်ုပ်တို့အသုံးပြုရန်အတွက် အဆင်သင့်ဖြစ်နေသော အရင်းအမြစ်များကို အသုံးပြုခဲ့ကြပါသနည်း။ ကောင်းကင်ဘုံရှိ ကျွန်ုပ်တို့အဘ၏စည်းစိမ်ဥစ္စာများသည် ကျွန်ုပ်တို့အလိုရှိသလို အသုံးပြုဖို့ ကျွန်ုပ်တို့၌ရှိထားချိန်တွင် ကျွန်ုပ်တို့သည် အစေခံကျွန် (သို့) အုပ်ထိန်းသူတစ်ယောက်အောက်မှ သားသမီးများသဖွယ် မည်သို့မကြာခဏ ရှင်သန်နေထိုင်ခဲ့ကြပါသနည်း။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်၌အောင်နိုင်သူများထက် သာလွန်သောသူများ (ရောမ ၈း၃၇) ဖြစ်ကြစဉ်တွင် အပြစ်ဒုစရိုက်ကို အဘယ့်ကြောင့်အနိုင်ပိုင်းခွင့်ပေးရမည်နည်း။ ကျွန်ုပ်တို့၏အထဲ၌ သခင်ခရစ်တော်၏အရာခပ်သိမ်းကိုတတ်စွမ်းနိုင်သော ဝိညာဉ်တော်ကိန်းဝပ်ရှင်သန်စဉ်တွင် ကျွန်ုပ်တို့မည်သို့ရှုံးနိမ့်နိုင်ကြပါသနည်း။

အခန်းငယ် ၈-၁၁ တွင် ရှင်ပေါလုက ဂလာတိအသင်းသားများအား ဘုရားသခင်၏သားသမီးများကဲ့သို့မဟုတ်၊ အစေခံကျွန်များကဲ့သို့ ရှင်သန်နေကြသောကြောင့် ပြင်းထန်စွာ အပြစ်တင်ခဲ့သည်။ သခင်ခရစ်တော်အား မသိကျွမ်းမီအချိန်တွင် သူတို့၏အသက်တာသည် စည်းမျဉ်းစည်းကမ်းများနှင့်

နည်းဥပဒေသများ၌ ကျွန်ဖြစ်ခြင်းဖြင့်ဖွဲ့စည်းထားပါသည်။ အစေခံကျွန်တစ်ယောက်နှင့်သားတစ်ယောက်၏ ခြားနားချက်သည် ချမ်းသာကြွယ်ဝမှုနှင့်သာ သက်ဆိုင်သည်မဟုတ်၊ ဆက်ဆံရင်းနှီးမှုနှင့်လည်း သက်ဆိုင်ပါသည်။ အစေခံကျွန်တစ်ယောက်သည် သခင်ဖြစ်သူနှင့် ပတ်သက်နိုးနွှယ်ရာတွင် စည်းမျဉ်းစည်းကမ်းများအတိုင်းသာ ပတ်သက်နိုးနွှယ်ရပြီး၊ သခင်ဖြစ်သူနှင့်ယေဘူယျအားဖြင့် နက်နဲ၍နီးစပ်ကျွမ်းဝင်သော ဆက်ဆံရင်းနှီးမှုမျိုးမရှိပါ။ အခြားတစ်ဖက်တွင် သားတစ်ယောက်သည် မတူကွဲပြားသော ဆက်ဆံရင်းနှီးမှုကိုမွေ့လျော်ရပြီး "အဗ္ဗအဘ"ဟုလည်း ဟစ်အော်နိုင်ပါသည်။ သားတစ်ယောက်သည် အစေခံကျွန်လုံးလုံး မမွေ့လျော်နိုင်သည့် နီးစပ်ကျွမ်းဝင်ရခြင်းနှင့်ဂုဏ်ပြုချီးမြှောက်ခံရခြင်း အရိုက်အရာ၏ အကျိုးကျေးဇူးကို ခံစားရပါသည်။

ကျွန်ုပ်တို့သည်ဘုရားသခင်နှင့် မည်ကဲ့သို့သောဆက်ဆံရင်းနှီးမှုကိုရှိထားကြပါသနည်း။ မြောက်မြားစွာသောလူတို့သည် ကောင်းကင်ဘုံရှိ မိမိတို့၏အဘနှင့်နက်နဲ၍ နီးစပ်ကျွမ်းဝင်သော ဆက်ဆံရင်းနှီးမှုကိုရရှိနိုင်ခဲ့ကြသော်လည်း အစေခံကျွန်အဖြစ်နှင့်ရှင်သန်ရန် ကျေနပ်နေကြပါသည်။ သူတို့၏ယုံကြည်ခြင်းသည် စည်းမျဉ်းစည်းကမ်းများထက် မပိုသကဲ့သို့၊ ဘုရား သခင်နှင့်နက်နဲသောချစ်ခြင်းနှင့် နီးစပ်ကျွမ်းဝင်ခြင်းဆီသို့လည်း ရင့်ကျက်မလာနိုင်ပါ။

ရှင်ပေါလုက "နှစ်၊ လ၊ နေ့ရက်၊ အချိန်ကာလများကို စောင့်ကြပြီတကား။ ငါသည်သင်တို့ဆီမှ အချည်းနှီးကြိုးစားအားထုတ်သည်ဟု သင်တို့၏အကြောင်းကြောင့် စိုးရိမ်လျှက်ရှိ၏" ဟုရေးခဲ့သည် (ဂယ် ၁၀-၁၁)။ ဂလာတိအသင်းသားများသည် သခင်ယေရှု၌ မိမိတို့ပိုင်ဆိုင်ထားသောအရာများကိုသဘောမပေါက်ခဲ့ကြပါ။ သူတို့၏ယုံကြည်ခြင်းသည် စည်းမျဉ်းစည်းကမ်းများနှင့် နည်းဥပဒေသတစ်ခုကို စောင့်ထိန်းလိုက်နာခြင်းဖြင့် ဖွဲ့စည်းထားသော်လည်း၊ မိမိတို့၏ဖန်ဆင်းရှင်နှင့် အသက်ရှင်သောဆက်ဆံရင်းနှီးမှုမျိုးကို မမွေ့

လျော်ခဲ့ကြပါ။ အခန်းငယ် ၉ တွင်ယုံကြည်ခြင်းကို စည်းမျဉ်းစည်းကမ်းများနှင့် နည်းဥပဒေများသို့လျော့ချခြင်းနှင့်ပတ်သက်၍ ရှင်ပေါလု၏အယူအဆကို သတိပြုပါ။ ရှင်ပေါလုက ပညတ်တရားကို "အားမရှိ၊ ချမ်းသာမပေးနိုင်သောတရားနု" ဟုခေါ်ခဲ့သည်။

ဤအချက်ကို ကျွန်ုပ်တို့ပေါ့ပေါ့တန်တန်မထားသင့်ပါ။ ဤစကားလုံးများသည် ပြင်းထန်လေးနက်သော စကားလုံးများဖြစ်ကြသည်။ နေ့ထူးနေ့မြတ်များနှင့် ရက်လများကို လိုက်နာစောင့်ထိန်းခြင်းသည် အမှားမဟုတ်ပါ။ ကျွန်ုပ်တို့သည် မြောက်မြားစွာသောအချိန်များတွင် ဤအစဉ်အလာများကို သခင်ဘုရားအား ဂုဏ်ပြုချီးမြှောက်ခြင်းတစ်ခုအဖြစ် လိုက်နာစောင့်ထိန်းကြပါသည်။ သို့သော်၊ ပြဿနာမှာ ကျွန်ုပ်တို့သည် ဤနည်းဥပဒေများ၏တစ်ဖက်အလွန် အထိသွားရောက်ဖို့ လိုအပ်ခြင်းဖြစ်သည်။ စည်းမျဉ်းစည်းကမ်းများနှင့် နည်းဥပဒေသများဖြင့်သာ ဖွဲ့စည်းထားသောယုံကြည်ခြင်းသည် အလွန်နက်ရှိုင်းမှုမရှိသော ယုံကြည်ခြင်းဧကန်အမှန်ဖြစ်သည်။

သားတစ်ယောက်အဖြစ်နှင့် ကျွန်ုပ်တွင် ကောင်းကင်ဘုံရှိ ကျွန်ုပ်၏အဘနှင့် နှစ်သက်ပျော်ရွှင်ဖွယ်ဆက်ဆံရင်းနှီးမှုတစ်ခုကို ရရှိဖို့အလားအလာရှိသည်။ ဤအရာသည် ကျွန်ုပ်စူးစိုက်သောအရာဖြစ်ရမည်ဖြစ်သည်။ ဆက်ဆံရင်းနှီးမှုမပါသော စည်းမျဉ်းစည်းကမ်းများသည် ကျွန်ုပ်၏စိတ်နှလုံးရှိ လစ်ဟာမှုကြီးကို ဘယ်သောအခါတွင်မျှ ဖြည့်ဆည်းပေးနိုင်လိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်၏အနီးအနားမှ လူများလိုအပ်နေသောအရာသည် နောက်ထပ်စည်းမျဉ်းစည်းကမ်းများနှင့် နည်းဥပဒေများမဟုတ်၊ ကောင်းကင်ဘုံရှိ ကျွန်ုပ်၏အဘနှင့် ဆက်ဆံရင်းနှီးမှုဖြစ်သည်။ နီးစပ်သော ဆက်ဆံရင်းနှီးမှုတွင် ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ကျေနပ်ခြင်း၊ စိတ်ချမ်းသာခြင်းတို့ရှိသည်။ စည်းမျဉ်းစည်းကမ်းများနှင့် နည်းဥပဒေသများကို လိုက်နာစောင့်ထိန်းခြင်းသည်

ကောင်းပါသော်လည်း ထိုအရာသည်ကျွန်ုပ်တို့၏စိတ်ဝိညာဉ်ကို ကယ်တင်နိုင်မည်မဟုတ်သကဲ့သို့ ကျွန်ုပ်တို့စိတ်ဝိညာဉ်၏ တောင့်တမှုကို လည်းဖြည့်ဆည်းပေးနိုင်လိမ့်မည်မဟုတ်ပါ။ ဘုရားသခင်နှင့် ကိုယ်တိုင်ဆက်ဆံရင်းနှီးခြင်းကသာ ဤအရာကိုလုပ်ဆောင်ပေးနိုင်ပါသည်။

ရှင်ပေါလုက ဂလာတိအသင်းသားများအား သခင်ယေရှုနှင့်၎င်းတို့၏ဆက်ဆံရင်းနှီးမှုတွင် မည်သည့်အခြေအနေ၌ ရှိနေကြသည်ကို မေးမြန်းစိစ်ခေါ်ခဲ့ကြသည်။ သူတို့သည် မိမိတို့၏ရသင့်ရထိုက်သောအမွေကို လုံးလုံးမတောင်းဆိုကြသည့် ကလေးသူငယ်များကဲ့သို့ ရှင်သန်နေခဲ့ကြသည်။ သူတို့သည် သခင်ခရစ်တော်၌ရှိသော မိမိတို့၏ဝိညာဉ်ရေးကောင်းကြီးမင်္ဂလာများ၏စည်းစိမ်ကို မမွေ့လျော်ခဲ့ကြပါ။ ဘုရားသခင်ထာဝရဘုရားနှင့် ဆက်ဆံရင်းနှီးရခြင်း၌ ဝမ်းမြောက်မနေကြဘဲ အစေခံကျွန်များအဖြစ်သာ အသုံးတော်ခံနေခဲ့ကြသည်။ ဘုရားသခင်သည် သူတို့ကိုသားသမီးများအဖြစ်နှင့် နီးစပ်ကျွမ်းဝင်ခြင်းထဲသို့ ဝင်ရောက်လာစေလိုခဲ့သောအချိန်တွင် သူတို့သည်မိမိတို့၏ ယုံကြည်ခြင်းကို စည်းမျဉ်းစည်းကမ်းများနှင့် နည်းဥပဒေများသို့ လျှော့ချခဲ့ကြသည်။

ဤကျမ်းချက်သည် ဘုရားသခင်နှင့်ကျွန်ုပ်တို့၏ဆက်ဆံရင်းနှီးမှုကိုလည်းအလေးအနက်စဉ်းစားဆင်ခြင်စေပါသည်။ သခင်ခရစ်တော်အပေါ်၌ထားရှိသော သင့်ယုံကြည်ချက်သည် မည်သည့်အရာမျိုးဖြစ်သနည်း။ စည်းမျဉ်းစည်းကမ်းတစ်ခုကို လိုက်နာခြင်းလား။ ကောင်းကင်ဘုံရှိ သင့်ခမည်းတော်နှင့် ခမည်းတော်၏စည်းစိမ်ဥစ္စာများကို နက်နဲသောနီးစပ်ကျွမ်းဝင်ခြင်းနှင့် မွေ့လျော်ခြင်းလား။

## စဉ်းစားသုံးသပ်ရန်အချက်များ

- သားသမီးနှင့် အစေခံကျွန်၏ခြားနားချက်ကားအဘယ်နည်း။ သင်

သည်မည်သို့ရှင်သန်နေခဲ့ပါသနည်း။ ရှင်းပြပါ။

- ကျွန်ုပ်တို့ခံရသော ဝိညာဉ်ရေးအမွေ၏ အခွင့်ထူးများမှာ အဘယ်နည်း။ သင်သည် ဤအခွင့်ထူးများကိုလက်ရှိ မွေ့လျော်နေပါသလား။
- ခရစ်ယာန်အသက်တာ၌ စည်းမျဉ်းစည်းကမ်းများနှင့် နည်းဥပဒေများ၏ အခန်းကဏ္ဍမှာအဘယ်နည်း။
- စည်းမျဉ်းစည်းကမ်းများနှင့် နည်းဥပဒေများဖြင့်သာ ဖွဲ့စည်းထားသောယုံကြည်ခြင်းကိုရှိထားသည့် သူတစ်ယောက်ယောက်ကို သင်တွေ့ကြုံဖူးပါသလား။ သူတို့၏ခရစ်ယာန်ဘာသာကို သင်မည်သို့ဖော်ကျူးမည်နည်း။

ဆုတောင်းရန်အချက်များ

- ဘုရားသခင်၏ သား(သို့)သမီးအဖြစ်နှင့် ရှင်သန်ခြင်း၏ဆိုလိုရင်းကို နားလည်သဘောပေါက်ဖို့ ကူညီပေးရန် ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။
- ဘုရားသခင်သည် သူ့ကိုနာခံခြင်း၌ ကျွန်ုပ်တို့ကို ရှင်သန်ရန်မျှော်လင့်နေချိန်တွင် သင်နှင့်ဘုရားသခင်၏ဆက်ဆံရင်းနှီးမှုသည် ဘုရားသခင်အတွက် ကျွန်ုပ်တို့လုပ်ဆောင်သောအရာထက် အလွန်နက်နဲနေသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- သခင်ခရစ်တော်၌ရှိသော သင်အလိုရှိသည့်အတိုင်း အသုံးပြုနိုင်သည့် အရင်းအမြစ်များကို ဖော်ထုတ်အသုံးပြုနိုင်ရန် ကူညီမစပေးဖို့ သခင်ဘုရားကို တောင်းလျှောက်ပါ။ သင်လိုအပ်သောအရာခပ်သိမ်းအတွက် ကိုယ်တော်၏ပိုလျှံသော ထောက်ပံ့ပေးကမ်းမှုအတွက် ကျေးဇူးတင်ချီးမွမ်းပါ။

၈

# ဟာဂရနှင့်စာရာ

ဂလာတိ ၄း၁၂-၃၁ ကိုဖတ်ရှုပါ။

> ၂ကော ၃း၁၄-၁၆ တွင် ရှင်ပေါလုက ဤသို့ရေးသားခဲ့သည်။ သူတို့စိတ်နှလုံးသည် မိုက်မဲလျက်ရှိ၍၊ ယခုတိုင်အောင် ဓမ္မဟောင်းကျမ်းစာကို ဘတ်ကြသောအခါ အနက်အဓိပ္ပယ်သည် ဖုံးအုပ်လျက်ရှိ၏။ အကြောင်းမူကား၊ ခရစ်တော်အားဖြင့်သာ ထိုဖုံးအုပ်ခြင်းအကြောင်းကို ပယ်ရှင်းရ၏။ ယခုတိုင်အောင်လည်း၊ မောရှေ၏ကျမ်းစာကို ဘတ်ကြသောအခါ၊ သူတို့စိတ်နှလုံးသည် ဖုံးအုပ်လျက်ရှိသေး၏။ သို့သော်လည်း သခင်ဘုရားထံတော်သို့ ပြောင်းလဲသောအခါ၊ ထိုဖုံးအုပ်ခြင်းအကြောင်းကို ပယ်ရှင်းလိမ့်မည်။

ရှင်ပေါလုကကောရိန္သုအသင်းသားများအား မိမိတို့ကိုယ်ကို မောရှေ၏ပညတ်တရားအောက်၌ သွတ်သွင်းထားသောသူတိုင်းကို ဖုံးကွယ်လွှမ်းခြုံထားသော အဖုံးအအုပ်တစ်ခုရှိသည်ဟု ပြောပြနေခဲ့ပါသည်။ ဤအဖုံးအအုပ်သည်မှောင်မိုက်ခြင်းနှင့် လေးလံခြင်းတို့ကို ဖန်တီးပါသည်။ ပညတ်တရားအောက်၌ ရှင်သန်နေကြသောသူများကို သတိပြုမိရန်မှာ အလွန်လွယ်ကူပါသည်။ သူတို့သည် ဘုရားသခင်၏စံချိန်စံညွှန်းကိုဘယ်သောအခါတွင်မျှ ပြည့်မီမည့်ပုံမပေါ်ပါ။ သူတို့သည် အဆက်မပြတ်ကြိုးစားရုန်းကန်ကြသော်လည်း

ဘယ်တော့မျှ အဆုံးကိုမရောက်နိုင်ခဲ့ကြပါ။ ပညတ်တရားသည် ၎င်းတို့၏ဝမ်းမြောက်ခြင်းနှင့် စိတ်ငြိမ်းချမ်းသာမှုကို နုတ်ယူသွားခဲ့ဟန်ရှိသည်။ သခင်ခရစ်တော်နှင့် ထိုသခင်ကပြီးပြည့်စုံစေခဲ့သော အမှုတော်တစ်ပါးတည်းတွင်သာ ဘုရားသခင်၌ခိုနားရခြင်းနှင့် ဘုရားသခင်နှင့်သင့်မြတ်ခြင်းကို ကျွန်ုပ်တို့သိနားလည်နိုင်ပါသည်။

မိမိစာစောင်၏ ဤအပိုင်းကိုရှင်ပေါလုအစပြုသည်နှင့် သူသည်ဂလာတိအသင်းသားများအား မိမိတို့ပထမအကြိမ် တွေ့ဆုံခဲ့ခြင်းအကြောင်းကို အသိပေးခဲ့သည်။ အခန်းငယ် ၁၃ အရ၊ နာမကျန်းဖြစ်မှုတစ်ခုကြောင့် ရှင်ပေါလုသည် ဂလာတိအသင်းသားများထံ၌ ဧဝံဂေလိတရားတော်(သတင်းကောင်းတရားတော်) ကိုပထမအကြိမ်ဟောပြောခဲ့ရပါသည်။ ဤနာမကျန်းဖြစ်မှု၏ အသေးစိတ်အကြောင်းအရာကို ကျွန်ုပ်တို့မသိပါ။ ထိုအချိန်အတောအတွင်း၌ ရှင်ပေါလုသည် သူတို့၏မိသားစုဝင်တစ်ယောက်ပမာ ဖြစ်လာခဲ့သည် (ငယ် ၁၂)။ ရှင်ပေါလု၏ နာမကျန်းဖြစ်ခြင်းသည် ဂလာတိအသင်းသားများက သူ့ကိုချစ်ခင်လာဖို့ ဖန်တီးခဲ့သယောင်ရှိသည်။ အခန်းငယ် ၁၄ တွင် ရှင်ပေါလုက ဂလာတိအသင်းသားများအား သူတို့သည်သူ့ကို ဘုရားသခင်၏ကောင်းကင်တမန်တစ်ပါးသဖွယ် မည်သို့အသိအမှတ်ပြုလက်ခံခဲ့ကြသည်ကို အသိပေးခဲ့သည်။ သူတို့သည် ရှင်ပေါလုနှင့်သူ၏နာမကျန်းဖြစ်မှုအပေါ်၌ အထင်အမြင်သေးခြင်းကို မပြသခဲ့ကြပါ။ မိမိအတွက် အထောက်အကူဖြစ်မည်ဆိုလျှင် သူတို့သည် ၎င်းတို့၏ မျက်လုံးများကိုပင်ဖောက်ထုတ်၍ မိမိအားပေးခဲ့ကြမည့်အကြောင်းကို ရှင်ပေါလုသိခဲ့ပါသည် (ငယ် ၁၅)။

သူတို့နှင့်အတူရှိစဉ်တွင်၊ ရှင်ပေါလုကသခင်ခရစ်တော်၏ အသေခံခြင်းဖြင့် ပညတ်တရားမှလွတ်မြောက်ခြင်းတရားဒေသနာကို ဟောပြောခဲ့

သည်။ အဖုံးအအုပ်သည် သူတို့၏မျက်စိမှကွာကျသွားခဲ့သည်။ ဂလာတိအသင်းသားများသည် သခင်ဘုရား၌လွတ်မြောက်ခြင်းနှင့်ဝမ်းမြောက်ခြင်းတို့ကို ကြုံတွေ့ခံစားခဲ့ကြသည်။ ဂလာတိအသင်းသားများနှင့်အတူ ရှိနေခဲ့သော ဤအချိန်ကာလကို ရှင်ပေါလုပြန်လည်တွေးကြည့်သောအခါ၊ သူသည် ပျော်ရွှင်ကြည်နူးရသော အခါသမယကို သတိရနေခဲ့သည်။ ရှင်ပေါလုသည် နာမကျန်းဖြစ်နေစေကာမူ၊ ဘုရားသခင်သည် သူ့ကိုကောင်းကြီးပေးခဲ့သည်။ ဂလာတိအသင်းသားများသည် ရှင်ပေါလု၏ဧဝံဂေလိတရားတော် (သတင်းကောင်းတရားတော်) ဟောပြောချက်ကို ဝမ်းပန်းတသာလက်ခံခဲ့ကြသည်။ သူတို့သည် မိမိတို့၏စိတ်နှလုံးများကို ဧဝံဂေလိတရားတော် (သတင်းကောင်းတရားတော်)အတွက် ဖွင့်ဟထားခဲ့ကြပြီး၊ ပညတ်တရားမှလွတ်မြောက်ခြင်းအားဖြင့် သခင်ဘုရား၏ဝမ်းမြောက်ခြင်းကို ကြုံတွေ့ခံစားနိုင်ရန် လွတ်ခြင်းကို ခံခဲ့ကြသည်။

သို့သော် အချိန်များကုန်လွန်လာသည်နှင့်အမျှ၊ မှားယွင်းသောဆရာများသည် ဂလာတိမြို့သို့ရောက်ရှိလာကြပြီး၊ ဂလာတိအသင်းသားများ၏စိတ်နှလုံးကို ပညတ်တရားဆီသို့ ပြန်လှည့်လာစေခဲ့ကြသည်။ ရလာဒ်ကားအဘယ်နည်း။ အခန်းငယ် ၁၅ တွင် ရှင်ပေါလုက “သင်တို့ခံရသောဝမ်းမြောက်ခြင်း ခပ်သိမ်းကမည်သို့ဖြစ်သွားသနည်း” ဟုမေးခဲ့သည်။ ဂလာတိအသင်းသားများသည် ပညတ်တရားဆီသို့ ပြန်သွားခြင်းဖြင့် သခင်ဘုရား၌ရှိသော မိမိတို့၏ဝမ်းမြောက်ခြင်းကို ဆုံးရှုံးခဲ့ကြရပြီး၊ ရှင်ပေါလုကိုလည်းဆန့်ကျင်ခဲ့ကြဟန်ရှိသည် (ငယ် ၁၆)။ သူတို့သည် ရှင်ပေါလုဟောပြောခဲ့သောသမ္မာတရားမှ လှည့်ပြန်၍မိမိတို့ကိုယ်ကို အဖုံးအအုပ်အောက်သို့ ပြန်လည်သွတ်သွင်းခဲ့ကြသည်။ သူတို့သည် မိမိတို့၏ယုံကြည်ခြင်းကို စည်းမျဉ်းစည်းကမ်း

များနှင့် နည်းဥပဒေများသို့ လျှော့ချခဲ့ကြသည်။ သူတို့သည် သခင်ခရစ်တော် ပြီးပြည့်စုံစေခဲ့သော အမှုတော်ကို မယုံကြည်ကြတော့ပါ။ သူတို့သည်မိမိတို့၏ အကျင့်ကုသိုလ်အားဖြင့် ဘုရားသခင်၏မျက်နှာသာပေးမှုကို ထိုက်တန်စွာ ရရှိဖို့ ကြိုးစားအားထုတ်နေခဲ့ကြသည်။

ရှင်ပေါလုက ဤမှားယွင်းသောဆရာများအလွန်စိတ်အား ထက်သန် ခြင်းရှိကြသော်လည်း၊ လွဲမှားနေကြသည့်အကြောင်း ဂလာတိအသင်းသားများ အားသတိပေးခဲ့သည်။ သူတို့သည် ဂလာတိအသင်းသားများကို တမန်တော် တို့၏ရှင်းလင်းပြတ်သားသောသွန်သင်ခြင်းမှ သီးခြားခွဲထားချင်ခဲ့ကြသကဲ့သို့ မိမိတို့အတွက် နောက်လိုက်တစ်သိုက်ကိုလည်း လိုချင်ခဲ့ကြသည် (ငယ် ၁၇)။ ရှင်ပေါလုက ဂလာတိအသင်းသားများအား သူတို့ထံ၌မိမိသွန်သင်ပေးခဲ့သော သမ္မာတရားအတွက် စိတ်အားထက်သန်နေကြ၍၊ မိမိမရှိစဉ်တွင်လည်း ထိုတ ရားမှ စွန့်ခွါမသွားကြဖို့ တိုက်တွန်းခဲ့သည် (ငယ် ၁၈)။

ရှင်ပေါလုသည် ဂလာတိအသင်းသားများကို မိမိ၏ချစ်ရသော ဝိညာဉ်ရေး သားသမီးများအဖြစ် ရှုမြင်ခဲ့သည် (ငယ် ၁၉)။ သူသည်၎င်းတို့ကို သခင်ခရစ်တော်ထံသို့ ဆောင်ယူလာခဲ့ပြီး၊ ထိုအရာကို နာကျင်ခြင်း၊ ခက်ခဲခြင်း တို့အားဖြင့် ပြုလုပ်ခဲ့ရသည်။ ရှင်ပေါလုသည် နာမကျန်းဖြစ်ခြင်းနှင့်အတူ ဂလာတိအသင်းသားများထံသို့ ရောက်လာခဲ့ကြောင်းကို ကျွန်ုပ်တို့သိရှိခဲ့ပြီး ဖြစ်သည်။ သို့သော်၊ ရှင်ပေါလုသည် ဧဝံဂေလိတရားတော် (သတင်းကောင်း တရားတော်) ကိုဟောပြောခြင်းအတွက် ထိုနာမကျန်းဖြစ်ခြင်းထက်ပင်ပို၍ ဆင်းရဲဒုက္ခခံစားခဲ့ရသည်။ ဤဆင်းရဲခြင်းဒုက္ခကို အမျိုးသမီးတစ်ဦး သားဖွား ရာ၌ ခံစားရသော နာကျင်မှုနှင့်သူနှိုင်းယှဉ်ခဲ့သည်။ ရှင်ပေါလု၏ ဤဆင်းရဲ ခြင်းဒုက္ခကြောင့် ဂလာတိအသင်းသားများက သူ့ကိုချစ်ခင်လာခဲ့ကြသကဲ့သို့

ဤဆင်းရဲခြင်းဒုက္ခကြောင့် ဂလာတိအသင်းသားများကို သူချစ်ခင် မြတ်နိုးခဲ့ရပါသည်။ ဤဂလာတိအသင်းသားများသည် ရှင်ပေါလု၏ သားသမီးများဖြစ်ကြပြီး၊ သူတို့သည်မိမိတို့၏ ယုံကြည်ခြင်း၌ ရင့်ကျက်လာကြသည်ကို မြင်တွေ့ရဖို့ ရှင်ပေါလုမှာ စစ်ကြောခြင်းအမျိုးမျိုးကို ဖြတ်သန်းခဲ့ရသည်။ မှားယွင်းသောဆရာများကြောင့် သခင်ခရစ်တော်၌ရှိသော သူတို့၏လွတ်လပ်ခြင်းအားဖျက်ဆီးခံရသည်ကို မြင်တွေ့ရသောအခါ ရှင်ပေါလုအလွန်စိတ်ပျက်ဝမ်းနည်းခဲ့ရပါသည်။ အခန်းငယ် ၂၀ တွင် ရှင်ပေါလုက ဂလာတိအသင်းသားများအားသမ္မာတရားဆီသို့ သူတို့ကိုပြန်လည်ဆောင်ယူသွားဖို့ ဖြစ်နိုင်လျှင် သူတို့နှင့်အတူရှိချင်ကြောင်း ဆန္ဒပြုခဲ့သည်။

ဂလာတိအသင်းသားများထံအား ပညတ်တရားအောက်၌အသက်ရှင်ခြင်းနှင့် ကျေးဇူးတော်အောက်၌အသက်ရှင်ခြင်းတို့၏ ခြားနားချက်ကိုသာဓကဖြင့်ပြရန် ရှင်ပေါလုသည် ဓမ္မဟောင်းအဖြစ်အပျက်တစ်ခုကို အသုံးပြု၍ဟာဂရ၏သား (ကမ္ဘာဦး ၁၆း၁-၆)နှင့် စာရာ၏သား (ကမ္ဘာဦး ၂၁း၁-၇) တို့ကိုနှိုင်းယှဉ်ခဲ့သည်။ ရှင်ပေါလုက ဂလာတိအသင်းသားများအားအာပြဟံသည် ဤသားနှစ်ယောက်ဖြစ်သောဣရှမေလနှင့်ဣဇက်တို့အားမည်သို့ထွန်းကားခဲ့ကြောင်းကိုလည်းကောင်း၊ ဂလာတိအသင်းသားများသည်မိမိတို့ကိုယ်ကိုမှားယွင်းသော သားနှင့်ထပ်တူပြု ပေါင်းစည်းခြင်းအန္တရာယ်အတွင်း၌ ရှိနေကြကြောင်းကိုလည်းကောင်း အသိပေးခဲ့သည်။ ဣရှမေလ၏မိခင်ဟာဂရသည် ကျွန်တစ်ဦးဖြစ်ပြီး၊ ဣရှမေလသည် သဘာဝဖြစ်ရိုးဖြစ်စဉ်အတိုင်းမွေးဖွားလာသောသူဖြစ်သည်။ ဤအရာသည် လူ့ကြိုးစားအားထုတ်မှုအား မှီခိုအားထားခြင်းကိုပုံဆောင်နေပါသည်။ ဣဇက်မှာမူ သဘာဝလွန်နည်းလမ်းဖြင့် မွေးဖွားခဲ့ပြီး၊ ထိုအရာသည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်

၏ကျေးဇူးတော်၌ မှီခိုအားထားခြင်းကို ပုံဆောင်ပါသည်။ ဣဇက်သည်မြဲနေသောသက်ကြီးအမျိုးသမီးတစ်ဦးထံ၌ပြုခဲ့သော ဘုရားသခင့်ကတိတော်နှင့်အံ့ဖွယ်အမှုတော်၏ရလာဒ်အနေဖြင့် မွေးဖွားခဲ့သည်။ ဣဇက်သည်ကျေးဇူးတော်အားဖြင့်ဖွားမြင်သော သားထူးဖြစ်သည် (ငယ် ၂၂-၂၃)။

ရှင်ပေါလုသည် ပညတ်တရားနှင့်ကျေးဇူးတော်တည်းဟူသော မတူကွဲပြားသည့်ပဋိညာဉ်တရားနှစ်ပါးကို တင်ပြဆွေးနွေးရန် ဟာဂရနှင့်စာရာတို့ကိုအသုံးပြုခဲ့သည် (ငယ် ၂၄)။ မိမိ၏သားကို သဘာဝဖြစ်ရိုးဖြစ်စဉ် (ဇာတိပကတိ) အတိုင်းမွေးဖွားခဲ့သော ဟာဂရသည် ဘုရားသခင်ထံမှ ပညတ်တရားကိုမောရှေလက်ခံခဲ့သည့် နေရာဖြစ်သော သိနာတောင်ကိုကိုယ်စားပြုသည်။ သူမသည် ပညတ်တရားအောက်၌ ဘုရားသခင်ကို လူ့ကြိုးစားအားထုတ်မှုဖြင့်ကျေနပ်စေခြင်းကို ကိုယ်စားပြုသည် (ငယ် ၂၅၊ ၃း၂၃)။ အခြားတစ်ဖက်တွင် မိမိ၏သားကို မိမိကလေးမွေးဖွားရန် ဖြစ်နိုင်ချေလုံးလုံးမရှိတော့သည့်အချိန်၌ သဘာဝလွန်နည်းလမ်းဖြင့် မွေးဖွားခဲ့သောစာရာသည် သခင်ယေရှု၏ကျေးဇူးတော်အားဖြင့် သဘာဝလွန်အံ့ဖွယ်အသက်တာကို ရရှိထားကြသောသူများကို ကိုယ်စားပြုသည်။ သူမသည် တစ်ဖန်ဖွားမြင်ခြင်းအံ့ဖွယ်ဖြစ်ရပ်ဆန်းအားဖြင့် အသစ်သောအသက်တာကို ရရှိထားသောသူများအား ကိုယ်စားပြုသည်။ အာဗြဟံထံ၌ပြုခဲ့သော ဘုရားသခင်၏ကတိတော်သည် စာရာနှင့်သူမ၏သားအားဖြင့်ပြည့်စုံခဲ့ပါသည်။ အာဗြဟံ၏အမွေသည် ဇာတိပကတိအားဖြင့်ဖွားမြင်ခဲ့သော အစေခံကျွန်မ၏သားအပေါ်၌ ရောက်ရှိမည်မဟုတ်၊ ကျေးဇူးတော်အံ့ဖွယ်ဖြစ်ရပ်ဆန်းတစ်ခု၏ ရလဒ်အဖြစ်နှင့် ဖွားမြင်ခဲ့သောသားအပေါ်၌ ရောက်ရှိခဲ့ပါလိမ့်မည်။ အလားတူပင်၊ ဘုရားသခင်သည် မိမိ၏ရည်ရွယ်ချက်များကို မိမိအားလူ့ကြိုးစားအားထုတ်မှုများဖြင့် ကျေနပ်

စေရန်ကြိုးစားရုန်းကန်နေကြသော ပညတ်တရားအောက် ၌ရှင်သန်သောသူတို့အားဖြင့်မဟုတ်၊ သဘာဝလွန် တစ်ဖန်ဖွားမြင်ခြင်း အံ့ဖွယ်ဖြစ်ရပ်ဆန်းအားဖြင့် အသစ်သောအသက်တာ၌ လျှောက်လှမ်း ရှင်သန်ကြသောသူများမှ တဆင့်ပြီးပြည့်စုံစေလိုခဲ့သည်။

ရှင်ပေါလုသည် ဟေရှာယကမိမိ၏လူတို့အား မြုံနေသောအမျိုးသမီး၏ကောင်းကြီးမင်္ဂလာသည် ခင်ပွန်းရှိသောအမျိုးသမီး၏ ကောင်းကြီးမင်္ဂလာထက်သာ၍ကြီးမားခဲ့လိမ့်မည်ဟု အသိပေးခဲ့သည့် ဟေရှာယ ၅၄း၁ ကိုကိုးကားခဲ့သည် (၄ယ် ၂၇)။ ရှင်ပေါလုက ဂလာတိအသင်းသားများအား ၄င်းတို့သည် စာရာ၏သားသမီးများ၊ ကတိတော်နှင့်စပ်ဆိုင်သော သားသမီးများဖြစ်ကြသည်ဟု အသိပေးခဲ့သည်။ သူတို့၏အထဲ၌ရှိသော သခင်ခရစ်တော်၏အသက်တာသည် လူဇာတိပကတိ၏ ကြိုးစားအားထုတ်မှုမှ ဖြစ်တည်လာသောအရာမဟုတ်ပါ။ သဘာဝအားဖြင့် ကလေးမရနိုင်တော့သည့် စာရာထံ၌ ဣဇာက်ကို ပေးခဲ့သကဲ့သို့ ၄င်းတို့အထဲမှသခင်ခရစ်တော်၏ အသက်တာသည် ဘုရားသခင်ထံမှလာသော အံ့ဖွယ်လက်ဆောင်တစ်ပါးဖြစ်ခဲ့သည်။

ဤသည်မှာ ကျွန်ုပ်တို့အတွက် သခင်ယေရှုလုပ်ဆောင်ပေးသောအရာဖြစ်သည်။ ကိုယ်တော်သည် မိမိ၏အသက်တာကို အလွန်အံ့ဖွယ်ကောင်းသောနည်းလမ်းဖြင့် ကျွန်ုပ်တို့၏အထဲ၌ သွတ်သွင်းခဲ့သည်။ စာရာကဲ့သို့ပင်၊ ကျွန်ုပ်တို့သည်လည်း ထိုအသက်တာကို သဘာဝနည်းလမ်း (သို့) လူကြိုးစားအားထုတ်မှုဖြင့် မဖန်တီးနိုင်ပါ။ ထိုအရာသည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်က ကျွန်ုပ်တို့ကိုပေးသနားခဲ့သော လက်ဆောင်တစ်ပါးဖြစ်သည်။

ဣရှမေလသည် ဣဇာက်ကိုပျက်ရယ်ပြု၍ ညှင်းဆဲခဲ့သကဲ့သို့ ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် တစ်ဖန်ဖွားမြင်ခြင်းကို ခံရသူတိုင်းသည်လည်း

ထိုအတိုင်းခံရမည်ဖြစ်သည် (ငယ် ၂၉)။ ကယ်တင်ခြင်းသည် ပညတ်တရားအားဖြင့်မဟုတ်၊ သခင်ခရစ်တော်အားဖြင့် ဖြစ်တည်သည်ဟူသော ဤအယူဝါဒကိုရှင်ပေါလုသွန်သင်ပေးခဲ့သည့်နည်းတူ ဤညှင်းဆဲခြင်းကို သူကြုံတွေ့ခံစားခဲ့ရသည်။ အစေခံကျွန်မ၏သားဖြစ်သော ဣရှမေလသည် အစေခံကျွန်မဟုတ်သောသူ၏သားဖြစ်သော ဣဇာက်၏အမွေကိုမျှဝေမခံရဟူသော ဘုရားသခင်၏ နှုတ်ကပတ်တော်မှာ အလွန်ရှင်းလင်းနေကြောင်း ဂလာတိအသင်းသားများအား အသိပေးခဲ့သည်။ ဤနေရာ၌ပြောပြထားသောအရာကို ကျွန်ုပ်တို့နားလည်သဘောပေါက်ဖို့ အလွန်အရေးကြီးသည်။ ပညတ်တရားအောက်၌ ရှင်သန်သောသူတို့သည် မိမိတို့၏အမွေကို သခင်ခရစ်တော်၌ ခံကြရမည်မဟုတ်ပါ။ သင်သည်ဖခင်၏ ကောင်းကြီးမင်္ဂလာကို အမွေခံလိုလျှင် ထိုဖခင်၏သားအဖြစ်နှင့် ဖွားမြင်လာဖို့ လိုအပ်သည်။ ဘုရားသခင့်ဝိညာဉ်တော်၏ အံ့ဖွယ်အမှုတော်အားဖြင့် တစ်ဖန်ဖွားမြင်ခြင်းကို ခံရသောသူများသာလျှင် ကောင်းကင်ဘုံရှိ မိမိတို့၏အဖထံမှ ကောင်းကြီးမင်္ဂလာများကို အမွေခံနိုင်ပါသည်။ သားဖြစ်သူ၏ကောင်းကြီးမင်္ဂလာကို အစေခံကျွန်က အမွေခံရလိမ့်မည်မဟုတ်ပါ။ ဤအရာက ဂလာတိအသင်းသားများအား ဟာဂရနှင့် ပညတ်တရား၏လမ်းစဉ်များနှင့် ၎င်းတို့နှီးနွှယ်ဆက်စပ်နေကြခြင်းသည် ၎င်းတို့အတွက် အကျိုးမရှိသကဲ့သို့ ၎င်းတို့၏အသက်တာအတွက် ထားရှိသောဘုရားသခင်၏ရည်ရွယ်ချက်နှင့်လည်း ဆန့်ကျင်နေကြောင်း အသိပေးခဲ့ပါသည်။

ယနေ့တွင် သင်သည်မည်သူ့သားသမီးဖြစ်သနည်း။ သင်သည် ဘုရားသခင်ကို အားရကျေနပ်စေဖို့နှင့် ဘုရားသခင်၏မျက်နှာသာပေးမှုကို ရရှိဖို့ လူ့ကြိုးစားအားထုတ်မှုဖြင့် ရှာကြံနေသောအစေခံကျွန်မ ဟာဂရ၏သား (သို့)

သမီးလား။ သို့မဟုတ် သင်သည်ဘုရားသခင်၏ သားသမီးအဖြစ်နှင့် အံ့ဖွယ်ဆန်းကြယ်စွာ ဖွားမြင်၍၊ ဘုရားသခင်က မိမိနှင့်စပ်ဆိုင်သောသူတိုင်း၌ ကျေးဇူးကြီးစွာဖြင့် အခမဲ့ပေးသနားသော ကောင်းကြီးမင်္ဂလာကိုအမွေခံရသူ စာရာ၏သား (သို့) သမီးလား။

စဉ်းစားသုံးသပ်ရန်အချက်များ

- မိမိတို့ကိုယ်ကို ပညတ်တရားအောက်၌ သွတ်သွင်းနေကြသောသူများသည် မိမိတို့၏အသက်တာ၌ သခင်ဘုရား၏ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းတို့ကို မည်သို့စွန့်လွှတ်နေကြပါသနည်း။ ပညတ်တရား၌ ဘုရားသခင်က ကျွန်ုပ်တို့အတွက်ချမှတ်ထားသော စံချိန်စံညွှန်းကို ကျွန်ုပ်တို့ဖြည့်ဆည်းနိုင်ကြပါသလား။
- ဣဇာက်ကဲ့သို့ ကတိတော်နှင့်စပ်ဆိုင်သောသားဖြစ်လျှက် အစေခံကျွန်မ၏သား ဣရှမေလကဲ့သို့ နေထိုင်မိရန်မှာ ဖြစ်နိုင်ပါသလား။ ပညတ်တရားအောက်၌ ရှင်သန်သောသူတစ်ယောက်၏ထူးခြားသောလက္ခဏာများမှာ အဘယ်နည်း။
- ဣဇာက်၏ အံ့ဖွယ်ဖွားမြင်ခြင်းက သခင်ယေရှုကိုမိမိတို့၏အသက်တာ၌ ယနေ့ယုံကြည်လက်ခံထားသောသူများတွင်ဖြစ်ပျက်သောအရာနှင့် ကျွန်ုပ်တို့မည်သို့ခိုင်းနှိုင်းကြည့်နိုင်သနည်း။
- ဘုရားသခင်ကို ကျေနပ်အားရစေရန်နှင့် ဘုရားသခင်၏မျက်နှာသာပေးမှုကို ထိုက်တန်စွာရရှိဖို့ သင့်ရဲ့ကိုယ်တိုင်ကြိုးစားအားထုတ်မှုကို သင်ယုံကြည်ပါသလား။ လက်ခံအသိအမှတ်ပြုခြင်းခံခဲ့ရပြီးပြီဟူသောအသိစိတ်မှ အသုံးတော်ခံခြင်းနှင့် ဘုရားသခင်၏သဘောကျ

နှစ်သက်မှုနှင့် မျက်နှာသာပေးမှုတို့ကို ရရှိဖို့ရှာကြံသည့် အသိစိတ်မှ အသုံးတော်ခံခြင်းတို့၏ ခြားနားချက်မှာအဘယ်နည်း။

ဆုတောင်းရန်အချက်များ

- ကတိတော်နှင့်စပ်ဆိုင်သော သားသမီးကဲ့သို့ ရှင်သန်နိုင်ရန်သင့်ကို ကူညီမစပေးဖို့ ဘုရားသခင်ကိုတောင်းလျှောက်ပါ။
- သင်သည် သင့်ရဲ့ကြိုးစားအားထုတ်မှုဖြင့် ဘုရားသခင်၏ မျက်နှာသာပေးမှုကို ထိုက်တန်စွာရရှိခဲ့သောကြောင့် သင့်ကိုလက်ခံခဲ့ခြင်း မဟုတ်ပဲ၊ ဘုရားသခင်၏သားသမီးတစ်ယောက်ကဲ့သို့ ဖွားမြင်ခဲ့သောကြောင့် သင့်ကိုလက်ခံပေးသည့်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- သင့်ဘက်မှမည်သည့်ကြိုးစားအားထုတ်မှုများမှ မပါဘဲ၊ သခင်ခရစ်တော်အားဖြင့် အကြွင်းမဲ့အသိအမှတ်ပြုလက်ခံခံရခြင်းမှ ရောက်ရှိလာသောဝမ်းမြောက်ခြင်းအတွက် သခင်ဘုရားကိုကျေးဇူးတင်ချီးမွမ်းပါ။
- မိမိတို့၏အထဲ၌ သခင်ခရစ်တော်၏အသက်တာ လိုအပ်နေမှုကို သဘောမပေါက် နားမလည်သောသောသူများကိုသင်သိပါသလား။ ဘုရားသခင်သည် ကိုယ့်ကိုယ်ကို ထိုသူတို့ထံ၌ ဖော်ထုတ်ပြသမည့်အကြောင်း ဘုရားသခင်ကိုတောင်းလျှောက်ပါ။

၉

## အရေဖျားလှီးခြင်းအကြောင်းဟောပြောခြင်း

ဂလာတိ ၅း၁-၁၅ ကိုဖတ်ရှုပါ။

အခန်းကြီး ၄ တွင်ရှင်ပေါလုက ဂလာတိအသင်းသားများအား ၄င်းတို့သည် အစေခံကျွန်မဟုတ်သော စာရာ၏သားသမီးများဖြစ်ကြပြီး၊ ၄င်းတို့သည် သခင်ခရစ်တော်၌ရှိသော မိမိတို့၏လွတ်လပ်မှု၌ ရှင်သန်ကြဖို့ လိုအပ်ကြောင်းပြောပြခဲ့သည်။ သူတို့သည် ဘုရားသခင်၏သားသမီးများအဖြစ်နှင့် မိမိတို့၏အမွေကို ပြန်လည်ရယူ၍ ပညတ်တရားအောက်၌မဟုတ်ဘဲ၊ သခင်ခရစ်တော်၌ သူတို့၏အကြွင်းမဲ့လက်ခံအသိအမှတ်ပြုခံရခြင်း၏ လွတ်လပ်မှု၌ ရှင်သန်ကြဖို့လိုအပ်ခဲ့သည်။ အခန်းကြီး ၅ ၏ပထမဆုံးကျမ်းပိုဒ်တွင် ရှင်ပေါလုက ဂလာတိအသင်းသားများအား သူတို့သည်ပညတ်တရားအောက်မှ သခင်ယေရှုအားဖြင့်လွတ်ခြင်းခံခဲ့ကြပြီဖြစ်ကြောင်း တစ်ဖန် ပြောပြထားသည်။ သူတို့သည် မောရှေ၏ပညတ်တရား၌ဆက်လက်၍ ချည်နှောင်ခံနေခြင်းသည် သခင်ဘုရား၏အလိုတော်မဟုတ်ကြောင်း ပြောပြခဲ့သည်။ သူတို့၏လွတ်လပ်မှုသည် သခင်ခရစ်တော်၏အသက်ကို စတေးစေခဲ့သည်။ ထိုသို့အဖိုးအခကြီးကြီးပေး၍ သူတို့ကိုကျေးကျွန်မှ လွတ်မြောက်စေခဲ့ချိန်တွင်

သူတို့သည်ထိုကျေးကျွန် ဘဝသို့မည်သို့ပြန်သွားနိုင်ခဲ့ကြပါသနည်း။

ရှင်ပေါလုသည် အခန်းငယ် ၁ တွင်လေးနက်ပြင်းထန်သော အချက်တစ်ချက်ပြောခဲ့သည်။ ရှင်ပေါလုက "ထို့ကြောင့်ခရစ်တော်သည် ငါတို့ကို လွှတ်တော်မူသော လွတ်ခြင်းအခွင့်၌ တည်နေသဖြင့်၊ ကျွန်ခံရာထမ်းပိုးကို ထမ်း၍ ချည်နှောင်ခြင်းကို တစ်ဖန်မခံကြနှင့်" ဟုပြောခဲ့သည်။ ရှင်ပေါလုသည် "တည်နေသဖြင့်" (တည်နေကြလော့) ဟူသော ဤအသုံးအနှုန်းကို ဧဖက် ၆း၁၄ ၌ဝိညာဉ်တိုက်ပွဲအကြောင်းကိုပြောခဲ့ချိန်တွင် အသုံးပြုခဲ့သည် (ယုဒသန်ကျမ်းတွင် ဧဖက် ၆း၁၅ "ခံရပ်ကြလော့")။ ကြံ့ကြံ့ခံရပ်တည်ခြင်းဟူသော အယူအဆအား ခြေဖနောင့်ကိုဖိစိုက်ထား၍ ရန်သူထံ၌အညှဲ့ခံရန် ငြင်းပယ်နေသော စစ်သားတစ်ယောက်ဖြင့် သာဓကပြနိုင်ပါသည်။ ပညတ်တရားအောက်သို့ပြန်လည်ရောက်ရှိသွားမည့်အရေးကို ရှင်ပေါလုက အလွန်အလေးအနက်ထားခဲ့သည်။ ရှင်ပေါလုအတွက် ပညတ်တရားသည် စစ်မှန်သော ယုံကြည်သူ၏အသက်တာတွင် နေရာမရှိပါ။ ထို့ကြောင့် ဂလာတိအသင်းသားများအား ၎င်းတို့၏အလယ်၌ရှိနေသည့် မှားယွင်းသော သွန်သင်ချက်ကိုအစွမ်းရှိသမျှ ခုခံတိုက်လှန်ကြဖို့ စိန်ခေါ်ခဲ့သည်။

ဤအပိုင်းတွင် ရှင်ပေါလုသည် အရေဖျားလှီးခြင်းလုပ်ရပ်အကြောင်းကို စူးစိုက်ထားသည်။ ရှင်ပေါလုသည် အရေဖျားလှီးခြင်းအကြောင်းကို ပြောဆိုသောအခါ သူသည်အာဗြဟံထံ၌ ဘုရားသခင်ပြုခဲ့သော ပဋိညာဉ်၏လက္ခဏာသက်သေအကြောင်းကို ပြောနေခြင်းဖြစ်သည် (ကမ္ဘာဦး ၁၇း၉-၁၄)။ ဘုရားသခင်သည် ဣသရေလ သားယောကျ်ားတိုင်းကို အရေဖျားလှီးခြင်းခံယူကြဖို့ ပြဋ္ဌာန်းခဲ့သည်။ ဤအရာသည် သူတို့ကိုဘုရားသခင်နှင့်စပ်ဆိုင်သောသူများဖြစ်ကြောင်းပြသသည့် လက္ခဏာသက်သေတစ်ခုဖြစ်သည်။ ဤလက္ခဏာသက်

သေကို မိမိတို့၏ကိုယ်၌ မရှိထားသောသူတိုင်းသည် ဘုရားသခင်၏လူမျိုးများမှ ဖယ်ရှားခြင်းကို ခံရဖို့ဖြစ်သည်။ အရေဖျားလှီးခြင်းမခံယူသော အမျိုးသားများသည် ဘုရားသခင်နှင့် မစပ်ဆိုင်နိုင်ပါ။

သို့သော်သခင်ခရစ်တော်၏အောက်၌ အရာခပ်သိမ်းပြောင်းလဲခဲ့သည်။ အခန်းငယ် ၂ တွင်ရှင်ပေါလု၏အဆိုအရ လူတစ်ယောက်သည် ဘုရားသခင်၏ မျက်နှာသာပေးမှုကို ရရှိဖို့အလို့ငှါ အရေဖျားလှီးခြင်းကို ခံယူခဲ့လျှင် ထိုသူသည် သခင်ခရစ်တော်၏ အသေခံခြင်းကို အချည်းနှီးသောအရာဖြစ်စေသည်ဟု ပြောဆိုနေခြင်းသာဖြစ်သည်။ မိဘများသည် သားဖြစ်သူကို အရေဖျားလှီးခြင်းခံယူစေခြင်းဖြင့် ထိုသားကိုဘုရားသခင်၏မိသားစု၌နေရာတစ်နေရာအာမခံနေကြလျှင် ထိုမိဘများသည် သခင်ခရစ်တော်ပြုလုပ်ခဲ့သော အမှုတော်ကို ဆုတ်ယုတ်စေနေကြပါသည်။

အရေဖျားလှီးခြင်း (သို့) အခြားသော လူ့ကြိုးစား အားထုတ်မှုတစ်ခုခုကလူတစ်ယောက်ကို ကောင်းကင်ဘုံဝင်စားစေနိုင်လျှင် အဘယ်ကြောင့်သခင်ခရစ်တော်အသေခံဖို့ လိုအပ်ခဲ့မည်နည်း။ သခင်ခရစ်တော်အား ယဇ်ကောင်အဖြစ်ပူဇော်ခြင်းသည် ကယ်တင်ခြင်းအတွက် ဘာသာရေးဓလေ့များအတိုင်းလုပ်ဆောင်ခြင်းကို ကိုးစားသောသူများ၌ အကျိုးမဖြစ်စေပါ။ အခန်းငယ် ၃ တွင် ရှင်ပေါလုက ဂလာတိအသင်းသားများအား ၎င်းတို့သည် ဘုရားသခင်၏မျက်နှာသာပေးမှုကို ပညတ်တရားအားစောင့်ထိန်းခြင်းဖြင့် ရရှိလိုလျှင်ပညတ်တရားတစ်ခုလုံးကို ပြည့်ပြည့်စုံစုံစောင့်ထိန်းရမည်ဖြစ်သည်ဟု အသိပေးခဲ့သည်။ သို့သော်၊ မောရှေ၏ပညတ်တရားကို ပြည့်စုံစွာသူတို့ မစောင့်ထိန်းနိုင်ခဲ့လျှင် ၎င်းတို့သည်အပြစ်ဒုစရိုက်ကို လက်ခံသည့်သန့်ရှင်းသောဘုရားသခင်နှင့် သီးခြားခွဲထားခံရသောအပြစ်သားများသာ

ဖြစ်လျှက်နေကြသည်။ ပညတ်တရားနှင့် စပ်ဆိုင်သောပဋိညာဉ်တရားဆီသို့ ပြန်သွားခြင်းသည် အမှန်တွင် သခင်ခရစ်တော်နှင့် ထိုသခင်၏ကျေးဇူးတော်ကို မိမိတို့မလိုအပ်ခဲ့ကြောင်း၊ မိမိတို့၏ကိုယ်တိုင်ကြိုးစားအားထုတ်မှုများဖြင့် ဘုရားသခင်၏မျက်နှာသာပေးမှုကို ထိုက်တန်စွာရရှိနိုင်သည်ဟု ပြောဆိုနေခြင်းသာဖြစ်သည်။

ရှင်ပေါလုက ဂလာတိအသင်းသားများအား ၎င်းတို့သည် ရွေးချယ်မှုတစ်ခုကို ပြုလုပ်ဖို့လိုအပ်ကြောင်းပြောပြခဲ့သည်။ သူတို့သည် ပညတ်တရား၏လမ်းစဉ်ကို ယုံကြည်ကိုးစား၍ မိမိတို့၏ဘဝတစ်လျှောက်လုံးက ထိုပညတ်တော်ကို တိတိကျကျလိုက်နာမည်လား (သို့) သခင်ခရစ်တော်ပြုခဲ့သောအမှု၌အကြွင်းမဲ့ယုံကြည်ကိုးစားမည်လား။ ကျွန်ုပ်တို့သည် လမ်းစဉ်နှစ်ခုလုံးကို တချိန်တည်းမလိုက်လျှောက်နိုင်ပါ။ တစ်ခုမဟုတ်အခြားတစ်ခုကို လိုက်လျှောက်ကြရမည်ဖြစ်သည်။ သို့သော်၊ ရှင်ပေါလုက ဂလာတိအသင်းသားများအား ပညတ်တရား၏လမ်းစဉ်သည် အဆုံးတွင် ရှုံးနိမ့်ခြင်းနှင့်လည်းကောင်း၊ ကယ်တင်ပိုင်သောကျေးဇူးတော်နှင့်လည်းကောင်း ကင်းကွာရခြင်းကိုသာဖြစ်စေခဲ့ပါလိမ့်မည်ဟု အသိပေးခဲ့ပါသည် (ငယ် ၄)။

ရှင်ပေါလု၏အဆိုအရ၊ ပညတ်တရားနှင့် လူ့ကြိုးစားအားထုတ်မှုများအပြင်အခြားရွေးချယ်စရာလမ်းမှာ သခင်ခရစ်တော်ထံမှလာသော ဖြောင့်မတ်ခြင်းကို ယုံကြည်ခြင်းအားဖြင့် စောင့်စားခြင်းဖြစ်သည်(ငယ် ၅)။ ရှင်ပေါလုသည်ဤသို့ပြောဆိုခြင်းဖြင့် မည်သည့်အရာကို ဆိုလိုခဲ့ပါသနည်း။ ဤနေရာ၌ ရှင်ပေါလုပြောပြနေသော ဖြောင့်မတ်ခြင်းသည် ဘုရားသခင်၏ရှေ့တော်၌ ဖြောင့်မှန်သော ရပ်တည်ခြင်းနှင့်သက်ဆိုင်သည်။ ရှင်ပေါလုက ဂလာတိအသင်းသားများအား မောရှေ၏ပညတ်တရားသည် သူတို့ကိုဘုရားသခင်၏

ရှေ့၌ ဖြောင့်မှန်သောရပ်တည်ခြင်းကို လုံးလုံးပေးနိုင်ခဲ့လိမ့်မည်မဟုတ်ကြောင်း ပြောပြခဲ့သည်။ အခန်းငယ် ၆ တွင် "ယေရှုခရစ်၌ အရေဖျားလှီးခြင်း အကျိုးမရှိ" ဟုပြောခဲ့သည်။ သူတို့သည် အရေဖျားလှီးခြင်းကို ခံခဲ့သည်ဖြစ်စေ၊ မခံခဲ့သည်ဖြစ်စေ အရေးမကြီးပါ။ အရေးကြီးသည့်တစ်ခုတည်းသောအရာမှာ "မေတ္တာအားဖြင့် ပြုပြင်တတ်သောယုံကြည်ခြင်း" ဖြစ်သည်။ ဤနေရာ၌ ရှင်ပေါလုပြောပြနေသော ယုံကြည်ခြင်းမှာ မည်သည့်အရာဖြစ်သနည်း။ ယုံကြည်ခြင်းက ယုံကြည်သောအရာသည် သခင်ယေရှုလုပ်ဆောင်သွားခဲ့သော အမှုတော်ဖြစ်သည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင်ကြိုးစားအားထုတ်မှုများကို ယုံကြည်ကိုးစားမည့်အစား၊ ကျွန်ုပ်တို့ အတွက် သခင်ယေရှုလုပ်ဆောင်ပေးသွားခဲ့သော အမှုတော်ကို ကျွန်ုပ်တို့ယုံကြည်ခြင်းဖြစ်သည်။ ဤအချင်းအရာကသာ ကျွန်ုပ်တို့ကိုဘုရားသခင်၏ရှေ့၌ ဖြောင့်မှန်သောရပ်တည်ခြင်းကိုပေးသည်။ ကိုယ်တော်အတွက်ကျွန်ုပ်တို့ပြုလုပ်သောအရာက မပေးပါ။

လူအချို့က ဤယုံကြည်ခြင်းမျိုးသည် ယုံကြည်သူကို အခန့်သားထိုင်နေကာ မည်သည့်အရာမှမလုပ်ဖို့ ခွန်အားပေးရာရောက်နေသည်ဟု ပြောကောင်းပြောကြပါလိမ့်မည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အတွက် သခင်ယေရှုက ပြုလုပ်ပေးသွားခဲ့သောအရာကို ယုံကြည်ကိုးစားနေကြလျှင် နာခံမှုရှိခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သခင်ခရစ်တော်အတွက် ရှင်သန်ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း အဘယ်ကြောင့်တွေးပူနေရပါမည်နည်းဟု မေးကောင်းမေးခဲ့ကြပါလိမ့်မည်။ ရှင်ပေါလုက ကယ်တင်ပိုင်သောဤယုံကြည်ခြင်းကိုချစ်ခြင်းမေတ္တာအားဖြင့် ပြသရသည်ဟု ကျွန်ုပ်တို့ကိုပြောပြထားကြောင်း သတိပြုပါ။ ဤအရာသည် အရေးပါသောထုတ်ဖော်ပြောကြားချက်တစ်ခု ဖြစ်သည်။ ယုံကြည်ခြင်းကို ချစ်ခြင်းမေတ္တာအားဖြင့် ဖော်ပြသိမြင်စေသော

အခါ ထိုအရာသည်နိုးကြားတက်ကြွ၍ ရှိသေကျိုးနွံသည်။ ချစ်ခြင်းမေတ္တာအားဖြင့် ဖော်ပြသိမြင်စေသော ယုံကြည်ခြင်းသည် ကျွန်ုပ်တို့အတွက် သခင်ယေရှုလုပ်ဆောင်သွားပေးခဲ့သောအရာကို လွယ်လွယ်ရ၍အလေးမမူပြုမည်မဟုတ်ပါ။ ထိုသို့ပြုမည့်အစား ကျေးဇူးတုန့်ပြန်သောအားဖြင့် သခင်ခရစ်တော်အတွက် အရာခပ်သိမ်းကိုစွန့်လွှတ်အနစ်နာခံပါလိမ့်မည်။ ရှင်ပေါလုသည် ဂလာတိအသင်းသားများအား လူ့ကြိုးစားအားထုတ်မှုဖြင့် ထိုက်ထိုက်တန်တန်လက်ခံအသိအမှတ်ပြုခံရဖို့ ကြိုးစားသည့်သဘောမျိုးဖြင့် အသုံးတော်မခံဘဲ ချစ်ခြင်းမေတ္တာတရားကို အရင်းခံ၍အသုံးတော်ခံကြစေလိုခဲ့သည်။

ဂလာတိအသင်းသားများသည် ချစ်ခြင်းမေတ္တာဖြင့် ဖော်ပြသော ယုံကြည်ခြင်းလမ်းပေါ်၌ လျှောက်လှမ်းနေခဲ့ကြပြီးဖြစ်သည်။ သူတို့သည် မိမိတို့၏အပြစ်ဒုစရိုက်နှင့် ပုန်ကန်ခြင်းတို့ကြားမှပင် ဘုရားသခင်၏ကျေးဇူးကြီးလှသော လက်ခံအသိအမှတ်ပြုခြင်းကို ကြုံတွေ့ခံစားခဲ့ကြပါသည်။ သူတို့သည် ကောင်းသောအပြေးပြိုင်ပွဲ၌ ပြေးနေခဲ့ကြသော်လည်း၊ တစ်စုံတစ်ယောက်ကြားဖြတ်ဝင်ရောက်လာပြီး သူတို့ကိုမှားသောအပြေးပြိုင်ပွဲ၌ပြေးရန် အာရုံပြောင်းလဲစေခဲ့သည် (ငယ် ၇)။ ထိုသို့ကြားဖြတ်ဝင်ရောက်လာသောသူများသည် ဘုရားသခင်ထံမှလာသောသူများမဟုတ်ကြောင်း ရှင်ပေါလုကသူတို့ကို အသိပေးခဲ့သည် (ငယ် ၈)။ ပညတ်တရားအားဖြင့် ဘုရားသခင်၏လက်ခံအသိအမှတ်ပြုခြင်းကိုရယူရသည်ဟု သွန်သင်ပေးခဲ့သောသူများသည် ဘုရားသခင်၏ရန်သူများဖြစ်ခဲ့ကြသည်။ ဂျုံမုန့်ညက်တစ်တုံးရှိတဆေးကဲ့သို့ပင် သူတို့သည် ဤအယူမှားဖြင့် အသင်းတော်တစ်ခုလုံးကို အလျင်အမြန်ကူးစက်သွားစေခဲ့ကြပါလိမ့်မည်။ တစ်ယောက်ပြီးတစ်ယောက် လိမ်လည်လှည့်ဖြားခြင်းကိုခံရပြီး ချစ်ခြင်းမေတ္တာဖြင့်ဖေါ်ပြသောယုံကြည်ခြင်းသမ္မာတရားမှ လဲပြို

လျှော့ဆင်းသွားခဲ့ကြပါမည်။

အခန်းငယ် ၁၀ အရ၊ ဂလာတိအသင်းသားများအား ဤအယူမှား ထဲသို့ဆောင်ယူခဲ့သောသူများသည် မိမိတို့၏ဒုစရိုက်အမှုအတွက် အလွန် ပြင်းထန်သော ပြစ်ဒဏ်ကို ပေးဆပ်ခဲ့ကြရပါလိမ့်မည်။ သူတို့တင်ပြဟောပြော သောအရာသည် ကွဲပြားသောထင်မြင်ယူဆချက်သက်သက် မဟုတ်ခဲ့ပါ။ အမှန် တွင် သူတို့သည် ကားတိုင်၌အသေခံခဲ့သော သခင်ခရစ်တော်၏အရေးပါမှုကို ဆုတ်ယုတ်စေခဲ့ကြပါသည်။ သူတို့သည် သခင်ခရစ်တော်နှင့် ထိုသခင်ပြုခဲ့ သောအမှုတော်ထံမှ အကြည့်များကိုလွှဲပြောင်းရန် စာတန်၏လက်မှ လက်နက် တန်ဆာများဖြစ်ကြသည်။ သူတို့သည်အပြစ်ရှိ၍ မိမိတို့၏ဒုစရိုက်အတွက် အဖိုးအခကိုအသေအချာပေးဆပ်ခဲ့ကြရပါလိမ့်မည်။

အခန်းငယ် ၁၂ တွင် ရှင်ပေါလုက "သင်တို့ကိုမှောက်မှားစေသော သူတို့သည် မိမိတို့၏ငယ်ပါကို ကိုယ်တိုင်ဖြတ်တောက်ကြစေခြင်းငှါ ငါအလို ရှိ၏" (ယုဒသန်ကျမ်းတွင် အနည်းငယ်လွဲချော်နေသည်)ဟု ပြောခဲ့ချိန်တွင် ဤမှားယွင်းသောဆရာများအပေါ်၌ရှိသော မိမိ၏ပြင်းထန်သောခံစားချက်ကို ပြသခဲ့သည်။ သူတို့သည် ဘုရားသခင်၏သိုးစုကို သွေးထိုးလှုံ့ဆော်နေခဲ့ကြ သည်။ သူတို့သည် စစ်သည်တော်များအလယ်၌ ရှုပ်ထွေးမှုကိုဖြစ်စေခဲ့ကြ သည်။ သူတို့သည် မှားယွင်းသော အယူဝါဒကိုဟောပြောတင်ပြနေခဲ့ကြသည်။ သူတို့သည်ကားတိုင်ထက်၌ သခင်ယေရှုပြုခဲ့သောအမှုတော်ကို ဆုတ်ယုတ် နေစေခဲ့ကြသည်။ သူတို့သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်အတွက် အဆိပ် အတောက်များဖြစ်နေခဲ့ကြသောကြောင့် သည်းခံ၍မဖြစ်နိုင်တော့ပါ။ ဘုရား သခင်သည် သူတို့ကို ပြင်းထန်စွာတရားစီရင်ခဲ့ပါလိမ့်မည်။

ဂလာတိအသင်းသားများက မိမိပြောဆိုနေသောအရာကို တလွဲ

အဓိပ္ပါယ်မကောက်စေရန်အတွက် ရှင်ပေါလုသည် ဤအပိုင်း၏အပိတ်ကျမ်းပိုဒ်များတွင် သူတို့သည် လွတ်လပ်မှုအတွက်ဆင့်ခေါ်ခြင်းခံခဲ့ကြရသော်လည်း၊ ထိုလွတ်လပ်မှုသည် "ဇာတိပကတိအား အခွင့်ကိုပေးရန်" သူတို့အား လုပ်ပိုင်ခွင့်မပေးခဲ့ကြောင်း အသိပေးခဲ့သည် (ငယ် ၁၃)။ ဇာတိပကတိဟူသောဤအရာသည်သူတို့ကိုလွတ်မြောက်စွန့်ခွါလာခဲ့သောအရာဖြစ်သည်။ ထိုသို့ပြုမည့်အစား၊ တစ်ယောက်နှင့်တစ်ယောက် အလုပ်အကျွေးပြုကြ၍ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ကြရန်ရှင်ပေါလုက သူတို့ကိုစိန်ခေါ်ခဲ့သည်။ သူတို့၏ယုံကြည်ခြင်းကို မိမိတို့၏ကယ်တင်ရှင်နှင့် လွတ်မြောက်စေသောအရှင်အား ချစ်ခြင်းဖြင့် ပြသကြရမည်ဖြစ်သည်။ အတိုက်အခံအုပ်စုများသည် အသင်းတော်ကို မဖျက်ဆီးနိုင်ဖို့အလို့ငှါ သူတို့သည်ချစ်ခြင်းမေတ္တာဖြင့် အလုပ်အကျွေးပြု၍တစ်ဦးကိုတစ်ဦး ကာကွယ်ပေးကြဖို့ အထူးသတိပြုရန် လိုအပ်ခဲ့သည်။

သခင်ခရစ်တော်၏ အပြစ်လွှတ်ပေးခြင်းအားဖြင့် ပညတ်တရားမှ လွတ်မြောက်ခြင်းသည် ဘုရားသခင်ထံ၌ အသုံးတော်ခံရန်ကျွန်ုပ်တို့၌ ပကတိသစ်လွင်သော စေ့ဆော်မှုတစ်ခုကို ပေးပါသည်။ ဘုရားသခင်၏ မျက်နှာသာပေးမှုကို ထိုက်ထိုက်တန်တန် ရရှိရန်အတွက် ဘုရားသခင်ထံ၌ အစေခံခြင်းမျိုးကို ကျွန်ုပ်တို့မလုပ်တော့ပါ။ ကျွန်ုပ်တို့သည် ကိုယ်တော့်ကိုချစ်၍ ကိုယ်တော်၏လက်ခံအသိအမှတ်ပြုပေးခြင်းနှင့် ခွင့်လွှတ်ခြင်းအတွက် ကျေးဇူးတင်သောကြောင့် ကျွန်ုပ်တို့အစေခံကြသည်။ ကျွန်ုပ်တို့အတွက် ကိုယ်တော်လုပ်ဆောင်ပေးသွားခဲ့သောအရာအတွက် ကျေးဇူးတင်သောစိတ်ဖြင့်လည်းကောင်း၊ အကြွင်းမဲ့လက်ခံအသိအမှတ်ပြုပေးခံရသည့် ရပ်တည်ချက်မှလည်းကောင်း အစေခံကြသည်။

ပညတ်တရား၏ တာဝန်ဝတ္တရားများအောက်မှ ကျွန်ုပ်ကိုလွတ်မြောက်စေခြင်းအမှုတွင် သခင်ယေရှုသည်ကျွန်ုပ်ကိုပကတိသစ်လွင်သောနည်းလမ်းတစ်ခုဖြင့် အသုံးတော်ခံရန် လွတ်ပေးခဲ့ပါသည်။ ကျွန်ုပ်သည် ယခုတွင် ချစ်ခြင်းမေတ္တာအားဖြင့် အလုပ်လုပ်သော ယုံကြည်ခြင်းဖြင့်အသုံးတော်ခံခြင်းတွင် ပျော်မွေ့နိုင်ပြီဖြစ်သည်။ ကျွန်ုပ်အထဲ၌ရှိသော ကိုယ်တော်၏ဝိညာဉ်တော်အားဖြင့် အစေခံရန်မှာ ကျွန်ုပ်၏ဝမ်းမြောက်ခြင်းနှင့် မွေ့လျော်ခြင်းဖြစ်သည်။ ကျွန်ုပ်သည် ဘုရားသခင်ကို ကျေနပ်အားရစေသောအရာများကို ဆက်လက်၍လုပ်ဆောင်နေပါသော်လည်း ယခုတွင်ထိုအရာကို အသစ်သောစေ့ဆော်မှုနှင့် သန့်ရှင်းသောဝိညာဉ်တော်ထံမှလာသော တန်ခိုးတော်အားဖြင့် လုပ်ဆောင်ပါသည်။

စဉ်းစားသုံးသပ်ရန်အချက်များ

- ကျွန်ုပ်၏အကျင့်ကုသိုလ်အားဖြင့် ကျွန်ုပ်ကောင်းကင်ဘုံဝင်စားနိုင်ပါသည်ဟု သွန်သင်ခြင်းသည် အဘယ်ကြောင့်အလွန်လေးနက်သောအရေးကိစ္စဖြစ်ရသနည်း။ ဤအရာသည် သခင်ယေရှုလုပ်ဆောင်သွားခဲ့သောအမှုတော်ကို မည်သို့ တန်ဖိုးလျော့ကျစေသနည်း။
- လက်ခံအသိအမှတ်ပြုခြင်းခံရဖို့ အစေခံခြင်းနှင့် အကြွင်းမဲ့လက်ခံအသိအမှတ်ပြုခံရသည့် ရပ်တည်ချက်မှ အစေခံခြင်းတို့၏ ခြားနားချက်မှာအဘယ်နည်း။
- ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏ အကြွင်းမဲ့အသိအမှတ်ပြုခံရလျှင်ထိုအရာသည် ကျွန်ုပ်တို့ကြိုက်သလို ရှင်သန်နိုင်သည်ဟု ဆိုလိုပါသလား။ ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားသခင့်ဝိညာဉ်တော်၏

မျက်မှောက်ပြုခြင်းသည် ကျွန်ုပ်တို့အစေခံပုံနှင့် ထိုသို့အစေခံရာ၌ ရှိသော ကျွန်ုပ်တို့၏သဘောထားများကို မည်သို့ပြောင်းလဲစေပါသနည်း။

- သင်သည် သခင်ဘုရားကိုတာဝန်ဝတ္တရားအရ အစေခံပါသလား (သို့) ကိုယ်တော်လုပ်ဆောင်သွားခဲ့သောအရာနှင့် သင့်အထဲ၌လုပ်ဆောင်နေသောအရာအတွက် ဝမ်းမြောက်ခြင်းနှင့် ပျော်မွေ့ခြင်းတို့မှ အစေခံပါသလား။

ဆုတောင်းရန်အချက်များ

- သခင်ဘုရားကို သင်အစေခံခြင်းသည် တာဝန်ဝတ္တရားအရ လုပ်ဆောင်သည့် လက္ခဏာမျိုးရှိလျှင်၊ ပညတ်တရားကို အမှီပြုသော ဘာသာရေးစိတ်ဓါတ်မှ သင့်ကိုလွတ်မြောက်စေဖို့ သခင်ဘုရားကို တောင်းလျှောက်ပါ။ အစေခံရာတွင် ဝမ်းမြောက်ခြင်းနှင့် ပျော်မွေ့ခြင်းတို့၌သင့်ပြန်လည်သွတ်သွင်းပေးဖို့ တောင်းလျှောက်ပါ။
- သခင်ယေရှုက ကားတိုင်ထက်၌သင့်အတွက် လုပ်ဆောင်သွားခဲ့သောအရာအတွက် ဘုရားသခင်ကို ကျေးဇူးတင်ချီးမွမ်းပါ။ သခင်ခရစ်တော်၌ သင့်ကိုအကြွင်းမဲ့လက်ခံအသိအမှတ်ပြုခဲ့သည့်အတွက် ဘုရားသခင်ကို ကျေးဇူးတင်ချီးမွမ်းပါ။
- အကျင့်ကုသိုလ်အားဖြင့် သင့်အားထိုက်တန်စွာ လက်ခံအသိအမှတ်ပြုရန် သင့်ကိုကြိုးစားအားထုတ်စေမည့် ရန်သူ၏ပါးနပ်သော တိုက်ခိုက်မှုများကို ဆန့်ကျင်ခုခံ၍ ခိုင်ခံ့စွာရပ်တည်နိုင်ရန်အတွက် ဉာဏ်ပညာကို ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။

- သင်သည်သခင်ခရစ်တော်၌ အကြွင်းမဲ့လက်ခံအသိအမှတ်ပြုခံခဲ့ရပြီးကြောင်းကို ပြန်လည်စဉ်းစားသုံးသပ်ဖို့ အချိန်အနည်းငယ်ယူပါ။ ဤအရာသည် ကိုယ်တော့်အား ချစ်ခြင်းမေတ္တာမှ ယခုအစေခံရန်သင့်ကို လွတ်မြောက်စေခဲ့သည့်အတွက် သခင်ဘုရားကိုကျေးဇူးတင်ချီးမွမ်းပါ။

ဂလာတိသြဝါဒစာ နှင့် ဖေက်သြဝါဒစာ

၁၀

# ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်း

ဂလာတိ ၅း၁၆-၂၆ ကိုဖတ်ရှုပါ။

ကျွန်ုပ်တို့သည် သခင်ယေရှု၏အသေခံခြင်းဖြင့် ပညတ်တရားအောက်မှလွတ်ခြင်းခံကြရပြီးဖြစ်ကြောင်းကို ရှင်ပေါလုကပြည့်စုံလုံလောက်စွာဖြင့်ရှင်းရှင်းလင်းလင်းပြောပြခဲ့ပါသည်။ သို့သော်၊ ထိုလွတ်လပ်မှုသည် ဇာတိပကတိကို အခွင့်ပေးရန် ကျွန်ုပ်တို့ကိုလုပ်ပိုင်ခွင့်မပေးပါ။ အသစ်သောရှင်သန်ခြင်းနည်းလမ်းနှင့် သခင်ဘုရားထံ၌ အသစ်သောအစေခံခြင်းနည်းလမ်းတို့ကို သာပေးပါသည်။ ကျွန်ုပ်တို့သည် ယခုတွင်ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်ခြင်း၌ မွေ့လျော်သောစိတ်နှလုံးမှ အစေခံကြသည်။ ဤအပြောင်းအလဲကို မည်သည့်အရာက ဆောင်ယူလာပေးပါသနည်း။ ကျွန်ုပ်တို့၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက်ပြုခြင်းက ဆောင်ယူလာပေးခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူ၏စိတ်နှလုံးကို သခင်ယေရှုနှင့် ထိုသခင်၏အမှုတော်အတွက်လည်းကောင်း၊ သခင်ယေရှု၏နှုတ်ကပတ်တော်အတွက်လည်းကောင်း စိတ်အားထက်သန်ပြင်းပြခြင်းမီးကို တောက်လောင်စေပါသည်။ ဤအပိုင်းတွင် ရှင်ပေါလုက ယုံကြည်သူတို့အား ဝိညာဉ်တော်အားဖြင့် အသက်ရှင်ကြရန် တိုက်တွန်းထားသည်။

အခန်းငယ် ၁၆ တွင် ရှင်ပေါလုက ဂလာတိအသင်းသားများအား ၄င်းတို့သည် ဇာတိပကတိ၏တောင့်တမှုများကို မဖြည့်ဆည်းခဲ့ကြမည့်အကြောင်း ဝိညာဉ်တော်အားဖြင့် အသက်ရှင်ကြရန် ပြောပြခြင်းဖြင့် အစပြုခဲ့သည်။ ဤသို့ပြောဆိုရာတွင် ရှင်ပေါလုက သူတို့ကိုရွေးချယ်မှုတစ်ခု ပြုလုပ်ဖို့လိုအပ်ကြောင်းပြောပြနေခဲ့သည်။ သူတို့သည် ဇာတိပကတိ၏တောင့်တမှုများနှင့် ဆင်ခြင်တွေးခေါ်မှုများအတိုင်း ဆက်လက်၍အသက်ရှင်နိုင်ကြသကဲ့သို့ ဝိညာဉ်တော်အားဖြင့်လည်း အသက်ရှင်နိုင်ကြပါသည်။ ရှင်ပေါလုက သူတို့ကို ဝိညာဉ်တော်အားဖြင့် အသက်ရှင်ကြရန် တိုက်တွန်းခဲ့သည်။ အခန်းငယ် ၁၉-၂၁ တွင် ရှင်ပေါလုက ဇာတိပကတိ၏လုပ်ရပ်များကို စာရင်းပြုစုထားသည်။ ဤလုပ်ရပ်များကို အမျိုးအစားလေးမျိုးအဖြစ် ရှင်ပေါလုခွဲခြားထားဟန်ရှိသည်။ ၄င်းတို့ကိုအချုပ်အားဖြင့် လေ့လာကြည့်ကြပါစို့။

*ကာမဂုဏ်ဖောက်ပြန်ခြင်းများ*

ဇာတိပကတိစိတ်သည် ကိုယ့်ကိုယ်ကို ကာမဂုဏ်စောင့်စည်းမှုမရှိခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကာမဂုဏ်လိုက်စားခြင်းတို့တွင် ထင်ရှားစေပါသည်။ ရန်သူသည် လိင်မှုကိစ္စကိုမှောက်လှန်ရာ၌ထူးချွန်သည်။ လိင်မှုကိစ္စနှင့်စပ်ဆိုင်သောတောင့်တမှုများသည် ၄င်းတို့၏ဆက်စပ်အခြေအနေဘောင်အတွင်းတွင် ဖြစ်ရိုးဖြစ်စဉ်အရာသာဖြစ်၍ သင့်တင့်လျောက်ပတ်သောအရာလည်းဖြစ်သည်။ သို့သော်၊ ဇာတိပကတိစိတ်သည် သင့်တင့်လျောက်ပတ်မှုရှိသောစည်းဘောင်များအတွင်းတွင် ကိုယ့်ကိုယ်ကိုချုပ်တည်းမထားပါ။ ၄င်း၏တောင့်တမှုသည် အသွေးအသားဆန္ဒကို အာသာပြေစေရန်ဖြစ်သည်။ ၄င်းသည်ဘုရားသခင်၏နည်းလမ်းများကို လုံးလုံးဂရုမစိုက်ပါ။ ဤနေရာတွင်

ကာမဂုဏ်စောင့်စည်းမှုမရှိခြင်းကို ရုပ်ပိုင်းဆိုင်ရာလုပ်ရပ်တစ်ခုအဖြစ်သာ သဘောပေါက်ထားဖို့မဟုတ်ပါ။ အတွေးစိတ်ကူးများလည်းပါဝင်ပါသည်။ မဿဲ ၅း၂၈တွင် သခင်ယေရှုက ကျွန်ုပ်တို့သည် ကာမဂုဏ်စောင့်စည်းမှုမရှိခြင်းအပြစ်ကို စိတ်နှလုံးထဲ၌လည်းကောင်း၊ ကိုယ်ကာယ၌လည်းကောင်း ကျူးလွန်နိုင်ကြသည်ဟု အသိပေးခဲ့သည်။ ဇာတိပကတိ၏လုပ်ရပ်များနှင့် စပ်လျဉ်း၍ ဤနေရာရှိရှင်ပေါလု၏သရုပ်ဖော်ရေးသားချက်တွင် မသန့်ရှင်းသောအတွေးစိတ်ကူးလည်းပါဝင်သည်။ ကျွန်ုပ်တို့၏ခေတ်ကာလတွင် လိင်မှုကိစ္စနှင့်စပ်ဆိုင်သောတောင့်တမှုများကို ရှေ့ယခင်၌လုံးလုံးမတွေ့ရသည့် အမျိုးမျိုးသောညစ်ညမ်းရုပ်ရှင် နှင့်စာပေများကိုအသုံးပြု၍ ဖြေဖျော်ရေးလုပ်ငန်းများအားဖြင့် တိုက်တွန်းနှိုးဆော်နေကြပါသည်။ ကာမဂုဏ်စောင့်စည်းမှုမရှိခြင်းက ကျွန်ုပ်တို့၏တိုင်းနိုင်ငံများရှိမိသားစုများကို မည်မျှပျက်စီးထိခိုက်စေခဲ့ပါသနည်း။ ဇာတိဆန်သော ဤရန်သူ၏ဆွဲဆောင်သိမ်းသွင်းမှုကြောင့် မိသားစုနှင့်အိမ်ထောင်ရေးမည်မျှပြိုကွဲခဲ့ရပါသနည်း။

*ဝိညာဉ်ရေးဖောက်ပြန်ခြင်းများ*

ဇာတိပကတိ၏လုပ်ရပ်များသည် သဘောသဘာဝအားဖြင့် ဝိညာဉ်ရေးလည်းဆန်နိုင်ပါသည်။ ရုပ်တုကိုးကွယ်ခြင်းနှင့် သူတစ်ပါးကိုပြုစားခြင်း (နတ်ဝိဇ္ဇာအတတ်)တို့သည် ဤဖောက်ပြန်နေသော ယုံကြည်သက်ဝင်မှု၏ အသီးများဖြစ်ကြသည်။ ရုပ်တုကိုးကွယ်ခြင်းသည် တစ်ဆူတည်းသော စစ်မှန်သည့် ဘုရားသခင်ကို ကိုးကွယ်မည့်အစား၊ အခြားမည်သည့်အရာကို မဆို ကိုးကွယ် ခြင်းနှင့်စပ်ဆိုင်သည်။ ဤရုပ်တုများသည် နေရာဒေသအလိုက် ကွဲပြားကြသည်။ အချို့သောယဉ်ကျေးမှုများတွင် ဤရုပ်တုများသည် ဖိမ်ခံ

အိမ်ကြီးများ၊ ပမာဏများသော ဘဏ်အပ်ငွေစာရင်းများစသည့်ပုံစံမျိုးဖြင့် ရှိနေကြသည်။ ဤရုပ်တုများ၏အမည်များသည် ကွဲပြားကောင်းကွဲပြား ခဲ့ကြမည်ဖြစ်သော်လည်း၊ ၎င်းတို့အားလုံးသည် တစ်ဆူတည်းသောစစ်မှန်သည့် ဘုရားသခင်၌အာရုံစူးစိုက်ခြင်းကို ပျက်ပြားစေကြပါသည်။

သူတစ်ပါးကိုပြုစားခြင်း(နတ်ဝိဇ္ဇာအတတ်)ဆိုသည်မှာ တကိုယ်ရေ အကျိုးအမြတ်အတွက် ဝိညာဉ်လောကကို ကြိုးကိုင်ခြယ်လှယ်ခြင်းနှင့် သက်ဆိုင်သည်။ သူတစ်ပါးကိုပြုစားခြင်း(နတ်ဝိဇ္ဇာအတတ်)သည် မှောင်မိုက်၌ အစိုးရသောတန်ခိုးများနှင့် အဆက်အဆံရှိသည်။ ဤအရာတွင် အပြစ်ကင်း သယောင်ထင်ရသော ဟန်ပန်အမူအရာဖြင့် ပြုလုပ်ကြသည့် ဇာတာခွင်ကြည့် ခြင်း၊ လက္ခဏာကြည့်ခြင်းများလည်း ပါဝင်ပေလိမ့်မည်။ ထိုအရာများတွင် အမှန်တရားတစ်ခုရှိနေသည်မှာ သံသယပွါးစရာရှိသော်လည်း၊ ဤအရာများ၏ နောက်ကွယ်၌ရှိနေကြသောဝိညာဉ်များမှာ နတ်ဆိုး၏ဝိညာဉ်များဖြစ်ကြ သည်။ နတ်ဝင်သည်များ (အကြားအမြင်ရသူ) များသည် အနာဂတ်ကြိုတင် ဟောကိန်းများကိုပြုလုပ်ခဲ့ကြမည်ဖြစ်သော်လည်း သူတို့သည်မိမိတို့၏အစွမ်း အစကို ဘုရားသခင်ထံမှရရှိထားခြင်းမဟုတ်ကြပါ။ သူတို့၏အစွမ်းအစသည် နတ်ဆိုးထံမှရောက်လာခြင်းဖြစ်သည်။ ဤအရာကို ရှင်ပေါလုက ဇာတိပကတိ ၏လုပ်ရပ်များအနက်မှတစ်ခုဖြစ်ကြောင်း ဖေါ်ပြထားသည်။ ကျွန်ုပ်တို့၏ဇာတိ ပကတိစိတ်သည် ပုံစံအမျိုးမျိုးဖြင့်ဖောက်ပြန်လျှက်ရှိနေကြသည့်ဘာသာ အယူဝါဒများ၏ဆွဲဆောင်မှုကို ခံနေရသည်။

*ကျိုးပဲ့ပြိုကွဲနေသည့် ဆက်ဆံရင်းနှီးမှုများ*

ဇာတိပကတိ၏အခြားလက္ခဏာသွင်ပြင်တစ်ခုမှာမှာ ၎င်းသည်ကျိုးပဲ့

ပြိုကွဲ နေသောဆက်ဆံရင်းနှီးမှုများကို ဖန်တီးခြင်းဖြစ်သည်။ ရန်ငြိုးဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်း၊ အချင်းချင်းကွဲပြားခြင်း၊ သင်းခွဲခြင်း၊ သူ့အကျိုးကိုငြူစူခြင်းတို့သည် ဇာတိပကတိ၏သဘာဝအသီးများဖြစ်ကြသည်။ ဇာတိပကတိစိတ်သည် အခြားသူများ၏ လိုအပ်မှုနှင့်အကျိုးကိုထည့်မတွက်ပါ။ ၎င်းသည်သဘောသဘာဝအားဖြင့် တစ်ကိုယ်ကောင်းဆန်သည်။ ၎င်းလိုချင်တောင့်တသောအရာကို ရရှိဖို့တိုက်ခိုက်ရာ၌ အခြားသူတစ်ယောက်ကိုအနာတရဖြစ်မည်ဆိုလျှင်၊ ထိုအရာကို အရတိုက်ခိုက်ပါလိမ့်မည်။ ဇာတိပကတိစိတ်သည် ကိုယ့်ကိုယ်ကိုဖြစ်သည့်နည်းဖြင့် ကျေနပ်အားရစေဖို့ အပြင်သို့ထွက်သွားပြီး၊ ၎င်း၏လမ်းကြောင်းပေါ်၌ရှိနေသည့် မည်သည့်အရာကိုမဆို ဒေါသနှင့်တုန့်ပြန်ပါသည်။ ဤအရာကဖြစ်ပေါ်စေသည့် ကြီးစွာသောပျက်စီးဆုံးရှုံးမှုများကို ကမ္ဘာကြီးအားရုပ်ပျက်ဆင်းပျက်ဖြစ်စေသော စစ်ပွဲများတွင်တွေ့ရသည်။ ကျွန်ုပ်တို့၏ အကျဉ်းထောင်များသည် တစ်ချိန်တစ်ခါ၌ ဇာတိပကတိစိတ်ကိုအရှုံးပေး၍ မိမိတို့၏ရောင်းရင်းလူသားများအား ဒေါသထွက်ခြင်း၊ မနာလိုခြင်းတို့နှင့်အတူ ရိုက်ပုတ်ကန်ကျောက်ခဲ့ကြသောသူများနှင့်ပြည့်နေပါသည်။

*လူ့အဖွဲ့အစည်းယိုယွင်းပျက်ပြားခြင်း*

ဇာတိပကတိလုပ်ရပ်များ၏ နောက်ဆုံးသွင်ပြင်လက္ခဏာတစ်ခုမှာ လူအဖွဲ့အစည်းအတွင်းရှိ ၎င်း၏ရလဒ်များနှင့်သက်ဆိုင်သည်။ ဤဇာတိပကတိစိတ်သည် အစုအဖွဲ့နှင့်နေရသည်ကို နှစ်သက်သည်။ ရှင်ပေါလုက ဂလာတိအသင်းသားများအား ဇာတိပကတိ၏အထောက်အထားကို လူ့အဖွဲ့အစည်း၌ မပြတ်တမ်းဖြစ်ပျက်နေသည့် ယဇ်မျိုးကိုသောက်ကြူးခြင်းနှင့်

ပွဲလုပ်ခြင်းတို့တွင် တွေ့မြင်နိုင်ကြောင်းအသိပေးခဲ့သည်။ အခန်းငယ် ၂၁တွင် ရှင်ပေါလုက ဂလာတိအသင်းသားများအား ဇာတိပကတိစိတ်သည် ၎င်းတို့ အသိုင်းအဝိုင်း၏ အလယ်အူတိုင်အထိ အလုပ်လုပ်နေကြောင်းကို ပြသခဲ့သည်။ သောက်စားမူးယစ်၍ပျော်ပွဲရှင်ပွဲများပြုလုပ်ခြင်းဖြင့် ဇာတိပကတိ၏တောင့် တမှုကို ဖြည့်ဆည်းရန်အသက်ရှင်သော သူများရှိကြသည်။ သူတို့သည်မိမိတို့နှင့် စိတ်တူကိုယ်တူဖြစ်သောသူများနှင့်အုပ်စုဖွဲ့၍ မိမိတို့၏ဇာတိပကတိ၏ တောင့်တမှုများနှင့်တပ်မက်မှုများတွင် အချင်းချင်းတိုက်တွန်းအားပေး ကြသည်။ သောက်စားမူးယစ်၍ပွဲလုပ်လိုခြင်းစိတ်ဓါတ်ကို လူ့အဖွဲ့အစည်းရှိ အလွှာအသီးသီးဖြစ်သောလူကုံထံများနှင့် ကျော်ကြားသောသူများမှစ၍ ဆင်းရဲသားနှင့်အောက်ခြေလူတန်းစားများအထိတွင် တွေ့မြင်ရသည်။ ရှင်ပေါ လုကဂလာတိအသင်းသားများအား ဤစိတ်ဓါတ်သည် ဘုရားသခင်ထံမှလာ သောအရာမဟုတ်သကဲ့သို့၊ ဤအရာကို အလေ့အထတစ်ခုသဖွယ် ပြုလုပ် အသက်ရှင်သောသူများသည် စစ်မှန်သောယုံကြည်သူများမဟုတ်ကြောင်း ပြောပြခဲ့သည် (ငယ် ၂၁)။

ဤအမှုကိစ္စများ၌ စိတ်ဝင်စားပတ်သက်ခြင်းမရှိကြဖို့ ရှင်ပေါလုက ဂလာတိအသင်းသားများကို တိုက်တွန်းခဲ့သည်။ ရှင်ပေါလုက သူတို့ကိုဤဇာတိ ပကတိ၏တောင့်တမှုများအား အောင်မြင်ကျော်လွှားနိုင်ဖို့အလို့ငှါ ဝိညာဉ် တော်အားဖြင့် အသက်ရှင်ကြဖို့ ခွန်အားပေးခဲ့သည်။ အခန်းငယ် ၁၇တွင် တမန်တော်ကြီးကသူတို့ကို ၎င်းတို့မလုပ်ချင်သောအရာများကိုပင် ပြုလုပ်နိုင်ရ လောက်အောင် ဖြစ်စေခဲ့သောဇာတိပကိ၏ဆွဲဆောင်မှုသည် အမှန်တကယ် မည်မျှအားကြီးကြောင်းကို အသိပေးခဲ့သည်။

ကျွန်ုပ်တို့အားလုံးသည် ဇာတိပကတိ၏ ဤဆွဲဆောင်သိမ်းသွင်းမှုကို

နည်းလမ်းမျိုးစုံဖြင့် ကြုံတွေ့ခံစားခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ကာမဂုဏ်စောင့်စည်းမှုမရှိခြင်း (သို့) ဒေါသပေါက်ကွဲခြင်းအခြေအနေသို့ ရောက်ရှိသွားရန်အမြဲလိုလို မကြံစည်ထားကြသော်လည်း ထိုအရာသည် အမှန်တကယ်ဖြစ်လာနိုင်ပါသည်။ သင်ပြောဖို့ရည်ရွယ်မထားသော ဒေါသစကားလုံးများကို မည်သို့မကြာခဏ ပြောထွက်ခဲ့သနည်း။ ကျွန်ုပ်တို့ထဲမှ လူအမြောက်အမြားသည် အပြစ်ဒုစရိုက်ကိုကျူးလွန်ဖို့ အမှန်တကယ်မကြံစည်ခဲ့ကြပါ။ သူ့အလိုလိုဖြစ်သွားသယောင်ထင်ရသည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ဇာတိပကတိစိတ်၌ အလွန်အစွမ်းကြီးသော ရန်သူတစ်ယောက်ကို ကျွန်ုပ်တို့ရှိထားကြသောကြောင့်ဖြစ်သည်။ ထိုကဲ့သို့သော ရန်သူကိုအောင်နိုင်ရန်မှာ ကျွန်ုပ်တို့အတွက်မည်သို့ဖြစ်နိုင်ပါမည်နည်း။ ထိုရန်သူကို အနိုင်ယူနိုင်ရန်တစ်ခုတည်းသော နည်းလမ်းမှာ ဝိညာဉ်တော်အားဖြင့် အသက်ရှင်ရန်ဖြစ်ကြောင်း ရှင်ပေါလုက ဂလာတိအသင်းသားများကို ပြောပြခဲ့သည်(ငယ် ၁၆)။

ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်းဆိုသည်မှာ မည်သည့်အရာကို ဆိုလိုပါသနည်း။ ဇာတိပကတိ၏အပြစ်ရှိသော တောင့်တမှုအတိုင်း အသက်ရှင်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏အသက်တာရှိ ၄င်း၏ဆွဲဆောင်သိမ်းသွင်းမှု၌ အပ်နှံခြင်းဖြစ်ကြောင်းကို ကျွန်ုပ်တို့ သိနားလည်ကြပါသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်အားဖြင့် အသက်ရှင်ရမည်ဆိုလျှင် ကျွန်ုပ်တို့၏အသက်တာရှိ ဇာတိပကတိ၏လွှမ်းမိုးခြင်း၌မဟုတ်ပဲ၊ ဝိညာဉ်တော်၏လမ်းပြခြင်း၌ အပ်နှံခြင်းကိုဆိုလိုပါလိမ့်မည်။ ဤအရာ၏ဆိုလိုရင်းမှာ ကျွန်ုပ်တို့၏ကိုယ်ပိုင်အယူအဆများနှင့် စိတ်ခံစားမှုများကိုဘေးဖယ်ထား၍ ဘုရားသခင်၏ဝိညာဉ်တော်ထံ၌ အပ်နှံခြင်းဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တို့လုပ်ဆောင်နိုင်သောအရာ၌ လျော့၍ယုံကြည်ကိုးစားကာ၊ ဘုရားသခင်၏ဝိညာဉ်တော်အလုပ်လုပ်ခြင်းကို

စောင့်စားခြင်းဟုလည်း ဆိုလိုပါလိမ့်မည်။ ဝိညာဉ်တော်အားဖြင့် အသက်ရှင်သောသူများသည် မိမိတို့၏အသက်တာအား သန့်ရှင်းသောဝိညာဉ်တော်ကို ထိန်းချုပ်စေကြသည်။ ဤသို့ပြုလုပ်ရန်အတွက် ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ လမ်းပြမှုအားမည်သို့နားထောင်ရမည်ကိုလည်းကောင်း၊ ဝိညာဉ်တော်၏ စေ့ဆော်မှုများကို မည်သို့နာခံရမည်ကိုလည်းကောင်း သိရှိဖို့လိုအပ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုအပြစ်မှ ကယ်တင်သောအချိန်တွင် သခင်ခရစ်တော်၏သဏ္ဌာန်တော်၌ ကျွန်ုပ်တို့ကိုပုံသွင်းရန်အတွက်လည်းကောင်း၊ နိုင်ငံတော်၏အမှုတော်မြတ်၌ ကျွန်ုပ်တို့ကိုလုပ်ပိုင်ခွင့်အာဏာပေးရန်အတွက်လည်းကောင်း ကျွန်ုပ်တို့အထဲ၌ မိမိ၏ဝိညာဉ်တော်ကို သွတ်သွင်းပေးခဲ့သည်။ ဝိညာဉ်တော်၌အသက်ရှင်ရန်အတွက် ကျွန်ုပ်တို့၏အသက်တာတွင် ဘုရားသခင့်ဝိညာဉ်တော်၏မျက်မှောက်ပြုခြင်းကို အသိအမှတ်ပြု၍ ဝိညာဉ်တော်၏ လမ်းပြခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာပေးခြင်းတို့၌ အပ်နှံဖို့သင်ယူကြရမည် ဖြစ်သည်။

ကျွန်ုပ်တို့၏အသက်တာကို ဘုရားသခင်၏ဝိညာဉ်တော်အား ထိန်းချုပ်စေခြင်း၏ရလဒ်ကား မည်သို့ဖြစ်မည်နည်း။ ဝိညာဉ်တော်သည် မိမိ၏ အသီးကို ကျွန်ုပ်တို့၌သီးပွင့်စေပါလိမ့်မည်။ ဝိညာဉ်တော်အသီးသည် ဤအခန်း၏အစပိုင်း၌ ကျွန်ုပ်တို့လေ့လာစမ်းစစ်ခဲ့ကြသော ဇာတိပကတိ၏အသီးနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ နောက်လာမည့်ကျမ်းပိုဒ်များတွင် ရှင်ပေါလုက ဝိညာဉ်တော်၏အသီးအကြောင်းကို ဆက်လက်၍ဖော်ပြထားသည်။

ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့၌ ချစ်ခြင်းမေတ္တာအသီးကို ဖော်ဆောင်ပေးပါလိမ့်မည် (ငယ် ၂၂)။ ဤချစ်ခြင်းမေတ္တာသည် မည်သည့်အရာကိုမျှ အပြန်အလှန်အားဖြင့်မရရှိမည်ကိုသိလျက်ပင် အခြား

သူများဆီသို့လက်ကမ်းပေးသည့် အတ္တကင်းသောချစ်ခြင်းမေတ္တာဖြစ်သည်။

ဝိညာဉ်တော်သည် ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းကိုလည်း ဖော်ဆောင်ပေးပါလိမ့်မည်။ ဤအရာများသည် ဘုရားသခင်နှင့်သင့်တင့်မှန်ကန်သော ဆက်ဆံရင်းနှီးမှု၌ရှိနေခြင်း၏ရလာဒ်များဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် ဖန်ဆင်းခြင်းခံရသောသူများဖြစ်ကြပြီး၊ ဘုရားသခင်နှင့် သင့်တင့်မှန်ကန်သော ဆက်ဆံရင်းနှီးမှု၌ ကျွန်ုပ်တို့မရှိမချင်း စစ်မှန်သော ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းကို လုံးလုံးသိနားလည်ကြမည်မဟုတ်ပါ။ ဘုရားသခင်၏အပြင်ဘက်တွင် စိတ်အေးချမ်းသာမှုမရှိခြင်းနှင့် အနှစ်သာရကင်းမဲ့ခြင်းတို့သာရှိသည်။

ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို စိတ်ရှည်ခြင်းနှင့်လည်းပြည့်စေပါသည်။ စိတ်ရှည်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏လမ်းကြောင်းပေါ်၌ဆန့်ကျင်အတိုက်အခံပြုခြင်းများရောက်လာလင့်ကစား ဆက်လက်သစ္စာတရား၌တည်မြဲနိုင်သော အစွမ်းအစဖြစ်သည်။ ဤစိတ်ရှည်ခြင်းသည် ကျွန်ုပ်တို့၏အနီးအနားမှလူများနှင့် ဆက်ဆံရာတွင် ကိုယ့်ကိုယ်ကိုဖော်ထုတ်ပြသပါလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ခက်ခဲရုန်းကန်ခြင်းများနှင့် စုံစမ်းစစ်ကြောခြင်းများ၌ ဘုရားသခင်ကိုစောင့်စားနိုင်ရန် ကျွန်ုပ်တို့ကိုစွမ်းဆောင်ပေးမည့် ဘုရားသခင်အား ကိုးစားယုံကြည်မှုတစ်ခုကို ကျွန်ုပ်တို့အားပေးသနားပါသည်။

ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်းတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်၏လုပဆောင်မှုအားဖြင့် ကျွန်ုပ်တို့၏အသက်တာ၌ ထွက်ပေါ်လာကြပါလိမ့်မည်။ ကျွန်ုပ်တို့သည် ရိုးသားစွာဖြင့် အခြားသူများအတွက် စိုးရိမ်ပတ်သက်ပေးကြပါလိမ့်မည်။ သူတို့၏ကောင်းရာ

ကောင်းကျိုးကို ကျွန်ုပ်တို့ကြိုးစားရှာကြံကြပါလိမ့်မည်။ ကျွန်ုပ်တို့၏အနီး အနားမှလူများနှင့် ဆက်ဆံရင်းနှီးမှုတွင်လည်း ကျွန်ုပ်တို့သည် ယုံကြည်ထိုက်သောသူများဖြစ်လာကြပါလိမ့်မည်။ ဇာတိပကတိစိတ်သည် လက်ငင်းအားရ ကျေနပ်မှုကို ရှာကြံသော်လည်း၊ ဝိညာဉ်တော်သည် ယုံကြည်သူများ၏ အသက်တာ၌ကာမဂုဏ်ချုပ်တည်းခြင်း (ကိုယ့်ကိုယ်ကို ထိန်းချုပ်ခြင်း) ကိုဖော်ဆောင်ပေးပါသည်။ ယုံကြည်သူသည် မိမိ၏ဇာတိဆန်သောပြင်းပြသည့် ဆန္ဒများ၏ ထိန်းချုပ်ခြင်းကိုမခံရဘဲ၊ ဘုရားသခင်ကိုဂုဏ်ပြုလိုသော စိတ်ဆန္ဒ၏ထိန်းချုပ်ခြင်းကိုခံရသည်။

အခန်းငယ် ၂၃ တွင်ရှင်ပေါလုက ဂလာတိအသင်းသားများအား ဝိညာဉ်တော်၏ထိန်းချုပ်ခြင်းနှင့် လမ်းပြခြင်းကိုခံရသောသူများအတွက် ပညတ်တရားမလိုအပ်ကြောင်း အသိပေးထားသည်။ ဝိညာဉ်တော်၏သဘာဝ အသီးကယုံကြည်သူ၏အသက်တာ၌ တိုးပွားလျှက်နေသော ဖြောင့်မတ်ခြင်းကို ဖော်ဆောင်ပေးပါလိမ့်မည်။ ဝိညာဉ်တော်၏ထိန်းချုပ်ခြင်းကိုခံရသော ယုံကြည်သူများသည် ဘုရားသခင်၏အလိုတော်ကိုပြသပေးဖို့ ပြင်ပလမ်းညွှန်ချက်အဖြစ်နှင့် ပညတ်တရားကိုမလိုအပ်ကြပါ။ အကြောင်းမှာ သူတို့သည် ဝိညာဉ်တော်၏အမှုတော်၌ ချစ်ခြင်းမေတ္တာနှင့်တကွအပ်နှံသည်ကြနှင့်အမျှ သူတို့ကို အတွင်း၌ပြုပြင်ပြောင်းလဲပေးကာ၊ သခင်ခရစ်တော်၏သဏ္ဍာန်တော်၌ ပုံသွင်းပေးနေသည့် ဘုရားသခင်၏ဝိညာဉ်တော်ကို အတွင်းမှလမ်းပြပေးသူ အဖြစ်ရှိထားကြသောကြောင့်ဖြစ်သည်။

ကျွန်ုပ်သည် သခင်ယေရှုနှင့်စပ်ဆိုင်လျှင် ဇာတိဟောင်းတွင်သေဆုံးသွားပြီဖြစ်သည်။ သခင်ယေရှုထံ၌ အပ်နှံခြင်းတွင် ကျွန်ုပ်၏အသက်တာကို ကိုယ်တော်ရှင်က သင့်လျော်သည်ဟုမှတ်ယူသည့်အတိုင်း အသုံးပြုရန်ဆက်

ကပ်ပူဇော်ခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏စွမ်းဆောင်ပေးခြင်းအားဖြင့် ကျွန်ုပ်၏အတွေးအခေါ်ဟောင်းများကိုကျော်ခိုင်း၍ ကိုယ်တော်၏ရည်ရွယ်ချက်များ၌ ပေးအပ်အညံ့ခံလိုက်ပါသည်။ ကျွန်ုပ်သည် ဘုရားသခင့်ဝိညာဉ်တော်၏လုပ်ဆောင်မှု၌ ကိုယ့်ကိုယ်ကိုပေးအပ်ရန်ရွေးချယ်၍ ဝိညာဉ်တော်၏အမှုတော်ကို ကျွန်ုပ်အသက်တာ၌ ကြိုဆိုလက်ခံလိုက်ပါသည်။

ရှင်ပေါလုက သန့်ရှင်းသောဝိညာဉ်တော်ကိုလက်ခံရရှိထားသောသူများအား ထိုဝိညာဉ်တော်နှင့် ခြေလှမ်းအညီလျှောက်ရပေမည်။ ဤသို့ပြောဆိုရာတွင် ရှင်ပေါလုသည် သူတို့ကိုမိမိတို့အထဲ၌ သန့်ရှင်းသောဝိညာဉ်တော်ကိုရှိထားကြသော်လည်း ထိုဝိညာဉ်တော်နှင့် ရင်ဘောင်တန်းအမီမလိုက်ဘဲနေခြင်းသည် ဖြစ်နိုင်သောအရာဖြစ်ကြောင်းကို အသိပေးခဲ့သည်။ ဤနေရာ၌တွေ့ရသော အယူအဆမှာဝိညာဉ်တော်နှင့်အတူ လျှောက်လှမ်းခြင်းဖြစ်သည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့၏ဝိညာဉ်ရေးပျင်းရိမှု (သို့) စိတ်ဝင်စားမှုမရှိခြင်းကြောင့် စတင်နောက်ကျကျန်ရစ်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဝိညာဉ်တော်နှင့် အဆက်အသွယ်ပြတ်၍ ဘဝင်မြင့်သော၊ မနာလိုဖြစ်သော၊ ငြူစူရန်စတတ်သောသူများဖြစ်လာရန်မှာ အလွန်လွယ်ကူလှပါသည် (ငယ် ၂၆)။ ယုံကြည်သူများဖြစ်လျှက်နှင့်ပင် ကျွန်ုပ်တို့သည် ဘုရားသခင့်ဝိညာဉ်တော်၏ လုပ်ပိုင်ခွင့်အာဏာပေးခြင်းနှင့် လမ်းပြပေးခြင်းတို့၌ ကျိုးနွံအပ်နှံခြင်းတွင် ရှင်သန်လျှောက်လှမ်းခြင်းမရှိဘဲ၊ ဇာတိပကတိ၏အလိုအတိုင်းအသက်ရှင်သန်နိုင်ကြပါသည်။ ယုံကြည်သူအမြောက်အမြားသည် ဝိညာဉ်တော်နှင့် ရင်ဘောင်တန်းအမီလိုက်ခြင်းမရှိကြဘဲ၊ မိမိတို့ကိုယ်ကို ဇာတိပကတိစိတ်၏လမ်းပြခြင်းနှင့် ဦးဆောင်ခြင်းကိုအခွင့်ပေးခဲ့ကြသောကြောင့် ကျွန်ုပ်စိတ်မကောင်းဖြစ်ရပါသည်။

ယုံကြည်သူများအဖြစ်နှင့် ကျွန်ုပ်တို့၏အသက်တာ၌ အကြီးမားဆုံးသောစိတ်ဆန္ဒများအနက်မှ တစ်ခုမှာဝိညာဉ်တော်နှင့် ရင်ဘောင်တန်းအမှီလိုက်၍ အရာခပ်သိမ်း၌ ဝိညာဉ်တော်နှင့်အတူ ရှင်သန်လျှောက်လှမ်းရန်ဖြစ်ရပေမည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်ထံ၌ကျိုးနွံအပ်နှံမှသာလျှင် ကျေးဇူးတော်အားဖြင့် ထိုဝိညာဉ်တော်က ပေးသနားလိုသောတန်ခိုးနှင့် စွမ်းဆောင်ပေးခြင်းတို့ကို ကြုံတွေ့ခံစားနိုင်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ခြေလှမ်းအညီလျှောက်မှသာလျှင် သခင်ယေရှုအတွက်အသက်ရှင်နိုင်၍ ထိုသခင်ကိုဘုန်းတော်ထင်ရှားစေနိုင်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင့်ဝိညာဉ်တော်၏ လမ်းပြဦးဆောင်ခြင်းကိုခံရဖို့နှုတ်ကပတ်တော်၌လည်းကောင်း၊ ဆုတောင်းခြင်း၌လည်းကောင်း ဆက်လက်တည်နေကြရန်မှာ အလွန်အရေးကြီးသည်။ သာမန် ခရစ်ယာန်အသက်တာသည် ကျွန်ုပ်တို့၏အထဲ၌ ကိန်းဝပ်တော်မူသော သခင်ခရစ်တော်၏ ဝိညာဉ်တော်ထံမှ ကြားနာခြင်းနှင့်ထိုဝိညာဉ်တော်ထံ၌ အလျှော့ပေးအပ်နှံခြင်းအသက်တာဖြစ်ရမည်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်အကြောင်း အယူဝါဒနှင့်စပ်လျဉ်း၍ မရေမရာနှင့်ရောထွေးမှုများစွာရှိနေကြောင်းပြောချင်ပါသည်။ ဤကျမ်းချက်၌ ကျွန်ုပ်တို့မြင်တွေ့ဖို့အရေးကြီးသောအချက်မှာ သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူတစ်ဦး၏အထဲ၌ လာရောက်ကိန်းဝပ်တော်မူသည့် စစ်မှန်သောပုဂ္ဂိုလ်တစ်ပါးဖြစ်သည်ဟူသော အချက်ဖြစ်သည်။ ထိုဝိညာဉ်တော်၏ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ကိုသမ္မာတရားထဲ၌ လမ်းပြဦးဆောင်၍ သခင်ခရစ်တော်၏ပုံသဏ္ဍာန်တော်၌ ကျွန်ုပ်တို့ကိုပုံသွင်းကာ၊ နိုင်ငံတော်၏အမှုတော်မြတ်၌ ကျွန်ုပ်တို့ကိုလုပ်ပိုင်ခွင့်အာဏာပေးရန်

ဖြစ်သည်။ ကျွန်ုပ်တို့၏အထဲ၌ ကိန်းဝပ်နေသောဘုရားသခင်၏ဝိညာဉ်တော်ကို ကျွန်ုပ်တို့သိကျွမ်းထားရန်မှာ မလုပ်မဖြစ်လုပ်ဆောင်ရမည့်ဖြစ်အရာဖြစ်သည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အပြစ်ကိုဖော်ပြသောအခါ ကျွန်ုပ်တို့ဝန်ခံအလျှော့ပေးဖို့လိုအပ်သည်။ ကျွန်ုပ်တို့ကို လမ်းပြပေးသောအခါ ရဲရင့်စွာဖြင့်လိုက်လျှောက်ဖို့လိုအပ်သည်။ ဘုရားသခင်၏ဝိညာဉ်တော်အား သိကျွမ်းခြင်းနှင့်ထိုဝိညာဉ်တော်နှင့် မိဿဟာယဖွဲ့ခြင်း၌ လျှောက်လှမ်းခြင်းတို့၏ပြင်ပတွင် စစ်မှန်သောအောင် မြင်ခြင်းမရှိပါ။

စဉ်းစားသုံးသပ်ရန်အချက်များ

- ဇာပကတိစိတ်၏ မက်မောတောင့်တသောအရာများမှာ မည်သည့်အရာများဖြစ်ကြသနည်း။ သင်တို့၏အသိုင်းအဝိုင်း၌ ဇာတိပကတိစိတ်၏ သက်သေအထောက်အထားများကို သင်တွေ့မြင်ပါသလား။ ဥပမာအချို့ကိုပေးပါ။
- သင့်အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော် မျက်မှောက်ပြုခြင်း၏အထောက်အထားကားအဘယ်နည်း။ သင်သည်ဝိညာဉ်တော်ကို ပို၍ပို၍သိကျွမ်းလာပါသလား။
- ယုံကြည်သူများအဖြစ်နှင့် ကျွန်ုပ်တို့၏အသက်တာမှ ဇာတိပကတိ၏လုပ်ဆောင်ချက်များကို မည်သို့အနိုင်ယူနိုင်မည်နည်း။
- သင်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ရင်ဘောင်တန်းအမီလိုက်နေပါသလား။ သင့်အသက်တာ၌ ဝိညာဉ်တော်၏လုပ်ဆောင်မှုများနှင့်လမ်းပြမှုကို သတိပြုမိပါသလား။

ဆုတောင်းရန်အချက်များ

- သခင်ဘုရားသည် မိမိ၏သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့၏ အသက်တာ၌ ကိန်းဝပ်နေထိုင်ဖို့ကျွန်ုပ်တို့အား ပေးသနားခဲ့သည့် အတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- သာ၍နက်နဲသော သန့်ရှင်းသောဝိညာဉ်တော်၏ အမှုတော်အတွက် သင့်စိတ်နှလုံးကို ဖွင့်ဟပေးရန် သခင်ဘုရားကိုတောင်းလျှောက်ပါ။ သခင်ဘုရားသည် မိမိ၏သဘောသဘာဝကို သင့်ထံ၌ပို၍ နက်နက်နဲနဲဖော်ထုတ်ပြသပေးမည့်အကြောင်းတောင်းလျှောက်ပါ။
- အခန်းငယ် ၂၂ ရှိ ဝိညာဉ်တော်၏အသီးကိုကြည့်ပါ။ မည်သည့်အသီးသည် သင့်အသက်တာ၌ ကင်းမဲ့နေသနည်း။ ထိုအသီးကို သင့်အသက်တာ၌ ဖော်ဆောင်ပေးဖို့ ဘုရားသခင်ကိုတောင်းလျှောက်ပါ။
- သင့်အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်နှင့် ခြေလှမ်းအညီ လျှောက်နိုင်ရန် ကူညီမစပေးဖို့ ဘုရားသခင်ကို တောင်းလျှောက်ပါ။

၁၁

# နိဂုံးချုပ်အမှာစကား

ဂလာတိ ၆း၁-၈ ကိုဖတ်ရှုပါ။

ရှင်ပေါလုသည် ဂလာတိအသင်းသားများအား ပညတ်တရားအောက်မှ ၎င်းတို့၏လွတ်မြောက်ခြင်းသည် ဇာတိပကတိအလိုကို လိုက်ရန်၎င်းတို့ကို လုံးလုံးမဖြစ်စေသင့်ကြောင်း အသိပေးနေခဲ့ပါသည်။ သူသည်ယုံကြည်သူများကို ဘုရားသခင်၏ဝိညာဉ်တော်နှင့် "ခြေလှမ်းအမီလိုက်ရန်" (ဝိညာဉ်ပကတိအတိုင်းကျင့်ရန်) စိန်ခေါ်ခဲ့သည်။ သခင်ဘုရားနှင့်ကျွန်ုပ်တို့၏ ဆက်ဆံရင်းနှီးမှုသည် ပုဂ္ဂိုလ်ရေးဆန်သော်လည်း၊ ဤဆက်ဆံရင်းနှီးမှုသည် အခြားယုံကြည်သူများထံမှ သီးသန့်နေထိုင်ခြင်းတွင် မဖြစ်တည်ပါ။ ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာရှင်သန်ခြင်းတွင် ခရစ်တော်၏ကိုယ်ခန္ဓာတော် အရေးပါပုံကိုရှင်လုကာက ဤအပိုင်းတွင်ပြန်လည် အတည်ပြုထားသည်။

ရှင်ပေါလုက ဝိညာဉ်သဘောရှိသော (ဝိညာဉ်ပကတိအတိုင်းကျင့်သော)သူတို့ကို အပြစ်ဒုစရိုက်၏သွေးဆောင်ခြင်းခံရသာသူများအား ကူညီမစကြဖို့ စိန်ခေါ်ခဲ့သည်။ ရှင်ပေါလု၏အဆိုအရ၊ အပြစ်ဒုစရိုက်၏သွေးဆောင်ခြင်းကိုခံရသောသူများအား မူလအခြေအနေ၌ ပြန်လည်ရောက်ဖို့ ကူညီမစပေးခြင်းသည် ဝိညာဉ်သဘောရှိသော ယုံကြည်သူတိုင်း၏ တာဝန်

တစ်ရပ်ဖြစ်သည်။ စာတန်သည် ဤလုပ်ငန်းစဉ်ကို အစွမ်းကုန်ဆီးတားနှောက် ယှက်မည်ဖြစ်ကြောင်း စိတ်ချထားပါ။ ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများ ထံ၌ ၎င်းတို့၏အပြစ်ဒုစရိုက်ကို အဘယ့်ကြောင့်သွားရောက်ထုတ်ဖော် မပြော သင့်သည့် အမျိုးမျိုးသောအကြောင်းပြချက်များကို ကျွန်ုပ်တို့၏စိတ်ထဲ၌ စာတန်က သွတ်သွင်းပါလိမ့်မည်။ ရှင်ပေါလုက ဂလာတိအသင်းသားများ အား ညီအစ်ကိုမောင်နှမတစ်ယောက်ယောက်ကို ၎င်းတို့၏အပြစ်ဒုစရိုက်နှင့် ပတ်သက်၍ ထိပ်တိုက်ရင်ဆိုင်ခြင်းသည် နှစ်လိုဖွယ်ရှိ၍ အကြင်နာတရားနှင့် ပြည့်သောလုပ်ရပ်လည်းဖြစ်သည်ပြောခဲ့သည်။

သို့သော်၊ အပြစ်သွေးဆောင်ခြင်းကို ခံနေရသောညီအစ်ကို မောင်နှမ တစ်ယောက်အား မည်သို့ပြောဆိုရမည်ကို သတိပြုပါ။ ရှေးဦးစွာ၊ အပြစ် ဒုစရိုက်နှင့် ပတ်သက်၍တစ်ဦးတစ်ယောက်ကို မချဉ်းကပ်မီတွင် ကျွန်ုပ်တို့ သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် စိတ်သဘောထားညီညွတ်ခြင်း၌ ရှင်သန် လျှောက်လှမ်းကြရမည်ဖြစ်သည်။ ကိုယ့်မျက်စိ၌သစ်တုံးရှိနေချိန်တွင် ညီအစ်ကို မောင်နှမတစ်ယောက်ယောက်ကို ၎င်းတို့၏မျက်စိ၌ရှိသော ပြောင့်ငယ် အတွက် ဝေဖန်ပြစ်တင်ခြင်းနှင့် ပတ်သက်၍ခရစ်ဝင်ကျမ်းများတွင် သခင် ယေရှုက ကျွန်ုပ်တို့ကိုအသိပေးထားသည် (မဿဲ ၇း၃)။ ကျွန်ုပ်တို့ကိုယ်တိုင်က သခင်ဘုရားအတွက် အသက်မရှင်ကြလျှင် ညီအစ်ကိုမောင်နှမများအား ၎င်းတို့၏ အပြစ်ဒုစရိုက်နှင့်စပ်လျဉ်း၍ ပြောဆိုဆုံးမရန် ကျွန်ုပ်တို့၌ မည်သို့ အခွင့်အာဏာရှိမည်နည်း။ ကျွန်ုပ်တို့လျှောက်လှမ်းခဲ့သော အကွာအဝေးအထိ သာလူများကို ကျွန်ုပ်တို့ဦးဆောင်နိုင်ပါလိမ့်မည်။

ဒုတိယအနေဖြင့်၊ မူလအခြေအနေ၌ ထိုသို့ပြန်ထားပေးခြင်းကို သိမ်မွေ့နူးညံ့ခြင်းနှင့်အတူ ပြုလုပ်ရမည်ဖြစ်ကြောင်းသတိပြုပါ။ သူတစ်ပါး

ကိုပြင်းပြင်းထန်ထန်နှင့် ပြစ်တင်ဝေဖန်မိရန်မှာ လွယ်ကူသည်။ ကျွန်ုပ်တို့သည် အပြစ်သားများအပေါ်၌ ဘုရားသခင်ပြသသော သနားခြင်းဂရုဏာ တရားထက်အလွန့်အလွန်လျော့နည်း၍ပြသတတ်ကြသည်။ ယုံကြည်သူများက အပြစ်ဒုစရိုက်၏သွေးဆောင်ခြင်းကို ခံရသောအခြားယုံကြည်သူများကို အထင် အမြင်သေးကြသည်ကို ကျွန်ုပ်မြင်တွေ့ဖူးသည်။ အပြစ်ဒုစရိုက်၌ လဲပြိုနေသော သူများကို အသင်းတော်များက ကြမ်းကြမ်းတမ်းတမ်းနှင့် ပြင်းပြင်းထန်ထန် ကိုင်တွယ်ခဲ့ကြသည်ကို ကျွန်ုပ်မြင်တွေ့ဖူးသည်။ သခင်ယေရှုက ကာမဂုဏ် မှားယွင်းခြင်းအမှုကို ကျူးလွန်ခဲ့သောအမျိုးသမီးအား မည်သို့ဆက်ဆံပြောဆို ခဲ့သည်ကို သတိရပါ (ယောဟန် ၈)။ သူမကိုအခြားသူများက ကျောက်ခဲနှင့် ပစ်၍သတ်လိုခဲ့ကြသော်လည်း၊ သခင်ယေရှုကမူ ကြီးမားသောသနားခြင်း ဂရုဏာကို ပြခဲ့သည်။ ကိုယ်တော်သည် သူမကိုသိမ်မွေ့နူးညံ့စွာပြောဆို ဆက်ဆံခဲ့သည်။ အပြစ်သားများက အမြဲလိုလို လိုအပ်သောအရာမှာသူတို့ကို ထူမပေးမည့် သနားခြင်းဂရုဏာလက်တစ်စုံဖြစ်သည်။ ယုံကြည်သူများသည် မိမိတို့အသင်းတော်များထံမှ ရရှိခဲ့သောတုန့်ပြန်ပုံများကြောင့် ကိုယ့်ကိုယ်ကို အပြစ်ဒုစရိုက်၌ နက်သထက်နက်အောင် တူးဝင်နေကြသည်ကို ကျွန်ုပ်တို့ အားလုံးတွေ့မြင်ဖူးကြပါသည်။ သူတို့၏ခြေပေါ်၌ ပြန်လည်ရပ်တည်လာနိုင်ဖို့ ချစ်ခြင်းမေတ္တာနှင့်တကွ သိမ်မွေ့နူးညံ့စွာဖြင့် ကူညီပေးကြမည့်အစား သူတို့ကို ရှောင်ကျဉ်၍ ဘေးဖယ်ထားကြပါသည်။ ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများ ကိုမူလအခြေအနေ၌ ပြန်လည်ထားရှိဖို့ လုပ်ဆောင်ရာတွင် သခင်ခရစ်တော် ၏စိတ်နေသဘောထားကို ကျွန်ုပ်တို့၌ရှိထားကြဖို့ ရှင်ပေါလုက ကျွန်ုပ်တို့ကို စိန်ခေါ်ထားသည်။

တတိယအနေဖြင့်၊ အခန်းငယ် ၁ တွင် မူလနေရာ၌ ပြန်လည်ထားရှိ

ရန်ကူညီပေးခြင်းကို စိတ်နှလုံးနှိမ့်ချခြင်းဖြင့် လုပ်ဆောင်ဖို့လိုအပ်ကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ ကိုယ့်ကိုယ်ကို သတိမထားလျှင် ကိုယ်တိုင်လည်းအပြစ်သွေးဆောင်ခြင်းကို ခံရနိုင်ကြောင်းကို သဘောပေါက်ထားခြင်းနှင့်အတူ ကျွန်ုပ်တို့၏ ညီအစ်ကိုမောင်နှမများအား မူလနေရာ၌ပြန်လည်ထားရှိရန် ကူညီပေးဖို့လိုအပ်ကြောင်း ရှင်ပေါလုကဂလာတိအသင်းသားများကို ဖော်ပြခဲ့သည်။ သင့်ညီအစ်ကိုမောင်နှမတစ်ယောက်ယောက်ကို စကားပြောဆိုသောအခါတွင် သင်ကိုယ်တိုင်သည်လည်း အပြစ်ဒုစရိုက်၌ လဲပြိုနိုင်ခဲ့သည်ကို သတိရပါ။ အချို့သောအပြစ်ဒုစရိုက်များသည် ကျွန်ုပ်တို့ကျူးလွန်နိုင်ခြင်း၏ တစ်ဖက်ကမ်းတွင်ရှိသည်ဟု ထင်မှတ်လောက်သည်အထိ စိတ်ကြီးမဝင်သင့်ပါ။ သင်သည်လည်းအလားတူအပြစ်ဒုစရိုက်မျိုး၌လဲပြိုရန် ဆုံးဖြတ်ချက်တစ်ချက်သာ ကွာလှမ်းကြောင်းကို သတိရပါ။ ကျွန်ုပ်တို့အားလုံးတွင် အပြစ်သဘောသဘာဝကို ပိုင်ဆိုင်ထားကြသည်။ ကျိုးလွယ်ကွဲလွယ်သော သင့်ရဲ့ဝိညာဉ်ရေးအခြေအနေကို နားလည်သဘောပေါက်ထားခြင်းက အပြစ်ဒုစရိုက်၌ကြော့မိနေသော ညီအစ်ကိုမောင်နှမတစ်ယောက်အပေါ်၌ ကျွန်ုပ်တို့ပြောဆိုပုံကို လွှမ်းမိုးစေရမည်။

နေရာအနှံ့၌ရှိနေသော စုံစမ်းနှောက်ယှက်ခြင်းများအရ၊ ရှင်ပေါလုကဂလာတိအသင်းသားများအား တစ်ဦးဝန်ထုပ်ကိုတစ်ဦးကထမ်းရွက်ပေးကြဖို့စိန်ခေါ်ခဲ့သည်။ ဤသို့ပြောဆိုခြင်းဖြင့် ရှင်ပေါလုသည် မည်သည့်အရာကို ဆိုလို ထားပါသနည်း။ သင့်ညီအကို၏ဝန်ထုပ်ကိုကူသယ်ပေးလိုလျှင် သင့်ညီအစ်ကို၏ဝန်ထုပ်မှာ မည်သည့်အရာမျိုးဖြစ်ကြောင်းကို သင်သိဖို့လိုအပ်သည်။ ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ဝန်ထုပ်ဝန်ပိုးများနှင့်ပြည့်နေကြောင်းကို ကျွန်ုပ်နားလည်လာရသည်။ မသက်မသာစိတ်လေးလံမှုများဖြင့် ဝန်ပိနေမှု

နှင့်အတူ ကျွန်ုပ်တို့၏အသင်းတော်များ၌ အပတ်စဉ်လာရောက် ပါဝင်ကြသောသူများရှိပါသည်။ သူတို့သည် ရောက်လာသည့်ပုံစံအတိုင်း အမြဲလိုလိုပြန်သွားကြရသည်။ ကျွန်ုပ်တို့သည် တစ်ဦး၏ဝန်ထုပ်ကိုတစ်ဦး အချင်းချင်းကူ သယ်ပေးဖို့ဆိုလျှင် ကျွန်ုပ်တို့၏စိတ်နှလုံးများကို တစ်ဦးပေါ်တစ်ဦးဖွင့်ဟကြရမည်ဖြစ်သည်။ လူတို့သည် ကျွန်ုပ်တို့ထံ၌ ပို၍နက်နဲသောနည်းလမ်းဖြင့် ပွင့်လင်းလာကြရန်အတွက် သူတို့ကိုအခွင့်အရေးပေးတတ်ဖို့ ကျွန်ုပ်တို့သင်ယူကြရမည်ဖြစ်သည်။ မည်သည့်အရာအား သူတို့ရင်ဆိုင်ဖြတ်သန်းနေရသည်ကို ကျွန်ုပ်တို့သိနားလည်နိုင်ဖို့ လူတို့နှင့်အချိန်ယူရမည်ဖြစ်သည်။

သင့်ရဲ့ခံစားချက်ကို ထုတ်ပြော၍ရနိုင်သည့် ဝိညာဉ်ရေးမိတ်ဆွေများ သင့်တွင်ရှိပါသလား။ သင့်ရဲ့အနက်ရှိုင်းဆုံးထိခိုက်နာကျင်မှုများနှင့် ဒဏ်ရာဒဏ်ချက်များကို သင်ဝေမျှနိုင်သည့်သူများ သင်တို့၏အသင်းတော်တွင်ရှိပါသလား။ သင်တို့၏အသင်းတော်မှ အသင်းသားများက ဤအရာများကိုသင့်အား ဝေမျှခွင့်ပေးပါသလား။ ကျန်းမာကြံ့ခိုင်သော ကိုယ်ခန္ဓာတော်သည် ဤကဲ့သို့သော တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ချစ်ခြင်းမေတ္တာမျိုးကို လိုအပ်သည်။ ခရစ်တော်၏ကိုယ်ခန္ဓာတော်ရှိအရေးကြီးဆုံးအလုပ်များထဲမှ တစ်ခုမှာ ဤနည်းလမ်းဖြင့် တစ်ဦးကိုတစ်ဦး ကူညီပြုစုပေးခြင်းဖြစ်သည်။ ဤအခြေခံစည်းမျဉ်းဥပဒေသကို ဥပေက္ခာပြုခြင်းသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်အား ပြင်းပြင်းထန်ထန်အားနည်းဆုတ်ယုတ်စေခြင်းသာဖြစ်သည်။

ယုံကြည်သူများကို မူလအခြေအနေ၌ ပြန်လည်ထားရှိခြင်းအမှုတော်နှင့် တစ်ဦး၏ဝန်ထုပ်ကိုတစ်ဦးကူသယ်ပေးခြင်းအမှုတော်တွင် မိမိကိုယ်ကိုအခြားသူများနှင့် စတင်နှိုင်းယှဉ်မိရန်မှာ အလွန်လွယ်ကူသည်။ ကျွန်ုပ်တို့ညီအစ်ကိုမောင်နှမများ ရင်ဆိုင်ဖြတ်သန်းနေရသော ပြဿနာများကိုကြည့်၍

ကိုယ့်ကိုယ်ကို သာလွန်ကောင်းမြတ်သောသူများအဖြစ် ထင်မိသွားနိုင်သည်။ အခြားသူများအပြစ်ဒုစရိုက်၌ လဲပြိုနေကြသည်ကို ကျွန်ုပ်တို့မြင်တွေ့သောအခါ၊ ကျွန်ုပ်တို့မှာ ထိုကဲ့သို့သော ဒုစရိုက်ကျော့ကွင်း၌ မကျော့မိသော ကြောင့် ကျွန်ုပ်တို့သည် ပို၍ဝိညာဉ်သဘောရှိကြသည်ဟုထင်မှတ်ပြီး သွေးနားထင်ရောက်သွားနိုင်သည်။ အခန်းငယ် ၄ တွင် ရှင်ပေါလုက ဂလာတိအသင်းသားများအား သူတို့ကိုယ်ကိုသူတို့အခြားမည်သူနှင့်မျှ မနှိုင်းယှဉ်ပဲ၊ မိမိတို့၏ကိုယ်ပိုင် လုပ်ရပ်များကိုသာ စစ်ကြောစီရင်ကြဖို့ တိုက်တွန်းခဲ့သည်။ ကျွန်ုပ်တို့သည်ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများတမျှ အသက်တာကိုကောင်းမွန်စွာ ရှင်သန်ခြင်းရှိမရှိဟူသောအချက်တွင်အခြေခံ၍ ဘုရားသခင်က ကျွန်ုပ်တို့ကိုစီရင်မည် မဟုတ်ပါ။ ကျွန်ုပ်၏ကိုယ်ပိုင်တာဝန်ဝတ္တရားများနှင့် အမှုတော်ဆင့်ခေါ်ခြင်းများအတွက်သာ ဘုရားသခင်ထံတွင် ရှင်းလင်းချက်ပေးကြရမည်ဖြစ်သည်။

ကျွန်ုပ်တို့ကိုယ်ကိုအခြားသူများနှင့် နှိုင်းယှဉ်ခြင်းသည် မာန်မာနကြီးခြင်းနှင့် မနာလိုခြင်းကိုသာ ဖြစ်စေပါသည်။ ဤအရာသည် ဘုရားသခင်ထံမှမလာပါ။ အခန်းငယ် ၅ တွင် ရှင်ပေါလုက ဂလာတိအသင်းသားများအား ၎င်းတို့တစ်ဦးချင်းသည် မိမိတို့၏ဝန်ထုပ်ကို ကိုယ်တိုင်သယ်ယူရမည့်အကြောင်း ပြောခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စံချိန်စံညွှန်းများကို အခြားသူများအပေါ်၌ မပြဋ္ဌာန်းသင့်ပါ။ သင်သည် နံနက်တိုင်းနှစ်နာရီဆုတောင်းနိုင်သောကြောင့် ထိုစံချိန်စံညွှန်းကို အခြားတစ်ယောက်ယောက်အပေါ်၌ ပြဋ္ဌာန်းနိုင်သောအခွင့်အရေးရှိသည်ဟု မဆိုလိုပါ။ နံနက်တိုင်းနှစ်နာရီဆုတောင်းခြင်းအတွက် သင်သည်ဘုရားသခင်ထံ၌ ရှင်းလင်းချက်ပေးကောင်းခံပေးရလိမ့်မည်။ အကြောင်းမှာဘုရားသခင်သည် သင့်ကိုထို

အမှုတော်အတွက် သီးသန့်ဆင့်ခေါ်ခဲ့ခြင်းဖြစ်ပေမည်။ သို့သော်၊ သင့်ညီအစ်ကို တွင်မူ အလားတူအမှုတော်မျိုးရှိချင်မှရှိခဲ့ပေမည်။ သင်သည် သင့်ရဲ့ဝိညာဉ် သဘောရှိမှုကို အခြားသူတစ်ယောက်ထံ၌ ပြဋ္ဌာန်းခြင်းမပြုဘဲ ဘုရားသခင် ကသင့်ကိုပေးထားသောတာဝန်အား ကိုယ်တိုင်သယ်ယူရပါမည်။ ဘုရား သခင်သည် ကျွန်ုပ်တို့အားလုံးထံ၌ မတူသောနည်းလမ်းများဖြင့် အလုပ် လုပ်ပါသည်။

အခန်းငယ် ၆ တွင် ရှင်ပေါလုက မိမိ၏စူးစိုက်မှုကို ပြောင်းလဲခဲ့သည်။ ရှင်ပေါလုက ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်ယူခြင်းနေသောသူများ သည် မိမိတို့၏ငွေကြေးကိုင်းတို့အား သွန်သင်ပေးသောသူများထံ၌ မျှဝေ ကြဖို့ တိုက်တွန်းထားသည်။ ထိုခေတ်ကာလတွင် ဧဝံဂေလိဆရာများနှင့် သွန် သင်သူဆရာများသည် သက်ဆိုင်ရာဒေသတစ်ကြောလုံးကို ကူသန်း သွားလာ ကြရသည်။ သူတို့၏စားဝတ်နေရေးကိုထောက်ပံ့ပေးသည့် တစ်ခု တည်းသော နည်းလမ်းမှာ သူတို့သွန်သင်ပေးနေသော ယုံကြည်သူများထံမှ ရောက်လာ သည့်လက်ဆောင်များနှင့် ထည့်ဝင်ထောက်ပံ့ခြင်းများဖြစ်သည်။ ရှင်ပေါလုက အသင်းတော်များအား နှုတ်ကပတ်တော်ကိုသွန်သင်ပေးသော ဤစစ်မှန် သည့်ဆရာများ၏နောက်တွင် ရပ်တည်ထောက်ပံ့ပေးကြဖို့ တိုက်တွန်းခဲ့သည်။

အခန်းငယ် ၇-၁၀ တွင် ရှင်ပေါလုက လူတို့သည်မိမိတို့မျိုးကြဲသည့် အတိုင်းရိတ်သိမ်းရမည်ဟု ဖော်ပြခဲ့သည်။ ရှင်ပေါလုသည် ဂလာတိမြို့ရှိ ယုံကြည်သူများအား ၄င်းတို့သည်ဘုရားသခင်သတ်မှတ်ပြဋ္ဌာန်းခဲ့သော အသက်တာကိုရှင်သန်ဖို့ဆိုလျှင် ဘုရားသခင်၏ဝိညာဉ်တော်ကို ၄င်းတို့၏ အထဲ၌ အလုပ်လုပ်ခွင့်ပေးကြရန် လိုအပ်ကြောင်းပြောပြနေခဲ့ပါသည်။ ဤအ ရာကို အချို့သောသူများက အခံ့သားထိုင်၍မည်သည့်အရာမှမလုပ်ဘဲနေခြင်း

ဖြစ်သည်ဟု အဓိပ္ပါယ်ကောက်ကောင်းကောက်ခဲ့ကြပေမည်။ ရှင်ပေါလုက ဤစိတ်သဘောထားကို စိန်ခေါ်ခဲ့သည်။ ဘုရားသခင်၏ ဝိညာဉ်တော်ထံ၌ အညံ့ခံအပ်နှံခြင်းသည် ခက်ခဲသောအလုပ်ဖြစ်သည်။ ကျွန်ုပ်တို့မျိုးကြဲသည့်အတိုင်း ကျွန်ုပ်တို့ရိတ်သိမ်းကြရသည်။ ကျွန်ုပ်တို့သည် ရန်သူ၏လိမ်ညာလှည့်ဖြားမှုကို ဆက်လက်၍ယုံကြည်နေကြလျှင် ကျွန်ုပ်သည်ဘုရားသခင်ကို မိမိ၏သမ္မာတရားနှင့် ကျွန်ုပ်တို့ကိုပြည့်စေဖို့ မည်သို့မျှော်လင့်နိုင်မည်နည်း။ ကျွန်ုပ်တို့သည်နားကျည်းခါးသီးမှုနှင့် မနာလိုမှုတို့ကို စိတ်နှလုံးထဲ၌ ဆက်လက်၍ကြီးထွားခွင့်ပြုနေလျှင်၊ ထိုအရာသည် ဘုရားသခင်၏ဝိညာဉ်တော်ကို ဝမ်းနည်းစေမည်မဟုတ်ပါလား။ ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်မျိုးစေ့ကို ဆက်ကြဲပြီး အပြစ်ဒုစရိုက်ကို ဆက်လက်ရိတ်သိမ်းနေကြလျှင်၊ အသက်တာ၌ အပြစ်ဒုစရိုက်ကိုပို၍ပို၍ တွေ့မြင်ရဖို့သာမျှော်လင့်ရပါမည်။ သို့သော် အခြားတစ်ဖက်တွင်ဘုရားသခင်၏အလိုတော်၌အပ်နှံကြလျှင် ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏အသီး ကျွန်ုပ်တို့၏အသက်တာ၌အမြစ်တည်လာသည်ကို တွေ့မြင်ကြရပါလိမ့်မည်။

သန့်ရှင်းသောဝိညာဉ်တော်နှင့် လိုက်လျော်ညီထွေရှိစွာလျှောက်လှမ်းခြင်းသည် ခက်ခဲသောအလုပ်ဖြစ်သည်။ ကျွန်ုပ်တို့၏အတ္တ၌လည်းကောင်း၊ ကျွန်ုပ်တို့၏အယူအဆများ၌လည်းကောင်း နေ့စဉ်သေဆုံးဖို့လိုအပ်သည်။ ကျွန်ုပ်တို့၏ကားတိုင်ကို နေ့စဉ်ထမ်း၍ ကျွန်ုပ်တို့၏အပြစ်ရှိသော စိတ်ဆန္ဒများကို ကားစင်တင်ကြရမည်ဖြစ်သည်။ ဇာတိပကတိ၏အပြစ်ရှိသော လုပ်ရပ်များကို ကျွန်ုပ်တို့လုံးလုံးအနိုင်ယူနိုင်မည်လားဟု ကျွန်ုပ်တို့တစ်ခါတစ်ရံသိချင်ခဲ့ကြပါမည်။ အခန်းငယ် ၉ တွင်ရှင်ပေါလုက ဂလာတိအသင်းသားများအား ကောင်းသောအကျင့်ကိုကျင့်ခြင်းတွင် အားမလျော့၊ စိတ်မပျက်ကြဖို့

တိုက်တွန်းခဲ့သည်။ မာရ်နတ်ကို ဆီးတားခြင်းတွင် သည်းခံကြိုးပမ်းပါ။ ထိုသို့ပြုလျှင် သူသည်သင့်ထံမှထွက်ပြေးဖို့တွန်းအားပေးခံရပါလိမ့်မည် (ယာကုပ် ၄း၇)။ ဖြောင့်မတ်ခြင်းမျိုးစေ့ကို ဆက်၍ကြဲပါ။ အချိန်တန်လျှင် ရိတ်သိမ်းခြင်းကို ပြုရပါလိမ့်မည်။ ဤအရာသည် ကျွန်ုပ်တို့အတွက် အလွန်ကြီးမားသောခွန်အားပေးတိုက်တွန်းမှု တစ်ခုမဟုတ်ပါလား။ အောင်မြင်မှုအားလုံးသည် တစ်ညအတွင်း၌ ဖြစ်မလာကြပါ။ အချို့သောအောင်မြင်မှုများသည် ကာလအတန်ကြာခက်ခက်ခဲခဲ ခုခံတွန်းလှန်ခြင်းအားဖြင့် ဖြစ်လာကြသော်လည်း အောင်မြင်မှုအားလုံးသည် ထိုသို့အောင်နိုင်ရန်အတွက် ကျွန်ုပ်တို့ကိုလုပ်ပိုင်ခွင့်အာဏာပေးသည့် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ဖြစ်တည်လာကြခြင်းဖြစ်သည်။

အခန်းငယ် ၁၀ တွင်ရှင်ပေါလုက ဂလာတိအသင်းသားများအား ၎င်းတို့သည် အခွင့်ကောင်းကြုံသည်နှင့် တစ်ဦးကိုတစ်ဦးကျေးဇူးပြုကြရမည်ဖြစ်ကြောင်းပြောခဲ့သည်။ သူတို့၏ရှေ့တွင်ရှိနေသော တိုက်ပွဲသည်ခက်ခဲ၍ ကာလအတန်ကြာတိုက်ရမည့် တိုက်ပွဲဖြစ်သည်။ သူတို့သည်ရန်သူကို တစ်ယောက်တည်း မတိုက်ခိုက်နိုင်ပါ။ တစ်ဦးကိုတစ်ဦး သူတို့လိုအပ်ကြသည်။ သူတို့၏ဝန်ထုပ်များကို ကူသယ်ပေးမည့်သူများကို သူတို့လိုအပ်ကြသည်။ ခရစ်ယာန်အသက်တာသည် အဖွဲ့လိုက်ကြိုးစားအားထုတ်ရသောအရာဖြစ်သည်။ ကျွန်ုပ်တို့သည် တိုက်ပွဲကိုအောင်မြင်ဖို့ဆိုလျှင် တစ်ဦးချင်းကမိမိ၏အခန်းကဏ္ဍကိုစွမ်းဆောင်ကြဖို့ လိုအပ်သည်။

အခန်းငယ် ၁၁-၁၈ တွင် ရှင်ပေါလုက မိမိ၏စာကိုနောက်ဆုံး အမှာစကားအချို့နှင့်အတူ နိဂုံးချုပ်ခဲ့သည်။ ရှင်ပေါလုက ဂလာတိအသင်းသားများအားသူသည် ဤစာကိုစာလုံးကြီးကြီးများဖြင့် မိမိ၏လက်နှင့်ရေးသားခဲ့

ကြောင်း ညွှန်ပြခဲ့သည်။ ဤအချက်က တမန်တော်ကြီးသည် အမြင်အာရုံ၌ အခက်အခဲရှိနေကြောင်း ယူဆစေပါသည်။ ဤသို့ဖြစ်ရခြင်းမှာ သူသည်ဒမာသက်မြို့သို့သွားသောလမ်းပေါ်၌ ဘုရားသခင်၏ဘုန်းတော်ကို မြင်တွေ့ခဲ့သောကြောင့် ဖြစ်နိုင်ပါသလား။ ဤအရာသည် ရှင်ပေါလု၏ကိုယ်၌ စူးသောဆူးလား။ ကျွန်ုပ်တို့ကို ရှင်းရှင်းလင်းလင်းပြောပြမထားခဲ့ပါ။

ရှင်ပေါလုသည် ဂလာတိအသင်းသားများအား အရေဖျားလှီးခြင်းအကြောင်း သွန်သင်ပေးနေသောသူများအကြောင်းကို တစ်ဖန်သတိပေးခဲ့သည်။ မှားယွင်းသော ဤဆရာများသည် ၎င်းတို့၏စကားအလင်္ကာကြွယ်၍ မြှောက်ပင့်ပြောဆိုတတ်သော စကားလုံးများကြောင့် အထင်ကြီးလောက်စရာကောင်းသော်လည်း သူတို့၏အရင်းခံစိတ်မှာ မှားယွင်းနေပါသည်။ သူတို့သည် မိမိတို့၏ အပြင်ပန်းသာသာရေးလုပ်ဆောင်ချက်ဖြင့် အခြားသူများ၏ အထင်ကြီးမှုကိုခံရဖို့ မောရှေ၏ပညတ်တရားကိုစောင့်ထိန်းလိုခဲ့ကြခြင်းဖြစ်သည်။ သူတို့သည် ကားတိုင်နှင့်ယှဉ်သောကျေးဇူးတော်တရားဒေသနာအတွက် ညှင်းပန်းနှိပ်စက်ခံရမည်ကို စိုးရိမ်ခဲ့ကြသည်။ သူတို့သည် သခင်ယေရှုအတွက် ရပ်တည်ပေးဖို့ သတ္တိမရှိခဲ့ကြပါ။ သူတို့ဖက်သို့ပြောင်းလဲလာသောသူများ၏ အရေအတွက်တွင် နာမည်ကောင်းယူဖို့ ဂလာတိအသင်းသားများအား အရေဖျားလှီးခြင်းကို ခံယူကြဖို့အတင်းအကျပ် စေခိုင်းနေကြခြင်းဖြစ်သည် (ငယ် ၁၃)။ ရှင်ပေါလုက ဂလာတိအသင်းသားများအားပြောပြခဲ့သည့် ယုံကြည်သူများဂုဏ်ယူဝါကြွားရမည့် တစ်ခုတည်းသောအရာမှာ သခင်ယေရှု၏လက်ဝါးကားတိုင်သာဖြစ်သည်။ အကြောင်းမှာ ထိုအရာသည်ကျွန်ုပ်တို့၏ တစ်ခုတည်းသောမျှော်လင့်ချက်နှင့် ဘုန်းကျက်သရေဖြစ်သောကြောင့်ဖြစ်သည် (ငယ် ၁၄)။

လူတစ်ဦးသည် အရေဖျားလှီးခြင်းကို ခံယူသည်ဖြစ်စေ၊ မခံယူသည် ဖြစ်စေ အရေးမကြီးကြောင်း ရှင်ပေါလုကကောက်ချက်ချခဲ့သည်။ အရေးကြီး သောအချက်မှာ ထိုသူသည်သခင်ခရစ်တော်၌ အသစ်ပြုပြင်သော သတ္တဝါ ဖြစ်၊ မဖြစ်သာဖြစ်သည် (ငယ် ၁၅)။ သခင်ခရစ်တော်၏ သန့်ရှင်းသောဝိညာဉ် တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ လာရောက်ကိန်းဝပ်နေခဲ့ပါသလား။ ဤအရာသည် အရေးကြီးသောအရာဖြစ်သည်။ ကျွန်ုပ်တို့သည် နောက်ဆုံး သောနေ့တွင် သခင်ယေရှု၏ရှေ့တော်၌ရပ်ကြသောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့အရေဖျားလှီးခြင်းခံ၊ မခံကို စစ်ဆေးကြည့်ရှုမည်မဟုတ်ပါ။ မည်သည့် အသင်းတော်၌ ကျွန်ုပ်တို့ပါဝင်တက်ရောက်သည်ကို စိတ်ဝင်စားမည်မဟုတ်ပါ။ ဤကမ္ဘာမြေ၌ ကျွန်ုပ်တို့အသက်ရှင်စဉ်၌ ကုသိုလ်ကောင်းမှု မည်မျှလုပ်ခဲ့သည် ကိုလည်း ရှာကြည့်မည်မဟုတ်ပါ။ ကိုယ်တော်ရှင် ကြည့်ရှုမည့်တစ်ခုတည်း သောအရာမှာ ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ သန့်ရှင်းသောဝိညာဉ်နေထိုင်ခြင်း ရှိ၊ မရှိနှင့် ကျွန်ုပ်တို့၏အထဲရှိ ထိုဝိညာဉ်တော်၏ကျေးဇူးကြီးလှသော အမှု တော်၌ ကျွန်ုပ်ကျိုးနွံ့အပ်နှံခြင်း ရှိ၊ မရှိကိုဖြစ်သည်။

အခန်းငယ် ၁၇ တွင်ရှင်ပေါလုက သမ္မာတရားကို ဟောပြောခြင်း ကြောင့် မိမိ၏ကိုယ်ခန္ဓာ၌ ရရှိခဲ့သောဒဏ်ရာများနှင့်စပ်လျဉ်း၍ မိမိအား ဒုက္ခပေးမည့်သူများကို အသိပေးခြင်းဖြင့် နိဂုံးချုပ်ခဲ့သည်။ ရှင်ပေါလုသည် ဧဝံဂေလိတရား (သတင်းကောင်းတရား)တော်ကိုမရှက်ခဲ့ပါ။ သူသည် ဤဒဏ် ချက်များကို ဂုဏ်ထူးဆောင်တံဆိပ်များအဖြစ်ခံယူခဲ့သည်။ စစ်သားတစ် ယောက်က မိမိ၏ဆုတံဆိပ်များကိုဝတ်ဆင်သကဲ့သို့ ရှင်ပေါလုကလည်း ထို ဒဏ်ရာများကိုဝတ်ဆင်ခဲ့ပါသည်။ ဤဒဏ်ချက်များသည် သမ္မာတရားအတွက် မားမားရပ် တည်ခဲ့သောသူတစ်ယောက်၏အမှတ်အသားများဖြစ်ကြသည်။

ဤစာစောင်၏ အဖွင့်ကျမ်းပိုဒ်များတွင် ရှင်ပေါလုကဂလာတိအသင်းသားများထံ၌ တမန်တော်တစ်ပါးအဖြစ် မိမိအားဆင့်ခေါ်ခံရခြင်းကို အသိပေးခဲ့သည်။ နိဂုံးချုပ်ကျမ်းပိုဒ်များတွင် ရှင်ပေါလုက မိမိသည်ဤဆင့်ခေါ်ခြင်းအပေါ်၌ သစ္စာရှိခဲ့ကြောင်း သူတို့ကိုပြသခဲ့သည်။ သူသည် သစ္စာရှိသောအစေခံကျွန်တစ်ယောက်၏အမှတ်အသားများကို ကိုယ်ခန္ဓာ၌ဆောင်ထားခဲ့သည်။ သူသည်ဂလာတိအသင်းသားများအား ဘုရားသခင်နှင့် ၄င်းတို့၏ဆက်ဆံရင်းနှီးမှု၌လည်းကောင်း၊ အချင်းချင်းဆက်ဆံရင်းနှီးမှု၌လည်းကောင်း သခင်ခရစ်တော်၏ကျေးဇူးတော်ခံစာကိုခံစားကြဖို့ ဆန္ဒပြုခဲ့သည်။

စဉ်းစားသုံးသပ်ရန်အချက်များ

- သမ္မာတရားမှ လက်ရှိလမ်းလွဲသွားနေသည့် သခင်ခရစ်တော်၌ တည်သောညီအစ်ကိုမောင်နှမတစ်ယောက်ကို သင်သိပါသလား။ ထိုပုဂ္ဂိုလ်အား မည်သို့ဆက်ဆံပြောရမည့်အကြောင်းနှင့် ပတ်သက်၍ ဤအပိုင်းက ကျွန်ုပ်တို့အားမည်သည့်အရာကို သွန်သင်ပေးပါသနည်း။
- ယုံကြည်သူများအတွက် အချင်းချင်းထံ၌ ခံစားချက်များကို ထုတ်ပြောကြဖို့ အဘယ်ကြောင့်ခက်ခဲနေရပါသနည်း။ ကျွန်ုပ်တို့သည် အချင်းချင်းထံ၌ ကျွန်ုပ်တို့၏ဝန်ထုပ်များကို မပြောပြလျှင် တစ်ဦး၏ဝန်ထုပ်ကို တစ်ဦးကမည်သို့ ကူသယ်ပေးနိုင်ပါမည်နည်း။
- တစ်ဦးကိုတစ်ဦး မူလနေရာ၌ပြန်လည်ထားရှိဖို့ ကူညီရာတွင် စိတ်နှလုံးနှိမ့်ချခြင်းသည် အဘယ့်ကြောင့်အရေးကြီးပါသနည်း။
- ရှင်ပေါလုက ကျွန်ုပ်တို့အား ကိုယ့်ဝန်ထုပ်ကို ကိုယ်သယ်ယူဖို့ပြော

ထားသည်။ ဘုရားသခင်က ကျွန်ုပ်တို့ကိုပေးထားသော တာဝန်ဝတ္တရားများနှင့် ရုပါရုံများကို အခြားသူများအပေါ်၌ တင်ဆောင်ခြင်းသည်မည်မျှလွယ်ပါသနည်း။ ဤအရာသည် အဘယ်ကြောင့်မှားယွင်းသနည်း။

- ယုံကြည်သူများအဖြစ်နှင့် ကျွန်ုပ်တို့ကိုယ်ကို အခြားသူများနှင့် နှိုင်းယှဉ်ခြင်းသည် အဘယ့်ကြောင့်အန္တရာယ်ရှိသနည်း။

ဆုတောင်းရန်အချက်များ

- ဘုရားသခင်နှင့် သင်ဆက်ဆံရင်းနှီးမှုတွင် ခရစ်တော်၏ ကိုယ်ခန္ဓာတော်အား သင်လိုအပ်ကြောင်းကို ပို၍သိမြင်လာရန် ကူညီမစပေးဖို့ ဘုရားသခင်ကိုတောင်းလျှောက်ပါ။
- လျှောက်ရမည့်လမ်းမှ လမ်းလွဲသွေဖြည်သွားသောသူများအတွက် ပို၍နက်နဲသော အသနားခြင်းဂရုဏာကို သင့်အားပေးသနားရန် ဘုရားသခင်အား တောင်းလျှောက်ပါ။ သခင်ဘုရားထံ၌ ထိုညီအစ်ကိုမောင်နှမကို ဆောင်ယူဆုတောင်းပေးဖို့ အချိန်အနည်းငယ်ယူပါ။
- သင့်အသက်တာ၌ ဇာတိပကတိမျိုးစေ့များကို ကြဲနေခြင်းနည်းလမ်းများအား ကိုင်တွယ်ဖြေရှင်းရန် သင့်ကိုကူညီမစပေးဖို့ ဘုရားသခင်ကိုတောင်းလျှောက်ပါ။
- ကျွန်ုပ်တို့၏ခေတ်ကာလရှိ ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ရှိနေသော မတူခြားနားမှုများကိုလက်ခံနိုင် ရန်သင့်ကိုကူညီမစပေးဖို့ ဘုရားသခင်ကိုတောင်းလျှောက်ပါ။

# ဂလာတိသြဝါဒစာ နှင့် ဖေက်သြဝါဒစာ

# ဖေက်သြဝါဒစာနိဒါန်း

*ရေးသားပြုစုသူ*

မိမိ၏အခြားစာစောင်အများစု၌ ပြုခဲ့သည့်နည်းတူ ရှင်ပေါလုသည် မိမိကိုယ်ကို ဤစာစောင်အားရေးသားခဲ့သူဖြစ်ကြောင်း အဖွင့်ကျမ်းပိုဒ်တွင် ဖော်ပြထားသည် (ဖေက် ၁း၁)။ ဖေက်မြို့ရှိ ယုံကြည်သူများအတွက် ရှင်ပေါလု ၌ရှိသော သင်းအုပ်တစ်ပါး၏ စိုးရိမ်ပတ်သက်ပေးမှုကို ဤစာစောင်တစ်ခုလုံး၌ ထင်ထင်ရှားရှားတွေ့ရသည်။

*နောက်ခံအကြောင်းအရာ*

ရှင်ပေါလုသည် ပင်တေကုတ္တေပွဲအတွက် ယေရုရှလင်မြို့သို့ သွားရောက်ခဲ့စဉ်က ဖေက်မြို့မှယုံကြည်သူများထံ ပထမဆုံးလည်ပတ်ခဲ့သည် (တမန်တော် ၁၈း၁၈-၂၁)။ ဤတစ်ကြိမ်တွင် သူသည်ခဏသာနေခဲ့သော်လည်း၊ နောက်ပိုင်းတွင် ဤမြို့သို့ပြန်လည်ရောက်ရှိလာခဲ့ပြီး တရားဟောခြင်း၊ သွန်သင်ပေးခြင်းတို့ဖြင့် သူတို့နှင့်အတူ သုံးနှစ်နေထိုင်ခဲ့သည်။ ဤအချက်သည် တမန်တော် ၂၀း၁၇-၃၁ ရှိ ဖေက်အသင်းတော်မှ သင်းအုပ်များထံ၌ ပြောဆိုခဲ့သောအရာများကိုကြည့်လျှင် ထင်ရှားနေပါသည်။

ဖေက်မြို့သည် ရောမအစိုးရလက်အောက်ရှိ အလွန်အရေးပါသော

မြို့တစ်မြို့ဖြစ်သည်။ ဤမြို့တွင် ဒိုင်ယာနာနတ်ဘုရားမ (အာတီမီးစ် ဟုလည်း ခေါ်သည်) အတွက် ရည်စူးထားသော ကြီးကျယ်ခမ်းနားသည့် ဘုရားကျောင်း ရှိသည်။ ဧဖက်မြို့သို့ မိမိလာရောက်လည်ပတ်နေထိုင်ခဲ့ချိန်အတောအတွင်း၌ ရှင်ပေါလုသည် ဒိုင်ယာနာအား ကိုးကွယ်သောသူများ၏ ပုန်ကန်ဆန့်ကျင်မှုကို ခံခဲ့ရချိန်တွင် ဆူပူအုံကြွမှုတစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။ အကြောင်းမှာ ရှင်ပေါလု၏သွန်သင်ချက်သည် လူတို့အားငင်းတို့၏နတ်ဘုရားမကို စွန့်လွှတ် ကျောခိုင်းစေခဲ့သောကြောင့်ဖြစ်သည်။ ထိုမြို့၌ရှိသော ရောမလေဟာပြင်ပြ ဇာတ်ရုံကြောင့်လည်း ဧဖက်မြို့ကိုလူသိများသည်။ လူအချင်းချင်း သတ်ပုတ် ပွဲများ၊ လူနှင့်တိရစ္ဆာန်တို့၏သတ်ပုတ်ပွဲများကိုကြည့်ရှုဖို့ လူတို့သည် ထိုလေ ဟာပြင်ပြဇာတ်ရုံသို့သွားကြသည်။

ဧဖက်အသင်းသားများထံသို့ ရေးပို့သောစာစောင်ကို ရောမအကျဉ်း ထောင်၌ ရှင်ပေါလုအကျဉ်းချခံရစဉ်တွင် ရေးသားခဲ့သည် (၃း၁၊ ၄း၁၊ ၆း၂၀ ကိုကြည့်ပါ)။ ဤစာစောင်သည် အခြေခံအားဖြင့် တိုက်တွန်းနှိုးဆော်ခြင်း စာတစ်စောင်ဖြစ်သည်။ သို့သော်၊ တမန်တော် ၂၀း၁၇-၃၁ ရှိဧဖက်မြို့မှ သင်းအုပ်များအား ရှင်ပေါလု၏လိပ်မူပြောဆိုချက်တွင် ရှင်ပေါလုကဧဖက် အသင်းတော်၌ ပြဿနာများရှိနေခဲ့လိမ့်မည့်အကြောင်း သတိထားမိခဲ့ခြင်း မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

> ထို့ကြောင့်သင်တို့သည် ကိုယ်ကိုသတိနှင့်ကြည့်ရှုကြလော့။ ဘုရား သခင်သည် မိမိအသွေးနှင့်ဝယ်တော်မူသော အသင်းတော်ကို လုပ်ကျွေးစေခြင်းငှါ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့ကို အအုပ်အချုပ်ခန့်ထားတော်မူသော သိုးစုတစုလုံးကိုလည်း သတိနှင့် ကြည့်ရှုကြလော့။ အကြောင်းမူကား၊ ငါမရှိသည်နောက်၊ ကြမ်းတမ်း

သော တောခွေးတို့သည်သိုးများကို မသနားဘဲ သင်တို့အထဲသို့ ဝင်မည်ကိုငှင်း၊ တပည့်တော်များကို သွေးဆောင်ခြင်းငှါ၊ မှားသော စကားကိုပြောတတ်သောလူတို့သည် သင်တို့အထဲ၌လည်း ပေါ်လာမည်ကိုငှင်း ငါသိ၏။ ထိုကြောင့်စောင့်ရှောက်၍ နေကြလော့။ ငါသည် သုံးနှစ်ပတ်လုံးနေ့ညမပြတ် လူအပေါင်းတို့ကို မျက်ရည်နှင့်တကွ ဆုံးမ၍နေကြောင်းကို အောက်မေ့ကြလော့ (တမန်တော် ၂၀း ၂၉-၃၁)။

ဗျာဒိတ် ၂း၁-၇ တွင် ဇေဖက်အသင်းတော်သည် အယူဝါဒသွန်သင်ချက်၌လည်းကောင်း၊ သခင်ဘုရားကို အစေခံရာ၌လည်းကောင်း ဆက်လက်၍ သစ္စာရှိနေခဲ့ကြသော်လည်း၊ မိမိတို့၏ရှေးဦးစွာသော ချစ်ခြင်းမေတ္တာအား မေ့လျော့နေခဲ့ကြသည်ကို မှတ်သားထားရန်မှာလည်း စိတ်ဝင်စားဖွယ်ဖြစ်သည်။

ရှင်ပေါလုသည် ဇေဖက်မြို့ရှိအသင်းတော်အတွက် အလွန်စိုးရိမ်ပတ်သက်နေခဲ့ပုံပေါ်သည်။ ရှင်ပေါလု၏စာသည် သူတို့အားသခင်ခရစ်တော်၌ရှိသော သူတို့၏အရိုက်အရာကို ပြန်လည်အသိပေးခဲ့သည်။ သူတို့သည် သခင်ခရစ်တော်၏တန်ခိုးတော်၌အားသစ်သွန်းလောင်းပေးခြင်းကိုခံရ၍၊ ချစ်ခြင်းမေတ္တာ၌အမြစ်တည်ကာ သူတို့ကိုချစ်တော်မူသောသခင်၏ချစ်ခြင်းမေတ္တာကို နားလည်ပြီး၊ ကိုယ်တော်၏ပြည့်စုံတော်မူခြင်းရှိသမျှဖြင့် ပြည့်စုံကြရန်မှာ ရှင်ပေါလု၏ ဆန္ဒဖြစ်ကြောင်းကို ဇေဖက် ၃း၁၄-၂၁ ၌သူတို့အတွက် ဆုတောင်းပေးခဲ့ခြင်းက ဖော်ထုတ်ပြသခဲ့သည်။ ယုံကြည်သူများအဖြစ်နှင့် သူတို့သည် ဘုရားသခင်နှင့် မိမိတို့လျှောက်လှမ်းရှင်သန်ခြင်း၌လည်းကောင်း၊ မိမိတို့၏ မိသားစုများ၌လည်းကောင်း ခေါ်တော်မူခြင်းနှင့် ထိုက်တန်လျော်ညီသော

အသက်တာကိုရှင်သန်ကြရန် ရှင်ပေါလုကသူတို့ကို တိုက်တွန်းခဲ့သည်။ အသင်းတော်တစ်ပါးအဖြစ်နှင့် သူတို့အားဆန့်ကျင်၍ ဆင်နွှဲနေသော ဝိညာဉ်တိုက်ပွဲသည် ရှင်ပေါလုအဓိကစူးစိုက်ထားသောအချက်ဖြစ်ကြောင်း အထူးမှတ်သားရသည်။ ဘုရားသခင်၏ စစ်ဝတ်တန်ဆာကို ယူတင်ဝတ်ဆောင်ခြင်းအားဖြင့်စာတန်အား မည်သို့ခုခံတိုက်လှန်ရမည့်အကြောင်း သူတို့ကိုသွန်သင်ပေးရာ၌ အချိန်ပမာဏများစွာကို ရှင်ပေါလုအသုံးပြုထားသည်။

*ယနေ့အတွက်ဤစာစောင်အရေးပါပုံ*

ဧဖက်သြဝါဒစာသည် သီးသန့်ဆန်သောစာတစ်စောင်ဖြစ်သည်။ ဤစာစောင်က ကျွန်ုပ်တို့သည် သခင်ခရစ်တော်၌မည်သူမည်ဝါဖြစ်ကြောင်းကို အသိပေးထားပြီး၊ ယုံကြည်သူတစ်ယောက်အဖြစ်နှင့် ဝိညာဉ်ရေးအသိုင်းအဝိုင်းထဲ၌ နေထိုင်ခြင်း၏အဓိပ္ပါယ်အပေါ်၌ ရှင်းလင်းပြတ်သားသော သွန်သင်ချက်အချို့ကို ကျွန်ုပ်တို့အားပေးပါသည်။ ဤစာစောင်ရှိ အထူးအရေးပါသောအချက်မှာ ကျွန်ုပ်တို့အားလုံး ဝင်ရောက်ဆင်နွှဲနေကြသော ဝိညာဉ်တိုက်ပွဲနှင့် စပ်လျဉ်းသောရှင်ပေါလု၏ သွန်သင်ချက်ဖြစ်သည်။ ဘုရားသခင်၏ စစ်ဝတ်တန်ဆာအကြောင်း ရှင်ပေါလု၏သွန်သင်ချက်သည် ဘုရားသခင်၏ နိုင်ငံတော်အား ချဲ့ထွင်ရန် ကျွန်ုပ်တို့ကြိုးစားအားထုတ်မှု၌လည်းကောင်း၊ ခရစ်ယာန်အသက်တာကို ရှင်သန်ရန်ကျွန်ုပ်တို့၏ ကြိုးစားအားထုတ်မှု၌လည်းကောင်း စာတန်ကိုမည်သို့ခုခံတွန်းလှန်ရမည်ကို ကျွန်ုပ်တို့နားလည်သဘောပေါက်ထားခြင်းအတွက် အလွန်အရေးပါသော အရာဖြစ်သည်။

၁၂

## သခင်ခရစ်တော်၌

ဖေက် ၁း၁-၁၄ ကိုဖတ်ရှုပါ။

ရှင်ပေါလုက ဖေက်အသင်းသားများထံသို့ ရေးသားပေးပို့ခဲ့သောစာကို မိမိသည်ဘုရားသခင်၏အလိုတော်အားဖြင့် သခင်ယေရှုခရစ်၏တမန်တော်တစ်ပါးဖြစ်ကြောင်း သူတို့ကိုအသိပေးခြင်းဖြင့် စတင်ခဲ့သည်။ ရှင်ပေါလု၏တမန်တော်ဖြစ်ခြင်းအရိုက်အရာသည် မိမိကိုယ်တိုင်ဆုံးဖြတ်လုပ်ယူခဲ့သော သက်မွေးမှုလုပ်ငန်းနှင့်ဆိုင်သော ဆုံးဖြတ်ချက်တစ်ခုမဟုတ်ခဲ့ပါ။ ဤအမှုတော်သည် ဘုရားသခင်က သူ့ကိုဆင့်ခေါ်ခွဲခန့်ခဲ့သော အမှုတော်ဖြစ်သည်။ ဖေက်အသင်းသားများထံ၌ ရှင်ပေါလုရေးသားပေးပို့ခဲ့သောအရာများသည် ဘုရားသခင်၏အမိန့်အာဏာကို ဆွဲကိုင်ဆောင်ယူထားခဲ့ကြသည်။

ရှင်ပေါလု၏စိတ်ဆန္ဒမှာ ဖေက်အသင်းသားများသည် မိမိတို့၏အသက်တာ၌ ဘုရားသခင်၏ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းကို ကြုံတွေ့ခံစားကြရန်ဖြစ်ခဲ့သည်။ ဤကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် ကယ်တင်ခြင်းနှင့်အမြဲလိုလို ဆက်စပ်နှီးနွှယ်ကြသော်လည်း ဖေက်အသင်းသားများအတွက် ရှင်ပေါလု၏စိတ်ဆန္ဒမှာ သူတို့သည်ဤကောင်းကြီးမင်္ဂလာများကိုဆက်လက်၍ ပမာဏမြောက်မြားဖြင့် ပုံမှန်ကြုံတွေ့ခံစားကြဖို့ ဖြစ်သည်။ ဘုရားသခင်၏မျက်နှာသာပေးခြင်းကိုခံရသည် ဟူသောအသိစိတ်နှင့်

ထိုအရာမှ ထွက်ပေါ်လာသော ငြိမ်သက်ခြင်းအပြုအမူများကို ဆုံးရှုံးရန်မှာ ကျွန်ုပ်တို့အတွက် အဘယ်မျှလွယ်ကူပါသနည်း။ ဤကောင်းကြီးမင်္ဂလာများ အားသတိပြုမိနေသည့်စိတ်အား ကျွန်ုပ်တို့ထံမှလုယက်ရခြင်းကို ရန်သူအလွန် ကျေနပ်အားရလျှက်ရှိသည်။

အခန်းငယ် ၃-၁၄ တွင်ရှင်ပေါလုသည် ကျွန်ုပ်တို့၏အရှင်ယေရှု ခရစ်၏ခမည်းတော်ဘုရားသခင်အား ယုံကြည်သူများအတွက် လုပ်ဆောင် ပေးသွားခဲ့သောအရာအတွက် ချီးမွမ်းကိုးကွယ်ခြင်းကို စာကြောင်းရှည် တစ်ကြောင်းဖြင့် ပေါက်ကွဲခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကောင်းကင် ဘုံနှင့်ဆိုင်သောအရာတို့၌ အကြွင်းမဲ့ကောင်းကြီးပေးထားကြောင်း ရှင်ပေါလု ကမိမိ၏စာဖတ်သူတို့ကို ပြောခဲ့သည်။ တမန်တော်ကြီးက ဤနေရာတွင် ကျွန်ုပ်တို့၏မြေကြီးနှင့်ဆိုင်သော ကောင်းကြီးမင်္ဂလာများနှင့် ကောင်းကင်ဘုံနှင့် ဆိုင်သောကောင်းကြီးမင်္ဂလာတို့ကို ခွဲခြားထားသည်။ ကျွန်ုပ်တို့၏ကျန်းမာရေး နှင့်ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများအားလုံးသည် ချစ်ခင်ကြင်နာတတ်၍ သနားခြင်း ဂရုဏာနှင့် ပြည့်စုံသောဘုရားသခင်၏ လက်တော်မှရောက်ရှိလာကြပါသည်။ ဤအရာများအားလုံးသည် ဘုရားသခင်ထံမှ ခံစားရသောအံ့ဖွယ်လက်ဆောင် များဖြစ်ကြသည်။ သို့သော်၊ ရှင်ပေါလုစူးစိုက်ထားသောအရာမှာ ကျွန်ုပ်တို့ ခံစားရရှိခဲ့သော ရုပ်ပိုင်းဆိုင်ရာကောင်းကြီးမင်္ဂလာများမဟုတ်၊ ဝိညာဉ်ရေး ကောင်းကြီးမင်္ဂလာများဖြစ်ကြသည်။ ထိုကောင်းကြီးမင်္ဂလာများမှာ မည်သည့် အရာများဖြစ်ကြသနည်း။ ၎င်းတို့တစ်ခုချင်းကို လေ့လာကြည့်ကြပါစို့။

*ဤကမ္ဘာမတည်မရှိမီ ငါတို့ကို ခရစ်တော်၌ ရွေးကောက်တော်မူသည် (ငယ် ၄)။*

ဤကမ္ဘာကြီးအား မဖန်ဆင်းမီတွင် ဖန်ဆင်းရှင်သည် ဤစကြဝဠာ

ကြီးအတွက် အကြံအစည်တစ်ခုရှိခဲ့သည်။ ထိုအကြံအစည်မှာ မိမိ၏ရှေ့တော်၌သန့်ရှင်းပြီး အပြစ်ကင်းလွတ်လျှက်ရှိနေကြဖို့ ကျွန်ုပ်တို့ကိုရွေးကောက်ထားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်စပ်ဆိုင်၍ အပြစ်ဒုစရိုက်နှင့်နတ်ဆိုးကိုအောင်နိုင်ခြင်း၌ ရှင်သန်ရန်မှာ ဤကမ္ဘာမတည်မရှိမီကတည်းကရှိနေခဲ့သော ဘုရားသခင် ထာဝရဘုရား၏စိတ်ဆန္ဒဖြစ်သည်။ သန့်ရှင်းခြင်းဆိုသည်မှာ သီးသန့်ခွဲထုတ်ထားခြင်းကို ဆိုလိုသည်။ အပြစ်ကင်းလွတ်ခြင်းဆိုသည်မှာ အပြစ်အနာအဆာမရှိခြင်းကို ဆိုလိုသည်။ ဤရည်ရွယ်ချက်ကိုစိတ်၌ ရည်မှတ်လျှက် ကျွန်ုပ်တို့ကို ရွေးကောက်၍ ဖန်ဆင်းခြင်းခံခဲ့ကြရသောကြောင့် ဤသန့်ရှင်းခြင်း၌ ကျွန်ုပ်တို့ နေထိုင်ရှင်သန်မှသာလျှင် ကျွန်ုပ်တို့သည် စစ်မှန်သောပျော်ရွှင်ခြင်းနှင့် ဝမ်းမြောက်ခြင်းကို သဘောပေါက်နားလည်ကြပါလိမ့်မည်။

ယုံကြည်သူများသည် လောကီနည်းစနစ်များအပေါ်၌လည်းကောင်း၊ ဇာတိပကတိစိတ်အပေါ်၌လည်းကောင်း၊ နတ်ဆိုးအပေါ်၌လည်းကောင်း အောင်မြင်သောသူများဖြစ်ကြရန်မှာ ဘုရားသခင်၏အလိုတော်ဖြစ်သည်။ ကျွန်ုပ်တို့သည် အရှုံးသမားဘဝကို ရယူရှင်သန်စရာ အကြောင်းမရှိပါ။ ဤစကြဝဠာကြီး၏ အရှင်ဘုရားသခင်က အောင်မြင်ခြင်းအတွက် ကျွန်ုပ်တို့ကို ဖန်ဆင်းခဲ့ပါသည်။ ကျွန်ုပ်တို့သည် အောင်မြင်ခြင်းကို ဘယ်သောအခါတွင်မျှ ကြုံတွေ့ခံစားနိုင်မည်မဟုတ်ဟု ယုံကြည်လျှက်၊ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်များ၌ အကြိမ်မည်မျှအရှုံးပေးခဲ့ကြပါသနည်း။ စာတန်သည် ကျွန်ုပ်တို့၏ အသက်တာ၌ ဆက်၍ရှိနေသောအပြစ်ဒုစရိုက်များကို ကျွန်ုပ်တို့မမြင်နိုင်အောင်ဆီးတားရာတွင် အောင်မြင်နေခဲ့ပါသည်။ စာတန်ကကျွန်ုပ်တို့ကို "အဲဒီအပြစ်သေးလေးလေးတွေအတွက် စိုးရိမ်မနေပါနဲ့" ဟုပြောနေပါသည်။ ကျွန်ုပ်တို့သည် စာတန်၏ထိုလိမ်ညာမှုကို မကြာခဏမည်သို့ ယုံကြည်ခဲ့၍

ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်၌ဆက်၍ ကျင်လည်နေကြပါသနည်း။ ဘုရားသခင်၏ရှေ့တော်၌ သန့်ရှင်း၍ အပြစ်ကင်းလွတ်သောသူဖြစ်ရန် ဤကမ္ဘာမတည်မရှိမီက ကျွန်ုပ်တို့ဖန်ဆင်း၍ ရွေးကောက်ခဲ့ကြောင်းကို သိနားလည်ထားခြင်းက ကျွန်ုပ်ကို ထိုအဆုံးသတ်ရောက်သည့်တိုင် ကြိုးစားရန်းကန်စေသင့်ပါသည်။ မကောင်းမှုဒုစရိုက်၌ ကျော့မိနေသော ဤလောကကြီးတွင် သခင်ခရစ်တော်၏ အမှုတော်အားဖြင့်အောင်မြင်ခြင်း၌ ရှင်သန်ရန် ဘုရားသခင်၏အထူးတလည် ဆင့်ခေါ်ခံရ၍ စွမ်းဆောင်ထောက်ကူပေးခံရခြင်းသည် အခွင့်ထူးကြီးတစ်ခုမဟုတ်ပါလား။

*ငါတို့သည်ယေရှုခရစ်အားဖြင့် သားအရာကိုရမည်အကြောင်း အလိုတော်ရှိသောစေတနာအတိုင်း ရှေးမဆွကခွဲခန့်မှတ်သားတော်မူ၏(ငယ် ၅)။*

ကျွန်ုပ်တို့သည် အောင်နိုင်သောသူများဖြစ်လာကြဖို့သာ ရွေးကောက်ခံခဲ့ကြရသည်မဟုတ်၊ ဘုရားသခင်၏ သားသမီးများဖြစ်လာရန်အတွက်လည်း ရွေးကောက်ခြင်းခဲ့ကြရပါသည်။ ဤကျမ်းပိုဒ်တွင် နီးစပ်ကျွမ်းဝင်မှုကိုတွေ့ရပါသည်။ အပြစ်ဒုစရိုက်နှင့် နတ်ဆိုးအပေါ်အောင်မြင်ခြင်း၌ ကျွန်ုပ်တို့ရှင်သန်ခြင်းကို ဘုရားသခင်က ကျွန်ုပ်တို့စိတ်ဝင်စားသည်ထက်ပို၍ စိတ်ဝင်စားသည်။ အကြောင်းမှာ၊ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်လည်း ပုဂ္ဂိုလ်ရေးဆက်ဆံရင်းနှီးမှုတစ်ခုကို အလိုရှိနေသည်။ ဘုရားသခင်၏ သားသမီးများဖြစ်ကြသည့်အားလျော်စွာ ကျွန်ုပ်တို့သည် ဘုရားသခင်၏မျက်မှောက်တော်သို့တိုးဝင်၍ ကျွန်ုပ်တို့စိတ်နှလုံးကို ဘုရားသခင်ထံ၌ ဝေမျှပြောပြရန် အထူးအခွင့်အရေး ရှိထားကြသည်။ ဘုရားသခင်၏သားသမီးများဖြစ်ကြသည်နှင့်အမျှကျွန်ုပ်တို့သည် ထာဝရအသက်ကို အမွေခံရသောသူများဖြစ်ကြရသည်။ ကျွန်ုပ်တို့သည် ခမည်းတော်၏ကောင်းကြီးမင်္ဂလာများဖြင့် သွန်းလောင်းခြင်းကို

ခံကြရသည်။ ဘုရားသခင်သည် မိမိ၏သားသမီးများအဖြစ်နှင့် ကျွန်ုပ်တို့ကို ကြည့်ရှုစောင့်ရှောက်၍ လမ်းပြဦးဆောင်ပေးရန် ကတိပြုထားပါသည်။

ဤစကြဝဠာ၏အရှင် ကြီးမြတ်တော်မူသောဘုရားသခင်သည် အဘယ်ကြောင့် ကျွန်ုပ်တို့နှင့်ထိုကဲ့သို့သော ဆက်ဆံရင်းနှီးရခြင်း၌ ဝင်ရောက်ခဲ့ပါသနည်း။ ဘုရားသခင်သည် "မေတ္တာအားဖြင့်" ထိုသို့ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ကို မိမိ၏သားသမီးများအဖြစ် မွေးစားရန်ဘုရားသခင်ကို စေ့ဆော်ခဲ့သောအရာမှာ ချစ်ခြင်းမေတ္တာဖြစ်သည်။ ဤအရာသည် "အလိုတော်ရှိသော စေတနာအတိုင်း" ဖြစ်ခဲ့ကြောင်းကို သတိပြုပါ။ တစ်နည်းအားဖြင့်ဆိုရလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုလက်ကမ်း၍ မိမိ၏သားသမီးများအဖြစ် မွေးစားခဲ့ရခြင်းမှာ ထိုသို့ပြုလုပ်ခြင်းကို သာယာသောကြောင့်ဖြစ်သည်။ ဤအချက်က ဘုရားသခင်နှင့်စပ်လျဉ်းသောအရေးပါသည့်အရာကို ပြောပြနေပါသည်။ မိမိ၏သားသမီးများနှင့် ကိုယ်တိုင်ကိုယ်ကျနီးစပ်ကျွမ်းဝင်စွာ နှီးနှောယ်ရခြင်းသည်ဘုရားသခင်ကို သာယာကြည်နူးစေပါသည်။ မိမိနှင့်ဤနီးစပ်ကျွမ်းဝင်ခြင်းသို့ ကျွန်ုပ်တို့ဝင်ရောက်လာသည်ကို ဘုရားသခင်အလွန်တောင့်တသောကြောင့် မိမိ၏သားတော်ကို ကားတိုင်ထက်၌အသေခံရန် စေလွှတ်ခြင်းဖြစ်သည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့သည်အပြစ်လွှတ်ခြင်းကို ခံရခြင်းဖြင့် ဘုရားသခင်ကို ကြင်နာတတ်သော ကျွန်ုပ်တို့၏ကောင်းကင်ဘုံမှအဘအဖြစ် သိကျွမ်းနိုင်ခဲ့ကြမည်ဖြစ်သည်။

ဤချစ်ခြင်းမေတ္တာမျိုးဖြင့် ကျွန်ုပ်တို့ကိုချစ်မည့်သူတစ်ယောက်မျှ ကျွန်ုပ်တို့၌ မရှိဖူးပါ။ အံ့ဖွယ်ကျေးဇူးတော်ပါတကား။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို သိကျွမ်းနိုင်ဖို့အလို့ငှါ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက်အသေခံခဲ့သည်။ ဘုရားသခင်၏သားသမီးအဖြစ် မွေးစားခံရခြင်းနှင့် ကိုယ်တော်သည် ကျွန်ုပ်တို့နှင့် ပေါင်းသင်းဆက်ဆံရခြင်းကို မည်မျှနက်နက်နဲနဲတောင့်တ

နေသည်ကို သိရခြင်းမှာ အံ့ဖွယ်ကောင်းကြီးမင်္ဂလာမဟုတ်ပါလား။ ဤအချင်းအရာသည် ဘုရားသခင်က ကျွန်ုပ်တို့၌ အခမဲ့ပေးသနားထားသော အံ့ဖွယ်ကျေးဇူးတော်အတွက် ဘုရားသခင်၏ဝတ်ပြုကိုးကွယ်၍ ချီးမွမ်းရန်ကျွန်ုပ်တို့၏စိတ်နှလုံးများကို စေ့ဆော်ပေးရပါမည်။

*ထိုသားတော်၏ အသွေးအားဖြင့်အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည်ခံရကြ၏ (ငယ် ၇)။*

ရှင်ပေါလုက ဧဖက်အသင်းသားများအား ၄င်းတို့သည် ဘုရားသခင်၏သားသမီးများအဖြစ်နှင့် သခင်ခရစ်တော်၏ အသွေးတော်အားဖြင့် ရွေးနှုတ်ခြင်းကိုခံခဲ့ကြရကြောင်း အသိပေးခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏မျက်နှာသာပေးမှုကို ထိုက်ထိုက်တန်တန်ကြိုးစားရယူခဲ့ကြသောကြောင့် ဘုရားသခင်၏သားသမီးများအဖြစ်နှင့် မွေးစားခံခဲ့ရခြင်းမဟုတ်ပါ။ အမှန်ဆိုရလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အလွန်အလှမ်းဝေးခဲ့ကြပါသည်။ လမ်းပျောက်နေသောအပြစ်သားများအဖြစ်နှင့် ကျွန်ုပ်တို့သည် သန့်ရှင်းတော်မူသော ဘုရားသခင်ထံမှ ခွဲထားခြင်းကိုခံခဲ့ကြရသည်။ ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်၏ကျွန်ပြုခြင်းကိုခံကြရပြီး၊ ဘုရားသခင်၏အမျက်တော်အောက်တွင် ရှိနေခဲ့ကြပါသည်။ ဤအခြေအနေမှ ကျွန်ုပ်တို့လွတ်မြောက်မည့်အကြောင်း ဘုရားသခင်သည် ချစ်ခြင်းမေတ္တာနှင့်တကွ လိုလိုလားလားဖြင့် အဖိုးအခကို ပေးဆပ်လိုခဲ့သည်။ ဤပေးဆပ်မှုသည် သခင်ယေရှုအားမိမိအသက်ကို စတေးဖို့စေခဲ့သည်။ ဘုရားသခင်သည် ဤအမှုကိုကြံစည်ခဲ့ရခြင်းမှာ ကိုယ်တော်သည် ကျေးဇူးကြီး၍ သနားခြင်းဂရုဏာနှင့်ပြည့်စုံတော်မူသော ဘုရားဖြစ်သောကြောင့်ဖြစ်သည်။ ဤရွေးနှုတ်ခြင်းကြောင့် ကျွန်ုပ်တို့သည်အပြစ်လွှတ်ခြင်းကို ခံခဲ့ကြရသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အမျက်တော်ကိုဘယ်သောအခါ

တွင်မျှ ခံစားကြရတော့မည်မဟုတ်ပါ။ ဘုရားသခင်ကို ကျွန်ုပ်တို့ပုန်ကန်ခြားနားခြင်းအတွက် ကြီးမားသောအဖိုးအခကို ကျွန်ုပ်တို့ပေးဆပ်ဖို့ မလိုတော့ပါ။ ခမည်းတော်သည် မိမိရွေးကောက်ထားသောသူများအပေါ်၌ မိမိ၏အပြစ်လွှတ်ခြင်းကျေးဇူးတော်ကို ရက်ရက်ရောရောပေးသနားနိုင်မည့်အကြောင်း သခင်ယေရှုက ကားတိုင်ထက်သို့ ထမ်းပိုးသွားခဲ့သောအလွန်ကြီးမားသည့် ဝန်ထုပ်အကြောင်းကို ရှင်ပေါလုက ဧဖက်အသင်းသားများအား အသိပေးခဲ့သည်။

*အလိုတော်၏နက်နဲသောအရာကို ငါတို့အားပြတော်မူ၏ (ငယ် ၉)*

ဘုရားသခင်သည် ယုံကြည်သူတို့ကို သခင်ခရစ်တော်၏အသွေးတော်အားဖြင့် ရွေးနှုတ်ခဲ့သည်သာမဟုတ်၊ ခပ်သိမ်းသောနားလည်နိုင်စွမ်းနှင့် ဉာဏ်ပညာ (သတိပညာတော်) တို့ကို လည်းရက်ရက်ရောရောပေးခဲ့ကြောင်းကို အခန်းငယ် ၈ တွင် သတိပြုပါ။ ယုံကြည်သူများအပေါ်၌ ထားရှိသောဘုရားသခင်၏ကျေးဇူးတော်သည် ရွေးနှုတ်ခြင်းတွင် ကုန်ခမ်းမသွားခဲ့ပါ။ ယုံကြည်သူများထံ၌ မိမိအလိုတော်၏နက်နဲသောအရာကို သိနားလည်စေရာ၌လည်း ဘုရားသခင်၏ကျေးဇူးတော်သည် အလျှံအပယ်ရှိလျှက်နေကြောင်းကို ရှင်ပေါလုကဧဖက်အသင်းသားများအား ပြောပြခဲ့သည်။ ဆိုလိုသည်မှာ ဘုရားသခင်သည်ယုံကြည်သူများအား မိမိ၏ရည်ရွယ်ချက်နှင့်အကြံအစည်တို့ကို ထိုးထွင်းသိမြင်စွမ်းသောဉာဏ်ကို ပေးသနားရာ၌လည်း အားရကျေနပ်တော်မူခဲ့သည်။ ထိုအကြံအစည်မှာ မည်သည့်အရာဖြစ်သနည်း။ ထိုအကြံအစည်မှာ ခပ်သိမ်းသောအရာတို့ကို သခင်ခရစ်တော်၏ စိုးမိုးအုပ်ချုပ်ပိုင်ခွင့်အာဏာအောက်၌ သွတ်သွင်းရန်ဖြစ်ကြောင်း အခန်းငယ် ၁၀ ကကျွန်ုပ်တို့ကို ပြောပြထားသည်။

တစ်နေ့တွင် ခပ်သိမ်းသောလူတို့နှင့် ခပ်သိမ်းသောအရာတို့သည် သခင်ယေရှု၏ဖြောင့်မတ်ခြင်း အုပ်ချုပ်မှုအောက်၌ ကျိုးနွံအပ်နှံကြပါလိမ့်မည်။

ဤအရာသည် ဤလောက၌ဘုရားသခင်ပြုလုပ်နေသောအရာဖြစ်သည်။ ကျွန်ုပ်၏အပြစ်ဒုစရိုက်များမှ ကျွန်ုပ်ကိုရွေးနှုတ်ခြင်းဖြင့် ကျွန်ုပ်ကို မိမိအထံပါးသို့ဆောင်ယူခဲ့ရခြင်းမှာ ဤအကြောင်းအရင်းကြောင့်ဖြစ်သည်။ ဤအကြံအစည်သည် ဘုရားသခင်သတ်မှတ်ထားသောအချိန်တွင် ပြည့်စုံခဲ့ပါလိမ့်မည်။ ဘုရားသခင်၏အချုပ်အခြာအာဏာရှိခြင်း အကြောင်းကို ပြောပြသည့်သမ္မာကျမ်းစာရှိ အခိုင်မာဆုံးထုတ်ဖော်ပြောဆိုချက်များအနက်မှ တစ်ခုကိုအခန်းငယ် ၁၁ တွင်တွေ့ရသည်။ ဘုရားသခင်သည် "မိမိစေတနာ၏အလိုတော်သို့လိုက်၍ အလုံးစုံတို့ကိုစီရင်ပြုပြင်တော်မူတတ်သောသူ၏ကြံစည်ခြင်းရှိသည်အတိုင်း . . . .။"

ဘုရားသခင်သည် ဤအကြံအစည်ကို မိမိ၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်လည်းကောင်း၊ မိမိ၏နှုတ်ကပတ်တော်အားဖြင့်လည်းကောင်း ကျွန်ုပ်တို့ထံ၌ ဖော်ထုတ်ပြသခဲ့သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏မျက်စိရှေ့၌ ထိုအကြံအစည်ဖွင့်ဟလာခြင်းအား မြင်တွေ့ရသည့်အခွင့်ထူးကို ရရှိခဲ့ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အံ့ဖွယ်အကြံအစည်၏ အစိတ်အပိုင်းဖြစ်လာရသော အခွင့်ကောင်းကိုရရှိထားကြသည်။ ဘုရားသခင်သည် ဤကမ္ဘာကြီးအတွက်ထားရှိသော မိမိ၏ရည်ရွယ်ချက်များအား အကောင်အထည်ဖော်ရာ၌ ကျွန်ုပ်တို့အားထည့်သွင်းပါဝင်စေရခြင်းကို ကျေနပ်အားရတော်မူသည်။ ဤအရာကား အဘယ်မျှကြီးသောကောင်းကြီးမင်္ဂလာဖြစ်ပါသနည်း။

တမန်တော်ရှင်ပေါလုသည် မိမိ၏သာသနာလုပ်ငန်းအားဖြင့် လူတို့ကိုရန်သူ၏ခံတွင်းထဲမှ ကယ်တင်ခဲ့ခြင်းဖြင့် အံ့ဖွယ်ဤအကြံအစည်တော်တစ်စိတ်တစ်ပိုင်းပြည့်စုံလာသည်ကို မိမိ၏ခေတ်ကာလနေ့ရက်တွင် မြင်တွေ့

ခဲ့ရသည်။ ဘုရားသခင်၏ဝိညာဉ်တော်လှုပ်ရှား၍ နတ်ဆိုး၏တန်ခိုးအာဏာ စက်အပေါ်၌ အောင်နိုင်ခြင်းကိုရရှိခဲ့သည့်နှင့်အမျှ ဤလောက၌ထိုအကြံ အစည်သာ၍ပင် ကြီးမားကျယ်ပြန့်စွာ ပြည့်စုံလာနေသည်ကို ယနေ့ကျွန်ုပ်တို့ မြင်တွေ့နေကြရပါသည်။ အခန်းငယ် ၁၂ နှင့် ၁၃ တွင်ရှင်ပေါလုက ဖေက် အသင်းသားများအား ယုဒလူမျိုးများသည် သခင်ခရစ်တော်၌ မျှော်လင့်ချက် ရှိကြရန် ဘုရားသခင်၏ရွေးကောက်ခြင်းကို ပထမဦးဆုံးခံကြရပြီး၊ ယုဒလူမျိုး များအားဖြင့် ဘုရားသခင်၏ရည်ရွယ်ချက်များကို တပါးအမျိုးတို့၏အသက်တာ ၌လည်း အကောင်အထည်ဖော်နေကြကြောင်း အသိပေးခဲ့သည်။ ဘုရား သခင်သည် ဧဖက်အသင်းသားများကို မိမိထံသို့ဆောင်ယူခဲ့ပါသည်။ ထိုသို့ အားဖြင့် သူတို့သည်အပြန်အလှန်အားဖြင့် ဘုရားသခင်၏သန့်ရှင်းသော နာမတော်အား ချီးမွမ်းနိုင်ကြမည်ဖြစ်သည်။ ဘုရားသခင် ၏အံ့ဖွယ်ကောင်း သောဤအမှုတော်ကို နားလည်သဘောပေါက်ရသော အခွင့်ကိုသာရရှိခဲ့ကြ သည်မဟုတ်၊ ထိုအမှုတော်ကို အကောင်အထည်ဖော်ရာ၌ လည်းအစိတ်အပိုင်း တစ်ခုအဖြစ်နှင့်ပါဝင်ခွင့်ရရှိခြင်းသည် အလွန်ထူးကဲသောအခွင့်အရေးတစ်ခု မဟုတ်ပါလား။

*သင်တို့သည်လည်း . . . ခရစ်တော်ကိုယုံကြည်ပြီးမှ ကတိတော်နှင့်ယှဉ် သောသန့်ရှင်းသောဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းကို ခံရကြပြီ (ငယ် ၁၃)။*

ကျွန်ုပ်တို့ယုံကြည်လက်ခံသောနေ့တွင် ကျွန်ုပ်တို့သည်ဘုရားသခင်၏ မိသားစုထဲသို့ သွတ်သွင်းခြင်းကိုခံကြရသည်။ ကျွန်ုပ်တို့သည်ခရစ်တော်၏ ကိုယ်ခန္ဓာ တော်ထဲ၌ သွတ်သွင်းခြင်းကိုခံကြရသည်။ ဘုရားသခင်၏သားသမီး များဖြစ်ကြသည့်အားလျော်စွာ ကျွန်ုပ်တို့သည်အထူးတံဆိပ်တော်အားဖြင့် အမှတ်အသားပြုခြင်းခံကြရသည်။ ထိုတံဆိပ်တော်မှာ ဘုရားသခင်၏

သန့်ရှင်းသောဝိညာဉ်တော်ပင်ဖြစ်သည်။ ကျွန်ုပ်တို့၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက်ပြုခြင်းက ကျွန်ုပ်တို့သည်သခင်ယေရှုနှင့် စပ်ဆိုင်သောသူများဖြစ်ကြကြောင်းကို အာမခံပေးရုံသာမက၊ ကျွန်ုပ်တို့ကို သခင်ယေရှုနှင့်လည်း ကောင်း၊ ကျွန်ုပ်တို့၏ဝိညာဉ်ရေးအမွေနှင့်လည်းကောင်း မည်သည့်အရာကမျှ မခွဲနိုင်ကြောင်းကိုလည်း အာမခံပေးပါသည်။

အခန်းငယ် ၁၄ တွင်သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့ဆက်ခံရမည့်အမွေအတွက် အာမခံပေးသည့်စရံနှင့် နှိုင်းယှဉ်ထားသည်။ ကျွန်ုပ်တို့၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက်ပြုခြင်းသည် ဘုရားသခင်၏မျက်နှာသာပေးမှုကို ဖော်ကျူးသောတံဆိပ်ခေါင်းတစ်ခုဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အသက်တာ၌ ကိန်းဝပ်နေထိုင်ရန်အတွက်လည်းကောင်း၊ ဘုရားသခင်က ကျွန်ုပ်တို့ကိုဆင့်ခေါ်၍ ပြုလုပ်စေလိုသောအမှု၌ ကျွန်ုပ်တို့ကို လုပ်ပိုင်ခွင့်အာဏာပေးရန်အတွက်လည်းကောင်း ရောက်လာခဲ့ခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌ သခင်ယေရှု၏အကျင့်စရိုက်ကို ဖော်ဆောင်ပေးဖို့ရောက်ရှိလာခြင်းဖြစ်သည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌ ထိုအမှုတော်ကို ကျွန်ုပ်တို့၏နောက်ဆုံးအပြီးသတ်ရွေးနှုတ်ခြင်းနေ့ရက်မတိုင်မီအထိ ဆက်လက်လုပ်ဆောင်သွားပါလိမ့်မည်။ ထိုနေ့ရက်မတိုင်မီအထိ၊ ကျွန်ုပ်တို့ကို ဘုရားသခင်အတွက် အသက်ရှင်ရန်စွမ်းဆောင်ပေးဖို့ ကိုယ်တော်သည်မိမိ၏သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့အထဲ၌ သွတ်သွင်းထားပါလိမ့်မည်။

ဧဖက်ဩဝါဒစာ၏ အစပိုင်းတွင် ရှင်ပေါလုကဧဖက်အသင်းသားများအတွက် သခင်ယေရှုခရစ်၌ရှိသော ၄င်းတို့၏အံ့ဖွယ်ကောင်းကြီးမင်္ဂလာအချို့ကို ဖော်ပြပေးခဲ့သည်။ သူတို့သည်အပြစ်ဒုစရိုက်၏အထက်၌လည်းကောင်း မျက်မှောက်ကာလ ဆိုးယုတ်ခြင်းများ၏အထက်၌လည်းကောင်း ရှင်သန်ကြဖို့

ရွေးကောက်ခံခဲ့ကြရသည်။ သူတို့သည် ဘုရားသခင်၏သားသမီးများအဖြစ် မွေးစားခြင်းကိုခံခဲ့ကြရသည်။ သခင်ခရစ်တော်က မိမိ၏အသွေးတော်ကိုရင်း ပြီးသူတို့ကိုခမည်းတော်အတွက် ဝယ်ယူခဲ့သည်။ ဘုရားသခင်သည် ခပ်သိမ်း သောအရာတို့ကို သခင်ခရစ်တော်၏အချုပ်အခြာအာဏာစက်အောက်၌ သွတ်သွင်းရန် မိမိ၏အံ့ဖွယ်အကြံအစည်တော်၏အစိတ်အပိုင်းများအဖြစ် သူတို့ကိုဖန်တီးခဲ့သည်။ ဘုရားသခင်သည် အသိအမှတ်ပြု ထောက်ခံချက် တံဆိပ်အဖြစ်နှင့် သန့်ရှင်းသောဝိညာဉ်တော်ကို သူတို့အထဲ၌ ထားရှိခဲ့သည်။ ဘုရားသခင်က သခင်ခရစ်တော်၌ ယုံကြည်သူအားလုံးကို ပေးသနားခဲ့သည့် အံ့ဖွယ်ကောင်းကြီးမင်္ဂလာများအတွက် ကိုယ်တော့်ကို အဘယ်မျှကျွန်ုပ်တို့ ချီးမွမ်းဖို့လိုမည်နည်း။

စဉ်းစားသုံးသပ်ရန်အချက်များ

- သင့်အသက်တာ၌ သင်မကျော်လွှားနိုင်ဟု ထင်မှတ်ရသည့်အပြစ် ဒုစရိုက်များရှိပါသလား။ သင့်ကိုအောင်မြင်စွာအသက်ရှင်စေလိုသော ဘုရားသခင်၏စိတ်ဆန္ဒအကြောင်းကို သမ္မာကျမ်းစာ၏ဤအပိုင်း ကကျွန်ုပ်တို့အားမည်သို့ သွန်သင်ပေးထားပါသနည်း။
- သခင်ယေရှုကို ကိုယ်တိုင်ကိုယ်ကျသင်မသိကျွမ်းမီကပင် သင့်အသက် တာအပေါ်၌ဘုရားသခင်၏လက်တော်ရှိနေခဲ့ခြင်း၏ အထောက် အထားရှိပါသလား။
- ကျွန်ုပ်တို့နှင့် နီးစပ်ကျွမ်းဝင်လိုသော ဘုရားသခင်၏စိတ်ဆန္ဒနှင့် စပ်လျဉ်း၍ ဤအပိုင်းက ကျွန်ုပ်တို့ကိုမည်သည့်အရာ သွန်သင်ပေး ပါသနည်း။ ဘုရားသခင်နှင့် ဤနီးစပ်ကျွမ်းဝင်ခြင်းကို သင်ကြုံတွေ့ ခံစားရပါသလား။ ဤအရာကို ပို၍နက်နက်ရှိုင်းရှိုင်းသိလာနိုင်ခြင်း

သင့်ကိုမည်သည့်အရာက ဆီးတားနေသနည်း။

ဆုတောင်းရန်အချက်များ

- ဤအပိုင်း၌ ရှင်ပေါလုပြောပြထားသည့် ကောင်းကြီးမင်္ဂလာများအတွက် ဘုရားသခင်ကိုကျေးဇူးတင်ချီးမွမ်းပါ။
- သင့်ကိုဘုရားသခင်က မိမိ၏သားသမီးသဖွယ် အသက်ရှင်နိုင်ရန် ကူညီမစပေးဖို့တောင်းလျှောက်ပါ။ ဤလောကနှင့် သက်ဆိုင်သောအရာများဆီသို့ ပြန်သွားဖို့ သင်ရွေးချယ်ခဲ့သောအချိန်များအတွက် ခွင့်လွှတ်ပေးရန် ဘုရားသခင်ကိုတောင်းလျှောက်ပါ။
- သင့်အထဲ၌ ရှင်သန်လှုပ်ရှားနေသော ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်တွက် ကိုယ်တော့်ကို ကျေးဇူးတင်ချီးမွမ်းပါ။ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြခြင်းနှင့် လုပ်ဆောင်မှုများကို ပို၍သိတတ်ခံစားနိုင်ရန် ကူညီမစပေးဖို့ ဘုရားသခင်ကိုတောင်းလျှောက်ပါ။
- ဘုရားသခင်သည် သင့်ကိုမစွန့်လွှတ်ဘဲ၊ သင့်စိတ်နှလုံးကိုအနိုင်ယူခဲ့သည့်အချိန်အထိ သင့်နောက်ကိုလိုက်နေခဲ့သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- သန့်ရှင်းစင်ကြယ်သော အသက်တာကိုရှင်သန်ရန် ကူညီမစပေးဖို့ ဘုရားသခင်ကိုတောင်းလျှောက်ပါ။ ထပ်တလဲလဲပြန်လာနေသော အပြစ်ဒုစရိုက်အပေါ်၌ သင့်ကိုအောင်နိုင်ခြင်းပေးရန် တောင်းလျှောက်ပါ။

## ၁၃

# ကိုယ်တော်ရှင်၌ ကြီးထွားခြင်း

ဇဖက် ၁း၁၅-၂၃ ကိုဖတ်ရှုပါ။

ကျွန်ုပ်အနှစ်သက်ဆုံး ဓမ္မသီချင်းကြီးများမှ တစ်ပုဒ်မှာ "My Jesus I Love Thee" ဖြစ်သည်။ ဤဓမ္မသီချင်းကြီးရှိ သီချင်းစာကြောင်းတွင် “အကျွန်ုပ်၏ယေရှု၊ ကိုယ်တော့်ကိုအကျွန်ုပ်ယခင်ကထက် ယခုပို၍ချစ်ပါသလား” ဟု ရေးသားထားသည်။ ဤဓမ္မသီချင်းကြီးကို ကျွန်ုပ်သီဆိုတိုင်း ကျွန်ုပ်ကိုယ်ကို “သခင်ယေရှုကို ယခင်ကချစ်ခဲ့သည်ထက် ယခုပို၍ချစ်ပါသလား” ကိုယ်တော့်ကို မနေ့ကထက် ယနေ့ပို၍ချစ်လာပါသလား။ ကိုယ်တော်နဲ့ ဆက်ဆံရင်းနှီးမှုမှာ ငါအမှန်တကယ် ကြီးထွားလာပါသလား” ဟုမေးမိပါသည်။ ဤမေးခွန်းများသည် ကျွန်ုပ်တို့ကိုယ့်ကိုယ်ကို ပြန်မေးရမည့်အလွန်အရေးကြီးသော မေးခွန်းများဖြစ်ကြသည်။ မြောက်မြားစွာသော ကျွန်ုပ်တို့သည် မွေးကင်းစခရစ်ယာန်များအဖြစ်သာ ဆက်လက်ရှင်သန်ရသည်ကို ကျေနပ်နေကြသည်။ ဇဖက်အသင်းသားများအပေါ်၌ ထားရှိသောရှင်ပေါလု၏ စိတ်ဆန္ဒမှာ သူတို့သည် သခင်ဘုရားနှင့် ဆက်ဆံရင်းနှီးမှုတွင် ရှေ့သို့တက်လှမ်းသွားကြရန်ဖြစ်သည်။ ရင့်ကျက်ခြင်း၌ သူတို့ကြီးထွားလာကြသည်ကို ရှင်ပေါလုမြင်တွေ့လိုခဲ့သည်။ ကျွန်ုပ်တို့၏သားသမီးများကို ကျွန်ုပ်တို့အလွန်ချစ်မြတ်နိုးကြသော်လည်း

ကလေးငယ်အဖြစ် တစ်သက်လုံးသူတို့ကို ဆက်လက်ရှိသွားကြမည့်အဖြစ်ကို မူကျွန်ုပ်တို့မလိုချင်ကြပါ။

နောက်ဆုံးလေ့လာခဲ့သောအပိုင်းတွင် ရှင်ပေါလုကဧဖက်အသင်းသားများအား သခင်ခရစ်တော်၌ရှိသော ၎င်းတို့၏အရိုက်အရာကို ပြောပြခဲ့သည်။ သူတို့သည်ရွေးကောက်ခြင်းကိုခံရပြီး ဘုရားသခင်၏သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် တံဆိပ်ခတ်ခြင်းကို ခံခဲ့ကြရသည်။ သခင်ခရစ်တော်အောက်၌ အရာခပ်သိမ်းကိုသွတ်သွင်းရန်ဟူသော မိမိ၏အကြံအစည်တော်၌ ၎င်းတို့အားပါဝင်စေခြင်းကို ဘုရားသခင်ကျေနပ်အားရခဲ့သည်။ ဧဖက်အသင်းသားများအား ၎င်းတို့၏ကောင်းကြီးမင်္ဂလာများကို အသိပေးပြီးနောက်တွင် ရှင်ပေါလုသည် ဤသန့်ရှင်းသူများအတွက် ဆုတောင်းပေးခဲ့သည်။ ဘုရားသခင်သည် ဧဖက်အသင်းသားများအား သခင်ယေရှုနှင့် အံ့ဖွယ်ကောင်းသောဆက်ဆံရင်းနှီးရခြင်း၌ ဆောင်ယူလာပေးသည့်အတွက် ရှင်ပေါလုက အခန်းငယ် ၁၅ တွင်သခင်ဘုရားကိုချီးမွမ်းခဲ့သည်။ သခင်ယေရှုကို သူတို့ယုံကြည်ခြင်းနှင့် သန့်ရှင်းသူတို့အပေါ်၌ထားသော သူတို့၏ချစ်ခြင်းမေတ္တာအကြောင်းကို ရှင်ပေါလုကြားသိရသောအခါ အထူးဝမ်းမြောက်ခဲ့သည်။ သို့သော်၊ ရှင်ပေါလုသည် ၎င်းတို့ကိုထိုနေရာ၌သာ ရပ်တန့်မနေစေချင်ခဲ့ပါ။ ဧဖက်အသင်းသားများအတွက် ယခုထက်သာ၍ကြီးမားသော အကြံအစည်များဘုရားသခင်တွင်ရှိနေခဲ့ပါသည်။ သခင်ခရစ်တော်၌ရှိထားသော ၎င်းတို့၏အစွမ်းအစကို အစွမ်းကုန်ဆန့်ထုတ်ကြရန်ရှင်ပေါလုအလိုရှိခဲ့သည်။

အခန်းငယ် ၁၆ တွင်ဘုရားသခင်က ဧဖက်အသင်းသားများ၏ အသက်တာ၌ လုပ်ဆောင်သွားခဲ့ပြီးသောအရာများအတွက် ကျေးဇူးတင်ချီးမွမ်းခြင်းကို ရှင်ပေါလုမရပ်တန့်ခဲ့ပါ။ ထို့အပြင်၊ သူတို့၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏ သာ၍နက်နဲသောလှုပ်ရှားလုပ်ဆောင်မှုအတွက်

ဘုရားသခင်ကို ဆက်လက်၍တောင်းလျှောက်ခဲ့သည်။ လာမည့်ကျမ်းပိုဒ် အနည်းငယ်တွင် ရှင်ပေါလုက ဧဖက်အသင်းသားများထံ၌ ၎င်းတို့အတွက်မိမိ ဆုတောင်းချက်များကို ဝေငှပြောပြထားသည်။

*အဘခမည်းတော်သည် . . . ပညာကိုလည်းကောင်း၊ ထိုးထွင်းဉာဏ်ကို သင်တို့အားပေးပါမည့်အကြောင်း (ငယ် ၁၇)။*

ရှင်ပေါလုသည် ဘုရားသခင်ထံ၌ ဧဖက်အသင်းသားများအား ပညာနှင့်ထိုးထွင်းဉာဏ်တို့ကို ပေးသနားဖို့တောင်းလျှောက်ခြင်းဖြင့် အစပြုခဲ့သည်။ ထိုသို့အားဖြင့် သူတို့သည်သခင်ခရစ်တော်ကိုပို၍ ကောင်းမွန်စွာ သိကျွမ်းလာကြမည်ဖြစ်သည်။ ပညာနှင့်ထိုးထွင်းဉာဏ်ဆိုသည်မှာ မည်သည့်အရာများဖြစ်ကြသနည်း။ ရှင်ပေါလုသည် လူ့ထိုးထွင်းသိမြင်နိုင်စွမ်းသော ဉာဏ်ပညာအကြောင်းကို ပြောဆိုနေခြင်းမဟုတ်ပါ။ သခင်ခရစ်တော်ကို အမြင်သစ်ဖြင့်ရှုမြင်နိုင်ရန်အတွက် ဧဖက်အသင်းသားများ၏ ဝိညာဉ်မျက်စိကို ဖွင့်ရန် ရှင်ပေါလုကဘုရားသခင်ကို တောင်းလျှောက်နေခဲ့ပါသည်။ ဘုရားသခင်သည် မိမိကိုယ်ကိုဧဖက်အသင်းသားများထံ၌ စာအုပ်များမှလေ့လာသင်ယူရသည့် ဦးနှောက်ဉာဏ်နှင့်ဆိုင်သည့်အမှန်တရားများအားဖြင့် မဟုတ်ဘဲ၊ နက်နဲ၍နီးစပ်ကျွမ်းဝင်သော အတွေ့အကြုံများအားဖြင့် ဖော်ထုတ် ပြသပါမည့်အကြောင်း ဆုတောင်းနေခဲ့ပါသည်။ ဤဉာဏ်ပညာနှင့် သိနားလည်နိုင်မှုတို့၏ရည်မှန်းချက်ပန်းတိုင်မှာ ဗဟုသုတနှင့်အချက်အလက်များကို ရရှိခြင်း မဟုတ်၊ သခင်ခရစ်တော်ကိုပို၍ နက်နဲသောနည်းလမ်းဖြင့် သိကျွမ်းလာရန် ဖြစ်သည်။

သင်သည် ပညာနှင့်ထိုးထွင်းဉာဏ်တို့ကို ရှိထားပါသလား။ သင့်နှလုံးသားသည် ဘုရားသခင်အားနားလည်သိကျွမ်းလိုသောဝန်ကို ထမ်းထားပါ

သလား။ ဘုရားသခင်၏ စရိုက်လက္ခဏာကို သင်ထံ၌ပို၍ဖော်ထုတ်ပြသပေးဖို့ တောင်းဆိုပါသလား။ ဘုရားသခင်၏မျက်မှောက်ပြုခြင်းကို ဆာလောင်မွတ်သိပ်နေပါသလား။ ဧဖက်အသင်းသားများသည် ၎င်းတို့ယခုလက်ရှိရောက်ရှိနေသော ဝိညာဉ်ရေးအခြေအနေနှင့် အားရကျေနပ်မနေပဲ၊ သခင်ခရစ်တော်ကို ပို၍ပို၍သိကျွမ်းနားလည်လာဖို့ အဆက်မပြတ်တောင်းလျှောက်နေကြရန်မှာ ရှင်ပေါလု၏ပန်ကြားချက်ဖြစ်သည်။

*သင်တို့၏ဉာဏ်မျက်စိကို လင်းစေပါမည်အကြောင်း (ငယ် ၁၈-၂၃)။*

ဧဖက်အသင်းသားများသည် အလွန်အရေးပါသော သမ္မာတရားသုံးခုကို မြင်တွေ့နိုင်မည့်အကြောင်း ၎င်းတို့၏ဉာဏ်မျက်စိကိုလင်းစေဖို့ ရှင်ပေါလုဆုတောင်းခဲ့သည်။ ဧဖက်အသင်းသားများမြင်တွေ့နားလည်ဖို့ ရှင်ပေါလုဆုတောင်းပေးခဲ့သော ပထမသမ္မာတရားမှာ ခေါ်တော်မူသောကြောင့် မျှော်လင့်ရသောအရာဖြစ်သည်(ငယ် ၁၈)။ ဤမျှော်လင့်ချက်သည် မည်သည့် အရာဖြစ်သနည်း။ ရှင်ပေါလုသည် ဤမေးခွန်း၏အဖြေကို ဤအခန်းကြီး၏ ပထမပိုင်းတွင် တစ်စိတ်တစ်ပိုင်းပြောကြားခဲ့ပြီးဖြစ်သည်။ ထိုအပိုင်းတွင် ရှင်ပေါလုက ဧဖက်အသင်းသားများအား သခင်ခရစ်တော်၌ရှိသော ၎င်းတို့၏ဝိညာဉ်ရေးကောင်းကြီးမင်္ဂလာများအကြောင်းကိုပြောပြခဲ့ သည်။ သူတို့သည် ဘုရားသခင်၏ရှေ့တော်၌ အပြစ်ကင်းလွတ်လျှက်ရှိနေကြ ဖို့ ရွေးကောက်ခံခဲ့ရခြင်းဖြစ်ကြောင်း ရှင်ပေါလုကအသိပေးခဲ့သည် (ငယ် ၄)။ ယုံကြည်သူများဖြစ်ကြသည့်အားလျော်စွာ သူတို့သည်အပြစ်ဒုစရိုက်အပေါ် အောင်နိုင်ခြင်း၌ ရှင်သန်ကြဖို့ ဆင့်ခေါ်ခြင်းခံခဲ့ကြရသည်။ သူတို့သည် ဘုရားသခင်၏ သားသမီးများဖြစ်လာဖို့နှင့် ဘုရားသခင်၏ကြီးကျယ်ခမ်းနားလှသော နိုင်ငံတော်ကို အမွေခံရသောသူများဖြစ်လာဖို့ ရွေးကောက်ခြင်းကိုခံခဲ့ကြရသည်။ ကမ္ဘာလောကကြီးတစ်ခု

လုံးကို သခင်ယေရှု၏အာဏာစက်အောက်၌ သွတ်သွင်းရန်ဟူသော ဘုရားသခင်၏မဟာအကြံအစည်တော်အား ဖွင့်ချခြင်းအမှုတွင် ပါဝင်ဆောင်ရွက်ရသောသူများလည်းဖြစ်ကြသည်။ သူတို့သည် ရောက်ရှိလာမည့်အရာများအတွက် အာမခံဖြစ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်၏ ကတိတော်နှင့်အတူတံဆိပ်ခတ်ခြင်းကိုခံကြရသောသူများဖြစ်ကြသည်။ သူတို့သည် အောင်နိုင်ခြင်း၌ အသက်ရှင်ရန်အတွက် ဆင့်ခေါ် ခြင်းကိုခံကြရပြီး၊ ထိုသို့နေထိုင်ရန်အစွမ်းအစကိုလည်း ပေးအပ်ခြင်းခံထား ကြရသည်။ ဤအောင်နိုင်ခြင်းကိုသိနားလည်သော အသိတရားသည် ၎င်းတို့ကိုအသစ်သောအထွတ် အထိပ်များဆီသို့လှုံ့ဆော်တွန်းပို့ပေးသင့်ပါသည်။ ဧဖက်အသင်းသားများသည် ဘုရားသခင်က၎င်းတို့ကိုဆင့်ခေါ်ထားသည့် အံ့ဖွယ်ကောင်းသော မျှော်လင့်ချက်၌ အသက်ရှင်ကြရန် ရှင်ပေါလုအလိုရှိခဲ့သည်။

ရှင်ပေါလုသည် ဧဖက်အသင်းသားများအား သန့်ရှင်းသူတို့၌ ၎င်းတို့ဆက်ခံရမည့် ဂုဏ်ကျက်သရေအပေါင်းနှင့် ပြည့်စုံသောအမွေ၏ကြွယ်ဝမှုကို သိနားလည်ခြင်း၌လည်း ကြီးထွားလာရန် အလိုရှိခဲ့သည် (ငယ် ၁၈)။ ဤနေရာ၌ရှင်ပေါလုပြောပြနေသော ကြွယ်ဝခြင်းသည် "သန့်ရှင်းသူတို့၌" ကျွန်ုပ်တို့ရှိထားသော ကြွယ်ဝခြင်းဖြစ်သည်(အင်္ဂလိပ်ကျမ်းစာနှင့်ယှဉ်ကြည့်ပါ)။ ဤအခန်းကြီး၏ပထမပိုင်းတွင် ရှင်ပေါလုကသခင်ခရစ်တော်အားဖြင့် ကောင်းကင်ဘုံနှင့်ဆိုင်သောအရာတို့၌ ပေးထားသောကျွန်ုပ်တို့၏ ဝိညာဉ်ရေးကောင်းကြီးမင်္ဂလာများအကြောင်းကို ပြောပြခဲ့သည်။ သို့သော်၊ ဤနေရာတွင် ရှင်ပေါလုသည် ဧဖက်အသင်းသားများအား ဘုရားသခင်က ၎င်းတို့ကို အချင်းချင်းအားဖြင့်ပေးသနားထားသောကြွယ်ဝမှုကို သိနားလည်စေချင်ခဲ့သည်။ ကျွန်ုပ်တို့သည် အချင်းချင်းအားဖြင့် ပိုင်ဆိုင်ထားကြသော အံ့ဖွယ်ကောင်းကြီးမင်္ဂလာကိုသဘောပေါက်နားလည်ဖို့ မည်သို့မကြာခဏပျက်ကွက်ခဲ့ကြပါသနည်း။

ဘုရားသခင်သည် ကျွန်ုပ်တို့ကိုအသိုင်းအဝိုင်းနှင့် နေထိုင်ရန်ဆင့်ခေါ်ခဲ့ပါသည်။ ဤအသိုင်းအဝိုင်း၌နေထိုင်သူတစ်ဦးချင်းစီက ၎င်းတို့၏ကျရာတာဝန်ကိုမဖြည့်ဆည်းလျှင် ဤအသိုင်းအဝိုင်းစည်းစနစ်တကျ မလည်ပတ်နိုင်ဖို့ဘုရားသခင်ဖန်ဆင်းခဲ့ပါသည်။ ယုံကြည်သူများဖြင့် ဖွဲ့စည်းထားသော ဤကိုယ်ခန္ဓာကြီး၏စွမ်းရည်ဆုလက်ဆောင်အားလုံးသည် ဘုရားသခင်၏နိုင်ငံတော်ကို ချဲ့ထွင်တိုးမြှင့်ရေးအတွက် အတူတကွအလုပ်လုပ်ကြရသည်။ ခရစ်တော်၏ကိုယ်ခန္ဓာတော် တညီတညွတ်တည်းဖြင့် အတူတကွအလုပ်လုပ်ကြသည်ကို စာတန်တွေ့မြင်သောအခါ တုန်လှုပ်သွားပါသည်။ စာတန်သည် အသင်းတော်ထဲ၌ စိတ်ဝမ်းကွဲခြင်းကို ဖန်တီးရန်အတွက်လည်းကောင်း၊ ရုန်းရင်းခတ်ခြင်းမျိုးစေ့ကိုကြဲရန်အတွက်လည်းကောင်း အချိန်အမြောက်အမြားကို အသုံးပြုနေရခြင်းမှာ ဤအကြောင်းအရင်းကြောင့် ဖြစ်နိုင်ပါသလား။

သင်သည်စိတ်အေးလက်အေးထိုင်၍ သင့်ခန္ဓာကိုယ်၏အံ့ဖွယ်ကောင်းပုံကို စဉ်းစားဖူးပါသလား။ မျက်စိကမည်သို့မြင်နိုင်၍၊ နားကမည်သို့ကြားနိုင်ခြင်းကို တအံ့တသြဖြစ်ခဲ့ဖူးပါသလား။ လူ့ဦးနှောက်၏ ရှုပ်ထွေးနက်နဲသော ဖွဲ့စည်းပုံကို သင့်အံ့သြမင်သက်လျှက် ရှိနေခဲ့ဖူးပါသလား။ ဤရုပ်ခန္ဓာကိုအံ့ဖွယ်တစ်ပါးအဖြစ် ရှုမြင်ရပါမည်။ ကျွန်ုပ်၏သားသမီးများဖွားမြင်ချိန်တိုင်း၌ ဇနီး၏နံဘေးတွင်ရပ်လျှက် ဇီဝအသက်၏ အံ့ဖွယ်ကောင်းပုံကြည့်ကာပါးပြင်ထက်၌ မျက်ရည်များစီးကျခဲ့သည့်အချိန်ကို သတိရမိပါသည်။ သခင်ခရစ်တော်၏ဝိညာဉ်ရေးကိုယ်ခန္ဓာတော်သည်လည်း ထိုအတိုင်းပင် အံ့ဖွယ်ကောင်းပါသည်။ မကြာသေးမီလအနည်းငယ်က ကျွန်ုပ်သည်ခရစ်တော်၏ကိုယ်ခန္ဓာတော်သည်စိတ်သဘောထားညီညွတ်စွာဖြင့် မည်သို့လှုပ်ရှားလည်ပတ်နိုင်ကြောင်းကို အလွန်အံ့အားသင့်စွာ မြင်တွေ့ခဲ့သည်။ ခရစ်တော်၏ကိုယ်ခန္ဓာတော်တစ်စိတ်တဝမ်းတည်းဖြင့် ထကြွနိုးကြားလာပြီး၊ မိမိတို့၏

ဝိညာဉ်စွမ်းရည် ဆုကျေးဇူးများကို အားလုံးကောင်းရာကောင်းကျိုးအတွက် အသုံးချသောအခါ အပယ်ငရဲ၏ဗိုလ်ခြေများထွက်ပြေးကြရသည်ကို ကျွန်ုပ်မြင်တွေ့ခဲ့ပါသည်။ ဧဖက်အသင်းသားများသည် အချင်းချင်းအားဖြင့် ၎င်းတို့ထံ၌ ရှိနေသောအရာများကို ပို၍နက်နက်နဲနဲနားလည်လာကြဖို့ ရှင်ပေါလုဆုတောင်းခဲ့ပါသည်။

တတိယအနေဖြင့်၊ ဧဖက်အသင်းသားများသည် ၎င်းတို့၏အသက်တာ၌ သခင်ယေရှု၏တန်ခိုးတော်အား သိနားလည်ခြင်းတွင်လည်းကောင်း၊ ထိုတန်ခိုးတော်ကိုမြည်းစမ်းခံစားရာ၌လည်းကောင်း ကြီးထွားလာကြဖို့ ရှင်ပေါလုအလိုရှိခဲ့သည်။ ဘုရားသခင်သည် မိမိ၏သန့်ရှင်းသောဝိညာဉ် တော်ကိုကျွန်ုပ်တို့အထဲ၌ သွတ်သွင်းထားပါသည်။ ကိုယ်တော်မြတ်သည် အောင်နိုင်ခြင်းအတွက် မိမိ၏နာမတော်မြတ်အားဖြင့် ကျွန်ုပ်တို့ကိုအခွင့်အာဏာပေးထားပါသည်။ ဘုရားသခင်သည် ဤလောက၌ ကျွန်ုပ်တို့ကို မိမိတန်ခိုးတော်၏လက်နက်တန်ဆာများသဖွယ် အသုံးပြုဖို့ရွေးကောက်ခဲ့ပါသည်။ ရှင်ပေါလုက ဧဖက်အသင်းသားများအား ၎င်းတို့အလိုရှိသည့်အတိုင်း အသုံးပြုဖို့ ထားရှိထားသော ဘုရားသခင်၏တန်ခိုးတော်သည် သခင်ခရစ်တော်ကို သေခြင်းမှ ပြန်လည်ထမြောက်စေခဲ့သော တန်ခိုးတော်နှင့်အတူတူပင်ဖြစ်ကြောင်း အသိပေးခဲ့သည် (ငယ် ၂၀)။

ဤတန်ခိုးတော်သည် ယခုကာလ၌လည်းကောင်း၊ နောင်ကာလ၌လည်းကောင်းရှိသည့် တန်ခိုးခပ်သိမ်း၊ ဘွဲ့နာမခပ်သိမ်း၊ အာဏာစက်ခပ်သိမ်းတို့ထက် အဆပေါင်းများစွာ အားကြီးသောတန်ခိုးတော်ဖြစ်သည်။ ဤတန်ခိုးတော်သည် အပယ်ငရဲကိုအစိုးရသောအင်အားစုများကို နောက်ကြောင်းပြန်ဆုတ်ခွာသွားစေနိုင်သည့် တန်ခိုးတော်ဖြစ်သည်။ ဤတန်ခိုးတော်သည် သဘာဝတရားနှင့် သချိုင်းကိုအောင်နိုင်ခဲ့သော တန်ခိုးတော်ဖြစ်သည်။ ဤတန်

ခိုးတော်သည် ခပ်သိမ်းသောနည်းလမ်းဖြင့် ခပ်သိမ်းသောအရာတို့ကို ဖြည့်စွမ်းပေးသောဘုရားသခင်၏တန်ခိုးတော်ဖြစ်သည်။ ဤအရာသည် အလွန်ကျယ်ပြောလှသော စကြာဝဠာ၌ပင် မဆံ့သောဘုရားသခင်၏ တန်ခိုးတော်ဖြစ်သည်။ ဤတန်ခိုးတော်ကို အသေးငယ်ဆုံးသောဆဲလ်လေးအား ရှင်သန်စေသောစွမ်းအားတွင် တွေ့မြင်နိုင်သည်။ ဤတန်ခိုးတော်ကို စကြာဝဠာကြီး၏ကျယ်ပြော၍ ရင်သပ်ရှုမောဖွယ်ဖြစ်ခြင်းတို့တွင် အထင်အရှား တွေ့မြင်ရပါသည်။ ဤတန်ခိုးတော်ကို မမြင်တွေ့ရသောနေရာမရှိပါ။ ဤတန်ခိုးတော်ကိုမခံစားရသည့်နေရာလည်းမရှိပါ။

ဤတန်ခိုးတော် ကျွန်ုပ်တို့စိတ်ရှိတိုင်းအသုံးပြုဖို့ မဟုတ်သော်လည်း အလိုရှိသလိုအသုံးပြုနိုင်ရန် အသင့်ရှိနေသော တန်ခိုးတော်ဖြစ်သည်။ ဘုရားသခင်က တရားဝင်ခွင့်ပြုသောအရာအတွက် တန်ခိုးတော်နှင့်လုပ်ပိုင်ခွင့်အာဏာကိုလည်း ဘုရားသခင်က ခွင့်ပြုထားပါသည်။ ကျွန်ုပ်တို့အလိုရှိသလိုအသုံးပြုရန်အသင့်ရှိနေသော တန်ခိုးတော်ကို ကျွန်ုပ်တို့နားလည်သဘောပေါက်ထားကြပါသလား။ ဤတန်ခိုးတော်သည် ကျွန်ုပ်တို့အတွက်အဆင်သင့်ရှိနေပါသော်လည်း ရန်သူကကျွန်ုပ်တို့၏ မိသားစုများနှင့် အသင်းတော်များကိုဖျက်နေစဉ်တွင် ကျွန်ုပ်တို့မှာ မည်သို့လုပ်ရမည်ကိုမသိဘဲ ကျွန်ုပ်တို့၏ အလွန်ကျဉ်းမြောင်းသောထောင့်လေးထဲ၌ မည်သို့မကြာခဏ ပုန်းအောင်းနေခဲ့ကြပါသနည်း။

ဧဖက်အသင်းသားများအတွက် ထားရှိသောရှင်ပေါလု၏စိတ်ဆန္ဒမှာ သူတို့သည် သခင်ခရစ်တော်၌ ရှိထားသောမိမိတို့၏ အခွင့်အာဏာနှင့်တန်ခိုးအစွမ်းကို ပို၍နက်နက်နဲနဲနားလည်လာကြပြီး၊ သူတို့သည်စိုးရိမ်ကြောက်ရွံ့ခြင်း၊ ရှက်ကြောက်ခြင်းတို့မရှိဘဲ၊ သခင်ခရစ်တော်၏နာမတော်၌ ရန်သူ၏အင်အားစုများကို ခုခံတွန်းလှန်ကြရန်ဖြစ်သည်။ သူသည်ဧဖက်အသင်း

သားများအား သခင်ဘုရားနှင့်၎င်းတို့၏ ဆက်ဆံရင်းနှီးမှုတွင် ကြီးထွားစေလိုခဲ့သည်။ သခင်ဘုရားကို ပို၍နက်နဲတောင့်တသော စိတ်နှလုံးများကို သူတို့အားဘုရားသခင်ကပေးသနားဖို့ ဆုတောင်းခဲ့သည်။ သခင်ခရစ်တော်၌ရှိသော ၎င်းတို့၏ မျှော်လင့်ချက်၊ အချင်းချင်းအားဖြင့် ၎င်းတို့ရရှိထားသော ကြွယ်ဝမှု၊ မိမိတို့အလိုရှိသည်အတိုင်း အသုံးပြုရန်အသင့်ရှိနေသော ဘုရားသခင်၏ တန်ခိုးတော်တို့ကို ပို၍နက်နက်နဲနဲသတိပြုမိသောအသိစိတ်ကို ဘုရားသခင်က သူတို့ကိုပေးသနားဖို့ ရှင်ပေါလုဆုတောင်းခဲ့သည်။ အလွန်အရေးကြီးသော အလားတူသမ္မာတရားများကို ပို၍နက်နက်နဲနဲသတိပြုမိသောအသိစိတ်ကို ဘုရားသခင်က ကျွန်ုပ်တို့၌လည်း ခွင့်ပြုပါစေသော်။

စဉ်းစားသုံးသပ်ရန်အချက်များ

- သခင်ယေရှုနှင့်လက်ရှိဆက်ဆံရင်းနှီးမှု အခြေအနေကိုသင်တင်းတိမ်ကျေနပ်နေခဲ့ပါသလား။ ဤကျမ်းချက်တွင် ရှင်ပေါလုကဧဖက်အသင်းသားများထံသို့ မည်သည့်စိန်ခေါ်ချက်ကို ဆောင်ယူလာပေးပါသနည်း။
- သင့်အသက်တာ၌ ဝိညာဉ်ရေးကြီးထွားမှု၏ သက်သေအထောက်အထားရှိပါသလား။
- ယုံကြည်သူများဖြင့် ဖွဲ့စည်းထားသောမိသားစုတစ်စု၏ အစိတ်အပိုင်းဖြစ်ရခြင်းမှ မည်သည့်ကောင်းကြီးမင်္ဂလာများကို သင်မွေ့လျော်နေခဲ့ရပါသနည်း။
- ဘုရားသခင့်တန်ခိုးတော်၏ မည်သည့်သက်သေအထောက်အထားကိုသင့်အသက်တာတွင်ရှိထားပါသနည်း။ ထိုတန်ခိုးတော်ကို သင်မည်သို့အသုံးပြုနေခဲ့ပါသနည်း။

ဆုတောင်းရန်အချက်များ

- ဘုရားသခင်ကိုပို၍ သိကျွမ်းလိုသောစိတ်ဆန္ဒကို ပေးသနားဖို့တောင်းလျှောက်ပါ။
- သခင်ယေရှုပြုခဲ့သော အမှုတော်အားဖြင့်လည်းကောင်း၊ သင့်အသက်တာရှိသန့်ရှင်းသော ဝိညာဉ်တော်၏အမှုတော်အားဖြင့်လည်းကောင်း သင့်အတွက်အဆင်သင့်ရှိနေသော တန်ခိုးတော်ကိုပို၍ နက်နက်နဲနဲ သတိပြုမိသောစိတ်ကို ပေးသနားဖို့ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။
- သင့်ကိုပေးသနားထားသော ခရစ်ယာန်မိသားစုကြီးအတွက် ဘုရားသခင်ကို ကျေးဇူးတင်ချီးမွမ်းပါ။ ထိုမိသားစုသည် အချင်းအချင်း တစ်ဦးနှင့်တစ်ဦး ကူညီဖေးမခြင်း၌ ကြီးထွားလာဖို့ ကူညီပေးရန် ဘုရားသခင်ကို တောင်းလျှောက်ပါ။

၁၄

# သခင်ခရစ်တော်၌ ပြန်လည်အသက်ရှင်ခြင်း

ဧဖက် ၂း၁-၁၀ ကိုဖတ်ရှုပါ။

ဧဖက်အသင်းသားများသည် သခင်ယေရှုကကားတိုင်ထက်၌ အသေခံခြင်းအားဖြင့် ၎င်းတို့၏အသက်တာ၌ ပြီးပြည့်စုံစေခဲ့သောအမှုတော်ကို နားလည်သဘောပေါက်ခြင်း၌ ကြီးထွားနေကြရန်မှာ ၎င်းတို့အတွက်ရှင်ပေါလု၏ဆုတောင်းချက်ဖြစ်သည်။ ဤအပိုင်းတွင် တမန်တော်ကြီးက ၎င်းတို့သည် သခင်ယေရှုကို မိမိတို့၏ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံခဲ့ကြသောအချိန်၌ ၎င်းတို့၏အသက်တာတွင် ဖြစ်ပျက်ခဲ့သောအရာကို ဆက်လက်၍ အသိပေးခဲ့သည်။

## *သင်တို့သည် ဒုစရိုက်အပြစ်၌ သေလျှက်ရှိနေကြ၏ (ငယ်၁-၂)*

ရှင်ပေါလုက ဧဖက်မြို့မှယုံကြည်သူများအား သခင်ခရစ်ကို၎င်းတို့မသိကျွမ်းမီအချိန်၌ရှိသော ဝိညာဉ်ရေးအခြေအနေကို သတိပေးခြင်းဖြင့် အစပြုခဲ့သည်။ "သင်တို့သည် . . . ဒုစရိုက်အပြစ်၌ ကျင်လည်၍၊ ထိုဒုစရိုက်အပြစ်၌ သေလျှက်ရှိနေကြ၏"ဟု ရှင်ပေါလုကပြောခဲ့သည်။ ဤနေရာ၌ ရှင်ပေါလုရည်ညွှန်းထားသောသေခြင်းသည် ဝိညာဉ်ရေးရာသေခြင်းဖြစ်၍ ၎င်းသည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့မှု ကင်းမဲ့ခြင်းဖြစ်သည်။ မယုံကြည်

သူသည် သန့်ရှင်းစင်ကြယ်ခြင်းနှင့် သမ္မာတရားတို့၌ ခံစားမှုကင်း၍ အသက်မရှိတော့သောသူအဖြစ် ဖော်ကျူးထားသည်။ သန့်ရှင်းစင်ကြယ်ခြင်းနှင့် သမ္မာတရားတို့တွင် နာမကျန်းဖြစ်နေသည် (သို့) အားနည်းနေသည်ဟု မဆိုထားပါ။ ထိုအရာတို့၌သေနေသည်ဟု ဆိုထားပါသည်။ ဤအရာသည် ဝိညာဉ်ရေးရာ၌လည်းကောင်း၊ သခင်ခရစ်တော်နှင့် ဆက်ဆံရင်းနှီးမှု၌လည်းကောင်း လုံးလုံးအသက်ဇီဝကင်းမဲ့ခြင်းကိုဖော်ကျူးထားသော အလွန်လေးနက်ပြင်းထန်သည့်စကားလုံးဖြစ်သည်။ သူတို့၏အသက်တာရှိ ဤဝိညာဉ်ရေးရာ၌သေခြင်း၏ရလဒ်များကိုသတိပြုပါ။ အခန်းငယ် ၂ ကဧဖက်အသင်းသားများသည် ကယ်တင်ခြင်းမခံရမီအချိန်တွင် ၎င်းတို့၏ဒုစရိုက်အပြစ်များ၌ ကျင်လည်နေခဲ့ကြကြောင်း ကျွန်ုပ်တို့ကို ပြောပြထားသည်။ သူတို့၏အသက်တာများကို ဘုရားသခင်အား ဆန့်ကျင်ပုန်ကန်ခြင်းနှင့်သာ ကြီးစိုးထားသည်။ သူတို့သည် လောကီအရာနှင့်ယှဉ်သော အတွေးအခေါ်များနောက်သို့ နာခံလိုက် လျှောက်ခဲ့ကြောင်း အခန်းငယ် ၂ တွင်သတိပြုပါ။ ဤအတွေးအခေါ်သည် ဘုရားသခင်နှင့် ဘုရားသခင်၏ရည်ရွယ်ချက်များ လုံးလုံးမပါရှိသောအတွေးအခေါ်ဖြစ်သည်။ ဤအတွေးအခေါ်သည် ဘုရားသခင်၏စိတ်ဆန္ဒနှင့်အလိုတော်ကို ထည့်သွင်းစဉ်းစားခြင်းဘဲ၊ လူ့စိတ်ဆန္ဒနှင့် တောင့်တမှုများကို ရာဇပလ္လင်ထက်၌ တင်ထားသောအတွေးအခေါ်ဖြစ်သည်။ ဤအရာသည် ဧဖက်အသင်းသားများ သခင်ယေရှုကိုသိကျွမ်းမလာမီ၌ ၎င်းတို့၏အသက်တာများကို လွှမ်းမိုးခြယ်လှယ်ခဲ့သော စိတ်နေသဘောထားဖြစ်သည်။

*သင်တို့သည် အာကာသကောင်းကင်၏ တန်ခိုးကိုအစိုးရသောသူ၏ ထိန်းချုပ် ခြင်းကိုခံကြရ၏ (ငယ် ၂-၃)*

သခင်ယေရှုကို ယုံကြည်လက်ခံခြင်းမတိုင်မီက ဧဖက်အသင်းသား

များသည် အထက်အာကာသကောင်းကင်၏ တန်ခိုးကိုအစိုးရသောမင်း၏ ထိန်းချုပ်ခြင်းကို ခံခဲ့ကြရသည်။ ထိုမင်းမှာစာတန်ကိုယ်တိုင်ပင်ဖြစ်သည်။ ရှင်ပေါလုက ဧဖက်အသင်းသားများအား စာတန်သည်ဘုရားသခင်၏ လမ်းစဉ်များကို မနာခံသောသူများ၌ အလုပ်လုပ်လျက်ရှိကြောင်း အသိပေးခဲ့သည်။ စာတန်သည် ဇာတိပကတိစိတ်နှင့် လောကီအရာများကို အသုံးပြု၍ ဧဖက်အသင်းသားများကို သခင်ယေရှု၏ကယ်တင်ခြင်းမှ ဆီးတားထားခဲ့သည်။ စာတန်သည် ဧဖက်အသင်းသားများကို ဆိုးယုတ်သောဖွဲ့စည်းပုံစနစ်များနှင့် ကောက်ကျစ်စဉ်းလဲသော အတွေးအခေါ်များ၌ ပိတ်မိနေစေခဲ့သည်။ သခင်ခရစ်တော်၌ရှိသော သာ၍ကြီးမားသည့်ဖြစ်တည်မှုအမှန်ကို ဧဖက်အသင်းသားများ မမြင်နိုင်အောင် အလင်းကွယ်စေခဲ့သည်။ စာတန်သည် သူတို့အပေါ်၌လောကီအကောင်းဆုံးအရာများ၊ မှားယွင်းသောအတွေးအခေါ်များဖြင့် အဆက်မပြတ်ထိုးနှက်တိုက်ခိုက်နေသည်နှင့်အမျှ သူတို့သည်လည်း အပြစ်သဘောသဘာဝ၏ သိမ်ဖျင်းသောဆန္ဒများတွင် ဇာတိတောင့်တမှုများ၏ ထောက်ချောက်၌ဖမ်းမိလျက်ရှိနေခဲ့ကြသည်။ ၂ကော ၁၀း၄-၅ တွင် ရှင်ပေါလုက ဤအတွေးအခေါ်များကို မယုံကြည်သူတို့အား အကျဉ်းချထားသောခံတပ်ကြီးသဖွယ် ရည်ညွှန်းခဲ့သည်။

လူသားများဖြစ်ကြသည်နှင့်အမျှ ကျွန်ုပ်တို့သည်ဘုရားသခင်ကို ပျော်မွေ့၍ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့နိုင်သော အစွမ်းအစတစ်ခုနှင့်အတူ ဘုရားသခင်၏ပုံသဏ္ဍာန်တော်၌ ဖန်ဆင်းခြင်းခံခဲ့ကြရသည်။ ဤအရာသည်ကျွန်ုပ်တို့ကို ဝိညာဉ်ရေးသတ္တဝါများမဟုတ်ကြသော တိရစ္ဆာန်များနှင့် ခြားနားစေသောအရာဖြစ်သည်။ သို့သော်၊ ပြဿနာမှာ ဝိညာဉ်ရေးရာ၌ သေလျက်ရှိသောသူတစ်ယောက်သည် အသွေးသားနှင့်ဆိုင်သော လိုအပ်ချက်များနှင့် စိတ်ခံစားမှုနှင့်ဆိုင်သော လိုအပ်ချက်များကိုသာ ဖြည့်ဆည်းကျေနပ်

စေကြသော တိရစ္ဆာန်များကဲ့သို့နေထိုင်ရခြင်းကို ကျေနပ်တင်းတိမ်နေခြင်း ဖြစ်သည်။ လူ့အသက်တာတွင် ဤအရာထက်အဆပေါင်းများစွာပိုသော အရာများရှိသည်။ ဤအဆင့်သည် ဧဖက်အသင်းသားများက သခင်ခရစ်တော် မပါသော မိမိတို့၏အသက်တာများကို ရှင်သန်နေခဲ့ကြသောအဆင့် ဖြစ်သည်။

အမျက်တော်ကို ခံရသောသူဖြစ်ကြ၏ (ငယ် ၃)

ရှင်ပေါလုက ဧဖက်အသင်းသားများအား ၎င်းတို့သည်ဘုရားသခင် နှင့်ဆိုင်သောအရာ၌ သေကြ၍လောကီလမ်းစဉ်များ၊ ဇာတိပကတိ၏လမ်းစဉ် များ၊ နတ်ဆိုးတို့၏လမ်းစဉ်များ၌ ရှင်သန်ခဲ့ကြသောအချိန်တွင် ၎င်းတို့သည် ဘုရားသခင်၏ ဒဏ်ခတ်စီရင်ခြင်းအောက်တွင် ရှိနေခဲ့ကြကြောင်း ပြောပြ ခဲ့သည်။ ဘုရားသခင်၏ အမျက်တော်သည် အလွန်စစ်မှန်သောအရာဖြစ်ပြီး ခပ်သိမ်းသော ဘုရားမဲ့တရားမဲ့နေခြင်းနှင့် ဆန့်ကျင်ပုန်ကန်ခြင်းတို့အပေါ်၌ ချိန်ရွယ်ထားသည်။ ဆန့်ကျင်ပုန်ကန်သော ဧဖက်အသင်းသားများသည် မိမိတို့၏ ဇာတိပကတိတောင့်တမှုများ၏အလိုသို့လိုက်၍ ဘုရားသခင်ကို ကျောခိုင်းနေခဲ့ကြသည်။ ဤတောင်းတမှုများသည် ၎င်းတို့ကိုဘုရားသခင်ထံမှ လည်းကောင်း၊ ၎င်းတို့၏အသက်တာအတွက် ထားရှိသောဘုရားသခင်၏ ရည်ရွယ်ချက်များမှလည်းကောင်း လမ်းလွဲစေခဲ့သည်။ မိမိတို့သည် ဒဏ်ခတ်စီ ရင်ခြင်းလမ်းပေါ်၌ လျှောက်လှမ်းနေကြသည်ကို သတိမပြုမိခဲ့ကြပါ။ အကြောင်းမှာ သမ္မာတရားကိုမမြင်နိုင်ဖို့စာတန်နှင့် လောကီအရာများက သူတို့ကိုအလင်းကွယ်စေခဲ့ကြသောကြောင့်ဖြစ်သည်။

ဧဖက်အသင်းသားများကဲ့သို့ ကျွန်ုပ်တို့အားလုံးသည်လည်း “ပကတိ အတိုင်းအမျက်တော်ကို ခံရသောသူဖြစ်ကြ” ကြောင်းကိုသိရှိနားလည်ခြင်း သည် အလွန်တည်ကြည်လေးနက်သောအရာဖြစ်သည်။ ကယ်တင်ခြင်းမခံ

ရသောသူများအားလုံးသည် အန္တရာယ်ကြီးသော ဤအခြေအနေတွင် ရှိနေကြပါသည်။ အချို့သောသူများက ၎င်းတို့လိုက်လျှောက်နေသောလမ်းသည် ဘုရားသခင်နှင့်ထာဝရကင်းကွာရခြင်းဆီသို့ ပို့ဆောင်ပေးမည့်အကြောင်းကို လုံးလုံးမကြားဖူးခဲ့ပါ။ အခြားသူများကမူ ဤသမ္မာတရားကို ကြားဖူးခဲ့ကြသော်လည်း မယုံကြည်ခဲ့ကြပါ။ သို့သော် လူတို့၏မယုံကြည်ခြင်းက ဘုရားသခင်၏သမ္မာတရားကို မပျက်ပြားစေပါ။ ဤအရာသည် ဤနေရာ၌ရှင်ပေါလုဖော်ပြနေသောအရာဖြစ်သည်။ ရန်သူသည် ဘုရားသခင်နှင့် ခွဲထားခံရသောသူများကို အလင်းကွယ်နေစေပြီး၊ မိမိတို့သည် ဘုရားသခင်၏ထာဝရတည်သော ဒဏ်ခတ်စီရင်ခြင်းအောက်၌ ရှိနေကြသည်ကိုလည်း မသိရှိကြပါ။

ခရစ်တော်နှင့်အတူ အသက်ရှင်စေတော်မူပြီ (ငယ် ၄-၅)

ကရုဏာတော်နှင့်ပြည့်စုံသော ကျွန်ုပ်တို့၏ဘုရားသခင်သည် ကျွန်ုပ်တို့၏ အန္တရာယ်ကြီးသော အကျပ်အတည်းထဲမှ ကျွန်ုပ်တို့ကိုအမြတ်တနိုးကယ်တင်ပေးခဲ့ကြောင်း ရှင်ပေါလုက ဖော်ပြရင်းယုံကြည်သူများအားလုံးကိုပြောပြနေပါသည်။ ကျွန်ုပ်တို့သည်ရန်သူအားဖြင့်လည်း ကောင်း၊ ကျွန်ုပ်တို့၏ပင်ကိုအပြစ်သဘောသဘာဝအားဖြင့်လည်းကောင်း၊ လောကီလမ်းစဉ်များအားဖြင့်လည်းကောင်း အလင်းကွယ်ခြင်းခံရ၍ ကျေးကျွန် အဖြစ်ချုပ်ထားခံရခြင်းကို ဘုရားသခင်သိမြင်ခဲ့သည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာအားဖြင့် ကျွန်ုပ်တို့ကို စာတန်၏ခံတွင်းဝမှလည်းကောင်း၊ သေခြင်း၏ခံတွင်းဝမှလည်းကောင်း၊ အပယ်ငရဲ၏ခံတွင်းဝမှလည်းကောင်း ဆွဲယူကယ်တင်ခဲ့ပါသည်။ သခင်ခရစ်တော်လုပ်ဆောင်သွားခဲ့သော အမှုတော်ကြောင့် ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်ကို ကျေးဇူးကြီးစွာခွင့်လွှတ်ပေးခြင်းအားဖြင့် ဘုရားသခင်သည် သေလျှက်အကူအညီမဲ့နေကြသော ကျွန်ုပ်တို့ကိုမိမိ၏သားတော်ပြုလုပ်ခဲ့သော

အမှုတော်အားဖြင့် အသစ်သောအသက်တာကို ပေးသနားခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏သေနေသောဝိညာဉ်၌မိမိ၏ကိုယ်ပိုင်အသက်ကို သွတ်သွင်းခြင်းဖြင့် ကျွန်ုပ်တို့အား ဝိညာဉ်ရေးအသက်တာကို ပေးခဲ့ပါသည်။ ဘုရားသခင်သည် ဤအရာကိုကျွန်ုပ်တို့နှင့် ထိုက်တန်ခဲ့သောကြောင့် ပြုလုပ်ခဲ့ခြင်းမဟုတ်ပါ။ ကျေးဇူးတော်သက်သက်ကြောင့်သာ ပြုလုပ်ခဲ့ပါသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ကိုယ်ပိုင်အသက်တာနှင့်အတူ အသက်ရှင်လာသောအချိန်တွင် အသက်တာသည် အခြေခံကျကျပြောင်းလဲခဲ့ပါသည်။ ကျွန်ုပ်တို့သည် အသစ်စက်စက်လူသားများဖြစ်လာခဲ့ကြသည် (၂ကော ၅း၁၇ ကိုကြည့်ပါ)။ ဘုရားသခင်၏ဝိညာဉ်တော်သည် ဘုရားသခင်၏နှုတ်ကပတ်တော် အတွက်လည်းကောင်း၊ ဘုရားသခင်နှင့်သက်ဆိုင်သောအရာများအတွက်လည်းကောင်း အသစ်သောတောင့်တမှုတစ်ခုကို ပေးပါသည်။ ကျွန်ုပ်တို့သည်သန့်ရှင်းခြင်းအတွက် အသစ်သောပြင်းပြင်ခြင်းတစ်ခုကို ကြုံတွေ့ခံစားခဲ့ကြပါသည်။ ဘုရားသခင်၏ဝိညာဉ်တော် ကျွန်ုပ်တို့ကို စတင်ထိန်းချုပ်တော်မူပြီး၊ ကျွန်ုပ်တို့၌ ဝိညာဉ်အသီးကိုဖော်ဆောင်ပေးပါသည် (ဂလာတိ ၅း၂၂-၂၆ ကိုကြည့်ပါ)။ ကျွန်ုပ်တို့သည် အသစ်သောလမ်းစဉ်တစ်ခု၌ အသက်ရှင်ရန် လုပ်ပိုင်ခွင့် အစွမ်းအစကိုပေးခြင်းခံကြရသည်။ ဤသည်မှာ ကျွန်ုပ်တို့အသက်တာရှိ ဘုရားသခင့်ဝိညာဉ်တော်၏ လှုပ်ရှားလုပ်ဆောင်ချက်များဖြစ်ပြီး၊ အသစ်သောအသက်တာ၏ သက်သေအထောက်ထားလည်းဖြစ်သည်။

ဘုရားသခင်သည် ယေရှုအားဖြင့် ငါတို့ကိုရှင်ပြန်ထမြောက်စေ၍ ကောင်းကင် အရပ်၌ နေရာပေးတော်မူပြီ (ငယ် ၆-၇)။

ထို့နောက် ရှင်ပေါလုသည်ဧဖက်မြို့ရှိ ယုံကြည်သူများအား သူတို့သည် အသစ်သောအသက်တာကို ကြုံတွေ့ခံစားရသည်သာမဟုတ်၊ ကောင်း

ကင်အရပ်၌ ချီးမြှောက်ခြင်းကိုလည်း ခံကြရကြောင်းပြောပြခဲ့သည်။ ရှင်ပေါလု ဤသို့ပြောဆိုရာတွင် မည်သည့်အရာကို ဆိုလိုခဲ့ပါသနည်း။ ပထမအနေဖြင့်၊ ရှင်ပေါလုက ၄င်းတို့သည်ယခုတွင် ကောင်းကင်နိုင်ငံသားများဖြစ်နေကြ သည် ဟုပြောဆိုနေခြင်းဖြစ်သည် (ဖိလိပ္ပိ ၃း၂၀ ကိုကြည့်ပါ)။ သူတို့၏အပြစ်များကို ခွင့်လွှတ်ပေးခြင်းအားဖြင့် သူတို့၌နိုင်ငံသားဖြစ်ခြင်းပသစ်ကို ပေးပါသည်။ ယခုတွင်သူတို့သည် ဘုရားသခင်၏သားသမီးများဖြစ်နေကြပြီး၊ မိမိတို့ဆက်ခံရမည့် ကောင်းကင်အမွေကို သူတို့မျှော်လင့်နိုင်ကြပြီဖြစ်သည်။ ဤကမ္ဘာမြေသည် သူတို့၏အိမ်မဟုတ်တော့ပါ။ သူတို့သည် ဤလောက၌ ဧည့်သည်များ သဖွယ် အသက်ရှင်နေသောသူများဖြစ်ကြသည်။

ယုံကြည်သူများအားလုံးအတွက် ဤအရာသည်အနာဂတ်တစ်ချိန်၌ ဖြစ်လာမည့်အရာအဖြစ် မျှော်လင့်နေကြသောအရာသက်သက်မဟုတ်ပါ။ ဤကောင်းကင်ဘုံနှင့်ဆိုင်သောအရာများ၏အမှန်ဖြစ်တည်မှုကို ကျွန်ုပ်တို့ ယခုပင်ကြုံတွေ့ခံစားကြရပါသည်။ ကျွန်ုပ်တို့၏စိတ်ဆန္ဒများနှင့် သဘောထားများသည် လောကီသဘောဆောင်ခြင်းမှ ဝိညာဉ်သဘောဆောင်ခြင်းသို့ ပြောင်းလဲခြင်းကို ခံရသည်။ ကျွန်ုပ်တို့သည် ခမည်းတော်နှင့်တိုက်ရိုက်မိတ်သဟာယဖွဲ့ခြင်းနှင့် ခမည်းတော်၏ချစ်ခြင်းမေတ္တာကို သိရှိလာကြသည်။ ကျွန်ုပ်တို့သည် ဤမျက်မှောက်ခေတ်လောကကြီး၏ ပျက်စီးဖောက်ပြန်နေသောစိတ်နေသဘောထားမှ ဖြေလွှတ်ပေးခြင်းကို ခံကြရသည်။ ကျွန်ုပ်တို့တွင် ပို၍မြင့်မားသော စံချိန်စံညွှန်းနှင့်ပို၍မြင့်မားသော ဆင့်ခေါ်မှုများရှိလာသည်။ ကျွန်ုပ်သည် ဤလောကကြီး၏သေခြင်းနှင့် ၄င်း၏အတွေးအခေါ်များမှ သာ၍မြင့်သောအဆင့်သို့လည်းကောင်း၊ သခင်ခရစ်တော်နှင့် သခင်ခရစ်တော်၏လမ်းစဉ်များနှင့် ပေါင်းစည်းရခြင်းသို့လည်းကောင်း ချီးမြှောက်ခံကြရသည်။

ဤကောင်းကြီးမင်္ဂလာများအားဖြင့် ဘုရားသခင်ကမိမိ၏ကျေးဇူး

တော်နှင့် ဂရုဏာတော်၏ကြွယ်ဝခြင်းကို ပုံသက်သေပြနေပါသည် (ငယ် ၇)။ ဘုရားသခင် ထာဝရဘုရားသည် ကျွန်ုပ်တို့အားဖြင့် ကိုယ့်ကိုယ်ကိုဘုန်းတော် ထင်ရှားစေရသည်ကို ကျေနပ်အားရတော်မူကြောင်းကို ကျွန်ုပ်တို့သိနားလည် ထားရန်အရေးကြီးသည်။ ဘုရားသခင်သည် မိမိ၏တန်ခိုးတော်နှင့် ချစ်ခြင်း မေတ္တာဖြင့် ကျွန်ုပ်တို့ကိုပြည့်စေခြင်းအားဖြင့် ယခုကာလ၌လည်းကောင်း၊ လာမည့်ထာဝရကာလ၌လည်းကောင်း မိမိထံ၌ဂုဏ်ကြီးခြင်းနှင့် ချီးမွမ်းခြင်း ကိုဆောင်ယူလာပါသည်။ ဘုရားသခင်သည် မိမိ၏ငြိမ်သက်ခြင်းနှင့်ဝမ်း မြောက်ခြင်းတို့နှင့် ဖုံးလွှမ်းစေခြင်းဖြင့် မိမိသည်ချစ်ခင်ကြင်နာတတ်၍ သနား ခြင်းဂရုဏာနှင့် ပြည့်စုံသောဘုရားသခင်ဖြစ်ကြောင်း လောကီသားများကို ပြသပါသည်။ သင်နှင့်ကျွန်ုပ်ကဲ့သို့သော လူပုဂ္ဂိုလ်များအားဖြင့် မိမိ၏စရိုက် လက္ခဏာအား ဖော်ထုတ်ပြသရသည်ကို ဘုရားသခင်မွေ့လျော်သည်။ ဤ ကောင်းကြီးမင်္ဂလာများ အခြားသူများထံသို့ စီးဆင်းသွားနိုင်မည့် လမ်း ကြောင်းတစ်ခုဖြစ်ရသည်မှာ အလွန်ဂုဏ်ယူဖွယ်မဟုတ်ပါလား။ မိမိ၏ ကရုဏာတော်နှင့် ကျေးဇူးတော်ကို အခြားသူများထံသို့ စီးဆင်းစေရန်အတွက် ကြီးမြတ်၍ သန့်ရှင်းတော်မူသော ဤစကြဝဠာကြီး၏အရှင်ဘုရားသခင်က ကျွန်ုပ်တို့ကို အသုံးပြုလိုခဲ့ပါသည်ဟူသောအရာသည် ကျွန်ုပ်တို့စိတ်ကူးနိုင်စွမ်း ၏တစ်ဖက်တွင်ရှိနေပါသည်။

ဤကယ်တင်ခြင်းသည် ဘုရားသခင်၏ကျေးဇူးတော်သက်သက်ကြောင့် ဖြစ်၏ (ငယ် ၈-၉)။

ဤအသစ်သောအသက်တာကို ကျွန်ုပ်တို့မည်သို့ ကြုံတွေ့ခံစားနိုင် ပါသနည်း။ သခင်ခရစ်တော်၌ အသက်ရှင်လာခြင်း၏ အံ့ဖွယ်ကောင်းကြီး မင်္ဂလာကို ဝင်နွှဲရန်ကျွန်ုပ်တို့မည်သည့်အရာကို ပြုလုပ်ဖို့လိုသနည်း။ ဤအရာ

များအားလုံး ဖြစ်နိုင်ချေရှိလာရခြင်းမှာ ဘုရားသခင်၏ကျေးဇူးတော် သက်သက်ကြောင့်ဖြစ်ကြောင်း အခန်းငယ် ၈ နှင့် ၉ ကကျွန်ုပ်တို့ကို အသိပေးထားသည်။ ဤအသစ်သောအသက်တာနှင့် ကောင်းကြီးမင်္ဂလာကို ထိုက်ထိုက်တန်တန်ရရှိဖို့ မည်သည့်အရာကိုမျှ ကျွန်ုပ်တို့မလုပ်နိုင်ပါ။ ဘုရားသခင်သည် ကျေးဇူးတော် (မထိုက်မတန်ရရှိသော ဘုရားသခင်၏မျက်နှာသာပေးမှု) အားဖြင့် ဝိညာဉ်ရေး၌သေလျှက်ရှိနေကြသော အပြစ်သားများထံ၌ မိမိအသက်ကိုပေးခဲ့ပါသည်။ ကယ်တင်ခြင်းကိုစွမ်းဆောင်ရရှိနိုင်ဖို့ မည်သူမျှကောင်းသင့်သလောက် မကောင်းကြနိုင်ပါ။ ကောင်းမွန်စွာနေထိုင်သင့်သလောက် မနေထိုင်နိုင်ကြပါ။ မည်သည့်အရာကိုမျှ ထူးထူးခြားခြားလုပ်ဆောင် သင့်သလောက် မလုပ်ဆောင်နိုင်ကြပါ။ ဘုရားသခင်သည် ဤအသစ်သောအသက်တာကို မိမိ၏အလိုတော်ရှိသော စေတနာစိတ်၌ အခြေခံ၍ ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ဘက်မှလုပ်ဆောင်နိုင်အရာမှာ ဘုရားသခင်ပေးသနားသောအရာကို လက်ခံခြင်းသက်သက်သာဖြစ်သည်။

ဤအရာသည် ကျွန်ုပ်တို့အများစုအတွက် မာန်စွယ်ကိုချိုးသော အတွေးမျိုးဖြစ်သည်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းနှင့်ထိုက်တန်သောကြောင့် ကယ်တင်ခြင်းခံကြရခြင်းဖြစ်သည်ဟု ယူဆလိုကြသည် (ရောမ ၃း၁၀-၂၀ ကိုကြည့်ပါ)။ ဘုရားသခင်သည် ကျွန်ုပ်တို့၌ ကောင်းကွက်အချို့ကို မြင်တွေ့ခဲ့သောကြောင့် "ဒီလူကိုတော့ ငါကယ်မှဖြစ်မယ်။ ဘာလို့လဲဆိုတော့ သူတို့ဘယ်လောက်အထိ ခက်ခက်ခဲခဲကြိုးစားနေကြသလဲဆိုတာ ငါမြင်ခဲ့လို့ပဲ"ဟု ပြောဆိုခဲ့သည့်အလား ကျွန်ုပ်တို့ယူဆလိုကြသည်။ ဤသည်မှာသမ္မာကျမ်းစာက သွန်သင်ပေးသောအရာမဟုတ်ပါ။ ဘုရားသခင်၏မျက်နှာသာပေးမှုကို ထိုက်ထိုက်တန်တန်ရရှိဖို့ ကျွန်ုပ်တို့ကြိုးစားလေလေ ကျေးဇူးတော်၏အမှန်ဖြစ်တည်

မှုနှင့် ကွာလှမ်းလေလေသာဖြစ်ကြသည်။ ကယ်တင်ခြင်းသည် ထိုက်တန်မှု ရှိ၊ မရှိကို ထည့်သွင်းစဉ်းစားခြင်းမရှိပဲ၊ ဘုရားသခင်၏အချုပ်အခြာဖြစ်သော ရွေးချယ်မှုတွင် အခြေခံ၍ ပေးသနားထားသောအရာဖြစ်သည်။ ဤသည်မှာ သခင်ဘုရားက ကျွန်ုပ်တို့အတွက် လုပ်ဆောင်ပေးသောအရာဖြစ်သည်။ ဘုရားသခင်သည် ဤအံ့ဖွယ်ကယ်တင်ခြင်းကို မိမိ၏ကိုယ်ပိုင်ကျေနပ်အားရမှုအတွက် ကျွန်ုပ်တို့ကို ပေးသနားလိုသောကြောင့် လုံးလုံးအခမဲ့လက်ဆောင်တစ်ခုအဖြစ်နှင့် အဖိုးအခယူခြင်းမရှိ၊ အရည်အချင်းသတ်မှတ်ခြင်းလည်းမရှိဘဲကျွန်ုပ်တို့ကိုပေးသနားထားသည်။

ငါတို့သည်ကောင်းသောအကျင့်တို့ကို ကျင့်ရမည့်အကြောင်း ဖန်ဆင်းခြင်းခံကြရ၏ (၄ယ် ၁၀)

ရှင်ပေါလုက ဧဖက်အသင်းသားများအား ၄င်းတို့သည်ကောင်းသောအကျင့်တို့ကို ကျင့်ကြံကြဖို့ သခင်ယေရှုခရစ်၌ ဖန်ဆင်းခြင်းခံခဲ့ကြကြောင်း အသိပေးခဲ့သည်။ ဘုရားသခင်သည် မိမိရွေးကောက်ထားသောသူများကို ဤလောကီအရာမှ ကယ်နှုတ်ခဲ့အားဖြင့် သူတို့သည်ဤလောက၌ကိုယ်တော်၏အစေခံများဖြစ်လာကြကာ နာမတော်မြတ်ထံသို့ ဘုန်းကြီးခြင်းကိုဆောင်ယူလာကြမည်ဖြစ်သည်။ ယုံကြည်သူများသည် ဤလောကကြီးထဲသို့ သခင်ခရစ်တော်၏ အသက်တာနှင့်အတူပြန်လာဖို့အလို့ငှါ ဤလောကမှ ကယ်တင်ခြင်းကို ခံကြရခြင်းဖြစ်သည်။ ရန်သူ၏အမှောင်ချခြင်းကိုခံထားရသည့်ဤလောက၌ ဘုရားသခင်၏ကျေးဇူးတော်နှင့် ကြင်နာခြင်းတို့ကို ၄င်းတို့အားဖြင့် ပုံသက်သေပြသဖို့အလို့ငှါ ၄င်းတို့ကို ကယ်တင်ခဲ့ခြင်းဖြစ်သည်။ သူတို့သည် ကောင်းသောအကျင့်များအတွက် ဘုရားသခင်၏တန်ဆာပလာများဖြစ်ကြသည်။ ထိုသို့အားဖြင့် လူတို့ကထိုကောင်းသောအကျင့်များကို မြင်တွေ့ပြီး ကောင်းကင်ဘုံရှိ

ကျွန်ုပ်တို့၏ခမည်းတော်ထံ၌ ဘုန်းကြီးခြင်းနှင့်ဂုဏ်ကြီးခြင်းကိုဆောင်ယူလာကြမည်ဖြစ်သည် (မဿဲ ၅း၆ ကိုကြည့်ပါ)။

ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် လုံးလုံးအခမဲ့ဖြစ်သော်လည်း ထိုအရာသည် ကျွန်ုပ်တို့၏အသက်ကိုဆုံးရှုံးနစ်နာစေပါလိမ့်မည်။ ကယ်တင်ခြင်းခံရသောကျွန်ုပ်တို့သည် အပြန်အလှန်အားဖြင့် ဘုရားသခင်အတွက်အသက်ရှင်ရန်လိုအပ်သည်။ ဤကမ္ဘာမြေ၌လည်းကောင်း၊ လာမည့်ကမ္ဘာ၌လည်းကောင်း ကျွန်ုပ်တို့သည် ဘုရားသခင့်နာမတော် ဘုန်းကြီးခြင်းအတွက် ကိုယ်တော်ရှင်၏ တန်ဆာပလာများဖြစ်ကြသည်။

စဉ်းစားသုံးသပ်ရန်အချက်များ

- လောကီလမ်းစဉ်၏အတွေးအခေါ်က သင့်အပေါ်၌မည်သည့် လွှမ်းမိုးမှုကိုပြုလုပ်ပါသနည်း။ ဤလမ်းစဉ်သည် ဘုရားသခင်၏လမ်းစဉ်နှင့် မည်သို့ကွာခြားပါသနည်း။
- သခင်ခရစ်တော်၏ ဤအသစ်သောအသက်တာကို သင်ကြုံတွေ့ခံစားခဲ့ပါသလား။ ယနေ့တွင် သင့်အထဲ၌ရှိနေသော ကိုယ်တော်ရှင်အသက်တာ၏ မည်သည့်အထောက်အထားကိုရှိထားသနည်း။
- ကျွန်ုပ်တို့သည် သခင်ခရစ်တော်အားဖြင့် ကောင်းကင်ဘုံနှင့်ဆိုင်သောအရာတို့၌ ချီးမြှောက်ခြင်းခံကြရသည်ဟု ရှင်ပေါလုက ကျွန်ုပ်တို့ကို ဤနေရာတွင်ပြောပြထားသည်။ သင်သည်ကောင်းကင်ဘုံနှင့်ဆိုင်သောအရာတို့၌ မည်သို့အသက်ရှင်နေပါသနည်း။
- ကယ်တင်ခြင်းကို အခမဲ့လက်ဆောင်တစ်ပါးအဖြစ်လက်ခံရန်မှာ လူတို့အတွက်အဘယ့်ကြောင့် ခက်ခဲနေပါသနည်း။ ထိုက်ထိုက်တန်တန်ရရှိဖို့ ကျွန်ုပ်တို့လုံးလုံးမကြိုးစားခဲ့သောအရာကို လက်ခံရယူဖို့

အဘယ်ကြောင့် အလွန်ခက်ခဲနေရပါသနည်း။

- ကယ်တင်ခြင်းကို ထိုက်ထိုက်တန်တန်ရရှိဖို့ လုပ်ရှားလုပ်ဆောင်ခြင်းနှင့်ဘုရားသခင်၏အကြွင်းမဲ့လက်ခံအသိအမှတ်ပြုပေးခြင်းကို ကျေးဇူးတင်၍အသုံးတော်ခံခြင်းတို့၏ ခြားနားချက်မှာအဘယ်နည်း။

ဆုတောင်းရန်အချက်များ

- သခင်ခရစ်တော်၌ ဤအသစ်သောအသက်တာကို သင်လုံးလုံးကြုံတွေ့ ခံစားခြင်းမရှိသေးလျှင် သင့်ထဲ၌ကိုယ်တော်ရှင်၏အသက်တာကို ဖော်ထုတ်ပြသပေးဖို့ တောင်းလျှောက်ရန် အချိန်အနည်းငယ်ယူပါ။
- သင့်အထဲမှ သခင်ခရစ်တော်၏ အသက်တာကိုသင်သိထားလျှင် ကိုယ်တော်ရှင်သည် သင့်အားဖြင့်သာ၍ကြီးမားသောနည်းလမ်းဖြင့် ကိုယ့်ကိုယ်ကို ဖော်ထုတ်ပြသဖို့ တောင်းလျှောက်ပါ။ အခြားသူများ၌ ကိုယ်တော်ရှင်၏ ကောင်းကြီးမင်္ဂလာစီးဆင်းသွားစေမည့် တန်ဆာပလာအဖြစ်နှင့် သင့်အသက်တာကိုအထံတော်၌ အသစ်တစ်ဖန်ဆက်ကပ်ပါ။
- သခင်ဘုရားက သင့်အသက်တာ၌ ပြုလုပ်ခဲ့သည့်သတ်သတ်မှတ်မှတ်ရှိသောအပြောင်းအလဲအချို့အတွက် ကျေးဇူးတင်ချီးမွမ်းရန် အချိန်အနည်းငယ်ယူပါ။
- သင့်အနီးအနားမှလူများထံ၌ ကောင်းသောအကျင့်များအတွက် ပုံဥပမာတစ်ခုဖြစ်လာဖို့ စွမ်းဆောင်ပေးရန် သခင်ဘုရားကို တောင်းလျှောက်ပါ။

၁၅

## တကျွန်းတနိုင်ငံသားမဟုတ်

ဧဖက် ၂း၁၁-၂၂ ကိုဖတ်ရှုပါ။

သခင်ယေရှုသည် ကျွန်ုပ်တို့အတွက် မြောက်မြားစွာသော အံ့ဖွယ်ရာများကို လုပ်ဆောင်ပေးသွားခဲ့ပါသည်။ ရှင်ပေါလုသည် ဧဖက်အသင်းသားများထံတွင် သခင်ယေရှုခရစ်တော်၌ ၎င်းတို့ပိုင်ဆိုင်ထားသော မယုံနိုင်ဖွယ်ရာစည်းစိမ်ဥစ္စာအကြောင်းကို ရှင်းလင်းပြောကြားဖို့ ကြိုးစားနေခဲ့ပါသည်။ ဤအပိုင်းတွင် ရှင်ပေါလုက၎င်းတို့အား သခင်ယေရှုနှင့်၎င်းတို့၏အသစ်သောဆက်ဆံရင်းနှီးမှုနှင့်အတူရောက်ရှိလာသည့် အခြားသောအံ့ဖွယ်ဖြစ်ရပ်မှန်တစ်ခုအကြောင်းကို အသိပေးခဲ့ပါသည်။

ဓမ္မဟောင်းကျမ်း၏ ဖွဲ့စည်းမှုစနစ်အရ တပါးအမျိုးဖြစ်သော ဧဖက်မြို့သားများသည် ဘုရားသခင်အတွက် တကျွန်းတနိုင်ငံသားများဖြစ်ခဲ့ကြသည်။ သူတို့ကို “အရေဖျားလှီးခြင်းကို မခံသောလူ” ဟု သိထားကြသည်။ ထိုသို့ဖြစ်သောကြောင့် ၎င်းတို့သည် ဘုရားသခင်၏လက်ရွေးစင်မိသားစုမှလည်းကောင်း၊ ဘုရားသခင်၏ပဋိညာဉ်ကောင်းကြီးမင်္ဂလာများမှ လည်းကောင်း ဖယ်ထုတ်ခြင်းကို ခံကြရသည်။ တပါးအမျိုးတို့သည် ဤလောကတွင် ဘုရားလည်းမရှိကြသကဲ့သို့ မျှော်လင့်ချက်လည်းမရှိခဲ့ကြပါ။ ဘုရားသခင်၏

ပဋိညာဉ်တရားနှင့် အစိမ်းသက်သက်များဖြစ်ကြသည့်အားလျော်စွာ ၎င်းတို့သည်ဘုရားသခင်နှင့်ထာဝရခွဲကွာရခြင်းအတွက် သတ်မှတ်ခြင်းခံကြရပြီး၊ ဘုရားသခင်၏အမျက်တော်အောက်၌ ရှိနေခဲ့ကြပါသည်။ ဤအရာနှင့်ပတ်သက်၍ ၎င်းတို့သည်လုပ်နိုင်သောအရာတစ်ခုမျှမရှိပါ။ ဤအရာသည်ကံဆိုးမိုးမှောင်ကျခြင်းတစ်ခုမဟုတ်ပါလား။ ထာဝရကွဲခွာရခြင်း၊ ထာဝရအမျက်တော်ရှုခြင်း၊ ထာဝရနာကျင်ခံစားရခြင်းတို့သည် နောင်ဘဝတွင်သူတို့ကို စောင့်နေခဲ့ပါသည်။ ဤအရာ၏ ဆိုလိုရင်းအမှန်ကို ကျွန်ုပ်တို့အမှန်တကယ် နားလည်ကြလိမ့်မည်မဟုတ်ဟု ကျွန်ုပ်ထင်မိပါသည်။ ဘုရားသခင်၏ကျေးဇူးတော်သာမရှိခဲ့လျှင် ဤအရာသည်ကျွန်ုပ်တို့၏ ကြမ္မာပန်းတိုင်ပင်ဖြစ်ခဲ့ပါသည်။ ဘုရားသခင်၏ ပဋိညာဉ်တရားနှင့် မသက်ဆိုင်သောသူများ ဖြစ်ကြသည်နှင့်အမျှ ကျွန်ုပ်တို့သည် ဘုရားသခင်၏နိုင်ငံတော်၌ နိုင်ငံသား ဖြစ်ခြင်းမှဖယ်ထုတ်ခြင်းကို ခံခဲ့ကြရပါသည်။

ဤကမ္ဘာကြီး၌ သခင်ယေရှုပေါ်ထွန်းတော်မူလာ၍ ကရာနီကားတိုင်ထက်၌ အသေခံခြင်းနှင့်အတူ ဘုရားသခင်နှင့်လည်းကောင်း၊ ဘုရားသခင်၏ပဋိညာဉ်တရားနှင့်ဆိုင်သော ရည်ရွယ်ချက်များနှင့်လည်းကောင်း အစိမ်းသက်သက်ဖြစ်ခဲ့ကြသည့် တပါးအမျိုးတို့သည် ဘုရားသခင့်နိုင်ငံတော်၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာနိုင်ခဲ့ကြသည်။ ယုဒအမျိုးနှင့်တစ်ပါးအမျိုးတို့ကို ခွဲခြားထားသည့် လူမှုရေးနံရံ၊ ဝိညာဉ်ရေးနံရံနှင့် ပဋိညာဉ်တရားနံရံတို့ကို သခင်ခရစ်တော်၏အသေခံခြင်းက ချိုးဖျက်ခဲ့ပါသည် (ငယ် ၁၄)။ ယုဒအမျိုးနှင့်တပါးအမျိုးတို့၏အပြစ်ဒုစရိုက်အပေါ်၌ ထားရှိသောဘုရားသခင်၏ အမျက်တော်ကို သခင်ခရစ်တော်၏အသွေးတော်က ပြေပျောက်စေခဲ့သည်။

ကရာနီကားတိုင်ထက်၌ သခင်ယေရှုပြုလုပ်သွားခဲ့သော အမှုတော်က

ပဋိညာဉ်တရားအသစ်တစ်ခုကို စတင်ခဲ့သည်။ ဤပဋိညာဉ်တရားအောက်တွင် သခင်ခရစ်တော်ကို ယုံကြည်သောလူတိုင်းသည် အဆင့်အတန်းအတူတူဖြစ်ကြသည်။ ဝိညာဉ်ရေးအရပြောရလျှင်၊ သခင်ခရစ်တော်ကို ယုံကြည်သောသူတစ်ယောက်ယောက်သည် ယုဒအမျိုးမဟုတ်တော့သကဲ့သို့ တပါးအမျိုးလည်းမဟုတ်တော့ပါ။ ခရစ်ယာန်တစ်ယောက်သာဖြစ်သည်။ လူတစ်ယောက်သည်ပဋိညာဉ်တရားနှင့်ဆိုင်သော ကောင်းကြီးမင်္ဂလာ၏ တစ်စိတ်တစ်ပိုင်းဖြစ်လာဖို့ ယုဒလူမျိုးတစ်ယောက်အဖြစ်နှင့် မွေးဖွားလာဖို့ မလိုအပ်တော့ပါ။ လူတစ်ယောက်သည် ဘုရားသခင်၏လက်ခံအသိအမှတ်ပြုခြင်းကို ခံရဖို့ အရေဖျားလှီးခြင်း အမှတ်အသားကိုလည်း ရှိထားဖို့မလိုတော့ပါ။ လူတစ်ယောက်သည် အပြစ်လွှတ်ခြင်းခံရကြောင်းကို ပုံဆောင်ရန်နွားနှင့်ဆိတ်တို့၏သွေးကိုဗိမာန်တော်၌ သွားရောက်ပူဇော်ဖို့ မလိုတော့ပါ။ သခင်ယေရှုက မိမိအသေခံခြင်းဖြင့် လမ်းတစ်ခုကို စီစဉ်ပေးသနားခဲ့ပါသည်။ ဘာသာရေး (သို့) ယဉ်ကျေးမှုနောက်ခံအကြောင်းကို ပဓာနမထားဘဲ မည်သူမဆို ထိုလမ်းအားဖြင့် ကိုယ်တော်ထံတိုက်ရိုက်လာရောက်နိုင်ပြီး၊ ၄င်းတို့၏အပြစ်ဒုစရိုက်များကို ခွင့်လွှတ်ခြင်းခံယူနိုင်သည်။ သခင်ခရစ်တော်၏ အသေခံခြင်းက ယုဒအမျိုးနှင့်တပါးအမျိုးတို့ကြားရှိ ရှေးပဝေဏီကရှိခဲ့သော လူတန်းစားခွဲခြားခြင်းကို ဖျက်သိမ်းခဲ့သည်။

ရှင်ပေါလု၏အဆိုအရ၊ ယုဒအမျိုးနှင့်တပါးအမျိုးတို့ကို တစ်စုတည်းဖြစ်စေဖို့အလို့ငှါ သခင်ယေရှုအသေခံခဲ့ခြင်းဖြစ်သည် (ငယ် ၁၅-၁၆)။ သခင်ခရစ်တော်သည် ဘုရားသခင်နှင့်အလွှန်အလှမ်းဝေးခဲ့ကြသော တပါးအမျိုးများထံ၌ ငြိမ်းချမ်းခြင်းတရားကိုလာရောက်ဖော်ပြဟောပြောခဲ့သည်။ ကိုယ်တော်သည် အလားတူတရားဒေသနာကို မိမိ၏ရွေးကောက်ခံသားသမီး

များဖြစ်ကြသော ယုဒလူမျိုးများထံ၌လည်း ဟောကြားခဲ့ပါသည်။ သခင်ခရစ်တော်၌ ယုဒအမျိုးနှင့်တပါးအမျိုးတို့ကြား ခွဲခြားမှုမရှိတော့ပါ။ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်နှင့် ငြိမ်းချမ်းချစ်ကြည်မှုကိုလည်းကောင်း၊ မျက်မှောက်တော်၌ ထာဝရရှင်သန်ရမည်ဟူသော မျှော်လင့်ချက်ကိုလည်းကောင်း သိနိုင်ကြသည်။ သခင်ခရစ်တော် အသေခံခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ထံတိုးဝင်ခွင့်ကို ယခုရရှိထားကြပါသည် (ငယ် ၁၈)။ တစ်ချိန်တခါက ဘုရားသခင်၏ ပဋိညာဉ်တရားနှင့် အစိမ်းသက်သက်ဖြစ်ခဲ့ကြသော (တကျွန်းတနိုင်ငံသားဖြစ်ခဲ့ကြသော) တပါးအမျိုးတို့သည် ယခုတွင်သခင်ခရစ်တော်အားယုံကြည်ခြင်းဖြင့် ဘုရားသခင်၏ရှေ့တော်၌ ယုဒအမျိုးတို့နှင့်အတူတန်းတူတိုးဝင်ခွင့်၊ လုပ်ပိုင်ခွင့်၊ တန်းတူအခွင့်ထူးတို့ကို ရှိထားကြသည်။

အသင်းတော်သည် လူ့အလွှာမျိုးစုံနှင့် လူမျိုးအသီးသီးမှယုံကြည်သူများဖြင့်ဖွဲ့စည်းထားကြသည် (ငယ် ၁၉)။ အသင်းတော်ကို အမျိုးမျိုးသောအသင်းတော် ဂိုဏ်းဂဏများမှ လူများဖြင့်ဖွဲ့စည်းထားသည်။ သခင်ယေရှုသည် မိမိ၏လူတို့ဖြင့်ဖွဲ့စည်းတည်ဆောက်ထားသော ဤအဆောက်အဦးကြီး၏တိုက်ထောင့်အမြစ်ကျောက်ဖြစ်သည် (ငယ် ၂၀၊ ၁ပေ ၂း၅-၆)။ ပရောဖက်များနှင့် တမန်များက သခင်ခရစ်တော်နှင့် သခင်ခရစ်တော်လုပ်ဆောင်ခဲ့သောအမှုတော်အပေါ်၌ တိုက်မြစ် (အခြေခံအုတ်မြစ်) ကိုတည်ဆောက်ထားကြသည်။ ဤအဆောက်အဦးကြီးသည် ၄င်း၏ကနဦးအစပြုမှုများမှ တဖြည်းဖြည်းချင်းထကြွမြင့်တက်လာခဲ့ပါသည်။ အသင်းတော်သည် ကျွန်ုပ်တို့၏ခေတ်ကာလတွင် အထင်ကြီးလောက်သော ဖွဲ့စည်းတည်ဆောက်မှုတစ်ခုဖြစ်လာခဲ့ပါသည်။ ဤအဆောက်အဦးကြီးထဲတွင် နှစ်ခြင်းများ၊ ပင်တေကုတ္တေများ၊ ပရက်ဘက်တေးရီးယာန်များနှင့် အခြားအသင်းတော်မှ ယုံကြည်သူ

များရှိကြသည်။ ဤအဆောက်အဦးကြီးထဲတွင် ချမ်းသာသောသူများနှင့် မရှိဆင်းရဲသားများအတွက် နေရာရှိသည်။ အာဖရိကတိုက်သားများ၊ အိန္ဒိယနိုင်ငံသားများ၊ ကနေဒါနိုင်ငံသားများက မိမိတို့၏မတူကွဲပြားသော အနံ့အရသာများကို ပေါင်းထည့်ကြသည်။ ဘုရားသခင်သည် မိမိ၏ဤအံ့ဖွယ်အဆောက်အဦး၌ လူသားတည်းဟူသော ကျောက်တုံးများကို နေ့စဉ်ပေါင်းထည့်လျှက်ရှိသည်။

ရှင်ပေါလုက ဖေက်အသင်းသားများထံ၌ ပြောပြခဲ့သောဤအဆောက်အဦးသည် အနန္တဘုန်းတန်ခိုးနှင့်ပြည့်စုံသော ဘုရားသခင်ကိန်းဝပ်စံပယ်ရာနေရာဖြစ်လာခဲ့သည် (ငယ် ၂၂)။ ဘုရားသခင်သည် မိမိ၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မိမိ၏လူမျိုးတို့နှင့်အတူကိန်းဝပ်စံပယ်တော်မူသည်။ ကျွန်ုပ်တို့၏ရန်သူစာတန်သည် ဘုရားသခင်လုပ်ဆောင်နေသောအရာများကို ဖျက်ဆီးဖို့ကြိုးစားနေခဲ့ပါသည်။ လူတိုင်းနှင့်သက်ဆိုင်သောဤအသင်းတော်သည် စာတန်ကို တုန်လှုပ်ချောက်ချားစေပါသည်။ ဤအသင်းတော်သည် စာတန်ကဆန့်ကျင်တိုက်ခိုက်နေခဲ့သောအရာအားလုံးကို ကိုယ်စားပြုထားသည်။ ဤယုံကြည်သူအစုအဖွဲ့အားဖြင့် ဘုရားသခင်သည် လူတို့ကိုစာတန်၏ခံတွင်းဝမှလည်းကောင်း၊ စာတန်၏မှောင်မိုက်နိုင်ငံမှလည်းကောင်းကယ်ဆယ်နေပါသည်။ ဘုရားသခင်သည် မြေဆိုးကိုအပေါ်နင်းလျှောက်သွားရန်အတွက်လည်းကောင်း၊ မိမိအလင်းတော်နှင့်ယှဉ်သော နိုင်ငံတော်ကို ချဲ့ထွင်ရန်အတွက်လည်းကောင်း မိမိ၏လူတို့ကိုလုပ်ပိုင်ခွင့် အစွမ်းအစများပေးနေပါသည်။ ဤအသင်းတော်အားဖြင့် ဘုရားသခင်သည်မိမိ၏နာမတော်ထံ၌ဘုန်းကြီးခြင်းနှင့် ဂုဏ်ကြီးခြင်းကို ဆောင်ယူလာကြမည့် လူမျိုးတစ်ခုကိုတည်ဆောက်နေပါသည်။

စာတန်သည် ကျွန်ုပ်တို့ကိုစိတ်ဝမ်းကွဲစေရန်အတွက်လည်းကောင်း၊ ကျွန်ုပ်တို့လိုသလိုအသုံးပြုဖို့ အဆင့်သင့်ရှိနေသောဘုရားသခင့်တန်ခိုးတော်၏ စစ်မှန်မှုကို မမြင်နိုင်အောင် အလင်းကွယ်ထားရန်အတွက်လည်းကောင်း ကြိုးစားအားထုတ်ရာ၌ အစွမ်းကုန်စူးစိုက်နေမည်ကို ကျွန်ုပ်တို့မအံ့ဩသင့်ပါ။ ရှင်ပေါလုက ဧဖက်အသင်းသားများအား သခင်ခရစ်တော်တည်ဆောက်နေသော ဤလူအစုအဖွဲ့ကို ယုဒအမျိုးနှင့်တပါးအမျိုးတို့ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။ သူတို့သည် ရင့်ကျက်လာ၍မှောင်မိုက်နိုင်ငံကို သခင်ခရစ်တော်၏ ဧဝံဂေလိအလင်းဖြင့် ထိုးဖောက်ဖို့ဆိုလျှင် အချင်းချင်းတိုက်ခိုက်နေ၍ မဖြစ်ပါ။ သခင်ယေရှုသည် မိမိ၏မျက်မှောက်ပြုခြင်းကို တပါးအမျိုးနှင့်ယုဒအမျိုးတို့အားဖြင့် လောကီသားများထံ၌ ဖော်ထုတ်ပြသဖို့အလို့ငှါ ထိုလူနှစ်စုတို့ကြား၌ ငြိမ်းချမ်းရေးကိုဆောင်ယူလာဖို့ ဆင်းကြွလာခဲ့ခြင်းဖြစ်သည်။

ယုံကြည်သူများသည် ယုဒလူမျိုးနှင့်တပါးအမျိုးဖြစ်ခြင်းပြဿနာ၌ စိတ်ဝမ်းကွဲမှုမရှိတော့သော်လည်း၊ ယနေ့ခေတ်သခင်ယေရှုခရစ်တော်၏ အသင်းတော်သည် အသင်းတော်အုပ်ချုပ်ပုံ၊ အယူဝါဒသွန်သင်ချက်၊ အလေ့အကျင့်များစသည် အမျိုးမျိုးသောအကြောင်းအရာများတွင် အသေအချာ စိတ်ဝမ်းကွဲလျှက်နေကြရသည်။ ကျွန်ုပ်တို့သည်အချင်းအချင်းအပေါ်၌ မကြာခဏဆိုသလို အပြစ်မြင်ဝေဖန်တတ်ကြသည်။ ဤသဘောထားများသည် ဘုရားသခင်၏ အမှုတော်ကိုနှောင့်နှေးစေ၍ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကို ကျွန်ုပ်တို့အလယ်မှဖယ်ရှားပစ်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို မိမိ၏ဝိညာဉ်တော်ကိန်းဝပ်ရာနေရာဖြစ်လာဖို့ တည်ဆောက်နေကြောင်းကို ကျွန်ုပ်တို့သတိရနေရန် အဘယ်မျှလိုအပ်သနည်း။ ကျွန်ုပ်တို့သည် မှားယွင်းသော သဘောထားများနှင့် ကြောင်းကျိုးမဆီလျော်သော ခံစားချက်

ဖြင့် မုန်းတီးမှုများအားဖြင့် ဤအမှုတော်ကို နှောင့်နှေးစေသောသူများ မဖြစ်ကြမည့်အကြောင်း ဆန္ဒပြုပါသည်။

စဉ်းစားသုံးသပ်ရန်အချက်များ

- ဤနေရာတွင် ရှင်ပေါလုက သခင်ယေရှုနှင့်သခင်ယေရှု၏ လှုပ်ရှားလုပ်ဆောင်မှုမပါသော ကျွန်ုပ်တို့အသက်တာ၏အခြေအနေအကြောင်း မည်သို့ပြောပြထားပါသနည်း။
- သင်တို့၏ဒေသန္တရအသင်းတော်အား ပေါင်းစပ်ဖွဲ့စည်းထားပုံကို စဉ်းစားသုံးသပ်ဖို့ အချိန်အနည်းငယ်ယူပါ။ သင်တို့၏အသင်းတော်သို့ မည်သည့်လူမျိုးနွယ်များ၊ နိုင်ငံသားများ၊ လူမျိုးစုများပါဝင် တက်ရောက်ကြပါသနည်း။
- ကျွန်ုပ်တို့၏ခေတ်ကာလတွင် ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ မည်သည့်စိတ်ဝမ်းကွဲမှုမျိုးရှိနေပါသနည်း။ ဤကျမ်းချက်မှ ကျွန်ုပ် တို့ကို စိန်ခေါ်ထားသောအရာမှာ အဘယ်နည်း။

ဆုတောင်းရန်အချက်များ

- ဘုရားသခင်က လူ့အလွှာအသီးသီး၊ အမြင်အသီးသီးမှ လူတို့ကို မိမိ၏သန့်ရှင်းသော ဝိညာဉ်တော်ကိန်းဝပ်ရာနေရာဖြစ်လာဖို့ အတူတကွစုရင်းကြားစေ့ ဆောင်ယူလာပုံအတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- ခရစ်တော်၏ကိုယ်ခန္ဓာတော်မှ အခြားအသင်းဝင်များအပေါ်၌ ထားရှိသော သင့်ရဲ့မှားယွင်းသော သဘောထားများနှင့် ကြောင်းကျိုးမဆီလျော်သောခံစားချက်ဖြင့် မုန်းတီးမှုများအတွက် ခွင့်လွှတ်ပေးရန်

ဘုရားသခင်ကို တောင်းလျှောက်ပါ။

- ယနေ့ရှိ စစ်မှန်သောယုံကြည်သူများကြား၌ တည်ဆောက်ထားသည့် ပိုင်းခြားသော နံရံကြီးများကို ပြိုဖျက်ပေးရန်ဘုရားသခင်ကို တောင်း လျှောက်ပါ။

၁၆

## ရှင်ပေါလု၊ တပါးအမျိုးတို့ထံ၌စေလွှတ်သောတမန်တော်

ဧဖက် ၃း၁-၁၃ ကိုဖတ်ရှုပါ။

နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းတွင် တမန်တော်ပေါလုက ဧဖက်အသင်းသားများအား ၎င်းတို့သည် ယုဒလူမျိုးနှင့်တပါးအမျိုးတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော ခရစ်တော်၏ကိုယ်ခန္ဓာတော်သစ်၏ အစိတ်အပိုင်းဖြစ်ခဲ့ကြကြောင်းအသိပေးခဲ့သည်။ သခင်ယေရှုသည် မိမိအသေခံခြင်းအားဖြင့် ဤလူစုနှစ်စုကြား၌ရှိနေသော အဟန့်အတားများကိုချိုးဖျက်ခဲ့ပါသည်။ ဤဆက်ဆံရင်းနှီးမှုသစ်ထဲသို့ တပါးအမျိုးများဝင်ရောက်လာကြောင်းကို သေချာစေဖို့ သခင်ယေရှုသည် ၎င်းတို့ကိုအခမဲ့ပေးသနားထားသည့် ကယ်တင်ခြင်းကို အသိပေးဟောပြောခြင်းအမှုတော်အတွက် ရှင်ပေါလုကို ဆင့်ခေါ်ခဲ့သည်။

ရှင်ပေါလုက ဧဖက်အသင်းသားများအား မိမိသည်တပါးအမျိုးများအတွက်ကြောင့် အကျဉ်းချခံခဲ့ရသည်ဟု အသိပေးခဲ့သည်။ သခင်ဘုရားက သူ့ကိုဆင့်ခေါ်၍ လုပ်ဆောင်စေခဲ့သောအမှုတော်သည် လွယ်ကူသောအရာမဟုတ်ခဲ့ပါ။ တပါးအမျိုးတို့ထံ၌ ကယ်တင်ခြင်းသမ္မာတရားကို ထုတ်ဖော်ပြောကြားဖို့ရန်အတွက် ရှင်ပေါလုဆင်းရဲဒုက္ခများစွာကို ခံခဲ့ရသည် (၂ကော

၁၁း၂၄-၂၈)။ ရှင်ပေါလုသည် မိမိ၏သာသနာပြုခရီးစဉ်များတွင် ရိုက်နှက်၍ ခဲဖြင့်ပေါက်ခြင်းတို့ကို ခံခဲ့ရသည်။ ရှင်ပေါလုသည် မိမိအနိုင်ယူဖို့ ရှာကြံနေသောသူများ၏ ဆဲရေးစော်ကားခြင်း၊ ကျိန်ဆဲခြင်းတို့ကို ခံခဲ့ရသည်။ ဤအရာထက်ပို၍ဆိုးသောအရာမှာ တပါးအမျိုးတို့ထံ၌ မိမိတရားဟောပြောခြင်းအတွက် ယုဒအသိုင်းအဝိုင်း၏ တုန့်ပြန်ပုံဖြစ်သည်။ ဤစာကိုရေးသားခဲ့ချိန်တွင် တမန်တော်ကြီးသည် တပါးအမျိုးအသိုင်းအဝိုင်းထံ၌ တရားဟောပြောခဲ့ခြင်းအတွက် အကျဉ်းထောင်၌ရှိနေခဲ့ပါသည်။ သူသည်ရောမအာဏာပိုင်များ၏ဖမ်းချုပ်ခြင်းကိုခံထားရသော်လည်း မိမိကိုယ်ကိုသခင်ယေရှု၏အကျဉ်းသားအဖြစ် ရှင်ပေါလုမှတ်ယူခဲ့သည် (ငယ် ၁)။ မိမိ၏အသက်တာရှိခပ်သိမ်းသောအရာတို့ကို မိမိ၏သခင်ကအကြွင်းမဲ့ထိန်းချုပ်ထားကြောင်း ရှင်ပေါလုသိနားလည်ခဲ့သည်။

ရှင်ပေါလုသည် သမိုင်း၏ဤအချိန်ကာလ၌ ဘုရားသခင်၏ကျေးဇူးတော်ကို လောကီသားများအား တိုက်ကျွေးရန်ဟူသော ရှုပါရုံနှင့် စူးစိုက်မှုအတွက် ဘုရားသခင်၏ဆင့်ခေါ်ခြင်းကို ခံခဲ့ရသည် (ငယ် ၂)။ ရှင်ပေါလုက ဧဖက်အသင်းသားများအား မိမိသည်ဘုရားသခင်ထံမှ တိုက်ရိုက်ရောက်ရှိလာသော ဗျာဒိတ်တော်အားဖြင့် "နက်နဲသောအရာ" ကို နားလည်သဘောပေါက်ခဲ့ကြောင်းပြောပြခဲ့သည် (ငယ် ၃)။ အခန်းငယ် ၃ နှင့် ၄တွင်တွေ့ရသည့် "နက်နဲသောအရာ" ဟူသောစကားလုံးသည် ဓမ္မဟောင်းခေတ်ကာလ၌ ကွယ်ဝှက်လျှက်ရှိခဲ့သော်လည်း ဓမ္မသစ်ကာလတွင် တမန်တော်များနှင့် ပရောဖက်များအားဖြင့် ဘုရားသခင်၏လူမျိုးများထံ၌ ဖော်ထုတ်ပြသခဲ့သည့် သမ္မာတရားကိုရည်ညွှန်းသည်။ ဤနက်နဲသောအရာကို ရှင်ပေါလုကအခန်းငယ် ၆ တွင် ဧဖက်အသင်းသားများအား ရှင်းပြပေးခဲ့သည်။ ယုံကြည်သူများဖြင့် ဖွဲ့စည်း

ထားသော ခန္ဓာသစ်တစ်ခုတွင် တပါးအမျိုးတို့သည် ယုဒအမျိုးတို့နှင့် အတူတကွ သခင်ခရစ်တော်အား ယုံကြည်ခြင်းတစ်ပါးတည်းအားဖြင့် ထာဝရအသက်တည်းဟူသော ကတိတော်၌အမွေဆက်ခံသူများဖြစ်လာခဲ့ကြပါလိမ့်မည်။ တစ်လုံးတစ်ဝတည်းပေါင်းစည်းထားသော အသင်းတော်တစ်ပါး၌ လူမျိုးရေး၊ လူမှုရေးနှင့်ဝိညာဉ်ရေးအတန်းအစား ခွဲခြားခြင်းများ ရှိခဲ့လိမ့်မည် မဟုတ်ပါ။ ဤတရားဒေသနာသည် တမန်တော်ရှင်ပေါလု၏ စိတ်နှလုံးထဲ၌ နက်နက်နဲနဲလောင်ကျွမ်းနေခဲ့ပြီး၊ ထိုတရားဒေသနာကို ထုတ်ဖော်ပြောကြဖို့ အလို့ငှါ အကြီးအကျယ် နာကျင်ခံစားနေခဲ့ရပါသည်။ ရှင်ပေါလု၏စိတ်ဆန္ဒမှာ တပါးအမျိုးတို့က သခင်ယေရှုကို သိကျွမ်းလာကြသည်ကိုသာ တွေ့မြင်ရဖို့ မဟုတ်၊ ၎င်းတို့ကိုလည်း ယုဒယုံကြည်သူများနှင့်အတူ ခရစ်တော်၏သာ၍ကြီးမားသော ကိုယ်ခန္ဓာတော်၌ပြည့်ပြည့်ဝဝဖြင့် တန်းတူညီတူထည့်သွင်းပေါင်းစည်းရန်ဖြစ်သည်။ တပါးအမျိုးတို့သည် ကယ်တင်ခြင်းကိုရရှိဖို့ မောရှေ၏ပညတ်တရားအား နာခံလိုက်လျှောက်ဖို့ လိုအပ်သည်ဟု သွန်သင်ပေးသောသူတို့ကို အတိုက်အခံပြု၍ ရှင်ပေါလုသည်တပါးအမျိုးတို့ကို အမြဲခုခံကာကွယ်ပေးခဲ့ပါသည်။

တပါးအမျိုးတို့သည်လည်း ဘုရားသခင်၏သားသမီးများဖြစ်လာခဲ့ကြလိမ့်မည်ဟု သွယ်ဝိုက်၍ရည်ညွှန်းပြောဆိုထားသော အနာဂတ္တိကျမ်းချက်များဓမ္မဟောင်းကျမ်းတွင် အမြောက်အမြားပါရှိသော်လည်း၊ ဤအချက်ကို ယုဒလူများက မည်သည့်အခါကမျှရှင်းရှင်းလင်းလင်းသဘောမပေါက်ခဲ့ကြပါ (ကမ္ဘာဦး ၁၂း၃၊ ဟေရှာယ ၄၉း၆ ကိုကြည့်ပါ)။ ယုဒလူမျိုးအမြောက်အများက တပါးအမျိုးတို့သည် ဘုရားသခင်၏ကတိတော်နှင့် ယှဉ်သောကောင်းကြီးမင်္ဂလာများကို မျှဝေခံစားဖို့ဆိုလိုလျှင် ယုဒယုံကြည်ခြင်းသို့ ပထမ

ဦးစွာကူးပြောင်းကြဖို့ လိုအပ်ခဲ့လိမ့်မည်ဟု ယုံကြည်ခဲ့ကြသည်။ တပါးအမျိုးတို့သည် မောရှေ၏ပညတ်တရားကို ကျင့်ကြံခြင်းမရှိဘဲ၊ မိမိတို့နှင့်အတူ အမွေခံချင်းများဖြစ်လာနိုင်ကြပါသည်ဟူသောအချက်သည် ယုဒလူမျိုးတို့၏စိတ်ကို မထိုးဖောက်နိုင်ခဲ့ပါ။ သခင်ယေရှုသေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း မတိုင်ခင်အထိ ဤအနာဂတ္တိကျမ်းချက်များကို အပြည့်အဝနားလည် သဘောပေါက်ခြင်းမရှိခဲ့ကြပါ။ တပါးအမျိုးတို့ထံသွားရောက်ဖို့ သခင်ဘုရား၏လမ်းပြဦးဆောင်ခြင်းကိုခံရသူများမှာ တမန်တော်များဖြစ်ကြသည်။ ဤအရာနှင့်စပ်လျဉ်း၍ အဓိကကျသောပထမဆုံးကိုးကားချက်မှာ ကောနေလိထံသို့သွားရောက်ရမည်ဟူသောရူပါရုံကို ရှင်ပေတရုလက်ခံရရှိချိန်ကဖြစ်သည်။ တမန်တော် ၁၀ ရှိဤရူပါရုံတွင် သခင်ဘုရားကရှင်ပေတရုအား တပါးအမျိုးတို့သည် ပညတ်တရားမပါဘဲ သခင်ခရစ်တော်၌ ယုဒလူမျိုးများနှင့်အတူ အမွေဆက်ခံသူများဖြစ်ကြသည်ဟု ပြောခဲ့ပါသည်။ ရှင်ပေတရုသည် တပါးအမျိုးတို့နှင့် ယုဒအမျိုးတို့အပေါ်၌ သန့်ရှင်းသောဝိညာဉ်တော် အညီအမျှဆင်းသက်ခဲ့ကြောင်းကို ပင်တေကုတ္တေနေ့၌ တွေ့ရှိခဲ့ရပြီးဖြစ်သည် (တမန်တော် ၂း၁၁၊ ၃၈-၃၉)။

ရှင်ပေတရုသည် တပါးအမျိုးတို့၏ ကယ်တင်ခြင်းနှင့် ဆက်စပ်နေသောဘုရားသခင်၏ရူပါရုံကိုရရှိခဲ့သော်လည်း ဤတရားဒေသနာကို ကမ္ဘာ့အစွန်အဖျားထိတိုင် သယ်ဆောင်သွားခဲ့မည့်သူမှာ ရှင်ပေါလုဖြစ်ခဲ့သည်။ ရှင်ပေါလုသည် မိမိ၏ခေတ်ကာလ၌ တပါးအမျိုးတို့သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ တန်းတူအသင်းဝင်များအဖြစ် လက်ခံအသိအမှတ်ပြုခံရသည်ကို မြင်တွေ့ရဖို့ ဘုရားသခင်၏ အသုံးတော်ခံတန်ဆာဖြစ်ခဲ့ပါလိမ့်မည်။ ရှင်ပေါလုက သခင်ဘုရားသည် ဗျာဒိတ်တော်အားဖြင့် ဤအံ့ဖွယ်သမ္မာတရား

ကို မိမိထံ၌အစစ်အမှန်ဖြစ်စေခဲ့ကြောင်း အခန်းငယ် ၃တွင် ဖေါ်ပြခဲ့သည်။ ရှင်ပေါလုသည် ဤဗျာဒိတ်တော်ကို ဘုရားသခင်ထံမှ မည်သည့်အချိန်၌ ရရှိခဲ့သည်ကို ကျွန်ုပ်တို့အတိအကျမသိရသော်လည်း ဤဗျာဒိတ်တော်သည် ရှင်ပေါလုအတွက် အသက်တာကိုပြောင်းလဲစေခဲ့သော ဗျာဒိတ်တော်ဖြစ်ခဲ့သည်။ ရှင်ပေါလုသာ ဖာရိရှဲတစ်ယောက်ဖြစ်၍ မောရှေ၏ပညတ်တရားကို တင်းတင်းကြပ်ကြပ် လိုက်နာစောင့်ထိန်းခဲ့သောသူတစ်ယောက်ဖြစ်ခဲ့ကြောင်းကိုသတိရပါ။ အသက်တာပြောင်းလဲခြင်းမတိုင်မီအချိန်တွင်၊ ရှင်ပေါလုက တပါးအမျိုးတို့သည် ကယ်တင်ခြင်းနှင့်ထိုက်တန်မှု မရှိဟူသောထိုခေတ်ကာလရှိယုဒလူမျိုးတို့ ယုံကြည်ထားသောအရာများအားလုံးကို ယုံကြည်စွဲကိုင်ခဲ့ပါလိမ့်မည်။ ဤကဲ့သို့သော အခြေအနေတွင် ဘုရားသခင်ထံမှ တိုက်ရိုက်ရောက်လာသော ဗျာဒိတ်တော်မှတစ်ပါး ရှင်ပေါလု၏စိတ်ကို မည်သည့်အရာကမျှ ပြောင်းလဲစေနိုင်ခဲ့မည်မဟုတ်ပါ။ ဤဗျာဒိတ်တော်သည် ရှင်ပေါလုထံမည်သို့ ရောက်ရှိခဲ့သည်ကို ကျွန်ုပ်တို့အားပြောပြမထားသော်လည်း ဤတရားဒေသနာတော်ကို ဟောပြောပျံ့နှံ့စေရန် မိမိ၏အသက်ကိုပင် လိုလိုလားလားစွန့်လွှတ်လိုခဲ့သည့်တိုင် ခရစ်တော်၏ကိုယ်ခန္ဓာတော်ရှိ တပါးအမျိုးတို့၏ နေရာကဏ္ဍကို ရှင်ပေါလုအလွန်အခိုင်အမာ ယုံကြည်လာခဲ့ကြောင်းကိုမူ ကျွန်ုပ်တို့သိရသည်။

ရှင်ပေါလုက မိမိသည်သခင်ယေရှုခရစ်တော်၏အစေခံတစ်ပါးဖြစ်ဖို့မထိုက်တန်ကြောင်း သိနေခဲ့သည် (ငယ် ၈ ကိုကြည့်ပါ)။ သူသည်အသင်းတော်ကို နှစ်ပေါင်းများစွာညှဉ်းပန်းနှိပ်စက်ခဲ့သည်။ ဤကဲ့သို့ အလွန်ဆိုးဝါးသောနောက်ခံသမိုင်း ရှင်ပေါလုတွင်ရှိနေလင့်ကစား ဤအမှုတော်ကိုပြုလုပ်ဖို့ သခင်ဘုရားက သူ့ကိုဆင့်ခေါ်ခဲ့ပါသည်။ ဤဆင့်ခေါ်ခြင်းနှင့်အတူ ဘုရားသခင့်တန်ခိုးတော်၏ လုပ်ဆောင်မှုအားဖြင့် စွမ်းရည်ဆုလက်ဆောင်ပေးခြင်း

တစ်ခုလည်းပါလာပါသည် (ငယ် ၇)။

သခင်ခရစ်တော်၏ တန်ခိုးတော်အားဖြင့် ဆင့်ခေါ်ခြင်းနှင့်စွမ်းရည်ဆုလက်ဆောင်ပေးခြင်းတို့ကို ရှင်ပေါလုကဲ့သို့ ကျွန်ုပ်တို့ကြုံတွေ့ခံစားရန် အဘယ်မျှအရေးကြီးပါသနည်း။ ဘုရားသခင်အစေခံဖြစ်လာဖို့ ကျွန်ုပ်အသက်တာ၌ ဘုရားသခင်ဆင့်ခေါ်ခဲ့ခြင်းကို ကျွန်ုပ်နှစ်ပေါင်းများစွာ သိနေခဲ့ပါသော်လည်း ကျွန်ုပ်၏ဆင့်ခေါ်ခြင်းကို လူ့အစွမ်းအစနှင့် လူ့ဉာဏ်ပညာဖြင့်သာ လုပ်ဆောင်နေခဲ့သည်။ ကျွန်ုပ်သည် ဆုတောင်းခြင်းနှင့် လေ့လာဆည်းပူးခြင်းတို့တွင် လုံ့လဝီရိယရှိခဲ့သည်။ ကျွန်ုပ်သည် ခက်ခဲသောအချိန်ကာလများတွင် သစ္စာရှိနေခဲ့ပြီး၊ ဘုရားသခင်က ကျွန်ုပ်ကိုဆင့်ခေါ်၍ လုပ်ဆောင်သောအရာဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်ခဲ့သောအရာများတွင် မဆုတ်မနစ်လုံ့လထုတ်ခဲ့သည်။ သို့သော်လည်း ပြဿနာမှာ ကျွန်ုပ်သည် ဤအရာအားလုံးကို ကျွန်ုပ်၏ကိုယ်ပိုင်ဉာဏ်ပညာဖြင့်သာ လုပ်ဆောင်နေခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်ဟောပြောသောတရားဒေသနာများအားဂရုတစိုက်ပြင်ဆင်၍ စကားလုံးများကို စနစ်တကျရွေးချယ်သုံးနှုန်းခဲ့သော်လည်း ၎င်းတို့သည်အသက်တာများကို ပြောင်းလဲစေမည့်ဘုရားသခင်တန်ခိုးတော်နှင့် ကင်းမဲ့နေခဲ့ကြသည်။ ကျွန်ုပ်သည် သတင်းကောင်းတရားတော်ကို ဟောပြောဝေငှခဲ့သော်လည်း သခင်ခရစ်တော်ထံ၌ အသက်တာပြောင်းလဲခြင်းများကို မတွေ့ခဲ့ရပါ။ ကျွန်ုပ်အား ဆင့်ခေါ်ခံရကြောင်းကို ကျွန်ုပ်ကောင်းကောင်းသိခဲ့သော်လည်း များသောအားဖြင့် ကျွန်ုပ်သည်ထိုဆင့်ခေါ်ခြင်းကို အကောင်အထည်ဖော်ဖို့ ပေးသနားထားသည့်ဝိညာဉ်စွမ်းရည်ဆုကျေးဇူးကို ကျောခိုင်းနေခဲ့ပါသည်။ ကျွန်ုပ်အားဖြင့် ဘုရားသခင်၏တန်ခိုးတော်ထင်ရှားစေနိုင်ဖို့ ကျွန်ုပ်သည်ထိုလမ်းစဉ်မှ ထွက်သွားဖို့လိုခဲ့သည်။ ကျွန်ုပ်သည် ကျမ်းစာကျောင်း၊ တက္ကသိုလ်နှင့်ဓမ္မကောလိပ်များသို့

တက်ရောက်ခဲ့ပြီး သမ္မာကျမ်းစာနှင့်စပ်ဆိုင်သော သမ္မာတရားများကို သိရှိခဲ့သော်လည်း ကျွန်ုပ်အထဲ၌လည်းကောင်း၊ ကျွန်ုပ်အားဖြင့်လည်းကောင်း "အလုပ်လုပ် နေသည့် ဘုရားသခင်၏ တန်ခိုးတော်" (တန်ခိုးတော်ပြုပြင်ခြင်း) ၏အရေးပါပုံကို နားမလည်ခဲ့ပါ။

ရှင်ပေါလုသည် အလွန်ကောင်းမွန်စွာ ပညာသင်ယူခဲ့ရသူ တစ်ယောက်ဖြစ်သည်။ သို့သော် ရှင်ပေါလု၏ပညာသည် ဘုရားသခင်လိုအပ်ခဲ့သော အရာမဟုတ်ခဲ့ပါ။ ဘုရားသခင်သည် ရှင်ပေါလုကို "မိမိ၏အလုပ်လုပ်သောတန်ခိုးတော်" (တန်ခိုးတော်ပြုပြင်သောအားဖြင့်) စွမ်းရည်ဆုကျေးဇူး တစ်ပါးကို ပေးအပ်ခဲ့သည် (ငယ် ၇)(အင်္ဂလိပ်ကျမ်းစာနှင့်ယှဉ်၍ကြည့်ပါ)။ ဤစွမ်းရည်ဆုကျေးဇူးသည် ရှင်ပေါလု၏ပညာရေးလည်းမဟုတ်ခဲ့သကဲ့သို့ ရှင်ပေါလု၏အတွေ့အကြုံလည်းမဟုတ်ခဲ့ပါ။ ရှင်ပေါလုသည် အမှုတော်လုပ်ငန်းများအား မည်သို့လုပ်ဆောင်ရမည်ကို သင်ယူဖို့သင်တန်းများ (ညီလာခံများ) ကိုတက်ရောက်ခဲ့သောကြောင့် အမှုတော်၌ ထိရောက်မှုရှိခဲ့ခြင်းမဟုတ်ပါ။ ရှင်ပေါလုလက်ခံရရှိခဲ့သော တန်ခိုးအစွမ်းအစသည် ၎င်း၏အသက်တာ၌ အလုပ်လုပ်နေခဲ့သော ဘုရားသခင်၏တန်ခိုးတော်အားဖြင့်ဖြစ်ခဲ့သည်။ ဆင့်ခေါ်ခံရခြင်းသည် အံ့ဖွယ်ကောင်းသောအရာဖြစ်သော်လည်း၊ ထိုအရာသည် မလုံလောက်ပါ။ ထိုဆင့်ခေါ်ခြင်းကို လက်တွေ့ဆောင်ရွက်ဖို့ လုပ်ပိုင်ခွင့်အစွမ်းအစပေးခြင်းကိုလည်း ရှင်ပေါလုလိုအပ်ခဲ့သည်။

ရှင်ပေါလုက ကယ်တင်ခြင်း၏ နက်နဲသောအရာကို ယုဒအမျိုး၊ တပါးအမျိုးနှင့်လူတိုင်းထံ၌ ထုတ်ဖော်ပြောကြားခြင်းကို မိမိ၏အမှုတော်အဖြစ် ရှုမြင်ခဲ့သည် (ငယ် ၉)။ ဘုရားသခင်သည် နှစ်ပေါင်းများစွာဝှက်ထားသော ရှေးပဝေသဏီကတည်းကရှိခဲ့သည့် မိမိ၏အကြံအစည်ကို ဖွင့်ချပြသနေခဲ့ပါသည်။

ဤအကြံအစည်ကို ၎င်းတို့၏မျက်စိရှေ့၌ ဖွင့်ချပြသနေခဲ့ပါသည်။ ရှင်ပေါလုက ဧဖက်အသင်းသားများအား ဘုရားသခင်၏ရည်ရွယ်ချက်သည် အသင်းတော်အားဖြင့် ကောင်းကင်အရပ်တို့၌ရှိသော အထွဋ်အမြတ်အာဏာစက်တို့ထံ၌ ထုတ်ဖော်ပြသခံရမည်ဖြစ်ကြောင်း ပြောပြခဲ့သည် (ငယ် ၁၀)။

ကောင်းကင်အရပ်တို့၌ရှိသော ဤအထွဋ်အမြတ်အာဏာစက်တို့မှာ မည်သူများဖြစ်ကြသနည်း။ ဖြစ်နိုင်ချေအမျိုးမျိုးရှိသည်။ ပထမတစ်ခုမှာ ကောင်းကင်အရပ်တို့၌ရှိသော အထွဋ်အမြတ်အာဏာစက်များသည် ကောင်းကင်တမန်များ (သို့) သခင်ခရစ်တော်နှင့်အတူ ကောင်းကင်ဘုံ၌ ယခု စံမြန်းနေကြသော သန့်ရှင်းသူများကို ရည်ညွှန်းကောင်း ရည်ညွှန်းပေမည်။ သို့သော် ဤအချက်၏ပြဿနာမှာ ကောင်းကင်တမန်များကို အထွဋ်အမြတ်အာဏာစက်များအဖြစ် ယေဘူယျအားဖြင့် မရှုမြင်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့ကိုအစေခံများအဖြစ်သာ ရှုမြင်ခဲ့ကြပါသည်။

အခြားဖြစ်နိုင်ချေတစ်ခုမှာ ကောင်းကင်အရပ်၌ရှိသော အထွဋ်အမြတ်အာဏာစက်များသည် စာတန်နှင့်၎င်း၏ကောင်းကင်တမန်များကို ရည်ညွှန်းသည်ဟူသောအချက်ဖြစ်သည်။ ဧဖက် ၂း၂တွင် စာတန်ကိုအာကာသကောင်းကင်၏တန်ခိုးကို အစိုးရသောမင်းအဖြစ်ဖော်ကျူးထားသည်။ ဘုရားသခင်သည် မိမိ၏အောင်နိုင်တော်မူခြင်းကို စာတန်၏ဗိုလ်ခြေဗိုလ်ပါများထံ၌ ကြွေးကြော်ရန် သခင်ယေရှုခရစ်၏အသင်းတော်ကို အသုံးပြုနေသည်ဟု ရှင်ပေါလုက ပြောပြနေခြင်းဖြစ်နိုင်ပါသလား။ ဘုရားသခင်သည် မိမိ၏ဘုန်းကြီးခြင်းနှင့်ဂုဏ်ကြီးခြင်းကို အသင်းတော်အားဖြင့် ဤလောကကိုအစိုးရသောမင်း(စာတန်)အား သိနေစေပါသည်။ အသင်းတော်သည် ဘုရားသခင်နှင့် စာတန်တို့ စစ်ပွဲဆင်နွှဲရာစစ်မြေပြင်ဖြစ်သည်။ ဘုရားသခင်သည် ဤအ

သင်းတော်ကို တည်ဆောက်ခြင်းဖြင့် မိမိ၏ခမ်းနားကြီးကျယ်သော အောင်နိုင်ခြင်းကိုစာတန်နှင့် ၎င်း၏ကောင်းကင်တမန်များထံ၌ ထုတ်ဖော်ပြောပြနေပါသည်။

စာတန်သည် အသင်းတော်ကို မှောက်မိုက်၌ထားရှိဖို့ အစွမ်းကုန်ကြိုးစားလုပ်ဆောင်နေပါသော်လည်း ဘုရားသခင်၏ဝိညာဉ်တော်သည် သခင်ယေရှု၏အသင်းတော်အားဖြင့် သတင်းကောင်းအလင်းတော်ကို ကြဲဖြန့်နေပါသည်။ တိုင်းနိုင်ငံအသီးသီးမှ ယောက်ျားမိန်းမများဖြင့် ပါဝင်ဖွဲ့စည်းထားသော အသင်းတော်အားဖြင့် ဘုရားသခင်၏ထာဝရတည်သော ရည်ရွယ်ချက်များ အထမြောက်ပြည့်စုံလာနေကြပါသည်။ တိုင်းနိုင်ငံအသီးသီးမှ နိုင်ငံသားများနှင့် နောက်ခံသမိုင်းအသီးသီးမှ လူများသည်လောကီအမှောင်မှ ကယ်ဆယ်ခြင်းကိုခံနေကြရပြီး၊ သခင်ယေရှုတစ်ပါးတည်းကိုသာ ယုံကြည်ခြင်းဖြင့် ဘုရားသခင်ကို လွတ်လပ်ခြင်း၊ ယုံကြည်စိတ်ချမှုရှိခြင်းတို့နှင့်အတူ မိမိတို့ချဉ်းကပ်နိုင်ကြောင်းကို သဘောပေါက်လာနေကြပါသည်။ ရိုးရှင်းသော၍သမ္မာတရားသည်မှောင်မိုက်နိုင်ငံကို အကြီးအကျယ်ထိခိုက်ဖျက်ဆီးနေပါသည်။

မိမိတို့၏ အပြစ်ဒုစရိုက်မှောင်မိုက်ထဲ၌ ဖမ်းချုပ်ခံကြရသော တပါးအမျိုးတို့က သခင်ခရစ်တော်၌လွတ်လပ်ခြင်းနှင့် အောင်နိုင်ခြင်းတို့ရှိနေကြောင်းကို သဘောပေါက်လာနေကြပါသည်။ စာတန်သည် တိုင်းနိုင်ငံအားလုံးကိုအပြစ်ဒုစရိုက်၏မှောင်မိုက်၌ ကာလရှည်ကြာစွာ ဖမ်းချုပ်ထားရာ၌ အောင်မြင်နေခဲ့သည်။ တမန်တော်ရှင်ပေါလုသည် ဤတိုင်းနိုင်ငံများထံ၌ လွတ်လပ်ခြင်းကို ထုတ်ဖော်ဟောပြောဖို့ ရွေးကောက်ခြင်းခံခဲ့ရသည်။ ဘုရားသခင်၏နိုင်ငံတော်သည် ကမ္ဘာ့အစွန်အဖျားရှိ အမှောင်မိုက်ဆုံးနေရာများအထိ ယခုထိုးဖောက်ဝင်ရောက်ပါတော့မည်။ သခင်ယေရှုခရစ်၏ အသင်း

တော်အား မှောင်မိုက်နိုင်ငံအပေါ်၌ ဖြေလွှတ်တော့မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ခေတ်ကာလ၌ စာတန်၏နယ်မြေများအား သိမ်းပိုက်အောင်နိုင်ခြင်းကို ကျွန်ုပ်တို့မြင်တွေ့နေကြပါသည်။

မှောင်မိုက်နိုင်ငံထဲသို့ အလင်းနိုင်ငံတော်၏ ဤထိုးဖောက်ဝင်ရောက်မှုကြီးသည် အထိအခိုက်အသေပျောက်မရှိပဲ ဖြစ်ပွားခဲ့လိမ့်မည်မဟုတ်ကြောင်း ရှင်ပေါလုက ဧဖက်အသင်းသားများအား အသိပေးခဲ့သည်။ ရှင်ပေါလုကိုယ်တိုင်က များစွာခံစားခဲ့ရပါသည်။ ရန်သူသည် မိမိ၏နယ်မြေများကို အလွယ်တကူလက်လွှတ်မည်မဟုတ်ပါ။ ရှင်ပေါလုက မိမိခံရသောဆင်းရဲခြင်းဒုက္ခကြောင့် စိတ်ဓာတ်မကျကြဖို့ ဧဖက်အသင်းသားများကို ပြောခဲ့သည် (ငယ် ၁၃)။ ရှင်ပေါလုရင်ဆိုင်ကြုံတွေ့ရသော အရာခပ်သိမ်းကို ဘုရားသခင်က မိမိ၏ဘုန်းတော်အတွက် အသုံးပြုခဲ့ပါလိမ့်မည်။

ကမ္ဘာတစ်ဝှမ်း၌ ဘုရားသခင့်နိုင်ငံတော်ကြီးမားကျယ်ပြန့်လာပုံနှင့် သွားလေရာရာ၌ သခင်ခရစ်တော်၏အလင်းကို ဆောင်ယူသွားပုံကိုကြည့်၍ ကျွန်ုပ်တို့ဝမ်းမြောက်နေကြရမည်ဖြစ်သည်။ သခင်ခရစ်တော်တစ်ပါးတည်း၌ ယုံကြည်ခြင်းအားဖြင့် မကောင်းမှုဒုစရိုက်အပေါ်၌ အောင်နိုင်ခြင်းကို တိုးပွားပျံ့နှံ့စေခြင်းအတွက် ညှင်းပန်းနှိပ်စက်မှုများကို သည်းခံဖြတ်သန်းနိုင်ရန် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုခွန်အားသစ်များ သွန်းလောင်းပါစေ။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ရှင်ပေါလုသည် မိမိထံမှဘုရားသခင်အလိုရှိတော်မူသောအရာနှင့် စပ်လျဉ်း၍ ကြည်လင်ပြတ်သားသော ရူပါရုံတစ်ခုကို ရှိထားခဲ့သည်။

သင့်အတွက်ဘုရားသခင်၏ ရူပါရုံကားအဘယ်အရာနည်း။ သင်သည် ရှင်ပေါလုကဲ့သို့ ထိုရူပါရုံကိုလက်တွေ့လုပ်ဆောင်ရာ၌ လိုလိုလားလား ဒုက္ခခံလိုပါသလား။

- ဘုရားသခင်သည် အသင်းတော်ကို ညှင်းပန်းနှိပ်စက်ခဲ့သော ရှင်ပေါလုကို ခွင့်လွှတ်၍အသုံးပြုခဲ့ခြင်းအပေါ်၌ မည်သည့်ခွန်အား ပေး တိုက်တွန်းမှုကို သင်ရရှိပါသည်။
- မှောင်မိုက်နိုင်ငံထဲသို့ ဘုရားသခင့်နိုင်ငံတော်၏ ထိုးဖောက်ဝင်ရောက်မှုနှင့်စပ်ဆိုင်သော မည်သည့်အထောက်အထားကို သင်တို့၏အသိုင်းအဝိုင်း၌ တွေ့ရပါသနည်း။
- သင်သည် သခင်ခရစ်တော်ကို သင့်ကိုယ်ပိုင်ခွန်အားစွမ်းရည်အားဖြင့်အစေခံပါသလား (သို့) သင့်အထဲ၌ အလုပ်လုပ်နေသော ဘုရားသခင်၏တန်ခိုးတော်အားဖြင့် အစေခံပါသလား။ ကွဲပြားခြားနားချက်ကို သင်ပြောပြနိုင်ပါသလား။

## ဆုတောင်းရန်အချက်များ

- ဘုရားသခင်သည် မိမိ၏နိုင်ငံတော်ကို ဤလောက၏မှောင်မိုက်ခြင်းထဲ၌ တိုးချဲ့နေခြင်းအတွက် ကျေးဇူးတင်ချီးမွမ်းပါ။ ဤကြီးမြတ်လှသောတာဝန်၌ ကျွန်ုပ်တို့ကိုအသုံးပြုနေသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- ဘုရားသခင်သည် မိမိ၏နိုင်ငံတော်ကို ချဲ့ထွင်ရာ၌ သင့်ရဲ့အခန်းကဏ္ဍကိုသင့်ထံ၌ ထုတ်ဖော်ပြသပေးဖို့ တောင်းလျှောက်ပါ။ အသက်တာ၌ ဘုရားသခင်ဆင့်ခေါ်ခြင်း၏ ကြည်လင်ပြတ်သားသော ရူပါရုံ

တစ်ခုကို သင့်အားပေးရန် တောင်းလျှောက်ပါ။

- ဘုရားသခင်သည် အတိတ်မှကျွန်ုပ်တို့၏အပြစ်ဒုစရိုက်များကို လိုလို လားလားခွင့်လွှတ်ပေးလိုပြီး၊ မိမိ၏အစေခံများအဖြစ် ကျွန်ုပ်တို့ကို အသုံးပြုရန် လိုလိုလားလားရှိနေသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- ယနေ့တွင် ယုံကြည်သူများကြား၌ ရှိနေသောတံတိုင်းနံရံအားလုံးကို ဖြိုချပေးဖို့ ဘုရားသခင်ကို တောင်းလျှောက်ပါ။

၁၇

# ဖေက်အသင်းသားများအတွက် ရှင်ပေါလု၏ဆုတောင်းချက်

ဖေက် ၃း၁၄-၂၁ ကိုဖတ်ရှုပါ။

ဖေက်အသင်းသားများအပေါ်၌ ထားရှိသောရှင်ပေါလု၏ စိုးရိမ်ပတ်သက်ပေးမှုသည် ဤစာစောင်တွင် အထင်အရှားတွေ့ရသည်။ ဤစိုးရိမ်ပတ်သက်ပေးမှုက ရှင်ပေါလုကို ၄င်းတို့အတွက်မကြာခဏဆိုသလို ဆုတောင်းစေခဲ့သည်။ ဖေက်အသင်းသားများအတွက် ရှင်ပေါလု၏ဆုတောင်းချက်တစ်ချို့ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြပြီးဖြစ်သည် (၁း၁၅-၂၃)။ ဤနေရာတွင်လည်းသူတို့အတွက် မိမိဆုတောင်းပေးနေကြောင်းကို ရှင်ပေါလုတစ်ဖန်အသိပေးခဲ့သည်။ သူတို့သည် ယုဒအမျိုး၊ တပါးအမျိုးဟူ၍ ခွဲခြားမှုမရှိသော သာ၍ကြီးမားသည့် မိသားစုတစ်ခု၏ အစိတ်အပိုင်းဖြစ်နေကြကြောင်း သူတို့ကိုရှင်ပေါလုပြောပြခဲ့သည်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ခမည်းတော်တစ်ပါးတည်းသာရှိသည်။ သခင်ယေရှု၏အသွေးတော်အားဖြင့် ဘုရားသခင်၏မိသားစု၌ မွေးဖွားလာကြသောသူအားလုံးသည် ညီအစ်ကိုမောင်နှမများဖြစ်ကြသည်။ ရှင်ပေါလုသည်လည်း သူတို့နှင့်အတူ ထိုမိသားစုကြီး၏ အစိတ်အပိုင်းဖြစ်ခဲ့သည်။ သခင်ခရစ်တော်၌တည်သော ညီအစ်ကိုမောင်နှမများဖြစ်ကြသည့်အားလျော်စွာ ရှင်ပေါလုသည် သူတို့အတွက်ဆုတောင်းပေးခဲ့သည်။

ဖေက်ယုံကြည်သူများအတွက် ရှင်ပေါလု၏ဆုတောင်းချက်ကို လေ့လာစမ်းစစ် ကြည့်ကြပါစို့။

*ဘုရားသခင်သည် သင်တို့ကိုခွန်အားနှင့် မြဲမြံခိုင်ခံ့စေ၍ (ငယ် ၁၆)*

ဖေက်အသင်းသားများအတွက် ရှင်ပေါလု၏ပထမဆုံးမေတ္တာရပ်ခံချက်မှာ ၎င်းတို့၏အတွင်းလူကို ဝိညာဉ်တော်အားဖြင့် ခွန်အားနှင့်မြဲမြံခိုင်ခံ့စေမည့်အကြောင်းဖြစ်သည်။ သူတို့သည် ခရစ်ယာန်အသက်တာရှင်သန်ခြင်းတွင် မည်မျှပင်တိုးတက်ရင့်ကျက်နေကြစေကာမူ အားသစ်လောင်းပေးခြင်းကို ပို၍ပင်လိုအပ်ခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်အတူ လျှောက်လှမ်းရှင်သန်ရာတွင် ကြီးထွားတိုးတက်လာခြင်းမရှိဘဲ မည်သို့မကြာခဏ ကျေနပ်တင်းတိမ်နေခဲ့ကြပါသနည်း။ ရှင်ပေါလုက ဤစိတ်သဘောထားကို စိန်ခေါ်ခဲ့သည်။ ဖေက်အသင်းသားများသည် သခင်ယေရှုနှင့်ဆက်ဆံရင်းနှီးမှုတွင်ကြီးထွားတိုးတက်လာခြင်းကို မည်သည့်အခါတွင်မျှ မရပ်တန့်ကြမည့်အကြောင်း ဆုတောင်းပေးခဲ့သည်။ သူတို့သည်ယုံကြည်ခြင်း၌ပို၍ပို၍ မြဲမြံခိုင်ခံ့လာကြရန်မှာ ရှင်ပေါလု၏စိတ်ဆန္ဒဖြစ်ခဲ့သည်။

ဖေက်အသင်းသားများသည် ခွန်အားနှင့်မြဲမြံခိုင်ခံ့နေကြရန် ရှင်ပေါလုဆန္ဒပြုခဲ့သည်ကို သတိပြုပါ။ ဤခွန်အားတန်ခိုးတော်၏ အရင်းအမြစ်ကားအဘယ်နည်း။ ဤခွန်အားသည် ၎င်းတို့၏အထဲ၌ ကိန်းဝပ်နေထိုင်တော်မူသော ဝိညာဉ်တော်အားဖြင့် ဘုရားသခင်၏ဘုန်းတော်ကြွယ်ဝပြည့်စုံခြင်းမှရောက်လာပါသည်။ ဤနေရာ၌ ရှင်ပေါလုပြောပြနေသောခွန်အားသည် ရုပ်ပိုင်းဆိုင်ရာခွန်အားမဟုတ်ပါ။ "အတွင်းလူ" ၌ရှိသော ခွန်အားဖြစ်သည်။ ဤနေရာသည် ယုံကြည်သူတိုင်း၌ ဘုရားသခင်၏ဝိညာဉ်တော်

လာရောက်ကိန်းဝပ်သောနေရာဖြစ်သည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် ဇေဖက်အသင်းသားများ၏ အတွင်းလူ၌ပို၍ပို၍ထင်ရှားပြသမည့်အကြောင်း ရှင်ပေါလုဆုတောင်းနေခဲ့ပါသည်။ ဤအချင်းအရာသည် ဇေဖက်အသင်းသားများက သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို လိုက်လျောဖို့ သင်ယူသောအချိန်၌သာ ဖြစ်ပျက်ပါလိမ့်မည်။ ရှင်ပေါလုသည် ဤနေရာတွင် သာ၍ကြီးမားသော လူ့ကြိုးစားအားထုတ်မှုအကြောင်းကို ပြောနေခြင်း မဟုတ်ပါ။ ရှင်ပေါလုပြောနေသည့်အရာမှာ ဇေဖက်အသင်းသားများကို ယုံကြည်ခြင်း၌ကြီးထွားလာကြရန် စွမ်းဆောင်ပေး၍ လုပ်ပိုင်ခွင့်နှင့်အာဏာ ပေးခြင်းတည်းဟူသော ဇေဖက်အသင်းသားများ၏ အသက်တာရှိ ဘုရားသခင့် ဝိညာဉ်တော်၏ သာ၍နက်နဲသောအမှုတော်အကြောင်းဖြစ်သည်။

*ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည်သင်တို့၏ စိတ်နှလုံးထဲ၌ကိန်းဝပ်တော်မူမည်အကြောင်း (ငယ် ၁၇)*

ဘုရားသခင့်ဝိညာဉ်တော်အားဖြင့် လုပ်ပိုင်ခွင့်အာဏာပေးခံရခြင်း၏ ရည်ရွယ်ချက်မှာ ထိုသို့ပြုလုပ်ခြင်းအားဖြင့် သခင်ယေရှုသည် ၎င်းတို့၏စိတ်နှလုံးထဲ၌ ယုံကြည်ခြင်းအားဖြင့် ကိန်းဝပ်ခဲ့လိမ့်မည်ဖြစ်သည်။ ဤကျမ်းပိုဒ်ကို ကျွန်ုပ်တို့ မည်သို့နားလည်သဘောပေါက်ကြရမည်နည်း။ သခင်ယေရှုသည် ယုံကြည်သူတိုင်း၏ စိတ်နှလုံးထဲ၌ ရှင်သန်ပါသော်လည်း၊ ယုံကြည်သူတိုင်းက ထိုမျက်မှောက်ပြုခြင်းကို ဆီးကြိုပုံချင်းမတူကြပါ။ မိမိတို့၏လောကီနှင့်ဆိုင်သောအရာများကို ချစ်ခင်စွဲလမ်းမှုကြောင့် အသက်တာ၌ သခင်ခရစ်တော်၏ပြည့်စုံခြင်းကို ဆန့်ကျင်ခုခံကြသော ယုံကြည်သူအချို့ရှိသည်။ ရှင်ပေါလု၏ ဆုတောင်းချက်မှာ ခမည်းတော်သည် ဤယုံကြည်သူများကို သန့်ရှင်းသော

ဝိညာဉ်တော်၏အစွမ်းထက်သောလုပ်ဆောင်မှုအားဖြင့် အားသစ်သွန်းလောင်း၍ခိုင်ခံ့မြဲမြံစေပြီး၊ ထိုသို့အားဖြင့် သခင်ခရစ်တော်သည် ၎င်းတို့အထဲ၌ပို၍အစွမ်းတန်ခိုးထက်စွာဖြင့် ကိန်းဝပ်ခဲ့လိမ့်မည်ဖြစ်သည်။ ဤအရာသည် သန့်ရှင်းသောဝိညာဉ်တော်၏ အမှုတော်ဖြစ်သည်။ ဝိညာဉ်တော်၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏အသက်တာ၌ သခင်ယေရှုကိုချီးမြှောက်၍ ကိုယ်တော်နှင့်ပို၍နီးစပ်ကျွမ်းဝင်သော မိတ်သဟာယဖွဲ့ခြင်းကို ဆောင်ယူလာရန်ဖြစ်သည်။

*သင်တို့သည်မေတ္တာ၌ စိုက်ပျိုးခြင်း၊ တိုက်မြစ်လည်းကျတည်ခြင်းရှိမည့်အကြောင်း (ငယ် ၁၇)*

သခင်ခရစ်တော်က မိမိ၏ပြည့်စုံခြင်းနှင့်အတူ ၎င်းတို့၏စိတ်နှလုံးထဲ၌ကိန်းဝပ်တော်မူခြင်း၏ရလာဒ်မှာ ၎င်းတို့သည် ဘုရားသခင့်ချစ်ခြင်းမေတ္တာ၏ပြည့်စုံခြင်း၌ အမြစ်တွယ်၍၊ ထိုချစ်ခြင်းမေတ္တာ၌ မြဲမြံခဲ့ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လုံခြုံမှုနှင့် ချစ်ခြင်းကိုခံစားရသော သခင်ခရစ်တော်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရင်းနှီးမှုသည် အဘယ်မျှအရေးကြီးပါသနည်း။ ထိုလုံခြုံစိတ်ချမှုမရှိလျှင် ကျွန်ုပ်တို့သည် စုံစမ်းနှောက်ယှက်ခြင်း၏ သားကောင်ဖြစ်သွားနိုင်ပါသည်။ ရန်သူသည် ကျွန်ုပ်တို့ကိုဤအဆင့်တွင် တိုက်ခိုက်၍၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုဂရုမစိုက်ပါဟု ယုံကြည်သွားစေပါလိမ့်မည်။ ကျွန်ုပ်တို့၏ပြဿနာများတွင် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုစွန့်ပစ်သွားခဲ့သည် (သို့) ကိုယ်တော့်ကို ကျွန်ုပ်တို့လိုအပ်သောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် အဆင်သင့်မရှိဟု ရန်သူကကျွန်ုပ်တို့ကို ယုံကြည်သွားစေပါလိမ့်မည်။ ကျွန်ုပ်တို့သည် သားတော်၏ချစ်ခြင်းမေတ္တာ၌ အမြစ်တွယ်၍ မြဲမြံနေကြကာ၊ ထိုသားတော်၏ချစ်ခြင်းမေတ္တာ၌ လုံခြုံစိတ်ချမှုရှိခြင်းကို

သိနားလည်ကြရန်မှာ ဘုရားသခင်၏စိတ်ဆန္ဒဖြစ်သည်။

ကျွန်ုပ်၏ဇနီးသည် သူမအပေါ်၌ကျွန်ုပ်ထားရှိသောချစ်ခြင်းမေတ္တာ သေချာနားလည်ကြောင်း ပြုလုပ်ထားရန်မှာ ကျွန်ုပ်အတွက်မည်မျှ အရေးကြီးသည်ကို ခင်ပွန်းသည်တစ်ယောက်အဖြစ်နှင့် ကျွန်ုပ်သိသည်။ မည်သည့်အရာပင်ဖြစ်ခဲ့ပါစေ (သို့) မည်ကဲ့သို့သော ခက်ခဲသည့်အရာများကျွန်ုပ်တို့နှစ်ဦးကြား၌ ရောက်လာနေပါစေ သူမအပေါ်၌ထားရှိသော ကျွန်ုပ်၏ချစ်ခြင်းမေတ္တာသည် လုံးလုံးပြောင်းလဲသွားလိမ့်မည်မဟုတ်ကြောင်း သူမကို ကျွန်ုပ်သိစေချင်သည်။ ထို့အတူပင်၊ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏သားတော်နှင့် ကျွန်ုပ်တို့ဆက်ဆံရင်းနှီးမှုတွင် လုံခြုံစိတ်ချနေမှုရှိနေကြရန်မှာ ဘုရားသခင်၏အလိုတော်ဖြစ်သည်။

မိမိ၏ချစ်ခြင်းမေတ္တာနှင့် ကျွန်ုပ်တို့ကိုမည်သည့်အရာက မခွဲနိုင်ကြောင်းဘုရားသခင်က ကတိပြုထားသည် (ရောမ ၈း၃၉)။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို မစွန့်၊ ကျွန်ုပ်တို့ကိုအလျှင်းပစ်မထားပါဟုပြောထားသည် (ဟေဗြဲ ၁၃း၅)။ ကျွန်ုပ်တို့၏ဒုစရိုက်ရှိသမျှကိုလည်း လိုလိုလားလားခွင့်လွှတ်ပေးလိုကြောင်း အသိပေးထားသည် (၁ယော ၁း၉)။ ဇေဖက်အသင်းသားများသည် သခင်ယေရှုက သူတို့အပေါ်၌ထားရှိသော ချစ်ခြင်းမေတ္တာသည် မည်သို့မျှပြောင်းလဲခဲ့လိမ့်မည်မဟုတ်ကြောင်းကို သိရှိထားကြရန်မှာ သူတို့အတွက် ရှင်ပေါလု၏ ဆုတောင်းချက်ဖြစ်သည်။ ဤအရာကိုသူတို့သိရှိထားခြင်းက အပြစ်လွှတ်ခြင်းကို ရှာကြံရန်သူတို့ကို အားပေးတိုက်တွန်း၍ ရန်သူကိုရင်ဆိုင်ရန် ရဲရင့်ခြင်းကိုပေးခဲ့ပါလိမ့်မည်။ ဤချစ်ခြင်းမေတ္တာသည် သူတို့ကိုအသစ်သောနာခံခြင်းနှင့် အစေခံခြင်းအခေါင်အဖျားဆီသို့ စေ့ဆော်ပေးရန်မှာ ရှင်ပေါလု၏ ဆုတောင်းချက်ဖြစ်သည်။

*သူတို့သည်ခရစ်တော်၏ မေတ္တာတော်ကို သိနားလည်ခြင်းငှါငှင်း (ငယ် ၁၈-၁၉)*

ဧဖက်အသင်းသားများသည် သခင်ခရစ်တော်၌ရှိသော ၎င်းတို့၏ အရိုက်အရာလုံခြုံစိတ်ချစွာရှိနေကြောင်းကို သဘောပေါက်နားလည်ရုံသာမ ဟုတ်၊ အလွန်ကြီးမားနက်နဲသော သခင်ခရစ်တော်၏ ချစ်ခြင်းမေတ္တာကို လည်းသူတို့ သိရှိနားလည်ခဲ့ကြမည့်အကြောင်း ရှင်ပေါလုက ဆုတောင်းပေး ခဲ့သည်။ ဤချစ်ခြင်းမေတ္တာသည် လူ့ဉာဏ်ပညာကိုသာလွန်သည်ဟု ရှင်ပေါလု ကသူတို့ကို အခန်းငယ် ၁၉ တွင် ပြောခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ သူတို့သည် သူတို့ကိုချစ်သောဘုရားသခင့် ချစ်ခြင်းမေတ္တာ၏ ကျယ်ပြော နက်ရှိုင်းမှုကို လူ့အမြင်အားဖြင့် ဘယ်သောအခါတွင်မျှ စေ့စေ့စပ်စပ် နားလည်နိုင်ခဲ့ကြမည်မဟုတ်သော်လည်း ရှင်ပေါလုသည် ၎င်းတို့ကို ထိုချစ်ခြင်း မေတ္တာအားပို၍ ပြည့်ပြည့်ဝဝကြုံတွေ့ခံစားခြင်း၌ ကြီးထွားကြစေလိုခဲ့သည်။ ရှင်ပေါလုက ဧဖက်အသင်းသားများကို သူတို့အတွက် မိမိကိုယ်ကိုစတေး သွားခဲ့ သောသခင်ခရစ်တော်၏ အံ့ဖွယ်ကောင်းသောချစ်ခြင်းမေတ္တာကို အမြဲတမ်း အံ့သြမင်သက်လျှက်ရှိနေကြရန် အလိုရှိခဲ့သည်။ သခင်ခရစ်တော်ကို အကောင်းဆုံး နားလည်သဘောပေါက်သောသူများက ကိုယ်တော်၏ချစ်ခြင်း မေတ္တာကို အများဆုံးအံ့သြချီးမွမ်းကြသည်။ အပြစ်သားများ အပေါ်၌ထား ရှိသော သခင်ယေရှု၏ချစ်ခြင်းမေတ္တာ ကျယ်ပြောနက်ရှိုင်းမှုကို ကျွန်ုပ်တို့ စဉ်းစားဆင်ခြင်သောအခါ ကျွန်ုပ်တို့၏စိတ်နှလုံးတွင် အံ့သြလေးစားခြင်းနှင့် အံ့သြချီးမွမ်းခြင်းတို့ အမြဲရှိနေသင့်ပါသည်။ ကျွန်ုပ်တို့ကို ချစ်သော ကိုယ်တော် ရှင်၏ချစ်ခြင်းမေတ္တာကို ပို၍နက်နဲသောတန်ဖိုးထား ကျေးဇူးတင်ခြင်းဆီသို့ ကျွန်ုပ်တို့နေ့စဉ်ရောက်လာသင့်သည်။

*သင်တို့သည် ဘုရားသခင်၏ ပြည့်စုံတော်မူခြင်း ရှိသမျှနှင့်အညီပြည့်စုံကြပါမည်အကြောင်း (ငယ် ၁၉)*

ဇေဖက်အသင်းသားများသည် အသက်တာ၌ ဘုရားသခင်၏မျက်မှောက်ပြုခြင်းနှင့် ပြည့်နေကြသည်ကို ရှင်ပေါလုမြင်တွေ့လိုခဲ့သည်။ သူတို့သည် မိမိတို့၏အတွင်းစိတ်တွင်သေလျှက် ဘုရားသခင်၏တန်ခိုးတော်၊ ချစ်ခြင်းမေတ္တာတော်နှင့် ဘုန်းအာနုဘော်တို့ကို မိမိတို့၏စိတ်ကူးအတွေးများ၌လည်းကောင်း၊ လုပ်ဆောင်မှုများ၌လည်းကောင်း ကြုံတွေ့ခံစားနေကြကြောင်းကို ရှင်ပေါလုမြင်တွေ့လိုခဲ့သည်။ လူအများက ဇေဖက်အသင်းသားများကိုကြည့်ရှုသောအခါ ဘုရားသခင်သည် သူတို့အားဖြင့် ထွန်းလင်းတောက်ပနေသည်ကို မြင်တွေ့ခဲ့ကြလိမ့်မည်ဖြစ်သည်။ ရှင်ပေါလုက ဇေဖက်အသင်းသားများအား ၎င်းတို့၏အသက်တာ၌ ဘုရားသခင်၏ဖြစ်တည်မှုကို အပြည့်ဝဆုံးကြုံတွေ့ခံစားကြစေလိုခဲ့သည်။

ဤနေရာ၌ ရှင်ပေါလုပြောပြနေသောအရာအကြောင်းကို ကျွန်ုပ်တို့စဉ်းစားသုံးသပ်နေကြသည်နှင့်အမျှ ဤကဲ့သို့သော အသက်တာမျိုးကို ကျွန်ုပ်တို့ကြုံတွေ့ခံစားနိုင်ခဲ့ကြပါမည်လားဟု အံ့ဩလျှက်ရှိနေကြပါသည်။ ကျွန်ုပ်တို့၏အသက်တာ၌ သခင်ယေရှု၏ဘုန်းတော်နှင့် တန်ခိုးတော်ကို ကြုံတွေ့ခံစားရန်မှာ အမှန်တကယ်ဖြစ်နိုင်ပါသလား။ ရှင်ပေါလုက ဇေဖက်အသင်းသားများအား ဘုရားသခင်သည် ၎င်းတို့တောင်းဆို(သို့) စိတ်ကူးနိုင်သည်ထက် အဆပေါင်းများစွာ တတ်နိုင်သောဘုရားဖြစ်ကြောင်း အသိပေးရင်း ဤအပိုင်းကိုနိဂုံးချုပ်ခဲ့သည် (ငယ် ၂၀)။ သူတို့၏အထဲ၌ရှိနေသော သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်သည် သူတို့စိတ်ကူးကြံစည်နိုင်ခဲ့ဖူးသမျှထက်ပို၍ အထမြောက်ပြည့်စုံစေနိုင်ခဲ့ပါသည်။

ဤနေရာ၌ ရှင်ပေါလုပြောပြခဲ့သောအရာအားလုံးကို ကျွန်ုပ်တို့ ကြုံတွေ့ခံစားနိုင်ကြပါသည်။ သို့သော်၊ ဤအရာကို ကျွန်ုပ်တို့၏ကိုယ်ပိုင် ခွန်အားစွမ်းပကားဖြင့် မည်သို့မျှ အထမြောက်ပြည့်စုံစေနိုင်ခဲ့ကြမည်မဟုတ် ပါ။ ဤကဲ့သို့သောဘုရားသခင်နှင့် ဆက်ဆံရင်းနှီးမှုမျိုးကို ကျွန်ုပ်တို့အထဲရှိ သန့်ရှင်းသောဝိညာဉ်တော်၏အစွမ်းထက်သော လုပ်ဆောင်မှုအားဖြင့် သာလျှင် အထမြောက်ပြည့်စုံနိုင်ပါသည်။

မိမိ၏သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်ဘုရားသခင်က သင့်အ သက်တာ၌ လုပ်ဆောင်လိုသောအရာကို မခုခံပါနှင့်။ နှုတ်ကပတ်တော်၌ လည်းကောင်း၊ ဆုတောင်းခြင်း၌လည်းကောင်း၊ အခြားယုံကြည်သူများနှင့် မိတ်သဟာယဖွဲ့ခြင်း၌လည်းကောင်း ဆက်လက်ရှင်သန်ခြင်းဖြင့် သန့်ရှင်း သောဝိညာဉ်တော်၏ လမ်းပြခြင်းနှင့်တိုက်တွန်းနှိုးဆော်မှုတို့၌ အပ်နှံနိုင်ဖို့ သင်ယူပါ။ သခင်ခရစ်တော်၏ ချစ်ခြင်းမေတ္တာထဲသို့ သင့်ကိုပို၍နက်နက် ရှိုင်းရှိုင်းလမ်းပြဆောင်ယူသွားပေးရန် ခမည်းတော်ကို ယုံကြည်ကိုးစားပါ။ ထိုသို့ပြုလုပ်ပြီးမှသာ ဤနေရာ၌ရှင်ပေါလုပြောပြနေသောအရာ၏ ဖြစ်တည်မှု အမှန်ကိုသင်နားလည်၍ ကြုံတွေ့ခံစားရပါလိမ့်မည်။

ဧဖက်အသင်းသားများ၏ အသက်တာ၌ဘုရားသခင်လုပ်ဆောင်လို ခဲ့သောအရာကို ရိုးရိုးရှင်းရှင်းတွေးတောလိုက်ခြင်းက ရှင်ပေါလုကို ကိုးကွယ် ခြင်းနှင့် ချီးမွမ်းခြင်းဆီသို့ ဆောင်ယူသွားခဲ့သည်။ “ဘုရားသခင်သည် . . . ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း” ဟု ချီးမွမ်းရင်းရှင်ပေါလုက ဤအခန်းကြီးကို နိဂုံးချုပ်ခဲ့သည်။

စဉ်းစားသုံးသပ်ရန်အချက်များ

- ယနေ့တွင် သင့်ကိုချစ်သောဘုရားသခင်၏ ချစ်ခြင်းမေတ္တာအပြည့်အစုံကို ကြုံတွေ့ခံစားရခြင်းမှ ဆီးတားနေသောအရာကား အဘယ်နည်း။ မည်သည့်အရာများက ကြားတွင်နှောက်ယှက်နေပါသနည်း။
- သင်သည်အတွင်းလူ၌ ခွန်အားနှင့်မြဲမြံခိုင်ခံ့စေခြင်းကို ခံရပါသလား။ ယနေ့တွင် သင့်အသက်တာ၌ သခင်ယေရှုမျက်မှောက်ပြုခြင်း၏ အထောက်အထားရှိပါသလား။ ကိုယ်တော်သည် မိမိ၏ခွန်အားကို သင့်အသက်တာ၌ မည်သည့်နည်းလမ်းများဖြင့် ထုတ်ဖော်ပြသနေပါသနည်း။
- သခင်ယေရှု၌ရှိသော ကျွန်ုပ်တို့၏လုံခြုံစိတ်ချရသော အရိုက်အရာအကြောင်းနှင့် စပ်လျဉ်း၍ ဤနေရာတွင် မည်သည့်အရာကို ကျွန်ုပ်သင်ယူရပါသနည်း။
- ယုံကြည်သူများအဖြစ်နှင့် ကျွန်ုပ်တို့အတွက်ထားရှိသော ဘုရားသခင်၏စိတ်ဆန္ဒနှင့်စပ်လျဉ်း၍ ဤကျမ်းချက်က ကျွန်ုပ်တို့အားမည်သည့်အရာကို သွန်သင်ပေးနေပါသနည်း။ သင်သည် ကိုယ်တိုင်၌မည်သည့်နေရာတွင် အားနည်းနေပါသနည်း။

ဆုတောင်းရန်အချက်များ

- သင့်အပေါ်၌ထားရှိသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် သေချာနေသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။ ဘုရားသခင်ချစ်ခြင်းမေတ္တာ၏ လုံခြုံစိတ်ချမှုရှိခြင်းက သင့်အတွက်ခွန်အားပေးတိုက်တွန်းမှု တစ်ခုဖြစ်ခဲ့သည့် သတ်သတ်မှတ်မှတ်ရှိခဲ့သောအချိန်

များကို သင်ပြန်လည်စဉ်းစားနိုင်ပါသလား။ ဤအချိန်ကာလများ အတွက် ဘုရားသခင်ကို ကျေးဇူးတင်ချီးမွမ်းပါ။

- အတွင်းလူ၌ရှိသော သန့်ရှင်းသောဝိညာဉ်တော်၏ အမှုတော်အတွက် သင့်စိတ်နှလုံးကို ဖွင့်ဟထားပေးရန် ဘုရားသခင်ကို တောင်းလျှောက်ပါ။ သင့်အသက်တာရှိ ဘုရားသခင်၏အမှုတော်ကို သင်ဆန့်ကျင်ခုခံခဲ့သည့် အချိန်များအတွက် ခွင့်လွှတ်ပေးရန် တောင်းလျှောက်ပါ။
- သခင်ယေရှုထံ၌ လိုလိုလားလားအပ်နှံလိုခြင်းမရှိသော သင့်အသက်တာ၏အစိတ်အပိုင်းများကိုပြသပေးဖို့ ဘုရားသခင်ကိုတောင်းလျှောက်ပါ။ ဤအစိတ်အပိုင်းများကို ကိုယ်တော်ထံ၌အပ်နှံနိုင်ဖို့ ကျေးဇူးတော်ကို ပေးသနားရန်တောင်းလျှောက်ပါ။

၁၈

# ဆင့်ခေါ်ခြင်းနှင့်ထိုက်တန်သော အသက်တာဖြင့်ရှင်သန်ခြင်း

ဖေက် ၄း၁-၆ ကိုဖတ်ရှုပါ။

ဤစာစောင်၏ပထမအခန်းကြီး သုံးခန်းတွင် ရှင်ပေါလုကဖေက် အသင်းသားများအား သခင်ယေရှုခရစ်တော်၌ရှိသော ၎င်းတို့၏အရိုက်အရာ အကြောင်းကို ရှင်းပြခဲ့သည်။ သူတို့သည် ရန်သူ၏ခံတွင်းဝမှ ကယ်ဆယ်ခြင်း ကိုခံခဲ့ကြရပြီး၊ ဘုရားသခင်၏မိသားစုထဲ၌ မွေးစားခြင်းကို ခံခဲ့ကြရသည်။ ဘုရားသခင်၏သားသမီးဖြစ်ခြင်းနှင့် အတူပါလာသောတာဝန်ဝတ္တရားများ ရှိသည်။ ဤအပိုင်းတွင် တမန်တော်ကြီးက ဖေက်အသင်းသားများအား ၎င်းတို့၏ အသက်တာများကို ၎င်းတို့လက်ခံရရှိခဲ့ကြသည့် ဆင့်ခေါ်ခြင်းနှင့် ထိုက်တန်သောအသက်တာများအဖြစ်နှင့် ရှင်သန်ကြဖို့ စိန်ခေါ်ခဲ့သည်။ ရှင်ပေါလုက ကိုယ့်ကိုယ်ကို ထိုဆင့်ခေါ်ခြင်းနှင့် ထိုက်တန်သော အသက်တာကို ရှင်သန်ခြင်းအတွက် ဖြစ်ပေါ်လာသောအကျိုးအဆက်များကို နားလည် သဘောပေါက်ခဲ့သည့် သခင်ယေရှု၏အကျဉ်းသားတစ်ဦးအဖြစ်နှင့် ဖေက် အသင်းသားများကို ပြောပြနေပါသည်။ သူတို့အရှင်သခင်သည် သူတို့အတွက် မိမိ၏အသက်တို စတေးရန်လိုလိုလားလားရှိခဲ့သကဲ့သို့ သူတို့သည်လည်း ထိုအရှင်အတွက် မိမိတို့၏အသက်ကို စွန့်လွှတ်ကြဖို့ လိုလိုလားလားရှိနေကြ

ရန်လိုအပ်ခဲ့သည်။

ရှင်ပေါလုက ဧဖက်အသင်းသားများအား ၎င်းတို့တစ်ဦးချင်းသည် ဘုရားသခင်ထံမှ ဆင့်ခေါ်ခြင်းတစ်ခုစီကို လက်ခံခဲ့ကြရကြောင်း အသိပေးခဲ့သည် (၄ယ် ၁)။ ထိုဆင့်ခေါ်ခြင်းမှာ မည်သည့်အရာဖြစ်သနည်း။ ထိုဆင့်ခေါ်ခြင်းသည် ဘုရားသခင်၏သားသမီးများဖြစ်လာဖို့ ဆင့်ခေါ်ခြင်းဖြစ်သည်။ ခရစ်ယာန်တစ်ယောက်ဖြစ်ရခြင်းသည် အရိုက်အရာတစ်ခုအတွက် အခွင့်ထူးတစ်ရပ်သာဖြစ်သည်မဟုတ်၊ သန့်ရှင်းစင်ကြယ်သောအသက်ရှင်ခြင်းအတွက် ဆင့်ခေါ်ခြင်းတစ်ခုလည်းဖြစ်သည်။ သခင်ယေရှုထံသို့ရောက်လာခဲ့ကြပြီး၊ ထိုသခင်၏ အသက်တာကိုမိမိတို့၌ ကြုံတွေ့ခံစားခဲ့ကြသော ကျွန်ုပ်တို့တစ်ဦးချင်းသည် သခင်ယေရှုအတွက် အသက်ရှင်ရန်ဆင့်ခေါ်ခြင်းခံခဲ့ကြရပါသည်။ သခင်ဘုရားနှင့် ကျွန်ုပ်၏ဆက်ဆံရင်းနှီးမှုကို ဆင့်ခေါ်ခြင်းတစ်ခုအဖြစ်နှင့် ရှုမြင်ခြင်းက ကျွန်ုပ်အထဲ၌တာဝန်သိစိတ်နှင့် တာဝန်ယူစိတ်တို့ကိုလှုံ့ဆော်ပေးရပါမည်။ ကျွန်ုပ်သည် ဤလောက၌ သခင်ယေရှု၏အစေခံတစ်ပါးဖြစ်လာဖို့ ဤလောကမှကယ်တင်ခြင်းကို ခံခဲ့ရပါသည်။ ထိုက်တန်မှုရှိသော အသက်တာသည် သန့်ရှင်းသောဝိညာဉ်တော်၏ ထိန်းချုပ်ခံခြင်းကိုလိုအပ်ကြောင်း ရှင်ပေါလုကရှင်းပြခဲ့သည်။ ဤအယူအဆသည် ဤစာစောင်၏ကျန်ရှိနေသော အခန်းကြီးသုံးအတွက် အဓိကဆိုလိုရင်းအာဘော်ကို သတ်မှတ်ပေးထားသည်။

သခင်ခရစ်တော်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏မျက်မှောက်ပြုခြင်းကို သိရှိထားခြင်းသည်။ ကျွန်ုပ်တို့၏အသက်တာနှင့် စိတ်သဘောထားကိုပြောင်းလဲပေးရပါမည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်အထဲ၌အလုပ်လုပ်၍ ကျွန်ုပ်တို့၏အကျင့်လက္ခဏာများကို ပုံသွင်းလိုပါသည်။ ဤအရာ

ဖြစ်ပေါ်လာဖို့ဆိုလျှင် ကျွန်ုပ်တို့သည်သန့်ရှင်းသောဝိညာဉ်တော်အား မိမိ၏အလုပ်ကိုကျွန်ုပ်တို့အထဲ၌လုပ်ဆောင်ဖို့ လိုလိုလားလားခွင့်ပြုရပါမည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ရည်ရွယ်ချက်၌ ကိုယ့်ကိုယ်ကို ပေးအပ်ထားကြရပါမည်။ ဗေဖက်အခန်းကြီး ၄ တွင် ရှင်ပေါလုက ဗေဖက် အသင်းသားများထံ၌ ယုံကြည်သူများအဖြစ်နှင့် ဘုရားသခင်က ၎င်းတို့၏ အထဲ၌လုပ်ဆောင် လိုနေသောအရာအချို့ကို ဝေငှပြောကြားခဲ့သည်။

*စိတ်နှိမ့်ချကြလော့ (ငယ် ၂)*

"အရာရာ၌ (အကြွင်းမဲ့) စိတ်နှိမ့်ချကြလော့" ဟု ရှင်ပေါလုက ဗေဖက် အသင်းသားများအား ပြောခဲ့သည်။ ဤစိတ်နှိမ့်ချခြင်းသဘောထားကို သခင် ယေရှု၌ အကောင်းဆုံးမြင်တွေ့ရသည်။ ကိုယ်တော်သည် ဘုရားသခင်ဖြစ် သော်လည်း ဤလောကထဲသို့ လိုလိုချင်ချင်ကြွလာတော်မူပြီး အစေခံတစ်ပါး ဖြစ်လာခဲ့သည်။ ကိုယ်တော်သည် မိမိတပည့်တော်များ၏ ခြေကိုဆေးပေးဖို့ ကိုယ်ကိုကိုင်းညွှန့်နှိမ့်ချခဲ့သည်။ ရွံ့ရှာမုန်းတီးခြင်းကို ခံရသောရှမာရိလူမျိုး တို့၏နယ်မြေဒေသကို အခြားသူများကဖြတ်သန်းခရီးသွားဖို့ ငြင်းဆန်ခဲ့ကြ သောအချိန်တွင် ကိုယ်တော်သည် သူတို့ထံသနားခြင်းဂရုဏာစိတ်နှင့် အရောက်သွား၍ သူတို့ကိုချစ်ခဲ့ပါသည်။ ကိုယ်တော်သည် မြို့ရွာလမ်းမများ ပေါ်မှလူတို့ကို ကူညီမစပေးခြင်းအတွက်ကြောင့် ညစ်ပတ်ပေကျံသွားမည့် အဖြစ်ကို မမှုခဲ့ပါ။ အခြားသူများက မာနတရားကိုရှေ့ထားပြီး ခေါင်းမော့၍ ဖြတ်လျှောက်သွားနေကြချိန်တွင် ကိုယ်တော်သည်မရှိဆင်းရဲသားများကို ကူညီ မစဖို့ ကိုယ်ကိုကိုင်းညွှတ်နှိမ့်ချခဲ့သည်။ မိမိ၏အနီးအနားမှလူများ၏ ပြစ်တင် မောင်းမဲခြင်း၊ အထင်အမြင်သေးခြင်းတို့ကို ခံခဲ့သည်။ မိမိ၏ရန်သူများအတွက်

ကားတိုင်ထက်၌ အသေခံရန်ကိုယ်တော်တွန့်ဆုတ်မနေခဲ့ပါ။ ကိုယ်တော်သည် အစေခံတစ်ယောက်၏စိတ်နှလုံးကို ပိုင်ဆိုင်ခဲ့သည်။ ဤစကြ်ဝဠာကြီး၏ အရှင်သခင်အဖြစ်နှင့် မိမိ၏လုပ်ပိုင်ခွင့်များကိုလည်း ကိုယ်တော်မတောင်းဆိုခဲ့ပါ။ ကိုယ်တော်သည် လူ့သဘာဝ၏ဇိမ်ခံ၍ သက်တောင့်သက်သာရှိခြင်းကိုလည်းကောင်း၊ ဘုရားဖြစ်ခြင်း၏ အထူးအခွင့်အလမ်းများကိုလည်းကောင်း ဘေးဖယ်ထား၍ အခြားသူများကိုမိမိထက်ပို၍ အရေးပါသောသူများ အဖြစ် စဉ်းစားသုံးသပ်ခဲ့သည်။ ရှင်ပေါလုက ဧဖက်အသင်းသားများအား ၎င်းတို့၏ သခင်ဘုရားကဲ့သို့ အလားတူ စိတ်သဘောထားကို ခံယူကြဖို့စိန်ခေါ်ခဲ့သည်။

မာန်မာနထောင်လွှားခြင်းသည် အလွန်ဆိုးဝါးသောအပြစ်ဒုစရိုက်တစ်ခုဖြစ်သည်။ ဤအရာသည် စာတန်နှင့်၎င်း၏ကောင်းကင်တမန်များကို လဲပြိုစေခဲ့သော အပြစ်ဒုစရိုက်ဖြစ်သည်။ မာန်မာနထောင်လွှားခြင်းသည် အမှားပြင်ပေးခြင်း (ဆုံးမခြင်း) ကိုနားထောင်မည်မဟုတ်ပါ။ ၎င်းသည် ကိုယ့်ကိုယ်ကို အခြားသူများ၏အထက်တွင် တင်ထားပြီး၊ ကိုယ့်ကိုယ်ကို အာသာဆန္ဒပြေစေခြင်းမှအပ အသက်တာတွင်မည်သည့် ရည်မှန်းချက်မျှမရှိပါ။ ဤအရာသည် ဘုရားသခင်ကမိမိ၏ နှုတ်ကပတ်တော်၌ သွန်သင်ပေးထားချက်များအားလုံးနှင့် ဆန့်ကျင်နေပါသည်။ လူ့မာနတရားသည် ဘုရားသခင်နှင့် ကျွန်ုပ်တို့ကြား၌ အဟန့်အတားတစ်ခုဖြစ်ပြီး၊ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာပြည့်စုံခြင်းကိုလည်း တားဆီးထားပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏လက်တော်၌အသုံးဝင်သောသူများဖြစ်လာဖို့ ဘုရားသခင်က ကျွန်ုပ်တို့ကို စိတ်နှလုံးနှိမ့်ချစေလိုသည်။

*နှူးညံ့သိမ်မွေ့ခြင်းရှိလော့ (ငယ် ၂)*

ရှင်ပေါလုက ဧဖက်အသင်းသားများအား နှူးညံ့သိမ်မွေ့ကြဖို့လည်း

စိန်ခေါ်ခဲ့သည်။ နူးညံ့သိမ်မွေ့ခြင်းကို နည်းလမ်းမျိုးစုံဖြင့် သုံးသပ်ကြည့်လျှင် ၎င်းသည် စိတ်နှလုံးနှိမ့်ချခြင်းသဘော၏ အပြင်စည်းတစ်ခုဖြစ်သည်။ နှိမ့်ချခြင်းသည် စိတ်နှလုံး၏ သဘောထားဖြစ်ပြီး နူးညံ့သိမ်မွေ့ခြင်းသည် နှိမ့်ချသော စိတ်နှလုံးမှ မှအနီးအနားရှိ လူတို့ကိုတုန့်ပြန်ပုံဖြစ်သည်။ နူးညံ့သိမ်မွေ့ခြင်းသည် အခြားသူများကို မထိခိုက်စေလိုသော စိတ်နှလုံးတစ်ခုမှ လာသောအရာဖြစ်သည်။ နူးညံ့သိမ်မွေ့သောပုဂ္ဂိုလ်က ဤစကားလုံးများနှင့် လုပ်ရပ်များသည် သူတစ်ပါးကို စိတ်ဓါတ်မြှင့်တင်ပေးသည်၊ ခွန်အားဖြစ်စေသည်ကိုလည်းကောင်း၊ ဖျက်လိုဖျက်ဆီးလုပ်သည်၊ စိတ်ဓာတ်ကျစေသည်ကို လည်းကောင်း သေချာစေရန်အထူးဂရုစိုက်၍ ချင့်ချိန်တတ်သည်။ နူးညံ့သိမ်မွေ့ခြင်းသည် မိမိ၏ညီအစ်ကိုမောင်နှမများကို ချစ်ခြင်းမေတ္တာနှင့်လည်းကောင်း၊ သနားခြင်းကရုဏာစိတ်နှင့်လည်းကောင်း ပြုမူဆက်ဆံသည်။ ၎င်းသည် သူတစ်ပါးကို အတင်းအကျပ် မခိုင်းစေတတ်ပါ။ ၎င်းနှင့်ထိတွေ့သောသူများ၏ ဂုဏ်သိက္ခာကိုအမြဲကွယ်ကာပေးသည်။ နူးညံ့သိမ်မွေ့ခြင်းသည် နှိမ့်ချသောစိတ်နှလုံးမှ ရောက်လာပြီး၊ ချစ်ခြင်းမေတ္တာနှင့် ကြင်နာမှုဖြင့် တုန့်ပြန်တတ်သည်။ ၎င်းသည် သွားလေရာရာ၌ အနာငြိမ်းခြင်းနှင့်ကောင်းကြီးမင်္ဂလာကို ဆောင်ယူလာရန် လက်ကမ်းပေးပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်က ဤနူးညံ့သိမ်မွေ့ခြင်းကို ကျွန်ုပ်တို့၌ဖော်ဆောင်လိုပါသည်။

*တစ်ဦးကိုတစ်ဦးစိတ်ရှည်၍၊ တစ်ဦးကုတစ်ဦးချစ်ခြင်းမေတ္တာ၌ သည်းခံကြလော့ (ငယ် ၂)*

စစ်မှန်သောနှိမ့်ချခြင်းသည် အခြားသူများအပေါ်၌လည်း စိတ်ရှည်သည်။ ဤနေရာ၌အသုံးပြုထားသော ဂရိစကားလုံးမှာ “mokrothumia” ဖြစ်သည်။ ဤစကားလုံးသည် စကားလုံးနှစ်လုံးပေါင်းစပ်ထားခြင်းဖြစ်ပြီး

အဓိပ္ပါယ်မှာ အခြားတစ်ယောက်၏အမျက်ဒေါသ (သို့) ခက်ထန်ကြမ်းကြုတ်မှုအောက်၌ အချိန်အတန်ကြာ သွားလာခြင်းအသွင်ကိုဆောင်သည်။ စိတ်ရှည်ခြင်းဆိုသည်မှာ ခက်ခဲရုန်းကန်ခြင်းအသွင်ကိုဆောင်သည်။ စိတ်ရှည်သောသောသူများသည် အခြားသူများ၏ကောင်းရာကောင်းကျိုးအတွက် လိုလိုချင်ချင်ဒုက္ခခံကြသည်။ စိတ်ရှည်သောသူများသည် အခြားသူများက ၎င်းတို့ကိုပြစ်မှားသောအခါ၌ လက်စားချေတုန့်ပြန်မည်မဟုတ်ပါ။ သူတို့သည် မိမိတို့ချစ်ရသောသူများကို စွန့်ပစ်သွားကြလိမ့်မည်မဟုတ်ပါ။ ကြီးမားသောရန်လိုတိုက်ခိုက်မှုများကို သူတို့အပေါ်၌ကျူးလွန်ကြလင့်ကစား သူတို့သည် ထိုပုဂ္ဂိုလ်ကိုခွင့်လွှတ်၍ ကြင်နာတတ်သောနူးညံ့သိမ်မွေ့ခြင်းဖြင့် အဆုံးတိုင်သည်းခံကြိုးပမ်းသွားပါလိမ့်မည်။ သူတို့သည် အခြားသူများ၏ ပကတိပြည့်စုံမှုကို မမျှော်လင့်ကြပါ။ အခြားသူများ၏ အမှားများကိုထွေးပိုက်ပေး၍ အသက်ရှင်ကြပါသည်။

*စိတ်သဘောမခြားနား တလုံးတဝတည်းဖြစ်အံ့သောငှါ ကြိုးစားအားထုတ်ကြလော့ (ငယ် ၃)*

သန့်ရှင်းသောဝိညာဉ်တော်၏ အမှုတော်များထဲမှတစ်ခုမှာ ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ စည်းလုံးညီညွတ်ခြင်းကို ဖန်တီးခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်အလုပ်လုပ်သောနေရာတွင် အံ့ဖွယ်ကောင်းသောစည်းလုံးညီညွတ်ခြင်းလည်းရှိသည်။ ဘုရားသခင်၏ဝိညာဉ်တော် အလုပ်လုပ်နေသောနေရာတွင် စိတ်သဘောထားကွဲလွဲမှုများသည် အရည်ပျော်သွား၍ ဒေါသနှင့်မကျေမချမ်းဖြစ်ခြင်းတို့မှာ ငြိမ်သက်သွားပြီး ခွင့်လွှတ်ခြင်းကိုသာ ရှာကြံကြသည်။ ယခင်ကရှိခဲ့သောရန်လိုမှုများသည် သခင်ယေရှု၏နာမတော်

မြတ်၌ ပြိုကွဲပျက်စီးသွားပြီး ဆက်ဆံရင်းနှီးမှုများ မူလအတိုင်းပြန်ဖြစ်လာကြသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်မှုတို့ကို ဖော်ဆောင်ရသည်ကိုလည်းကောင်း၊ ဆက်ဆံရင်းနှီးမှုများအား ယခင်အခြေအနေအတိုင်း ပြန်ဖြစ်လာစေခြင်းကိုလည်းကောင်း ကျေနပ်အားရတော်မူသည်။ သို့သော်၊ ကျွန်ုပ်တို့သည် ဇာတိပကတိစိတ်ကို ပြုစုအားပေးနေလျှင် ထိုစည်းလုံးညီညွတ်ခြင်းမှာ ပျက်စီးသွားနိုင်ပါသည်။ ကျွန်ုပ်သည် သန့်ရှင်းသောဝိညာဉ်တော်၏အမှုတော်ကို ခုခံဆီးတား၍ ကျွန်ုပ်တို့အထဲ၌ ဇာတိပကတိစိတ်အား ရှင်သန်ကြီးထွားခွင့်ကို ပေးရန်မှာ ကျွန်ုပ်တို့အတွက်ဖြစ်နိုင်ချေရှိသောအရာဖြစ်သည်။

ဤနေရာ၌ ဧဖက်အသင်းသားများအတွက် ရှင်ပေါလု၏ စိန်ခေါ်ချက်မှာ ၎င်းတို့သည် ဇာတိပကတိစိတ်၏အပြစ်ရှိသော လိုချင်တောင့်တမှုများတွင်သေ၍ ဘုရားသခင်၏ဝိညာဉ်တော်အား ၎င်းတို့အလယ်၌ စည်းလုံးညီညွတ်ခြင်းကို ဖန်တီးခွင့်ပြုရန်ဖြစ်သည်။ သူတို့သည် တစ်ဦးနှင့်တစ်ဦး အသင့်အတင့်ပေါင်းဖော်ခြင်း ကြိုးဖြင့်ချည်နှောင်ထား ကြရမည်ဖြစ်သည်။ ဤအသင့်အတင့်ပေါင်းဖော်ခြင်းသည် ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများနှင့် ပြန်လည်သင့်မြတ်ခြင်းမှ ရောက်လာသောအရာဖြစ်သည်။ သခင်ယေရှုက ကျွန်ုပ်တို့ကိုခွင့်လွှတ်ခဲ့သကဲ့သို့ ကျွန်ုပ်တို့အားပြစ်မှားသောသူများကိုလည်း လိုလိုလားလားခွင့်လွှတ်ပေးသောအခါ၌ ဤအသင့်အတင့်ပေါင်းဖေါ်ခြင်း (ငြိမ်းချမ်းရေး) ရောက်လာပါသည်။ ဤစည်းလုံးညီညွတ်ခြင်းဟုဆိုရာတွင် ကျွန်ုပ်တို့အားလုံး တူနေကြသည်ဟု မဆိုလိုပါ။ ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး အလွန်ကွဲပြားခြားနားနေနိုင်ကြပါသော်လည်း သခင်ခရစ်တော်ကို ချစ်ခြင်း၊ အချင်းချင်းတစ်ယောက်နှင့်တစ်ယောက် ချစ်ခြင်းတို့နှင့်အတူ

တစ်စိတ်တစ်ဝမ်းတည်းဖြစ်နိုင်ကြသည်။ ဧဖက်အသင်းသားများအတွက် ရှင်ပေါလု၏စိန်ခေါ်ချက်မှာ ၄င်းတို့သည်ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ စည်းလုံးညီညွတ်ခြင်းကို ထိန်းသိမ်းရန်အပတ်တကုတ်ကြိုးစား အားထုတ်ကြဖို့ဖြစ်သည်။ ရှင်ပေါလုက မိမိစိန်ခေါ်ချက်များ၏ဤအပိုင်းကို သခင်ခရစ်တော်၌ ယုံကြည်သူများအဖြစ်နှင့် ၄င်းတို့ပျော်မွေ့ခံစားရသော အရာများကို ဧဖက်အသင်းသားများအား အသိပေးခြင်းဖြင့် နိဂုံးချုပ်ထားခဲ့သည်။ အခန်းငယ် ၄-၆ တွင်ရှင်ပေါလုက ဧဖက်အသင်းသားများအား ၄င်းတို့ဝေမျှ ခံစားခဲ့ပြီးသော တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကို အသိပေးခဲ့သည်။ ဤနေရာတွင် ရှင်ပေါလုက တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၏ သီးသန့်အစိတ်အပိုင်းများကို စာရင်းပြုစုပေးထားသည်။

## ခရစ်တော်ကိုယ်ခန္ဓာတော်၏တလုံးတဝတည်းဖြစ်ခြင်း

*ကိုယ်တစ်ကိုယ်*

သခင်ယေရှု၌ ယုံကြည်သူများဖြစ်ကြသည့်အားလျော်စွာ ဧဖက်အသင်းသားများသည် လောကီသဏ္ဍာန်ဆောင်သော အတွေးအခေါ်မှ လွတ်မြောက်ခြင်းကိုရရှိခဲ့ကြပြီး ဘုရားသခင်၏မိသားစုထဲ၌ သွတ်သွင်းခြင်းကို ခံကြရသည်။ ဤမိသားစုသည် အချိန်ကာလ၊ ယဉ်ကျေးမှုဓလေ့၊ အသင်းတော်ဂိုဏ်းဂဏနှင့်ဆိုင်သောအဖွဲ့အစည်းများအထိ လွှမ်းခြုံထားသည်။ ဤအချက်သည်ဧဖက်အသင်းသားများအတွက် ယုဒအမျိုးနှင့်တပါးအမျိုးတို့သည် ကိုယ်ခန္ဓာတစ်ခု၏ အစိတ်အပိုင်းများသာဖြစ်ကြကြောင်းကို ပြောပြသော အလွန်သိမ်မွေ့သည့် အသိပေးမှုတစ်ခုဖြစ်ခဲ့သည်။ ဧဖက်အသင်းသားများက

၄င်းတို့ကိုယ်တိုင်ထက်လည်းကောင်း၊ မိမိတို့၏လက်ရှိ ဒေသန္တရမိတ်သဟာယ အဖွဲ့ထက်လည်းကောင်း သာ၍ကြီးသောအရာ၏ အစိတ်အပိုင်းဖြစ်ကြကြောင်းကို သဘောပေါက်နားလည်နိုင်ဖို့ မိမိတို့၏မျက်စိကို မပင့်၍ကြည့်ကြဖို့ ရှင်ပေါလုလိုချင်ခဲ့သည်။ သူတို့သည်အချိန်ကာလအမျိုးမျိုး၊ ပထဝီဝင်အနေအထားအမျိုးမျိုး၊ လူမျိုးနွယ်အမျိုးမျိုးတို့ကို လွှမ်းခြုံထားသော ယုံကြည်သူများဖြင့်ဖွဲ့စည်းထားသည့် ကိုယ်ခန္ဓာတစ်ခု၏ အစိတ်အပိုင်းဖြစ်ကြသည်။

ကျွန်ုပ်တို့ယုံကြည်သူများသည် ဤကမ္ဘာပေါ်ရှိ မည်သည့်နေရာကို သွားသွား၊ ကျွန်ုပ်တို့ကဲ့သို့ ဝိညာဉ်ရေးကိုယ်ခန္ဓာတစ်ခုနှင့် သက်ဆိုင်နေကြသောသူများကို တွေ့ရှိနိုင်ပါသည်။ အကြောင်းမှာ သူတို့သည်လည်း သခင်ယေရှုကိုမိမိတို့၏ ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံထားကြသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိသားစုတစ်ခု၏ အစိတ်အပိုင်းများဖြစ်နေကြလျှင် အဘယ်ကြောင့် အချင်းချင်းပြိုင်ဆိုင်နေကြရမည်နည်း။ လမ်းတစ်ဖက်၌ရှိသော ကျွန်ုပ်၏အမျိုးတူ (ညီမ) အသင်းတော်၏အောင်မြင်ခြင်း နှင့် ရှုံးနိမ့်ခြင်းသည် ကျွန်ုပ်တို့၏အောင်မြင်ခြင်းနှင့် ရှုံးနိမ့်ခြင်းသာဖြစ်သည်။ ကိုယ်ခန္ဓာတစ်ခု၏အစိတ်အပိုင်းများအဖြစ် တစ်ဦးကိုတစ်ဦးလက်ခံကြသည့် သခင်ခရစ်တော်၏ စစ်မှန်သောအသင်းတော်များကို ကျွန်ုပ်တို့၏ခေတ်ကာလတွင် မြင်တွေ့ရဖို့ အဘယ်မျှ လိုအပ်နေပါသနည်း။ ကျွန်ုပ်တို့သည် လုပ်နည်းလုပ်ဟန်များတွင် တစ်ထပ်တည်းဖြစ်ကြမည်မဟုတ်သော်လည်း သခင်ယေရှုကို ကျွန်ုပ်တို့၏ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံခဲ့ကြလျှင် ကျွန်ုပ်တို့အားလုံးသည် ကိုယ်ခန္ဓာတစ်ခု၏အစိတ်အပိုင်းများဖြစ်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် ကိုက်ဖြတ်၍ဝါးမျိုဖျက်ဆီးနေကြခြင်းသည် ကျွန်ုပ်တို့ကို ကျွန်ုပ်တို့ကိုက်ဖြတ်၍ ဝါးမျိုဖျက်ဆီးနေခြင်းသာဖြစ်သည်။

*ဝိညာဉ်တစ်ဝိညာဉ်*

ကျွန်ုပ်တို့အားလုံးသည် ကိုယ်ခန္ဓာတစ်ခု၏ အစိတ်အပိုင်းများသာဖြစ်ကြသည်မဟုတ်၊ သခင်ယေရှုခရစ်တော်နှင့်သာ၍ နက်နဲသောနီးစပ်ကျွမ်းဝင်ခြင်းနှင့် မိတ်သဟာယဖွဲ့ခြင်းဆီသို့ ကျွန်ုပ်တို့ကိုလမ်းပြဦးဆောင်ပေးသည့် ဝိညာဉ်တော်သည်လည်းတစ်ပါးတည်းသာရှိသည်။ ဤဝိညာဉ်တော်သည်အများနှင့်ဆိုင်သော ဘုံရည်ရွယ်ချက်ပန်းတိုင်တစ်ခုအတွက် အသင်းတော်ထဲ၌လည်းကောင်း၊ ယုံကြည်သူတစ်ဦးချင်းစီ၌လည်းကောင်း အလုပ်လုပ်တော်မူသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ ပေါင်းစည်းခြင်းကိုခံကြရသည်။

*မျှော်လင့်ခြင်းတစ်ပါး*

ကျွန်ုပ်တို့၏ဝတ်ပြုခြင်းကို ကျွန်ုပ်တို့မည်သို့ပင်ဖော်ပြကြပါစေ (သို့) သခင်ယေရှုအထံ၌ပြုလုပ်ထားသော ကျွန်ုပ်တို့၏ဆက်ကပ်အပ်နှံမှုကို မည်သို့ပင်လက်တွေ့အကောင်အထည်ဖော်နေကြပါစေ၊ ကျွန်ုပ်တို့သည် မျှော်လင့်ချက်တစ်ခုကိုသာ မျှဝေနေကြပါသည်။ ထိုမျှော်လင့်ချက်မှာ တစ်နေ့တစ်ချိန်တွင်သခင်ယေရှုသည် ဘုရားသခင်၏စစ်မှန်သော သားသမီးများဖြစ်ကြသောကျွန်ုပ်တို့ကို မိမိ၏မျက်မှောက်တော်၌ ထာဝရရှင်သန်ကြဖို့ လာရောက်ဆောင်ယူရန် ဤလောကသို့ ပြန်လည်ကြွဆင်းလာလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြစ်သည်။ ယုံကြည်သူအားလုံးသည် သခင်ယေရှု၏အသွေးတော်အားဖြင့်အပြစ်လွှတ်ခံရခြင်း၏ မျှော်လင့်ချက်တစ်ခုသာရှိကြသည်။ ကျွန်ုပ်တို့အားလုံးသည် ကောင်းကင်ဘုံဝင်စားရ၍ ကားတိုင်ထက်၌ ကျွန်ုပ်တို့အတွက် အသေခံတော်မူသွားခဲ့သော သခင်ယေရှုနှင့်ထာဝရရှင်သန်ရမည်ဟူသော မျှော်လင့်

ချက်တစ်ခုကို သိထားကြသည်။ ဤဘုံမျှော်လင့်ချက်က ကျွန်ုပ်တို့ကိုယုံကြည်သူများအဖြစ် ပေါင်းစည်းပေးပါသည်။

*သခင်တစ်ပါး*

ကျွန်ုပ်တို့သည် သခင်တစ်ပါးထံ၌စေခံကြသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်အား မတူညီသောနည်းလမ်းများစွာဖြင့် အစေခံ၍ဝတ်ပြုကိုးကွယ်ကြမည်ဖြစ်သော်လည်း သခင်ယေရှုကို အသင်းတော်၏အဦးအခေါင်းအဖြစ်ထားရှိခြင်သည် ကျွန်ုပ်တို့၏အဓိကစူးစိုက်သောအရာဖြစ်သည်။ ယုံကြည်ခြင်း၌ ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမဖြစ်ကြသောသူများက သခင်ယေရှုကိုဝတ်ပြုကိုးကွယ်ကြ၍ အစေခံနေကြသည်ကို မြင်တွေ့ရခြင်းက ကျွန်ုပ်တို့၏စိတ်နှလုံး၌ပျော်ရွှင်ဝမ်းမြောက်ခြင်းကို ဆောင်ယူလည်သင့်ပါသည်။ ကိုယ်တော့်အားဘုန်းတော်ထင်ရှားစေသောအရာတိုင်းက ကျွန်ုပ်တို့၏စိတ်နှလုံးကို ပျော်ရွှင်ဝမ်းမြောက်စေရပါမည်။

*ယုံကြည်ခြင်းတစ်ပါး*

ကျွန်ုပ်တို့သည် ယုံကြည်ချက်နှင့်ဆိုင်သော အယူဝါဒအသီးသီးတွင် သဘောထားတိုက်ဆိုင်နေကြမည်မဟုတ်သော်လည်း သခင်ယေရှုသည် ဘုရားသခင်၏သားတော်အဖြစ်နှင့် အပြစ်သားများအတွက် အသေခံရန်ဤလောကသို့ဆင်းကြွလာခဲ့ကြောင်းကို ကျွန်ုပ်တို့အားလုံးယုံကြည်ကြသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကိုသမ္မာတရားထဲ၌ ဦးဆောင်လမ်းပြပေးဖို့ မိမိ၏နှုတ်ကပတ်တော်နှင့် မိမိ၏သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်အတွက်ထားခဲ့ကြောင်းကို ကျွန်ုပ်တို့ယုံကြည်ကြသည်။ ကျွန်ုပ်တို့ကိုယ်စား ကိုယ်တော်၏အသေခံခဲ့ခြင်းကို လက်ခံယုံကြည်သောသူအားလုံးထံ၌ ကယ်တင်ခြင်းကိုပေးသနားထားကြောင်း

ကို ကျွန်ုပ်တို့ယုံကြည်ကြသည်။ ကိုယ်တော်သည် မိမိနှင့်သက်ဆိုင်သောသူများကိုကောင်းကင်ဘုံသို့ ဆောင်ယူသွားရန်နှင့် မိမိ၏ယဇ်ပူဇော်ခံခဲ့ခြင်းအမှုကိုငြင်းပယ်သောသူများအား တရားစီရင်ရန် ပြန်လည်ကြွဆင်းလာမည့်အကြောင်းကို ကျွန်ုပ်တို့ယုံကြည်ကြသည်။ ယုံကြည်ခြင်းနှင့်စပ်ဆိုင်သော ဤအကြောင်းအရာများတွင် ကျွန်ုပ်တို့သည် စစ်မှန်သောယုံကြည်သူများအဖြစ်လည်းကောင်း၊ ဘုရားသခင်၏သားသမီးများအဖြစ်လည်းကောင်း ပေါင်းစည်းခြင်းခံကြရသည်။

*ဗတ္တိဇံတစ်ပါး*

ရှင်ပေါလုက ဗတ္တိဇံတစ်ပါးသာရှိသည်ဟု ပြောခဲ့သည်။ သခင်ယေရှုကို ယုံကြည်လက်ခံသောသူများအား ဗတ္တိဇံပေးခြင်းသည် ကနဦးအသင်းတော်၏အစဉ်အလာတစ်ခုဖြစ်သည်။ ဗတ္တိဇံပေးခြင်းကို ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမတော်၌ လုပ်ဆောင်ခဲ့ကြသည်။ အာပေါလု၊ ရှင်ပေါလုနှင့် ရှင်ပေတရုတို့သည် ဗတ္တဇံကိုပေးခဲ့ကြပြီး၊ ထိုဗတ္တိဇံပေးခြင်းကို သခင်ယေရှု၏နာမတော်မြတ်၌ပေး၍ ကိုယ်တော်၏မိန့်မှာချက်တွင် အခြေခံခဲ့ကြသည် (မဿဲ ၂၈း၁၉)။ ရှင်ပေါလုပေးသော ဗတ္တိဇံသည် ရှင်ပေတရုနှင့် အာပေါလုတို့ပေးသော ဗတ္တိဇံနှင့်အတူတူဖြစ်သည်။

၁ကော ၁း၁၃-၁၄ တွင် ဗတ္တိဇံပေးခြင်းသည် အသင်းတော်ကို စိတ်ဝမ်းကွဲစေခဲ့သောအရာဖြစ်ခဲ့သည်။

> ခရစ်တော်သည် ကွဲပြားသလော။ ပေါလုသည် သင်တို့အတွက် လက်ဝါးကပ်တိုင်မှာ အသေခံပြီလော။ သို့မဟုတ် သင်တို့သည် ပေါလု၏နာမ၌ ဗတ္တိဇံကိုခံကြပြီလော။ ကရိပ္ပုနှင့်ဂါယုမှတပါး၊

သင်တို့တွင် အဘယ်သူအားမျှ ဗတ္တိဇံကိုငါမပေးသည်ဖြစ်၍ ဘုရားသခင်၏ ကျေးဇူးတော်ရှိပါ၏။

တစ်စုံတစ်ယောက်အား အခြားသူတစ်ယောက်က ဗတ္တိဇံပေးလျှင် ထိုသူတို့က မိမိတို့ကိုယ်ကို ထိုဗတ္တိဇံပေးသောသူ၏နောက်လိုက် တပည့်များအဖြစ် ရှုမြင်ခဲ့ကြသည်။ အလားတူပင် ကျွန်ုပ်တို့၏ ခေတ်ကာလတွင်လည်း အသင်းတော်တစ်ပါး၌ ဗတ္တိဇံကိုခံယူခဲ့သောသူများက ကိုယ့်ကိုယ်ကို ထိုအသင်းတော်၏နောက်လိုက်များအဖြစ် ရှုမြင်နေကြသည်။ ဤကဲ့သို့သော အတွေးအခေါ်၏မိုက်မဲမှုကို ရှင်ပေါလုက ကျွန်ုပ်တို့အား ပြသပေးနေပါသည်။ ကျွန်ုပ်တို့သည် နှစ်ခြင်းအသင်းတော်၊ ပရက်စ်ဗက်တေးရီးယန်းအသင်းတော်၊ ပင်တေကုတ္တေအသင်းတော်တို့၏ အမည်နာမ၌ ဗတ္တိဇံမခံခဲ့ကြပါ။ ကျွန်ုပ်တို့သည် သခင်ယေရှု၏နာမတော်၌သာ ဗတ္တိဇံကိုခံယူကြပါသည်။ ဗတ္တိဇံပေးခြင်း အမြောက်အများမရှိပါ။ တစ်ပါးတည်းသာရှိသည်။ ကျွန်ုပ်တို့အားလုံး သခင်ယေရှု၏နာမတော်၌ ဗတ္တိဇံကိုခံယူခဲ့ကြသည်။

ဤနေရာ၌ ရှင်ပေါလုပြောပြနေသော ဗတ္တိဇံသည် သန့်ရှင်းသော ဝိညာဉ်တော်၏ဗတ္တိဇံခံခြင်းကိုရည်ညွှန်းသည်ဟု ရှုမြင်သုံးသပ်ကြသောသူများရှိကြသည်။ ဤဗတ္တိဇံခံခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်က ယုံကြည်သူတစ်ယောက်အား ကယ်တင်ခြင်းအကြံအစည်ကို နားလည်သဘောပေါက်ရန် စွမ်းဆောင်ပေးခြင်း၊ သခင်ခရစ်တော်၌ အသစ်သောအသက်တာကိုပေးခြင်း၊ ကိုယ်တော်၏အလိုတော်ကို လုပ်ဆောင်ရန် လုပ်ပိုင်ခွင့်အာဏာပေးအပ်ခြင်းတို့အတွက် ထိုသူတို့အထဲ၌လာရောက် ကိန်းဝပ်တော်မူခြင်းကို ရည်ညွှန်းသည်ဟု ပြောကြသည်။ ဤအတိုင်းသာမှန်ခဲ့လျှင်၊ ရှင်ပေါလုသည် ဧဖက်အသင်းသားများအား ၎င်းတို့ထံ၌ကယ်တင်ခြင်းကို ဆောင်ယူလာ၍

သခင်ခရစ်တော်နှင့် ၎င်းတို့အတူရှင်သန်လျှောက်လှမ်းရာတွင် ၎င်းတို့ကို လုပ်ပိုင်ခွင့်အာဏာပေးသော ဝိညာဉ်တော်တစ်ပါးတည်းသာ ရှိကြောင်းကို အသိပေးနေခဲ့ရာရောက်ပါသည်။ တစ်ဖန်ဤအရာသည် စည်းလုံးညီညွတ်ခြင်း အတွက် အကြောင်းအရင်းဖြစ်ခဲ့သည်။

*ခပ်သိမ်းသောငါတို့၏အဘဖြစ်သော ဘုရားသခင်တစ်ဆူတည်းရှိတော်မူ၏။*

သမ္မာကျမ်းစာက ခမည်းတော်ဘုရားသခင်တစ်ပါးတည်းသာရှိကြောင်းရှင်းရှင်းလင်းလင်း သွန်သင်ထားပါသည်။ ဤခမည်းတော်ဘုရားသခင်သည် ခပ်သိမ်းတို့၏အထက်၌ ရှိတော်မူသည်။ ကိုယ်တော်တစ်ပါးတည်းကသာလျှင် ဘုရားသခင်ဖြစ်သည်။ ကိုယ်တော်ထံ၌ ကျွန်ုပ်တို့အားလုံး ဒူးထောက်ကြရမည်။ ကျွန်ုပ်တို့၏ကွဲပြားသော သီးခြားဓမ္မအယူဝါဒများကို ဒူးမထောက်ကြပါ။ ကျွန်ုပ်တို့၏ထူးခြားသော ဝတ်ပြုကိုးကွယ်ပုံတို့ကို ဒူးမထောက်ကြပါ။ ကျွန်ုပ်တို့သည် ခပ်သိမ်းတို့၏အဘဖြစ်တော်မူသော ဘုရားသခင်တစ်ပါးထံ၌ ဒူးထောက်ကြပါသည်။ အခြားသောဒူးထောက်ခြင်း အားလုံးသည် ရုပ်တုကိုးကွယ်ခြင်းသာဖြစ်သည်။

ထိုဘုရားသခင်သည် ခပ်သိမ်းသောအရာတို့၌ ပျံ့နှံ့၍ခပ်သိမ်းသော ကျွန်ုပ်တို့အထဲ၌ရှိတော်မူသည်။ ကျွန်ုပ်တို့သည် ဤဘုရားသခင်ထံ၌ အကြွေးတင်နေကြသည်။ ကျွန်ုပ်တို့၏နှလုံးစည်းချက်အားလုံးနှင့် ကျွန်ုပ်တို့၏အဆုတ်မှ အသက်ရှူသံအားလုံးအတွက် ကိုယ်တော့်ကိုအကြွေးတင်နေကြသည်။ ကိုယ်တော်သာမပါလျှင် ကျွန်ုပ်တို့တည်ရှိခဲ့ကြမည်မဟုတ်ပါ။ အသက်ရှင်ခြင်းနှင့် အသက်ရှူခြင်းအတွက် ကိုယ်တော်ကိုကျွန်ုပ်တို့အားလုံး မှီခိုအားထားနေရမှု၌

ကျွန်ုပ်တို့ အတူတကွစည်းနှောင်ခြင်းခံကြရသည်။

ဤသို့ပြောဆိုပြီးနောက်၊ ရှင်ပေါလုက ဧဖက်မြို့မှယုံကြည်သူများအား ၄င်းတို့သည် (ယုဒလူဖြစ်စေ၊ တပါးအမျိုးဖြစ်စေ) အခြေခံဖြစ်တည်မှုချင်း အလွန်တူညီကြကြောင်းကို သဘောပေါက်ထားရန် စိန်ခေါ်ခဲ့သည်။ သူတို့သည် မိမိတို့၏မတူကွဲပြားချက်များကိုသာ စူးစိုက်၍ထိုမတူကွဲပြားချက်များအပေါ်၌ အချင်းချင်းတိုက်ခိုက်နေကြမည့်အစား ချစ်ခြင်းမေတ္တာ၌လည်းကောင်း၊ စိတ်နှိမ့်ချခြင်း၌လည်းကောင်း စုရုံးပတ်သိုင်းထား၍ မိမိတို့သည် မိသားစု တစ်စုအတွင်းရှိ ညီအစ်ကိုမောင်နှမများဖြစ်ကြောင်းကို သိရှိနေကြရန်လိုအပ် ကြောင်းပြောပြခဲ့သည်။ သူတို့သည် ဘုရားသခင်ထံ၌ ဘုန်းကြီးခြင်းကိုဆောင် ယူလာရန်ဟူသော ရည်မှန်းချက်တစ်ခုအတွက် ပြိုင်ပွဲဝင်နေသောအသင်းတစ် သင်း၏အသင်းဝင်များဖြစ်ကြသည်။ ကျွန်ုပ်တို့၏ခေတ်ကာလ၌ စစ်မှန် သောအသင်းတော်၌လည်း ဤတစ်လုံးတစ်ဝတည်းဖြစ်ခြင်း၊ စည်းလုံးညီညွတ် ခြင်းအတွက် ကျွန်ုပ်တို့ကြိုးပမ်းကြပါမည့်အကြောင်း ဆန္ဒပြုပါသည်။

စဉ်းစားသုံးသပ်ရန်အချက်များ

- ဤအပိုင်း၌ ရှင်ပေါလုပြောပြထားသည့် စိတ်နှိမ့်ချခြင်းနှင့် နူးညံ့ သိမ်မွေ့ခြင်းကို သင့်ညီအစ်ကိုမောင်နှမများအပေါ်၌ ထားရှိပါ သလား။ ဤစိတ်နေသဘောထားကို သင့်အသက်တာ၌ မည်သို့ ပို၍ ရှင်းလင်းစွာ ပုံသာဓကပြသနိုင်ပါမည်နည်း။
- ကျွန်ုပ်တို့၏ခေတ်ကာလမှ စစ်မှန်သောယုံကြည်သူများအကြား၌ စိတ်ဝမ်းကွဲမှုများစွာကို ကျွန်ုပ်တို့တွေ့နေရသည်မှာ အဘယ်ကြောင့် ဟုသင်ထင်ပါသနည်း။ ယုံကြည်သူများအဖြစ်နှင့် ကျွန်ုပ်တို့ကို

မည်သည့်အရာက စိတ်ဝမ်းကွဲနေစေပါသနည်း။

- ဧဖက်အသင်းသားများနှင့် ကမ္ဘာတစ်ဝှမ်းရှိ အခြားယုံကြည်သူများကို တစ်လုံးတစ်ဝတည်းဖြစ်စေသော ရှင်ပေါလုပြောပြခဲ့သည့်အရာများ မှာအဘယ်နည်း။
- သင်တို့၏အသင်းတော်သည် သင်တို့၏အသိုင်းအဝိုင်းရှိ ညီအစ်မ အသင်းတော်အတွက် စိုးရိမ်ပတ်သက်ပေးမှုရှိပါသလား။

ဆုတောင်းရန်အချက်များ

- သင့်တို့၏အသိုင်းအဝိုင်းမှ အခြားအသင်းတော်အတွက် သခင်ဘုရား ကိုချီးမွမ်းဖို့ အချိန်အနည်းငယ်ယူပါ။ ဤအသင်းတော်၌ ဘုရားသခင့်ကောင်းကြီးမင်္ဂလာ၏ အထောက်အထားရှိပါသလား။ ထိုကောင်းကြီးမင်္ဂလာအတွက် သခင်ဘုရားကိုကျေးဇူးတင်ချီးမွမ်းပါ။
- သခင်ခရစ်တော်၏ ကိုယ်ခန္ဓာတော်ရှိ တစ်လုံးတစ်ဝတည်း ဖြစ်ခြင်း (စည်းလုံးညီညွတ်ခြင်း) ကို ဆန့်ကျင်ထကြွလာသော အဆီးအတား များကို ပြိုချဖျက်ဆီးပေးဖို့ သခင်ဘုရားကို တောင်းလျှောက်ပါ။
- ခရစ်တော်၏ကိုယ်ခန္ဓာတော်အတွက် သာ၍နက်နဲသော စိုးရိမ်ပတ် သက်မှုတစ်ခုကို ပေးသနားရန် တောင်းလျှောက်ပါ။ သင့်အနီးအနား မှလူများအတွက်သခင်ယေရှုကဲ့သို့သော စိတ်နှိမ့်ချခြင်းနှင့် နူးညံ့သိမ် မွေ့ခြင်းကို သင့်အားပေးသနားရန် တောင်းလျှောက်ပါ။
- သင်သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်မှအစိတ်အပိုင်းဖြစ်နေခြင်း အတွက် ဘုရားသခင်ကိုကျေးဇူးတင်ချီးမွမ်းပါ။ ကိုယ်တော်နှင့် စပ်ဆိုင်သောသူများအားလုံးကို ချစ်နိုင်ဖို့ သင့်အားကူညီမစပေးရန် တောင်းလျှောက်ပါ။

## ၁၉
## ကိုယ်တော်သည် လူတို့အားဆုလပ်များကိုပေးတော်မူသည်

ဖေက် ၄း၇-၁၆ ကိုဖတ်ရှုပါ။

နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းတွင် တမန်တော်ရှင်ပေါလုက ဖေက်အသင်းသားများအား ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းကို ကြိုးပမ်းဖော်ဆောင်ကြဖို့ စိန်ခေါ်ခဲ့သည်။ ယုံကြည်သူများအဖြစ်နှင့် ၎င်းတို့အားလုံး၌ ဘုံအဖြစ်ရှိထားသော ဝိညာဉ်ရေးအမှန်ဖြစ်တည်မှုများအားလုံးကို ရှင်ပေါလုကအသိပေးခဲ့သည်။ ဤနောက်ပိုင်းတစ်ပိုင်းတွင် ရှင်ပေါလုကဖေက်အသင်းသားများအား ၎င်းတို့သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ တစ်လုံးတစ်ဝတည်း(စည်းလုံးညီညွတ်ခြင်း)ကို အဘယ်ကြောင့်ကြိုးပမ်းလုပ်ဆောင်ဖို့လိုအပ်ကြောင်း နောက်ထပ်အကြောင်းအရင်း တစ်ခုကိုပေးခဲ့သည်။ အခန်းငယ် ၇ တွင်ရှင်ပေါလုက ဖေက်အသင်းသားများအား ၎င်းတို့တစ်ဦးချင်းသည် ယုံကြည်သူများဖြစ်ကြသည်နှင့်အမျှ အထူးတလည်ရှိသော ကျေးဇူးတော်ပမာဏတစ်ခုကို ရရှိခဲ့ကြကြောင်း အသိပေးခဲ့သည်။ ဤနေရာ၌ ရှင်ပေါလုအသုံးပြုထားသည့် ကျေးဇူးတော်ဟူသော စကားလုံးသည် ဂရိဘာသာတွင် "charis" ဟူသော စကားလုံးဖြစ်သည်။ ဤစကားလုံးကို ရောမ ၁၂ နှင့် ၁ကော ၁၂ ရှိကိုယ်ခန္ဓာ

တော်၌ ဘုရားသခင်ပေးဝေခဲ့သော ဝိညာဉ်စွမ်းရည်ဆုကျေးဇူးများ အကြောင်းကိုပြောပြရာတွင်လည်း အသုံးပြုခဲ့သည်။ ဤနေရာတွင်လည်း ဧဖက်အသင်းသားများအား သခင်ဘုရားကပေးသနားခဲ့သည့် ဝိညာဉ် စွမ်းရည်ဆုကျေးဇူးများကို ရှင်ပေါလုပြောဆိုနေကြောင်း ကျမ်းဘောင်အသွားအလာအရ ထင်ရှားနေပါသည် (ငယ် ၁၁)။

ဘုရားသခင်သည် အသင်းတော်ရှိ ထူးခြားသောအခန်းကဏ္ဍတစ်ခုစီကို တစ်ဦးချင်းကရယူလုပ်ဆောင် နိုင်ရန်စွမ်းဆောင်ပေးသည့် သီးသန့် ရည်ရွယ်ထားသော စွမ်းရည်ဆုဆကျေးဇူးများကို မိမိကိုယ်ခန္ဓာတော်မှ အသင်းဝင်တစ်ဦးချင်းထံ၌ပေးခဲ့ကြောင်း ရှင်ပေါလုကဧဖက်အသင်းသားများအားပြောပြခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ရည်ရွယ်ထားသကဲ့သို့ လှုပ်ရှားလည်ပတ်နိုင်ရန် တစ်ဦးကိုတစ်ဦးလိုအပ်နေကြသည်။ ဘုရားသခင်က ဤကိုယ်ခန္ဓာတော်ကို အထဲမှအသင်းဝင်များက တစ်ဦးကိုတစ်ဦးမှီခိုအားထားရသည့် ပုံစံဖြင့် ဖန်တီးခဲ့သည်။ ဤအရာသည် တစ်လုံးတစ်ဝတည်းဖြစ်ခြင်း (စည်းလုံးညီညွတ်ခြင်း)ကို ရှာကြံရာ၌ လက်တွေ့ကျသောတိုက်တွန်းအားပေးမှုတစ်ခုဖြစ်သည်။ ဤစိတ်သဘောထားညီညွတ်ခြင်းနှင့် စီစဉ်ဖွဲ့စည်းမှုမရှိလျှင် ကိုယ်ခန္ဓာတော်သည် ပရမ်းပတာအခြေအနေနှင့် အားနည်းနေပါလိမ့်မည်။ ဤအချက်ကို သာဓကဖြင့်ပုံဆောင်ပြသရန် တမန်တော်ကြီးက ကျွန်ုပ်တို့၏ သခင်ဘုရားအထက်ကောင်းကင်ရပ်သို့ချီကြွခြင်း၊ ထိုသို့သွားစဉ်တွင် ဖမ်းထားသောသူများကိုဆောင်ယူသွားခြင်း၊ မိမိ၏လူတို့အား ဆုလာဒ်များကိုပေးခြင်းစသည်တို့၏စာပန်းချီအဖြစ် ဆာလံ ၆၈ မှကျမ်းချက်ကို အသုံးပြုခဲ့သည်။ ဤနေရာ၌ခြယ်သထားသောစာပန်းချီသည် အောင်နိုင်သူဗိုလ်ချုပ်ကြီး တစ်ဦးကမိမိ၏နောက်၌ ကြိုးဖြင့်ချည်နှောင်၍ သံခြေကျင်းခတ်ခံထားရသော ရန်သူ

တစ်တန်းကြီးနှင့်အတူ အိမ်ပြန်လာနေသည့်ပုံဖြစ်သည်။ လူထုကြီးက လမ်းတဖက်တချက်စီ၌စီတန်း၍ မိမိတို့၏အောင်ပွဲခံမင်းကြီး အိမ်ပြန်အလာကိုကြည့်ရှုကြရာတွင် အလွန်ကြီးမားသော ချီးမွမ်းခြင်းနှင့် ဝမ်းမြောက်ခြင်းတို့ ရှိနေပါသည်။

ဤသည်မှာ သခင်ယေရှုက ကျွန်ုပ်တို့အတွက် လုပ်ဆောင်သွားခဲ့သောအရာဖြစ်သည်။ ကိုယ်တော်သည် ဤကမ္ဘာမြေသို့ ကြွဆင်းလာခဲ့ပြီး အထက်မိုးကောင်းကင်အရပ်မှ ရန်သူများကိုဆန့်ကျင်၍ ဝိညာဉ်တိုက်ပွဲနွှဲခဲ့သည်။ ကားတိုင်ထက်၌ အသေခံခြင်းဖြင့် ကိုယ်တော်သည်ထိုရန်သူများကို အနိုင်ယူခဲ့ပြီး၊ အောင်နိုင်သူ သူရဲကောင်းတစ်ဦးအဖြစ်နှင့် ကောင်းကင်ဘုံသို့ ပြန်လည်ကြွသွားခဲ့သည်။ ဤစာပန်းချီ၌ ကျွန်ုပ်တို့မြင်တွေ့ဖို့ လိုအပ်သည့် အခြားအရေးကြီးသောအချက်တစ်ချက်ရှိသည်။ ဖမ်းဆီးမိသောရန်သူများကို နောက်၌ စီတန်းလိုက်လျှောက်စေလျှက် ပြန်လာသောအောင်နိုင်သူ သူရဲကောင်းအဖြစ်နှင့် ကိုယ်တော်ရှင်က ရှုံးနိမ့်သူရန်သူများထံမှ သိမ်းဆည်းခဲ့သောစည်းစိမ်ဥစ္စာများကို မိမိ၏လူတို့ထံ၌သွန်းလောင်းခဲ့ပါသည်။ ရန်သူအပေါ်၌ကိုယ်တော်ရှင်၏အောင်နိုင်ခြင်းကြောင့် ကျွန်ုပ်တို့သည်လည်း သခင်ယေရှုထံမှ ဆုလာဒ်များကိုလက်ခံရရှိကြရပါသည်။ ဤဆုလာဒ် (လက်ဆောင်) များသည် သဘောသဘာဝအရ ရုပ်ပိုင်းဆိုင်ရာလက်ဆောင်များမဟုတ်ကြပါ။ ဝိညာဉ်ရေး လက်ဆောင်များဖြစ်သည်။

အခန်းငယ် ၉ တွင်ရှင်ပေါလုက ဧဖက်အသင်းသားများအား ဤအောင်မြင်ခြင်းဖြစ်ပေါ်လာနိုင်ဖို့ သခင်ယေရှုခရစ်သည် မြေကြီးအောက်အရပ်သို့ ဆင်းသက်တော်မူခဲ့ကြောင်း ပြောပြခဲ့သည်။ ဤအရာသည် နားလည်ဖို့ခက်ခဲသည်။ ရှင်ပေါလုက သခင်ယေရှုခရစ်သည် မြေကြီးအောက်အရပ်သို့

ဆင်းသက်တော်မူခဲ့သည်ဟု ပြောဆိုရာတွင်မည်သည့်အရာကို ဆိုလိုခဲ့ပါသနည်း။ ဖြစ်နိုင်ချေအမျိုးမျိုးရှိသည်။ ပထမအနေဖြင့်၊ မြေကြီးအောက်အရပ်သို့ဟူသောဤရည်ညွှန်းချက်သည် သခင်ယေရှုက အပြစ်ဒုစရိုက်နှင့် စာတန်အပေါ်၌အောင်နိုင်ခြင်းကို ကျွန်ုပ်တို့အားပေးရန် ကောင်းကင်ဘုံကို စွန့်၍ဤကမ္ဘာမြေသို့ကြွဆင်းလာခြင်းကို ဆိုလိုသည်ဟု ပြောသောသူများရှိသည်။ အခြားသူများကလည်း ဤစကားစုသည် သင်္ချိုင်းကိုရည်ညွှန်းသည်ဟု ယုံကြည်ကြသည်။ စာတန်နှင့်အပြစ်ဒုစရိုက်အပေါ်၌ အောင်နိုင်ခြင်းကို ရယူဖို့ရန်အလို့ငှါ သခင်ယေရှုသည်ကားတိုင်ထက်၌ အသေခံတော်မူ၍ မြေကြီး၏အနိမ့်ဆုံးအပိုင်းများသို့ ဆင်းသက်တော်မူခဲ့သည်။ ဆိုလိုသည်မှာ သင်္ချိုင်း၌မြှုပ်နှံသဂြိုလ်ခံရသည်ဟူ၍ဖြစ်သည်။ အခြားအကြံပြုချက်တစ်ခုမှာ ဤစကားစု (မြေကြီးအောက်အရပ်) သည် ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်ကြောင့် သခင်ယေရှုဆင်းသက် သွားခဲ့သောအပယ်ငရဲကို ရည်ညွှန်းသည်ဟူ၍ဖြစ်သည် (၁ပေ ၃း၁၈-၂၀ ကိုကြည့်ပါ)။

ဤစကားစုကို ကျွန်ုပ်တို့မည်သို့ပင်အနက်ဖွင့်ပြန်ဆိုနေကြပါစေ၊ ကျွန်ုပ်တို့သည် နောက်ဆုံးတွင် နိဂုံးချုပ်တစ်ခုစီသာရောက်သွားကြသည်။ ထိုအရာမှာ သခင်ယေရှုသည် အပြစ်ဒုစရိုက်ကိုလည်းကောင်း စာတန်ကိုလည်းကောင်း၊ သေခြင်းကိုလည်းကောင်း၊ အပယ်ငရဲကိုလည်းကောင်း အောင်နိုင်ခဲ့သည်။ ကိုယ်တော်သည် ကောင်းကင်ဘုံရှိ ခမည်းတော်ထံသို့ပြန်သွားသည်နှင့်အမျှ ဤရန်သူများအားလုံးကို ချည်နှောင်၍သံချေကျင်းခတ်ထားခဲ့သည်။ ကိုယ်တော်ရှင်၏အံ့ဖွယ်ကောင်း၍ အကြွင်းမဲ့ပြည့်စုံသော အောင်နိုင်ခြင်းကြောင့် ဖန်ဆင်းထားသော အရာခပ်သိမ်း၏အထက်တွင် ကိန်းဝပ်စိုးစံရန် ကောင်းကင်ဘုံသို့ ပြန်သွားခဲ့သည်။ ယခုတွင်ကိုယ်တော်ရှင်၏ ဘုန်းအာနု

ဘော်သည် ကမ္ဘာကြီးတစ်ခုလုံးကို ခြုံလွှမ်းထားသည်။ အပယ်ငရဲ၏တံခါး သည်ပင် ကိုယ်တော်ရှင်၏ အရှင်သခင်ဖြစ်ခြင်းကို ဝန်ခံအပ်နှံရန် တွန်းအား ပေးခံခဲ့ရသည်။

မိမိ၏အသင်းတော်ထံသို့ အမျိုးမျိုးသောဆုလာဒ်(လက်ဆောင်)များ ကိုပေးသောသူမှာ ဤအောင်နိုင်သူသခင်ယေရှုပင်ဖြစ်သည်။ ကိုယ်တော်သည် မိမိအောင်နိုင်ခဲ့သော အင်အားစုများအပေါ်၌ အောင်အောင်မြင်မြင်အနိုင် ရခဲ့ခြင်းအတွက် မိမိ၏ကိုယ်စားပြုများအဖြစ်နှင့် အသင်းတော်ကိုစေလွှတ်ခဲ့ သည်။ ဤအပိုင်းအတွင် ရှင်ပေါလုကစွမ်းရည်ဆုကျေးဇူးငါးမျိုးကို ပြုစုဖော်ပြ ပေးထားသည်။ ၎င်းတို့ကိုအမှန်အားဖြင့် စွမ်းရည်ဆုကျေးဇူးများဟု ခေါ်သော် လည်း၊ အသင်းတော်ရှိမတူကွဲပြားသော အလုပ်ဌာနများအဖြစ်ကျွန်ုပ်တို့ရှုမြင် နိုင်ပါသည်။ သခင်ခရစ်တော်က အသင်းတော်ထံ၌ စွမ်းရည်ဆုကျေးဇူးများ အဖြစ်ပေးအပ်ခဲ့သော မတူကွဲပြားသည့် ဤအလုပ်ဌာနများကို အတိုချုံး၍လေ့ လာကြည့်ကြပါစို့။

*တမန်တော်များ*

ဖော်ပြထားသောအလုပ်ဌာနများထဲမှ ပထမဆုံးတစ်ခုမှာ တမန် တော်တို့၏ အလုပ်ဌာနဖြစ်သည်။ ဤအရာသည် အသင်းတော်၌ဘုရားသခင် ကရှင်ပေါလုကို ဆင့်ခေါ်၍ဆောင်ရွက်စေခဲ့သော အခန်းကဏ္ဍဖြစ်သည်။ အခြားတမန်တော်ဆယ့်နှစ်ပါးလည်း ရှိခဲ့သည် (မဿိသည် ယုဒရှကာရုတ်ကို အစားထိုးရန်ရွေးချယ်ခြင်းခံခဲ့ရသည်။ တမန်တော် ၁း၁၂း၂၃)။ ဤပုဂ္ဂိုလ် များသည် အသင်းတော်ကို တည်ထောင်သောသူများအဖြစ်နှင့် ဘုရားသခင်၏ ဆင့်ခေါ်ခြင်းကို ခံခဲ့ကြရသည်။ သူတို့သည် သခင်ယေရှုကကိုယ်တိုင်ကိုယ်ကျ

ပေးခဲ့သော သမ္မာတရားကို လက်ဆင့်ကမ်းဝေငှရန်အတွက် အများနှင့်မတူသောနည်းလမ်းဖြင့် စွမ်းရည်ဆုကျေးဇူးကို ရရှိခဲ့ကြသည်။ တမန်တော်တစ်ပါးဖြစ်ခြင်းအတွက် လိုအပ်သောအရည်အချင်းမှာ သူသည်သခင်ယေရှုဤလောက၌အသက်ရှင်စဉ်တွင် ကိုယ်တော်မြတ်နှင့်ကိုယ်တိုင်အတူနေထိုင်ခဲ့သော သူဖြစ်ရမည်ဖြစ်သည်။ သူတို့သည် ကိုယ်တော်ရှင် ရှင်ပြန်ထမြောက်ခြင်းကို မျက်မြင်တွေ့ရှိခဲ့သူများဖြစ်ရမည် (တမန်တော် ၁း၂၂)။ ကနဦးအသင်းတော်သည် ၎င်းတို့၏သွန်သင်ချက်များကို သခင်ယေရှုနှင့် ဘုရားသခင်၏ဝိညာဉ်တော်တို့မှ တမန်တော်များထံသို့ မှန်ကန်တိကျစွာ လက်ဆင့်ကမ်းပေးခဲ့သော သွန်သင်ချက်များတွင် အခြေခံခဲ့ကြသည် (တမန်တော် ၂း၄၂)။ တမန်တော်များသည် အသင်းတော်ကို တည်ထောင်ခဲ့သောသူများဖြစ်ကြသည်။ သူတို့သည် ဘုရားသခင်၏လုပ်ပိုင်ခွင့်အာဏာပေးမှုနှင့် လမ်းပြမှုအောက်တွင် ခိုင်ခံ့မာကျောသော ခြေကုပ်တစ်ခုပေါ်၌ အသင်းတော်ကို တည်ထောင်၍ ဖွဲ့စည်းခဲ့ကြသည်။

*ပရောဖက်များ*

ကနဦးအသင်းတော်ရှိ ဒုတိယအလုပ်ဌာနမှာ ပရောဖက်တို့၏အလုပ်ဌာနဖြစ်သည်။ ပရောဖက်၏အခန်းကဏ္ဍမှာ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဘုရားသခင်၏လူတို့ထံသို့ ဆောင်ယူလာပေးခြင်းဖြစ်သည်။ သူတို့သည် ဘုရားသခင်၏ကိုယ်စား စကားပြောခဲ့ကြသည်။ သမ္မာကျမ်းစာ၌တွေ့ရသောပရောဖက်ပြုချက်အများစုသည် အနာဂတ်အကြောင်းကို ကြိုတင်ဟောကိန်းထုတ်ခြင်းမဟုတ်ကြပါ။ ထိုပရောဖက်ပြုခဲ့သောအချိန်ကာလရှိ လူတို့ထံသို့ ပြောဆိုခဲ့သောဘုရားသခင်၏ သတ်သတ်မှတ်မှတ်ရှိသော နှုတ်ကပတ်

တော်သာဖြစ်သည်။ ပရောဖက်များသည် မိမိတို့နေထိုင်နေကြသော ယဉ်ကျေးမှုအစဉ်အလာကြီးထံ၌ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပြောကြားရန်အတွက်လည်းကောင်း၊ ဘုရားသခင်၏စိတ်နှလုံးကို ဖော်ထုတ်ပြသရန်အတွက်လည်းကောင်း ဘုရားသခင်၏ထူးခြားသောစွမ်းရည်ဆုကျေးဇူးပေးခြင်းကို ခံထားကြသည်။ သူတို့သည် သွန်သင်ပေးသူဆရာများနှင့် ကွဲပြားခြားနားကြသည်။ ထိုခြားနားချက်မှာ ပရောဖက်များ၏အဓိကအမှုထားစရာကိစ္စမှာ နှုတ်ကပတ်တော်ကို စနစ်တကျသွန်သင်ပေးခြင်းမဟုတ်၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို စစ်မှန်သောလက်တွေ့ဘဝအခြေအနေများ၌ ပြောကြားခြင်းဖြစ်သည်။

ယနေ့တွင် ဤပုဂ္ဂိုလ်များကို ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ ဆက်လက်၍ အသေအချာလိုအပ်လျှက် ရှိနေပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏မှုတ်သွင်းစေ့ဆော်မှုအောက်၌ ပရောဖက်များသည် အပြစ်ဒုစရိုက်ကိုဖော်ပြခြင်း၊ နှစ်သိမ့်ပေးခြင်း၊ ခွန်အားပေးတိုက်တွန်းခြင်းတို့ကိုလည်းကောင်း၊ သခင်ဘုရားက ယုံကြည်သူများ၏ စိတ်နှလုံး၌သွတ်သွင်းထားသော နှုတ်ကပတ်တော်အားဖြင့် အသင်းတော်ကို စိတ်ဓါတ်၊ စာရိတ္တတည်ဆောက်မြင့်တင်ပေးခြင်းကိုလည်းကောင်း ဆောင်ယူလာကြပါသည် (၁ကော ၁၄း၃ ကိုကြည့်ပါ)။ သို့သော်၊ ပရောဖက်ပြုသော တရားဟောဆရာ(သို့) သွန်သင်ပေးသူဆရာတိုင်း၏စကားလုံးများသည် သမ္မာကျမ်းစာ၌ထုတ်ဖော်ပြသထားသော ဘုရားသခင်၏မှုတ်သွင်းခြင်းခံ နှုတ်ကပတ်တော်များကို လိုက်နာကြရမည်ဖြစ်ကြောင်း ဤနေရာတွင်ဖေါ်ပြလိုပါသည်။ သမ္မာကျမ်းစာနှင့် ရှင်းရှင်းလင်းလင်း ဆီလျော်အပ်စပ်မှုမရှိသော မည်သည့်ပရောဖက်ပြုချက်ကိုမဆိုမှားယွင်းသော အရာအဖြစ်နှင့် ငြင်းပယ်ရမည်ဖြစ်သည်။

*သာသနာပြုဆရာများ*

ဤနေရာ၌ ဖော်ပြထားသည့် တတိယမြောက်အလုပ်ဌာနမှာ သာသနာပြုဆရာများ၏ အလုပ်ဌာနဖြစ်သည်။ ဧဝံဂေလိဆရာ၏အလုပ်သည် အပြစ်ဒုစရိုက်၌ ဆက်လက်ကျင်လည်နေကြသောသူများထံ၌ ဧဝံဂေလိ (သတင်းကောင်း)တရားတော်၏ သမ္မာတရားကို ထုတ်ဖော်ပြောကြားခြင်းနှင့် သက်ဆိုင်သည်မှာ အထင်အရှားပင်ဖြစ်သည်။ ဤပုဂ္ဂိုလ်များသည် ကယ်တင်ခြင်းတရားဒေသနာကို လူတို့ကတုန့်ပြန်၍ မိမိတို့၏အသက်တာကို ကယ်တင်ပိုင်ရှင်ထံ၌ ဆက်ကပ်အပ်နှံကြမည့် နည်းလမ်းဖြင့် ရိုးရှင်းသော ကယ်တင်ခြင်းတရားဒေသနာကို ထုတ်ဖော်ပြောကြားရန် ဘုရားသခင်၏ စွမ်းရည်ဆုကျေးဇူးပေးအပ်ခြင်းကို ခံထားကြသည်။ ဤအရာသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ မရှိမဖြစ်လိုအပ်သော စွမ်းရည်ဆုကျေးဇူးတစ်ပါးဖြစ်သည်။

*သင်းအုပ်များ*

အသင်းတော်ထံ၌ စတုတ္ထမြောက်ပေးအပ်ထားသော အလုပ်ဌာနမှာ သင်းအုပ်အလုပ်ဌာနဖြစ်သည်။ သင်းအုပ်၏အခန်းကဏ္ဍမှာ သတ်သတ်မှတ်မှတ်ရှိသော ယုံကြည်သူတစ်စုကို ကြည့်ရှုစောင့်ရှောက်ခြင်းဖြစ်သည်။ သင်းအုပ်သည် ဤအရာကို မတူကွဲပြားသော နည်းလမ်းများစွာဖြင့် ဆောင်ရွက်ပါသည်။ သင်းအုပ်သည် ယုံကြည်သူများကို ထိခိုက်မှုများမှကာကွယ်ပေး၍၊ ထိခိုက်ဒဏ်ရာရသောအခါ ပြန်လည်ကျန်းမာလာဖို့ ပြုစုစောင့်ရှောက်ပေးကာ သခင်ဘုရား၌ ဆက်လက်၍ကြီးထွားရင့်ကျက်လာဖို့ ဝိညာဉ်ရေး အာဟာရခါတ်ကို မပြတ်တမ်းကျွေးမွေးပေးပါသည်။ သင်းအုပ်သည် အများအားဖြင့် ဒေသန္တရလူအုပ်စုတစ်စုကို ကြည့်ရှုစောင့်ရှောက်

ရသည်။ သင်းအုပ်၏အခန်းကဏ္ဍသည် အခြားဌာနအားလုံးထက် အလုပ်အမျိုး အစား အစုံလင်ဆုံးဖြစ်သည်။ သင်းအုပ်သည် မိမိ၏သိုးစုကို ကြည့်ရှု စောင့်ရှောက်ရမည်ဆိုလျှင် သူသည်အမျိုးမျိုးသော (သာသနာပြုဆရာ၊ သွန်သင်ပေးသူဆရာ၊ အကြံပြုနှစ်သိမ့်ပေးသူ၊ စီမံအုပ်ချုပ်သူစသည့်) အခန်း ကဏ္ဍများစွာကို ရယူထမ်းဆောင် ရမည်ဖြစ်သည်။ သင်းအုပ်၏အဓိကအမှု ထားစရာကိစ္စမှာ ယုံကြည်သူများဖြင့် ဖွဲ့စည်းထားသော သီးသန့်အုပ်စုတစ်စုကို ၄င်းတို့သည် သခင်ယေရှုနှင့် ဆက်ဆံရင်းနှီးမှု၌ လျှောက်လှမ်းရှင်သန်၍ ကြီးထွားလာနေကြကြောင်းကိုသေချာစေရန် ၄င်းတို့ကိုကြည့်ရှုစောင့်ရှောက် ပေးခြင်းဖြစ်သည်။

*ဆရာများ(သွန်သင်ပေးသူများ)*

ဤနေရာ၌ နောက်ဆုံးဖော်ပြထားသောအလုပ်ဌာနမှာ ဆရာ(သွန် သင်ပေးသူ) နှင့်စပ်ဆိုင်သောအလုပ်ဌာနဖြစ်သည်။ (သွန်သင်ပေးသူ)ဆရာ၏ အခန်းကဏ္ဍမှာ သမ္မာကျမ်းစာ၏သမ္မာတရားများကို နားလည်သဘောပေါက် ကြ၍ ယေဘူယျအားဖြင့် အသက်တာ၌ရယူကျင့်သုံးကြမည့်အကြောင်း ထိုသမ္မာတရားများကို ရှင်းပြပေးခြင်းဖြစ်သည်။ လူတို့သည် သွန်သင်ပေးသူ ဆရာတစ်ယောက်၏ ဟောပြောပို့ချခြင်းအမှုတော်ကို နာယူသောအခါ သူတို့ သည် သမ္မာကျမ်းစာအား ပို၍နက်နဲစွာနားလည်သဘောပေါက်လာကြ၍ ထိုသမ္မာကျမ်းစာကို မှုတ်သွင်းပေးတော်မူသော ဘုရားသခင်အားပို၍ ကျေးဇူး တင်ချီးမွမ်းလာကြသည်။ သွန်သင်ပေးသူဆရာများသည် ကျွန်ုပ်တို့ကို ဘုရား သခင်၏ နှုတ်ကပတ်တော်နှင့် ထိုနှုတ်ကပတ်တော်၏ ပြဋ္ဌာန်းချက်များအတိုင်း ရှင်သန်စေကြသည်။ သူတို့သည် သမ္မာကျမ်းစာ၏သွန်သင်ချက်များကို ရှင်းရှင်း လင်းလင်းနားလည်သဘောပေါက်စေ၍၊ မှားယွင်းသောအခြေအနေသို့ရောက်

ရှိသွားခြင်းမှ ကျွန်ုပ်တို့ကိုကွယ်ကာပေးကြသည်။

အခန်းငယ် ၁၂ တွင်ရှင်ပေါလုက ဧဖက်အသင်းသားများအား သခင်ဘုရားသည် ဤအလုပ်ဌာနများကို အသင်းတော်ထံ၌ အဘယ်ကြောင့် ပေးအပ်ခဲ့ရသည့်အကြောင်းအရင်းကို အသိပေးခဲ့သည်။ စွမ်းရည်ဆုလက် ဆောင်ရရှိထားသော ဤပုဂ္ဂိုလ်များအလုပ်လုပ်နေကြစဉ်တွင် အခြားသူများက ဟန်ကျပန်ကျစိတ်အေးလက်အေးထိုင်၍ စောင့်ကြည့်နေကြဖို့ အသင်းတော် ထံ၌ ဤပုဂ္ဂိုလ်များကို ပေးအပ်ထားခြင်းမဟုတ်ပါ။ သခင်ဘုရားထံ အစေခံ ရာ၌ အသင်းတော်ကို တပ်ဆင်မွမ်းမံပေးရန်အတွက် ဤပုဂ္ဂိုလ်များကို အသင်းတော်၌ ပေးအပ်ထားခြင်းဖြစ်သည်။ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းမှာ အသင်းတော်တစ်ခုလုံး၏ တာဝန်ဖြစ်သည်။ တမန်တော် များ၊ ပရောဖက်များ၊ သာသနာပြုများ၊ သင်းအုပ်များနှင့်ဆရာများ (သွန်သင် ပေးသူများ) ၏အခန်းကဏ္ဍများသည် အားလုံး၏ကောင်းရာကောင်းကျိုး အတွက် ယုံကြည်သူများကို ၎င်းတို့၏ထူးခြားသော ဝိညာဉ်စွမ်းရည်ဆုကျေးဇူး များ၌ ပို၍ထူးချွန်ပြောင်မြောက်လာကြဖို့ ကူညီပေးခြင်းဖြစ်သည်။

ရှင်ပေါလုက ဧဖက်အသင်းသားများအား ၎င်းတို့သည် ယုံကြည်ခြင်း နှင့် သခင်ယေရှုအားသိကျွမ်းခြင်း၌တစ်လုံးတစ်ဝတည်းဖြစ်ခြင်းသို့ မရောက် မချင်း၊ ၎င်းတို့အထဲရှိ သခင်ယေရှု၏ပြည့်စုံခြင်းအလုံးစုံကို မသိမချင်း၊ အချင်း ချင်းတစ်ဦးကိုတစ်ဦး ပြုစုခြင်းအမှုသည် စုံလင်ခြင်းသို့ရောက်မည်မဟုတ် ကြောင်း ပြောခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ သခင်ယေရှု၏ပြည့်စုံ ခြင်းကို မသိကျွမ်းသေးသော ချောင်ကျသည့်နေရာတစ်ခုခု ရှိနေသမျှ ကာလ ပတ်လုံး၊ လုပ်စရာအလုပ်ရှိလျှက်နေသည်။ သခင်ယေရှုက ၎င်းတို့အတွက် လုပ်ဆောင်ပေးသွားသောအရာကိုလည်းကောင်း၊ ၎င်းတို့အားဖြင့် သခင်ယေရှု

လုပ်ဆောင်လိုသောအရာကိုလည်းကောင်း စုံလင်စွာမသိရှိသေး သောညီအစ်ကိုမောင်နှမတစ်ယောက်ယောက်ရှိနေသမျှ ကာလပတ်လုံး လုပ်စရာအလုပ်ရှိလျှက်နေသည်။ ကျွန်ုပ်တို့တစ်ဦးချင်းသည် သခင်ယေရှု၌ ရင့်ကျက်ခြင်းသို့မရောက်မချင်း ကျွန်ုပ်တို့၏အလုပ်တာဝန်မှာ ပြီးဆုံးသွားခဲ့မည်မဟုတ်ပါ။

အလုပ်ဌာနများ(သို့) စွမ်းရည်ဆုကျေးဇူးများကို သင့်တင့်လျောက်ပတ်စွာ အသုံးပြုသောအခါ ကိုယ်ခန္ဓာတော်၌ ဖြစ်ပျက်လာသောအရာအချို့ရှိသည်။

*ငါတို့သည် နောက်တစ်ဖန်ခပ်သိမ်းသောဩဝါဒလေတိုက်၍ ဖရိုဖရဲ လွင့်သွားသောသူငယ်မဖြစ် (ငယ် ၁၄)*

ကျွန်ုပ်တို့ရှင်သန်နေထိုင်နေကြသော ကမ္ဘာကြီးသည်ဘုရားကို မသိသော အတွေးမြင်များ၊ စံနှုန်းများနှင့်ပြည့်နေသည်။ ကျွန်ုပ်တို့၏ခေတ်ကာလရှိအသင်းတော်ကို လိမ်ညာလှည့်စား၍ကောက်ကျစ်စဉ်းလဲသော နည်းလမ်းတို့ဖြင့် ဝင်ရောက်လာသည့် ဤဘုရားမဲ့တရားမဲ့အယူအဆများမှသော်လည်းကောင်း၊ မှားယွင်းသောသွန်သင်ခြင်းများမှသော်လည်းကောင်း အကာအကွယ်မပေးထားပါ။ ကြံ့ခိုင်သော ယုံကြည်သူများပင်လျှင် ဤကောက်ကျစ်သောလျှို့ဝှက်အကြံအစည်များ၏ဆွဲဆောင်မှုကို ခံစားတွေ့ ကြုံနိုင်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သမ္မာတရားမှ လောကီလမ်းစဉ်များသို့ကူးပြောင်းသွားကြသော ညီအစ်ကိုမောင်နှမများကို အကြိမ်မည်မျှမြင်တွေ့ခဲ့ကြရပါသနည်း။ တစ်ချိန်တွင် သူတို့သည်သခင်ဘုရားအတွက် စိတ်အားထက်သန်နေခဲ့ကြပြီး၊ နောက်တစ်ချိန်တွင် ၎င်းတို့သည် မိမိတို့၏အပြစ်ရှိသောပြုမူပုံများအား သင့်မြတ်လျော်ကန်သောအရာများအဖြစ် ရှင်းပြနေကြပါ

လိမ့်မည်။ သခင်ဘုရားသည် ယုံကြည်သူများကို သမ္မာကျမ်းစာနှင့်ညီညွတ်သောအတွေးအခေါ်နှင့် ရှင်သန်ခြင်းတို့၌ တည်ဆောက်ပေးရန် အတွက်လိုအပ်သောစွမ်းရည်ဆုကျေးဇူးများကို အသင်းတော်၌ ထားရှိထားသည်။ ဤစွမ်းရည်ဆုကျေးဇူးများကို အသုံးပြုခြင်းအားဖြင့် ဘုရားသခင်ရည်ရွယ်ခဲ့သည့်အရာမှာ မိမိ၏သားသမီးများသည် ၎င်းတို့၏ယုံကြည်ခြင်း၌ တိုက်တွန်းစေ့ဆော်ခြင်းကိုခံကြရပြီး၊ လောကီအယူအဆများနှင့် မှောက်လှန်ထားသောဓမ္မအယူဝါဒများကိုဆန့်ကျင်၍ မားမားမတ်မတ်ရပ်တည်ကြရန် အသစ်သောခွန်အားများကို ပေးအပ်ခံကြမည့်အကြောင်းဖြစ်သည်။

*ကျွန်ုပ်တို့သည် ဦးခေါင်းတည်းဟူသော ခရစ်တော်မှာအရာရာတို့၌ ကြီးထွားကြမည့်အကြောင်း (ငယ် ၁၅)*

ဤအလုပ်ဌာနများနှင့် စွမ်းရည်ဆုကျေးဇူးအားလုံးသည် ကျွန်ုပ်တို့သခင်ယေရှုနှင့်ပို၍ နီးစပ်လာရန်ဆွဲဆောင်ပေးခြင်း၊ သခင်ယေရှုနှင့်သဏ္ဍာန်တူလာခြင်း၌ ကျွန်ုပ်တို့ကိုရင့်ကျက်စေခြင်းတို့ကို ၎င်းတို့၏တာဝန် များသဖွယ်ရယူထားကြသည်။ ကျွန်ုပ်တို့သည် သမ္မာတရား၌လည်းကောင်း၊ သခင်ခရစ်တော်ကိုချစ်ခြင်း၌လည်းကောင်း ကိုယ့်ကိုယ်ကို ဆက်ကပ်ထားကြသည်နှင့်အမျှ ဤစွမ်းရည်ဆုကျေးဇူးများသည် သခင်ဘုရားအားပို၍ နက်နက်နဲနဲနှင့်ပို၍နီးစပ်ကျွမ်းဝင်သောနည်းလမ်းဖြင့် သိကျွမ်းလာရန် ကျွန်ုပ်တို့အထဲ၌စေ့ဆော်တိုက်တွန်းပေးဖို့ ရည်ရွယ်ထားသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့အတွက်ပို၍စစ်မှန်လာပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်ကို သိကျွမ်းခြင်း၌လည်းကောင်း၊ ကိုယ်တော်ရှင်ထံဆက်ကပ်အပ်နှံခြင်း၌လည်းကောင်း ကြီးထွားလာကြပါသည်။

ကျွန်ုပ်တို့သည်မေတ္တာ၌ ကိုယ်ခန္ဓာအားတည်ဆောက်ရန်အတွက် ကြိုးစားအားထုတ်မှုတွင် ပေါင်းစည်းခံကြရပါလိမ့်မည် (ငယ် ၁၆)

နောက်ဆုံးအနေဖြင့်၊ ရှင်ပေါလုကဧဖက်အသင်းသားများအား ဤစွမ်းရည်ဆုကျေးဇူးများကို ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ သင့်တင့်လျောက်ပတ်စွာအသုံးပြုကြသောအခါ သူတို့သည်ချစ်ခြင်းမေတ္တာ၌ ကိုယ်ခန္ဓာတော်ကိုတည်ဆောက်ခြင်းအမှုတွင် တစ်စိတ်တစ်ဝမ်းတည်း ကြိုးစားအားထုတ်ခြင်း၌ပေါင်းစည်းခံခဲ့ကြရမည်ဖြစ်ကြောင်း အသိပေးခဲ့သည်။ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုစီက ၎င်းတို့နှင့်အပ်စပ်သောတာဝန်ကို ထမ်းဆောင်ကြသည်နှင့်အမျှ ကိုယ်ခန္ဓာတစ်ခုလုံးမှာလည်း ကြီးထွားလာပါသည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို ဤပုံစံဖြင့်လည်ပတ်နေသည်ကို မြင်တွေ့ရသည်မှာ အလွန်အံ့ဩဖွယ်ကောင်းသောအရာတစ်ခုဖြစ်သည်။ အသင်းဝင်တစ်ယောက်စီက အခြားအသင်းဝင်တစ်ယောက်အတွက် နက်နဲစွာစိုးရိမ်ပတ်သက်ပေး၍ ဂရုစိုက်စောင့်ကြည့်ပေးကြသကဲ့သို့ အသင်းဝင်တစ်ယောက်စီက အခြားသူများကို တည်ဆောက်ပေး၍ ခွန်အားပေးတိုက်တွန်းနေကြသည်ကို မြင်တွေ့ရခြင်းသည် အံ့ဩမင်သက်ဖွယ်မဟုတ်ပါလား။ ဤအရာသည် ကျွန်ုပ်တို့၏အနီးအနားမှလူများအတွက် အစွမ်းထက်သောသက်သေတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့အချင်းချင်းတစ်ယောက်နှင့်တစ်ယောက် မေတ္တာထား၍ကြည့်ရှုစောင့်ရှောက်ပေးနေကြသည်ကို လောကီသားများကမြင်တွေ့ကြသော အခါ သခင်ဘုရားသည် ကျွန်ုပ်တို့နှင့်အတူရှိတော်မူကြောင်းကို သူတို့နားလည်သဘောပေါက်လာကြပါသည်။ ချစ်ခြင်းမေတ္တာနှင့်ပြည့်၍ ကြီးထွားလျှက်ရှိနေသောဤအသိုင်းအဝိုင်းမျိုး၏ အစိတ်အပိုင်းဖြစ်နေရခြင်းသည် အလွန်အံ့ဖွယ်ကောင်းသောအရာမဟုတ်ပါလား။

စဉ်းစားသုံးသပ်ရန်အချက်များ

- ရှင်ပေါလုက ဧဖက်အသင်းသားများထံ၌ ၄င်းတို့အတွက်ဘုရားသခင်လုပ်ဆောင်ပေးခဲ့သောအရာနှင့် စပ်လျဉ်း၍မည်သို့ပြောပြခဲ့သနည်း။
- အသင်းတော်၌ ဘုရားသခင်ကသင့်ကို မည်သည့်အလုပ်ဌာနအားပေးအပ်ထားပါသနည်း။ သာ၍ကြီးသောကိုယ်ခန္ဓာတော်၏ကောင်းရာကောင်းကျိုးအတွက်အသုံးပြုရန် ဘုရားသခင်က သင့်ကိုမည်သည့်စွမ်းရည်ဆုကျေးဇူးအားပေးအပ်ထားပါသနည်း။
- သင်သည်ယုံကြည်ခြင်း၌ ကြီးထွားရင့်ကျက်လာရန် ဘုရားသခင်သည်သင့်အသက်တာ၌ မည်သူ့တို့ကိုအသုံးပြုနေခဲ့ပါသနည်း။ ထိုသူတို့သည် မည်သည့်စွမ်းရည်ဆုကျေးဇူးများကို အသုံးပြုနေခဲ့ကြပါသနည်း။

ဆုတောင်းရန်အချက်များ

- သင်ပါဝင်တက်ရောက်နေသော ဒေသန္တရအသင်းတော်ကို စဉ်းစားသုံးသပ်ဖို့အချိန်အနည်းငယ်ယူပါ။ ဤအသင်းတော်သည် သခင်ခရစ်တော်၌ ကြီးထွားရင့်ကျက်ခြင်းနှင့် တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကို မည်သည့်အတိုင်းအတာအထိ ပြသပါသနည်း။ သင်တို့၏အသင်းတော်အတွက် ဆုတောင်းပေးဖို့ အချိန်အနည်းငယ်ယူပါ။
- သင်တို့၏ဒေသန္တရအသင်းတော်တွင် မည်သည့်စွမ်းရည်ဆုကျေးဇူးများကို ခင်းကျင်းပြသကြသနည်း။ မည်သည့်စွမ်းရည်ဆုကျေးဇူး (သို့)

အလုပ်ဌာနလစ်လပ်နေသယောင် ထင်ရသနည်း။

- သင့်ထံ၌လည်းကောင်း၊ သင်တို့၏ဒေသန္တရအသင်းတော်ထံ၌လည်းကောင်း ပေးအပ်ထားသော စွမ်းရည်ဆုကျေးဇူးများအတွက် ကျေးဇူးတင်ချီးမွမ်းပြီး၊ သင်တို့၏အသင်းတော်သည် ဘုရားသခင်ရည်ရွယ်ထားသကဲ့သို့ ရင့်ကျက်ကြီးထွားလာဖို့ အခြားစွမ်းရည်ဆုကျေးဇူးများအား ရရှိထားသောသူများကို သင်တို့ထံစေလွှတ်ပေးဖို့ ဆုတောင်းပါ။

# ဂလာတိသြဝါဒစာ နှင့် ဖေက်သြဝါဒစာ

၂၀

# လူသစ်ကိုယူတင်ဝတ်ဆောင်ခြင်း

ဧဖက် ၄း၁၇-၃၂ ကိုဖတ်ရှုပါ။

အသင်းတော်သည် ချစ်ခြင်းမေတ္တာတွင်လည်းကောင်း၊ သခင်ယေရှု၌ ကြီးထွားရင့်ကျက်ခြင်းတွင်လည်းကောင်း တည်ထောင်တည်ဆောက်ခြင်းခံရမည့်အကြောင်း သခင်ဘုရားသည် အသင်းတော်ထံ၌စွမ်းရည်ဆုကျေးဇူးများကိုပေးသနားခဲ့ကြောင်း ဧဖက်အသင်းတော်ထံသို့ ရေးသားခဲ့သော ဤစာစောင်အားဖြင့် ထင်ရှားနေပါသည်။ ဤအချက်အရ၊ ရှင်ပေါလုက ဧဖက်အသင်းသားများအားလူဟောင်းကိုချွတ်ပယ်၍ လူသစ်ကိုယူတင်ဝတ်ဆောင်ခြင်းဖြင့် ၎င်းတို့အထဲ၌ သခင်ဘုရားလုပ်ဆောင်လိုသောအရာတွင် ပူးပေါင်းဆောင်ရွက်ကြဖို့ ဤအပိုင်းတွင်စိန်ခေါ်ခဲ့သည်။

ဧဖက်အသင်းသားများသည် တပါးအမျိုးများကဲ့သို့ အသက်ရှင်ခြင်းကိုရပ်တန့်ကြဖို့ ရှင်ပေါလုက "သခင်ဘုရား၌" အလေးအနက်တိုက်တွန်းခဲ့သည် (ငယ် ၁၇)။ ရှင်ပေါလုလိပ်မူရေးသားနေသောသူများမှ လူအမြောက်အမြားသည် ယုံကြည်သူတပါးအမျိုးများဖြစ်ကြကြောင်းကို ကျွန်ုပ်တို့သဘောပေါက်ထားဖို့ လိုအပ်ပါသည်။ ရှင်ပေါလုသည် "တပါးအမျိုး"ဟူသောစကားလုံးကို အသုံးပြုရာတွင် လူမျိုး၊ နိုင်ငံသားအကြောင်းကို ပြောနေခြင်း

မဟုတ်ပါ။ ယုံကြည်ခြင်းမရှိသော ဘုရားမဲ့နေသူများ၏ကျင့်ကြံနေထိုင်ပုံကို ရည်ညွှန်းပြောဆိုခဲ့ပါသည်။ ရှင်ပေါလုက ဧဖက်အသင်းသားများအား ၎င်းတို့သည် မယုံကြည်သူ တပါးအမျိုးများကဲ့သို့ အသက်ရှင်ရန်မဟုတ်ကြောင်း ပြောခဲ့သည်။ ယုံကြည်သူနှင့်မယုံကြည်သူကြားတွင် ကွဲပြားခြားနားချက်တစ်ခုရှိနေရပါမည်။ မယုံကြည်သူလောကီသားများက ဧဖက်မြို့မှ ခရစ်ယာန်များကိုကြည့်သောအခါ သူတို့သည် ဧဖက်မြို့မှခရစ်ယာန်များ၏တွေးခေါ်ပုံနှင့် လုပ်ရှားလုပ်ဆောင်ပုံတို့တွင် အလွန်ရှင်းလင်းပြတ်သားသော ခြားနားချက်ကိုမြင်တွေ့ကြရမည်ဖြစ်သည်။

ရှင်ပေါလုက ဧဖက်အသင်းသားများအား မယုံကြည်သူလောကီသားများ၏အတွေးအခေါ်များသည် အနှစ်သာရကင်းမဲ့၍ အဓိပ္ပါယ်လည်းမရှိကြောင်းပြောခဲ့သည်။ အခန်းငယ် ၁၈-၁၉ တွင် ရှင်ပေါလုက ဤမယုံကြည်သူများ၏တွေးခေါ်စဉ်းစားပုံကို ဖေါ်ပြခဲ့သည်။

*ထိုသူတို့သည်ဉာဏ်အလင်းကွယ်သည်ဖြစ်၍ (ငယ် ၁၈)*

မယုံကြည်သူတစ်ဦးအဖြစ်နှင့် သင်သည်သခင်ဘုရား၌ဝမ်းမြောက်ခြင်းအကြောင်းကို နားလည်သဘောပေါက်ခဲ့ပါသလား။ သင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်၌လည်းကောင်း၊ နာမတော်ကိုဝတ်ပြုကိုးကွယ်ရာ၌လည်းကောင်း မည်၍မည်မျှစိတ်လှုပ်ရှားတက်ကြွနေခဲ့ပါသနည်း။ ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ သန့်ရှင်းသောဝိညာဉ်တော်လာရောက် ကိန်းဝပ်ခြင်းမရှိမီက ကျွန်ုပ်တို့သည် အမှောင်ထဲတွင်အသက်ရှင်နေခဲ့ကြပါသည်။ ဝိညာဉ်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စစ်မှန်သောအယူအဆလုံးလုံးမရှိခဲ့ကြပါ။ ဘုရားသခင်နှင့်ဆိုင်သောအရာများသည် ကျွန်ုပ်တို့အတွက်အဓိပ္ပါယ်မရှိခဲ့ကြပါ။

သခင်ဘုရားနှင့် သခင်ဘုရား၏နည်းလမ်းများကိုတောင့်တသော ယုံကြည်သူတစ်ယောက်၏ စိတ်ဆန္ဒကို ကျွန်ုပ်တို့နားမလည်နိုင်ခဲ့ကြပါ။ ဤအရာအားလုံးသည် သခင်ယေရှုကို ကျွန်ုပ်တို့၏ကယ်တင်ပိုင်ရှင်အဖြစ် သိကျွမ်းခဲ့သောနေ့တွင် ပြောင်းလဲသွားခဲ့ကြသည်။ ကိုယ်တော်ရှင်၏ဘုန်းတော်ရောင်ခြည်က အကျွန်ုပ်တို့၏စိတ်နှလုံးကိုထိုးဖောက်ဝင်ရောက်၍ မှောင်မိုက်ခြင်းက စွန့်ခွါသွားသကဲ့သို့ ဖြစ်သွားသည်။ ယခင်ကကျွန်ုပ်တို့၌ လုံးလုံးမရှိခဲ့ဖူးသည့် ဝိညာဉ်ရေးနှင့်ဆိုင်သောအရာများကို သဘောပေါက်နားလည်ခြင်းတစ်ခု ချက်ချင်းရောက်ရှိလာသည်။

*ဘုရားသခင်၏အသက်နှင့်ကွာရှင်းလျှက်ရှိ၏ (ငယ် ၁၈)*

မယုံကြည်သူများသည် ၎င်းတို့၏စိတ်နှလုံးထဲ၌လည်းကောင်း၊ အသက်တာ၌လည်းကောင်း ဘုရားသခင်နှင့်ကင်းကွာနေခဲ့ကြသည်။ ယုံကြည်သူနှင့်မယုံကြည်သူ၏ကွာခြားချက်မှာ ဘုရားသခင်၏မျက်မှောက်ပြုခြင်းဖြစ်သည်။ ဘုရားသခင်၏အသက် နှင့်မျက်မှောက်ပြုခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ယုံကြည်သူ၌ကိန်းဝပ်လျှက်ရှိသည်။ သို့သော်၊ မယုံကြည်သူနှင့်သခင်ဘုရားတို့ကြား၌ ကွဲကွာပိုင်းခြားမှုတစ်ခုရှိသည်။ အပြစ်ဒုစရိုက်သည် ၎င်းတို့နှင့်ဘုရားသခင်ကြားတွင် အတားအဆီးတစ်ခုကို ပြုလုပ်ဖန်တီးထားသည်။ ထိုအတားအဆီးကို သခင်ယေရှု၏အသေခံခြင်းနှင့် ကိုယ်တော်ရှင်ပေးသနားသော အပြစ်လွှတ်ခြင်းအားဖြင့်သာ ဖြိုဖျက်နိုင်ပါသည်။ ဤအပြစ်လွှတ်ခြင်းကို လုံးလုံးမရရှိခဲ့သော မယုံကြည်သူသည် ဘုရားသခင်နှင့်စစ်မှန်သော ရင်းနှီးကျွမ်းဝင်မှုကို မရရှိနိုင်ပါ။ ဘုရားသခင်၏အသက်သည်သူတို့အထဲ၌မရှိပါ။ သူတို့သည်ဘုရားသခင်၏ သန့်ရှင်းသော

မျက်မှောက်တော်နှင့် ထာဝရကာလပတ်လုံး ကင်းကွာနေခဲ့ကြပါလိမ့်မည်။

*သူတို့သည် ခံစားတုံ့ပြန်နိုင်မှုအားလုံးကို ဆုံးရှုံးခဲ့ကြသည် (ငယ် ၁၉)*

မယုံကြည်သောစိတ်နှလုံးသည် ဘုရားသခင်နှင့်ဆိုင်သောအရာများတွင်မာကျောခက်ထန်နေကြသောကြောင့် ၎င်းသည်ဝိညာဉ်ရေးကိစ္စရပ်များကို ခံစားတုန့်ပြန်နိုင်စွမ်းမရှိပါ။ ကယ်တင်ခြင်းမခံရသောသူများသည် ၎င်းတို့၏အပြစ်ဒုစရိုက်ကြောင့် စိတ်နှလုံးမာကျောနေကြပါသည်။ သူတို့သည် ဘုရားသခင်၏တင့်တယ်မှုကို မမြင်နိုင်သကဲ့သို့ ဘုရားသခင်၏သမ္မာတရားကို မကြားနိုင်ကြပါ။ မယုံကြည်သောစိတ်နှလုံးသည် ဘုရားသခင်ကို မကြားနိုင်သကဲ့သို့ ၎င်း၏အာရုံခံစားမှုများသည် ဝိညာဉ်တော်နှင့်ဆိုင်သောအရာများတွင် သေလျှက်ရှိကြသည်။

*သူတို့သည်မိမိတို့ကိုယ်ကို ကိလေသာလက်သို့ အပ်နှံလိုက်ကြ၏ (ငယ်၁၉)*

ရှင်ပေါလုက ဧဖက်အသင်းသားများအား မယုံကြည်သူသည် ကိလေသာလက်သို့ပေးအပ်ခြင်းခံရကြောင်း ပြောပြခဲ့သည်။ ကိလေသာဆိုသည်မှာ အဘယ်နည်း။ ကိလေသာဆိုသည်မှာ ဇာတိပကတိစိတ်ကို ကျေနပ်စေခြင်းနှင့်ဆိုင်သောအရာဖြစ်သည်။ ဤအရာသည် မယုံကြည်သူများ၏လုပ်ရပ်များကို စေ့ဆော်တွန်းပို့ပေးသောအရာဖြစ်သည်။ မိမိတို့၏အသက်တာ၌ ကျေနပ်အားရမှုကို ဆောင်ကျဉ်းပေးသည့်အရာများတွင် သူတို့စိတ်လွတ်ကိုယ်လွတ်မွေ့လျော်ကြသည်။ သူတို့သည်ဝိညာဉ်ရေးအဆင့်တွင် ရှင်သန်လည်ပတ်ခြင်းမရှိကြ။ ပျော်ပါးသာယာမှုနှင့်ဇာတိပကတိစိတ်၏အလိုကို ဖြည့်ဆည်းပေးခြင်းတို့၏စေ့ဆော်တိုက်တွန်းခြင်းကို ခံရသည့်ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားမှုဆိုင်ရာအဆင့်တွင်သာ ရှင်သန်လည်ပတ်ကြသည်။

ဤကဲ့သို့သော စိတ်နေစိတ်ထားကိုဖယ်ရှားကြဖို့ ရှင်ပေါလုက ဧဖက်အသင်းသားများအား စိန်ခေါ်ခဲ့သည် (ငယ် ၂၀-၂၂)။ သခင်ယေရှုနှင့်စပ်ဆိုင်သော ၄င်းတို့သိရှိခဲ့ကြသည့်သမ္မာတရားကြောင့် ယုံကြည်ခြင်းမရှိသော ဤအတွေးအခေါ်များအား အဝေးသို့လွှင့်ပစ်၍စွန့်လွှတ်ကြဖို့ ရှင်ပေါလုကသူတို့ကို ခွန်အားပေးတိုက်တွန်းခဲ့သည်။ ယုံကြည်သူများဖြစ်ကြသည့်အားလျော်စွာ သူတို့သည် မိမိတို့၏အတွေးအခေါ်ဟောင်းများ၏အထက်တွင် အသက်ရှင်ကြရပါမည်။ အကြောင်းမှာ၊ သူတို့သည်အာသာဆန္ဒပြေခြင်းကို ကတိပေးသော်လည်း အချည်းအနှီးဖြစ်ခြင်း၌သာ အဆုံးသတ်စေသည့် ထိုအတွေးအခေါ်ဟောင်း၏ လိမ်လည်လှည့်ဖြားတတ်သော တပ်မက်ခြင်းများမှ ကယ်တင်ခြင်းခံခဲ့ကြသောကြောင့်ဖြစ်သည်။

လောကီတွေးခေါ်ပုံများ၌ပိတ်မိနေရန်မှာ ကျွန်ုပ်တို့အတွက်အဘယ်မျှလွယ်ကူပါသနည်း။ ကျွန်ုပ်တို့၏ ဥစ္စာပိုင်ဆိုင်ခြင်းကို အဓိကထား၍အလိုဆန္ဒပြည့်ဝမှုကိုသာ ရှာကြံနေသည့်အသိုင်းအဝိုင်းတွင် ကျွန်ုပ်တို့သည်လောကီတပ်မက်ခြင်းများဖြင့် အဆက်မပြတ်ထိုးနှက်တိုက်ခိုက်ခြင်းကို ခံကြရသည်။ ကျွန်ုပ်တို့သည် ဇာတိပကတိစိတ်၏ အာသီသတောင့်တမှုများကို အလိုလိုက်မွေ့လျော်ခြင်းဖြင့် ဘဝကိုအပြည့်အဝရှင်သန်ကြဖို့ တိုက်တွန်းဆွဲဆောင်ခြင်းခံကြရသည်။ အခြားတစ်ဖက်တွင် သခင်ခရစ်တော်က ကျွန်ုပ်တို့ကိုဇာတိပကတိစိတ်၏အာသီသတောင့်တမှုများအပေါ်၌ အသေဖြစ်ကြဖို့ ဆင့်ခေါ်နေပါသည်။ ဇာတိပကတိစိတ်၏ အားကြီးသောစေ့ဆော်မှုများကို လိုလိုလားလားဘေးဖယ်ထားလိုစိတ်မရှိသော ယုံကြည်သူများရှိသည်။ လောကီအရာကိုအလွန်မြတ်နိုးသောသူအမြောက်အမြားရှိသည်။

ရှင်ပေါလုကဧဖက်အသင်းသားများအား ၄င်းတို့သည်တွေးခေါ်

စဉ်းစားပုံပြောင်းကို ချွတ်ပယ်လိုက်သောအခါတွင် အဖြစ်အပျက်နှစ်ခုပေါ် ပေါက်လာကြောင်း အခန်းငယ် ၂၃ နှင့် ၂၄ တွင်ပြောပြခဲ့သည်။

*သူတို့သည် စိတ်နှလုံးသဘောသစ်ကို ရရှိခဲ့ကြလိမ့်မည် (ငယ် ၂၃)*

ကျွန်ုပ်တို့သည် လောကီအရာများကို ဖက်တွယ်ထားနေသမျှကာလ ပတ်လုံး ကျွန်ုပ်တို့၏စိတ်သဘောများ အသစ်ပြုပြင်ခြင်းကို လုံးလုံးကြုံတွေ့ ခံစားကြရမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏စိတ်သဘောများ သခင်ခရစ်တော်နှင့် ပို၍သဏ္ဌာန်တူလာဖို့ရန်အတွက် လောကီဆန်သော အတွေးအခေါ်များကို ကျွန်ုပ်တို့ဖြုတ်တောက်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လောကီတွေးခေါ် ပုံများ၌ ဆက်၍အရသာခံနစ်မျောနေကြလျှင် သခင်ခရစ်တော်၏စိတ် သဘောနှင့် ပြုမူကျင့်ကြံပုံတို့ကို ကျွန်ုပ်၌ရရှိကြဖို့ မည်သို့မျှော်လင့်နိုင်မည် နည်း။ လူဟောင်းကိုချွတ်ပယ်ခြင်းဆိုသည်မှာ သခင်ယေရှုကိုဘုန်းမထင်ရှား စေသောနည်းလမ်းများဖြင့် ကျွန်ုပ်တို့ကိုယ်ကို ဧည့်ခံဖျော်ဖြေခြင်းအတွက် အချိန်ကိုလျော့၍ အသုံးပြုခြင်းနှင့်ဆိုင်သည်။

ကျွန်ုပ်တို့၏စိတ်အာရုံများကို လောကီနှင့်ဆိုင်သောအရာများ၌ မဟုတ်ဘဲ၊ ဘုရားသခင်နှင့်ဆိုင်သောအရာများ၌ စတင်စူးစိုက်ထားကြသော အခါ ကျွန်ုပ်တို့၏စိတ်သဘောထားနှင့် ပြုမူကျင့်ကြံပုံတို့တွင် အပြောင်းအလဲ တစ်ခုကိုကျွန်ုပ်တို့ မြင်တွေ့ရပါလိမ့်မည်။ ကျွန်ုပ်တို့ကိုဖြေဖျော်ပေးသော အရာများသည် တဖြည်းဖြည်းနှင့်၎င်းတို့၏ဆွဲဆောင်နိုင်စွမ်းများကို ဆုံးရှုံးလာ ကြပါမည်။ သခင်ယေရှုအပေါ်၌ ကျွန်ုပ်တို့ပို၍အာရုံစူးစိုက်လေလေ၊ ကိုယ် တော်ရှင်၏လှုပတင့်တယ်မှုကို ကျွန်ုပ်တို့ပို၍နားလည်လာလေလေဖြစ်သည်။ သခင်ယေရှုကိုကျွန်ုပ်တို့ပို၍နားလည်လာ၍ ပိုပြီးအာရုံစူးစိုက်လေလေ

ဤလောကအရာများအား လိုချင်တပ်မက်မှုနှင့် အလေးထားမှုများသည် ကျွန်ုပ်တို့တွင်ပို၍လျော့နည်းလာလေလေဖြစ်ပါလိမ့်မည်။ ကျွန်ုပ်တို့သည်လူဟောင်းကို ၎င်း၏လောကီဆန်သော အယူအဆများအားလုံးနှင့်အတူ စတင်ချွတ်ပယ်၍ ဘုရားသခင်၏အလိုတော်နှင့် ရည်ရွယ်ချက်များကို ရှာကြံသောအခါ၊ ဤအချင်းအရာက ဘုရားသခင်ကို ကျွန်ုပ်တို့၏စိတ်သဘောထားများအားအသစ်ပြုပြင်ပေးရန်အတွက်လည်းကောင်း၊ ထိုစိတ်သဘောများကို မိမိ၏စိတ်နှလုံး၊ မိမိ၏အလိုတော်တို့နှင့် ပို၍တပြေးတည်းဖြစ်လာစေဖို့ ဆောင်ကျဉ်းပေးရန်အတွက်လည်းကောင်း လမ်းဖွင့်ပေးပါသည်။

*သူတို့သည် သန့်ရှင်းခြင်းပါရမီနှင့် မှန်သောဖြောင့်မတ်ခြင်းတို့ဖြင့် ယူတင်ဝတ်ဆောင်ခြင်းခံခဲ့ကြ ရပါလိမ့်မည် (ငယ် ၂၄)။*

ဘုရားသခင့်နှုတ်ကပတ်တော်၏ သမ္မာတရားနှင့်အညီအသက်ရှင်ရန်တာဝန်ကို ကျွန်ုပ်ဆွဲယူသောအခါ၌ ဒုတိယမြောက် ဖြစ်ပျက်လာသောအရာမှာ ကျွန်ုပ်တို့၏ဖြစ်တည်မှုတစ်ခုလုံးအား ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်းတို့ဖြင့် လွှမ်းခြုံခံရသည်အဖြစ်ကို စတင်ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။ သန့်ရှင်းစင်ကြယ်သော အတွေးအခေါ်နှင့်အတူ လုံးလုံးသစ်လွင်သော လူသစ်လည်းပါလာပါသည်။ ကျွန်ုပ်တို့၏စိတ်သဘောထားများနှင့် လုပ်ပုံကိုင်ပုံများသည် ပြောင်းလဲခြင်းခံရသည်။ အပြစ်ဒုစရိုက်ကို ကျွန်ုပ်တို့တောင့်တမှုမှာလည်း ကျွေးမွေးပြုစုမှသာကြီးထွားလာနိုင်သည့် အခြေအနေတွင်သာ ရှိနေပါသည်။ ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်အပေါ်၌လည်းကောင်း ဇာတိပကတိစိတ်၏တောင့်တမှုအဟောင်းများအပေါ်၌လည်းကောင်း အသေဖြစ်ကြသောအခါ ထိုအရာများသည် ကျွန်ုပ်တို့အထဲ၌ ခြောက်သွေ့ညှိုးနွမ်း၍ လျော့ပါး

လွင့်ပျောက်သွားကြပါသည်။ ကျွန်ုပ်တို့သည် ရန်သူကိုခုခံ ဆီးတားကြသည်နှင့်အမျှ ရန်သူသည် ကျွန်ုပ်တို့ထံမှထွက်ပြေးသွားပါလိမ့်မည် (ယာကုပ် ၄း၇)။ ကျွန်ုပ်တို့၏ဖြစ်တည်မှုတစ်ခုလုံးသည် ပြောင်းလဲခြင်းခံရသည်။ ကျွန်ုပ်တို့သည် ယခင်နှင့်မတူတော့ပါ။ ကျွန်ုပ်တို့၏အသက်တာသည်ပို၍ ဖြောင့်မတ်လာပြီး ပို၍သန့်ရှင်းလာပါသည်။

ရှင်ပေါလုသည် ဤနေရာတွင် အလုပ်အကျင့်တွင်တည်မှီသော ဘာသာရေးတစ်ခုကို မြှင့်တင်အားပေးနေခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့သည် လူဟောင်း၏လမ်းစဉ်များ၌သေ၍ လူသစ်ကိုယူတင်ဝတ်ဆောင်ခြင်းတွင် ကိုယ့်ကိုယ်ကို နှိမ့်ချစွာလက်နက်ချ၍ ဆက်ကပ်အပ်နှံသောအခါ၌သာလျှင် အောင်နိုင်ခြင်းသည် ခရစ်ယာန်တစ်ယောက်၏ အသက်တာတွင်ရောက်ရှိလာမည်ဖြစ်ကြောင်း ရှင်ပေါလုကပြောပြနေခြင်းသာဖြစ်သည်။ နာခံခြင်းအားဖြင့်သာ ပြောင်းလဲခြင်းကို ကျွန်ုပ်တို့၏အသက်တာ၌ မြင်တွေ့နိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားသခင်လုပ်ဆောင်နေသောအရာနှင့်ပူးပေါင်းလုပ်ဆောင်ကြဖို့ ရှင်ပေါလုက ကျွန်ုပ်တို့ကိုခွန်အားပေးတိုက်တွန်းနေပါသည်။ စစ်မှန်သောသန့်ရှင်းခြင်းနှင့် ဖြောင့်မတ်ခြင်းသို့သွားရာလမ်းသည် ဘုရားသခင်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့က ကျွန်ုပ်တို့အထဲ၌ လုပ်ဆောင်နေသောအမှုတော်ထံ၌ လက်နက်ချ၍နာခံခြင်းကို လိုအပ်သည်။

ဤအကြောင်းကြောင့် ရှင်ပေါလုကဧဖက်အသင်းသားများအား အလွန်သတ်သတ်မှတ်မှတ်ရှိသော နည်းလမ်းအချို့ဖြင့် တိုက်တွန်းနှိုးဆော်ခဲ့သည် (၄ယ် ၂၅-၃၂)။ ပထမအနေဖြင့် သူတို့သည်မုသာစကားပြောခြင်းကို ရပ်တန့်၍အမှန်တရားကိုသာ ပြောဆိုကြရမည်ဖြစ်သည်။ ရိုးသားဖြောင့်မှန်ခြင်းသည် အသင်းတော်ငြိမ်းချမ်းစွာဖြင့် လည်ပတ်ရန်အတွက် မရှိမဖြစ်

လိုအပ်သည်။ မုသာစကားပြောခြင်းတွင် ချဲ့ကားပြောဆိုခြင်း၊ လိမ်လည်လှည့်စားခြင်း၊ မိုက်မဲသောကတိကဝတ်များ၊ မှားယွင်းသောဆင်ခြေဆင်လက်များ စသည်တို့ပါဝင်သည်။

ဒုတိယအနေဖြင့် သူတို့သည်အမျက်ဒေါသထွက်နေချိန်တွင် အပြစ်ကျူးလွန်ဖို့ စုံစမ်းနှောက်ယှက်ခံရခြင်းကို ခုခံဆီးတားကြရမည်ဖြစ်သည် (၄ယ်၂၆)။ အမျက်ဒေါသဟုဆိုရာတွင် တရားမျှတမှုမရှိခြင်းနှင့် မကောင်းမှုဒုစရိုက်ကို မုန်းတီးသောအမျက်ဒေါသရှိသကဲ့သို့၊ တစ်ကိုယ်ကောင်းဆန်သောတောင့်တမှုဆန္ဒများကို ကဖျက်ကယက်လုပ်ခံရခြင်းကြောင့် ဖြစ်ပေါ်လာသောအမျက်ဒေါသလည်းရှိသည်။ သို့သော် တရားမျှတ၍ ဖြောင့်မှန်သောအမျက်ဒေါသပင်လျှင် အလျင်အမြန်ကိုင်တွယ်ဖြေရှင်းခြင်းမရှိပါက နားကြည်းခါးသီးမှုအဖြစ်သို့ ပြောင်းလဲသွားနိုင်ပါသည်။ ရှင်ပေါလုက ဧဖက်အသင်းသားများအား ၎င်းတို့၏စိတ်နှလုံးထဲ၌လည်းကောင်း၊ ၎င်းတို့၏အသင်းတော်၌လည်းကောင်း စာတန်ကိုခြေကုပ်ယူခွင့်မရှိစေကြဖို့ ၎င်းတို့၏အမျက်ဒေါသကိုနေမဝင်မီ နေ့စဉ်ပယ်ဖျက်ကြဖို့ အကြံပေးခဲ့သည်။

စာတန်သည် နားကြည်းခါးသီးမှု (သို့) အမျက်ဒေါသကို ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ စိုက်ပျိုးခြင်းအမှုတွင် အောင်မြင်သွားသောအခါ မည်သည့်အရာများဖြစ်ပျက်မည်ကို ပြောပြဖို့မလိုပါ။ တစ်စုံတစ်ယောက်က စာတန်ကိုမိမိ၏အသက်တာထဲသို့ ဝင်ရောက်လာရန် တံခါးဖွင့်ပေးသောကြောင့် အသင်းတော်တစ်ခုလုံး ဖျက်ဆီးခြင်းခံရပါသည်။ လူတို့ကမိမိတို့၏ အမျက်ဒေါသကိုကိုင်တွယ်ဖြေရှင်းခြင်းမလုပ်ကြသောကြောင့် သက်သေခံချက်များမှာ ဖျက်ဆီးခံရပြီး၊ ယုံကြည်သူများမှာ သိုးအုပ်ထဲမှထွက်၍လမ်းလွဲသွားခဲ့ကြကာ၊ သခင်ခရစ်တော်၏နာမတော်မှာလည်း ရုပ်ရင့်ကြမ်းတမ်းစွာ စော်ကားပြောဆိုခံ

ခဲ့ရပါသည်။ ကျွန်ုပ်တို့သည် စာတန်အားဤအခွင့်အရေးကို မပေးနိုင်ပါ။ ကျွန်ုပ်တို့၏ အမျက်ဒေါသကိုကိုင်တွယ်ဖြေရှင်းခြင်းဖြင့် ကျွန်ုပ်တို့သည် စာတန်ကို တက်တက်ကြွကြွခုခံဆီးတားနိုင်ကြပါသည်။

တတိယအနေဖြင့် ဧဖက်အသင်းသားများသည် အခြားသူများ၏ ပစ္စည်းဥစ္စာများကို မတရားသဖြင့်ပြုမူခြင်းအားရပ်တန့်ကြရမည်ဖြစ်သည် (ငယ် ၂၈)။ ခိုးယူတတ်သောသူများသည် မိမိတို့၏အသက်မွေးမှုအတွက် ကိုယ်တိုင်စတင်အလုပ်လုပ်ကြရမည်ဖြစ်သည်။ ဘုရားသခင်သည် ကြိုးစား၍ ရိုးသားဖြောင့်မတ်က ဂုဏ်သိက္ခာရှိသောအလုပ်ကို ဂုဏ်ပြုပါသည်။ ထိုသို့အားဖြင့် သစ္စာစောင့်သိ၍ အလုပ်ကြိုးစားသောသူများသည် ကျိုးကြောင်းဆီလျော်မှုရှိသော ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များ ရှိနေသည့်သူများကို မျှဝေပေးကမ်းနိုင်ကြမည်ဖြစ်သည်။

စတုတ္ထအနေဖြင့် သူတို့သည် မိမိတို့၏နှုတ်ပါးစပ်မှ မသန့်ရှင်း၊ ညစ်ညူးသော စကားများပြောဆိုခြင်း၌ ငြင်းဆန်ရမည်ဖြစ်သည်(ငယ် ၂၉)။ ထိုသို့ပြုမည့်အစား၊ သူတို့သည်အခြားသူများကို ခွန်အားဖြစ်စေ၍ သမ္မာတရားနှင့် သန့်ရှင်းစင်ကြယ်ခြင်းများ၌ လမ်းပြပေးနိုင်သည့်အရာများကိုသာ ပြောဆိုကြဖို့ ခိုင်ခိုင်မာမာဆုံးဖြတ်ထားရမည်ဖြစ်သည်။ ခပ်သိမ်းသောနာကြည်းခါးသီးခြင်း၊ ဒေါသပုန်ထခြင်း၊ စိတ်ဆိုးခြင်း၊ ရန်ဖြစ်ခြင်း၊ သွားပုတ်လေလွင့်ပြောဆိုခြင်း၊ ယုတ်မာသည့်စိတ်ထားရှိခြင်းတို့ကို ကြင်နာစိတ်ရှိခြင်း၊ သနားကရုဏာစိတ်ရှိခြင်း၊ ခွင့်လွှတ်ပေးခြင်းတို့ဖြင့် အစားထိုးကြရမည်ဖြစ်သည် (ငယ် ၃၁-၃၂)။

ကျွန်ုပ်တို့သည် ဇာတိပကတိစိတ်တွင်လည်းမသေ၊ လူဟောင်း၏ လမ်းစဉ်ကိုလည်း ချွတ်ပယ်ခြင်းမရှိကြလျှင်၊ သန့်ရှင်းသောဝိညာဉ်တော်ကို

ဝမ်းနည်းပူဆွေးစေကြမည်ဖြစ်ကြောင်း အခန်းငယ် ၃၀ တွင် သတိပြုပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့သမ္မာတရားလမ်းမှ လမ်းလွဲသွားသောအခါ (သို့) သမ္မာတရားလမ်းကို ကျော်ခိုင်းသောအခါတွင် ဝမ်းနည်းပူဆွေးမှုကိုခံစားသည့် ပုဂ္ဂိုလ်တစ်ပါးဖြစ်ကြောင်း ဤကျမ်းပိုဒ်က ကျွန်ုပ်တို့ကိုပြသနေပါသည်။ သန့်ရှင်းသောဝိညာဉ်တော် ဝမ်းနည်းပူဆွေးသောအခါ ဝိညာဉ်တော်သည် မိမိ၏ကောင်းကြီးမင်္ဂလာများနှင့် လုပ်ပိုင်ခွင့်အာဏာပေးခြင်းတို့ကို ကျွန်ုပ်တို့၏အသက်တာမှ ရုပ်သိမ်းသွားပါသည်။ ဤသို့ဖြစ်ပျက်သောအခါတွင် ကျွန်ုပ်တို့၏အမှုတော်လုပ်ငန်းများမှာ အစွမ်းအစမဲ့သွားကြရသည်။ ဝိညာဉ်တော်ဝမ်းနည်းပူဆွေးသောအခါ ခရစ်ယာန်များမှာလည်း ရှုံးနိမ့်ခြင်း၌ စတင်ရှင်သန်ကြရသည်။ ဓမ္မဟောင်းကျမ်းတွင် ဣသရေလလူမျိုးများက ဘုရားသခင်ကို ဝမ်းနည်းပူဆွေးစေကြသောအခါ၊ တစ်ချိန်ချိန်တွင် ရန်သူသည် ၎င်းတို့ထံသို့ဝင်ရောက်လာပြီး ၎င်းတို့ကိုအနိုင်ယူသွားခဲ့ပါသည်။ သူတို့သည် မိမိတို့၏ရန်သူများကို အနိုင်ယူနိုင်ဖို့ အကူအညီမဲ့နေခဲ့ကြပြီး၊ ဘုရားသခင်၏မျက်မှောက်ပြုခြင်းကိုလည်း မခံစားကြရတော့ပါ။ သူတို့သည် ကျတ်တီးမြေ၌ မိုးခေါင်ခြောက်သွေ့ခြင်းနှင့်အတူ ပစ်ထားခြင်းခံခဲ့ကြရသည်။ သူတို့သည် ဘုရားသခင်ဝိညာဉ်တော်၏ကောင်းကြီးမင်္ဂလာနှင့် လုပ်ပိုင်ခွင့်အာဏာပေးခြင်းတို့ကို မိမိတို့ထံမှ နှင်ထုတ်ခဲ့ကြသောကြောင့် ဘုရားသခင်နှင့်ဆိုင်သောအရာများကို မွေ့လျော်ခြင်းမရှိနိုင်ကြတော့ပါ။

ဘုရားသခင်၏ သားသမီးများဖြစ်ကြသည့်အားလျော်စွာ ကျွန်ုပ်တို့သည်လူဟောင်းကို ပယ်ဖျက်ကြဖို့ လိုအပ်သည်။ ယခုတွင်ကျွန်ုပ်တို့သည် သခင်ခရစ်တော်၌အသစ်ပြုပြင်ထားသော သတ္တဝါများဖြစ်ကြပြီး၊ ထိုသို့ဖြစ်နေသောကြောင့် ကျွန်ုပ်တို့၏ကနဦးလမ်းစဉ်များနှင့်အညီ အသက်ရှင်၍မရတော့

ကြောင်းကို သဘောပေါက်ကြရမည်ဖြစ်သည်။ ဘုရားသခင်၏သားသမီး များအဖြစ်နှင့် ယခုတွင်ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် ရှင်သန်ခြင်း၊ ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်ခြင်းတို့၌ ကိုယ့်ကိုယ်ကို ဆက်ကပ် အပ်နှံကြရမည်ဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းတွင် ကျွန်ုပ်တို့ဘက်မှအလွန်တိကျ သေချာသော ကြိုးစားအားထုတ်မှုတစ်ခုလိုအပ်ပါသည်။ လူဟောင်း၏လမ်းစဉ် များအားပယ်ချွတ်ခြင်း၌ ကိုယ့်ကိုယ်ကိုဆက်ကပ်အပ်နှံခြင်းဖြင့် ကျွန်ုပ်တို့သည် စာတန်ကိုခုခံဆီးတား၍ ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်အား ကျွန်ုပ် တို့အသက်တာ၌အလုပ်လုပ်ဖို့ နေရာပေးကြပါသည်။

စဉ်းစားသုံးသပ်ရန်အချက်များ

- ရန်သူကို သင့်ရဲ့အတွေးအခေါ်နှင့် သင့်ရဲ့လုပ်ရပ်များ၌ဆက်၍ လွှမ်းမိုးရန် သင်ခွင့်ပြုနေသော နည်းလမ်းများရှိပါသလား။
- သခင်ယေရှုသည် သင့်ရဲ့အပြစ်များကို ခွင့်လွှတ်ပေး၍သင့်ကို ကယ်တင်ခဲ့သောအချိန်တွင် သင့်အသက်တာ၌ မည်သည့်ထူးခြား ပြောင်းလဲမှုများကို ပြုလုပ်ခဲ့ပါသနည်း။
- လောကီသဏ္ဍာန်ဆောင်ရန် စုံစမ်းနှောက်ယှက်ခံရခြင်းကို သင်မည် သည့်နည်းလမ်းများဖြင့် ခံစားနေရပါသနည်း။ သင်သည်ရန်သူ၏ အလွယ်တကူစုံစမ်းနှောက်ယှက်ခြင်းကို မည်သည့်နေရာတွင် ခံရပါ သနည်း။
- ဘုရားသခင်က ကျွန်ုပ်တို့ကိုဆင့်ခေါ်၍ ဖြစ်လာစေလိုသော သား သမီးများဖြစ်လာဖို့ ကျွန်ုပ်တို့ကြိုးစားအားထုတ်ရမည့် အရာများနှင့်

စပ်လျဉ်း၍ ဤအပိုင်းက မည်သို့သွန်သင်ပေးထားပါသနည်း။

- အလုပ်အကျင့်ကိုအမှီပြုသောဘာသာရေးတစ်ခုနှင့် ဘုရားဝတ်၌ မွေ့လျော်သော စည်းကမ်းသေဝပ်သည့် အသက်တာတစ်ခု၏ခြားနား ချက်မှာအဘယ်နည်း။

ဆုတောင်းရန်အချက်များ

- သင့်အသက်တာ၌ ရန်သူအားခြေကုပ်တစ်ခုကို ယူခွင့်ပေးခဲ့သည့် မည်သည့်နည်းလမ်းကိုမဆို ဖော်ထုတ်ပြသပေးဖို့ သခင်ဘုရားကို တောင်းလျှောက်ပါ။ ဤအရာများ၌ အောင်နိုင်ခြင်းကို သင့်အား ပေးသနားရန် တောင်းလျှောက်ပါ။
- ဘုရားသခင်သည် မိမိ၏ဝိညာဉ်တော်နှင့်လည်းကောင်း၊ သင့်အသက် တာ၌သခင်ခရစ်တော်ကို ရှာကြံလိုသောစစ်မှန်သည့် စိတ်ဆန္ဒတစ်ခု နှင့်လည်းကောင်း အသစ်တစ်ဖန်ပြည့်နေစေဖို့ တောင်းလျှောက်ပါ။
- သင့်အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏အမှုတော်ကို ဟန့်တားနှောက်ယှက်နေသည့် မည်သည့်အရာကိုမဆို သင်လိုလို လားလားဖယ်ရှားနိုင်ဖို့ ကူညီမစပေးရန် ဘုရားသခင်ကို တောင်း လျှောက်ပါ။

# ဂလာတိသြဝါဒစာ နှင့် ဖေက်သြဝါဒစာ

## ၂၁

## အလင်း၌အသက်ရှင်ခြင်း

ဧဖက် ၅း၁-၂၁ ကိုဖတ်ရှုပါ။

ရှင်ပေါလုသည် ဧဖက်အသင်းသားများအား ၎င်းတို့သည် လူဟောင်းကိုပယ်ချွတ်၍ ဘုရားသခင်၏သားသမီးများသဖွယ် အသက်ရှင်ကြရမည်ဖြစ်ကြောင်းအသိပေးခဲ့သည်။ ထို့အပြင်၊ သခင်ယေရှုကို မိမိတို့၏ကယ်တင်ပိုင်ရှင်အဖြစ် လက်မခံမီအချိန်၌ ရှိခဲ့သော၎င်းတို့၏ဝိညာဉ်ရေးအခြေအနေကိုလည်း ရှင်ပေါလုက အသိပေးခဲ့သည်။ ယခုတွင် ၎င်းတို့သည် သခင်ခရစ်တော်နှင့်စပ်ဆိုင်သောသူများဖြစ်နေကြသည့်အတွက် ၎င်းတို့၏ပြုမူလုပ်ဆောင်ပုံများသည် ဝိညာဉ်တော်၌တည်နေသော ၎င်းတို့၏အသစ်သောအသက်တာကိုရောင်ပြန်ဟပ်နေဖို့ လိုအပ်ကြောင်းပြောပြခဲ့သည်။

ဘုရားသခင်၏သားသမီးများဖြစ်ကြသည့်နည်းတူ၊ ဧဖက်အသင်းသားများသည် ကောင်းကင်ဘုံရှိ ၎င်းတို့၏ခမည်းတော်အား တုပ၍အသက်ရှင်သူများဖြစ်ကြရမည်ဖြစ်သည် (ငယ် ၁)။ ဤလောကသို့ ကြွဆင်းလာ၍ ဘုရားသခင်၏သားသမီးများအတွက် ဘုရားသခင်ထံ၌ ယဇ်ကောင်အဖြစ် အသေခံခဲ့ခြင်းဖြင့် ခမည်းတော်၏ချစ်ခြင်းမေတ္တာကို သခင်ယေရှုကိုထုတ်ဖော်ကြေညာခဲ့သကဲ့သို့၊ ဧဖက်အသင်းသားများသည်လည်း ဘုရားသခင်၏သားသမီး

များဖြစ်ကြသည့်အားလျော်စွာ ၎င်းတို့၏အသက်တာသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ရောင်ပြန်ဟပ်စေရမည်ဖြစ်သည် (၅:၂)။ သခင်ယေရှုသည် ဤလောကသို့ ကြွဆင်းလာချိန်တွင် ကိုယ်တော်သည် အသက်သေသည့်တိုင် ခမည်းတော်ထံ၌ ကိုယ့်ကိုယ်ကို လိုလိုလားလားဆက်ကပ်အပ်နှံခဲ့ပါသည်။ သခင်ခရစ်တော်၏အသေခံခြင်းသည် ကောင်းကင်ဘုံရှိ ခမည်းတော်အတွက် မွှေးကြိုင်သောရနံ့တစ်ခုဖြစ်ပြီး၊ ခမည်းတော်၏အမျက်ကို အကြွင်းမဲ့ကျေနပ်ပြေပျောက်စေခဲ့သည်။ ရှင်ပေါလုက ဧဖက်အသင်းသားများအား သခင်ယေရှုကို၎င်းတို့၏ ပုံဥပမာအဖြစ်ရယူကြဖို့ မျှော်လင့်ခဲ့သည်။ စကြဝဠာကြီး၏ အရှင်သခင်ဖြစ်တော်မူသော သခင်ယေရှုကဧဖက်အသင်းသားများအတွက် မိမိ၏အသက်တာကို အမြတ်တနိုးပေးအပ်ခဲ့လျှင် ၎င်းတို့ကလည်း ကိုယ်တော်အတွက် မည်သို့လျော့လျော့ပေါ့ပေါ့လုပ်နိုင်ခဲ့ကြမည်နည်း။

ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏ ခြေလှမ်းအတိုင်းလိုက်လျှောက်ရမည်ဖြစ်သည်။ သင်သည်သခင်ဘုရား၌တည်သော သင့်ရဲ့ညီအစ်ကိုမောင်နှမများနှင့် ဆက်ဆံရင်းနှီးမှုကို မည်သို့သရုပ်ဖော်မည်နည်း။ သင်သည်စွန့်လွှတ်အနစ်နာခံသော နေထိုင်မှုပုံစံဖြင့်အသက်ရှင်ပါသလား။ သင်သည် သခင်ယေရှုကဲ့သို့ သင့်ရဲ့လုပ်ပိုင်ခွင့်များကို အခြားသူများ၏ကောင်းရာကောင်းကျိုးအတွက် လိုလိုလားလားစွန့်လွှတ်ပေးအပ်ပါမည်လား။ ဘုရားသခင်နှင့် သင့်ရဲ့ဆက်ဆံရင်းနှီးမှု မည်သို့ရှိသနည်း။ သင်သည် ဘုရားသခင်ကိုနာခံခြင်းသည့်အနေဖြင့်သင့်အသက်တာကို လိုလိုလားလား စွန့်လွှတ်အနစ်နာခံပါမည်လား။ ဘုရားသခင်အပေါ်၌ထားရှိသော သင့်ရဲ့ချစ်ခြင်းမေတ္တာကိုပြသဖို့အလို့ငှါ သင့်အသက်တာကို သင့်ရဲ့ကယ်တင်ပိုင်ရှင်လုပ်ဆောင်သွားခဲ့သကဲ့သို့ စတေးပါမည်လား။ သင့်ရဲ့ထင်ပေါ်ကျော်ကြားမှုကို သင့်စွန့်လွှတ်ပါမည်လား။ သင်သည် ဘုရားသခင်၏နိုင်ငံတော်ကို တိုးတက်

ပြန့်ပွားလာစေရန်အတွက် သင့်ရဲ့မာန်မာနကို မျိုသိပ်ထားပါမည်လား။

ရှင်ပေါလုက ဧဖက်အသင်းသားများကို ချစ်ခြင်းမေတ္တာအား ကပြောင်းကပြန်ပြုခြင်း၏ "အရိပ်အမြွက်" တစ်ခုပင် ၎င်းတို့အလယ်၌ မရှိသင့်ကြောင်းအသိပေးခဲ့သည် (ငယ် ၃)။ တစ်နည်းအားဖြင့်ဆိုရလျှင် ယုံကြည်သူများသည် အပြစ်ဒုစရိုက်ကို လုပ်ဆောင်ခြင်းနှင့် ခပ်ဝေးဝေးတွင်နေရမည်ဖြစ်ပြီး၊ ထိုအပြစ်ဒုစရိုက်သည် ကျန်ရှိနေသောကိုယ်ခန္ဓာတစ်ခုလုံးကို မကူးစက်မီ၊ ၎င်း၏တစွန်းတစ်စကျန်ရှိနေသော လက္ခဏာကိုပင်ချက်ချင်းကိုင်တွယ်ဖြေရှင်းဖို့ရှာကြံကြရမည်ဖြစ်သည်။ အပေးအယူနည်းဖြင့်ညှိနှိုင်းကြသော ဤခေတ်ကာလကြီးရှိ အသင်းတော်သည် ဤကျမ်းပိုဒ်ကိုအလေးအနက်ထားဖို့လိုအပ်သည်။ ကျွန်ုပ်တို့သည် ဤလောကကြီးနှင့်လည်းကောင်း၊ ၎င်း၏တောင့်တမှုများနှင့်လည်းကောင်း ပရောပရည်လုပ်နေ၍မရပါ။ ကျွန်ုပ်တို့သည် မကောင်းမှုဒုစရိုက်၏ အသေးငယ်ဆုံးသော အထောက်အထားမှပင် ပြေးရှောင်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုသို့ကျော့ခိုင်း၍ပြေးထွက်မသွားမီ၌ တစ်ချက်ဝေ့ကြည့်ရန် (သို့) တစ်ရစ်ဝဲဝဲလုပ်နေရန် အဘယ်မျှစုံစမ်းခံရပါသနည်း။ ရှင်ပေါလုက ယုံကြည်သူများသည် အပြစ်ဒုစရိုက်၏အရိပ်အမြွက်ကလေးကိုပင် တွေ့လိုက်ရသည်နှင့် ပြေးရှောင်ကြရမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ကိုပြောပြနေပါသည်။

ရှင်ပေါလုက ဧဖက်အသင်းသားများ သတိထားရမည့် အပြစ်ဒုစရိုက်အချို့ကိုအခန်းငယ် ၃-၅ တွင်စာရင်းပြုစုထားပါသည်။ သူတို့ကိုမတရားသောမေထုန်၌မှီဝဲခြင်း၊ ခပ်သိမ်းသော ညစ်ညူးခြင်းတို့၏ အရိပ်အမြွက်မှ ပြေးရှောင်ကြဖို့ စိန်ခေါ်ခဲ့သည်။ ဤအရာတွင် ကာမဂုဏ်ဖောက်ပြန်ခြင်းအပြစ်၏ပုံစံအားလုံးပါဝင်သည်။ အိမ်ထောင်ရေးတွင် သစ္စာမရှိခြင်း၊ လက်မထပ်မီ ကာမဂုဏ်ဆက်ဆံခြင်း၊ ညစ်ညမ်းရုပ်ရှင်စာပေစသည်တို့

အားလုံးသည် ဤအပြစ်ဒုစရိုက်အမျိုးအစားတွင် ပါဝင်နေကြသည်။

မကောင်းမှုဒုစရိုက်သည် လောဘလွန်ကျူးခြင်းနှင့် နီးကပ်စွာပတ်သက်နေသည်(ငယ်၃)။ လောဘလွန်ကျူးခြင်းသည် ဥစ္စာပိုင်ဆိုင်မှုအတွက် မကောင်းသောတပ်မက်မှုတစ်ခုဖြစ်သည်။ သခင်ဘုရားက ကျွန်ုပ်တို့အားပေးသနားထားသောအရာများကို ခံစားမွေ့လျော်ခြင်းသည် မှားယွင်းသောအရာမဟုတ်သော်လည်း ထိုကောင်းသောအရာများကို ခံစားမွေ့လျော်ခြင်းက တပ်မက်မှုအဖြစ်သို့ ပြောင်းလဲသွားသောအချိန်များလည်းရှိသည်။ ဤအချိန်မျိုးတွင် ကျွန်ုပ်တို့၏ ဥစ္စာပိုင်ဆိုင်မှုများကို တင်းတင်းကျပ်ကျပ်စတင်ဖက်တွယ်ဆုပ်ကိုင်ထားကြသည်။ ဤလောကရှိ ပစ္စည်းဥစ္စာများကို ရှာဖွေစုဆောင်းခြင်းသည်လည်း ထိုရှာဖွေစုဆောင်းခြင်းသက်သက်အတွက်သာဖြစ်လာသည်။ ဘုရားသခင်က ကျွန်ုပ်တို့ကို ပေးသနားထားသောအရာများနှင့် မကျေနပ်မတင်းတိမ်နိုင်ကြတော့ပါ။ ပို၍ပို၍လိုချင်လာကြသည်။ တစ်ခါတစ်ရံတွင် ဥစ္စာပိုင်ဆိုင်မှုများကို ကျွန်ုပ်တို့တောင့်တတပ်မက်ခြင်းက ကျွန်ုပ်တို့ကို မှန်ကန်သောအရာ အားလုပ်ဆောင်ခြင်းမှ ဆီးတားတတ်ပါသည်။ ကျွန်ုပ်တို့သည် ဥစ္စာပစ္စည်းနောက်ကောက်ကောက်ပါအောင်လိုက်ခြင်း၌ ဆွဲဆောင်သိမ်းသွင်းခံရသောအခါ ကျွန်ုပ်တို့၏အသက်တာရှိအခြားသူများလည်း စတင်ဒုက္ခရောက်ကောင်းရောက်ကြပါလိမ့်မည်။ ဥစ္စာပစ္စည်းပိုင်ဆိုင်ခြင်းကို ဦးစားပေးသောကျွန်ုပ်တို့၏လူ့အဖွဲ့အစည်းကြီးတွင် ကျွန်ုပ်တို့၌လုံလုံလောက်လောက်ပိုင်ဆိုင်ထားသောအချိန်၌ပင် ပို၍လိုချင်တောင့်တမှုနောက်သို့လိုက်ခြင်း၌ ပါဝင်ပတ်သက်မိသွားရန်မှာ အဘယ်မျှလွယ်ကူပါသနည်း။

ရှင်ပေါလုသည် နှုတ်လျှာဖြင့် ပြုမိသောအပြစ်ဒုစရိုက်အကြောင်းပြောဆိုခြင်းသို့ ဆက်လက်ကူးပြောင်းခဲ့သည် (ငယ် ၄)။ ကျွန်ုပ်တို့သည်

ညစ်ညမ်းသော ဆဲရေးတိုင်းထွာခြင်းများ၊ မိုက်မဲသောအပြောအဆိုများ၊ နောက်ပြောင်၍ ပြက်ရယ်ပြုသောစကားများ၏ အရိပ်အမြွက်တို့မှပင် ရှောင်ကြရပါမည်။ ဤအရာများအားလုံးသည် ယုံကြည်သူများ၏အသက်တာ၌ နေရာမရှိပါ။ မယုံကြည်သူများက အပြစ်တရားနှင့်ကောင်းမှုဒုစရိုက်များအား ကြည့်၍ရယ်မောနေကြသည်ကို ကျွန်ုပ်တို့မည်သို့ မကြာခဏမြင်တွေ့နေရပါသနည်း။ ကျွန်ုပ်တို့လုပ်ငန်းခွင်များနှင့် ကျောင်းများတွင် ကိုယ်ကျင့်တရားစောင့်စည်းမှုမရှိသော ဟာသပြက်လုံးများ မည်မျှလည်းပတ်ပျံ့နှံ့နေပါသနည်း။ အပြစ်ဒုစရိုက်သည် ရယ်စရာကိစ္စမဟုတ်ပါ။ ကိုယ်ကျင့်တရားဖောက်ပြန်ခြင်းနှင့် တပ်မက်ခြင်းတို့သည် သရော်မော်ကားပြုရမည့်အရာများမဟုတ်ကြပါ။ လောဘလွန်ကျူးခြင်းနှင့် လိုချင်စိတ်ပြင်းပြခြင်းတို့သည် ဘုရားသခင်၏ရှေ့တွင် အလွန်ဆိုးဝါးသောအရာများဖြစ်ကြပြီး၊ ဤအပြစ်ဒုစရိုက်များအားလက်တွေ့လုပ်ဆောင်ခြင်းကို ဟာသလုပ်ပြက်ရယ်ပြုခြင်းသည် ၎င်းတို့ကိုရွံ့ရှာမုန်းတီးတော်မူသော ဘုရားသခင်အား ပြက်ရယ်ပြုခြင်းသာဖြစ်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့ကို ဤအလေ့အကျင့်များမှ ဖြေလွှတ်ပေးဖို့ကိုယ်တိုင်အသေခံရန် ကြွဆင်းလာခဲ့သည်ကိုသတိရပါ။ ဤအပြစ်ဒုစရိုက်များကြောင့် ဘုရားသခင်၏စိတ်နှလုံးကြေကွဲရသကဲ့သို့ ယုံကြည်သူ၏စိတ်နှလုံးသည်လည်း ကြေကွဲရပါသည်။ အပြစ်ဒုစရိုက်ကို ဟာသလုပ်ပြက်ရယ်ပြုသောသင့်နှုတ်ပါးစပ်မှထွက်လာ သောစကားလုံးများသည် ဘုရားသခင်၏ဝိညာဉ်တော်ထံမှလာသော စကားလုံးများမဟုတ်ကြောင်း သေချာသိထားပါ။

ယုံကြည်သူပြောသောစကားလုံးများသည် ကျေးဇူးတော်ချီးမွမ်းခြင်းဆားနှင့်အရသာခတ်ထားသော စကားလုံးများဖြစ်ရမည်ဖြစ်သည် (ငယ် ၄)။ ယုံကြည်သူပြောသမျှသောအရာများသည် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာများအတွက် ဘုရားသခင်ကိုကျေးဇူးတင်ခြင်းနှင့်ချီးမွမ်းခြင်းစိတ်နှလုံးမှ

ထွက်လာသောအရာများဖြစ်ရမည်။ သင်ပြောဆိုသောစကားလုံးများသည် ချစ်ခြင်းမေတ္တာနှလုံးသားမှလာ၍ သန့်ရှင်းစင်ကြယ်သော ကျေးဇူးတင်ခြင်း၊ ချီးမွမ်းခြင်းတို့နှင့် ပြည့်နေပါသလား။

ရှင်ပေါလုက ဧဖက်အသင်းသားများအား အကျင့်စာရိတ္တဖောက်ပြန်သောသူ (သို့) မစင်ကြယ်သောသူ (သို့) လောဘလွန်ကျူးသောသူသည် ဘုရားသခင်၏ နိုင်ငံတော်တွင်နေရာမရှိကြောင်း အသိပေးခဲ့သည် (ငယ် ၅)။ ဤအပြစ်ဒုစရိုက်များနှင့် ၎င်းတို့ကိုကျင့်ကြံသောသူများအတွက် ဘုရားသခင်၏နိုင်ငံတော်တွင် နေရာမရှိပါ။ ဤကျင့်ကြံမှုများ၌ မိမိတို့၏စိတ်နှလုံးများကိုပေးအပ်ထားသောသူများက ၎င်းတို့သည်ဘုရားသခင်နှင့် မစပ်ဆိုင်ကြကြောင်းကိုသက်သေပြနေကြပါသည်။ ဘုရားသခင်နှင့်စပ်ဆိုင်သောသူများသည် ဤလုပ်ရပ်များအားပြုလုပ်ရသည်ကို ရှက်ကြသည်။

ကျွန်ုပ်တို့၏အသက်တာများသည် လောကီသာယာမှုများနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများနောက်သို့လိုက်ခြင်းနှင့်သာဖွဲ့စည်းထားလျှင် ကျွန်ုပ်တို့သည် ဘုရားနှင့်စပ်ဆိုင်ပါသည်ဟူသော မည်သည့်သက်သေကို ရှိထားကြပါသနည်း။ ဘုရားသခင်နှင့်စပ်ဆိုင်သောသူများသည် အသက်တာ၌အပြောင်းအလဲတစ်ခုကိုကြုံတွေ့ခံစားခဲ့ကြသည်။ ကျွန်ုပ်တို့ကိုဤအပြစ်ဒုစရိုက်များမှ ဖြေလွှတ်ပေးဖို့ သခင်ယေရှုဆင်းကြွလာခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့အထဲ၌ရှိသော ကိုယ်တော်၏ဝိညာဉ်တော်က ဤအပြစ်များကိုဖေါ်ပြပေးသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် စက်ဆုပ်ရွံ့ရှာဖွယ်ဖြစ်သောအရာများ၏ တွန်းလှန်မောင်းထုတ်ခြင်းကို ခံရသင့်သည်။ ယခုဘဝရှိပစ္စည်းဥစ္စာပိုင်ဆိုင်မှုများနှင့် သာယာမှုများကိုဘုရားတစ်ဆူအဖြစ် ဖန်တီးထားခြင်းသည် ရုပ်တုကိုးကွယ်ခြင်းသာဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားနှစ်ဆူကိုမခစားနိုင်ပါ။ ဤလောကီဘုရားကိုခစားနေကြလျှင် စစ်မှန်သောဘုရားကို မခစားခြင်းပင်ဖြစ်သည်။

အပြစ်ဒုစရိုက်အား တရားစီရင်ခြင်းနှင့် ပတ်သက်၍ရှင်ပေါလု သွန်သင်ပေးသော သမ္မာတရားကို လေးနက်မှုလျော့သွားရန် နုတ်ပယ်တည်း ဖြတ်ဖို့ ကြိုးစားနေသောသူများရှိခဲ့ကြသည်ဟု ထင်မှတ်ရသည် (ငယ် ၆)။ ရှင်ပေါလုက ဧဖက်အသင်းသားများအား နှုတ်ကပတ်တော်၏ သမ္မာတရားကို လျစ်လျူရှု၍ မနာခံခြင်း၌ရှင်သန်ခဲ့သောသူများအပေါ်တွင် ဘုရားသခင်၏ အမျက်တော်ကျရောက်ခဲ့မည့်အကြောင်း အသိပေးခဲ့သည်။ ဧဖက်အသင်း သားများသည် မည်သည့်ကောက်ကျစ်စဉ်းလဲခြင်းတွင်မျှ မပါဝင်ရန်ဖြစ်သည်။

ကျွန်ုပ်တို့၏နိုင်ငံမှ အသင်းတော်များတွင်ပင် ကိုယ်ကျင့်သိက္ခာတရား၊ ဘုရားဝတ်၌မွေ့လျော်ခြင်းတို့နှင့် စပ်ဆိုင်သောအခြေခံသမ္မာတရားများကို လေးနက်မှုလျော့သွားရန် နုတ်ပယ်တည်းဖြတ်နေမှုကို ကျွန်ုပ်တို့မြင်တွေ့နေကြ ရသည်။ ကျွန်ုပ်တို့၏အနီးပတ်ဝန်းကျင်၌ လုပ်ဆောင်နေကြသည့်အတိုင်း ကျွန်ုပ်တို့၏ စံချိန်စံညွှန်းများကို လျော့ချဖို့ မကြိုးစားသင့်ပါ။ အခန်းငယ် ၇ တွင် ရှင်ပေါလုကဧဖက်အသင်းသားများအား ဘုရားသခင့်နှုတ်ကပတ်တော် ၏ အခြေခံစည်းမျဉ်းဥပဒေသများကို အာခံဖီဆန်သောသူများနှင့် မပတ် သက်ကြဖို့ပြောခဲ့သည်။

ရှင်ပေါလုက သူတို့ကိုအမှောင်၌ ဆက်လက်၍အသက်မရှင်ကြဖို့ ပြောခဲ့သည် (ငယ် ၈)။ သခင်ယေရှုသည် သူတို့ကိုအမှောင်လောကထဲမှ ဖြေ လွှတ်ပေးခဲ့ပြီးဖြစ်သည်။ သူတို့သည် သခင်ဘုရား၏သားသမီးများသဖွယ် အသက်ရှင်၍ အလုံးစုံသောကောင်းမွန်ခြင်း၊ ဖြောင့်မတ်ခြင်း၊ သစ္စာစောင့်ခြင်း တည်းဟူသောအလင်း၏အသီးကို အသက်တာ၌ထင်ရှားစေကြရမည်ဖြစ် သည်။ တစ်စုံတစ်ခုသည် အလုံးစုံသောကောင်းမွန်ခြင်း၊ ဖြောင့်မတ်ခြင်း၊ သစ္စာ စောင့်ခြင်း စာမေးပွဲကိုမအောင်လျှင်၊ ကျွန်ုပ်တို့သည်ထိုအရာထံမှ ပြေး

ရှောင်၍၊ ထိုအရာကိုရန်သူထံမှလာသောအရာအဖြစ် ဖော်ထုတ်ကြရမည်ဖြစ်သည် (ငယ်၁၁)။ ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်ထံမှ ပြေးရှောင်ရမည်ဖြစ်ပြီး၊ ကယ်တင်ခြင်းကို လိုအပ်နေသောအပြစ်သားထံမှ ပြေးရှောင်ရမည်မဟုတ်ပါ။

အခန်းငယ် ၁၂ တွင်ရှင်ပေါလုက ဧဖက်အသင်းသားများအား ကောက်ကျစ်စဉ်းလဲသောသူများက ဆိတ်ကွယ်ရာ၌ပြုလုပ်သောအရာများအကြောင်းကို ပြောဆိုခြင်းသည်ပင်လျှင် ရှက်ဖွယ်သောအရာဖြစ်ကြောင်းပြောပြခဲ့သည်။ ရှင်ပေါလုက ဧဖက်အသင်းသားများအား ၎င်းတို့သည် အပြစ်နှင့်မကောင်းမှုဒုစရိုက်များအကြောင်းကို ဟာသလုပ်ပြက်ရယ်ပြုရန်မဟုတ်ကြောင်းကို အခန်းငယ် ၄ တွင်ပြောပြခဲ့ပြီးဖြစ်သည်။ ဤအခန်းငယ် ၁၂ တွင် သူတို့သည် ဘုရားမဲ့တရားမဲ့သောလောက၌ ကျင့်ကြံကြသောမကောင်းမှုဒုစရိုက်များအကြောင်းကို ပြောဆိုခြင်းအား ရှောင်ရှားသင့်ကြောင်း ပြောခဲ့သည်။ ထိုဒုစရိုက်အမှုများအကြောင်းကိုပြောဆိုခြင်းသည် ထိုအရာများကိုတရစ်ဝဲဝဲနေ၍အာရုံစူးစိုက်မှုရလာခြင်းသာဖြစ်သည်။

ယုံကြည်သူများသည် အပြစ်သားများက ဆိတ်ကွယ်ရာ၌ပြုလုပ်သောအရာနှင့်ဆိုင်သည့်အတွေးများ၊ ပုံလွှာများအားဖြင့် မိမိတို့၏စိတ်ကို မညစ်ညူးစေသင့်ကြောင်း ရှင်ပေါလုကပြောပြနေပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်သာစပ်ဆိုင်ကြသည်။ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာသည် ကိုယ်တော်ရှင်၏ဗိမာန်တော်ဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်က ထိုကဲ့သို့သောဒုစရိုက်အမှုများ၌ အာရုံရောက်သွားခြင်းကို ခွင့်မပြုသင့်ပါ။ ထိုအရာများသည် ဇာတိပကတိနှင့်ဆိုင်သောအရာများဖြစ်၍ နတ်ဆိုး၏စေ့ဆော်ခြင်းကို ခံထားရသောအရာများအဖြစ်နှင့် အသိအမှတ်ပြုဝန်ခံ၍ ၎င်းတို့ထံမှပြေးရှောင်ကြရမည်ဖြစ်သည်။

ရှင်ပေါလုက ဧဖက်အသင်းသားများအား အရာခပ်သိမ်းတို့ကို ဘုရားသခင်၏အလင်းတော်ဆီသို့ဆောင်ယူလာကြဖို့ ပြောခဲ့သည် (ငယ် ၁၃)။ မှောင်မိုက်၏အသီးကို ဘုရားသခင့်နှုတ်ကပတ်တော်၏အလင်း၌ ဖော်ထုတ်သောအခါ ၎င်းသည်သိသာထင်ရှားလာပါသည် (ငယ် ၁၄)။ တစ်နေ့တွင် ဘုရားသခင်က အရာခပ်သိမ်းကိုမြင်သာသိသာလာစေမည်ဖြစ်ပြီး၊ အပြစ်ဒုစရိုက်၏လျှို့ဝှက်ချက်များကို ဖော်ထုတ်ပါလိမ့်မည်။ ရှင်ပေါလုက ဧဖက်မြို့မှယုံကြည်သူများအား ဘုရားမဲ့တရားမဲ့သောအသက်တာ ရှင်သန်ပုံများကို သတိပြုမိလာ၍ ၎င်းတို့၏စိတ်နှလုံးအမှောင်မှ လျှို့ဝှက်နေရာများ အပေါ်၌ သခင်ခရစ်တော်၏အလင်းကို ထွန်းလင်းတောက်ပစေကြရန် စိန်ခေါ်ခဲ့သည်။

ဤစိန်ခေါ်ချက်သည် ယနေ့ခေတ်ကာလမှ ကျွန်ုပ်တို့နှင့်လည်း သက်ဆိုင်ပါသည်။ ကျွန်ုပ်တို့၏အသက်တာများ၌ မှောင်မိုက်ခြင်းမည်မျှကို ဝင်ရောက်ခွင့်ပြုနေခဲ့ကြောင်း အမှန်တရား၌နိုးထလာကြဖို့ ကျွန်ုပ်တို့ အဘယ်မျှလိုအပ်ပါသနည်း။ ကျွန်ုပ်တို့မည်သို့အသက်ရှင်ကြ၍ ကျွန်ုပ်တို့၏အချိန်အားမည်သို့အသုံးပြုနေကြသည်ကို ဆန်းစစ်ကြဖို့ ရှင်ပေါလုက ကျွန်ုပ်တို့ကိုသတိပေးထားသည်။ ဤလောကကြီး၏ မတည်မြဲသောအရာများအပေါ်၌ ကျွန်ုပ်တို့၏အချိန်နာရီမည်မျှကို ဖြုန်းတီးနေကြပါသနည်း။ ညစ်ညမ်းသော အတွေးများကို ကျွန်ုပ်တို့၏စိတ်များ၌ ဖြည့်သွင်းရာတွင် အချိန်မည်မျှကျွန်ုပ်တို့ အသုံးပြုကြပါသနည်း။ ကျွန်ုပ်တို့အသက်ရှင်သော ခေတ်ကာလသည် ဆိုးယုတ်သောခေတ်ကာလဖြစ်သည် (ငယ် ၁၆)။ စာတန်၏မှောင်မိုက်ခြင်းသည် ယုံကြည်သူများ၏အသက်တာကိုပင် ထိုးဖောက်ဝင်ရောက်နေကြပါသည်။ ဤအချိန်သည် အရေးယူဆောင်ရွက်မှုကိုလုပ်၍ သခင်ခရစ်တော်၏အလင်းတော်၌ ခိုင်ခံ့စွာရပ်တည်ကြရမည့်အချိန်ဖြစ်သည်။ ဤအချိန်သည် ဘုရားသခင်၏သမ္မာတရားနှင့်

လည်းကောင်း၊ ချစ်ခြင်းမေတ္တာနှင့်လည်းကောင်း ကျွန်ုပ်တို့၏နှလုံးသားနှင့် ကျွန်ုပ်တို့၏စိတ်ကို အင်အားဖြည့်တင်းကြရမည့်အချိန်ဖြစ်သည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့သည် အမှောင်၏ဖုံးလွှမ်းခြင်းကို ဆန့်ကျင်ရပ်တည်နိုင်ကြမည်ဖြစ်သည်။ ဘဝသည်အလွန်တိုတောင်းသောကြောင့် ကျွန်ုပ်တို့သည် ဝတ်ပြုကိုးကွယ်ခြင်းနှင့် အစေခံခြင်းတို့အတွက် ရသမျှအခွင့်အရေးကို ရယူကြရမည်ဖြစ်သည်။

ယုံကြည်သူများသည် မိမိတို့၏စိတ်နှလုံးသားများကို သမ္မာတရား၏အလင်းနှင့်မည်သို့ပြည့်စေနိုင်ကြောင်းနှင့်စပ်လျဉ်း၍ အကြံပြုချက်အချို့ကို ရှင်ပေါလုက အခန်းငယ် ၁၇-၂၀ တွင်ပေးထားသည်။ ပထမအနေဖြင့် ရှင်ပေါလုက စပျစ်ရည်နှင့်ယစ်မူးခြင်းကိုရှောင်ပြီး၊ ဘုရားသခင့်ဝိညာဉ်တော်နှင့်ပြည့်စုံ၍ ထိုဝိညာဉ်တော်၏ထိန်းချုပ်ခြင်းကို ခံယူကြဖို့ပြောခဲ့သည် (ငယ် ၁၈)။ သင့်အသက်တာ၏ ကဏ္ဍအသီးသီးအား ဘုရားသခင်၏ဝိညာဉ်တော်ကို ထိန်းချုပ်စေပြီး၊ မျက်မှောက်တော်တွင် ကိုယ့်ကိုယ်ကိုသတိရှိရှိအသက်ရှင်ပါ။ ဝိညာဉ်တော်ကို ဝမ်းမနည်းပါစေနှင့်။ ဝိညာဉ်တော်၏ လမ်းပြခြင်းနှင့် ဦးဆောင်ခြင်း၌ အညံ့ခံအပ်နှံရန်သင်ယူဖို့ သမ္မာကျမ်းစာကို ဖတ်ရှုခြင်းဖြင့် ဝိညာဉ်တော်၏အသံတော်သည် မည်သည့်အရာနှင့်တူသည်ကို သင်ယူပါ။ ညစ်ညမ်းသောအတွေးများအားလုံးကို အောင်နိုင်ရန်အတွက်လည်းကောင်း၊ ကောင်းမှုအမျိုးမျိုးအတွက် စေ့ဆော်ပေးရန်အတွက်လည်းကောင်း ဝိညာဉ်တော်၏တန်ခိုးတော်အပေါ်၌ မှီခိုအားထားပါ။ သင့်အသက်တာ၏ အစိတ်အပိုင်းအသီးသီး၌ ဝိညာဉ်တော်၏အလင်းနှင့် သမ္မာတရားကိုဆီးကြိုပါ။

ဒုတိယအနေဖြင့် ရှင်ပေါလုကဧဖက်အသင်းသားများအား အချင်းချင်းတစ်ယောက်ကိုတစ်ယောက် ဆာလံသီချင်း၊ ဓမ္မသီချင်း၊ ဝိညာဉ်ရေး

သီချင်းများနှင့် ပြောဆိုဖတ်ရွတ်ကြရန်ပြောခဲ့သည် (ငယ် ၁၉)။ သန့်ရှင်းသော ဝိညာဉ်တော်က သင့်အသက်တာကို ထိန်းချုပ်သောအခါ သင်သည်ဝမ်းမြောက်နေပါလိမ့်မည်။ သင့်ကိုယ်ကိုသင် အခြားသောယုံကြည်သူများနှင့် ဝန်းရံစေ၍ သူတို့နှင့်အတူ တစ်ဆူတည်းသောစစ်မှန်တော်မူသည့် ဘုရားသခင်ကို ကိုယ်တော်ရှင်၏ ကျေးဇူးတော်၊ ချစ်ခြင်းမေတ္တာနှင့် ကယ်တင်ခြင်းတို့အတွက် ချီးမွမ်း၍ ကျေးဇူးတင်ပါ။ သင့်စိတ်နှလုံးကို ဘုရားသခင်အား ချီးမွမ်းခြင်းနှင့် ပြည့်စေ၍ မှောင်မိုက်၏ဆိုးညစ်သောအတွေးများကို မောင်းထုတ်ပါ။ သင့်စိတ်နှင့်နှုတ်ပါးစပ်တို့ကို ဘုရားသခင်အား သန့်ရှင်းသောကိုးကွယ်ခြင်းနှင့် ချီးမွမ်းခြင်းတို့ဖြင့် ပြည့်နေစေပါ။

တတိယအနေဖြင့်၊ သင့်အသက်တာ၌ရောက်ရှိလာသော အရာခပ်သိမ်းအတွက် ဘုရားသခင်ထာဝရဘုရားကို ကျေးဇူးတင်ပါ (ငယ် ၂၀)။ ဝိညာဉ်တော်သည် သင့်အသက်တာကိုထိန်းချုပ်သောအခါ သင်သည် ကျေးဇူးတင်စိတ်များနှင့် ပြည့်နေပါလိမ့်မည်။ တိုင်တန်းခြင်း၊ ငြီးတွားခြင်း တို့ကိုရပ်တန့်ပါ။ သင့်အသက်တာ၌ အရာခပ်သိမ်းကိုကောင်းကျိုးအတွက် အသုံးပြုမည်ဟု ဘုရားသခင်ကကတိပေးခဲ့ကြောင်းကို သတိရပါ။ ရန်သူကို သင့်စိတ်ထဲ၌ အပျက်သဘောဆောင်၍ ခါးသီးသောအတွေးများနှင့်ပြည့်နေစေခွင့်ကို မပေးပါနှင့်။ ဘုရားသခင်၏ကောင်းမြတ်ခြင်းကို သံသယမဖြစ်ပါနှင့်။ ထိုအစား ကျေးဇူးသိတတ်ပါ။ အခက်ခဲဆုံးအချိန်များ၌ပင် ကျေးဇူးတင်တတ်သော စိတ်သဘောထားကို ပျိုးထောင်ပါ။ ရန်သူ၏စိတ်ဆန္ဒမှာ သင့်ကိုသံသယနှင့် စိတ်ပျက်အားငယ်ခြင်းအမှောင်တို့၌ ထိုးကျသွားစေရန်ဖြစ်သည်။ ထိုသို့ အဖြစ်မခံပါနှင့်။ ဤမှောင်မိုက်ခြင်းကို ဘုရားသခင်အားကျေးဇူးတင်ခြင်းနှင့် ချီးမွမ်းခြင်းအလင်းဖြင့် တိုက်ထုတ်ပါ။ ဘုရားသခင် အပေါ်၌

စိတ်ချယုံကြည်နေ၍ ကိုယ်တော်ရှင်၏အကြံအစည်ကို ကိုးစားပါ။

နောက်ဆုံးအနေဖြင့် သခင်ခရစ်တော်ကို ကြည်ညိုလေးစားခြင်းကြောင့် တစ်ဦးကိုတစ်ဦးကျိုးနွံအပ်နှံခြင်းဖြင့် မှောင်မိုက်ကိုခုခံဆီးတားပါ။ ဝိညာဉ်တော်သည် သင့်အသက်တာကို ထိန်းချုပ်သောအခါတွင် သင်သည် ဆက်ဆံရင်းနှီးမှုများ၌ နှိမ့်ချခြင်းရှိပါလိမ့်မည်။ မှောင်မိုက်ကို ယှဉ်ပြိုင်တိုက်လှန်ရာတွင် သင်တစ်ဦးတစ်ယောက်တည်းမဟုတ်ပါ။ ဘုရားသခင်က သင့်ကို မိမိမိသားစု၏ အစိတ်အပိုင်းအဖြစ် ဖန်တီးခဲ့ပြီးဖြစ်သည်။ ဤမိသားစု၏ မိသားစုဝင်တစ်ဦးဖြစ်သည့် အားလျော်စွာ သင်သည်အခြားသူများကို ဂရုစိုက်စောင့်ကြည့်ပေးရပါမည်။ သင့်ရဲ့ညီအစ်ကိုမောင်နှမတစ်ယောက်ယောက်က မှောင်မိုက်ခြင်းနှင့်ပတ်သက်၍ သင့်ကိုသတိပေးသောအခါ နားထောင်ပါ။ ညီအစ်ကိုမောင်နှမတစ်ယောက်ယောက်၏ သတိပေးချက်များကို နားမထောင်နိုင်ရနိုင်ရလောက်အောင် မာနမကြီးပါနှင့်။ အခြားသူများ၏ ကောင်းရာကောင်းကျိုးအတွက်လည်းကောင်း၊ ဘုရားသခင်၏ဘုန်းတော်အတွက်လည်းကောင်း သခင်ခရစ်တော်ပြုခဲ့သကဲ့သို့ သင့်အသက်တာကို ဆက်ကပ်အပ်နှံပါ။

စဉ်းစားသုံးသပ်ရန်အချက်များ

- သင့်အတွေးအခေါ်များနှင့် လုပ်ဆောင်ချက်များအထဲသို့ လောကီမှောင်မိုက်ကို တဖြည်းဖြည်းစိမ့်ဝင်သွားစေသော အသက်တာ အစိတ်အပိုင်းများရှိပါသလား။ ထိုအစိတ်အပိုင်းများမှာ မည်သည့်အရာများဖြစ်ကြသနည်း။
- သင့်တို့၏စိတ်နှလုံးများနှင့် အသင်းတော်များထဲသို့ဝင်ရောက်ဖို့ ရှာကြံနေသောဤလောကီမှောင်မိုက်ကို ယုံကြည်သူများအဖြစ်နှင့်

တိုက်လှန်ရန်တစ်ဦးကိုတစ်ဦး ကူညီပံ့ပိုးပေးနိုင်ကြပါသနည်း။

- သင်စကားပြောဆိုပုံကို စစ်ဆေးရန်အချိန်အနည်းငယ်ယူပါ။ သင်သည်ကျေးဇူးတင်၍ ချီးမွမ်းသောစိတ်နှလုံးမှ ပြောဆိုပါသလား။
- အပြစ်ဒုစရိုက်၌ အချိန်တခဏတရစ်ဝဲဝဲလုပ်နေကြောင်း သင့်ကိုသင်မြင်တွေ့ခဲ့ရဖူးပါသလား။ ဤအရာနှင့်စပ်လျဉ်း၍ ရှင်ပေါလုက ဤကျမ်းချက်တွင် မည်သို့ပြောဆိုထားပါသနည်း။

ဆုတောင်းရန်အချက်များ

- သခင်ဘုရားသည် မိမိ၏စိတ်နှလုံးကို သင့်အားပို၍ပေးသနားရန်တောင်းလျှောက်ပါ။ အပြစ်ဒုစရိုက်ကို ဘုရားသခင်ရှုမြင်သည့်အတိုင်း သင်ရှုမြင်နိုင်ရန် ကူညီမစပေးဖို့တောင်းလျှောက်ပါ။
- ဤလောကီနှင့်ဆိုင်သောအရာများနောက်သို့ လိုက်နေခြင်း၌စိတ်ပါဝင်စားသွားသော ယုံကြည်သူတစ်ယောက်ယောက်ကို သင်သိပါသလား။ ယခုအချိန်အနည်းငယ်ယူ၍ သခင်ဘုရားသည် ဤပုဂ္ဂိုလ်ကိုဖြေလွှတ်ပေးမည့်အကြောင်း ဆုတောင်းပါ။
- သင့်ရဲ့စိတ်နှင့် နှလုံးသားကို နှုတ်ကပတ်တော်၏အလင်းနှင့် သင်ပြည့်စေနိုင်မည့်အကြောင်း သင့်ရဲ့အချိန်နာရီများကို အကျိုးရှိရှိအသုံးပြုနိုင်ဖို့ ကူညီမစပေးရန် သခင်ဘုရားကိုတောင်းလျှောက်ပါ။
- အပြစ်နှင့်မကောင်းမှုဒုစရိုက်တို့အား ယှဉ်ပြိုင်တိုက်လှန်ရာ၌ ကူညီပံ့ပိုးပေးနိုင်ကြသည့် သခင်ခရစ်တော်၌တည်သော ညီအစ်ကိုမောင်နှမများအတွက် ဘုရားသခင်ကို ကျေးဇူးတင်ချီးမွမ်းပါ။

# ဂလာတိသြဝါဒစာ နှင့် ဖေက်သြဝါဒစာ

## ၂၂

## လင်နှင့်မယား

ဖေက် ၅း၂၂-၃၃ ကိုဖတ်ရှုပါ။

ဤနောက်တစ်ပိုင်းတွင် ရှင်ပေါလုကမိမိ၏အာရုံစူးစိုက်မှုကို လင်နှင့်မယားတို့၏ ဆက်ဆံရင်းနှီးမှုဆီသို့ ဦးတည်ခဲ့သည်။ အိမ်ထောင်ရေးနှင့်ပတ်သက်၍ ရှင်ပေါလုကဤနေရာ၌ လိပ်မူရေးသားထားသော ယေဘုယျအခြေခံစည်းမျဉ်းဥပဒေသများကို စဉ်းစားသုံးသပ်ကြည့်ကြပါစို့။

*အချင်းမိန်းမတို့ ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကို ဝန်ခံကြလော့ (ငယ် ၂၂-၂၄)*

ကျွန်ုပ်တို့၏ခေတ်ကာလတွင် ဤ "ဝန်ခံလော့" ဟူသောစကားလုံး၌ အဓိပ္ပါယ်ဖွင့်ဆိုချက်အမျိုးမျိုးရှိနေသည်။ ဤစကားလုံးသည် ခေတ်ကာလတစ်လျှောက်လုံးတွင် ယောကျ်ားများ၏ တလွဲအသုံးပြုခြင်းကို ခံခဲ့ရသည်။ ရှင်ပေါလုက အမျိုးသမီးများအား သူမ၏ခင်ပွန်းထံ၌ ဝန်ခံအပ်နှံပါဟု ပြောဆိုခဲ့ချိန်တွင် မည်သည့်အရာကို ဆိုလိုခဲ့ပါသနည်း။

ဤအကြောင်းအရာကို ကျွန်ုပ်တို့အသေးစိတ်မစစ်ဆေးမီတွင် ရှင်ပေါလုက အမျိုးသမီးအား "ဘုရားသခင်၏ အုပ်စိုးတော်မူခြင်းကို ဝန်ခံ

သကဲ့သို့” သူမ၏ခင်ပွန်းအပေါ်၌လည်း ဝန်ခံအပ်နှံဖို့ စိန်ခေါ်ခဲ့ကြောင်းကို နားလည်ထားရန် အရေးကြီးသည်။ ခင်ပွန်းသည်အပေါ်၌ ဝန်ခံအပ်နှံခြင်း သည် သူမအပေါ်၌ထားရှိသော သခင်ဘုရား၏အလိုတော်ဖြစ်ကြောင်း နားလည်ခြင်းနှင့်အတူ သခင်ဘုရားအဖို့အလို့ငှါ သူမ၏ခင်ပွန်းသည်အပေါ်၌ ဝန်ခံအပ်နှံခြင်းကို ဆိုလိုကြောင်းကျွန်ုပ်တို့သဘောပေါက်ထားကြသည်။ ခင်ပွန်း သည်အိမ်ထောင်ဦးစီးဖြစ်ရမည့်အကြောင်းကို သမ္မာကျမ်းစာ၌ရှင်းလင်းပြတ် သားစွာ သွန်သင်ထားပါသည် (ကောလောသဲ ၃း၁၈၊ ၁ပေ ၃း၅-၆)။ ဇနီး ဖြစ်သူသည် ခင်ပွန်း၏ဦးဆောင်မှုကို လက်ခံအသိအမှတ်ပြုခြင်းဖြင့် သခင် ဘုရား၏အလိုတော်၌ ဝန်ခံအပ်နှံပါသည်။ သူမသည် ဤအရာကိုသခင် ဘုရားအတွက်လည်းကောင်း၊ အိမ်ထောင်ရေးနှင့် မိသားစုအတွက်ထားရှိသော သခင်ဘုရား၏အလိုတော်ကို သဘောတူသည့်အနေဖြင့်လည်းကောင်း လုပ် ဆောင်ခြင်းဖြစ်သည်။

ဇနီးဖြစ်သူသည် သူမခင်ပွန်း၏အုပ်စိုးခြင်းကို အဘယ်ကြောင့်ဝန်ခံ ရမည်နည်း။ ရှင်ပေါလုကဆက်လက်၍ အခန်းငယ် ၂၃ တွင်သခင်ခရစ်တော် သည်အသင်းတော်၏ ဦးခေါင်းဖြစ်သကဲ့သို့ ခင်ပွန်းသည်သည်လည်း ဘုရား သခင်၏ အလိုတော်အားဖြင့် ဇနီးဖြစ်သူ၏ ဦးခေါင်းဖြစ်ကြောင်း ပြောခဲ့သည်။ ဇနီးဖြစ်သူသည် ခင်ပွန်းသည်၏ဦးဆောင်မှု၌ ကိုယ့်ကိုယ်ကို ဝန်ခံ အပ်နှံရမည် ဖြစ်သည်။ ထိုသို့အားဖြင့် ၎င်းတို့၏အိမ်ထောင်သည် သခင်ခရစ်တော်နှင့် အသင်းတော်ကြားရှိ ဆက်ဆံရင်းနှီးမှု၏ ရောင်ပြန်ဟပ်မှုတစ်ခုဖြစ်နိုင်ပါ လိမ့်မည်။

အဦးအခေါင်းဖြစ်ခြင်းတွင် ကျွန်ုပ်တို့၏ပုံဥပမာဖြစ်သော သခင် ခရစ်တော်က မိမိ၏အခန်းကဏ္ဍအား မည်သို့ကျင့်ကြံခဲ့သည်ကို ကျွန်ုပ်တို့

နားလည်ထားဖို့ အရေးကြီးသည်။ ဝိညာဉ်ရေးအဦးအခေါင်းအနေဖြင့် သခင်ယေရှုသည် လူသားတစ်ယောက်၏သဏ္ဌာန်ကိုယူ၍ လူသားမျိုးနွယ်ကို အလုပ်အကျွေးပြုရန် ဤလောကသို့ကြွဆင်းလာခဲ့ပါသည်။ အဦးအခေါင်းအဖြစ်နှင့် ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် လူသားမျိုးနွယ်၏ဆဲရေးစော်ကားမှုနှင့် ရက်စက်ကြမ်းကြုတ်မှုတို့ကို လိုလိုလားလားခံစားခဲ့သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် မိမိ၏အသက်ကိုပေးကမ်း၍ လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခဲ့ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏အပြစ်များကို ကားတိုင်ထက်၌ မိမိကိုယ်ပေါ်တွင်တင်ဆောင်ခဲ့ပြီး၊ ထိုအပြစ်များကြောင့် ဘုရားသခင်နှင့်ကင်းကွာရခြင်းကို ခံစားခဲ့သည်။ သခင်ယေရှုသည် လူသားမျိုးနွယ်ကို နည်းလမ်းအားလုံးဖြင့် ကူညီမစတော်မူသောသူအဖြစ် သမ္မာကျမ်းစာက သရုပ်ဖော်ထားသည်။ ကိုယ်တော်သည် အိမ်ထောင်ရေးတွင် ခင်ပွန်းသည်များက လိုက်လျှောက်ကျင့်သုံးဖို့ ပုံဥပမာတစ်ခုဖြစ်ခဲ့သည်။ သခင်ခရစ်တော်၏အဦးအခေါင်းဖြစ်ခြင်းကို ကိုယ်ခန္ဓာတော်အတွက် စွန့်လွှတ်အနစ်နာခံသောချစ်ခြင်းမေတ္တာ၌ အသုံးပြုခဲ့သည်။ ကိုယ်တော်သည် ကိုယ်ခန္ဓာတော်အပေါ်၌ ဗိုလ်ကျစိုးမိုးဖို့ ရောက်လာခဲ့ခြင်းမဟုတ်ပါ။ ထိုအစား၊ ကိုယ်ကိုညွှတ်၍ ကျွန်ုပ်တို့၏ခြေကိုဆေးဖို့ ရွေးချယ်ခဲ့ပါသည်။ ကိုယ်တော်သည် ပုံဥပမာကိုပြသခြင်းဖြင့်ဦးဆောင်ပါသည်။

ရှင်ပေါလုက ခင်ပွန်းသည်အမျိုးသားများအား ၎င်းတို့၏အဦးအခေါင်းဖြစ်ခြင်းသည် သခင်ခရစ်တော်၏အဦးအခေါင်းဖြစ်ခြင်းကဲ့သို့ဖြစ်ရမည့်ဖြစ်ကြောင်း ပြောခဲ့သည်။ ဤအဦးအခေါင်းဖြစ်ခြင်းအခန်းကဏ္ဍကို ကျင့်ကြံလုပ်ဆောင်ရာတွင် သူတို့သည်မိမိတို့၏ ဇနီးသည်များ၏ အကြီးမြတ်ဆုံးသောအစေခံများဖြစ်ကြရမည်ဖြစ်သည်။ သူတို့သည် မိမိတို့ဇနီးသည်များ၏

လိုအပ်ချက်ကို ရှေးရှုလျှက် မိမိတို့၏အသက်တာများကို ရှင်သန်ကြရမည် ဖြစ်သည်။ သခင်ခရစ်တော်က သူတို့အတွက်လုပ်ဆောင်ခဲ့သကဲ့သို့ သူတို့သည် လည်းမိမိတို့၏ ကြိုးစားအားထုတ်မှုများနှင့် စွမ်းအင်များကို မိမိတို့၏ဇနီးသည် များအား ကြင်နာစွာအလုပ်အကျွေးပြုဖို့ အစွမ်းကုန်ဆန့်ထုတ်ကြရမည်ဖြစ် သည်။ အမျိုးသမီးများကို စိုးမိုးခြယ်လှယ်ခြင်း (သို့) အမျိုးသမီးများကို နိမ့်ကျ သောသူများအဖြစ် သဘောထားခြင်းသည် သခင်ခရစ်တော်၏ ပုံဥပမာကို မလိုက်လျှောက်ခြင်းဖြစ်သည်။ အဦးအခေါင်းဖြစ်ခြင်းသည် အာဏာရှင် ဖြစ်ခြင်း မဟုတ်ပါ။ အဦးအခေါင်းဖြစ်ခြင်းသည် အထက်လူကြီးဖြစ်ခြင်း မဟုတ်ပါ။ အဦးအခေါင်းဖြစ်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ကြည့်ရှုစောင့် ရှောက်မှုအောက်၌ရှိနေသောသူများအား အလုပ်အကျွေးပြုခြင်း၊ ကူညီမစ ခြင်းနှင့် တာဝန်ယူခြင်းတို့ဖြစ်သည်။

ထိုသို့ပြောဆိုထားသော်လည်း သခင်ယေရှုသည်ကျွန်ုပ်တို့၏ ခြေကို ဆေးပေးဖို့ ကိုယ်ကိုကိုင်းညွတ်ခဲ့သည့်တိုင် ကိုယ်တော်သည် သခင်ဘုရားဖြစ် လျှက်နေကြောင်း သံသယပွားစရာမရှိပါ။ ကိုယ်တော်သည် အစေခံ၏အခန်း ကဏ္ဍကို ရယူခဲ့သောကြောင့် အသင်းတော်သည် ကိုယ်တော်၏အဦးအခေါင်း ဖြစ်ခြင်းကို နာခံလိုက်လျှောက်ခြင်းမှ လွတ်ငြိမ်းခွင့်ရသည်ဟု မဆိုလိုပါ။ အမှန်ဆိုရလျှင် ထိုအရာနှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ ကိုယ်ခန္ဓာတော်အား ကိုယ်တော်အလုပ်အကျွေးပြုခြင်းက ကိုယ်တော်ကိုပို၍သာလွန်ကောင်းမြတ် သော ခေါင်းဆောင်တစ်ပါးအဖြစ်ပင် ဖန်တီးပေးပါသည်။ ကိုယ်တော်သည် ကိုယ်ခန္ဓာတော်၏လိုအပ်ချက်များနှင့် ထပ်တူပြုမျှဝေခံစားနိုင်ခဲ့သည်။ အတော်ဆုံး၊ အပြောင်မြောက်ဆုံးခေါင်းဆောင်များသည် မိမိတို့၏နောက်လိုက် ငယ်သားများကို နားလည်သောသူများဖြစ်ကြသည်။ ဤလောက၌ ကျွန်ုပ်တို့ ရင်ဆိုင်ကြုံတွေ့နေရသောအရာများကို သခင်ယေရှုလည်း ရင်ဆိုင်ကြုံတွေ့

ခဲ့ပါသည် (ဟေဗြဲ ၂း၁၇-၁၈၊ ၄း၁၅ ကိုကြည့်ပါ)။ အစေခံစိတ်ဓါတ်ဖြင့် အဦးအခေါင်းဖြစ်ခြင်းကို သင့်တင့်လျောက်ပတ်စွာ ကျင့်ကြံလုပ်ဆောင်သော ခင်ပွန်းများသည် မိမိတို့ဇနီးသည်များ၏ လေးစားမှုကိုလည်းကောင်း၊ ထိုအဦး အခေါင်းဖြစ်ခြင်း၌ လိုလိုလားလား ဝန်ခံအပ်နှံလိုစိတ်ကိုလည်းကောင်း ရရှိကြပါသည်။

အခန်းငယ် ၂၄ တွင်ရှင်ပေါလုက ဇနီးသည်များအား ခင်ပွန်းဖြစ်သူ၏အဦးအခေါင်းဖြစ်ခြင်းကို အရာရာ၌ဝန်ခံအပ်နှံကြဖို့ ပြောခဲ့သည်။ မငြင်းသာသည်မှာ ခင်ပွန်းဖြစ်သူက သခင်ခရစ်တော်ကဲ့သို့သော အဦးအခေါင်းဖြစ်ခြင်းကို လက်ကိုင်ပြုသောအခါတွင် ဇနီးသည်က ဝန်ခံအပ်နှံရသည်မှာ ပို၍ လွယ်ကူပါသည်။ ရှင်ပေါလုက ဇနီးသည်များအား “အရာရာ၌” ဝန်ခံအပ်နှံကြဖို့ ပြောခဲ့ကြောင်းကို သတိပြုပါ။ ဤ “အရာရာ” တွင်ဘုရားသခင့်နှုတ်ကပတ်တော်၏ရှင်းလင်းပြတ်သားသော သွန်သင်ချက်များနှင့် ဆန့်ကျင်သောအရာများ မပါဝင်ကြောင်းကို နားလည်ထားရမည်ဖြစ်သည်။ မကောင်းမှုဒုစရိုက်ကိုပြုလုပ်ခြင်း၌ ပါဝင်ပတ်သက်ရန် ခင်ပွန်းဖြစ်သူကို နာခံရန် လို၊ မလို ဆုံးဖြတ်ချက်ချဖို့ဖြစ်လာသောအခါ ဇနီးဖြစ်သူသည် ခင်ပွန်းအစား၊ သခင်ဘုရားကိုနာခံဖို့ လိုအပ်သည်။ တမန်တော် ၅း၉ ရှိ အာနနိနှင့် ရှဖိရေတို့၏ပုံဥပမာသည် ဤအရာ၏ ပုံဥပမာတစ်ခု ဖြစ်သည်။ အာနနိသည် မိမိတို့၏ပစ္စည်းဥစ္စာကိုရောင်းချခြင်းမှ ရရှိထားသောငွေနှင့် ပတ်သက်၍ အသင်းတော်ကို လိမ်ညာဖို့ဆုံးဖြတ်ခဲ့သောအချိန်တွင် ရှာဖိရေ ကလည်း ခင်ပွန်းဖြစ်သူနှင့် သဘောတူခဲ့သည်။ ဤအတွက်ကြောင့် ရှင်ပေတရုက သူမကိုအပြစ်တင်ဆုံးမခဲ့သည်။

ပေတရုကလည်း၊ ထာဝရဘုရား၏ ဝိညာဉ်တော်ကို စုံစမ်းမည်ဟု
သဘောတူနှင့် အဘယ်ကြောင့်ကြံစည်ကြသနည်း။ ကြည့်ရှုလော့။

သင်၏ခင်ပွန်းကို သင်္ဂြိုဟ်သောသူတို့၏ခြေသည် တံခါးနားမှာ ရှိသည် ဖြစ်၍၊ သင့်ကိုလည်း ဆောင်သွားလေဦးမည်ဟု ဆိုသော ခဏခြင်း တွင်၊ ထိုမိန်းမသည် ပေတရု၏ ခြေရင်း၌လဲ၍သေလေ၏။ လုလင်တို့ သည် လည်း ဝင်၍ ထိုမိန်းမ သေသည်ကိုတွေ့လျှင်၊ ဆောင်သွား၍ သူ၏ခင်ပွန်းအနားမှာ သင်္ဂြိုဟ်ကြ၏။" (တမန်တော် ၅း၉-၁၀)

ရှင်ပေတရု၏ ပြောဆိုချက်အရ ရှာဖိရေသည် အသင်းတော်ကို လိမ်လည်လှည့်ဖြားခြင်းအမှု၌ သူမ၏ခင်ပွန်းနှင့် သဘောတူခဲ့ခြင်းဖြင့် အမှားလုပ်ခဲ့ပါသည်။ သူမသည် ခင်ပွန်းဖြစ်သူ၏ ယုတ်ညံ့သော ကြိုးစားအား ထုတ်မှုများကို ခုခံတွန်းလှန်၍ ၎င်း၏အပြစ်ရှိသော နည်းလမ်းများ၌ ဝန်ခံ အပ်နှံခြင်း မလုပ်ခဲ့သင့်ပါ။

"အရာရာ၌" ဟူသောစကားလုံးသည် ဇနီးဖြစ်သူက သခင်ဘုရားကို သူမ၏ သာ၍မြင့်သောအခွင့်အာဏာရှိသူအဖြစ်နှင့် နာခံမှုမရှိသော ထင်ရှား သိသာသည့် အရာများမှလွဲ၍ သူမ၏အသက်တာနှင့် အိမ်ထောင်ရေး၌ ရှိသော ကဏ္ဍအားလုံး၌ ဝန်ခံအပ်နှံခြင်းနှင့် သက်ဆိုင်သည်။ အသက်တာ၏ အချို့သောနေရာများတွင် ကျိုးနွံနာခံဖို့ဖြစ်နိုင်ပြီး အခြားနေရာများတွင် ကျိုးနွံနာခံဖို့ ခက်ခဲကောင်းခက်ခဲပါလိမ့်မည်။ ရှင်ပေါလု၏ပြောဆိုချက်အရ ဇနီးဖြစ်သူသည် သူမ၏အိမ်ထောင်ရေးနှင့် ဝိညာဉ်ရေးရာ၌ ရင့်ကျက်လာခြင်း တို့ကို တည်ဆောက်ရန်အတွက် ဇာတိပကတိစိတ်၌သေခြင်း စိတ်နေစိတ်ထား ကို ပျိုးထောင်ဖို့လိုအပ်သည်။ သူမ၏အသက်တာ၌ သခင်ခရစ်တော်၏ အလိုတော်တွင် လိုလိုလားလားဝန်ခံအပ်နှံထားသကဲ့သို့ အိမ်ထောင်ဦးစီးအဖြစ် ဘုရားသခင်က ခွဲခန့်ထားသောခင်ပွန်းသည်ထံ၌လည်း ဝန်ခံအပ်နှံဖို့ လိုလို လားလားရှိနေရပါမည်။

အိမ်ထောင်မိသားစု၌ ယှဉ်ပြိုင်ဗိုလ်လုနေကြသည်ကို ကျွန်ုပ်တို့မည်သို့ မကြာခဏမြင်တွေ့နေကြရပါသနည်း။ အိမ်ထောင်မိသားစုသည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်အခွင့်အရေးများအတွက် တိုက်ပွဲဝင်ရသောနေရာတစ်ခုဖြစ်လာနိုင်ပါသည်။ အိမ်ထောင်ပြုခြင်းတွင် ဘုရားသခင်က လူတို့ကိုငှင်းတို့၏အိမ်ထောင်ဖက်နှင့် တစ်သားတစ်ကိုယ်ဖြစ်ကြဖို့ ဆင့်ခေါ်ထားပါသည် (ကမ္ဘာဦး ၂း၂၄ ကိုကြည့်ပါ)။ ဘုရားသခင်သည် လူသားတို့၏ တစ်ကိုယ်ကောင်းစိတ်ဓါတ်ကို တိုးပွားစေဖို့ အိမ်ထောင်ပြုခြင်းကို မရည်ရွယ်ခဲ့ပါ။ ခင်ပွန်း (သို့) ဇနီးသည်သည် မိမိတို့သဘောအတိုင်း ထင်ရာလုပ်ပြီး မိမိတို့အိမ်ထောင်ဖက်၏ အကျိုးစီးပွားကိုလျစ်လျူရှုမထားသင့်ပါ။ ဘုရားသခင်သည် ဇနီးသည်များကို မိမိတို့၏ ခင်ပွန်းသည်များအတွက်လည်းကောင်း နိုင်ငံတော်အတွက်လည်းကောင်း မိမိတို့၏အကျိုးစီးပွားကိုရှာခြင်း၌ လိုလိုချင်ချင်သေကြဖို့ ရည်ရွယ်ထားသည်။

*အချင်းယောကျ်ားတို့ ကိုယ်ဇနီးကိုချစ်ကြလော့ (ငယ် ၂၅-၃၁)*

တမန်တော်ရှင်ပေါလုသည် ဇနီးသည်များက ၎င်းတို့၏ခင်ပွန်းများထံ၌ ဝန်ခံအပ်နှံခြင်းအကြောင်းကို ပြောဆိုရန်ကျမ်းပိုဒ် သုံးပိုဒ်ကိုအသုံးပြုပြီးနောက် ခင်ပွန်းသည်များအား ၎င်းတို့၏ဇနီးများကို မည်သို့စစ်မှန်စွာ ချစ်မြတ်နိုးကြရန် သင်ယူရမည့်အကြောင်းကို ပြောပြဖို့ ကျမ်းပိုဒ် ခုနစ်ပိုဒ်ကို အသုံးပြုထားပုံမှာ အကြောင်းပြချက်မရှိပဲ လုပ်ခဲ့မည်မဟုတ်ပါ။

ရှင်ပေါလုက ဧဖက်အသင်းတော်မှ ခင်ပွန်းသည်များအား သခင်ခရစ်တော်သည် အသင်းတော်ကိုမည်သို့ချစ်မြတ်နိုး၍ ၎င်းအတွက်မိမိကိုယ်ကို မည်သို့ပေးအပ်ခဲ့ကြောင်းကို အသိပေးခဲ့သည်။ ရှင်ပေါလုက ခင်ပွန်းတို့အား ၎င်းတို့၏ဇနီးသည်များနှင့် ဆက်ဆံရင်းနှီးမှုတွင် သခင်ခရစ်တော်၏ချစ်ခြင်း

မေတ္တာကို အတုယူကြဖို့စိန်ခေါ်ခဲ့သည်။ သူတို့သည် သခင်ခရစ်တော်က မိမိ၏ အသင်းတော်အတွက် အရာခပ်သိမ်းကိုမည်သို့ လိုလိုလားလားပေးကမ်းခဲ့ ကြောင်းကို သတိရနေကြရမည်ဖြစ်သည်။ ကိုယ်တော်သည် အသင်းတော် (သူမ)အတွက် မည်သို့အသေခံခဲ့သည်ကို သူတို့သတိရနေကြရမည်ဖြစ်သည်။ ဤကမ္ဘာမြေကြီး၌ ကိုယ်တော်လုပ်ဆောင်ခဲ့သောအရာတိုင်းက မပြည့်စုံသော လူသားများ၏ ကောင်းရာကောင်းကျိုးအတွက် မည်သို့ဖြစ်ခဲ့သည်ကို သူတို့ သတိရနေကြရမည်ဖြစ်သည်။ ဧဖက်အသင်းတော်မှ ခင်ပွန်းသည်များသည် သခင်ခရစ်တော်က မိမိ၏သတို့သမီးအားချီးမြှောက်၍ ဂုဏ်ပြုခြင်းခံခဲ့ရဖို့ မည်သို့အသေခံခဲ့သည်ကို မေ့လျော့ထား၍မရပါ။ ဤအရာသည် မိမိတို့၏ဇနီး သည်များအား ချစ်မြတ်နိုးခြင်းတွင် ၎င်းတို့၏ပုံဥပမာဖြစ်ရမည်ဖြစ်သည်။

စစ်မှန်သောချစ်ခြင်းမေတ္တာသည် တစ်ကိုယ်ကောင်းမဆန်ပါ။ ခင်ပွန်းသည်များသည် မိမိတို့၏ဇနီးဖြစ်သူတို့အား သခင်ခရစ်တော်က အသင်းတော်ကို ချစ်မြတ်နိုးခဲ့သကဲ့သို့ ချစ်မြတ်နိုးကြလျှင် ၎င်းတို့သည် ဇနီး ဖြစ်သူတို့၏ ကောင်းရာကောင်းကျိုးကိုသာ အမြဲကြိုးစားရှာကြံကြပါလိမ့်မည်။ သခင်ယေရှုက မိမိ၏သတို့သမီးသည် အပြစ်ကင်း၍ဖောက်ပြန်ပျက်ဆီးခြင်း နှင့်ကင်းလွတ်မည့်အကြောင်း ကိုယ့်ကိုယ်ကိုအသေခံခဲ့သကဲ့သို့ ခင်ပွန်းသည် များကလည်း မိမိတို့၏ဇနီးသည်များသည် ဘုရားသခင်က ရည်ရွယ်ထားသည့် အတိုင်းဖြစ်လာနိုင်ကြဖို့ အရာခပ်သိမ်းကို ထောက်ပံ့ကူညီပေးဖို့ အစွမ်းကုန် ကြိုးစားအားထုတ်ကြရမည်ဖြစ်သည် (ငယ် ၂၇)။ ခင်ပွန်းသည်များသည် သခင်ဘုရားထံ၌ သင့်မြတ်လျော်ကန်သော အလုပ်အကျွေးပြုခြင်းအတွက် မိမိတို့၏ဇနီးသည်များကို အားပေးအားမြှောက်ပြုသည့်နည်းလမ်းများဖြင့် ပြုမူကျင့်ကြံကြရမည်ဖြစ်သည်။ မိမိ၏ဇနီးဖြစ်သူသည် ရုပ်ပိုင်းအရ၊ စိတ်ခံစား ချက်ပိုင်းအရ၊ လူမှုရေးအရ၊ ဝိညာဉ်ရေးအရ လုံးလုံးလျားလျားကြီးထွား

တိုးတက်လာခြင်းအားမြင်တွေ့ရခြင်းကို မိမိ၏သာယာကြည်နူးမှုအဖြစ် ခင်ပွန်းသည်က ပြုလုပ်ဖန်တီးထားရမည်ဖြစ်သည်။

ခင်ပွန်းသည်တစ်ယောက်သည် မိမိ၏ကိုယ်ခန္ဓာကို ချစ်မြတ်နိုး သကဲ့သို့ ဇနီးဖြစ်သူကိုလည်း ချစ်မြတ်နိုးရမည်ဖြစ်သည်(ငယ် ၂၈)။ သူသည် မိမိ၏ကိုယ်ခန္ဓာဆာလောင်သောအခါ အစာကိုကျွေးမွေးပါသည်။ မိမိ၏ ကိုယ်ခန္ဓာမောပန်းသောအခါ အနားပေးဖို့ရှာကြံပါသည်။ မိမိ၏ကိုယ်ခန္ဓာ ဖျားနာသောအခါ အဖျားမပျောက်မချင်း ဂရုစိုက်ပေးပါသည်။ ကျွန်ုပ်၏ ဇနီးသည်ကို ကျွန်ုပ်လက်ထပ်ခဲ့ချိန်က ကျွန်ုပ်သည်ဘုရားသခင်၏ရှေ့မှောက် တွင်သူမကို ပံ့ပိုးဖြည့်ဆည်းပေးသူနှင့် ကြည့်ရှုစောင့်ရှောက်ပေးသူဖြစ်လာဖို့ ရွေးချယ်ခဲ့ပါသည်။ သူမနှင့်တစ်သားတစ်ကိုယ်ဖြစ်ဖို့ ကျွန်ုပ်ရွေးချယ်ခဲ့သည်။ ကျွန်ုပ်၏လိုအပ်ချက်များကို ကျွန်ုပ်အရေးစိုက်သကဲ့သို့ ယခုတွင်သူမကို ပံ့ပိုး ဖြည့်ဆည်း၍ကြည့်ရှုစောင့်ရှောက်ဖို့မှာ ကျွန်ုပ်၏တာဝန်ဖြစ်သည်။ ဤအရေး ကိစ္စတွင် ကျွန်ုပ်မကြာခဏပျက်ကွက်ခဲ့ကြောင်းကို ကျွန်ုပ်ဝန်ခံပါသည်။ သို့သော် ဤအရာ သည်ဘုရားသခင်ရှေ့၌ ကျွန်ုပ်၏တာဝန်ဝတ္တရားဖြစ်သည်။

အမှန်ဆိုရလျှင် ခင်ပွန်းများဖြစ်ကြသော ကျွန်ုပ်တို့သည်သခင်ယေရှု က ကျွန်ုပ်တို့အတွက်လုပ်ဆောင်သွားခဲ့သကဲ့သို့ မိမိ၏လိုအပ်ချက်ထက် ဇနီး သည်များ၏ လိုအပ်ချက်ကို ရှေ့တန်းတင်ကြရမည်ဖြစ်သည်။ ဤကျမ်းပိုဒ် သည် ခင်ပွန်းများဖြစ်ကြသော ကျွန်ုပ်တို့အတွက် စိန်ခေါ်မှုကြီးတစ်ခုမဟုတ် ပါလား။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်လိုအပ်ချက်များကို အမှုထား၍ ကျွန်ုပ်တို့၏ ခင်ပွန်း(သို့) ဇနီး၏လိုအပ်ချက်ကို လျစ်လျူရှု၍ အသက်ရှင်ရန်မှာ အဘယ်မျှ လွယ်ကူပါသနည်း။ ကျွန်ုပ်တို့၏အိမ်ထောင်ဖက်များသည် ကျွန်ုပ်တို့ကိုယ်မှ ဆန့်ထုတ်ထားသော ကိုယ်ပွားများအဖြစ် ရှုမြင်နိုင်ဖို့ သခင်ဘုရားကကျွန်ုပ်

တို့ကို ကူညီမစပေးမည့်အကြောင်း ဆုတောင်းဖို့ အဘယ်မျှလိုအပ်ပါသနည်း။ “မိမိ၏ဇနီးကိုချစ်သောသူသည် မိမိကိုယ်ကိုချစ်သောသူဖြစ်၏” (ငယ် ၂၈)။

သခင်ခရစ်တော်က အသင်းတော်အပေါ်၌ လုပ်ဆောင်သကဲ့သို့ ခင်ပွန်းသည်များသည် မိမိတို့၏ဇနီးများကို ကျွေးမွေးပြုစု၍၊ ချစ်ခင်မြတ်နိုး ကြရမည်ဖြစ်သည် (ငယ် ၂၉)။ သခင်ဘုရားက မိမိ၏သတို့သမီးသည် ကိုယ်စိတ်ချမ်းသာ၍ မိမိ၏ချစ်ခြင်းမေတ္တာ၌ လုံခြုံစိတ်ချစွာရှိနေနိုင်မည့်အကြောင်း သူမကို နူးညံ့သောချစ်ခြင်းမေတ္တာကိုပေးခြင်းဖြင့် ကြည့်ရှုစောင့်ရှောက်ထား ပါသည်။ အသင်းတော်သည် သခင်ခရစ်တော်နှင့်ခွဲထုတ်၍မရနိုင်အောင် နီးကပ်ရင်းနှီးစွာ ဆက်နွယ်နေပါသည် (ငယ် ၃၀)။ ခင်ပွန်းသည်နှင့်ဇနီးဖြစ်သူတို့သည် မိမိတို့၏မတူခြားနားချက်များကို ဘေးဖယ်ထား၍ မိမိတို့၏ဇာတိပကတိစိတ်၌သေကာ တစ်သားတစ်ကိုယ်တည်းဖြစ်ကြရမည်ဖြစ်သကဲ့သို့ ဘုရားသခင်ကလည်း အသင်းတော်အား ၎င်း၏အသင်းဝင်များအလယ်၌ အလားတူ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကို ကြုံတွေ့ခံစားစေလိုသည်။ အကြောင်းမှာ ၎င်းတို့သည် သခင်ခရစ်တော်၌ တစ်လုံးတစ်ဝတည်းဖြစ်ခဲ့ကြသောကြောင့်ဖြစ်သည်။

အချိန်ယန္တရားစတင်လည်ပတ်ချိန်မှစ၍ သခင်ဘုရားသည် အိမ်ထောင်ပြုခြင်းကို ပြဋ္ဌာန်းခဲ့သည်။ ကြင်ဖော်နှစ်ယောက် တစ်သားတစ်ကိုယ်တည်းဖြစ်လာခြင်းသည် သခင်ဘုရား၏အလိုတော်ဖြစ်ခဲ့သည်။ ဤအချင်းအရာကို ဖိုမဆက်ဆံမှု သဘောသဘာဝအဖြစ်နှင့်သာ ကျွန်ုပ်တို့မကြာခဏရှုမြင်ကြသည်။ သို့သော်ဤအရာသည် ပြည့်စုံသောအမှန်တရားမဟုတ်ပါ။ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းသည် ရုပ်ပိုင်း၊ စိတ်ခံစားမှုပိုင်း၊ ဝိညာဉ်ရေးပိုင်းစသည့် ဖြစ်တည်မှုတစ်ခုလုံးနှင့် သက်ဆိုင်သည်။ အိမ်ထောင်ဖက်များ

အဖြစ်နှင့် ကျွန်ုပ်တို့သည်အသက်တာ၏ အပိုင်းကဏ္ဍများအားလုံး၌ အမြဲတမ်း တစ်လုံးတစ်ဝတည်းဖြစ်ကြဖို့ သခင်ဘုရား၌အတူတကွ ရုန်းကန်လှုပ်ရှားကြရမည်ဖြစ်သည်။ အပိုင်းကဏ္ဍအားလုံးသည် အရေးကြီးကြသည်။ ရုပ်ပိုင်းဆိုင်ရာအရသာ တစ်လုံးတစ်ဝတည်းဖြစ်၍ ဝိညာဉ်ရေးရာနှင့် စိတ်ခံစားမှုပိုင်းတွင် တစ်လုံးတစ်ဝတည်းမဖြစ်ခြင်းမှာလည်း ဖြစ်နိုင်ချေရှိသောအရာဖြစ်သည်။

လက်ထပ်ထိမ်းမြားထားသော ကြင်ဖော်နှစ်ယောက်၏တစ်လုံးတစ်ဝတည်းဖြစ်ခြင်းသည် သခင်ခရစ်တော်နှင့်အသင်းတော်ကြား၌ရှိသော ဆက်ဆံရင်းနှီးမှု၏သင်္ကေတတစ်ခုဖြစ်သည်။ အခန်းငယ် ၃၂ တွင်ရှင်ပေါလုက ဧဖက်အသင်းသားများအား အသင်းတော်သည် သခင်ခရစ်တော်နှင့် အမြဲတမ်း တစ်လုံးတစ်ဝတည်းဖြစ်နေရန်မှာ ခမည်းတော်၏အလိုတော်ဖြစ်ကြောင်း အသိပေးခဲ့သည်။ ဤအရာသည် နားလည်ဖို့ခက်ခဲသော လျှို့ဝှက်နက်နဲမှုတစ်ခုဖြစ်သည်။ အပြစ်ရှိသောလူသားများသည် သန့်ရှင်းတော်မူသော သခင်ယေရှုနှင့်မည်သို့တစ်လုံးတစ်ဝတည်းဖြစ်ခဲ့နိုင်သည်ကို ကျွန်ုပ်တို့မည်သို့ သဘောပေါက်နားလည်ကြမည်နည်း။ မည်သို့ပင်ဖြစ်စေ၊ ဤအရာသည် ဘုရားသခင်၏ စိတ်သဘောဖြစ်သည်။

သင်တို့၏အိမ်ထောင်ရေးသည် သခင်ခရစ်တော်နှင့်အသင်းတော်ကြားရှိ ဤဆက်ဆံရင်းနှီးမှု၏ သင်္ကေတတစ်ခုဖြစ်နေပါသလား။ သင့်ရဲ့အိမ်ထောင်ရေးသည် သင်နှင့်သခင်ခရစ်တော်၏ ဆက်ဆံရင်းနှီးမှု၏ ရောင်ပြန်ဟပ်မှုတစ်ခုဟုတ်ပါသလား။ တစ်ကိုယ်ကောင်းအတ္တဆန်မှုများ၌သေ၍ တစ်ဦးကိုတစ်ဦးချစ်မြတ်နိုးကာ ဝန်ခံအပ်နှံပြီး အလုပ်အကျွေးပြုမှသာ ဘုရားသခင်ကကျွန်ုပ်တို့၌ရှိဖို့ ရည်ရွယ်ထားသည့် တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကို ကြုံတွေ့ခံစားနိုင်မည့်နည်းလမ်းဖြင့် ဘုရားသခင်ကအိမ်ထောင်ရေးကို ဖန်တီးခဲ့သည်။

ဤနေရာ၌ အိမ်ထောင်ရေးအတွက် ဖော်ပြပေးထားသော အခြေခံစည်းမျဉ်း ဥပဒေသများကိုအာရုံစူးစိုက်၍ လုပ်ဆောင်ခြင်းမရှိခြင်းဖြင့် ခင်ပွန်းသည်နှင့် ဇနီးသည်တို့သည် ၄င်းတို့၏ဆက်ဆံရင်းနှီးမှုကိုလည်းကောင်း၊ သက်သေဖြစ်ခြင်းကိုလည်းကောင်း ဆုတ်ယုတ်လာစေကြပါသည်။ ကျွန်ုပ်တို့၏အသင်းတော်များ၌ရှိသော အိမ်ထောင်ရေးများအတွက်ဆုတောင်း၍ တိုက်တွန်းနှိုးဆော်ပေးကြရန်အတွက် ဘုရားသခင်သည်ကျွန်ုပ်တို့အား ကူညီပါစေ။

စဉ်းစားသုံးသပ်ရန်အချက်များ

- ဝန်ခံအပ်နှံခြင်း၊ အညီးအခေါင်းဖြစ်ခြင်းနှင့်စပ်လျဉ်း၍ ယနေ့တွင်ရှိနေကြသည့် မှားယွင်းသောအယူအဆအချို့မှာအဘယ်နည်း။
- ဤကျမ်းချက်သည် သင်နှင့်သင့်ရဲ့အိမ်ထောင်ဖက်တို့၏ ဆက်ဆံရင်းနှီးမှုရှိ သီးသန့်ကဏ္ဍတစ်ခုခုကို ရည်ညွှန်းပြောဆိုနေပါသလား။ ထိုအရာနှင့် ပတ်သက်၍မည်သည့်အရာကို သင်လုပ်ဆောင်နိုင်ပါသနည်း။
- သင့်ရဲ့အိမ်ထောင်ရေးကို မည်သို့သရုပ်ဖော်မည်နည်း။ ၄င်းသည် ရုပ်ပိုင်း၊ စိတ်ခံစားမှုပိုင်း၊ ဝိညာဉ်ရေးပိုင်း၌ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းဖြင့် သရုပ်ဖော်ထားပါသလား။ သင့်အိမ်ထောင်ရေး၏ မည်သည့်အစိတ်အပိုင်းသည် ကြိုးစားအားထုတ်မှုကို လိုအပ်နေပါသနည်း။
- အိမ်ထောင်ရေးသည် သခင်ခရစ်တော်နှင့် အသင်းတော်ကြားရှိ ဆက်ဆံရင်းနှီးမှု၏ သင်္ကေတတစ်ခုမည်သို့ဖြစ်နိုင်ပါသနည်း။

ဆုတောင်းရန်အချက်များ

- ဘုရားသခင်သည် သင့်ကိုဝန်ခံအပ်နှံ၍ ကြင်နာတတ်သောစိတ်ကို ပေးသနားဖို့ တောင်းလျှောက်ပါ။
- သင့်ကိုယ်ကို သင်ဂရုစိုက်သကဲ့သို့ သင့်ရဲ့အိမ်ထောင်ဖက်ကိုလည်း ဂရုစိုက်၍ ပံ့ပိုးကူညီပေးမည့်အကြောင်း သင့်ရဲ့အိမ်ထောင်ဖက်ကို သင့်ကိုယ်မှ ဆန့်ထုတ်ထားသော ကိုယ်ပွားတစ်ခုအဖြစ် ရှုမြင်နိုင်ရန် ကူညီပေးဖို့ သခင်ဘုရားထံ၌တောင်းလျှောက်ပါ။
- သင့်ရဲ့အိမ်ထောင်ဖက်နှင့်လည်းကောင်း၊ သခင်ဘုရားနှင့်လည်းကောင်း တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကို ကြိုးစားရှာကြံသော စိတ်နှလုံးကို ပေးသနားဖို့ ဘုရားသခင်ထံ၌တောင်းလျှောက်ပါ။
- သခင်ခရစ်တော်သည် မိမိ၏သတို့သမီးအား မည်သို့ချစ်မြတ်နိုးခဲ့သည်ကို ပို၍နက်နဲသောနည်းလမ်းဖြင့် သင့်အားပြသပေးရန် ဘုရားသခင်ကို တောင်းလျှောက်ပါ။ ကိုယ်တော်၏ ပုံဥပမာကိုပို၍ နီးကပ်စွာ လိုက်နာကျင့်ကြံနိုင်ဖို့ သင့်အားကျေးဇူးတော်ကို ပေးသနားရန် တောင်းလျှောက်ပါ။
- သင့်ရဲ့အိမ်ထောင်ဖက်ကို ဘုရားသခင်ရည်ရွယ်ထားသကဲ့သို့ မလေးစားခဲ့သည့်အချိန်များအတွက်နှင့် ခွင့်လွှတ်ပေးရန် သခင်ဘုရားကို တောင်းလျှောက်ပါ။

# ဂလာတိသြဝါဒစာ နှင့် ဖေက်သြဝါဒစာ

၂၇

# အလိုတော်နှင့်ညီညွတ်သောဆက်ဆံရင်းနှီးမှုများ

ဖေက် ၆း၁-၉ ကိုဖတ်ရှုပါ။

ကနဦးအပိုင်းတွင် တမန်တော်ရှင်ပေါလုက လင်မယားကြားရှိ ဆက်ဆံရင်းနှီးမှုအကြောင်းကို ပြောပြခဲ့သည်။ ယခုနောက်ပိုင်းတွင် အခြားသောဆက်ဆံရင်းနှီးမှု ပုံစံများကိုကိုင်တွယ်ဖြေရှင်းထားသည်။ အခန်းငယ် ၁-၄ တွင် ရှင်ပေါလုက မိဘနှင့်သားသမီးတို့၏ ဆက်ဆံရင်းနှီးမှုအကြောင်းကို ပြောပြထားပြီး၊ အခန်းငယ် ၅-၉ တွင် သခင်နှင့်ကျွန်တို့၏ ဆက်ဆံရင်းနှီးမှုကို လိပ်မူထားသည်။ တစ်ခုချင်းလေ့လာသုံးသပ်ကြည့်ကြပါစို့။

*မိဘနှင့်သားသမီးဆက်ဆံရင်းနှီးမှု*

ရှင်ပေါလုက သားသမီးများအားပြောဆိုခြင်းဖြင့် စတင်ခဲ့သည် "သားသမီးတို့၊ သခင်ဘုရား၏အလိုတော်နှင့်အညီ မိဘစကားကို နားထောင်ကြလော့။" သားသမီးများသည် မိဘများကို "သခင်ဘုရား၌" (ဘုရားသခင်၏အလိုတော်နှင့်အညီ) နာခံကြဖို့ ရှင်ပေါလုက ရှင်းရှင်းလင်းလင်းပြောပြထားသည်။ ဤနေရာ၌ သဘောပေါက်နားလည်ထားသောအရာမှာ ဘုရားသခင်သည် ဖေက်အသင်းတော်ရှိကလေးများ၏ အသက်တာ၌အလုပ်လုပ်နေခဲ့သည်

ဟူသောအချက်ဖြစ်သည်။ သူတို့သည် သခင်ဘုရားထံရောက်ရှိလာခဲ့ကြပြီး၊ ဘုရားမဲ့တရားမဲ့မိသားစုများဖြင့် ဖွဲ့စည်းထားသောအသိုင်းအဝိုင်းထဲတွင် ဘုရားဝတ်၌မွေ့လျော်သောအသက်တာဖြင့် အသက်ရှင်ကြဖို့ ရှာကြံနေခဲ့ကြသည်။ ရှင်ပေါလုက ဤသားသမီးများကို သခင်ဘုရားအပေါ်၌ပြုထားသောငင်းတို့၏ သာ၍ကြီးမြတ်သည့် သစ္စာခံခြင်းနှင့်ကိုက်ညီလိုက်ဖက်သောနာခံခြင်းနှင့်အညီ ၎င်းတို့၏မိဘများကို နာခံကြဖို့စိန်ခေါ်ခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ မိဘများကသားသမီးများကို ဘုရားသခင်အလိုတော်နှင့် ညီညွတ်မှုမရှိသောအရာတစ်ခုခုကို လုပ်ဆောင်စေသောအခါ သူတို့သည် မိမိတို့၏မိဘများထက် ဘုရားသခင်ကိုပို၍ နာခံကြရမည်ဖြစ်သည်။

ဤသို့ပြောဆိုခြင်းဖြင့် တမန်တော်ရှင်ပေါလုက ကလေးများသည်လည်း ဝိညာဉ်ရေးနှင့်ဆိုင်သော သင့်တင်လျောက်ပတ်သည့် စီရင်ချက်များကို ပြုလုပ်နိုင်သောအစွမ်းရှိကြောင်းကို သဘောပေါက်မိခဲ့ကြောင်း ကျွန်ုပ်တို့နားလည်ထားဖို့ လိုအပ်ပါသည်။ ခရစ်ယာန်ကလေးများအဖြစ်နှင့် သူတို့သည် မိမိတို့၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်ကို ရှိထားခဲ့ကြသည်။ ထိုသန့်ရှင်းသောဝိညာဉ်တော်သည် လူကြီးတစ်ယောက်ကိုအလွယ်တကူ လမ်းပြနိုင်ခဲ့သကဲ့သို့ ကလေးများကိုလည်း လမ်းပြပေးနိုင်ပါသည်။ ယုံကြည်သူကလေးငယ်များ၏ အမှားအမှန်ခွဲခြားနိုင်သော စွမ်းရည်ကိုလျော့မတွက်သင့်ပါ (သုတ္တံ ၂၀း၂၂)။ သခင်ဘုရားသည် ကလေးငယ်များကို လူကြီးများအတွက် ပုံဥပမာအဖြစ် မကြာခဏဆိုသလို အသုံးပြုခဲ့ပါသည်။

သားသမီးများသည် မိမိတို့၏မိဘများကို သခင်ဘုရား၌နာခံရမည်သာမဟုတ်၊ မိမိတို့၏အမိနှင့်အဖကိုလည်း အရိုအသေပေးကြရမည်ဖြစ်သည်။ သားသမီးတစ်ယောက်က မိဘများကိုအရိုအသေပေးနိုင်သည့် နည်းလမ်းများ

အားလုံးကို ဤရှင်းလင်းချက်စာအုပ်တွင် ဆွေးနွေးတင်ပြရန်မှာ မဖြစ်နိုင်သော်လည်း၊ အရိုအသေပေးခြင်းဆိုသည်မှာ ရိုသေလေးစားမှုကိုပြသော စိတ်သဘောထားဖြစ်သည်ဟုသာ ပြောချင်ပါသည်။ တစ်စုံတစ်ယောက်၏ ဖြစ်တည်မှုအနေအထားကို ကျွန်ုပ်တို့ရိုသေလေးစားသောအခါ၊ သူတို့အကြောင်းကိုလည်းကောင်း၊ သူတို့ထံတွင်လည်းကောင်း မည်သို့ပြောဆိုရမည်ကို သတိထားကြသည်။ ကျွန်ုပ်တို့၏ ရိုသေလေးစားမှုက သူတို့နှင့်ပတ်သက်သော ကျွန်ုပ်တို့၏ အတွေးအခေါ်များနှင့် လုပ်ရပ်များကို စောင့်ကြပ်ပေးပါလိမ့်မည်။ သူတို့၌လိုအပ်ချက်များရှိလာသောအချိန်တွင် သခင်ခရစ်တော်၏ ကရုဏာတရားနှင့် မေတ္တာတရားကို ကျွန်ုပ်တို့ဂရုအစိုက်ပြသပေးကြပါလိမ့်မည်။

အခန်းငယ် ၂ တွင်ရှင်ပေါလုက ဧဖက်အသင်းသားများအား ဤအရာသည် ကတိတော်တစ်ပါးနှင့်အမှန်တွဲဖက်ထားသည့် ပထမဆုံးပညတ်ချက်ဖြစ်ကြောင်း ပြောပြခဲ့သည်။ ရှင်ပေါလုသည် ဤပညတ်ချက်ကို ထွက်မြောက်ရာ ၂၀း၁၂ နှင့် တရားဟောရာ ၅း၁၆ တို့မှ ကိုးကားထားပြီး၊ ထိုနေရာတွင် ဘုရားသခင်က မိမိတို့၏မိဘများကို ရိုသေလေးစားသောသူများသည် အသက်ရှည်ခြင်းနှင့် ကောင်းကြီးမင်္ဂလာများကို ကတိတော်ထားရာပြည်၌ ရရှိခဲ့ကြမည့်အကြောင်း ကတိပြုခဲ့သည်။

ဤကောင်းကြီးမင်္ဂလာ၏ သဘောသဘာဝမှာအဘယ်နည်း။ ကျွန်ုပ်တို့ကိုပြောပြမထားခဲ့ပါ။ သို့သော်၊ ကျွန်ုပ်တို့နားလည်သဘောပေါက်ထားဖို့ လိုအပ်သောအရာမှာ လူမှုအသိုင်းအဝိုင်းတစ်ခုသည် မိဘများအား ရိုသေလေးစားခြင်းမရှိသောအခါ၊ ဖရိုဖရဲပရမ်းပတာအခြေအနေများနှင့် ဘေးအန္တရာယ်ကပ်ဆိုးများကို သဘာဝအကျိုးအဆက်အဖြစ် ကြုံတွေ့ကြရသည်ဟူ

သော အချက်ဖြစ်သည်။ အသက်အရွယ်ကြီးရင့်သူတို့အပေါ်၌ ရိုသေလေးစားမှုကို မပြသောလူမှုအသိုင်းအဝိုင်းတစ်ခုသည် အချင်းချင်းအပေါ်၌ ရိုသေလေးစားမှုကို မည်သို့ပြသနိုင်ပါမည်နည်း။ ကျွန်ုပ်တို့၏လူမှုအသိုင်းအဝိုင်းကြီးများသည် မိသားစုအဆင့်တွင် အရေးနိမ့်ခဲ့ပါက ကျန်အဆင့်များအားလုံးတွင်လည်း အရေးနိမ့်ခဲ့ပါလိမ့်မည်။ ကျွန်ုပ်တို့၏သားသမီးများသည် မိဘများ၏ အုပ်စိုးခြင်းအာဏာကို ဝန်ခံအပ်နှံဖို့မသင်ယူကြသောအခါ၊ ၎င်းတို့သည် ကျောင်းမှဆရာ/မများအပေါ်၌လည်းကောင်း၊ ၎င်းတို့၏အထက်မှအခြားအာဏာပိုင်များကိုလည်းကောင်း ရိုသေလေးစားကြမည်မဟုတ်ပါ။ မိဘများ၏ အုပ်စိုးခြင်းအာဏာကို ရိုသေလေးစားမှုမရှိခြင်းနှင့်အတူ ပြဿနာမည်မျှအစပြုခဲ့ပါသနည်း။ မိဘများကို ရိုသေလေးစားကြသောအခါ အသိုင်းအဝိုင်းတစ်ခုလုံး ကောင်းကြီးမင်္ဂလာကို ခံစားရပါသည်။ သားသမီးများအား မိမိတို့၏မိဘများကို ရိုသေလေးစားကြဖို့ သွန်သင်ပေးသောအခါ ရာဇဝတ်မှုများလည်း လျော့ကျလာပြီး၊ အလုပ်ရုံ၊ စက်ရုံရှိ လုပ်ငန်းခွင်များသည်လည်း ပို၍သာယာသော ပတ်ဝန်းကျင်များဖြစ်လာကြသည်။ နာကြည်းခါးသီးမှုနှင့်အတူ ပျော်ရွှင်မှုမရှိသော လူအချို့သည် အုပ်စိုးခြင်းအာဏာကို ရိုသေလေးစားမှုမရှိသောသူများဖြစ်ကြသည်။ ဤအရာအားလုံးသည် မိသားစုတွင် အစပြုပါသည်။

ရှင်ပေါလုက ဖခင်များအားပြောဆိုခြင်းဆီသို့ ကူးပြောင်းခဲ့သည်။ ရှင်ပေါလုက မိခင်များအကြောင်းကို ဤအပိုင်းတွင်ဖော်ခြင်းမရှိပါ။ အခန်းကြီး ၅ တွင် ခင်ပွန်းဖြစ်သူသည် အိမ်ထောင်ဦးစီးဖြစ်ကြောင်းကို ရှင်ပေါလုဖော်ပြခဲ့ပြီးဖြစ်သည်။ အိမ်ထောင်ဦးစီးဖြစ်သည်နှင့်အမျှ စည်းကမ်းကို မိသားစုထဲ၌ ကျင့်သုံးကြောင်း သေချာနေစေရန်မှာ ခင်ပွန်းသည်၏တာဝန်ဖြစ်သည်။

သို့သော် ရှင်ပေါလုကခေါင်းဆောင်များဖြစ်ကြသည့် ဖခင်များကို ၎င်းတို့၏ သားသမီးများအား စိတ်မဆိုးစေကြဖို့ စိန်ခေါ်ခဲ့သည်။ စည်းကမ်းသည် မိသားစုအသက်တာ၏ မရှိမဖြစ်လိုအပ်သောအစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း၊ အလွန်အကျွံစည်းကမ်းတင်းကြပ်ခြင်းသည် ကလေးအတွက်ဆိုးကျိုးကို ဖြစ်စေနိုင်ပါသည်။ အကျိုးသင့်အကြောင်းသင့်မဟုတ်သော အပြစ်ပေးမှုများကြောင့် ကလေးငယ်၏စိတ်ဓာတ်မှာ ဖိညှစ်နင်းချေခံရနိုင်ပြီး၊ ကလေးကို ဒေါသထွက်ခြင်း၊ စိတ်ပျက်အားငယ်ခြင်း၊ မခံမရပ်နိုင်ဖြစ်ခြင်းဆီသို့ တွန်းပို့ပေးပါသည်။ စည်းကမ်းကိုချစ်ခြင်းမေတ္တာနှင့်လည်းကောင်း၊ ကလေးတစ်ဦးချင်း၏ထူးခြားချက်နှင့် ခံစားချက်တို့ကိုအမှုထားခြင်းနှင့်လည်းကောင်း ကျင့်သုံးကြရပါမည်။

ဖခင်များသည် မိမိတို့၏သားသမီးများကို သခင်ဘုရား၏ လမ်းစဉ်များ၌ သွန်သင်၍လမ်းညွှန်ပေးကြရမည်ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်မှ အသိပညာများကို ချစ်ခြင်းမေတ္တာနှင့်တကွ ဂရုတစိုက်သွန်သင်ပေးခြင်းဖြင့် ဖခင်များသည် မိမိတို့၏သားသမီးများကို စိတ်မချမ်းမြေ့ဖွယ်အန္တရာယ်ရှိသော အခြေအနေများမှကာကွယ်ပေးနိုင်ပါသည်။ သမ္မာကျမ်းစာ၏နက်နဲသောသမ္မာတရားများကို နောက်မျိုးဆက်အထိ လက်ဆင့်ကမ်း၍ ထိုသမ္မာတရားများ၌ လျှောက်လှမ်းရှင်သန်ခြင်းအတွက် တိုက်တွန်းစေ့ဆော်ခြင်းတို့ဖြင့် ဖခင်များသည် မိမိတို့သားသမီးများကို ဖြောင့်မတ်ခြင်းတရားလမ်း၌ ဦးဆောင်နိုင်ဖို့ရသမျှ အခွင့်အရေးကို အသုံးပြုရမည်ဖြစ်သည်။ ဤနည်းမှာ ဧဖက်မြို့မှဖခင်များအတွက် ရှင်ပေါလု၏ အကြံပြုချက်ဖြစ်သည်။ ၎င်းသည် ယနေ့တွင်လည်း ကျွန်ုပ်တို့အတွက် ရှင်ပေါလု၏အကြံပြုချက်ဖြစ်သည်။ သားသမီးများသည် နာခံခြင်းနှင့် ရိုသေလေးစားမှုတို့ကို သင်ယူကြဖို့ လိုအပ်သကဲ့သို့ မိဘများကလည်း မိမိတို့၏သားသမီးများကို ဘုရား၀တ်၌

မွေ့လျော်ခြင်းတွင် ယဉ်ကျေးသိမ်မွေ့စွာဖြင့် လေ့ကျင့်သင်ကြားပေးရန် မိမိတို့၏ အခွင့်အာဏာကိုအသုံးပြုဖို့ လိုအပ်သည်။

*သခင်နှင့်အစေခံကျွန်ဆက်ဆံရင်းနှီးမှု*

ကျေးကျွန်စနစ်သည် ရှင်ပေါလုအားပေးအားမြောက်ပြုသောအရာမဟုတ်သော်လည်း၊ ကျေးကျွန်စနစ်သည် မိမိနေထိုင်ရှင်သန်နေသော လူမှုအသိုင်းအဝိုင်းကြီး၏ အမြစ်ခိုင်နေသော အစိတ်အပိုင်းတစ်ခုအဖြစ် ရှင်ပေါလုအသိအမှတ်ပြု လက်ခံခဲ့သည်။ ကျေးကျွန်စနစ်၏ မတရားနှိပ်စက် ခိုင်းစေခြင်းကို သမ္မာကျမ်းစာဖြင့် မကြာခဏဆန့်ကျင်၍ပြောဆိုထားပါသည် (ထွက်မြောက်ရာ ၂၁း၁၆၊ ဝတ်ပြုရာ ၂၅း၁၀၊ တရားဟော ၂၃း၁၅-၁၆)။ ရှင်ပေါလုကယုံကြည်သူအစေခံကျွန်များသည် ၎င်းတို့၏အသက်တာအတွက် ထားရှိသောဘုရားသခင်၏ အလိုတော်ကိုနားလည်ဖို့ လိုအပ်ကြကြောင်း ပြောပြခဲ့သည်။ သူတို့သည် မိမိတို့၏လောကီသခင်များကို ရိုသေလေးစားကြရမည်ဖြစ်သည်။ ဤရိုသေလေးစားမှုကို ၎င်းတို့အလုပ်လုပ်ပုံ၌လည်းကောင်း၊ ပြောဆိုပုံ၌လည်းကောင်း၊ ၎င်းတို့၏သခင်များနှင့်စပ်လျဉ်း၍ စဉ်းစားတွေးတောပုံများတွင်လည်းကောင်း ထင်ရှားစေခဲ့ကြရပါလိမ့်မည်။

အစေခံကျွန်များသည် မိမိတို့၏သခင်များကို ရိုသေလေးစားရမည်သာမဟုတ်၊ ရိုးသားစစ်မှန်သောစိတ်နှလုံးနှင့်အတူ သူတို့ကိုလည်းကြောက်ရွံ့ရိုသေကြရမည်ဖြစ်သည်။ ဤကြောက်ရွံ့ရိုသေခြင်းဆိုသည်မှာ သခင်များ၏ အုပ်စိုးခြင်းအာဏာကို ရိုသေကျိုးနွံ၍ ဂုဏ်ပြုလေးစားခြင်းကို ဆိုလိုသည်။ အစေခံကျွန်များသည် ဤအရာကို ရိုးသားစစ်မှန်သောစိတ်နှလုံး (စိတ်နှစ်ခွမရှိဘဲ)နှင့်အတူ လုပ်ဆောင်ကြရမည်ဖြစ်သည်။ အစေခံကျွန်တစ်ယောက်

သည် သခင်ဖြစ်သူကိုမုန်းတီးသော်လည်း သခင်၏အုပ်စိုးခြင်းအာဏာကို နာခံ၍ ရိုသေလေးစားခြင်းကို ဆက်လက်၍ပြသနေရန်မှာလည်း ဖြစ်နိုင်သော အရာဖြစ်သည် (အထူးသဖြင့် သခင်ဖြစ်သူသည် ရက်စက်ကြမ်းကြုတ်သော သူဖြစ်ခဲ့လျှင်)။ ထို့ကြောင့်၊ ရှင်ပေါလုက အစေခံကျွန်များအား ရိုးသားစစ်မှန်သောစိတ်နှလုံးမှအလိုတော်နှင့်ညီသော ချစ်ကြောက်ရိုသေခြင်းကို ပြသကြဖို့ အသိပေးခဲ့သည်။ သူတို့သည် မိမိတို့၏သခင်များနှင့် ဆက်ဆံရင်းနှီးရာတွင် သူတော်ကောင်းယောင်မဆောင်ကြရန် လိုအပ်သည်။ သခင်များ၏မျက်နှာသာပေးမှုကို ရရှိဖို့သက်သက်အတွက် နာခံခြင်းမလုပ်ကြရန် လိုအပ်သည်(ငယ် ၆)။ သူတို့သည် သခင်ခရစ်တော်ကို နာခံကြသကဲ့သို့ မိမိတို့၏သခင်များကိုလည်းနာခံကြရမည်ဖြစ်သည် (ငယ် ၅)။ ရှင်ပေါလုက ယုံကြည်သူအစေခံကျွန်များအား မိမိတို့၏သခင်များကို သင့်တင့်ကောင်းမွန်စွာ အစေခံခြင်းဖြင့် သခင်ဘုရားကိုအစေခံကြဖို့ စိန်ခေါ်ခဲ့သည်။ သူတို့သည်မိမိတို့၏ လောကီသခင်များထံ၌ သစ္စာရှိစွာအစေခံခြင်းအတွက် ကောင်းကင်ဘုံနှင့်ယှဉ်သော ဆုလာဒ်များကို ရရှိခဲ့ကြမည့်အကြောင်း ရှင်ပေါလုက အသိပေးခဲ့သည် (ငယ် ၈)။ သင့်တင့်ကောင်းမြတ်သောအတွေးနှင့် လုပ်ဆောင်မှုတို့သည်လာမည့် ဘဝတွင် ဆုလာဒ်မရဘဲနေလိမ့်မည်မဟုတ်ပါ။

အစေခံကျွန်များအတွက် ဤနည်းလမ်းဖြင့်သခင်တစ်ယောက်ကို အစေခံရန်မှာ အမြဲလွယ်ကူခဲ့မည်မဟုတ်ကြောင်းကို နားလည်ထားရမည်။ အချို့သောသခင်များသည် ရက်စက်ကြမ်းကြုတ်ကြသည်။ သင်သည်အလုပ်တွင် သင့်အားသင့်တင့်မျှတစွာ ပြုမူဆက်ဆံခြင်းမခံရဟု သင့်ခံစားရသည့် အခြေအနေ၌ရှိကောင်း ရှိနေပါလိမ့်မည်။ သင့်အလုပ်ရှင်သည် စာနာမှုအရှိဆုံးပုဂ္ဂိုလ်ဖြစ်ချင်မှဖြစ်မည်။ ဤအခြေအနေမျိုးကို သင်မည်သို့ ကိုင်တွယ်ဖြေ

ရှင်းမည်နည်း။ သင်သည် မကျေမနပ်ဖြင့် တိုင်တန်းညည်းတွား၍ နာကြည်း ခါးသီးလာနိုင်ပါသည်။ သင်သည် သင့်ရဲ့လုပ်ပိုင်ခွင့်များကို တောင်းဆို၍ အာဏာပိုင်များကို ဆန့်ကျင်တိုက်ခိုက်ခဲ့ပေမည်။ ရှင်ပေါလု၏ အကြံပြုချက်မှာ သင်တို့၏အလုပ်ရှင် (သို့) ကုမ္ပဏီထံ၌ အမှုထမ်းပုံဖြင့် သခင်ယေရှုအား ဂုဏ်ပြုခြင်းကို သင့်ဆန္ဒအဖြစ်ပြုလုပ်ထားရန်ဖြစ်သည်။ အလုပ်လုပ်ရာ၌ သင်ကြုံတွေ့ရသေ အခြေအနေများကို အလိုတော်နှင့်ညီ၍ သခင်ခရစ်တော်ကဲ့သို့သော နည်းလမ်းဖြင့် တုန့်ပြန်ရန်ကိုယ့်ကိုယ်ကို ဆက်ကပ်အပ်နှံပါ။ အထက်လူကြီးများအတွက် အလုပ်မလုပ်ပါနှင့်၊ သခင်ဘုရားအတွက် အလုပ်လုပ်ပါ။ ဤအရာက လုပ်ငန်းခွင်ရှိ သင့်ရဲ့စိတ်နေသဘောထားအား မည်မျှပြောင်းလဲပေးနိုင်ကြောင်းကို သင်အံ့သြစွာမြင်တွေ့ရပါလိမ့်မည်။

ယုံကြည်သူကျွန်သခင်များအား မိမိတို့၏အစေခံကျွန်များကို ရိုသေလေးစားမှုနှင့်အတူ ပြုမူဆက်ဆံကြဖို့ ရှင်ပေါလုကပြောခဲ့သည်။ ရှင်ပေါလုက ကျွန်သခင်များအား ၎င်းတို့၏အခွင့်အာဏာကို အခွင့်အရေးမယူကြဖို့ အသိပေးခဲ့သည်။ သူတို့သည်မိမိတို့၏ အစေခံကျွန်များကို မခြိမ်းခြောက်ရပါ။ မျက်နှာလိုက်ခွဲခြားဆက်ဆံခြင်းကိုလည်း မပြုရပါ။ ထိုအစား၊ သူတို့အားလုံးကို တန်းတူရည်တူနှင့် မျှမျှတတပြုမူဆက်ဆံကြရမည်ဖြစ်သည်။ သူတို့နှင့် သူတို့၏အစေခံကျွန်များသည် ကောင်းကင်ဘုံ၌သခင်တစ်ပါးကို အတူရှိထားကြောင်း အမြဲသတိရနေကြရမည်ဖြစ်သည်။ ဘုရားသခင်သည် မျက်နှာလိုက်၍ ခွဲခြားဆက်ဆံတတ်သောသူ မဟုတ်ပါ။ သူတို့သည် ကျွန်သခင်များဖြစ်ကြသောကြောင့် ဘုရားသခင်ကတစ်မူထူးခြားစွာ တရားစီရင်မည်မဟုတ်ပါ။ အစေခံကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ လူသားအားလုံးသည် မိမိတို့၏လုပ်ရပ်အတွက် ဘုရားသခင်ထံတွင် ရှင်းလင်းချက်ပေးကြရမည်ဖြစ်သည်။ ဤလေး

နက်သော အသိတရားက သခင်များကိုငင်းတို့၏ အစေခံကျွန်များအား ပြုမူဆက်ဆံရပုံကို စိုးမိုးထားရမည်ဖြစ်သည်။

စဉ်းစားသုံးသပ်ရန်အချက်များ

- ကျွန်ုပ်တို့၏အထက်မှ မည်သည့်အာဏာပိုင်ကိုမဆို ရိုသေလေးစားကြဖို့ ရှင်ပေါလုကကျွန်ုပ်တို့ကို ဤနေရာတွင်စိန်ခေါ်ထားသည်။ သင်တို့၏အသိုင်းအဝိုင်း၌ ရိုသေလေးစားမှု မရှိခြင်း၏သက်သေအထောက်အထားရှိပါသလား။
- ကျွန်ုပ်တို့၏ မိဘများကိုဂုဏ်ပြုလေးစားရန်သင်ယူခြင်းက အသိုင်းအဝိုင်းတစ်ခုလုံးကို မည်သို့ပြောင်းလဲစေနိုင်ပါသနည်း။
- အာဏာရှိသောသူများသည် ထိုအာဏာကိုအလွဲသုံးစားပြုရန်အဘယ်ကြောင့် ဆွဲဆောင်ခံရပါသနည်း။
- သင်သည် မိဘတစ်ယောက် (သို့) လုပ်ငန်းခွင်တစ်ခု၏ အလုပ်ရှင်ဖြစ်လျှင် သင့်ရဲ့လုပ်ပိုင်ခွင့်အာဏာကို သင်မည်သို့အသုံးပြုခဲ့ပါသနည်း။
- သင့်အသက်တာတွင် အာဏာရှိသောသူနှင့် ရုန်းကန်နေရပါသလား။ ဤကျမ်းချက်က သင့်ကိုမည်သည့်အရာ သွန်သင်ပေးပါသနည်း။

ဆုတောင်းရန်အချက်များ

- သင့်အထက်မှအာဏာပိုင်များကို ရိုသေလေးစားဖို့ သင့်အားကူညီပေးရန်သခင်ဘုရားကို တောင်းလျှောက်ပါ။

- အာဏာပိုင်များကို ရိုသေလေးစားမှုမပြခဲ့သည့် အပြစ်ရှိခဲ့ဖူးပါသလား။ သင့်အသက်တာ၌ ဤအရာကို ကိုင်တွယ်နိုင်ရန် သင့်ကို ကူညီမစပေးဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။
- သင့်အသက်တာတွင် မိမိတို့၏လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုလုပ်ကြသောသူများကြောင့် သင်ဒုက္ခရောက်ခဲ့ဖူးပါသလား။ သင့်အသက်တာ၌ ဤအရာ၏ဂယက်ရိုက်ခတ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်သင့်ကို ကူညီမစပေးဖို့ ဘုရားသခင်ထံတောင်းလျှောက်ပါ။ သင့်အသက်တာ၏ ဤအစိတ်အပိုင်းတွင် အနာငြိမ်းခြင်းကို ဆောင်ယူလာပေးဖို့ သခင်ဘုရားကို တောင်းလျှောက်ပါ။
- သင်သည် လုပ်ပိုင်ခွင့်အာဏာရှိထားသောသူ ဟုတ်ပါသလား။ သင့်လက်အောက်ငယ်သားများကို ရိုသေလေးစားခြင်းနှင့်အတူ သင့်အခန်းကဏ္ဍကို လုပ်ဆောင်နိုင်ဖို့ ကူညီမစပေးရန် ဘုရားသခင်ထံတောင်းလျှောက်ပါ။

၂၄

## သခင်ဘုရားအားဖြင့် ခိုင်ခံ့ခြင်းရှိကြလော့

ဖေက် ၆း၁ဝ ကိုဖတ်ရှုပါ။

ခရစ်ယာန်အသက်တာ၌ အောင်မြင်ခြင်းကိုပေးသော လျှို့ဝှက်ချက်မှာ မည်သည့်အရာဖြစ်သည်ကို သင်သိချင်ခဲ့ဖူးပါသလား။ ကျွန်ုပ်တို့ကို ပတ်လည်ဝိုင်းထားသော စုံစမ်းနှောက်ယှက်ခြင်းများနှင့် မကောင်းမှုဒုစရိုက်များနှင့်အတူ အောင်မြင်သောခရစ်ယာန် အသက်တာကိုရှင်သန်ရန် ဖြစ်နိုင်ပါသလား။ သခင်ဘုရားနှင့်အတူ လျှောက်လှမ်းရှင်သန်ရာ၌ မရှုံးနိမ့်သောသူကျွန်ုပ်တို့ထဲတွင် တစ်ယောက်မှမရှိခဲ့ကြောင်းကို ကျွန်ုပ်တို့လက်ခံရပါမည်။ ကျွန်ုပ်တို့အားလုံးသည် ရန်သူ၏ထောင်ချောက်များ၌ ဝင်မိခဲ့ကြပါသည်။ ခရစ်ယာန်အသက်တာ၌ အလွန်သန်မာကြံ့ခိုင်သည်ဟုထင်ရသော်လည်း လောကီအရာများ၌ လဲပြိုသွားကြသော ယုံကြည်သူများကို ကျွန်ုပ်တို့အားလုံးသိခဲ့ကြပါသည်။ သခင်ခရစ်တော်နှင့် ဤလျှောက်လှမ်းရှင်သန်ခြင်းတွင် ကျွန်ုပ်တို့ကို စိတ်ပျက်အားလျော့သွားစေသော အရာများစွာရှိသည်။ စာတန်နှင့် ၎င်း၏ကောင်းကင်တမန်များမှာ အစစ်အမှန်ဖြစ်ကြသည်။ ၎င်းတို့သည် ကျွန်ုပ်တို့၏အသက်တာ၌ဘုရားသခင် ဖော်ဆောင်လိုသောအမှုတော်ကို ဆန့်ကျင်၍ အတိုက်အခံလုပ်ခြင်းတွင် အလုပ်ရှုပ်နေကြပါသည်။

ရှင်ပေါလုသည် တိုက်ပွဲ၏သဘောသဘာဝကို အခြားသူများလောက် သဘောပေါက်နားလည်ခဲ့ပါသည်။ ဤဧဖက် ၆း၁၈ တွင်ရှင်ပေါလုက ဝိညာဉ်တိုက်ပွဲနှင့် ပတ်သက်၍ အလွန်အရေးကြီးသော သွန်သင်ချက်အချို့ကို ပေးထားပါသည်။ နောက်လာမည့်ဆင်ခြင်နှလုံးသွင်းခြင်းအနည်းငယ်တွင် အောင်မြင်သောခရစ်ယာန်အသက်ရှင်ခြင်း လမ်းပေါ်၌ကျဲဖြန့်ထားသော အတားအဆီးများနှင့်ထောင်ချောက်များအား အောင်မြင်ကျော်လွှားခြင်းနှင့် ပတ်သက်၍ ရှင်ပေါလုက ဧဖက်အသင်းသားများအား သွန်သင်ပေးခဲ့သည့် အရာများကို ကျွန်ုပ်တို့လေ့လာ စစ်ဆေးသွားကြပါမည်။

ရှင်ပေါလုက သမ္မာကျမ်းစာ၏အားကောင်းပြင်းထန်သော ဤအပိုင်းကို အခန်းငယ် ၁၀ ရှိ နိဒါန်းပျိုးထုတ်ဖော်ပြောပြချက်တစ်ခုနှင့် အစပြုထားပါသည်။ "ကြွင်းသေးသောစကားဟူမူကား၊ ညီအစ်ကိုတို့၊ သခင်ဘုရားအားဖြင့်၎င်း၊ တန်ခိုးတော်အရှိန်အားဖြင့်၎င်း ခိုင်ခံ့ခြင်းရှိကြလော့။" ဤထုတ်ဖော်ပြောကြားချက်ကို သီးသန့်အပိုင်းများအဖြစ်ခွဲထုတ်၍ လေ့လာသွားကြပါစို့။

*ခိုင်ခံ့ခြင်းရှိကြလော့*

ရှင်ပေါလုက ဧဖက်အသင်းသားများအား ၎င်းတို့သည်ရန်သူကို အောင်နိုင်၍ သခင်ယေရှုအတွက် အသက်ရှင်လိုခဲ့လျှင် အားဖြည့်၍ ခိုင်ခံ့စေခြင်းကိုလိုအပ်ကြကြောင်း ပြောခဲ့သည်။ မူရင်းဘာသာစကားတွင် ဤ "ခိုင်ခံ့ခြင်းရှိကြလော့" ဟူသောကစားစုကို "ခိုင်ခံ့အောင် ပြုလုပ်ကြလော့" (သို့) "ခိုင်ခံ့ခြင်း၌ တိုးပွားလာကြလော့" ဟူ၍ ဘာသာပြန်ဆိုနိုင်ပါသည်။ ယုံကြည်သူတို့သည် အောင်နိုင်သောသူများဖြစ်လာကြ၍ အောင်မြင်သော ခရစ်ယာန်အသက်တာကို ရှင်သန်လိုလျှင် ပင်ကိုသဘာဝအားဖြင့် ၎င်းတို့၌မရှိသော

ခွန်အားစွမ်းပကားကို လိုအပ်ကြသည်ဟု ရှင်ပေါလုက ပြောနေခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် လောကီ၊ ဇာတိပကတိနှင့် နတ်ဆိုးတို့အပေါ်၌ ဆင်နွှဲသောတိုက်ပွဲကို အနိုင်ယူဖို့ ကြိုးစားအားထုတ်ခဲ့ကြသော်လည်း မည်သို့မကြာခဏရှုံးနိမ့်ခဲ့ကြပါသနည်း။ ကျွန်ုပ်တို့၏ခွန်အားစွမ်းပကားနှင့်မလုံလောက်ပါ။ ကျွန်ုပ်တို့၏ ရှေ့၌ရှိနေသော တိုက်ပွဲသည်ကာလရှည်လျား၍ ခက်ခဲသောတိုက်ပွဲဖြစ်သည်။ ရန်သူသည်ကျွန်ုပ်တို့ထက် အဆပေါင်းများစွာပါးနပ်၍ အစွမ်းကြီးပါသည်။ စာတန်သည် ယုံကြည်သူနှင့် မယုံကြည်သူတို့ကို စုံစမ်းနှောက်ယှက်ရာ၌ အတွေ့အကြုံများစွာကို ရရှိထားပါသည်။ ကျွန်ုပ်တို့မတိုင်မီက လူမြောက်မြားစွာသည် စာတန်၏လှည့်ကွက်များထဲတွင် ကျရှုံးခဲ့ကြသည်။ ထိုသို့ကျရှုံးခဲ့သောသူများထဲတွင် သမ္မာကျမ်းစာကို အကျွမ်းတဝင်ရှိ၍ ဘုရားသခင်နှင့် ပတ်သက်သောအတွေ့အကြုံများတွင်လည်း သင်နှင့်ကျွန်ုပ်၌ရှိဖို့မျှော်လင့်နိုင်သည့် အတွေ့အကြုံထက်ပင်ပို၍ များခဲ့ကြသည်။ "ဘုရားသခင်၏စိတ်နှလုံးတော်နှင့် ညီညွတ်သောသူ" ဒါဝိဒ်အကြောင်းကို ခေတ္တစဉ်းစားကြည့်ပါ။ ဘုရားဝတ်၌မွေ့လျော်သော ဤသိုးကျောင်းသား လူငယ်လေးသည် သူများသားမယားနှင့် ပြစ်မှားခြင်းအပြစ်ကို ကျူးလွန်ဖို့ စုံစမ်းနှောက်ယှက်ခြင်း၌ သားကောင်ဖြစ်ခဲ့ရပြီးနောက် မိမိ၏အပြစ်ကို ဖုံးကွယ်ရန်အတွက် သူမ၏ခင်ပွန်းသည်ကိုလည်း လုပ်ကြံခဲ့လိမ့်မည်ဟု မည်သူကစဉ်းစားခဲ့ပါမည်နည်း။ ကျွန်ုပ်တို့သည် ထိုကဲ့သို့သော စုံစမ်းနှောက်ယှက်ခြင်းများက လက်လှမ်းမမီနိုင်သောနေရာတွင်ရှိနေကြပါသလား။ ၁ကော ၁၀း၁၂ တွင်ရှင်ပေါလုက ဤသို့ပြောထားသည်။

ထို့ကြောင့် အကြင်သူသည် မိမိ တည်ကြည်လျှက်နေသည်ဟု မိမိထင်မှတ်၏။ ထိုသူသည် မလဲခြင်းငှါသတိပြုစေ။

သင်သည် ရန်သူ၏စုံစမ်းနှောက်ယှက်ခြင်းများကို ကိုယ့်အစွမ်းအစဖြင့် ကိုင်တွယ်နိုင်ပါသည်ဟု ယုံကြည်နေလျှင် သင်သည်အလွန်အန္တရာယ်ရှိသောအခြေအနေတွင် ရောက်ရှိနေပါသည်။ လောဒိကိအသင်းတော်နှင့်စပ်လျဉ်း၍ ဗျာဒိတ် ၃း၁၇-၁၈ တွင် သခင်ယေရှုကဤသို့ပြောဆိုထားသည်။

> သင်ကလည်း၊ ငါသည်ဥစ္စာရတတ်၏။ ဘဏ္ဍာများကို ဆည်းဖူးပြီ။ တစုံတခုကိုမျှမလိုဟု ပြောဆို၍၊ ကိုယ်တိုင်ပင်ပန်းခြင်း၊ သနားဘွယ်ဖြစ်ခြင်း၊ ဆင်းရဲခြင်း၊ မျက်စိကန်းခြင်း၊ အဝတ်အချည်းစည်း ရှိခြင်းဖြစ်သည်ကို မသိပါတကား။ သင်သည် ဥစ္စာရတတ်ခြင်းငှါ၊ မီးနှင့်ချွတ်ပြီးသောရွှေကိုငှင်း၊ အဝတ်အချည်းစည်းရှိ၍၊ သူတစ်ပါးရှေ့တွင် မရှက်စေခြင်းငှါ ခြုံစရာဘို့၊ ဖြူသောအဝတ်ကိုငှင်း၊ ငါ့ထံမှာဝယ်လော့။ သင်၏မျက်စိမြင်စေခြင်းငှါ၊ မျက်စိ၌ မျက်စဉ်းခတ်လော့ဟု သင့်အားငါသည် အကြံပေး၏။”

လောဒိကိအသင်းတော်ကဲ့သို့ပင် မြောက်မြားစွာသောသူတို့က ခရစ်ယာန်အသက်တာကို ရှင်သန်ဖို့ လိုအပ်သောအရာများကို မိမိတို့၌ ရှိထားရသည်ဟု ထင်မှတ်နေကြသည်။ နောက်ထပ်စည်းကမ်းသေဝပ်မှုနှင့် စိတ်စွမ်းအားအနည်းငယ်သာ ပိုရှိဖို့လိုအပ်သည်ဟု သူတို့ထင်မှတ်ကောင်း ထင်မှတ်နေကြပေမည်။ ဤစိတ်နေစိတ်ထားသည် ဝိညာဉ်ရေးမာနကြီးခြင်း၏ အရိပ်လက္ခဏာတစ်ခုဖြစ်သည်။ သုတ္တံ ၁၆း၁၈ တွင် သုတ္တံဆရာက ဤသို့ ပြောဆိုထားသည်။

> မာနသည် ပျက်စီးခြင်းအရင်၊ ထောင်လွှားသောသဘောသည် ရှုတ်ချခြင်းအရင်ရှိနေပြီ။

ဝိညာဉ်ရေးပျက်ကိန်းဆိုက်ခြင်းထဲသို့ ကျရောက်သွားရန် သေချာမှု

အရှိဆုံးနည်းလမ်းမှာ ဘုရားသခင်ပြဋ္ဌာန်းထားသော အသက်တာကို မိမိတို့၏ ကိုယ်ပိုင်ခွန်အား စွမ်းပကားဖြင့် ရှင်သန်နိုင်သည်ဟု မှတ်ယူခြင်းဖြစ်သည်။ ပြိုလဲကျရှုံးခြင်းမှ ကျွန်ုပ်တို့ရှောင်ရှားလိုလျှင် ကြံ့ခိုင်သန်မာလာရန် ပြုလုပ်ခြင်းခံရဖို့ ကျွန်ုပ်တို့လိုအပ်သည်။

သင်သည် အားနည်း၍ ခွန်အားစွမ်းပကားကို လိုအပ်နေကြောင်း ဝန်ခံအသိအမှတ်ပြုပါသလား။ သင်သည်ရန်သူကို အနိုင်ယူလိုလျှင် သင့်ကိုယ်ပိုင်ခွန်အား စွမ်းပကားထက် အဆပေါင်းများစွာပိုကြီးသော ခွန်အားစွမ်းပကားကိုလိုအပ်ကြောင်း သဘောပေါက်ထားပါသလား။ သင့်ရဲ့ရန်သူသည် သင့်ထက်အလွန်အမင်း အစွမ်းကြီးကြောင်းကို ဝန်ခံပါ။ သင့်ကိုယ်ပိုင်ခွန်အား စွမ်းပကားဖြင့် ကြိုးစားလျှင် သင်ရှုံးနိမ့်မည်မှာ အသေအချာပင်။ အောင်မြင်ခြင်းအတွက် ပထမခြေလှမ်းမှာ သင့်ကိုယ်ပိုင်ဉာဏ်ပညာနှင့် အစွမ်းအစတို့အားဖြင့် မည်သို့မျှအောင်မြင်ခြင်းမရနိုင်ကြောင်းကို ဝန်ခံအသိအမှတ်ပြုခြင်းဖြစ်သည်။ စာတန်နှင့်အပြစ်ဒုစရိုက်ကို သင့်ဘာသာသင် တစ်ကိုယ်တည်း တိုက်ခိုက်ရန် သင်မတတ်စွမ်းနိုင်ခြင်းကို ပထမဆုံးဝန်ခံပါ။ ဘုရားသခင်၏ ထောက်ကူစွမ်းဆောင်ပေးခြင်းကို သင်လိုအပ်ကြောင်း ဘုရားသခင်ထံ၌ နှိမ့်ချစွာဝန်ခံပါ။ အောင်မြင်ခြင်းသည် ကိုယ်တော်ရှင်၏ခွန်အားစွမ်းပကား၌သာဖြစ်နိုင်ပါသည်။

*သခင်ဘုရားအားဖြင့် ခိုင်ခံ့ခြင်းရှိကြလော့*

ဤကျမ်းပိုဒ်တွင် ကျွန်ုပ်တို့၏ခွန်အားစွမ်းပကားသည် "သခင်ဘုရား(၌)အားဖြင့်" ဖြစ်ရမည်ဖြစ်ကြောင်းကို ဒုတိယအနေဖြင့်သတိရပါ။ သခင်ဘုရားအားဖြင့် ခိုင်ခံ့ခြင်းသည် မည်သည့်အရာကိုဆိုလိုပါသနည်း။ အစ်ကိုကြီးဖြစ်သူက အနား၌ရှိသောအချိန်တွင် ညီငယ်တစ်ယောက်၏ ရဲရင့်ဝင့်ကြွား

မှုကို သင်တွေ့ဖူးပါသလား။ အခြေအနေများ ဆိုးဝါးကြမ်းတမ်းလာသောအခါ သူသည်ဘေးကင်းလုံခြုံဖို့ အစ်ကိုကြီးထံပြေးသွားပါသည်။ ဤညီငယ်လေးသည် ကိုယ်တိုင်၌ သန်မာကြံ့ခိုင်ခြင်းမရှိပါ။ သူ၏ခွန်အားစွမ်းပကားသည် အစ်ကိုကြီး(၌)အားဖြင့်ဖြစ်သည်။

သခင်ဘုရား၌ သန်မာကြံ့ခိုင်ခြင်း (ခိုင်ခံ့ခြင်း)ဆိုသည်မှာ အလားတူပင်ဖြစ်သည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့သည်သခင်ဘုရား၌ သန်မာကြံ့ခိုင်ခြင်း (ခိုင်ခံ့ခြင်း)ကို သခင်ဘုရားအကြောင်း ကျွန်ုပ်တို့သိခြင်း၌ သန်မာကြံ့ခိုင်ခြင်း (သို့) သခင်ဘုရားနှင့်ပတ်သက်သော ကျွန်ုပ်တို့၏အတွေ့အကြုံများ၌ သန်မာကြံ့ခိုင်ခြင်း (ခိုင်ခံ့ခြင်း) နှင့်ရောထွေးခဲ့ကြသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုနှင့် သခင်ယေရှု၏နည်းလမ်းများအကြောင်းကို အကျွမ်းတဝင်ရှိခဲ့၍ ကိုယ်တော်ရှင်နှင့်နှစ်ကာလအနည်းငယ်အတူ လျှောက်လှမ်း ရှင်သန်ခဲ့လျှင် ကျွန်ုပ်တို့ပတ်ပတ်လည်မှ စုံစမ်းနှောက်ယှက်ခြင်းများကို အောင်မြင်ကျော်လွှားနိုင်လောက်အောင် သန်မာကြံ့ခိုင်ခဲ့လိမ့်မည်ဟု တစ်ခါတစ်ရံ ယုံကြည်ခဲ့ကြပေမည်။ သို့သော်၊ အခြားတစ်ဖက်တွင် "ဝိညာဉ်ရေးရာ၌ ထူးကဲကျော်ကြားသောပုဂ္ဂိုလ်များ" ပင်လဲပြိုကျရှုံးခဲ့ကြကြောင်းကို အတွေ့အကြုံများစွာက ကျွန်ုပ်တို့အားပြောပြပါသည်။ ရန်သူ၏စုံစမ်းနှောက်ယှက်ခြင်း၌ သားကောင်ဖြစ်ခဲ့ရသော ဝိညာဉ်ရေးခေါင်းဆောင်ကြီးများ၏ အဖြစ်အပျက်များမှာ အလွန်များပါသည်။

သခင်ဘုရား၌ သန်မာကြံ့ခိုင်ခြင်း (ခိုင်ခံ့ခြင်း)သည် လက်တွေ့ဘဝတွင် ညီအစ်ကိုကြီး၏ပုံသာဓကအတိုင်းဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုအကြောင်းအမြောက်အမြားသိရှိထား၍ ကိုယ်တော်ရှင်နှင့် နှစ်ပေါင်းများစွာအတူလျှောက်လှမ်းရှင်သန်ခဲ့ကြသောကြောင့် ရန်သူကိုရင်ဆိုင်နိုင်ခြင်းမဟုတ်

ပါ။ သခင်ယေရှုသည် ကျွန်ုပ်တို့ကို ကာကွယ်ပေးရင်းကျွန်ုပ်တို့အတွက် တိုက်ခိုက်ပေးခြင်းဖြင့် ကျွန်ုပ်တို့နှင့်အတူရှိနေသောကြောင့်သာ ရန်သူကို ရင်ဆိုင်နိုင်ကြခြင်းဖြစ်သည်။ တိုက်ပွဲကိုအနိုင်ယူ၍ အောင်မြင်ခြင်းကို ကျွန်ုပ်တို့အားပေးသောအရာမှာ ကျွန်ုပ်တို့၏ခွန်အားစွမ်းပကားမဟုတ်၊ သခင်ယေရှု၏ခွန်အားစွမ်းပကားသာဖြစ်သည်။ သခင်ယေရှုအကြောင်း သိကောင်းစရာအားလုံးကို ကျွန်ုပ်တို့သိထားကြသော်လည်း အရှက်ကွဲအကျိုးနည်းစွာဖြင့် ရှုံးနိမ့်နိုင်ကြပါသည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၌ စစ်မှန်သောရင့်ကျက်ခြင်းကိုရှိထားပြီး အလွန်ဆိုးဝါးသော အပြစ်ဒုစရိုက်ကျူးလွန်နိုင်ဆဲပင်ဖြစ်သည်။ သခင်ခရစ်တော်နှင့်ဆက်နွယ်သော ကျွန်ုပ်တို့၏အတွေ့အကြုံများတွင် အောင်မြင်ခြင်းကို ရရှိကြမည်မဟုတ်ပါ။ သခင်ခရစ်တော်ကို ကျွန်ုပ်တို့ကိုယ်စား ကျွန်ုပ်တို့ တိုက်လှန်စေသောအချိန်၌သာ အောင်မြင်ခြင်းမှာဖြစ်လာနိုင်ပါသည်။ တရားဟော ရာ ၂၀း၃-၄ တွင် ဘုရားသခင်က မိမိ၏လူမျိုးများထံ၌ ပြောဆိုခဲ့သောအရာကို နားဆင်ကြည့်ပါ။

> အိုဣသရေလအမျိုးသားတို့၊ ယနေ့သင်တို့သည် စစ်တိုက်ခြင်းငှါ ရန်သူတို့ကို ချဉ်းကြပြီ။ သူတို့ကြောင့် စိတ်ပျက်ခြင်း၊ ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်း၊ ထိတ်လန့်ခြင်း မရှိကြနှင့်။ အကြောင်းမူကား၊ သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် ရန်သူတို့ကို စစ်တိုက်၍ သင်တို့ကို ကယ်တင်ခြင်းအလိုငှါ၊ သင်တို့နှင့်အတူ ကြွတော်မူသည်ဟု လူတို့အား ပြောဆိုရကြမည်။

ဤနေရာတွင် ဘုရားသခင်ကမိမိ၏လူမျိုးတို့အား ၄င်းတို့၏ရန်သူများကို တိုက်ခိုက်ပေးမည်ဟု ကိုယ်တိုင်ကတိပေးထားပါသည်။ တိုက်ပွဲကို

တိုက်ရန်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ခဲ့ကြသောကြောင့် ကျွန်ုပ်တို့အကြိမ်မည်မျှ ကျရှုံးခဲ့ကြပါသနည်း။ ကျွန်ုပ်တို့၏ "အစ်ကိုကြီး"ထံ ပြေးသွားကြရမည့်အစား၊ ကျွန်ုပ်တို့၏ကိုယ်ပိုင်ခွန်အားစွမ်းပကားဖြင့် ရန်သူကို ဆန့်ကျင်တွန်းလှန်ခဲ့ကြသည်။ ဤသို့ပြုလုပ်ခြင်းကြောင့် ကျွန်ုပ်တို့သိလိုက်ရသည့်အရာမှာ ရန်သူသည်ကျွန်ုပ်တို့ထက် အဆပေါင်းများစွာ သန်မာပြီး၊ ကျွန်ုပ်တို့မှာ အဆက်မပြတ်ထုနှက်ခံရခြင်း၊ ပွန်းပဲ့ဒဏ်ရာရရှိခြင်းတို့နှင့်အတူ ကျွန်ုပ်တို့၏အမြီးကို ခြေထောက်နှစ်ချောင်းကြား၌ ကုပ်ထားလျက်ခြေသုတ်တင်နှင်လွှတ်ခံရခြင်းသာဖြစ်သည်။ မြောက်မြားစွာသောသူတို့က ၎င်းတို့၏ဝိညာဉ်ရေးရင့်ကျက်မှုကို ယုံကြည်ကိုးစားခဲ့ကြပြီးကျရှုံးခဲ့ကြပါသည်။ သင်သည် ယုံကြည်သူလူသစ်တစ်ယောက်ဖြစ်၍ သခင်ဘုရားနှင့်အတူ ရှင်သန်လျှောက်လှမ်းရာတွင် စစ်မှန်သောအတွေ့အကြုံမရှိသေးလင့်ကစား၊ သင်သည်သခင်ဘုရား၏ ခွန်အားစွမ်းပကား၌ သန်မာကြံ့ခိုင်(ခိုင်ခံ့)နိုင်ပါသည်။ သခင်ဘုရား၌(အားဖြင့်) သန်မာကြံ့ခိုင်(ခိုင်ခံ့)သောသူသည် သခင်ဘုရားထံသို့ပြေးသွား၍ အခြေအနေတစ်ခုကို ကိုင်တွယ်ဖြေရှင်းပေးရန် တောင်းလျှောက်သောသူဖြစ်သည်။ ဆာလံ ၆၀း၁၂ တွင် ဆာလံဆရာက ဤသို့ဆိုထားသည်။

> *ဘုရားသခင်အားဖြင့် ငါတို့သည် ရဲရင့်စွာပြုကြမည်(ဘုရားသခင်အားဖြင့် ငါတို့သည် အောင်နိုင်ခြင်းကို ရကြလိမ့်မည်)။ ငါတို့၏ရန်သူများကို ကိုယ်တော်တိုင် နင်းတော်မူမည်။*

ဘုရားသခင်ကို ကောင်းကင်ဘုံရှိ ကျွန်ုပ်တို့၏အဖအဖြစ်နှင့်သာ ရှိထားလျှင် ကျွန်ုပ်တို့ကိုအနိုင်ယူနိုင်မည့်အရာ ရှိမည်မဟုတ်ပါ။ ကျွန်ုပ်တို့ကို ခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ကျွန်ုပ်တို့တတ်စွမ်းနိုင်ကြပါသည် (ဖိလိပ္ပိ ၄း၁၃ ကိုကြည့်ပါ)။

*တန်ခိုးတော်အရှိန်အားဖြင့် ခိုင်ခံ့ခြင်းရှိကြလော့*

ဤကျမ်းပိုဒ်၌ ကျွန်ုပ်တို့ကြည့်ရှုသုံးသပ်ဖို့ နောက်ဆုံးအချက်တစ်ချက် ရှိနေသေးသည်။ ရှင်ပေါလုက ဧဖက်အသင်းသားများအား ၎င်းတို့လိုအပ်သလို အသုံးပြု၍ရသော ခွန်အားစွမ်းပကားသည် "တန်ခိုးတော်အရှိန်" (အလွန်စွမ်းအားကြီးသော တန်ခိုးတော်) ဖြစ်သည်ဟု ပြောခဲ့သည်။ တိုင်းနိုင်ငံများမှ အလွန်ထက်မြက်သောအသိဉာဏ်များ၊ စစ်တပ်များ၊ လက်နက်များ၊ အမြောက်ကြီးများအားလုံးသည် သင်လိုအပ်သလို အသုံးပြုဖို့ သင့်ရှေ့၌အဆင်သင့်ရှိနေကြသည့်ပုံကို စိတ်ကူးယဉ်ကြည့်ပါ။ ထိုအရာသည် မယုံနိုင်ဖွယ်ရာ အင်အားကြီးဖြစ်ခဲ့ပါလိမ့်မည်။ သို့သော်၊ ကောင်းကင်ဘုံ၏အရှင်ဘုရားသခင်အတွက် ထိုကဲ့သို့သောအင်အားစွမ်းပကားကို ရယ်မောဟားတိုက်နေကာ၊ ကိုယ်တော်၏ နှုတ်ပါးစပ်မှ သာမန်မှုတ်ထုတ်လိုက်သော လေတစ်ချက်က ဤကမ္ဘာကြီး၏ အလွန်များပြားအင်အားကြီးလှသော စစ်တပ်များကိုပြာမှုန့်ပင်မကျန်အောင် ဖြစ်စေနိုင်ကြောင်းကို ခေတ္တခဏစဉ်းစားသုံးသပ်ကြည့်ပါ။ ကျွန်ုပ်တို့လိုအပ်သလိုအသုံးပြုဖို့ အဆင်သင့်ရှိနေသော တန်ခိုးအစွမ်းသည် ဤလောကီသားများကသိထားသော အရာအားလုံးထက်ပို၍ အစွမ်းကြီးပါသည်။ သခင်ယေရှု၏သာမန်နှုတ်ထွက်စကားက အပယ်ငရဲသား၊ နတ်ဆိုးများကို ကစဥ့်ကလျားဖြစ်သွားစေပါသည်။ သူတို့သည် ကိုယ်တော်ရှင်၏ရှေ့မှောက်တွင် အစွမ်းအစမဲ့သွားကြရပါသည်။

အနန္တတန်ခိုးရှင် ဘုရားသခင်၏ တန်ခိုးတော်သည် သင်လိုအပ်သလို အသုံးပြုဖို့ အဆင်သင့်ရှိနေချိန်တွင် သင်သည်သင့်ရဲ့အကန့်အသတ်တစ်ခု အထိသာရှိနေသော အရင်းအမြစ်များနှင့် အဘယ်ကြောင့်ကျေနပ်တင်းတိမ်နေပါသနည်း။ ရန်သူသည် သင့်ကိုဆန့်ကျင်ဖိနှိပ်သောအခါ သခင်ယေရှုထံသို့

ပြေးသွားပါ။ စုံစမ်းနှောက်ယှက်ခြင်းများက လွှမ်းမိုးစီးနင်းဟန်ရှိသောအခါ သခင်ယေရှုထံသို့ပြေးသွားပါ။ စာတန်နှင့်၎င်း၏ကောင်းကင်တမန်များ၏ တိုက်ခိုက်ခြင်းကို သင်ခံစားမိသောအခါ သခင်ယေရှုထံပြေးသွားပါ။ သင်သည် ဤအတားအဆီးအနှောက်အယှက်များကို သင့်ဘာသာအောင်မြင်ကျော်လွှား နိုင်မည်မဟုတ်ပါ။ သို့သော်၊ သခင်ယေရှုကအောင်မြင်ကျော်လွှားနိုင်ပါသည်။ ကိုယ်တော်ရှင်၏ ခွန်အားစွမ်းပကား၌(အားဖြင့်) သန်မာကြံ့ခိုင်ခြင်း(ခိုင်ခံ့ ခြင်း)ရှိနေပါ။ သင့်ရဲ့ခွန်အားစွမ်းပကားတို့၌ မဟုတ်ပါ။ ကိုယ်တော်ရှင်ထံ ဆက်ပြေးနေပါ။ ကိုယ်တော်ရှင်ကိုဆက်၍ ယုံကြည်ကိုးစားပါ။ ကိုယ်တော်ရှင်၏ အလွန်အားကြီးသော တန်ခိုးတော်ကို မည်သည့်အရာကမျှ မတိုက်လှန်နိုင်ပါ။

စဉ်းစားသုံးသပ်ရန်အချက်များ

- သင့်ရဲ့ခရစ်ယာန်အသက်တာ၌ အောင်မြင်ခြင်းကိုရရှိဖို့ မည်သူ (သို့) မည်သည့်အရာကို သင်မှီခိုအားထားနေပါသနည်း။ သခင်ယေရှုနှင့် သက်ဆိုင်သော သင့်ရဲ့အတွေ့အကြုံများနှင့် ဗဟုသုတများကို သင်ကိုးစားယုံကြည်ပါသလား (သို့) အသက်ရှင်တော်မူသော သခင် ယေရှုကိုယ်တိုင်ကို သင်ယုံကြည်ကိုးစားပါသလား။
- နေ့စဉ်နေ့တိုင်း သခင်ဘုရား၌ သင့်ကိုယ်ကိုသင် ခွန်အားနှင့်မည်သို့ ပြည့်စေနိုင်ပါသနည်း။
- ယနေ့တွင် သခင်ခရစ်တော်၏ခွန်အားစွမ်းပကားကို သင့်အသက် တာ၌ကြုံတွေ့ခံစားရခြင်းမှ မည်သည့်အရာက ဆီးတားနေပါ သနည်း။

- သင်သည် မည်သည့်ပြဿနာများကို ယနေ့ရင်ဆိုင်နေရပါသနည်း။ ထိုပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် သခင်ဘုရားကသင့်ကို ခွန်အားစွမ်းပကားနှင့် ဉာဏ်ပညာတို့ကိုပေးနိုင်ပါသလား။

ဆုတောင်းရန်အချက်များ

- ယနေ့တွင် သင့်အသက်တာ၌ရှိနေသော သီးခြားပြဿနာတစ်ခုကို အောင်မြင်ကျော်လွှားရန် ဘုရားသခင်၏ခွန်အားစွမ်းပကားကို သင်လိုအပ်ပါသလား။ သခင်ယေရှုထံသို့ ပြေးသွား၍ သင့်အသက်တာမှ ပြဿနာကို ကိုင်တွယ်ဖြေရှင်းပေးဖို့ တောင်းလျှောက်ပါ။
- သခင်ဘုရားသည် မိမိ၏အလွန်အားကြီးသော တန်ခိုးတော်ကို သင်လိုအပ်သလို အသုံးပြုဖို့ အဆင်သင့်ထားပေးထားသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- သင်သည် သခင်ဘုရားအား မယုံကြည်မကိုးစားသောအခါ ထိုအရာကိုပြသပေးဖို့ တောင်းလျှောက်ပါ။ ကိုယ်တော်ရှင်ကို စောင့်စား၍ ကိုယ်တော်ရှင်၏ ဦးဆောင်မှုနှင့် သင့်ရဲ့ပင်ကိုခွန်အား စွမ်းပကား မဟုတ်၊ ကိုယ်တော်ရှင်၏ ခွန်အားစွမ်းပကားကို ယုံကြည်ကိုးစားနိုင်ရန်အတွက်လိုအပ်သော ရဲရင့်ခြင်းနှင့် စိတ်နှလုံးနှိမ့်ချခြင်းကို သင်အားပေးသနားဖို့ တောင်းလျှောက်ပါ။

# ဂလာတိသြဝါဒစာ နှင့် ဖေက်သြဝါဒစာ

## ၂၅
## စစ်ဝတ်စုံကို ဝတ်ဆောင်ကြလော့

ဧဖက် ၆း၁၁၊ ၁၃ ကိုဖတ်ရှုပါ။

ယုံကြည်သူများအဖြစ်နှင့် ကျွန်ုပ်တို့သည် ဝိညာဉ်ရေးတိုက်ပွဲကို ဆင်နွှဲနေကြပါသည်။ နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းတွင် ရှင်ပေါလုက ဧဖက်အသင်းသားများအား ၎င်းတို့၏ အနီးတစ်ဝိုက်၌ ဖြစ်ပွားနေသောတိုက်ပွဲအရ "သခင်ဘုရားအားဖြင့် ခိုင်ခံ့ခြင်း" ရှိကြရန် စိန်ခေါ်ခဲ့သည်။ ထို့နောက် သူတို့သည် ဘုရားသခင်၏ စစ်ဝတ်စုံအားလုံးကို ဝတ်ဆောင်ကြရမည့်အကြောင်းကိုလည်း ပြောပြခဲ့သည်။ ဤစစ်ဝတ်စုံနှင့်ပတ်သက်၍ ရှင်ပေါလုပြောပြလိုသောအရာကို အခန်းငယ် ၁၁ နှင့် ၁၃ တွင် လေ့လာသုံးသပ်ကြည့်ကြပါစို့။

*ဘုရားသခင်၏စစ်ဝတ်စုံအပြည့်အစုံ*

မည်ကဲ့သို့သောစစ်သားသည် မိမိ၏အကာအကွယ်ပစ္စည်းတန်ဆာများကို ဝတ်ဆင်ခြင်းမရှိဘဲ တိုက်ပွဲကိုသွားမည်နည်း။ မြောက်မြားစွာသောယုံကြည်သူတို့သည် စစ်ဝတ်စုံလိုအပ်ပုံကို သဘောမပေါက်ကြပါ။ သူတို့က မိမိတို့သည် ယုံကြည်သူများဖြစ်ကြသောကြောင့် ရန်သူ၏မြှားများမှ ကွယ်ကာပေးခြင်းကို ခံကြရသည်ဟု ခံစားမိနေကြသည်။ သူတို့က "ငါကသခင်ဘုရားကို

ယုံကြည်ကိုးစားနေတာပဲ ဒါကြောင့်စိုးရိမ်နေဖို့မလိုဘူး” ဟုပြောတတ်ကြသည်။ ဤယုံကြည်သူများက မိမိတို့ကိုဒုက္ခအန္တရာယ်ပေးနိုင်သောအရာမရှိဟု ခံစားထင်မှတ်ရင်း မိမိတို့၏နေ့စဉ်လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို လုပ်ဆောင်ကြပါသည်။ ကျွန်ုပ်တို့သဘောပေါက်ထားဖို့ လိုအပ်သောအရာမှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားသမီးများဖြစ်နေကြသောကြောင့် စာတန်၏ပစ်မှတ်များဖြစ်နေကြသည်ဟူသော အချက်ဖြစ်သည်။ ရန်သူသည် ၎င်းနှင့်တစ်ဖွဲ့တည်းသားချင်းများအား မတိုက်ခိုက်ကြောင်းကို လူတိုင်းသိကြသည်။ ယုံကြည်သူတစ်ဦးဖြစ်နေခြင်းက အာမခံပေးသောအရာမှာ ကျွန်ုပ်တို့သည်ရန်သူ၏မျက်ခြေမပြတ်စောင့်ကြည့်ခြင်းကိုခံရမည်ဟူသောအချက်ဖြစ်သည်။ ဤအတွက်ကြောင့် ကျွန်ုပ်တို့သည် အကာအကွယ်ပေးခြင်းကို လိုအပ်နေကြသည်။

ကျွန်ုပ်တို့ ဝတ်ဆင်ကြရမည့် စစ်ဝတ်စုံသည် ခံစစ်သဘောကိုဆောင်သော စစ်ဝတ်စုံများဖြစ်ကြကြောင်းကို သတိပြုပါ။ တစ်နည်းအားဖြင့်ဆိုရလျှင် ဤစစ်ဝတ်စုံသည် တိုက်ခိုက်ခြင်းထက် ကာကွယ်ခြင်းအတွက် ပို၍ဖြစ်သည်။ ခါးပန်း၊ ရင်အုပ်တန်ဆာ၊ ခြေစွပ်၊ ဒိုင်းလွှား၊ သံခမောက်၊ ဓါးတို့သည် ခံစစ်သဘောကိုဆောင်ကြသည်။ ဘုရားသခင်က လှံ၊ လောက်လွှဲ၊ လေး၊ မြှားတို့ဖြင့် ကိုယ့်ကိုယ်ကို လက်နက်တပ်ဆင်ထားဖို့ ကျွန်ုပ်တို့ကိုပြောမထားကြောင်း သတိပြုပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုအကာအကွယ်ပြု စစ်ဝတ်စုံဖြင့် ကိုယ့်ကိုယ်ကို ဝတ်ဆောင်ထားကြဖို့ အဘယ့်ကြောင့်ပြောထားသနည်း။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ တိုက်စစ်သုံးလက်နက်တန်ဆာများကို စွဲကိုင်၍ တိုက်ပွဲဝင်ရန် ကျွန်ုပ်တို့ကိုတိုက်တွန်းစေ့ဆော်ရမည်မဟုတ်ပါလား။ နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းတွင်၊ စစ်တိုက်ခြင်းသည် ဘုရားသခင်နှင့်စပ်ဆိုင်ကြောင်းကို ကျွန်ုပ်တို့လေ့လာတွေ့ရှိခဲ့ကြပြီးဖြစ်သည်။ ရန်သူကိုအနိုင်ယူရန်

ကျွန်ုပ်ကိုယ်တိုင်၌ လုံလောက်သောခွန်အား စွမ်းပကားကို ကျွန်ုပ်တို့မပိုင်ဆိုင်ထားကြပါ။ ဘုရားသခင်က ကျွန်ုပ်တို့ကို တိုက်စစ်သုံးလက်နက်တန်ဆာများကို မပေးထားပါ။ အကြောင်းမှာ ကိုယ်တော်ရှင်သည် စစ်ပွဲကိုကျွန်ုပ်တို့အတွက် တိုက်ခိုက်ပေးလိုသောကြောင့်ဖြစ်သည်။

ရန်သူ၏နည်းဗျူဟာကို ဘုရားသခင်က ကျွန်ုပ်တို့ထက်ပို၍သိသည်။ ထို့ကြောင့် ကျွန်ုပ်တို့အတွက် ဖြစ်နိုင်ချေရှိသော အကောင်းဆုံးအကွယ်အကာကိုဖန်တီးချမှတ်ထားခဲ့သည်။ ဘုရားသခင်က ကျွန်ုပ်တို့ကိုပေးထားသော စစ်ဝတ်စုံကို ကျွန်ုပ်တို့ဝတ်ဆင်ထားလျှင်၊ ၎င်းသည် ကျွန်ုပ်တို့ကိုရန်သူ၏ တိုက်ခိုက်မှုအမျိုးမျိုးမှ ကာကွယ်ပေးပါလိမ့်မည်။ သို့သော်၊ လျှို့ဝှက်ချက်မှာ ဤစစ်ဝတ်စုံကို နေ့စဉ်ဝတ်ဆောင်ခြင်းဖြစ်သည်။ ဤစစ်ဝတ်စုံမရှိလျှင် ခုခံနိုင်စွမ်းရှိမည်မဟုတ်ပါ။ "ငါ့ကိုကာကွယ်ပေးဖို့ ဘုရားသခင်ရှိနေတာဘဲ၊ ဒီစစ်ဝတ်စုံတွေကို ငါဘာလို့ လိုအပ်နေမှာလဲ" ဟု သင်ပြောကောင်းပြောပါလိမ့်မည်။ အရိုးစင်းဆုံးနှင့် ဖြေရမည်ဆိုလျှင် ဤအရာသည်ကျွန်ုပ်တို့ကို ကာကွယ်စောင့်မခြင်းအတွက် ဘုရားသခင်၏နည်းလမ်းဖြစ်သည်။ စစ်ဝတ်စုံကို ကျွန်ုပ်တို့ဝတ်ဆင်ဖို့ ငြင်းပယ်၍ စာတန်၏မြှားချက်တစ်ခု၌ သားကောင်ဖြစ်သွားခဲ့လျှင် ဤမှားယွင်းမှုအတွက် တာဝန်ရှိသောသူမှာ ကျွန်ုပ်တို့သာဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် တိုက်ခိုက်ပေးခြင်းကို ပြုလုပ်ရန် ဆက်ကပ်အပ်နှံထားသကဲ့သို့ စစ်ဝတ်စုံအပြည့်အစုံကို ကျွန်ုပ်တို့အား ပေးထားခြင်းဖြင့် ကျွန်ုပ်တို့ကိုကာကွယ်ပေးရန် ဆုံးဖြတ်ခဲ့သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်ပြင်ဆင်ပေးထားသော လက်နက် "စုံ" ကို ဝတ်ဆောင်ကြရမည်ဖြစ်ကြောင်း ရှင်ပေါလုကကျွန်ုပ်တို့ကို ဤနေရာ၌ ပြောပြထားသည်ကို သတိပြုပါ။ စစ်ဝတ်စုံအချို့ကိုသာ ဝတ်ဆင်ခြင်းသည်

မည်သို့အကျိုးရှိမည်နည်း။ စစ်သားတစ်ယောက်သည် မိမိ၏ရင်အုပ်တန်ဆာနှင့်ခြေစွပ်တို့ကိုသာ ဝတ်ဆင်ထားပြီး သံခမောက်ကိုဆောင်းမထားလျှင်မည်သို့ဖြစ်မည်နည်း။ ဤသို့ပြုလုပ်ခြင်းသည် ရန်သူအတွက် ပွင့်ဟနေသောပစ်မှန်တစ်ခုကို စီစဉ်ပေးရာရောက်ခဲ့ပေမည်။ ဘုရားသခင်ပြင်ဆင်ပေးသောစစ်ဝတ်တန်ဆာ၏ထူးခြားချက်မှာ စစ်ဝတ်စုံတစ်စုံလုံးကို ကျွန်ုပ်တို့ဝတ်ဆင်ရခြင်းဖြစ်သည်။ စစ်ဝတ်တန်ဆာအားလုံးကို ဝတ်ဆင်ထားသော်လည်း တစ်ခုကိုချန်လှပ်ထားခြင်းမှာ ပျက်စီးခြင်းကိုသာဖြစ်စေမည်ဖြစ်သည်။ စာတန်သည် ပစ်ခတ်ခြင်းတွင် အလွန်ထူးချွန်ပြောင်မြောက်သောသူ ဖြစ်သည်။ စစ်ဝတ်တန်ဆာမှ အစိတ်အပိုင်းတစ်ခုခုလိုနေလျှင် စာတန်၏မြှားသည် ထိုသီးခြားအစိတ်အပိုင်းဆီသို့ ဦးတည်ရောက်ရှိလာမည်ဖြစ်ကြောင်း သေချာသိမှတ်ထားပါ။ ဤအတွက်ကြောင့် ရှင်ပေါလုက ကျွန်ုပ်တို့အား လက်နက် "စုံ"၊ (စစ်ဝတ်စုံအပြည့်အစုံ)ကို ဝတ်ဆင်ထားကြဖို့ပြောနေခြင်း ဖြစ်သည်။ ထိရောက်မှုရှိသော စစ်ဝတ်စုံဖြစ်ဖို့ဆိုလျှင် အစိတ်အပိုင်းများ အားလုံးကို ဝတ်ဆင်ရမည်ဖြစ်သည်။ ဤစစ်ဝတ်စုံအား ဝတ်ဆင်ရခြင်း၏ အကြောင်းအရင်းကို ယခုလေ့လာကြည့်ကြပါစို့။

*သင်တို့ခံရပ်နိုင်မည့်အကြောင်း*

ရှင်ပေါလု၏ပြောဆိုထားချက်အရ၊ စစ်ဝတ်စုံကိုဝတ်ဆင်ရခြင်း၏ ပထမအကြောင်းအရင်းမှာ ထိုသို့ဝတ်ဆင်ခြင်းဖြင့်သာ ကျွန်ုပ်တို့ရပ်တည်နိုင်မည်ဖြစ်သောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် ရန်သူ့မြှား၏ပစ်မှတ်များဖြစ်ကြသည်။ စာတန်သည် ကျွန်ုပ်တို့ကို ဆန့်ကျင်တိုက်ခိုက်ရာတွင် နှေးကွေးသွားမည်မဟုတ်ပါ။ ၎င်း၏ရည်မှန်းချက်မှာ ကျွန်ုပ်တို့ကို ရှုံးနိမ့်စေရန်ဖြစ်သည်။ ဘုရားသခင်ပြင်ဆင် ပေးသော စစ်ဝတ်စုံကသာလျှင် ကျွန်ုပ်တို့ရပ်တည်နိုင်

သော အစွမ်းပေးပါ လိမ့်မည်။ ဤစစ်ဝတ်စုံကို ဝတ်ဆင်ခြင်းဖြင့် ကျွန်ုပ်တို့သည် ရန်သူတို့၏ စစ်မျက်နှာစာကို ထိုးဖောက်ဝင်ရောက်နိုင်ပါသည်။ ရန်သူ၏ မီးတောက်နေသော မြှားများကကျွန်ုပ်တို့ကို ကျရှုံးစေခဲ့မည်မဟုတ်ပါ။

မကောင်းမှုဒုစရိုက်ကို ရင်ဆိုင်၍တိုက်သောစစ်ပွဲသည် ကာလရှည်ကြာ၍ခက်ခဲပါသည်။ "ကျွန်တော်က ယုံကြည်သူတစ်ယောက်ပဲ၊ ဘယ်လို ရှုံးနိမ့်နိုင်မှာလဲ" ဟု သင်ပြောကောင်းပြောပါလိမ့်မည်။ ယုံကြည်သူသည် မယုံကြည်သူများရင်ဆိုင်ရသော စုံစမ်းနှောက်ယှက်ခြင်းအားလုံး၏ သားကောင်ဖြစ်နိုင်ပါသည်။ အကျင့်စာရိတ္တဖောက်ပြန်ခြင်း၊ လောဘလွန်ကျူးခြင်း၊ တပ်မက်ခြင်း၊ မာနထောင်လွှားခြင်းတို့သည် ခရစ်ယာန်တစ်ယောက်၏ အသက်တာတွင်လည်း အားလုံးဖြစ်နိုင်ပါသည်။ သခင်ယေရှုထံ၌ ဆက်ကပ်အပ်နှံထားကြသော်လည်း ကိုယ်ကျင့်တရားများအလွန်ဆုတ်ယုတ်ကျဆင်းလာပြီး မယုံကြည်သူနှင့် ခွဲခြား၍မရတော့သော ခရစ်ယာန်များကို ကျွန်ုပ်တို့အားလုံး မြင်တွေ့ဖူးကြပါသည်။ မြောက်မြားစွာသော ခရစ်ယာန်များက ၎င်းတို့သည် ယုံကြည်သူများဖြစ်ကြသောကြောင့် စာတန်၏တိုက်ခိုက်ခြင်းမှ မျက်လှည့်ဆန်ဆန်ကွယ်ကာစောင့်မခြင်းကို ခံကြရသည်ဟု ယုံကြည်နေကြသည်။ နှုတ်ကပတ်တော်ကို အလျင်အမြန် လှန်ဖတ်ရှုလျှင်ပင် ကိုယ့်ကိုယ်ကိုစောင့်ကြပ်ကာကွယ်ခြင်းမရှိသော ခဏတာအချိန်လေး၌ ကျရှုံးခဲ့ကြသည့်ဘုရားတရားကိုင်းရှိုင်းသောအမျိုးသား အမျိုးသမီးများကို ကျွန်ုပ်တို့မြင်တွေ့ရပါလိမ့်မည်။ ဤစစ်ဝတ်စုံမရှိလျှင် ကျွန်ုပ်တို့ကျရှုံးပါလိမ့်မည်။

*မာရ်နတ်၏ပရိယာယ်များ*

ဘုရားသခင်ပြင်ဆင်ပေးသော စစ်ဝတ်စုံအပြည့်အစုံကို ကျွန်ုပ်တို့ ဝတ်ဆင်ရန် လိုအပ်ရခြင်း၏ဒုတိယမြောက်အကြောင်းအရင်းမှာ မာရ်နတ်၏

ယုတ်ညံ့သော ပရိယာယ်ကြောင့်ဖြစ်သည်။ ရန်သူသည်အလွန်ကောက်ကျစ်စဉ်းလဲ၍ လှည့်ဖြားတတ်သည်။ သူသည်လှည့်ဖြားခြင်းနှင့် လိမ်လည်လှည့်စားခြင်းတို့၏သခင်ဖြစ်သည်။ "ပရိယာယ်" ဟူသော ဂရိစကားလုံးသည် "နှင့်အတူတကွခရီးသွားခြင်း" ဟု တိုက်ရိုက်အားဖြင့် အဓိပ္ပါယ်ရသောစကားလုံးနှစ်လုံးမှ ရောက်ရှိလာခြင်းဖြစ်သည်။ စာတန်သည် ကျွန်ုပ်တို့၏လှုပ်ရှားမှုတိုင်းကို စောင့်ကြည့်နေပါသည်။ သူသည်ကျွန်ုပ်တို့၏ အားနည်းချက်များကို စောင့်ကြည့်ထောက်လှမ်းရန်အတွက်သော်လည်းကောင်း၊ ကျွန်ုပ်တို့၏နားထဲသို့ မုသားများကို တီးတိုးပြောဆိုရန်အတွက်သော်လည်းကောင်း ကျွန်ုပ်တို့နှင့်အတူတကွ ခရီးသွားနေပါသည်။ သူသည်ကျွန်ုပ်တို့ကို မျက်စိအောက်မှအပျောက်မခံပါ။ ကျွန်ုပ်တို့၏အကွယ်အကာများကို ခေတ္တခဏချွတ်ချထားလိုက်ပါက အရာအားလုံးပြီးဆုံးသွားမည်ဖြစ်သည်။ ထိုသို့ချွတ်ချလိုက်သောအခါ စာတန်၏မြှားတစ်ချောင်းက ကျွန်ုပ်တို့ကိုထုတ်ချင်းပေါက်စူးဝင်သွားပါလိမ့်မည်။

ကျွန်ုပ်၏ဇနီးသည်နှင့် နံနက်ကော်ဖီသောက်ဖို့အတူ ထွက်သွားခဲ့ကြသည့်တစ်ချိန်ကို ကျွန်ုပ်သတိရမိသည်။ ထိုသို့ကျွန်ုပ်တို့ထွက်သွားကြသည်နှင့် ကျွန်ုပ်၏အတွေးထဲတွင် သူမမကြာခဏအအေးမိတတ်သည့်အကြောင်းပေါ်လာခဲ့သည်။ ဤအရာကို ကျွန်ုပ်သိပ်သဘောမကျခဲ့ပါ။ စာတန်က "ဝိန်း၊ မင်းမိန်းမကသာရောက်တဲ့နေရာတိုင်းမှာ တအားအေးလွန်းတယ်ဆိုတဲ့ဆင်ခြေသာမပေးခဲ့ဘူးဆိုရင်၊ မင်းတို့နှစ်ယောက် လုပ်ဆောင်နိုင်တဲ့အရာတွေကိုစဉ်းစားကြည့်လိုက်စမ်း" ဟု ကျွန်ုပ်ကိုပြောနေသယောင်ထင်ရသည်။ "သူမကသာမင်းကို တကယ်ချစ်တယ်ဆိုရင်၊ သူမသက်တောင့်သက်သာရှိဖို့ကိုပဲသူမစဉ်းစားခဲ့မှာမဟုတ်ဘူး" ဟူသော စာတန်ကကျွန်ုပ်၏နားသို့ တီးတိုးပြော

ဆိုသံကို ခံစားမိသည်။

ကျွန်ုပ်တို့ကော်ဖီဆိုင်သို့ ရောက်သွားကြပြီး၊ ထိုင်ခုံ၌ထိုင်ကာ စကားစမြည်ပြောဆိုနေခဲ့ကြသည်။ ထိုသို့စကားစမြည်ပြောဆိုနေချိန်တွင် စားပွဲထိုးမလေးတစ်ယောက်ဝင်လာပြီး လေအေးပေးစက်ကို ဖွင့်သွားခဲ့သည်။ လေပေးစက်မှ ထွက်လာသော အလွန်အေးမြသည့် လေသည်ကျွန်ုပ်တို့ကို တည့်တည့်မှုတ်နေပါသည်။ အချိန်မိနစ်အနည်းငယ်အတွင်းတွင် ကျွန်ုပ်၏မိန်းမက ကျွန်ုပ်ကိုကြည့်၍ "ကျွန်မတအားချမ်းနေပြီ၊ ပြန်ကြရင်ကောင်းမလား" ဟုပြောခဲ့သည်။ ကျွန်ုပ်တို့ကော်ဖီဆိုင်ထဲမှ ထွက်လာခဲ့ကြပြီး အနီးရှိကုန်စုံဆိုင်တစ်ခုအတွင်းသို့ ဝင်ခဲ့ကြသည်။ လေးအေးပေးစက်များ တပ်ဆင်ထားသော ထိုစတိုးဆိုင်အတွင်းသို့ ကျွန်ုပ်တို့ဝင်ရောက်သွားသည်နှင့် သူမနှုတ်မှပထမဆုံးထွက်လာသောစကားမှာ "ဒီမှာလည်း တော်တော်ချမ်းတာပဲ" ဟူ၍ဖြစ်သည်။

ကျွန်ုပ်စိတ်အနှောက်အယှက်အလွန်ဖြစ်နေခဲ့သည်ကို ကျွန်ုပ်သိခဲ့သည်။ စာတန်သည် ဤအဖြစ်ကို ကျွန်ုပ်တို့နှစ်ဦးကြား၌ တမနက်လုံးအသုံးပြုနေခဲ့ပါသည်။ ကျွန်ုပ်ကိုစိတ်ဆိုးဒေါသထွက်စေ၍ ကျွန်ုပ်ကိုစိတ်ပျက်စေသည့်အတွေးများကို စာတန်သည်ကျွန်ုပ်၏စိတ်ထဲတွင် ထည့်နေခဲ့ပါသည်။ ထိုအမှုအရာသည် ရန်သူ၏တိုက်ခိုက်မှုတစ်ခုဖြစ်ကြောင်း သိရှိနိုင်ရန်လိုအပ်သောမြော်မြင်တတ်ခြင်းကို ဘုရားသခင်ကထိုနေ့၌ ကျွန်ုပ်ကိုပေးခဲ့သောကြောင့်အလွန်ကျေးဇူးတင်မိပါသည်။ ကျွန်ုပ်သည်ဤတိုက်ခိုက်မှုကို သိရှိခဲ့၍ခုခံတိုက်လှန်နိုင်ခဲ့သည်။ သို့သော် ဤဖြစ်ရပ်က ရန်သူ၏နည်းပရိယာယ်များသည်အလွန်သိမ်မွေ့နက်နဲကြောင်းကို ကျွန်ုပ်အားပြသခဲ့ပါသည်။ ရန်သူသည်ကျွန်ုပ်ကို ကျရှုံးသွားစေရန် သင့်တင်လျော်ကန်သောအချိန်ကို ရှာကြံရင်းကျွန်ုပ် "နှင့်အတူခရီးသွားနေပါသည်။" ဤကဲ့သို့သောထောင်ချောက်မျိုး၌

ကျွန်ုပ်မည်သို့မကြာခဏလဲကျခဲ့သည်ကို ကျွန်ုပ်မပြောပြနိုင်ပါ။

ဆုတောင်းအစည်းအဝေးများ၌လည်း စာတန်၏လုပ်ရပ်များကို ကျွန်ုပ်မြင်တွေ့ခဲ့ရပါသည်။ ကျွန်ုပ်သည် သမ္မာကျမ်းစာလေ့လာခြင်းအဖွဲ့တစ်ဖွဲ့၏အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့ပါသည်။ ထိုအဖွဲ့ထဲတွင် စာတန်ကတစ်စုံတစ်ယောက်အား သီးသန့်အကြောင်းအရာတစ်ခုကို အလွန်ပြင်းပြစွာခုံမင် စိတ်ဝင်စားစေခဲ့သည်။ သူတို့၏ နှစ်သက်စိတ်ဝင်စားမှုမှာ အလွန်ကောင်းမွန်ပါသော်လည်း ၎င်းကိုနေရာအမှားထားခဲ့ကြပြီး၊ အဖွဲ့အတွင်း၌ ငြင်းခုန်ဆွေးနွေးမှုကို အကြီးအကျယ်ဖြစ်စေခဲ့ကာ၊ နောက်ဆုံးတွင် ဘုရားသခင်၏လူများကြား၌ ပြင်းထန်သောစိတ်ဝမ်းကွဲမှုကြီးကို ဖြစ်စေခဲ့သည်။ စာတန်သည် အကြံသမားတစ်ဦးဖြစ်သည်။ သူသည် ကျွန်ုပ်တို့၏ဆုတောင်းအစည်းအဝေးများနှင့် သမ္မာကျမ်းစာလေ့လာခြင်းများဆီသို့ တန်းတန်းမတ်မတ်ဝင်ရောက်လာဖို့ တံ့ဆိုင်းနေမည်မဟုတ်ပါ။ သူသည်စိတ်နှလုံးများနှင့် စိတ်နေစိတ်ထားများကို ဒေါသထွက်ခြင်းနှင့် ကတိကအောက်ဖြစ်ခြင်းသို့ စေ့ဆော်ပါသည်။ စာတန်သည် စိတ်ဝမ်းကွဲခြင်းနှင့် ပြဿနာအခက်အခဲများကိုဖြစ်စေဖို့ မိမိတတ်စွမ်းနိုင်သလောက် ကြိုးစားအားထုတ်ပါလိမ့်မည်။

ရန်သူက သင့်အားမည်သည့်အချိန်၌လာရောက် တိုက်ခိုက်မည်ကို သင်လုံးလုံးပြောနိုင်မည်မဟုတ်ပါ။ ထိုအချိန်သည် အောင်မြင်မှုအကြီးအကျယ်ရ၍ စာတန်၏မာန်မာနထောင်လွှားခြင်းများက သင့်ကိုထိုးဖောက်ဝင်ရောက်သွားသောအချိန်ဖြစ်ကောင်းဖြစ်မည်။ ထိုအချိန်သည် အံ့သြတုန်လှုပ်ဖွယ်ရှုံးနိမ့်ခြင်းကိုကြုံ၍ စာတန်ကစိတ်ပျက်အားနည်းခြင်းဖြင့် သင့်ကိုလွှမ်းမိုးစီးနင်းထားသည့်အချိန်ဖြစ်ကောင်းဖြစ်မည်။ ထိုအချိန်သည် သင်ရှင်းလင်းချက်ပေးရမည့်သူများမရှိသော (စောင့်ကြည့်နေသူများမရှိသော) တစ်ကိုယ်တည်းရှိနေသည့်

အချိန်လည်းဖြစ်ကောင်းဖြစ်နိုင်ပေမည်။ ထိုအချိန်သည် ရန်သူကမိမိ၏ နာကြည်းခါးသီးခြင်းနှင့် မနာလိုခြင်း များကို လူအုပ်ကြီးတစ်အုပ်အတွင်းသို့ ပစ်လွှတ်လိုက်သောအချိန်လည်း ဖြစ်နိုင်သည်။ ထိုအချိန်သည် ချစ်ရသောသူနှင့်အတူ တိတ်ဆိတ်ငြိမ်သက်စွာ ကော်ဖီသောက်နေသောအချိန်လည်းဖြစ်နိုင်သည်။ စာတန်သည်အမြဲတမ်း နည်းပရိယာယ်ဆင်နေပါသည်။ ထို့ကြောင့် သင်သည် သင့်ရဲ့စစ်ဝတ်တန်ဆာကို အမြဲတမ်းမဝတ်ဆင်ထား၍ မရပါ။

*ခဲယဉ်းဆိုးယုတ်သောနေ့ရက်ကာလများ*

ဤကျမ်းပိုဒ်ငယ်များ၌ ပေးထားသည့်ဘုရားသခင်ပြင်ဆင်ပေးသော စစ်ဝတ်စုံကို ဝတ်ဆင်ရခြင်း၏ နောက်ဆုံးအကြောင်းအရင်းမှာ ရောက်လာလျှက်ရှိသော ခဲယဉ်းဆိုးယုတ်သောနေ့ရက်ကာလများကြောင့် ဖြစ်သည်။ ဤအရာသည် မည့်သည့်နေ့ရက်ကို ရည်ညွှန်းပါသနည်း။ ထာဝရဘုရား၏ နေ့ရက်နီးကပ်လာသည်နှင့်အမျှ ကောက်ကျစ်စဉ်းလဲခြင်းနှင့် အပြစ်ဒုစရိုက်တို့သည် ဤလောကကြီး၌ ပို၍များပြားလာကြမည်ဖြစ်ကြောင်း သမ္မာကျမ်းစာကကျွန်ုပ်တို့ကို သွန်သင်ပေးထားပါသည်။ နောက်ဆုံးကာလ၏ နေ့ရက်များတွင် စစ်ပွဲများ၊ အစာခေါင်းပါးခြင်းများနှင့် ငလျင်လှုပ်ခတ်ခြင်းများပို၍ များပြားလာသည်ကို ကျွန်ုပ်တို့မြင်တွေ့ရမည်ဖြစ်ကြောင်း မာကု ၁၃ ကပြောပြထားသည်။ ယုံကြည်သူများသည် တရားစီရင်ခြင်းခံရဖို့ လွှဲအပ်ခြင်းကို ခံကြရမည်။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်အတွက်ကြောင့် ရှုံ့ရှာမုန်းတီးခြင်းကို ခံကြရမည်။ ၂တိ ၃း၁၂ တွင် ကျွန်ုပ်တို့သည် သခင်ခရစ်တော်ကြောင့် ဆင်းရဲဒုက္ခခံစားရမည်ဖြစ်ကြောင်း အသိပေးထားသည်။ ဗျာဒိတ်ကျမ်းကလည်း နောက်ဆုံးသောကာလ၏ နေ့ရက်များမှ ညှင်းပန်းနှိပ်စက်ချက်များကို ခြယ်

မှုန်းပြသပေးထားသည်။ ကျွန်ုပ်တို့ယခုလက်ရှိ၌ ကြုံတွေ့နေရသောအရာများသည် သခင်ဘုရားပြန်လည်ကြွဆင်းမလာမီ နောက်ဆုံးနေ့ရက်များရှိ ကျွန်ုပ်တို့ မျှော်လင့်နိုင်သောအရာများနှင့် နှိုင်းယှဉ်လျှင်ဘာမျှမဟုတ်ကြပါ။ စာတန်သည် ဖြေလွှတ်ခြင်းကို ခံရသောအခါ သူသည်မိမိနှင့်အတူ အံ့ဩတုန်လှုပ်ဖွယ်ကောင်းသောညှဉ်းပန်းနှိပ်စက်ခြင်းကို အသင်းတော်အပေါ်၌ ဆောင်ယူလာပါလိမ့်မည်။

လူသားမျိုးနွယ်၏ လဲပြိုကျရှုံးခဲ့ချိန်မှစ၍ နေ့ရက်တိုင်းသည် အပြစ်ဒုစရိုက်၊ သေခြင်းတို့၏မကောင်းမှုများနှင့် ပြည့်နေခဲ့ပါသည်။ မိမိတို့၏ယုံကြည်ချက်ကြောင့် ညှဉ်းပန်းနှိပ်စက်ခံခဲ့ကြရသည့် မရေမတွက်နိုင်သောယုံကြည်သူများ၏ အဖြစ်အပျက်များကို သမိုင်းကကျွန်ုပ်တို့ကို ပြန်ပြောပြနေပါသည်။ ဤညှဉ်းပန်းနှိပ်စက်ခြင်း အဖြစ်အပျက်များ တိုးပွားများပြားလာမည့် နေ့ရက်ရောက်လာနေကြောင်းကို သမ္မာကျမ်းစာက ကျွန်ုပ်တို့အားသွန်သင်ပေးထားပါသည်။ ယခုပစ္စုပ္ပန်ရှိ ခဲယဉ်းဆိုးယုတ်သော နေ့ရက်များနှင့်ရောက်လာမည့် ခက်ယဉ်းဆိုးယုတ်သော နေ့ရက်များတွင် ကျွန်ုပ်တို့ကိုမည်သည့်အရာက စောင့်ရှောက်ကာကွယ်ပေးနေပါမည်နည်း။ ကျွန်ုပ်တို့ကိုကျရှုံးခြင်းမှ ကာကွယ်စောင့်မပေးဖို့ ဘုရားသခင်သည် မိမိ၏စစ်ဝတ်စုံကိုကျွန်ုပ်တို့အားပေးထားပါသည်။ ဤစစ်ဝတ်စုံကို ဝတ်ဆင်ထားသော သူများသာလျှင် ခဲယဉ်းဆိုးယုတ်သော နေ့ရက်များတွင် မပြိုမလဲရပ်တည်သွားနိုင်ကြပါလိမ့်မည်။

စဉ်းစားသုံးသပ်ရန်အချက်များ

- ဤကျမ်းပိုဒ်ငယ်များက ကျွန်ုပ်တို့၏ရန်သူဖြစ်သော စာတန်အ

ကြောင်းကို မည်သို့သွန်သင်ထားကြပါသနည်း။

- ဘုရားသခင်ပြင်ဆင်ပေးသော စစ်ဝတ်တန်ဆာအပြည့်အစုံကို ကျွန်ုပ်တို့ဝတ်ဆင်ထားကြရန် အဘယ်ကြောင့်အရေးကြီးသနည်း။
- သင်သည် စာတန့်မြွားတစ်ချောင်း၏ ထိုးဖောက်ခြင်းကို ခံခဲ့ရဖူးပါသလား။ ထိုအခါသမယတွင် ဘုရားသခင်၏ စစ်ဝတ်တန်ဆာက ကျွန်ုပ်တို့ကို မည်သို့ကာကွယ်ပေးခဲ့နိုင်ပါသနည်း။
- ကျွန်ုပ်တို့၏ခေတ်ကာလတွင် ဝိညာဉ်ရေးတိုက်ပွဲအကြောင်း သွန်သင်ပေးခြင်းကို အနည်းငယ်သာ ကြားသိနေကြရခြင်းမှာ အဘယ်ကြောင့်ဖြစ်သနည်းဟု သင်ယူဆပါသနည်း။ ဤသို့သွန်သင်ပေးခြင်းမရှိခြင်းနှင့် ယနေ့အသင်းတော်ရောက်ရှိနေသော အခြေအနေတို့ကြားတွင် ဆက်စပ်မှုတစ်ခုခုရှိပါသလား။

ဆုတောင်းရန်အချက်များ

- ဘုရားသခင်ပြင်ဆင်ပေးသော စစ်ဝတ်တန်ဆာများကို ဝတ်ဆင်ဖို့ သင့်ကိုကူညီမစပေးရန် ကိုယ်တော်ရှင်ထံ တောင်းလျှောက်ပါ။
- သခင်ဘုရားသည် ကျွန်ုပ်တို့ကို ရန်သူ၏ရှေ့မှောက်တွင် အကွယ်အကာမဲ့မထားခဲ့သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။ သင့်ဝတ်ဆင်ထားခြင်းမရှိသော စစ်ဝတ်တန်ဆာအစိတ်အပိုင်းများရှိနေလျှင် ထိုအရာများကို ပြသပေးဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။
- ယနေ့တွင် သင့်ကိုဝိုင်းရံထားသော တိုက်ပွဲ၏သဘောသဘာဝအမှန်ကို မြင်တွေ့နိုင်ဖို့ သင့်မျက်စိများကိုဖွင့်ပေးရန် ဘုရားသခင်ကို တောင်းလျှောက်ပါ။

# ဂလာတိသြဝါဒစာ နှင့် ဖေက်သြဝါဒစာ

## ၂၆
# နတ်ဆိုး၏ဝိညာဉ်ရေးအင်အားစုများ

ဧဖက် ၆း၁၂ ကိုဖတ်ရှုပါ။

သမ္မာကျမ်းစာ၏ ဤအပိုင်းအထိတွင် မကောင်းမှုဒုစရိုက်အင်အားစုများကို ကျွန်ုပ်တို့ဆန့်ကျင်တိုက်လှန်ရာတွင် ကျွန်ုပ်တို့၌ အရာနှစ်ခုလိုအပ်ကြောင်းကို ကျွန်ုပ်တို့မြင်တွေ့ခဲ့ကြရသည်။ ကျွန်ုပ်တို့သည် ခွန်အားစွမ်းပကားကိုလိုအပ်ကြကြောင်း အခန်းငယ် ၁၀ က ကျွန်ုပ်တို့ကိုအသိပေးထားသည်။ ဤခွန်အားစွမ်းပကားသည် ကျွန်ုပ်တို့၏ပင်ကိုခွန်အားစွမ်းပကားမဟုတ်၊ သခင်ဘုရား၏ ခွန်အားစွမ်းပကားဖြစ်သည်။ ဒုတိယအနေဖြင့်၊ ကျွန်ုပ်တို့သည် ကာကွယ်စောင့်မပေးခြင်းကို လိုအပ်ကြသည်။ ကျွန်ုပ်တို့သည် တိုက်ပွဲကာလနေ့ရက်များတွင် ကြံ့ကြံ့ခံရပ်တည်နိုင်မည့်အကြောင်း ဘုရားသခင်၏ပြင်ဆင်ပေးသော စစ်ဝတ်တန်ဆာများကို ဝတ်ဆင်ကြဖို့ အခန်းငယ် ၁၁ နှင့် ၁၃ကပြောပြထားသည်။ ဤတိုက်ပွဲအတွက် ကျွန်ုပ်တို့၌ရှိဖို့ လိုအပ်သည့် တတိယမြောက်အရာမှာ ကျွန်ုပ်တို့၏ရန်သူအကြောင်းကို သိရှိနားလည်ထားခြင်းဖြစ်သည်။ ဤအကြောင်းကို ရှင်ပေါလုက အခန်းငယ် ၁၂ တွင်ပြောပြခဲ့သည်။

အစည်းအဝေးသင်တန်းတစ်ခုအတွက် မြို့တစ်မြို့သို့သွားခဲ့သော သာသနာပြုဆရာတစ်ပါး၏ အဖြစ်အပျက်ကို ကျွန်ုပ်အမြဲသတိရနေမိသည်။

သူသည် ထိုမြို့ကိုရောက်သွားခဲ့သော်လည်း ထိုမြို့မှမည်သည့်အသင်းတော်က သူ့ကိုသင်တန်းပေးဖို့ ဖိတ်ကြားခဲ့သည်ကို မေ့လျော့သွားခဲ့သည်။ သူသည် လုပ်ဆောင်ရမည့်အရာကို သိနေခဲ့သော်လည်း မည်သည့်နေရာ၌ လုပ်ဆောင်ရမည်ကိုမူ မသိခဲ့ပါ။ ယနေ့တွင်လည်း တိုက်ပွဲတစ်ခုကို ဆင်နွှဲရမည့် အကြောင်း သိရှိထားသော တိုက်ပွဲသည်မည်သည့်နေရာတွင်ရှိသည်ကို မသိသောခရစ်ယာန်များစွာရှိသည်။ ဤသည်မှာ စာတန်ကကျွန်ုပ်တို့၌ ဖြစ်စေလိုသောအရာဖြစ်သည်။ မှားယွင်းသောတိုက်ပွဲကို ကျွန်ုပ်တို့ဆင်နွှဲနေကြခြင်းသည် စာတန်ကို အလွန်နှစ်သက်ပျော်မွေ့စေပါသည်။

မိမိတို့၏အသင်းတော် ဂိုဏ်းဂဏနှင့်ဆိုင်သော ထူးခြားကွဲပြားချက်များ၊ မိမိတို့၏အစဉ်အလာများ၊ မိမိတို့၏ထူးခြားသော ဘုရားသခင့်နှုတ်ကပတ်တော်၏သမ္မာတရားကို နားလည်သဘောပေါက်ထားခြင်းများအား ထိန်းသိမ်းထားရန်အတွက် တိုက်ပွဲဝင်နေကြသောအသင်းတော်များစွာရှိသည်။ ဤအသင်းတော်များမှ အသင်းတော်အချို့သည် သခင်ယေရှုကို ချစ်မြတ်နိုး၍ မိမိတို့၏အသက်တာ၌ ဝိညာဉ်အသီးသီးသော ယုံကြည်သူများကို မွေးထုတ်ရန် ပျက်ကွက်နေခဲ့ကြသည်။ ထိုအစား၊ သူတို့သည်တစ်ဦးကိုတစ်ဦး လည်ပင်းညှစ်၍မိမိတို့၏နည်းလမ်းသည် သမ္မာတရားနှင့်ပို၍နီးစပ်ကြောင်း သက်သေပြဖို့ ကြိုးစားငြင်းခုံနေကြပါသည်။ ထိုကဲ့သို့သော တိုက်ပွဲသည်စာတန်နှစ်သက်သော တိုက်ပွဲဖြစ်သည်။ သူသည်တိုက်ပွဲ၏ သဘောသဘာဝအမှန်ကို မမြင်နိုင်ရန် ကျွန်ုပ်တို့အား မျက်စိကန်းစေရာ၌ အောင်မြင်နေပါသည်။ ကျွန်ုပ်တို့သည် မှားယွင်းသောတိုက်ပွဲကို တိုက်နေသမျှကာလပတ်လုံး စာတန်၌စိုးရိမ်ပူပန်စရာမရှိပါ။

ဤကျမ်းပိုဒ်ငယ်၌ ရှင်ပေါလုက ကျွန်ုပ်တို့အားသိစေလိုသောအရာ

တစ်ခုသာရှိနေခဲ့လျှင် ထိုအရာသည်တိုက်ပွဲ၏သဘောသဘာဝအမှန်ဖြစ်သည်။ ရှင်ပေါလုက "ငါတို့သည်သွေးသားရှိသော ရန်သူတို့နှင့်တိုက်လှန်ရသည် မဟုတ်" ဟုရေးသားခဲ့သည်။ "သွေးသားရှိသော" ဟုပြောဆိုရေးသားခြင်းဖြင့် ရှင်ပေါလုက ကျွန်ုပ်တို့အနီးတစ်ဝိုက်မှ ရုပ်လောကကိုရည်ညွှန်းနေပါသည်။ တိုက်ပွဲသည် ရုပ်ပိုင်းဆိုင်ရာတိုက်ပွဲမဟုတ်သောကြောင့် ၎င်းကိုရုပ်ပိုင်းဆိုင်ရာ လက်နက်များဖြင့် တိုက်၍မရနိုင်ပါ။ ကျွန်ုပ်တို့၏ ကျမ်းစာကျောင်းများနှင့် ဓမ္မတက္ကသိုလ်များသည် ဝိညာဉ်ရေးတိုက်ပွဲအကြောင်းကို ပိုမို၍သွန်သင်ပေး ကြဖို့ လိုအပ်သည်။ ဝိညာဉ်ရေးတိုက်ပွဲကို ဝင်ရောက်တိုက်ခိုက်နိုင်စွမ်းသော သင်းအုပ်များနှင့် သာသနာပြုများကို ကျွန်ုပ်တို့မြင်တွေ့ရဖို့လိုအပ်သည်။ ရှင်ပေါလုကဲ့သို့ ဝိညာဉ်ရေးတိုက်ခိုက်မှုကို သဘောပေါက်ပြီး ထိုအရာနှင့် ပတ်သက်၍ လုပ်ဆောင်ရမည့်အရာကို သိရှိထားသော အသင်းတော် ခေါင်းဆောင်များကို ကျွန်ုပ်တို့မြင်တွေ့ရဖို့ လိုအပ်သည်။ ကျွန်ုပ်တို့သည် မိမိတို့၏စိုက်ပျိုးဥယျာဉ်များ၌ ပေါင်းရှင်းရာတွင် ပေါင်းပင်များကို အရွက်များ သာကိုဖြတ်၍ အမြစ်မှမနှုတ်သောသူများနှင့်တူကြသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရန်သူကို သွေးသားဆန်သောလက်နက်များဖြင့် တိုက်ခိုက်ဖို့ကြိုးစား နေကြသောကြောင့် ရှုံးနိမ့်ခြင်းကိုကြုံတွေ့နေရခြင်းဖြစ်နိုင်ပါသလား။ ဤကျမ်းပိုဒ်၌ ကျွန်ုပ်တို့၏ ရန်သူနှင့်စပ်လျဉ်း၍ ရှင်ပေါလုရေးသားထားချက်ကို လေ့လာ ကြည့်ကြပါစို့။

*အထွဋ်အမြတ်များ၊ အာဏာစက်များ၊ လောကီမှောင်မိုက်၌ အစိုးတရ ပြုလုပ်သောမင်းများ*

ဤကျမ်းပိုဒ်တွင် ရှင်ပေါလုကကျွန်ုပ်တို့သည် အထွဋ်အမြတ်တို့နှင့်

လည်းကောင်း၊ အာဏာစက်များနှင့်လည်းကောင်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သောမင်းများနှင့်လည်းကောင်း ဆိုင်ပြိုင်တိုက်လှန်နေကြကြောင်းကို ကျွန်ုပ်တို့အား ပြောပြထားသည်။ ဤအထွဋ်အမြတ်များ၊ အာဏာစက်များ၊ လောကီမှောင်မိုက်၌ တစိုးတရပြုသောမင်းတို့မှာ မည်သူ(သို့) မည်သည့်အရာများဖြစ်ကြသနည်း။ အပေါ်ယံအားဖြင့်ဆိုလျှင်၊ ၄င်းတို့သည်ကျွန်ုပ်တို့၏ခေတ်ကာလရှိ နိုင်ငံရေး(သို့) ဘာသာရေးခေါင်းဆောင်များဟု ထင်မှတ်ရသည်။ သို့သော်၊ ဤသို့ထင်မှတ်ခြင်းသည် ဤကျမ်းပိုဒ်ငယ်၏ပထမပိုင်း၌ ရှင်ပေါလုပြောဆိုထားသောအရာနှင့် ဆန့်ကျင်နေခဲ့ပါလိမ့်မည်။ ရှင်ပေါလုက ကျွန်ုပ်တို့ဆိုင်ပြိုင်တိုက်လှန်နေသော တိုက်ပွဲသည် "သွေးသားရှိသော ရန်သူတို့" မဟုတ်ကြောင်း ကျွန်ုပ်တို့ကိုပြောပြခဲ့သည်။ ထို့ကြောင့် သူသည်ဤနေရာတွင် ဤလောက၏လူသားခေါင်းဆောင်များကို အခြေခံအားဖြင့် ရည်ညွှန်းထားခြင်းမဖြစ်နိုင်ပါ။

ယောဟန် ၁၂း၃၁ နှင့် ယောဟန် ၁၄း၃၀ တို့တွင် သခင်ယေရှုက စာတန်အား "လောကကိုအစိုးရသောမင်း" အဖြစ်နှင့် ခေါ်ဝေါ်ခဲ့သည်။ ၂ကော ၄း၄ တွင် ရှင်ပေါလုကလည်း စာတန်အား "လောကကိုအစိုးရသောဘုရား" ဟုရည်ညွှန်းခဲ့သည်။ တမန်တော်ရှင်ယောဟန်က မိမိ၏စာဖတ်သူတို့အား လောကီသားအပေါင်းတို့သည် "မာရ်နတ်" ၏ ထိန်းချုပ်မှုအောက်၌ရှိနေကြောင်းကို ၁ယော ၅း၁၉ တွင် အသိပေးခဲ့သည်။ စာတန်အုပ်စိုးသောတိုင်းနိုင်ငံကို ပွဲလုပ်ခြင်း၊ ယစ်မျိုးသောက်ကြူးခြင်း၊ မတရားသောမေထုန်၌မှိုဲခြင်း၊ ကိလေသာညစ်ညူးခြင်း၊ ရန်တွေ့ခြင်း၊ ငြူဏ်ပြိုင်ခြင်းတို့၏ မှောင်မိုက်နိုင်ငံအဖြစ်နှင့် ဖော်ကျူးထားသည် (ရောမ ၁၃း၁၂-၁၃ ကိုကြည့်ရှုပါ)။ ယုံကြည်သူတို့သည် ဤမှောင်မိုက်တန်ခိုးမှ ကယ်ဆယ်ခြင်းကို ခံကြရပြီး၊ အလင်းနိုင်ငံတော်ထဲ၌ သွတ်သွင်းခြင်းကို ခံခဲ့ကြရသည် (ကောလောသဲ ၁း၁၂-

၁၃)။ ဤသို့ပြောဆိုထားသော်လည်း၊ အထွဋ်အမြတ်များ၊ အာဏာစက်များနှင့် လောကီမှောင်မိုက်၌ အစိုးတရပြုသောသူတို့မှာ မည်သူများဖြစ်ကြသနည်း။ စာတန်သည် ခေါင်းဆောင်အရိုက်အရာများ၌ ရှိနေသောသူများကို အသုံးပြု ကောင်းပြုမည်ဖြစ်သော်လည်း၊ ၎င်းကိုယ်တိုင်က "လောကကိုအစိုးရသောမင်း" နှင့် "လောကကိုအစိုးရသောဘုရား" ဖြစ်နေခဲ့ပါသည်။ စာတန်နှင့်၎င်း၏ ကောင်းကင်တမန်များသည် ဤမျက်မှောက်လောကကြီးကို အစိုးရသောသူ များဖြစ်ကြသည်။

စာတန်နှင့်၎င်း၏ဗိုလ်ခြေဗိုလ်ရဲ ကောင်းကင်တမန်များက ဤလော ကကြီးကို လက်ရှိတွင်အုပ်စိုးနေကြပါသော်လည်း၊ တစ်နေ့တွင်သူတို့ ရှုံးနိမ့်ကြ ရမည့်အဖြစ်ကို သူတို့သိနေကြပါသည်။ ၁ကော ၁၅း၂၄ တွင် ကျွန်ုပ်တို့အား ဤသို့ပြောဆိုထားသည်။

ထိုအခါ ခရစ်တော်သည် အထွဋ်အမြတ်အာဏာ တန်ခိုးအမျိုးမျိုးကို ပယ်ရှင်း၍၊ မိမိနိုင်ငံကို ဘုရားသခင်တည်းဟူသော ခမည်းတော်၌ အပ်ပြန်တော်မူပြီးမှ ကမ္ဘာကုန်ရလတံ့။

ဤဝိညာဉ်ရေးအထွဋ်အမြတ်တို့နှင့် အာဏာစက်တို့သည် သခင် ခရစ်တော်လက်ဝါးကပ်တိုင်၌ အသေခံခဲ့ခြင်းအားဖြင့် ရှုံးနိမ့်နေခဲ့ကြပြီး ဖြစ်သည်။ သခင်ယေရှုအကြောင်းနှင့်စပ်လျဉ်း၍ ကောလောသဲ ၂း၁၅ တွင် ရှင်ပေါလုက ဤအတိုင်းဖေါ်ပြထားခဲ့သည်။

အထွဋ်အမြတ်၊ အာဏာစက်များကိုလုယူလျှင်၊ ထင်ရှားစွာ ထုတ်ပြ ၍ လက်ဝါးကပ်တိုင်တော်အားဖြင့် အောင်ပွဲကိုခံတော်မူပြီ။

ကျွန်ုပ်တို့နေ့စဉ် နပန်းလုံးတိုက်ခိုက်နေရသောအရာမှာ စာတန်၏ ဤဝိညာဉ်ရေးအင်အားစုကြီးဖြစ်သည်။ အုပ်ချုပ်သူအစိုးရများ၊ ပညာရေး များနှင့် နေ့စဉ်အသက်တာများ၌ ၎င်း၏ဩဇာလွှမ်းမိုးနေမှုကို ကျွန်ုပ်တို့

လျော့တွက်ထား၍မရပါ။ သူတို့သည် မိမိတို့၏အကျိုးအမြတ်အတွက် ကျွန်ုပ်တို့၏ပင်ကိုအားဖြင့်အပြစ်လုပ်လိုခြင်းကိုအသုံးပြုကြပါသည်။ စာတန်သည် ကျွန်ုပ်တို့၏အသိုင်းအဝိုင်း၌လည်းကောင်း၊ အသက်တာများ၌လည်းကောင်း မိမိရှိနေခြင်းကို မမြင်နိုင်ရန်ကျွန်ုပ်တို့ကို မျက်စိကန်းနေစေပါသည်။ စာတန်က ကျွန်ုပ်တို့အား နတ်ဆိုးနှင့်ဝိညာဉ်ဆိုးများသည် ကျွန်ုပ်တို့၏ စိတ်ကူးသက်သက်များသာဖြစ်ကြသည်ဟု ထင်မှတ်သွားစေနိုင်လျှင် သူသည်တိုက်ပွဲတစ်ဝက်ကို အနိုင်ရနေခဲ့ပြီဖြစ်သည်။ အမှန်မှာ စာတန်နှင့် ၎င်း၏ကောင်းကင်တမန်များသည် တကယ်အမှန်ရှိနေသောသူများဖြစ်ကြသည်။ သူတို့သည် ဤလောကကြီး၏ နေရာအနှံ့တွင် လှုပ်ရှား၍၎င်းတို့၏ မှောင်မိုက်နိုင်ငံကို ချဲ့ထွင်နေကြပါသည်။ သူတို့သည် ကျွန်ုပ်တို့၏အသိုင်းအဝိုင်းများ၌ မြင်တွေ့နေရသောပြဿနာများ(အားလုံးမဟုတ်သော်လည်း)၏ အဓိကအကြောင်းအရင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ဆိုင်ပြိုင်တိုက်လှန်မှုသည် သူတို့နှင့်ဖြစ်သည်။ ရှင်ပေါလုက ကျွန်ုပ်တို့အား "သခင်ဘုရားအားဖြင့် ခိုင်ခံ့ခြင်းရှိကြဖို့" နှင့် ကျွန်ုပ်တို့၏ဝိညာဉ်ရေးစစ်ဝတ်စုံများကို ဝတ်ဆင်ထားကြဖို့ ပြောဆိုခဲ့ခြင်းကို အံ့အားသင့်စရာမရှိပါ။

*မိုးကောင်းကင်၌နေသော နတ်ဆိုးများ*

ဒုတိယအနေဖြင့် ရှင်ပေါလုကဧဖက်အသင်းသားများအား ၎င်းတို့၏ရန်သူသည် မျက်စိဖြင့်မြင်၍မရနိုင်ကြောင်း ပြောပြခဲ့သည်ကို သတိပြုပါ။ မျက်စိဖြင့်မမြင်နိုင်သည့် ဤကောက်ကျစ်စဉ်းလဲသော အင်အားစုများသည် "မိုးကောင်းကင်အရပ်တို့၌" နေထိုင်လှုပ်ရှားကြပါသည်။ ဤလောက၌ ကျွန်ုပ်တို့၏အနီးတဝိုက်တွင် ကျွန်ုပ်တို့မြင်တွေ့နေရသော ရုပ်ဝတ္ထုပစ္စည်းများထက်ပိုသော နောက်ထပ်အရာများရှိနေပါသည်။ လူသားတို့၏ မျက်စိဖြင့်မမြင်

နိုင်သော လောကသည်ဖောက်ပြန်ပျက်စီးနေသော ကောင်းကင်တမန်များနှင့် သန့်ရှင်းသောကောင်းကင်တမန်များ ဝိညာဉ်ရေးတိုက်ပွဲ ဆင်နွှဲနေကြသော လောကဖြစ်သည်။

ကျွန်ုပ်တို့မျက်စိဖြင့် မမြင်နိုင်သောရန်သူကို ကျွန်ုပ်တို့မည်သို့ဆိုင်ပြိုင်တိုက်လှန်ကြမည်နည်း။ ဤတိုက်ပွဲကို ကျွန်ုပ်တို့ဆိုင်ပြိုင်တိုက်လှန်ဖို့ဆိုလျှင် ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကို ဘုရားသခင်က ကျွန်ုပ်တို့ကိုဝတ်ဆင်ဖို့ပေးထားသည့် ဝိညာဉ်ရေးစစ်ဝတ်စုံဖြင့် ရှေးဦးစွာဝတ်ဆင်လွှမ်းခြုံထားကြဖို့ လိုအပ်ပါလိမ့်မည်။ ဒုတိယအနေဖြင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို တင်းတင်းကြပ်ကြပ်ဖက်တွယ်ထားကြဖို့ လိုအပ်ပါလိမ့်မည်။ ထိုနှုတ်ကပတ်တော်သည် ဘုရားသခင်၏အလိုတော်ဆီသို့ ပို့ဆောင်ပေးမည့် ကျွန်ုပ်တို့၏ တစ်ခုတည်းသောဩဇာအာဏာရှိသည့် လမ်းပြဖြစ်သည်။ နောက်ဆုံးအနေဖြင့် ကျွန်ုပ်တို့သည် သခင်ဘုရားအားဖြင့် ခိုင်ခံ့ခြင်းရှိကြဖို့လိုအပ်သည်။ သခင်ဘုရားအားဖြင့် ခိုင်ခံ့ခြင်းရှိခြင်း၏ ဆိုလိုရင်းတစ်ခုမှာ ဝိညာဉ်ရေးနယ်ပယ်များတွင် ဘုရားသခင်၏နာမတော်၌ တိုက်ပွဲတစ်ခုကို ဆင်နွှဲရန်ဘုရားသခင်က ကျွန်ုပ်တို့ကိုပေးအပ်ထားသည့် ဝိညာဉ်စွမ်းရည်ဆုကျေးဇူးများနှင့် အခွင့်အာဏာကို လက်ခံရယူခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားကို ရှာကြံလျှင် ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့ကိုရန်သူ၏ ပရိယာယ်များအား ပုံဖမ်းမှတ်မိ၍ အမြော်အမြင်ရှိရှိဖြင့် ချင့်ချိန်ဆင်ခြင်နိုင်ရန်အတွက် လိုအပ်သောဉာဏ်ပညာနှင့် ထိုးထွင်းသိမြင်နိုင်စွမ်းတို့ကို ပေးသနားပါလိမ့်မည်။ ဘုရားသခင်ပြင်ဆင်ပေးသော စစ်ဝတ်စုံများကိုဝတ်ဆင်၍ ဘုရားသခင်၏ ခွန်အားစွမ်းပကားတစ်ခုတည်းကိုသာ မှီခိုအားထားခြင်းဖြင့်သာလျှင် ကျွန်ုပ်တို့သည် ဤလောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သောမင်းတို့ကို အောင်မြင်ကျော်လွှားနိုင်ကြပါလိမ့်မည်။

စဉ်းစားသုံးသပ်ရန်အချက်များ

- ကျွန်ုပ်တို့ယနေ့တွင် ကျွန်ုပ်တို့၏အနီးအနားမှ ဝိညာဉ်ရေးတိုက်ပွဲကို မည်မျှသတိပြုမိနေကြပါသနည်း။
- ထိုတိုက်ပွဲ၏ သဘောသဘာဝအမှန်ကို ကောင်းမွန်စွာ သိရှိနားလည်ထားခြင်းက ကျွန်ုပ်တို့၏တိုက်ခိုက်ပုံကို မည်သို့ပြောင်းလဲစေပါသနည်း။
- ကျွန်ုပ်တို့၏ရှေ့တွင်ရှိနေသော ဤတိုက်ပွဲကို ဆိုင်ပြိုင်တိုက်လှန်ဖို့ ကျွန်ုပ်တို့လိုအပ်သလိုအသုံးပြုနိုင်ဖို့ မည်သည့်အရာအဆင်သင့်ရှိနေပါသနည်း။

ဆုတောင်းရန်အချက်များ

- ယနေ့တွင် သင့်ရှေ့မှောက်၌ရှိနေသော တိုက်ပွဲ၏သဘောသဘာဝအမှန်ကို သင်မြင်တွေ့နိုင်ဖို့ သင့်မျက်စိများကို ဖွင့်ပေးရန်ဘုရားသခင်ကို တောင်းလျှောက်ပါ။
- ဤဝိညာဉ်ရေးတိုက်ပွဲကို ဆိုင်ပြိုင်တိုက်လှန်ရန်အတွက် လိုအပ်သောလက်နက်တန်ဆာများအား သင့်ကိုပေးအပ်ထားသောကြောင့် သခင်ဘုရားကိုကျေးဇူးတင်ချီးမွမ်းပါ။
- သင်သည် ကွယ်ကာစောင့်ရှောက်ခြင်းကို ခံရဖို့သခင်ဘုရားက သင့်ကိုမိမိ၏ ခွန်အားစွမ်းပကားနှင့်လည်းကောင်း၊ သင့်ကိုပေးအပ်ထားသော စစ်ဝတ်စုံနှင့်လည်းကောင်း ဝတ်ဆင်လွှမ်းခြုံပေးရန်တောင်းလျှောက်ပါ။

## ၂၇

## သစ္စာတည်းဟူသောခါးပန်း

ဧဖက် ၆း၁၄ ကိုဖတ်ရှုပါ။

ရှင်ပေါလုက စစ်ဝတ်စုံအစိတ်အပိုင်းအမျိုးမျိုးတို့၏ ပုံပန်းများအား ဖော်ပြခြင်းကို သစ္စာတည်းဟူသောခါးပန်းဖြင့် အစပြုထားသည်။ ဤလက်နက်စစ်ဝတ်တန်ဆာများ၏ နေရာအလိုက်စီစဉ်ထားမှုသည် ၎င်းတို့၏ ဦးစားပေးသတ်မှတ်ချက်များအား မရည်ညွှန်းထားကြောင်းကို ဤနေရာတွင် သဘောပေါက်ထားရပါမည်။ ဤစစ်ဝတ်တန်ဆာတစ်ခုစီသည် စစ်သူရဲအတွက် မရှိမဖြစ်လိုအပ်ကြသည်။ အချို့သောရှင်းလင်းရေးသားချက်များက ဤနေရာ၌ ရှင်ပေါလုအသုံးပြုထားသော နေရာအလိုက် အစီအစဉ်ချထားမှု သည် စစ်သူရဲတစ်ဦးက မိမိ၏စစ်ဝတ်စုံတန်ဆာကို တစ်ခုပြီးတစ်ခုပုံမှန် ဝတ်ဆင်ခြင်းအစီအစဉ်သာဖြစ်သည်ဟု ဆိုကြသည်။ ပထမစစ်ဝတ်တန်ဆာကို ကျွန်ုပ်တို့ယခုလေ့လာကြည့်ကြပါစို့။

ဤနေရာ၌ ပြောထားသော သစ္စာတရား (သမ္မာတရား)သည် အဓိပ္ပါယ်နှစ်မျိုးရှိသည်။ မူရင်းဘာသာစကားတွင် ဤစကားလုံးသည် ရိုးသားမှန်ကန်သော အကျင့်စာရိတ္တကိုရည်ညွှန်းနိုင်သည်။ ပြောဆိုသည့်အတိုင်းမကျင့်ကြံကြောင်းကို သင်သိထားသည့် လူတစ်ယောက်က အကြောင်းအရာတစ်ခုအကြောင်းပြောပြခြင်းကို သင်နားထောင်ဖူးပါသလား။ ဤပုဂ္ဂိုလ်

များပြောဆိုသောအရာကို ကျွန်ုပ်တို့အလေးအနက်ထားမှုမှာ အလွန်ရှားပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ရှေ့၌ ရိုးသားမှန်ကန်ခြင်းမရှိဘဲ၊ မိုးကောင်းကင်အရပ်၌နေသော နတ်ဆိုးတို့နှင့် စစ်ပွဲဆင်နွှဲရန်ရှာကြံကြသော အခါ ထိုနတ်ဆိုးတို့သည် ကျွန်ုပ်တို့ကိုအလေးအနက်ထားကြမည်ဟု သင်ထင်ပါသလား။ ဝိညာဉ်ရေးတိုက်ပွဲသည် သူတော်ကောင်းဟန်ဆောင်သောသူများအတွက် မဟုတ်ပါ။

သင်သည် သခင်ဘုရားနှင့်သင့်တင့်မှုမရှိလျှင် ပထမဆုံးသင်လုပ်ဆောင်ဖို့လိုအပ်သောအရာမှာ သင့်အပြစ်များကို ဝန်ချတောင်းပန်၍ ဘုရားသခင်နှင့်ပြန်လည် သင့်မြတ်ခြင်းကိုရယူရန်ဖြစ်သည်။ ကျွန်ုပ်၏ညီအစ်ကိုက ကျွန်ုပ်တို့၌ မကျေနပ်ချက်တစ်ခုခု ရှိနေသည်ဟုခံစားရလျှင် ကျွန်ုပ်တို့သည် ပူဇော်သကာကို ယဇ်ပလ္လင်ရှေ့တွင် ထားခဲ့၍ယဇ်ပူဇော်ခြင်းမပြုလုပ်မီ တွင် သူနှင့်ပြန်လည်သင့်မြတ်ဖို့ လုပ်ဆောင်ရမည်ဖြစ်ကြောင်း သခင်ယေရှုက ပြောပြထားသည် (မဿဲ ၅း၂၃-၂၄)။ ဝတ်ပြုကိုးကွယ်ခြင်းတွင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခြင်းကိုလိုအပ်ကြလျှင်၊ ဤအရာသည် လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သောမင်းတို့နှင့်ကျွန်ုပ်တို့တိုက်ခိုက်ရာတွင်လည်း မှန်ကန်နေမည်မဟုတ်ပါလား။ ကျွန်ုပ်တို့၏ရှေ့မှောက်၌ ရှိနေသော ဝိညာဉ်ရေးတိုက်ပွဲတွင် အနိုင်ရခြင်းသည် ဘုရားသခင်နှင့်သင့်တင့်မှန်ကန်မှုရှိသော ဆက်ဆံရင်းနှီးခြင်းဖြင့် အစပြုပါသည်။ ကျွန်ုပ်တို့၏ အပြစ်များကို ကျွန်ုပ်တို့ဝန်ခံဖို့လိုအပ်သည်။ ကျွန်ုပ်တို့ပြစ်မှားခဲ့သော သူများထံသို့ သွားရောက်၍ပြန်လည်သင့်မြတ်ရန် ပြုလုပ်ကြရမည်။ အတွေးစိတ်ကူးများနှင့် စိတ်နှလုံး၏သဘောထားမှ လျှို့ဝှက်ချက်များကို တိုင်တွယ်ဖြေရှင်းဖို့ လိုအပ်သည်။ ဤအရာများကို မဖြေရှင်းမချင်း ကျွန်ုပ်တို့သည် အသက်တာ၌

ရန်သူကို ခြေကုပ်တစ်ခုယူဖို့ အခွင့်ပေးနေပါသည်။ ဤအပြစ်ဒုစရိုက်များ အားဖြင့် ကျွန်ုပ်တို့၏အသက်တာ၌ ရန်သူကိုဝင်ခွင့် ဆက်လက်၍ ပေးနေချိန်တွင် ၎င်းကိုအနိုင်ယူဖို့ ကျွန်ုပ်တို့မည်သို့မျှော်လင့် နိုင်မည်နည်း။ သင်သည် ရန်သူနှင့် ဆိုင်ပြိုင်တိုက်လှန်လိုလျှင် သခင်ယေရှုကို ရိုးသားမှန်ကန်စွာ ချစ်မြတ်နိုးရမည်ဖြစ်သည်။ ပုံသဏ္ဌာန်အမျိုးမျိုးနှင့်ရှိနေသော အပြစ်ဒုစရိုက်သည် ကျွန်ုပ်တို့အထဲသို့ ဝင်မလာနိုင်ရန် တံခါးကို ပိတ်ထားနိုင်လောက်သည် အထိ သခင်ယေရှုကိုချစ်ရပေမည်။ ဤသည်မှာ သစ္စာတည်းဟူသော ခါးပန်း၏ပထမသွင်ပြင်လက္ခဏာဖြစ်သည်။

သမ္မာတရား (သစ္စာအရား) သည်ကျွန်ုပ်တို့၏ အကျင့်စာရိတ္တနှင့်သာ သက်ဆိုင်သည်မဟုတ်၊ လက်တွေ့အမှန်တရားကို ကျွန်ုပ်တို့နားလည်သဘော ပေါက် ခြင်းနှင့်လည်း ဆက်စပ်နေပါသည်။ ရန်သူက ထူးချွန်ပြောင်မြောက်စွာ လုပ်ဆောင်နိုင်သော အရာတစ်ခုရှိခဲ့မည်ဆိုလျှင် ထိုအရာသည်မုသားနှင့် လိမ်လည်လှည့်ဖြားခြင်းဖြစ်သည်။ ယောဟန် ၈း၄၄ တွင် သခင်ယေရှုက မိမိ၏ခေတ်ကာလမှ ဘာသာရေးခေါင်းဆောင်များထံ၌ ဤသို့ပြောခဲ့သည်။

> သင်တို့သည် သင်တို့၏အဘတည်းဟူသော မာရ်နတ်မှ ဆင်းသက်ကြ၏။ သင်တို့အဘ၏အလိုသို့လည်း လိုက်တတ်ကြ၏။ မာရ်နတ်သည် ရှေ့ဦးစွာမှစ၍ လူအသက်ကို သတ်သောသူဖြစ်၏။ သူ၌သစ္စာတရားမရှိသောကြောင့် သစ္စာတရား၌ မတည်မနေ။ သူသည် မုသာစကားကိုပြောသောအခါ မိမိပကတိအတိုင်းပြော၏။ မုသာစကား၌ ကျင်လည်သောသောသူဖြစ်၏။ မုသာ၏အဘလည်း ဖြစ်၏။

ဤနေရာတွင် သခင်ယေရှုကမာရ်နတ်တွင် သမ္မာတရားလုံးလုံး မရှိကြောင်း ရှင်းလင်းထင်ရှားစွာ ကျွန်ုပ်တို့ကို ပြောပြထားသည်။ သူသည်

မုသာ၏အဘလည်းဖြစ်သည်။ ဒေင်ဥယာဉ်ကြီးဆီသို့ ပြန်သွားရမည်ဆိုလျှင် စာတန်သည် ဧဝကိုအသက်ပင်မှ အသီးကိုစားလျှင် ထာဝရအသက်ရှင်သန် သွားရမည်ဟု ပြောဆိုခြင်းဖြင့်သူမကို လှည့်ဖြားခဲ့သည်။ သူမကလည်း သစ်သီး ကိုစားခဲ့ပြီး သေဆုံးသွားခဲ့သည်။ ကျွန်ုပ်တို့၏ရန်သူသည် ကျွန်ုပ်တို့ကို ဆက်လက်၍ လှည့်ဖြားနေပါသည်။ မိမိအသုံးပြုနေသော နည်းပရိယာယ်သည် မိမိအတွက် အလွန်အသုံးဝင်အလုပ်ဖြစ်နေသောအချိန်တွင် စာတန်သည် ထိုနည်းပရိယာယ်ကို အဘယ်ကြောင့်ပြောင်းလဲရမည်နည်း။ စာတန်၏လှည့် ဖြားမှုများသည် ပုံစံအမျိုးမျိုးနှင့်ရှိနေကြသည်။ သူသည်ပထမဦးစွာ ဘုရား သခင်နှင့်လည်းကောင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ပတ်သက်၍ လည်းကောင်း ကျွန်ုပ်တို့ကိုလှည်ဖြားပါသည်။ ဤအရာသည် ဒေင်ဥယျာဉ် ကြီးထဲ၌ ဧဝကိုတိုက်ခိုက်ခဲ့ခြင်းမျိုးပင်ဖြစ်သည်။ သူသည်ဧဝကို လှည့်ဖြား ခဲ့ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အမှန်တကယ်မှန်ကန်မှု ရှိမရှိ သူမ၏စိတ်၌ သိချင်စိတ်များဖြစ်ပေါ်လာစေခဲ့သည်။ ဓမ္မတက္ကသိုလ်များနှင့် ကျမ်းစာကျောင်းများစွာသည် သမ္မာကျမ်းစာ၏အခွင့်အာဏာကို အဘယ် ကြောင့်မေးခွန်းထုတ်နေခဲ့ကြသည်ကို သင်အံ့သြမိပါသလား။ ဤနေရာတွင် လည်း ရန်သူ၏တိုက်ခိုက်ခြင်းကို အထင်အရှားမြင်တွေ့နေရသည်မှာ အံ့အား သင့်ဖွယ်မဟုတ်ပါ။ စာတန်ကသူသည် ကျွန်ုပ်တို့အား သမ္မာကျမ်းစာ၏သမ္မာ တရားကို ဘေးဖယ်ထားကြရန် ဖန်တီးနိုင်လျှင် ကျွန်ုပ်တို့၏လူအဖွဲ့အစည်းထဲ ၌ မိမိစိတ်ကြိုက်လုပ်ဆောင်နိုင်ရန် လမ်းများပွင့်လာမည်ကို သိရှိထားပါသည်။ သူ့ကိုဆီးတားမည့် သမ္မာကျမ်းစာ၏ကိုယ်ကျင့်တရားစံချိန်စံညွှန်းများ မရှိ တော့လျှင် သူသည်လူသားများကို အမျိုးမျိုးသောအကျင့်စာရိတ္တယိုယွင်းပျက် ပြားခြင်းနှင့် ဖောက်ပြန်ပျက်စီးခြင်း၌ လမ်းပြသွားရန် လွတ်လပ်သွားပါလိမ့်

မည်။ သမ္မာကျမ်းစာ၏ ရှင်းလင်းပြတ်သားသော သွန်သင်ချက်များမရှိလျှင် သူသည်လူတို့ကို ဘုရားသခင်အား မိမိတို့ကြိုက်နှစ်သက်သည့်အတိုင်း ထင်မြင်ပုံဖော်စေနိုင်ပါလိမ့်မည်။ ဘုရားသခင့်နှုတ်ကပတ်တော်၏ အခန်းကဏ္ဍကို နောက်ပိုင်းတွင် ကျွန်ုပ်တို့ပို၍အသေးစိတ်ပြောဆိုသွားပါမည်။ စာတန်သည် ဘုရားသခင်နှင့်လည်းကောင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်လည်းကောင်း စပ်လျဉ်း၍ ကျွန်ုပ်၏အတွေးအခေါ်များကို မှောက်လှန်ရန်ကြိုးစားရာတွင် အလွန်ထူးချွန်ပြောင်မြောက်ကြောင်း ဤနေရာတွင် ပြောဖို့လုံလောက်ပါသည်။ ကျွန်ုပ်တို့သည် လောကီမှောင်မိုက်၌အစိုးတရပြုလုပ်သော အင်အားစုများကို အနိုင်ယူလိုလျှင် ဘုရားသခင်နှင့်ဘုရားသခင်၏ ရည်ရွယ်ချက်များနှင့် စပ်လျဉ်းသောသမ္မာတရားကို ကျွန်ုပ်တို့နားလည်သဘောပေါက် ကြဖို့လိုအပ်ပါသည်။

စာတန်ကတိုက်ခိုက်ဖို့ ရှာကြံနေသောအခြားအပိုင်းမှာ သခင်ခရစ်တော်၌ ကျွန်ုပ်တို့၏ဖြစ်တည်မှုအပိုင်းဖြစ်သည်။ ယုံကြည်သူများအဖြစ်နှင့် ကျွန်ုပ်တို့မည်သူမည်ဝါဖြစ်ကြသည်ဟူသော သမ္မာတရားအား တလွဲတချော်လိမ်လည်တင်ပြရသည်ကို စာတန်အလွန်အရသာတွေ့ပါသည်။ သင့်ရဲ့အပြစ်ဒုစရိုက်များကြောင့် ဘုရားသခင်သည် သင့်ကိုလုံးလုံးအသိအမှတ်ပြု လက်ခံနိုင်ခဲ့မည်မဟုတ်ဟု စာတန်ကသင့်ကို ယုံကြည်ကောင်းယုံကြည်သွားပါလိမ့်မည်။ သင်သည် အရှုံးသမားဖြစ်သည်ဟု ပြောဆိုရန် သူကြိုးစားကောင်းကြိုးစားပါလိမ့်မည်။ ဘုရားသခင်က သင့်ကိုစွန့်ပစ်သွားခဲ့ပြီဟု သင့်ကိုယုံကြည်သွားစေမည့်အခြေအနေများကို သူဖန်တီးကောင်းဖန်တီးပါလိမ့်မည်။ ဤအခြေအနေများတွင် ကျွန်ုပ်တို့မည်သည့်ဘက်သို့ ဦးလှည့်ကြမည်နည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်ဆီသို့ ဦးလှည့်ကြရမည်ဖြစ်သည်။ သန့်ရှင်း

သောသမ္မာကျမ်းစာ၏ စာမျက်နှာများ၌ ပါရှိသည့်အတိုင်း ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သမ္မာတရား၏တစ်ခုတည်းသော စစ်မှန်သည့် အရင်းအမြစ်ဖြစ်သည်။ ဝိညာဉ်ရေးတိုက်ခိုက်မှုများကို ကျွန်ုပ်တို့ရင်ဆိုင် ဖြတ်သန်းနေရသောအချိန်များတွင် ကျွန်ုပ်တို့သည် ဤသမ္မာတရားကို ဖက်တွယ်ထားကြရမည်ဖြစ်သည်။ ရန်သူ၏လိမ်လည်လှည့်ဖြားခြင်းများမှ လွတ်မြောက်ရန် ကျွန်ုပ်တို့ လိုအပ်သောအရာမှာ သမ္မာတရားတစ်ပါးတည်းသာဖြစ်သည့် အချိန်များလည်းရှိပါသည်။ "သမ္မာတရားကိုလည်း သိကြသဖြင့်၊ ထိုတရားသည် သင်တို့ကိုလွှတ်လိမ့်မည်" (ယောဟန် ၈း၃၂)။

ကျွန်ုပ်၏အသက်တာတွင် စာတန်၏လိမ်လည်လှည့်ဖြားမှုများကို ယုံကြည်ခဲ့သည့်အချိန်များ ရှိခဲ့ပါသည်။ ဘုရားသခင်က ကျွန်ုပ်ကိုမည်သို့ လက်ခံအသိအမှတ်ပြုနိုင်ခဲ့သည်ကို ကျွန်ုပ်မကြာခဏတွေးမိခဲ့သည်။ ကျွန်ုပ်သည် အရှုံးသမားလုံးလုံးဖြစ်သည်ဟုလည်း မကြာခဏခံစားမိသည်။ သံသယစိတ်များသည် ကျွန်ုပ်၏စိတ်ကိုဖိစီး၍ ကျွန်ုပ်ကိုစိတ်ပျက်အားလျော့ခြင်း၊ မျှော်လင့်ချက်ကုန်ဆုံးခြင်းများနှင့် ထားခဲ့ပါသည်။ ဤအခြေအနေများတွင် ကျွန်ုပ်သည် စာတန်၏လိမ်လည်လှည့်ဖြားမှုများကို ယုံကြည်နေခဲ့ကြောင်း သဘောပေါက်မိခဲ့သောအချိန်၌သာ အောင်မြင်ခြင်းသည် ကျွန်ုပ်ထံရောက်လာခဲ့ပါသည်။ ဘုရားသခင်၏ မှုတ်သွင်းခြင်းခံ နှုတ်ကပတ်တော်ကို သဘောတူသည့်အနေဖြင့် ထိုမုသားများကို ကျွန်ုပ်ငြင်းပယ်ဖို့လိုအပ်ခဲ့သည်။ သမ္မာတရားတစ်ခုတည်းကသာ ကျွန်ုပ်ကိုလွတ်မြောက်စေနိုင်ခဲ့ပါသည်။ ကျွန်ုပ်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယုံကြည်ကိုးစား၍ နှုတ်ကပတ်တော်ဆီသို့ ဦးလှည့်သောအခါတွင် စာတန်သည်ကျွန်ုပ်ကိုလက်လွှတ်၍ သွားခွင့်ပြုဖို့ ဖိအားပေးခံရသည်။

တမန်တော်ရှင်ယာကုပ်က ကျွန်ုပ်တို့သည် မာရ်နတ်ကိုဆီးတားကြ

ရမည်ဖြစ်ပြီး၊ ထိုသို့ပြုလျှင်သူသည် ကျွန်ုပ်တို့ထံမှ ထွက်ပြေးလိမ့်မည်ဖြစ်ကြောင်း ယာကုပ် ၄း၇ တွင်ပြောပြထားသည်။ မာရ်နတ်ကိုကျွန်ုပ်တို့မည်သို့ဆီးတားကြမည်နည်း။ ကျွန်ုပ်တို့သည် စာတန်ကို အမှန်တရားကဏ္ဍတွင်ခုခံဆီးတားကြသည်။ ကျွန်ုပ်တို့သည် စာတန်၏လိမ်လည်လှည့်ဖြားမှုများနှင့်မုသားများကို ခုခံဆီးတား၍ ထိုအရာများမှ ဘုရားသခင်နှုတ်ကပတ်တော်၏သမ္မာတရားဆီသို့ ကျွန်ုပ်တို့ဦးလှည့်ကြသည်။ စာတန်သည် ကျွန်ုပ်တို့ကိုထားခဲ့ပြီး ထွက်ပြေးသွားရုံမျှလွဲ၍ အခြားအားကိုးစရာရှိလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ တိုက်ပွဲသည် "မုသားများ၏အဘ" နှင့်ဆိုင်ပြိုင်တိုက်လှန်သောတိုက်ပွဲဖြစ်ကြောင်းကို စောစောမြန်မြန်သဘောပေါက်လေလေ သမ္မာတရားတည်းဟူသော ခါပန်းကိုဝတ်ဆင်ခြင်း၏ အရေးပါပုံကို စောစောမြန်မြန်နားလည်သဘောပေါက်လာလေလေဖြစ်လိမ့်မည်။ စာတန်၏လိမ်လည်လှည့်ဖြားမှုများက ကျွန်ုပ်တို့ကိုချည်နှောင်သောအခါတွင် ဘုရားသခင်၏သမ္မာတရားတစ်ခုတည်းကသာ ကျွန်ုပ်တို့ကိုအောင်မြင်ခြင်းပေးနိုင်ပါသည်။

ကျွန်ုပ်တို့၏ရှေ့မှောက်၌ ရှိနေသောဝိညာဉ်ရေးတိုက်ပွဲ၌ သမ္မာတရားသည်အဘယ့်ကြောင့်အလွန်အရေးပါနေပါသနည်း။ ဤနေရာ၌ပြောထားသော သမ္မာတရားသည် ပထမအနေဖြင့် ကျွန်ုပ်တို့၏အကျင့်စာရိတ္တနှင့်သက်ဆိုင်၍ ဒုတိယအနေဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်အား ကျွန်ုပ်တို့နားလည်သဘောပေါက်ထားမှုနှင့် သက်ဆိုင်ကြောင်း ကျွန်ုပ်တို့ပြောခဲ့ကြပြီးဖြစ်သည်။ ၎င်းတို့ကိုခွဲခြမ်းပြီး ပို၍ပြည့်စုံစွာလေ့လာစစ်ဆေးကြည့်ကြပါစို့။

ကျွန်ုပ်တို့သည် သမ္မာတရားနှင့်ယှဉ်သော အကျင့်စာရိတ္တကို ကြုံတွေ့ခံစားနေခြင်းသည် အကြောင်းအရာနှစ်ခုအတွက်အရေးကြီးသည်။ ပထမအချက်မှာ ရိုးသားစစ်မှန်မှုမရှိခြင်းသည် သခင်ဘုရားအတွက် ကျွန်ုပ်တို့သက်သေဖြစ်ခြင်းကို ဖျက်ဆီးပါလိမ့်မည်။ ဤအရာသည် ရန်သူကပြုလုပ်လို

သောအရာအတိအကျမဟုတ်ပါလား။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်သင့်တင့် မှန်ကန်မှုမရှိလျှင် ကျွန်ုပ်တို့၏သက်သေဖြစ်ခြင်းကို ဟန့်တားနှောက်ယှက် ခံရမည်ဖြစ်သည်။ လူတို့ကကျွန်ုပ်တို့ကို ကျွန်ုပ်တို့ဖြစ်နေသည့်အတိုင်း အမှန် မြင်တွေ့ကြရပါလိမ့်မည်။ သူတို့သည် ကျွန်ုပ်တို့၏စိတ်နေစိတ်ထားများနှင့် ကျွန်ုပ်တို့၏လုပ်ရပ်များကို မြင်တွေ့ကြပါလိမ့်မည်။ ကျွန်ုပ်တို့ပြောဆိုသည့် အရာများကို သူတို့ကြားကြပါလိမ့်မည်။ ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်၌ ကျင် လည်နေကြလျှင် သခင်ဘုရားအတွက်သင့်တင့်ကောင်းမွန်သော သက်သေ များဖြစ်နိုင်ကြမည်မဟုတ်ပါ။ မြောက်မြားစွာသောလူတို့က သခင်ဘုရား၏ အစေခံများ၌ တွေ့ရသောသူတော်ကောင်းဟန်ဆောင်မှုများကြောင့် သခင် ဘုရားကို ကျောခိုင်းသွားကြပါသည်။ ကျွန်ုပ်တို့သည် ဤအမှောင်လောက၌ အလင်းဖြစ်ဖို့ဆိုလျှင် စစ်မှန်သောအကျင့်စာရိတ္တနှင့် ရိုးသားမှန်ကန်မှုတို့မှာ မရှိမဖြစ်လိုအပ်ကြသည်။

ဒုတိယအချက်မှာ ရိုးသားမှန်ကန်မှုမရှိခြင်းသည် ရန်သူ၏ရှေ့တွင် ကျွန်ုပ်တို့ကို အစွမ်းအစကင်းမဲ့သွားစေပါသည်။ သင်သည် နာမကျန်းဖြစ်နေ သောစစ်သားတစ်ယောက်ကို တိုက်ပွဲသို့စေလွှတ်ပါမည်လား။ အလားတူပင် ကျွန်ုပ်တို့၏ အပြစ်ဒုစရိုက်နှင့် သူတော်ကောင်းယောင်ဆောင်ခြင်းများက ကျွန်ုပ်တို့ကို တိုက်ပွဲတွင်အားနည်းဆုတ်ယုတ်စေပါသည်။ ဘုရားသခင်က ဣသရေလလူမျိုးတို့အား မည်သည့်အရာကိုမျှ မယူကြဖို့ပြောကြားပြီးနောက် တွင် အာခန်သည်ယေရိခေါမြို့မှ ပစ္စည်းအချို့အားခိုးယူခဲ့သည့် အဖြစ်အပျက် ကို သတိရပါ (ယောရှု ၇)။ ဣသရေလလူမျိုးများသည် အာဣဟုခေါ်သော မြို့ငယ်လေးကို ချီတက်သိမ်းပိုက်ရာတွင် ရှုံးနိမ့်ခဲ့ကြသည်။ ယောရှုကသခင် ဘုရားထံ၌ ယေရိခေါကဲ့သို့သော မြို့ကြီးကိုချီတက်သိမ်းပိုက်ရာတွင် အကြီး

အကျယ်အောင်မြင်ခဲ့သော်လည်း အာကာ့မြို့ငယ်လေး၌ အဘယ့်ကြောင့် ရှုံးနိမ့်ခဲ့ရကြောင်းကို မေးလျှောက်ခဲ့သည်။ ဘုရားသခင်ကလည်း ဤသို့ရှုံးနိမ့်ခဲ့ရခြင်းမှာ သူတို့အလယ်၌ရှိနေသော အပြစ်ဒုစရိုက်ကြောင့်ဖြစ်သည်ဟု ပြန်လည် ဖြေကြားခဲ့သည်။ အသင်းတော်၏အသင်းသားများသည် အပြစ်ဒုစရိုက်၌ကျင်လည်နေကြလျှင် အသင်းတော်သည် ဤအမှောင်လောက၏ ဝိညာဉ်ရေးအင်အားစုများကို အောင်နိုင်ဖို့ မမျှော်လင့်နိုင်ပါ။ ကျွန်ုပ်တို့အပြစ်ရှိနေချိန်၌ပင် ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ်၌ကျေးဇူးကြီးမားလျက် ရှိကောင်းရှိနေနိုင်ပါသော်လည်း၊ စစ်မှန်သောအောင်မြင်ခြင်းသည် သခင်ယေရှုကိုနာခံခြင်း၌ အသက်ရှင်ခြင်းအားဖြင့်သာလျှင် ရောက်လာပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ကျွန်ုပ်တို့သည် သမ္မာတရားတွင် အသက်ရှင်ကြရမည်ဖြစ်သည်။

စာတန်၏ လိမ်လည်လှည့်ဖြားမှုများသည် ကျွန်ုပ်တို့ကိုတိုက်ပွဲတွင် စိတ်ပျက်အားလျော့စေပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုစွန့်ပစ်သွားခဲ့ပြီဟူသော စာတန်၏လိမ်လည်လှည့်ဖြားမှုကို ကျွန်ုပ်တို့ယုံကြည်ကြသောကြောင့် ကျွန်ုပ်တို့၏ရဲရင့်ခြင်းများကို အကြိမ်မည်မျှကျွန်ုပ်တို့ဆုံးရှုံးခဲ့ကြရပါသနည်း။ စာတန်က ကျွန်ုပ်တို့၏နားထဲသို့ တီးတိုးပြောဆိုနေသော မုသားအချို့ကို ကျွန်ုပ်တို့ယုံကြည်ခဲ့ကြသောကြောင့် ဆုတောင်းရာတွင် အကြိမ်မည်မျှကျွန်ုပ်တို့အရေးနိမ့်ခဲ့ကြရပါသနည်း။ ဘုရားသခင်၏ စစ်မှန်သောအစေခံများထံ၌ ၎င်းတို့သည်မည်သည့်အရာကိုမျှ ဖြစ်ဖြစ်မြောက်မြောက် မလုပ်နိုင်ကြ၊ ထိုသို့ဖြစ်နေမည့်အစား အလုပ်မှနုတ်ထွက်ခြင်းကပို၍ကောင်းသည်ဟူသောနတ်ဆိုး၏ လှည့်စားခြင်းကြောင့် မည်သို့မကြာခဏ စိတ်ပျက်အားငယ်ခဲ့ကြရပါသနည်း။ ဤကဲ့သို့သော လိမ်လည်လှည့်ဖြားမှုများသည်

ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ရှိနေကြပါသည်။ ဘုရားသခင်၏ အစေခံများကို စာတန်က စိတ်ပျက်အားငယ်သွားစေနိုင်သည့် နည်းလမ်းအားလုံးကို ကျွန်ုပ်တို့မစဉ်းစားနိုင်ပါ။ ဘုရားသခင့်နှုတ်ကပတ်တော်၏ သမ္မာတရားကသာ ကျွန်ုပ်တို့ကို ရှေ့ဆက်လျှောက်ဖို့ ခွန်အားပေးနိုင်ပါသည်။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရန်သူများကို ကျွန်ုပ်တို့ဆိုင်ပြိုင်တိုက်လှန်ရာ၌ ကျွန်ုပ်တို့ကို ဤသစ္စာတည်းဟူသော ခါးပန်းကမည်သို့ကူညီပေးပုံနှင့် စပ်လျဉ်း၍နောက်ဆုံးထုတ်ဖော်ပြောကြားချက်တစ်ခုနှင့်အတူ နိဂုံးချုပ်ခွင့်ပြုပါ။

စာတန်၏နိုင်ငံသည် လိမ်လည်လှည့်ဖြားခြင်းများပေါ်တွင် တည်ဆောက်ထားသည်ကို ကျွန်ုပ်တို့နားလည်ထားကြသည်။ မှောင်မိုက်ကို အနိုင်ယူရန် အလင်းလိုအပ်သကဲ့သို့ စာတန်၏လိမ်လည်လှည့်ဖြားမှုများကို အနိုင်ယူရန် သမ္မာတရားလိုအပ်ပါသည်။ စာတန်သည် မိမိ၏နိုင်ငံကို တည်ဆောက်ရန်အတွက် မိမိ၏လိမ်လည်လှည့်ဖြားမှုများကို ယုံကြည်လာကြဖို့ လူများကို လှည့်စားရသည်။ ဤအရာအတွက် တစ်ခုတည်းသောဖြေဆေးမှာ ဘုရားသခင်နှုတ်ကပတ်တော်၏ သမ္မာတရားကို ယုံကြည်ခြင်းဖြစ်သည်။ ဘုရားသခင့်နှုတ်ကပတ်တော်၏ သမ္မာတရားတစ်ခုတည်းကသာလျှင် ကျွန်ုပ်တို့ကို စာတန်၏အယူမှားများမှ လွတ်မြောက်စေနိုင်ပါသည်။ စာတန်ကို အနိုင်ယူနိုင်ဖို့ဆိုလျှင် ကျွန်ုပ်တို့သည် ရန်သူ၏တိုက်ခိုက်မှုများကို သိရှိနားလည်၍ ၎င်းတို့ကိုသမ္မာတရားဖြင့် ခုခံဆီးတားရပါမည်။

သင်အပြစ်ကျူးလွန်နေသည်ကို မည်သူကမျှမသိသောကြောင့် အပြစ်ကျူးလွန်ခြင်းသည် မှားယွင်းမှုမရှိဟု စာတန်၏ပြောသံကိုသင်ကြားရသည့်အချိန်များ ရှိလာပါလိမ့်မည်။ စာတန်ကသင့်ကို သင့်စိတ်ထဲ၌ခံစားနေရသောအရာများသည် သဘာဝဖြစ်ရိုးဖြစ်စဉ်သာဖြစ်ပြီး၊ သင့်စိတ်ကိုလွတ်ပေးဖို့

ရှက်ကြောက်စရာမလိုကြောင်း ကြိုးစားပြောဆိုသည်ကိုလည်း သင်ခံစားကောင်းခံစားရပါမည်။ စာတန်သည် ၎င်း၏မုသားနှင့်လိမ်လည်လှည့်ဖြားခြင်းများဖြင့်သင့်ကိုတိုက်ခိုက်လာသောအခါ သင်မည်သည့်အရာကို လုပ်ရမည်နည်း။ အဆင့်တစ်မှာ ဤမုသားသည် ရန်သူထံမှလာသောအရာဖြစ်ကြောင်းကိုသိရှိနားလည်ခြင်းဖြစ်သည်။ အဆင့်နှစ်မှာ ထိုအရာကို လိမ်လည်လှည့်ဖြားမှုတစ်ခုအဖြစ် ခုခံဆီးတားရမည်ဖြစ်သည်။ အဆင့်သုံးမှာ ထိုအရာကို ဘုရားသခင့်နှုတ်ကပတ်တော်၏ ဘုရားသခင့်သမ္မာတရားဖြင့် တန်ပြန်ဆန့်ကျင်ရမည်ဖြစ်သည်။ ဤမုသားကို ကျွန်ုပ်တို့မည်သို့သိရှိနိုင်မည်ကို နောက်ပိုင်းတွင် ပို၍ပြောဖို့ရှိလာပါလိမ့်မည်။ စုံစမ်းနှောက်ယှက်ခြင်းကို သင်ခံရသောအခါ "ဒီကိစ္စမှာ အမှန်တရားကဘာလဲ" ဟု ကိုယ်တိုင်ကို မေးပါ။ သမ္မာတရားကို ရှင်းရှင်းလင်းလင်း ပြသပေးဖို့ ဘုရားသခင်ကို တောင်းလျှောက်၍၊ ၎င်းကို ခါးပတ်ကဲ့သို့ခါးတွင်ပတ်လျှက် သခင်ယေရှု၏နာမတော်၌ ရန်သူ၏လိမ်လည်လှည့်ဖြားမှုများကို ခုခံဆီးတားရန် ရည်မှန်းထားပါ။

စဉ်းစားသုံးသပ်ရန်အချက်များ

- ဤဆင်ခြင်နှလုံးသွင်းခြင်း၌ ဆွေးနွေးခဲ့ကြသောသမ္မာတရား၏ ပုံပန်းသွင်ပြင်နှစ်ခုမှာ အဘယ်နည်း။
- စာတန်သည် မုသား၏အဘဖြစ်သည်ဟု သမ္မာကျမ်းစာက ကျွန်ုပ်တို့ကိုသွန်သင်ပေးထားပါသည်။ စာတန်သည် ဤမုသားများကို ကျွန်ုပ်တို့၏ခေတ်ကာလ၌ မည်သို့အသုံးပြုနေခဲ့ပါသနည်း။
- စာတန်၏လိမ်လည်လှည့်ဖြားမှုများကို ကျွန်ုပ်တို့မည်သို့တန်ပြန်ဆန့်ကျင်တွန်းလှန်ကြရမည်နည်း။

- သင်ယုံကြည်နေခဲ့သော မုသားတစ်ခုခုရှိပါသလား။
- အကျင့်စာရိတ္တ၌ ရိုးသားမှန်ကန်မှုသည် သမ္မာတရား၏အရေးကြီးသောပုံပန်းသွင်ပြင်တစ်ခု အဘယ့်ကြောင့်ဖြစ်နေရသနည်း။ ဤအရာသည် ကျွန်ုပ်တို့ကို ရန်သူနှင့်ဆိုင်ပြိုင်တိုက်လှန်ရာ၌ မည်သို့အကူအညီပေးပါသနည်း။

ဆုတောင်းရန်အချက်များ

- စာတန်၏လိမ်လည်လှည့်ဖြားမှုများကို သင့်ထံ၌ထင်ရှားမြင်သာလာစေရန် ဖန်တီးပေးဖို့ ဘုရားသခင်ကို တောင်းလျှောက်ပါ။ သင်လှည့်စားခံနေရသည့် နည်းလမ်းအားလုံးကို ထုတ်ဖော်ပြသပေးဖို့ တောင်းလျှောက်ပါ။
- သင့်အသက်တာတွင်စစ်မှန်၍ရိုးသားမှန်ကန်သော အကျင့်စာရိတ္တရှိကြောင်းကိုသေချာစေဖို့ သင့်ကိုစစ်ဆေးရန် သခင်ဘုရားကို တောင်းလျှောက်ပါ။
- သင်တို့၏အသိုင်းအဝိုင်း၌ မိမိ၏သမ္မာတရားကို ဖော်ထုတ်ပြသပေးဖို့ ဘုရားသခင်ကို တောင်းလျှောက်ပါ။ သင်တို့၏အသိုင်းအဝိုင်းကို ရန်သူ၏လိမ်လည်လှည့်ဖြားခြင်းမှ လွတ်မြောက်စေရန် သခင်ဘုရားကိုတောင်းလျှောက်ပါ။

## ၂၈

## ဖြောင့်မတ်ခြင်းပါရမီတည်းဟူသော ရင်အုပ်တန်ဆာ

ဧဖက် ၆း၁၄ ကိုဖတ်ရှုပါ။

ရှင်ပေါလု၏ အဆိုအရ ယုံကြည်သူများ ယူတင်ဝတ်ဆောင်ကြရမည့် စစ်ဝတ်စုံမှ ဒုတိယမြောက်တန်ဆာမှာ ဖြောင့်မတ်ခြင်းပါရမီတည်းဟူသော ရင်အုပ်တန်ဆာဖြစ်သည်။ ဤရင်အုပ်တန်ဆာသည် စစ်သူရဲကိုယ်ငင်း၏ လည်ပင်းမှစ၍ ပေါင်အထိအကာအကွယ်ပေးထားသည်။ ဤတန်ဆာသည် စစ်သူရဲ၏အလွန်အရေးပါသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ကာကွယ်ပေးထားသည်။ ရှင်ပေါလုက ဧဖက်အသင်းသားများအား ယုံကြည်သူ၏ ရင်အုပ်တန်ဆာသည် "ဖြောင့်မတ်ခြင်းပါရမီ" ဖြစ်သည်ဟု ပြောခဲ့သည်။ ဖြောင့်မတ်ခြင်းပါရမီဆိုသည်မှာ အဘယ်နည်း။ ထိုဖြောင့်မတ်ခြင်းပါရမီကို ကျွန်ုပ်တို့၏ ရှေ့မှောက်ရှိ ဝိညာဉ်ရေးတိုက်ပွဲ၌ မည်သို့အသုံးပြုရမည်နည်း။

ဤနေရာ၌ အသုံးပြုထားသော ဂရိစကားလုံးမှာ "dikaiosune" ဖြစ်သည်။ ဤစကားလုံးကို "အပြစ်မဲ့သော"၊ "အပြစ်ပြောစရာမရှိသော"၊ "အပြစ်ကင်းစင်သော" စသည်ဖြင့် ဘာသာပြန်ဆိုနိုင်သည်။ ဤစကားလုံးသည် ဘုရားသခင်နှင့်သင့်တင့်မှန်ကန်သော ဆက်ဆံရင်းနှီးမှုကို ရှိထားသောသူများအတွက် အသုံးပြုသည်။ ဘုရားသခင်နှင့် သင့်တင့်ခြင်း၏ ဆိုလိုရင်းနှင့်ပတ်သက်၍ အယူအဆများစွာရှိသည်။

ဓမ္မသစ်ကျမ်းတွင် ဖာရိရှဲဟုခေါ်သော လူအုပ်စုတစ်စုကို ကျွန်ုပ်တို့ မြင်တွေ့ရသည်။ သူတို့သည် ဘာသာရေးအလွန်ကိုင်းရှိုင်းကြသည်။ သူတို့သည် မောရှေ၏ပညတ်တရားကို အတင်းကြပ်ဆုံး စောင့်ထိန်းရခြင်းတွင် ကိုယ့်ကိုယ်ကို ဂုဏ်ယူဝင့်ကြွားနေခဲ့ကြသည်။ ယုဒအသိုင်းအဝိုင်းများ၏အမြင်တွင် ဖာရိရှဲများသည် ဖြောင့်မတ်မှုအရှိဆုံး ပုဂ္ဂိုလ်များဖြစ်ကြသည်။ သို့သော် မဿဲ ၅း၂၀ တွင် သခင်ယေရှုက ဖာရိရှဲတို့နှင့်ပတ်သက်၍ ဤသို့ပြောဆိုထားသည်။

> ထိုသူသည် ကောင်းကင်နိုင်ငံတော်၌ ကြီးသောသူဖြစ် လိမ့်မည်။ သင်တို့ကျင့်သောအကျင့်သည် ဖာရိရှဲတို့နှင့် ကျမ်းပြုဆရာတို့ကျင့်သော အကျင့်ထက် မလွန်မသာလျှင်၊ သင်တို့သည် ကောင်းကင်နိုင်ငံတော်သို့ မဝင်ရကြဟု ငါအမှန်ဆို၏။

ဤကျမ်းပိုဒ်သည် အလွန်အရေးပါသော ကျမ်းပိုဒ်ဖြစ်သည်။ သခင်ယေရှုက ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းသည် ဤဖာရိရှဲများ၏ ဖြောင့်မတ်ခြင်းကို သာလွန်ရန်လိုအပ်သည်ဟု ကျွန်ုပ်တို့ကိုပြောပြနေပါသည်။ ဖာရိရှဲများ၏ “ဖြောင့်မတ်ခြင်း” သည် ပညတ်တရားအား အပြင်ပန်းအားဖြင့်နာခံခြင်းတွင် အဓိကကျနေသည်။ သခင်ယေရှုက ကျွန်ုပ်တို့သည် ဘုရားသခင်၏ပညတ်တရားအား အပြင်ပန်းနာခံခြင်းကို ကျော်လွန်သောဖြောင့်မတ်ခြင်းကို လိုအပ်ကြသည်ဟု ကျွန်ုပ်တို့ကိုပြောပြနေပါသည်။ ပညတ်အကြောင်းအတိုင်းလိုက်လွန်းခြင်းဝါဒ (Legalism) သည်ဖြောင့်မတ်ခြင်းနှင့်မတူပါ။ သင်သည် ဘုရားသခင်၏ ပညတ်တရားတော်ကို ဂရုတစိုက်စောင့်ထိန်းသူတစ်ယောက်ဖြစ်နိုင်ပါသည်။ သင်သည် အသက်တာ၌ ဘုရားမဲ့၊ တရားမဲ့သောအရာများနှင့် ကိုယ့်ကိုယ်ကို ကင်းကင်းကွာကွာနေနေနိုင်ပါသည်။ သင်သည်သင့်တင့်မှန်ကန်သောအရာအားလုံးကို လုပ်ဆောင်နေနိုင်ပါသော်လည်း ဘုရားသခင်နှင့်

သင့်တင့်မှန်ကန်သော ဆက်ဆံရင်းနှီးမှုရှိချင်မှ ရှိနေပါမည်။ ဖြောင့်မတ်ခြင်းသည်အပြင်ပန်းလုပ်ဆောင်ချက်များထက် ပို၍နက်နဲပါသည်။ ဖာရိရှဲများကို အနီးကပ်လေ့လာစစ်ဆေးမည်ဆိုလျှင် ၎င်းတို့သည် အလွန်ထောင်လွှားသော သူများဖြစ်ကြောင်းကို တွေ့ရပါလိမ့်မည်။ ဖာရိရှဲများသည် မိမိတို့၏အပြင်ပန်း အားဖြင့်သာဖြစ်သောသန့်ရှင်းစင်ကြယ်ခြင်းနှင့် ဘာသာတရားကိုင်းရှိုင်းသော အသက်တာများအတွက် လူတို့၏ချီးမွမ်းထောမနာပြုခြင်းကို နှစ်သက်မြတ်နိုးကြသည်။ သူတို့သည် သင့်တင့်မှန်ကန်မှုရှိသော ပညတ်ချက်များအားလုံးကို လိုက်နာစောင့် ထိန်းကြသော်လည်း စိတ်နှလုံးများမှာမူ ဘုရားသခင်နှင့် အလွန်ကွာလှမ်း လျှက်ရှိနေခဲ့ကြသည် (မဿဲ ၁၅း၇-၉)။

ရှမွေလသည် ဣသရေလလူမျိုးများအတွက် ရှင်ဘုရင်တစ်ပါးကို ဘိသိက်ပေးရန် ထွက်သွားခဲ့သောအချိန်တွင် ဘုရားသခင်သည် သူ့ကိုယေရှဲ၏ အိမ်သို့ လမ်းပြခေါ်ဆောင်သွားခဲ့သည်။ ရှမွေလသည် မိမိ၏ရှေ့သို့ရောက်လာကြသော ယေရှဲ၏သားတစ်ဦးချင်း၏ ရုပ်ပိုင်းဆိုင်ရာခွန်အားစွမ်းပကားနှင့်ပုံပန်းသဏ္ဌာန်ကိုသာ ကြည့်ရှုသုံးသပ်ခြင်း ထောင်ချောက်ထဲတွင် ကျခဲ့သည်။ ဘုရားသခင်က မိမိသည်လူတို့ ရှုမြင်သကဲ့သို့မရှုမြင်ကြောင်း သူ့ကို အသိပေးခဲ့သည်။ ၁ရာ ၁၆း၇ တွင် ကျွန်ုပ်တို့ဤသို့ ဖတ်ရှုရသည်။

> ထာဝရဘုရားက၊ သူ၏မျက်နှာသူ၏အရပ်ကို မကြည့်မရှုနှင့်။ သူ့ကို ငါပယ်ပြီ။ ထာဝရဘုရားသည် လူမြင်သကဲ့သို့ မြင်တော်မူသည် မဟုတ်။ သူသည်အဆင်းသဏ္ဌာန်ကိုကြည့်ရှုတတ်၏။ ထာဝရဘုရားမူကား နှလုံးကိုကြည့်ရှုတတ်သည်ဟု ရှမွေလအားမိန့်တော်မူ၏။

သမ္မာကျမ်းစာထဲ၌ ကျွန်ုပ်တို့အတွက် ပြဌာန်းထားသော စံချိန်စံညွှန်းများနှင့်အညီနေထိုင်ကျင့်ကြံရန် အရေးကြီးကြောင်းကို ကျွန်ုပ်တို့အားလုံး သိရှိ

ထားကြပါသည်။ သို့သော်၊ သင့်တင့်မှန်ကန်သောအရာအားလုံးကို ကျွန်ုပ်တို့ ပြုလုပ်ကြသောကြောင့် ဘုရားသခင်နှင့်သင့်တင့်မှန်ကန်သော ဆက်ဆံရင်းနှီးမှုကို ကျွန်ုပ်တို့ရှိထားကြသည်ဟု မဆိုလိုနိုင်ပါ။ ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းမရှိပဲ ကျွန်ုပ်တို့၏သားသမီးများကို ဘေး၌ငြိမ်သက်စွာထိုင်စေလျှက် ဘုရားကျောင်းထဲတွင် အပတ်စဉ်သွားထိုင်နေနိုင်ကြပါ သည်။ ကျွန်ုပ်တို့သည် ဆယ်ဖို့တစ်ဖို့နှင့် အလှူငွေများကို ပုံမှန်ပေးကမ်းထည့်လှူကြသော်လည်း သခင်ဘုရားကို လုံးလုံးသိကျွမ်းခြင်းမရှိသော သူကဲ့သို့ဘုရားသခင်နှင့် အလွန်အလှမ်းဝေးနေနိုင်ပါသည်။ ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းသည် ဘုရားသခင်၏ ပညတ်တရားရှိ အက္ခရာစာလုံးများကို ကျွန်ုပ်တို့မည်မျှ နာခံသည်ဟူသော အချက်တွင်အခြေမခံပါ။ ပညတ်အကြောင်းအတိုင်းလိုက်လွန်းခြင်းတည်းဟူသောရင်အုပ်တန်ဆာနှင့် ဖြောင့်မတ်ခြင်းတည်းဟူသော ရင်အုပ်တန်ဆာကိုအထင်မှားနေသောသူများစွာရှိသည်။ ကျွန်ုပ်တို့၏ရှေ့မှောက်တွင်ရှိသော တိုက်ပွဲတွင် ဤအမှားမျိုးကို ကျွန်ုပ်တို့ပြုလုပ်မိ၍ မဖြစ်ပါ။ ဘုရားသခင်သည် စည်းမျဉ်းဥပဒေသများကို နှလုံးသားမပါပဲ နာခံခြင်းထက်ပို၍ နက်နဲသော ဖြောင့်မတ်ခြင်းကို ရှာကြံ နေပါသည်။ ကိုယ်တော်သည် အပြင်ပန်းအသွင်အပြင်ထက်ပို၍နက်နဲသောအရာကို ရှာဖွေနေပါသည်။ ဘုရားသခင်က မိမိ၏ ပရောဖက်အားဖြင့် ဟေရှာယ ၂၉း၁၃ တွင်ပြောပြထားသောအရာကိုနားထောင်ကြည့်ပါ။

ထာဝရဘုရားကလည်း၊ ဤလူမျိုးသည် နှုတ်နှင့်ငါ့ထံသို့ ချဉ်းကပ်၍၊ နှုတ်ခမ်းနှင့် ငါ့ကိုရိုသေကြ၏။ စိတ်နှလုံးမူကား ငါနှင့်ဝေးလှ၏။ လူတို့စီရင်သော ပညတ်တို့ကိုအမှီပြု၍ ငါ့ကိုကြောက်ရွံ့ကြ၏။

ပညတ်အကြောင်းအတိုင်းလိုက်လွန်းခြင်းတည်းဟူသော ရင်အုပ်

တန်ဆာသည် အကျင့်ကောင်းကိုကျင့်ခြင်းတည်းဟူသော ရင်အုပ်တန်ဆာနှင့် အလွန်နီးကပ်စွာ ဆက်စပ်နေသည်။ ဖြောင့်မတ်ခြင်းရှိဖို့ဆိုလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ကျွန်ုပ်တို့၏အိမ်နီးချင်းကို ချစ်ရန်လိုအပ်သကဲ့သို့ ကျွန်ုပ်တို့၏အနား၌ ရှိနေကြသောသူများထံ၌ ကောင်းမှုကုသိုလ်များကို ပြုလုပ်ရန်လိုအပ်သည်ဟု ယုံကြည်သောသူများရှိသည်။ ဤအရာအားလုံးသည် နှစ်လိုဖွယ်ကောင်းသောအရာများဖြစ်ကြသော်လည်း၊ ၎င်းတို့ကိုဖြောင့်မတ်ခြင်းတည်းဟူသော ရင်အုပ်တန်ဆာနှင့် တန်းတူမသတ်မှတ်သင့်ပါ။ လိမ္မာယဉ်ကျေး၍ အကျင့်စာရိတ္တကောင်းသောအသက်တာဖြင့် ရှင်သန်ကြသောမယုံကြည်သူများကို ကျွန်ုပ်တို့အားလုံး မြင်တွေ့ဖူးကြပါသည်။ သခင်ခရစ်တော် လုပ်ဆောင်ခဲ့သော အမှုတော်ကို လုံးလုံးလက်မခံသော်လည်း ကောင်းမွန်သင့်တင့်သောအသက်တာကို ရှင်သန်ခဲ့ကြသောကြောင့် သူတို့ကိုဖြောင့်မတ်သောသူများဟု ပြောနိုင်ပါသလား။

သင့်တင့်ကောင်းမွန်သော ဓမ္မအတွေးအခေါ်အယူအဆတည်းဟူသော ရင်အုပ်တန်ဆာလည်းရှိသည်။ လူအချို့က ၎င်းတို့သည်သမ္မာကျမ်းစာကိုယုံကြည်၍ သင့်တင့်ကောင်းမွန်သောဓမ္မအယူဝါဒကိုရှိထားကြသောကြောင့် ဖြောင့်မတ်ကြသည်ဟု ခံစားကြသည်။ စာတန်သည် သမ္မာတရားကို သိပါသည်။ သခင်ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကိုလည်း ယုံကြည်သည်။ သို့သော်၊ စာတန်သည် ဧကန်မုချမဖြောင့်မတ်ပါ။

ဤနေရာ၌ ကျွန်ုပ်ပြောဆိုဖို့ ကြိုးစားနေသောအရာမှာ သင်သည် သင့်တင့်လျောက်ပတ်သော ရှင်သန်နေထိုင်ပုံကို ရှိထား၍ မှန်သောအရာအားလုံးကိုလုပ်ဆောင်ကာ သခင်ယေရှုနှင့်စပ်လျဉ်း၍ မှန်သောအရာများအားလုံးကိုယုံကြည်ထားသော်လည်း ဖြောင့်မတ်ခြင်းတည်းဟူသော ရင်အုပ်တန်ဆာကို ဝတ်ဆင်ထားခြင်းမရှိသော အခြေအနေတွင် ရှိနေနိုင်သည်ဟူ

သောအချက်ဖြစ်သည်။ ဖြောင့်မတ်ခြင်းဆိုသည်မှာ ဤအရာများမဟုတ်ကြလျှင်မည်သည့်အရာဖြစ်သနည်း။

ဤနေရာ၌ရှင်ပေါလု ရေးသားပြောဆိုခဲ့သောဖြောင့်မတ်ခြင်းသည် ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့ကိုပေးသနားထားသော ဘုရားသခင်ရှေ့တော်၌ သင့်တင့်မှန်ကန်သော ရပ်တည်ချက်ဖြစ်သည်။ ရောမ ၃း၂၁-၂၂ တွင် ရှင်ပေါလုက ကျွန်ုပ်တို့ကိုဤသို့ ပြောဆိုထားသည်။

> ယခုမူကား၊ ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့သည် သက်သေခံသည်နှင့်အညီ၊ ပညတ်တရားနှင့်မစပ်ဆိုင်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားတည်းဟူသော၊ ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့်၊ ယုံကြည်သောသူအပေါင်းတို့အဘို့ဖြစ်၍၊ ထိုသူအပေါင်းတို့အပေါ်သို့ရောက်သော ဘုရားသခင်၏ဖြောင့်မတ်ခြင်း တရားသည် ထင်ရှားခဲ့ပြီ။

သခင်ယေရှုထံ၌ မိမိ၏အစေခံအမှုတော်ထမ်းရွက်ခြင်းအတွက် ဂုဏ်ယူဝင့်ကြွားနိုင်သောသူတစ်ယောက်ယောက်သာ ရှိခဲ့မည်ဆိုလျှင် ထိုသူမှာ ရှင်ပေါလုဖြစ်ပါလိမ့်မည်။ သူသည် အခြားသောတမန်တော်များအားလုံးထက် မိမိ၏သခင်ဘုရားအတွက် ရိုက်နှက်ခြင်းကို ခံခဲ့ရပါသည်။ သူသည် ဘုရားသခင်၏ပညတ်တရားကို တိတိကျကျကျင့်ကြံစောင့်ထိန်းခဲ့သော ဖာရိရှဲတစ်ဦးဖြစ်ခဲ့သည်။ သူသည် သင့်တင့်မှန်ကန်သော လေ့ကျင့်သင်ကြားမှုအားလုံးကိုလည်း ပိုင်ဆိုင်ခဲ့သည်။ သခင်ဘုရားအတွက်ထားရှိသော စိတ်အားထက်သန်မှုတွင် သူ့ကိုယှဉ်နိုင်သောသူ ထိုခေတ်တွင်မရှိခဲ့ပါ။ ထင်ရှားသော ဤသာသနာပြုကြီးက မိမိ၏အောင်မြင်မှုများ၊ သင့်တော်သော အရည်အချင်းများနှင့် စပ်လျဉ်း၍ ဖိလိပ္ပိ ၃း၈-၉၌ ပြောဆိုထားချက်ကို နားထောင်ကြည့်ပါ။

ထိုမျှမက ငါ၏သခင်ယေရှုခရစ်ကို သိသောပညာသည် အဘယ်မျှ လောက်မြတ်သည်ကိုထောက်၍၊ ခရစ်တော်ကိုအမြတ်ရပြီး၊ ထိုသခင် ၌တည်ပါမည်အကြောင်း၊ ခပ်သိမ်းသောအရာတို့ကို ကိုယ်တော်အ ဖို့ငါအရှုံးခံ၍ အိုအရာတို့ကို မစင်ကဲ့သို့ ငါဆင်ခြင်ခံယူ၏။ ပညတ်တ ရားအားဖြင့်ရသော ကိုယ်ဖြောင့်မတ်ခြင်းကိုမကိုးစားဘဲ ခရစ်တော် ကိုယုံကြည်ခြင်းအားဖြင့်ရသော ဖြောင့်မတ်ခြင်းတည်းဟူသော ယုံ ကြည်ခြင်းအတွက်ကြောင့် ဘုရားသခင်ပေးသော ဖြောင့်မတ်ခြင်းကို ငါကိုးစား၏။

ရှင်ပေါလုသည် မိမိအားဖြင့် ဖြစ်တည်လာသော ဖြောင့်မတ်ခြင်း ကို ရရှိပိုင်ဆိုင်ရခြင်းတွင် စိတ်ဝင်စားမှု မရှိခဲ့ကြောင်းကို သတိပြုပါ။ သူသည် သခင်ယေရှုအား ယုံကြည်လက်ခံခြင်းဖြင့် ဖြစ်တည်လာသော ဖြောင့်မတ် ခြင်းကို ရှာကြံနေခဲ့ပါသည်။ ဤသည်မှာ ဤကျမ်းပိုဒ်၌ ရှင်ပေါလုပြောပြ နေသောဖြောင့်မတ်ခြင်းဖြစ်သည်။ ဤဖြောင့်မတ်ခြင်းသည် ယုံကြည်ခြင်း အားဖြင့်ရရှိသော လက်ဆောင်တစ်ခုအဖြစ် ယုံကြည်သူများအား ပေးသနား ထားသော ဘုရားသခင်နှင့် သင့်တင့်မှန်ကန်သောရပ်တည်ချက်ဖြစ်သည်။ ထိုဖြောင့်မတ်ခြင်းသည် မထိုက်မတန်ပဲရရှိသောအရာ ဖြစ်သည်။ ကြိုးစား လုပ်ယူ၍လည်းမရနိုင်ပါ။ ကျွန်ုပ်တို့ထံမှ မည်သူကမျှ ထိုဖြောင့်မတ်ခြင်းနှင့် မထိုက်တန်ပါ။ သို့သော်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို လွတ်ငြိမ်းချမ်းသာ ခွင့်ပေး၍ ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်ကာ၊ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက် မှတ်တမ်းကို ပယ်ဖျက်၍မေ့လျော့ထားရန် လိုလိုလားလားရှိနေပါသည်။ ဘုရားသခင်သည် ဤအရာကို မိမိ၏သားတော်သခင်ယေရှု၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် လုပ်ဆောင်ခဲ့ပါသည်။ သခင်ယေရှုသည်

အကြွင်းမဲ့သော လွတ်ငြိမ်းချမ်းသာခွင့်နှင့် အပြစ်လွှတ်ခြင်းကိုပေးသနားရန် ကြွဆင်းခဲ့ပါသည်။ ဤဖြောင့်မတ်ခြင်းကို ရရှိဖို့လုပ်ဆောင်ရမည့်အလုပ်မရှိပါ။ ဤဖြောင့်မတ်ခြင်းကို မိမိတို့ကိုယ်စားသခင်ယေရှုက လုပ်ဆောင်ပေးသွားခဲ့သော အမှုတော်ကို ယုံကြည်သောသူများအပေါ်၌ ပေးထားပါသည်။ ရှင်ပေါလုက ရောမ ၄း၄-၅ တွင်ရောမမြို့မှ ယုံကြည်သူများအား ဤသို့ပြောခဲ့သည်။

အကျင့်ရှိသောသူမည်သည်ကား၊ ကျေးဇူးအားဖြင့် အကျိုးကို ခံရသည်မဟုတ်။ ခံထိုက်သောအားဖြင့်ခံရ၏။ အကျင့်မရှိသောသူမည်သည်ကား၊ မတရားသောသူ၏ အပြစ်ကို ဖြေသောသူကို ယုံကြည်လျှင်၊ သူ၏ ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်လျက်ရှိ၏။

ကျွန်ုပ်၏လုပ်ဆောင်မှုကြောင့် ကျွန်ုပ်ဖြောင့်မတ်ရခြင်းမဟုတ်ပါ။ ကျွန်ုပ်အတွက် သခင်ယေရှုလုပ်ဆောင်သွားခဲ့သောအရာကြောင့်သာ ကျွန်ုပ်ဖြောင့်မတ်ခြင်းဖြစ်သည်။ ဤရင်အုပ်တန်ဆာသည် သခင်ယေရှုအတွက် ကျွန်ုပ်လုပ်ဆောင်ခဲ့သော ကောင်းမှုများနှင့် လုံးလုံးသက်ဆိုင်မှုမရှိပါ။ စာတန်သည် ထိုကောင်းမှုများကို ဂရုမစိုက်ပါ။ သင့်ရဲ့ကောင်းမှုကုသိုလ်များနှင့် အပြင်ပန်းနာခံမှုရှိခြင်းက သင့်ကိုကာကွယ်ပေးမည်မဟုတ်ပါ။ စာတန်အား "မင်းငါ့ကိုထိလို့မရဘူး။ သခင်ဘုရားအတွက် ငါလုပ်ခဲ့တဲ့အရာတွေကို ကြည့်စမ်း" ဟု ပြောဆိုခြင်းသည် မည်သို့အကျိုးထူးမည်နည်း။ သခင်ဘုရားအတွက် သင်လုပ်ဆောင်ပေးခဲ့သော ကောင်းမှုအမျိုးမျိုးကြောင့်စာတန်က သင့်အား တိုက်ခိုက်ခြင်းကို ရပ်တန့်လိမ့်မည်ဟု သင်ထင်ပါသလား။ သင့်ရဲ့အတိတ်မှ နာခံခြင်းမှတ်တမ်းများက စာတန်အားသင့်ကို ပို၍ တိုက်ခိုက်လာဖို့ အားပေးတိုက်တွန်းမည်ဖြစ်ကြောင်း သေချာသိထားပါ။

သခင်ခရစ်တော်က ကျွန်ုပ်တို့အား လက်ဆောင်တစ်ပါးအဖြစ်နှင့် ပေးသနားထားသော ဖြောင့်မတ်ခြင်းသည် ရန်သူအားဆိုင်ပြိုင်တိုက်လှန်သည့် တိုက်ပွဲတွင် ကျွန်ုပ်တို့ကို မည်သို့အကူအညီပေးပါသနည်း။ ပထမအနေဖြင့်၊ သခင်ဘုရားက ကျွန်ုပ်တို့ကို ပေးသနားထားသော ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့ ယုံကြည်ကိုးစားကြသောအခါ ရန်သူသည်ကျွန်ုပ်တို့ကို စိတ်ဓါတ်ကျစေနိုင်မည်မဟုတ်ပါ။ သခင်ခရစ်တော်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရင်းနှီးမှုသည် ကျွန်ုပ်တို့၏ကြိုးစားအားထုတ်မှုကြောင့် ရရှိခဲ့သောအရာများနှင့် အောင်မြင်မှုများတွင် အခြေမခံဘဲ၊ ကျွန်ုပ်တို့အတွက် လက်ဝါးကပ်တိုင်ပေါ်၌ သခင်ယေရှုအပြီးသတ်လုပ်ဆောင်ပေးသွားခဲ့သော အမှုတော်တွင်သာ အခြေခံကြောင်းကို ကျွန်ုပ်တို့သိရှိနေကြသောကြောင့် ကျွန်ုပ်တို့စိတ်ပျက်အားငယ်ခြင်း မရှိနိုင်ကြပါ။ ကျွန်ုပ်တို့သည် အလွန်စိတ်ပျက်ဖွယ်ကောင်းသော အပြစ်သားများဖြစ်ကြသည်ဟု စာတန်ကကျွန်ုပ်တို့ကို ပြောသောအခါ "ဟုတ်တယ်။ ငါဟာ အပြစ်သားပါ။ ဒါပေမယ့် သခင်ခရစ်တော်က ငါ့အတွက်အသေခံခဲ့တယ်။ ငါ့မှာ မပြည့်စုံမှုတွေရှိနေလင့်ကစား၊ ငါဟာကိုယ်တော်ရှင်ရဲ့ သားသမီးတစ်ယောက်ဖြစ်တယ်" ဟု ကျွန်ုပ်တို့ပြန်လည် တုန့်ပြန်နိုင်ပါသည်။ ဘုရားသခင်၏ လက်ခံအသိအမှတ်ပြုခြင်းကိုခံရဖို့ ကျွန်ုပ်တို့၌ လုံလောက်သောကောင်းမှု လုပ်ဆောင်ချက်များရှိထားကြောင်း ကျွန်ုပ်တို့သေချာမှု ရှိ၊ မရှိ ကိုစာတန်ကမေးသောအခါ "စာတန်၊ တကယ်အရေးကြီးတဲ့ တစ်ခုတည်းသောလုပ်ဆောင်ချက်က ငါ့ရဲ့သခင်ကားတိုင်ပေါ်မှာ အသေခံခြင်းပဲဖြစ်တယ်" ဟုကျွန်ုပ်တို့ ရိုးရိုးရှင်းရှင်း ပြောနိုင်ပါသည်။ ထိုသို့ပြောဆိုပြီးနောက်တွင် စာတန်သည် ရွေးချယ်စရာမရှိ တော့သောကြောင့် အမြီးကိုကုပ်၍ ဆုတ်ခွါသွားပါလိမ့်မည်။ ကျွန်ုပ်တို့အထဲ၌ရှိနေသော သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းကြောင့်

စာတန်သည်ရှုံးနိမ့်သွားသော ရန်သူဖြစ်သွားပါသည်။

ဒုတိယအနေဖြင့်၊ ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏ ဖြောင့်မတ်ခြင်းအပေါ်တွင် မှီခိုအားထားကြသောအခါ ကျွန်ုပ်တို့သည် စာတန်ကို သခင်ခရစ်တော်နှင့်ဆိုင်ပြိုင် တိုက်လှန်ခြင်းကို ပြုလုပ်ဖို့တန်းတန်းမတ်မတ်စေလွှတ်လိုက်ကြပါသည်။ ကောင်းကင်ဘုံဝင်စားဖို့ ကျွန်ုပ်တို့၏ကိုယ်ပိုင်ကောင်းမှုများကို ယုံကြည်ကိုးစားနေကြလျှင် ကောင်းမှုကုသိုလ်ကို လုံလုံလောက်လောက်လုပ်ဆောင်ခဲ့ခြင်းရှိမရှိကို မေးခွန်းထုတ်စေမည့် လက်တွေ့ကျသောအကြောင်းအရင်းများကို စာတန်ကကျွန်ုပ်တို့အားပေးပါလိမ့်မည်။ ကျွန်ုပ်တို့အားလုံးသည် လိုအပ်သောစံချိန်စံညွှန်းကို မပြည့်မီကြပါ။ သို့သော်၊ ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းနှင့် ကားတိုင်ထက်၌ ကျွန်ုပ်တို့အတွက်အသေခံခဲ့ခြင်းတို့ကို မှီခိုအားထားကြသောအခါ ကျွန်ုပ်တို့သည် သခင်ခရစ်တော် လုပ်ဆောင်သွားခဲ့သောအမှုအပေါ်၌ ကျွန်ုပ်တို့စိတ်ချယုံကြည်မှုကို အကြွင်းမဲ့ပုံအပ်ထားသောကြောင့် စာတန်သည်သခင်ခရစ်တော်နှင့် ဆိုင်ပြိုင်တိုက်လှန်ရမည်ဖြစ်သည်။ စာတန်သည် သခင်ခရစ်တော်ကိုလည်ကောင်း၊ ကိုယ်တော်ရှင်လုပ်ဆောင်သွားခဲ့သောအမှုကိုလည်းကောင်း အနိုင်မယူနိုင်ပါ။ ကားတိုင်၌ မိမိရှုံးနိမ့်ခဲ့ကြောင်းကို စာတန်သိနေပါသည်။ ထို့ကြောင့်သူသည် တစ်ဖန်နောက်ကြောင်းပြန် ဆုတ်ခွါသွားရပါလိမ့်မည်။

ရှင်ပေါလုက ဧဖက်အသင်းသားများအား ဖြောင့်မတ်ခြင်းရင်အုပ်တန်ဆာကို ဝတ်ဆင်ကြဖို့ စိန်ခေါ်ခဲ့သည်။ ဤရင်အုပ်တန်ဆာသည် သခင်ယေရှု၏ဖြောင့်မတ်ခြင်းဖြစ်ပြီး၊ ၎င်းသည်မိမိတို့၏ ကိုယ်ပိုင်ကောင်းမှု ကုသိုလ်များနှင့် ကြိုးစားအားထုတ်မှုများဖြင့် ရန်သူကိုအနိုင်မယူနိုင်ကြောင်း သိရှိနားလည်ထားသောသူများအားလုံးကို လွှမ်းခြုံပေးပါသည်။ ဤဖြောင့်မတ်ခြင်းရင်အုပ်တန်ဆာကို ကျွန်ုပ်တို့မည်သို့ဝတ်ဆင်ကြသနည်း။ ပထမအနေဖြင့်

ကျွန်ုပ်တို့၏ကိုယ်ပိုင်ကြိုးစားအားထုတ်မှုများသည် လုံလောက်ပြည့်စုံမှုမရှိကြောင်းကို အသိအမှတ်ပြုနားလည်ထားရမည်။ ဒုတိယအနေဖြင့်၊ ဘုရားသခင် သတ်မှတ်တောင်းဆိုထားသည့် တစ်ခုတည်းသောဖြောင့်မတ်ခြင်းမှာ သားတော်ယေရှု၏ ဖြောင့်မတ်ခြင်းဖြစ်ကြောင်းကို ကျွန်ုပ်တို့အသိအမှတ်ပြုလက်ခံကြရမည်။ တတိယအနေဖြင့်၊ သခင်ယေရှုကို မိမိ၏ဖြောင့်မတ်ခြင်းဖြင့် ကျွန်ုပ်တို့ကို လွှမ်းခြုံပေးရန် ကျွန်ုပ်တို့ယုံကြည်ကိုးစားကြပြီး၊ ကျွန်ုပ်တို့ကို ထိုဖြောင့်မတ်ခြင်းဖြင့် ဝတ်ဆင်ပေးရန် ယုံကြည်ခြင်းဖြင့် ကိုယ်တော်ရှင်ကို ဟစ်ခေါ်ကြရမည်။ ကိုယ်တော်ရှင်၏ ကောင်းမြတ်ခြင်းနှင့် ဖြောင့်မတ်ခြင်း၌သာ ကွယ်ကာစောင့်မခြင်းကို ကျွန်ုပ်တို့ရရှိနိုင်ကြပါသည်။ ကျွန်ုပ်တို့အတွက် လုပ်ဆောင်ပေးသွား၍ ကျွန်ုပ်တို့အထဲ၌ရှိနေသော သခင်ခရစ်တော်၏ပကတိပြည့်စုံတော်မူသော အမှုတော်ကို စာတန်မခုခံနိုင်ပါ။

စဉ်းစားသုံးသပ်ရန်အချက်များ

- ကျွန်ုပ်တို့၏ခေတ်ကာလတွင် လူတို့ကဖြောင့်မတ်ဖို့ကြိုးစားကြသည့်နည်းလမ်းများမှာအဘယ်နည်း။ ဤနည်းလမ်းများအားလုံးသည် ဘုရားသခင်၏ စံချိန်စံညွှန်းကိုအဘယ်ကြောင့် မပြည့်မီကြပါသနည်း။
- သင်သည် သခင်ခရစ်တော်၏ ဖြောင့်မတ်ခြင်းဖြင့် ဝတ်ဆင်လွှမ်းခြုံခြင်းခံခဲ့ရပါသလား။ သင်မည်သို့သိရှိသနည်း။
- ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဖြောင့်မတ်ခြင်းက ကျွန်ုပ်တို့တွက် လုံးလုံးမလုပ်ပေးနိုင်သော မည်သည့်အရာကို သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းက ကျွန်ုပ်တို့အတွက် လုပ်ဆောင်ပေးပါသနည်း။

- သခင်ခရစ်တော်၏ ဖြောင့်မတ်ခြင်းကိုယုံကြည်ကိုးစားခြင်းက ကျွန်ုပ်တို့ကို ရန်သူနှင့်၎င်း၏တိုက်ခိုက်မှုများမှ မည်သို့ကွယ်ကာစောင့်မပေးပါသနည်း။

ဆုတောင်းရန်အချက်များ

- မိမိတို့၏ကယ်တင်ခြင်းအတွက် မိမိတို့၏ကိုယ်ပိုင်ဖြောင့်မတ်ခြင်းကို ယုံကြည်ကိုးစားနေသောသူများကို သင်သိပါသလား။ ထိုသူတို့အတွက် ဆုတောင်းပေးဖို့ အချိန်အနည်းငယ်ယူပါ။
- သခင်ဘုရားအား မိမိ၏ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့၏အသက်တာ၌ ပေးသနားတော်မူသောကြောင့်လည်းကောင်း၊ ဤဖြောင့်မတ်ခြင်းက ကျွန်ုပ်တို့အားပေးသည့် စာတန်ကိုအောင်နိုင်ခြင်းအာမခံအတွက်လည်းကောင်း ကျေးဇူးတင်ချီးမွမ်းပါ။

၂၉

# ဧဝံဂေလိတရားတည်းဟူသောခြေစွပ်

ဧဖက် ၆း၁၅ ကိုဖတ်ရှုပါ။

ခြေစီးတန်ဆာမပါပဲ မည်သည့်စစ်ဝတ်စုံသည် ပြည့်စုံခဲ့ပါမည်နည်း။ မိမိ၏စစ်ဝတ်စုံတန်ဆာအားလုံးကို ဝတ်ဆင်ပြီးတိုက်ပွဲသို့ ခြေဗလာဖြင့် ထွက်သွားသော စစ်သူရဲတစ်ယောက် သင်စိတ်ကူးကြည့်နိုင်ပါသလား။ ရောမ ခြေစွပ်ဖိနပ် (ကြိုးသိုင်းဖိနပ်) သည်ရောမစစ်သူရဲများ၏ အသုံးအဆောင် ပစ္စည်းတန်ဆာများ၌ မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ ရှင်ပေါလု၏ အဆိုအရကျွန်ုပ်တို့၏ ခြေစွပ်ဖိနပ်များသည် "ဧဝံဂေလိတရားကို ဟောပြော အံ့သောငှါ ပြင်ဆင်ခြင်း" ဖြစ်သည်။ သို့မဟုတ် "ငြိမ်သက်ခြင်းနှင့် ယှဉ်သော ဧဝံဂေလိတရားမှ ရောက်လာသောအဆင်သင့်ဖြစ်ခြင်း" ဖြစ်သည်။ ဤနေရာ တွင်ရှင်ပေါလုက မည်သည့်အရာကိုဆိုလိုထားပါသနည်း။

အချို့က ဧဝံဂေလိတရားဒေသနာကို အခြားသူများထံ၌ ဟောပြော ဝေငှခြင်းအတွက် ကျွန်ုပ်တို့အဆင်သင့်ဖြစ်ခြင်းအပေါ်၌ အလေးထားခဲ့ကြ ပေလိမ့်မည်။ ကျွန်ုပ်တို့သည် ဧဝံဂေလိတရားဒေသနာကို အခြားသူများထံ၌ ဟောပြောဝေငှရန် အမြဲဆင်သင့်ဖြစ်နေကြသောသူများ ဖြစ်နေရန်လိုအပ်မှု မှာမေးခွန်းထုတ်စရာမရှိပါ။ ရှင်ပေါလုကိုယ်တိုင်က မိမိ၏အသက်တာ၌ ဤအရာ၏အလွန်အစွမ်းထက်သော ပုံဥပမာတစ်ခုဖြစ်ခဲ့ပါသည်။ သူသည်

ဧဝံဂေလိတရားအတွက် မိမိ၏အသက်ကိုစတေးဖို့ လိုလိုလားလားရှိနေခဲ့ပါသည်။ ရှင်ပေတရုကလည်း ကျွန်ုပ်တို့၌ရှိသော မျှော်လင့်ခြင်းအကြောင်းအရင်းကို အခြားသူများထံ၌ ပြောဆိုဝေငှရန်အမြဲ အဆင်သင့်ဖြစ်နေကြဖို့ စိန်ခေါ်ထားသည်။

> စိတ်နှလုံးထဲ၌ ထာဝရအရှင်ဘုရားသခင်ကို ရိုသေခြင်းရှိကြလော့။ သင်တို့မြော်လင့်ခြင်း၏ အကြောင်းကိုမေးမြန်းသောသူ ရှိသမျှတို့အား၊ နူးညံ့သောသဘော၊ ကြောက်ရွံ့သောသဘောနှင့် ပြန်ပြောခြင်းငှါ၊ ကာလအစဉ်မပြတ် အသင့်ရှိနေကြလော့ (၁ပေ ၃း၁၅)။

အပြစ်သားသည် ရန်သူ၏တန်ခိုးဩဇာအောက်မှ လွတ်မြောက်၍ ဘုရားသခင်၏မိသားစုထဲသို့ ဆောင်ယူခံရခြင်းသည် ဧဝံဂေလိတရားတော်အားဖြင့် ဖြစ်သည်။ သို့သော်၊ ဤအရာသည် ရှင်ပေါလုက “ဧဝံဂေလိ တရားကို ဟောပြောအံ့သောငှါပြင်ဆင်ခြင်း” (ဧဝံဂေလိတရားတော်မှ ရောက်လာသောအဆင်သင့်ဖြစ်ခြင်း) ဟုဆိုလိုခဲ့သောအရာ ဟုတ်၊ မဟုတ်မှာ မေးခွန်းမေးစရာရှိနေသည်။ ကျွန်ုပ်တို့သည် မှောင်မိုက်၏ဝိညာဉ်ရေးအင်အားစုများကို ကြံ့ကြံ့ခံတွန်းလှန်နိုင်လိုကြလျှင် ကျွန်ုပ်တို့သည်လမ်းပေါ်ထွက်၍ သခင်ယေရှုအတွက် သက်သခံကြဖို့လိုအပ်သည်ဟု ရှင်ပေါလုပြောနေပါ သလား။ ဤအရာသည် ကျွန်ုပ်တို့ကိုရန်သူထံမှကာကွယ်ပေးမည့် အရာဟုတ်ပါသလား။ ဤကျမ်းပိုဒ်တွင် ဤသို့ဆိုလိုရင်းထက် ပို၍နက်နဲသော ထူးခြားချက်တစ်ခု ရှိနေသည်ဟု ကျွန်ုပ်ယုံကြည်မိပါသည်။

ရန်သူ၏တိုက်ရိုက်မှုများ၌ သားကောင်ဖြစ်သွားခြင်းမှ ကျွန်ုပ်တို့ကိုကာကွယ်စောင့်ရှောက်ပေးသည့်အရာမှာ ကျွန်ုပ်တို့၏ကိုယ်ပိုင်ဖြောင့်မတ်ခြင်းမဟုတ်ကြောင်းကို ကျွန်ုပ်တို့မြင်တွေ့ခဲ့ကြပြီးဖြစ်သည်။ သခင်ဘုရားကို

လိုအပ်နေသောသူများထံ၌ ဧဝံဂေလိတရားကိုဝေငှခြင်းသည် မွန်မြတ်သော လုပ်ရပ်ဖြစ်သော်လည်း၊ ၎င်းသည်ကျွန်ုပ်တို့ကို ရန်သူ၏တိုက်ခိုက်မှုများ၌ သား ကောင်ဖြစ်သွားခြင်းမှ ကာကွယ်စောင့်ရှောက်ပေးလိမ့်မည်မဟုတ်ပါ။ သခင် ဘုရားအတွက် သစ္စာရှိသောသက်သေများပင်လျှင် အပြစ်ဒုစရိုက်၌ လဲပြိုခဲ့ ကြပါသည်။

ဤပစ္စည်းတန်ဆာကို သဘောပေါက်နားလည်ရန်အဓိကသော့ချက် မှာ "အဆင်သင့်ဖြစ်ခြင်း" (NIV) (မြန်မာကျမ်းစာတွင် "ပြင်ဆင်ခြင်း" ဟု ပြန်ဆိုထားသည်) ဟူသောစကားလုံးကို ကျွန်ုပ်တို့နားလည်သဘောပေါက် ထားပုံဖြစ်သည်။ ဤကျမ်းပိုဒ်က ဧဝံဂေလိတရားကိုယ်တိုင်က ကျွန်ုပ်တို့၏ ပြင်ဆင်မှုဖြစ်သည်ဟု ပြောနေသနေယောင်ထင်မှတ်ရသည်။ ကျွန်ုပ်တို့၏ အနီးတစ်ဝိုက်မှ ဝိညာဉ်ရေးအင်အားစုများကိုရင်ဆိုင်ရန် ကျွန်ုပ်တို့၏ အဆင်သင့်ဖြစ်ခြင်းကို ဧဝံဂေလိတရား၌ တွေ့ရပါသည်။ ဤနေရာ၌အဓိက စူးစိုက်ထားသောအရာမှာ ဧဝံဂေလိတရားကို ဟောပြောဝေငှဖို့ ကျွန်ုပ်တို့၏ အဆင်သင့်ဖြစ်ခြင်းမဟုတ်ပါ။ ဧဝံဂေလိတရားနှင့် ဆက်စပ်နေသော ကျွန်ုပ် တို့၏အတွေ့အကြုံဖြစ်သည်။ ဧဝံဂေလိတရားကို အခြားသူများထံသို့ ဆောင်ယူသွားဖို့ ကျွန်ုပ်တို့၏ကြိုးစားအားထုတ်မှုများက ကျွန်ုပ်တို့ကိုမကာ ကွယ်ပေးပါ။ ကျွန်ုပ်တို့၏အကာအကွယ်သည် ဧဝံဂေလိတရားကို ကျွန်ုပ်တို့၏ အသက်တာ၌ လက်တွေ့ရယူကျင့်သုံးခြင်းမှ ရောက်လာပါသည်။

ဤကျမ်းချက်၌ ရှင်ပေါလုပြောပြနေသော ဤဧဝံဂေလိတရားသည် မည်သည့်အရာဖြစ်သနည်း။ ရောမ ၁း၁၆ ရှိရှင်ပေါလု၏ ပြောဆိုထားချက် အရ၊ ဤဧဝံဂေလိတရားသည် "ယုံကြည်သမျှသောသူအပေါင်းတို့ကို ကယ်တင် စေသော ဘုရားသခင်၏တန်ခိုးတော်" ဖြစ်သည်။ ရှင်ပေါလုက ဧဝံဂေလိ

တရားသည် တန်ခိုးအစွမ်းတစ်ခုဖြစ်သည်ဟု ပြောဆိုထားကြောင်းကို သတိပြုပါ။ ဤဧဝံဂေလိတရားသည် စကားလုံးများ (သို့) ထင်မြင်ချက်များသက်သက်မဟုတ်ပါ။ တန်ခိုးအစွမ်းတစ်ခုဖြစ်သည်။ ဤအရာသည် ရန်သူကိုဆိုင်ပြိုင်တိုက်လှန်ရာ၌ ကျွန်ုပ်တို့လိုအပ်သောအရာမဟုတ်ပါလား။ ကျွန်ုပ်တို့သည် ဤရန်သူကို ရင်ဆိုင်ရန်တန်ခိုးအစွမ်းလိုအပ်ကြသည်။ ထိုတန်ခိုးအစွမ်းကို ဧဝံဂေလိတရား၌ တွေ့နိုင်ပါသည်။ ဤထင်မြင်ချက်ကို ရှင်ပေါလုက ၁သက် ၁း၅ တွင် ထပ်မံပြောဆိုထားသည်။

> ငါတို့သည်သင်တို့နှင့်အတူနေသောအခါ သင်တို့အတွက် အဘယ်သို့သောသူဖြစ်သည်ကို သင်တို့သိကြသည်နှင့်အညီ၊ ငါတို့ဟောပြောသောဧဝံဂေလိတရားသည်၊ သင်တို့၌စကားသက်သက်ဖြစ်သည်မဟုတ်။ တန်ခိုးနှင့်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်၎င်း၊ ဝိစိကိစ္ဆာမရှိဘဲ အမှန်သိခြင်းနှင့်၎င်း ပြည့်စုံသောတရားဖြစ်၏။

ဤနေရာ၌ ရှင်ပေါလုပြောပြထားသော ဧဝံဂေလိတရား၏ တန်ခိုးဆိုသည်မှာ မည်သည့်အရာဖြစ်သနည်း။ ဧဝံဂေလိတရား၏ တန်ခိုးကိုနည်းလမ်းအမျိုးမျိုး၌ ကျွန်ုပ်တို့မြင်တွေ့နိုင်ပါသည်။ ပထမအနေဖြင့်၊ ဤတန်ခိုးတော်ကို အပြစ်သားများအား စာတန်၏လက်ထဲမှ ကယ်ဆယ်နိုင်သော၄င်း၏အစွမ်းအစတွင် မြင်တွေ့နိုင်ပါသည်။ ကျွန်ုပ်တို့သည် စာတန်၏တန်ခိုးအစွမ်းကို အထင်သေး၍မရပါ။ စာတန်၏လိမ်လည်လှည့်ဖြားခြင်းနှင့်ကောက်ကျစ်စဉ်းလဲခြင်းသည် ကျွန်ုပ်တို့ခုခံဆီးတားနိုင်စွမ်း၏ တစ်ဖက်အလွန်တွင် ရှိနေပါသည်။ ဤလိမ်လည်လှည့်ဖြားခြင်းနှင့် အပြစ်ဒုစရိုက်ဘက်သို့ယိမ်းယိုင်နေသော ကျွန်ုပ်တို့၏ပင်ကိုသဘာဝတို့ကို ပေါင်းစပ်လိုက်လျှင် ခွဲထုတ်၍မရသော အတွဲတစ်စုံကိုသင်ပိုင်ဆိုင်ရပါလိမ့်မည်။ ရန်သူ၏လိမ်လည်

လှည့်ဖြားခြင်းနှင့် မုသားမှကျွန်ုပ်တို့ကို ကယ်တင်ပေးနိုင်သည့်တစ်ခုတည်း သောအရာမှာ ဧဝံဂေလိတရားသာဖြစ်သည်။ ဤဧဝံဂေလိတရားတွင် အပြစ်ဒုစရိုက်၏ ကျွန်ပြုခြင်း၌ပိတ်မိနေကြသောသူများကို လွတ်ပေးနိုင်သည့် တန်ခိုးတော်ရှိသည်။ ရန်သူကို ဆန့်ကျင်ခုခံရာ၌ ကျွန်ုပ်တို့ဘက်မှပြုလုပ်သောမည်သည့်ကြိုးစားရုန်းကန်မှုပမာဏကမျှ ကျွန်ုပ်တို့အသက်တာရှိ စာတန်၏ အလွန်တရာခိုင်မာသော ဆုပ်ကိုင်ထားမှုမှ ကျွန်ုပ်တို့ကိုကယ်တင်ပေးနိုင်မည်မဟုတ်ပါ။ သင်သည် ဧဝံဂေလိတရားဒေသနာကို ကြားရရုံသာမက၊ ၎င်း၏တန်ခိုးတော်ကိုလည်း ခံစားရသည့်နေ့ရက်ကို သတိရမိပါသလား။ ထိုနေ့တွင် သင့်ကိုချည်နှောင်ထားသော သံကြိုးများမှာပြုတ်ကျသွားခဲ့ကြပါသည်။ အလင်းကွယ်နေသော သင့်မျက်စိများမှာ ပြန်ပွင့်လာခဲ့ကြပြီး၊ သင်သည် စာတန်၏အကျဉ်းသားတစ်ဦးအမှန်ဖြစ်ခဲ့သည်ကို ပထမဆုံးအကြိမ်မြင်တွေ့ခဲ့ပါသည်။ ရန်သူသည် ဧဝံဂေလိတရားကို ဆီးတားဖို့ တန်ခိုးမရှိပါ။ စာတန်၏ဆုပ်ကိုင်ထားမှုများသည် ဖြေလျော့သွားကြပြီး၊ ကျွန်ုပ်တို့မှာ ဧဝံဂေလိတရား၏ သာ၍ အစွမ်းကြီးမားသော တန်ခိုးတော်အားဖြင့် လွတ်ခြင်းကိုခံကြရပါသည်။

ဤဧဝံဂေလိတရားတော်သည် စာတန်၏ဖမ်းဆုပ်မှုမှ ကျွန်ုပ်တို့ကို လွတ်မြောက်စေသော တန်ခိုးတော်ကိုသာပိုင်ဆိုင်သည်မဟုတ်၊ ကျွန်ုပ်တို့၏ အပြစ်ကိုခွင့်လွှတ်၍ ကျွန်ုပ်တို့ကိုအနာငြိမ်းစေနိုင်သည့် တန်ခိုးတော်ကိုလည်း ပိုင်ဆိုင်ထားပါသည်။ ဧဝံဂေလိတရား၏ တန်ခိုးတော်ကို ခံစားမြည်းစမ်းခဲ့ရသောသူများသည် ၎င်း၏ဆေးကြောသန့်စင်နိုင်ခြင်း တန်ခိုးတော်ကို သက်သေခံနိုင်ကြပါသည်။ ဧဝံဂေလိတရားသည် စာရွက်တစ်ရွက်အပေါ်ရှိ စကားလုံးများထက်ပိုပါသည်။ ကယ်တင်ရှင်တစ်ပါး၏ သတင်းကောင်းထက် ပိုပါသည်။ ဧဝံဂေလိတရားသည် အပြစ်ကိုခွင့်လွှတ်ပေး၍အပြစ်ကို ဆေးကြော

ပေးသော တန်ခိုးတော်တစ်ပါးဖြစ်သည်။ သင်သည် ဤလောက၌အဆိုးဝါးဆုံး အပြစ်သားဖြစ်ကောင်းဖြစ်ခဲ့ပေမည်။ သို့သော်၊ ဧဝံဂေလိတရား၏ တန်ခိုးတော်က သခင့်အပြစ်တစ်ခုချင်းစီကို သန့်စင်ဖယ်ရှားပေးနိုင်ပါသည်။ သင့်အတိတ်အကြောင်းအရာများကို ခွင့်လွှတ်ပေးနိုင်သည့်တန်ခိုးတော်ကို ဧဝံဂေလိတရားက ပိုင်ဆိုင်ထားသောကြောင့် သင်ကျူးလွန်ခဲ့သည့် မည်သည့်အရာကမျှ သင့်ကိုအနုတ်လက္ခဏာဖြစ်စေနိုင်မည်မဟုတ်ပါ။ ဤမျှသာမက ဧဝံဂေလိတရားသည် သင့်အပြစ်ဒုစရိုက်များမှ သင့်ကိုကုစားပေးနိုင်သည့် တန်ခိုးတော်ကို ပိုင်ဆိုင်ထားသည်။ တစ်ချိန်က သင့်ကိုကျွန်ပြုခဲ့သော အပြစ်ဒုစရိုက်များသည် သင့်ကိုဆုပ်ကိုင်ဆွဲထားနိုင်ကြတော့မည်မဟုတ်ပါ။ ဧဝံဂေလိတရားသည် သင့်အကျင့်စာရိတ္တများကို အသစ်ပြုပြင်ပေးပါလိမ့်မည်။ သင်သည် ယခင်နှင့်လုံးလုံးတူတော့မည်မဟုတ်ပါ။ ဤအရာကို ရှင်ပေါလုက ၂ကော ၅း၁၇ တွင် ပြောပြထားသည်။

> လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။”

ဧဝံဂေလိတရား၏ တန်ခိုးတော်ကို မာကျောခက်ထန်နေသော အပြစ်သားကိုခေါ်ယူ၍ အပြစ်လွှတ်ပေးခြင်းအားဖြင့် ၎င်းတို့၏အကျင့်စာရိတ္တများကို ပြုပြင်ပြောင်းလဲပေးနိုင်သော ၎င်း၏အစွမ်းအစတွင် တွေ့မြင်ရသည်။ ဤအလားတူ ဧဝံဂေလိတရားက ငရဲသားတစ်သိုက်တို့ကို နောက်ကြောင်းပြန်ဆုတ်ခွါထွက်ပြေးစေပါလိမ့်မည်။ သူတို့သည် ဧဝံဂေလိတရားအားဖြင့် အနိုင်ယူခြင်းကို ခံကြရပြီးဖြစ်သည်။ ဤဧဝံဂေလိတရား၏ တန်ခိုးတော်ကို မိမိတို့အံမတုနိုင်ကြကြောင်းကို သူတို့သိနေကြပါသည်။ သူတို့သည်တန်ခိုးတော်၏

ရှေ့တွင် အစွမ်းအစမဲ့နေကြပါသည်။ ရောမ ၈း၃၇-၃၉ တွင် မည်သည့်အမှု အရာကမျှ ကျွန်ုပ်တို့ကို ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် မခွဲနိုင်၊ အပယ် ငရဲကပင် မခွဲနိုင်ကြောင်းကို ရှင်ပေါလုက ရေးသားခဲ့သည်။

> မကွာစေသည်သာမက၊ ငါတို့ကိုချစ်တော်မူသောသူ၏ ကျေးဇူး တော်ကြောင့်၊ ငါတို့သည် ထိုအမှုခပ်သိမ်းတို့ကို ခံစဉ်တွင်ပင် အထူး သဖြင့်အောင်မြင်ကြ၏။ အကြောင်းမူကား၊ သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အထွဋ်အမြတ် ဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာ လတံ့သောအရာဖြစ်စေ၊ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ ဤအရာမှစ၍ အဘယ်နိမ္မိတအရာမျှသည်၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ခံရသော ဘုရားသခင်၏ မေတ္တာတော်နှင့် ငါတို့ကိုမကွာစေနိုင်ဟု ငါသည် သဘောကျလျက်ရှိ၏။

ဤသည်မှာ ဇဝံဂေလိတရား၏ တန်ခိုးတော်ပင်ဖြစ်သည်။ ဤတန်ခိုး တော်သည် ဤစကြဝဠာတစ်ခွင်၌ယှဉ်နိုင်သူမရှိသော တန်ခိုးတော်ဖြစ်သည်။ ဤတန်ခိုးတော်သည် အပြစ်ခွင့်လွှတ်ခြင်းနှင့် လွတ်ငြိမ်းချမ်းသာခြင်းကို ပေးပိုင်သော တန်ခိုးတော်ဖြစ်သည်။ ဤတန်ခိုးတော်သည် အသက်ရှင်ခြင်းနှင့် သေခြင်း၏တန်ခိုးတော်ဖြစ်သည်။ ဤတန်ခိုးတော်သည် ကျွန်ုပ်တို့၏တည်ငြိမ် ခိုင်ခံ့သော အုတ်မြစ်ဖြစ်၍ ရန်သူ၏မြှားချက်များမှ ကျွန်ုပ်တို့၏အကွယ် အကာဖြစ်သည်။

ဇဝံဂေလိတရားမှရောက်လာသော အဆင်သင့်ဖြစ်ခြင်း(ပြင်ဆင် ခြင်း) ဖြင့်ကျွန်ုပ်တို့၏ခြေကို စွပ်ထားခြင်းဆိုသည်မှာ ဇဝံဂေလိတရား၏ တန်ခိုးတော်ကို ကျွန်ုပ်တို့၏အသက်တာ၌ ကြုံတွေ့မြည်းစမ်းခြင်းနှင့် စပ်ဆိုင်

သည်။ ဧဝံဂေလိတရား၏ စကားလုံးများကို သိရှိထားခြင်းနှင့် ဧဝံဂေလိတရား၏တန်ခိုးတော်ကို ကြုံတွေ့မြည်းစမ်းရခြင်းတို့သည်မတူကြပါ။ ရှင်ပေါလုတို့၏ ခေတ်မှရောမစစ်သားများစီးသော ခြေစွပ်ကြိုးသိုင်းဖိနပ်တွင် တိုက်ပွဲဆင်နွှဲသောအခါ မြေပေါ်၌ခြေထောက်ကို မြဲနေစေဖို့ သံချောင်းများတပ်ထားကြသည်။ အလားတူပင်၊ မကောင်းမှုဒုစရိုက်၏အင်အားစုများကို ဆန့်ကျင်ခုခံရာ၌ ကျွန်ုပ်တို့၏အကွယ်အကာသည်လည်း ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ငြိမ်းချမ်းရေးရရှိထားကြသည်ဟု သိရှိထားခြင်းဟူသော ခိုင်မာတောင့်တင်းသောမြေ၌မြဲမြံစွာရပ်ရန်ဟူသော ယုံကြည်ကိုးစားမှုထက် မလျော့ပါ။

ဧဝံဂေလိတရားအား သင့်ကြုံတွေ့မြည်းစမ်းရခြင်းသည် စကားလုံးများ သက်သက်ထက်ကျော်လွန်ခဲ့ပါသလား။ သင်သည် ဤဧဝံဂေလိတရားအားဖြင့် ပြုပြင်ပြောင်းလဲခြင်းကို ခံခဲ့ရပါသလား။ ဤဧဝံဂေလိတရားက ပေးထားသော လွတ်လပ်မှုကို သင်ကြုံတွေ့ခံစားခဲ့ရပါသလား။ ရန်သူသည် သင့်ကိုလာရောက်ချဉ်းကပ်သောအခါ ရန်သူသည် သင့်အသက်တာ၌ ထင်ရှားမြင်သာနေသော ဤဧဝံဂေလိတရား၏ အသက်တာပြောင်းလဲပေးနိုင်သော တန်ခိုးတော်အားဖြင့် ပြန်လည်တွန်းထုတ်ခြင်းကို ခံရပါသလား။

ဧဝံဂေလိတရားခြေစွပ်ကို စွပ်ထားသောသူများကသာ ရန်သူကို ခုခံဆီးတားနိုင်မည်ဖြစ်သည်။ ဤဧဝံဂေလိတရား၌ သခင်ခရစ်တော်က ကျွန်ုပ်တို့အတွက် လုပ်ဆောင်ပေးသွားခဲ့သောအရာ၏ တန်ခိုးတော်ကသာ ကျွန်ုပ်တို့ကိုရန်သူ၏ အပြင်းအထန်တိုက်ခိုက်မှုမှ ကာကွယ်ပေးနိုင်ပါသည်။ ကျွန်ုပ်တို့၏အနီးတဝိုက်၌ သဲကြီးမဲကြီးဖြစ်ပွားနေသော ဤကြီးမားအရေးပါသည့် ဝိညာဉ်ရေးတိုက်ပွဲ၌ ကွယ်ကာစောင့်မခြင်းကို ကျွန်ုပ်တို့ခံလိုလျှင် ဧဝံဂေလိတရား(သတင်းကောင်းတရား)၌ ကျွန်ုပ်တို့အတွက် မှတ်တမ်းတင်

ထားသော ဘုရားသခင်၏အံ့ဖွယ်ကယ်တင်ခြင်းကို ကျွန်ုပ်တို့ကြုံတွေ့ခံစားရဖို့ လိုအပ်သည်။ ဤဧဝံဂေလိတရား၏ တန်ခိုးတော်အပြည့်အဝကို သင်ကြုံတွေ့ခံစားခြင်းမရှိသေးလျှင် သင်သည်သခင်ယေရှုကို ယခုချက်ခြင်းအော်ခေါ်ဖို့ လိုအပ်သည်။ သင့်အပြစ်များမှ သင့်ကိုကုစားပေး၍ ထိုအပြစ်များကို ခွင့်လွှတ်ပေးရန် ဘုရားသခင်ကို တောင်းလျှောက်ပါ။ ဧဝံဂေလိတရားကသာလျှင် သင့်ကိုလွတ်မြောက်စေနိုင်ပါသည်။ သင့်ရှေ့မှောက်၌ရှိနေသောတိုက်ပွဲအတွက် ပြင်ဆင်ခြင်းကိုခံလိုလျှင် သင်သည်ဧဝံဂေလိခြေစွပ်ကို သင့်ခြေထောက်၌ သေသေချာချာခိုင်ခိုင်မြဲမြဲ ပတ်စည်းထားဖို့ လိုအပ်ပါသည်။

စဉ်းစားသုံးသပ်ရန်အချက်များ

- ရှင်ပေါလုက ဧဖက်အသင်းသားများအား ၎င်းတို့သည်ဧဝံဂေလိခြေစွပ်ကို စွပ်ထားကြဖို့လိုအပ်သည်ဟု ပြောခဲ့ချိန်တွင်မည်သည့်အရာကိုဆိုလိုခဲ့ပါသနည်း။
- ဧဝံဂေလိတရားက သင့်အသက်တာကို မည်သို့ပြုပြင်ပြောင်းလဲနေခဲ့ပါသနည်း။ သင့်အသက်တာ၌ ဧဝံဂေလိတရား၏ အသက်တာပြုပြင်ပြောင်းလဲပေးနိုင်စွမ်းသော တန်ခိုးတော်၏ မပြတ်သောသက်သေအထောက်အထားကို သင်မြင်တွေ့နေရပါသလား။ ဥပမာများပေးပါ။
- ကျွန်ုပ်တို့အနီးတဝိုက်၌ သဲကြီးမဲကြီးဖြစ်ပွားနေသော ဝိညာဉ်ရေးတိုက်ပွဲတွင် ဧဝံဂေလိတရား၏အခန်းကဏ္ဍမှာ အဘယ်နည်း။ ဧဝံဂေလိတရားသည် ကျွန်ုပ်တို့ကို စာတန်နှင့်၎င်း၏ တိုက်ခိုက်မှုများမှ မည်သို့ကာကွယ်ပေးပါသနည်း။

ဆုတောင်းရန်အချက်များ

- ဘုရားသခင်က သင့်အသက်တာ၌ ဧဝံဂေလိတရား၏တန်ခိုးတော်အား လက်တွေ့ပြသနေသည့် နည်းလမ်းများအတွက် ကိုယ်တော့်ကို ကျေးဇူးတင်ချီးမွမ်းပါ။ သင့်အသက်တာ၌ ဧဝံဂေလိတရားက ပြုလုပ်နေခဲ့သော အပြောင်းအလဲများအတွက်လည်း ကိုယ်တော့်ကို ကျေးဇူးတင်ချီးမွမ်းပါ။
- သင်သည် ဧဝံဂေလိတရား၏ ဒေသနာတော်ကို ယုံကြည်လက်ခံခဲ့ပြီး၊ ၄င်း၏အသက်ရှင်ခြင်းကိုပေးပိုင်သော တန်ခိုးတော်ကိုလည်း ကြုံတွေ့ခံစားနေခဲ့သည့်အတွက် ယခုတွင်သင်သည် ရန်သူကိုဆိုင်ပြိုင်တိုက်လှန်သည့်တိုက်ပွဲတွင် ယုံကြည်စိတ်ချမှု ရှိနေနိုင်သောကြောင့် သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။
- မယုံကြည်သူမိတ်ဆွေ (သို့) ဆွေမျိုးတစ်ယောက်ယောက်ထံ၌ ဧဝံဂေလိတရား၏ တန်ခိုးတော်ကို ဘုရားသခင်က ထုတ်ဖော်ပြသပေးဖို့ဆုတောင်းရန် အချိန်အနည်းငယ်ယူပါ။

၃၀

# ယုံကြည်ခြင်းတည်းဟူသောဒိုင်းလွှား

ဧဖက် ၆း၁၆ ကိုဖတ်ရှုပါ။

စစ်ဝတ်စုံနှင့်စပ်လျဉ်း၍ ရှင်ပေါလုနောက်ထပ်ပြောဆိုထားသော တန်ဆာမှာ ဒိုင်းလွှားဖြစ်သည်။ ရှင်းလင်းချက်ရေးသားသူများက ရှင်ပေါလုတို့၏ ခေတ်ကာလတွင် ဒိုင်းလွှားနှစ်မျိုးကို အသုံးပြုကြသည်ဟု ဆိုထားကြသည်။ ပထမအမျိုးအစားမှာ၊ အဝိုင်းပုံသဏ္ဍာန်ဒိုင်းလွှားဖြစ်၍၊ ၎င်းသည်ခန့်မှန်းခြေအားဖြင့် ၃ပေ (၉၀ စင်တီမီတာခန့်) အချင်းရှိသည်။ ဒုတိယအမျိုးအစားမှာ ထောင့်မှန်စတုဂံနှင့်ပို၍တူပြီး၊ အကျယ်အားဖြင့် ၂ ၁/၂ ပေ (၈၀ စင်တီမီတာခန့်) ကျယ်၍ အမြင့်အားဖြင့် ၄ပေ (၁. ၂ မီတာခန့်) မြင့်သည်။ ဤနေရာ၌ ရှင်ပေါလုပြောပြထားသည့် ဒိုင်းလွှားမှာဒုတိယဒိုင်းလွှားအမျိုးအစားဖြစ်သည်။ ဤဒိုင်းလွှားသည် စစ်သူရဲကိုပထမဒိုင်းလွှားအမျိုးအစားထက်ပို၍ ကာကွယ်ပေးနိုင်သည်။ သင်စိတ်ကူးကြည့်နိုင်သည့်အတိုင်းပင်၊ ဤအရွယ်အစားရှိသော ဒိုင်းလွှားသည်တိုက်ပွဲကိုဆင်နွှဲရာတွင် အသေးတစ်ခုထက်ကြီးသောကြောင့် ပို၍အနှောက်အယှက်အဟန့်အတားဖြစ်ခဲ့ပါလိမ့်မည်။ သို့သော်၊ ကျွန်ုပ်တို့သဘောပေါက်ထားဖို့ လိုအပ်သောအရာမှာကျွန်ုပ်တို့၏တိုက်ပွဲသည် ဘုရားသခင်နှင့်စပ်ဆိုင်၍၊ ဤစစ်ဝတ်ဆန်ဆာများမှာ ကျွန်ုပ်တို့၏အကာအကွယ်အတွက်ပို၍ ရည်ရွယ်ထားသည်ဟူသော

အချက်ဖြစ်သည်။ စာတန်နှင့် ဆိုင်ပြိုင်တိုက်လှန်ရသောတိုက်ပွဲရှိ ကျွန်ုပ်တို့၏ အပိုင်းကဏ္ဍမှာ မျှားသောအားဖြင့်စာတန်ကို ခုခံဆီးတားခြင်းဖြစ်သည်။ ဤဒိုင်းလွှားသည် ထိုခုခံဆီးတားခြင်းတွင် မရှိမဖြစ်လိုအပ်သောအရာ ဖြစ်သည်။

ရှင်ပေါလုက ဧဖက်အသင်းသားများအား ဤဒိုင်းလွှားသည် ယုံကြည်ခြင်းဒိုင်းလွှားဖြစ်သည်ဟု ပြောခဲ့သည်။ ဤယုံကြည်ခြင်းဒိုင်းလွှားအားဖြင့် ဧဖက်အသင်းသားများသည် "မာရ်နတ်ပစ်ခတ်သော မီးစက်လက်နက်"ကို ငြိမ်းသတ်နိုင်ခဲ့ကြမည်ဖြစ်သည်။ ရှင်ပေါလုတို့၏ ခေတ်ကာလတွင်၊ ရန်သူသည် မြှားကို ကတ္တရာစေးကဲ့သို့သောအရာထဲတွင်နှစ်၍ လေးပေါ်၌တင်၍ မပစ်ခတ်မီတွင် မီးညှိပေးရသည်။ ဤသို့ပြုလုပ်ခြင်းက မြှားများ၏ဖျက်ဆီးနိုင်စွမ်းကို ပို၍တိုးစေပါသည်။ အန္တရာယ်ကျရောက်မည်ကို မသိသောသားကောင်သည် ကိုယ်ခန္ဓာအနာတရဖြစ်ခြင်းကိုသာ ရင်ဆိုင်ရသည်မဟုတ်၊ မြှား၏မီးတောက်ကလည်း ခန္ဓာကိုယ်ပေါ်ရှိအဝတ်အစားကို မီးလောင်စေနိုင်ပါသည်။ မီးတောက်နေသော ဤမြှားများနှင့် ရင်ဆိုင်တိုက်ခိုက်ရန်အတွက် သစ်သားဒိုင်းလွှားများကို သရေပြားဖြင့်ဖုံးအုပ်၍ ပြုလုပ်ထားကြသည်။ ထိုသို့ပြုလုပ်ထားခြင်းက သစ်သားကိုမီးမစွဲမီတွင် သရေပြားများက မီးတောက်ကိုထိန်းချုပ်၍ ငြိမ်းသတ်ပေးပါသည်။

ဤကျမ်းပိုဒ်ငယ်မှ ပထမအချက်အနေဖြင့် ကျွန်ုပ်တို့နားလည်ထားရန်လိုအပ်သော အချက်မှာရန်သူသည် ၎င်း၏မီးတောက်နေသော မြှားများဖြင့် ကျွန်ုပ်တို့ကို အဆက်မပြတ်ပစ်ခတ်နေသည်ဟူသော အချက်ဖြစ်သည်။ ရှင်ပေါလုက ရန်သူသည်ကျွန်ုပ်တို့ကို မြှားဖြင့်ပစ်ခတ်သောအချိန်၌သာ ယုံကြည်ခြင်းဒိုင်းလွှားကို စွဲကိုင်ကြဖို့ မပြောထားကြောင်းကို သတိပြုပါ။ ဤနေရာ၌ ယူဆထားချက်မှာ ရန်သူသည်ကျွန်ုပ်တို့ကို မပြတ်တမ်းပစ်ခတ်နေမည်

ဟူသောအချက်ဖြစ်သည်။ ကျွန်ုပ်တို့၏နေ့စဉ်အသက်တာတွင် ကျွန်ုပ်တို့သည် မီးတောက်လောင်နေသော ဤမြှားများဖြင့်တရစပ်ပစ်ခတ်တိုက်ခိုက်ခြင်းကို ခံကြရပါသည်။ ကျွန်ုပ်တို့၏လမ်းကြောင်းဆီသို့ ရန်သူကပစ်လွှတ်ကောင်း ပစ်လွှတ်ခဲ့မည့် မီးတောက်လောင်နေသောမြှားများစွာရှိသည်။ ၎င်းတို့မှ အချို့ ကိုလေ့လာကြည့်ကြပါစို့။

*သံသယဖြစ်ခြင်းနှင့်စိတ်ပျက်အားလျော့ခြင်း*

သင်သည်သံသယဖြစ်ခြင်းနှင့် စိတ်ပျက်အားလျော့ခြင်းတို့ကို ကြုံတွေ့ ခံစားခဲ့ဖူးပါသလား။ ကျွန်ုပ်ပါဝင်လှုပ်ရှားခဲ့သော ဧဝံဂေလိပြုလုပ်ခြင်း အထူး တရားဟောပြောပွဲကြီးတစ်ခုအပြီးတွင် ဤသံသယဖြစ်ခြင်းနှင့် စိတ်ပျက် အားလျော့ခြင်းတို့ကို ကျွန်ုပ်ရင်ဆိုင်ခံစား ရခဲ့ကြောင်းကို သတိရမိသည်။ ကျွန်ုပ်၏ ကယ်တင်ခြင်းကို ကျွန်ုပ်သံသယမဖြစ်ခဲ့ပါ။ ကျွန်ုပ်ကယ်တင်ခြင်း ရရှိထားကြောင်းကို ကျွန်ုပ်သေချာနေပါသည်။ သို့သော်၊ ကျွန်ုပ်သံသယဖြစ် ခဲ့သည့်အရာမှာ အမှုတော်အတွက် ဘုရားသခင်ကကျွန်ုပ်ကိုပေးအပ်ထားသည့် ဝိညာဉ်စွမ်းရည်ဆုကျေးဇူးများအကြောင်းဖြစ်သည်။ သခင်ဘုရားကို ကျွန်ုပ် နီးစပ်ချင်သလောက်အထိ မနီးစပ်ခဲ့သည့်အဖြစ်ကို ကျွန်ုပ်စတင်မြည်တမ်းခဲ့ သည်။ ဘုရားသခင်သည် မည်သည့်အရပ်တွင်ရှိနေ၍ ကိုယ်တော်သည် ကျွန်ုပ် ထံ၌အဘယ်ကြောင့်ပို၍ စစ်မှန်မလာရသည်ကို သိချင်နေခဲ့သည်။ ဧလိယ သည် ကရမေလတောင်ပေါ်၌ ဗာလဘုရား၏ပရောဖက်များကို အကြီး အကျယ်နိုင်ရခဲ့ပြီးနောက်တွင် အကြီးအကျယ်စိတ်ပျက်အားလျော့ခြင်းနှင့် သံသယဖြစ်ခြင်းအချိန်ကာလတစ်ခုကို ရင်ဆိုင်ဖြတ်သန်းခဲ့ရသည် (၃ရာ ၁၉)။ သူသည် အသက်ပင်မရှင်ချင်ခဲ့တော့ပါ။

ဝိညာဉ်ရေး၌ စိတ်ပျက်အားလျော့ခြင်းကို ထူးခြားချက်မှာ ၄င်းသည် အောင်မြင်ခြင်းအချိန်အခါတွင် ရောက်ရှိလာခြင်းပင်ဖြစ်သည်။ သင်သည် လည်းထိုကဲ့သို့သော စိတ်ပျက်အားလျော့ခြင်းနှင့် သံသယဖြစ်ခြင်းများကို ကြုံတွေ့ကောင်း ကြုံတွေ့ခဲ့ရပါမည်။ ဤအရာသည် မည်သည့်နေရာမှ ရောက်ရှိလာပါသနည်း။ ဤအရာသည် ကျွန်ုပ်တို့ကိုအာရုံလွှဲ ဘေးချော်စေ၍ ဘုရားသခင်၏ နိုင်ငံတော်အား ချဲ့ထွင်ခြင်းမှ ကျွန်ုပ်တို့ကိုဆီးတားရန် ပစ်လွှတ်လိုက်သော စာတန်၏မီးတောက်နေသော မြှားမှတစ်ချောင်းမဟုတ်ပါလား။

ဤတိုက်ခိုက်မှုများကို ကျွန်ုပ်တို့မည်သို့ အောင်မြင်ကျော်လွှားကြမည်နည်း။ ကျွန်ုပ်တို့သည် သခင်ဘုရား၌လုံခြုံစိတ်ချစွာ ရှိနေကြကြောင်းကို ကျွန်ုပ်တို့အားပြောပြသည့် ဘုရားသခင်၏နှုတ်ကပတ်တော်၌ အကြွင်းမဲ့ ယုံကြည်စိတ်ချမှုရှိခြင်းကသာလျှင် ဤကဲ့သို့သောတိုက်ခိုက်မှုအပေါ်၌ ကျွန်ုပ်တို့ကို အောင်မြင်ခြင်းပေးပါလိမ့်မည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့၏ အနီးတစ်ဝိုက်မှအရာအားလုံး တစ်စစီပြိုကွဲပျက်စီးသွားကြသည်ဟု ထင်မှတ်ရပါသည်။ ကျွန်ုပ်တို့၏စိတ်ခံစားမှုများက ကျွန်ုပ်တို့ကိုသစ္စာဖောက်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏သားသမီးများကဲ့သို့ မခံစားကြရတော့ပါ။ ဤကဲ့သို့သောအချိန်များတွင် ဘုရားသခင်အပေါ်၌ထားရှိသော ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့် စိတ်ချယုံကြည်မှုကသာလျှင် ကျွန်ုပ်တို့ကို အဆုံးတိုင်ဆောင်ယူပေးသွားနိုင်ပါသည်။ စိတ်ပျက်အားလျော့ခြင်းနှင့် သံသယဖြစ်ခြင်းတည်းဟူသော မီးတောက်လောင်နေသည့် မြှားကကျွန်ုပ်တို့၏ယုံကြည်ခြင်းဒိုင်းလွှားကို တိုက်ခိုက်သောအခါ ကျွန်ုပ်တို့သည် ကျရှုံးပျက်ကွက်ခြင်းမရှိနိုင်သော သခင်ဘုရားကို ယုံကြည်ကိုးစားကြသောကြောင့် ထိုမီးမြှားသည်ချက်ချင်း ငြိမ်းသွားပါလိမ့်မည်။

*ဖောက်ပြန်ယုတ်ညံ့သောစိတ်ဆန္ဒများ*

ဖောက်ပြန်ယုတ်ညံ့သော စိတ်ဆန္ဒများနှင့် စိတ်နေသဘောထားတည်းဟူသော မီးတောက်နေသည့် မြှားများမှာမည်သို့နည်း။ တပ်မက်ခြင်းနှင့် လောဘလွန်ကျူးခြင်းတို့သည် ဤမြှားများ၏ ဥပမာများဖြစ်သည်။ မနာလိုခြင်းနှင့် နာကျည်းခါးသီးခြင်းတို့၏ ထိုးဆွမှုကိုလည်း ကျွန်ုပ်တို့ခံစားရပါသည်။ ဤမီးတောက်နေသော မြှားများကို အလျင်အမြန်မငြိမ်းသတ်လျှင် ၎င်းတို့သည် ကျွန်ုပ်တို့၏ဖြစ်တည်မှုတစ်ခုလုံးကို အလျင်အမြန် လောင်ကျွမ်းဝါးမြိုသွားကြပါလိမ့်မည်။ ကျွန်ုပ်တို့အထဲမှ ဤစူးရှနာကျင်စေသောမြှားများကို လုံးလုံးမကြုံတွေ့ဖူးသောသူမည်သူရှိသနည်း။ ကျွန်ုပ်တို့၏ ပင်ကိုခွန်အား စွမ်းပကားနှင့်ဆိုလျှင်ကျွန်ုပ်တို့ကျိန်းသေ ပြိုလဲရှုံးနိမ့်ခဲ့ကြပါလိမ့်မည်။

*ဖောက်ပြန်ယုတ်ညံ့သောစိတ်သဘောထားများ*

စာတန်၏မီးတောက်နေသောမြှားသည် အခြားသူများအပေါ်၌ထားရှိသော မှားယွင်းသည့်စိတ်သဘောထား ပုံသဏ္ဌာန်ဖြင့်ရောက်လာပါတတ်သည်။ ထိုမြှားက ကျွန်ုပ်တို့ကိုတိုက်ခိုက်သောအခါ ကျွန်ုပ်တို့၏ဖြစ်တည်မှုတစ်ခုလုံးကို နားကျည်းခါးသီးခြင်း၊ မနာလိုခြင်း၊ ဒေါသထွက်ခြင်းစသည်တို့ဖြင့် စတင်လောင်ကျွမ်းစေရန် အချိန်ကြာကြာမလိုပါ။ သခင်ခရစ်တော်၏နာမတော်ဖြင့် ကိုင်တွယ်ဖြေရှင်းခြင်း မရှိလျှင်၊ ၎င်းသည်အခြားသူများထံသို့ အလျင်အမြန်ကူးစက်ပျံ့နှံ့သွား၍ အသင်းတော်တစ်ခုလုံးကို နားကျည်းခါးသီးခြင်းနှင့် အတူဟုန်းဟုန်းတောက်လောင်သွားစေခဲ့ကြောင်းကို သိထားကြပါသည်။ ဤဖောက်ပြန်ယုတ်ညံ့သော စိတ်သဘောထားများ၏ သားကောင်ဖြစ်သွားခြင်းမှာ ကျွန်ုပ်တို့အတွက်အလွန်လွယ်ကူကြောင်းကိုကျွန်ုပ်တို့သိထားကြပါ

သည်။ ဤအရာကို ခုခံဆီးတားဖို့ ခွန်အားစွမ်းပကားအတွက် သခင်ဘုရားထံ ယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့အော်ဟစ်တောင်းလျှောက်ကြပါသည်။ ကိုယ်တော်ရှင်၌သာ အောင်မြင်ခြင်းရှိသည်။ စာတန်၏မီးတောက်နေသော အခြားမြှားများစွာရှိပါသေးသည်။ ရန်သူသည် ကျွန်ုပ်တို့ကိုမည်သို့ အဆက်မပြတ်တိုက်ခိုက်နေကြောင်းကို ပြသပေးဖို့ ဤအရာများကို ပုံဥပမာများအဖြစ်နှင့် ကျွန်ုပ်တင်ပြခြင်းသာဖြစ်သည်။

ယုံကြည်ခြင်းဆိုသည်မှာ မည်သည့်အရာဖြစ်၍ ထိုယုံကြည်ခြင်းက ဤမီးတောက်နေသောမြှားများကို အောင်နိုင်ရန်ကျွန်ုပ်တို့ကို မည်သို့ကူညီပေးပါသနည်း။ ယုံကြည်ခြင်းဆိုသည်မှာ "မျှော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်းအကြောင်းဖြစ်၏" ဟု ဟေဗြဲ ၁၁း၁ တွင် ကျွန်ုပ်တို့ဖတ်ရှုရသည်။ ယုံကြည်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့မမြင်သောအရာကိုသိမှတ်စွဲလမ်းခြင်း (သေချာခြင်း) ဖြစ်သည်။ ယုံကြည်ခြင်းဆိုသည်မှာ သခင်ဘုရားနှင့် သခင်ဘုရား၏ရည်ရွယ်ချက်များ၌ ယုံကြည်စိတ်ချမှုတစ်ခုဖြစ်သည်။ စာတန်သည် လူသားများအဖြစ်နှင့်ကျွန်ုပ်၌ရှိနေသော အားနည်းချက်များကို သိထားသည်။ ဘုရားသခင်နှင့်စပ်ဆိုင်သောအရာများကို ကျွန်ုပ်တို့မမြင်နိုင်ခြင်း၊ ဘုရားသခင်၏နည်းလမ်းများကိုနားလည်ရန် ကျွန်ုပ်တို့မတတ်စွမ်းနိုင်ခြင်းတို့ကို စာတန်ကသိထားသည်။ ဧဒင်ဥယျာဉ်ကြီးထဲ၌ ဧဝနှင့်စကားပြောခဲ့ချိန်က သူသည်သူမကို အလွန်ယုတ္တိတန်သောနည်းလမ်းများဖြင့် ဖြားယောင်းဆွဲဆောင်ခဲ့ပြီး ကောင်းမကောင်းကို သိကျွမ်းစေသောအပင်မှအသီးကို စားခြင်းသည် အကြွင်းမဲ့လက်ခံထိုက်သော အရာဖြစ်လာခဲ့သည်။ သူသည်ဧဝကိုစုံစမ်းနှောက်ယှက်ရာ၌ မြောက်မြားစွာသောအရာများသည် ထိုနေ့တွင် သူ့ကိုမျက်နှာသာပေးခဲ့ကြသည်။ ထိုအပင်၏

အလှအပကလည်း သူ့ကိုထိုအခွင့်အရေးပေးခဲ့သည်။ ထိုအပင်၏အသီး မှာလည်း အလွန်အရသာရှိပုံပေါ်နေခဲ့သည်။ ဧဝ၏ ပင်ကိုစပ်စုလိုစိတ်နှင့် ဉာဏ်ပညာကိုတောင့်တသော စိတ်တို့သည် စာတန်၏အကျိုးအမြတ်အတွက် အလုပ်လုပ်ပေးနေခဲ့ကြသည် (ကမ္ဘာဦး ၃း၆ ကိုကြည့်ပါ)။ ဤစုံစမ်း နှောက်ယှက်ခြင်းအချိန်သမယ၌ သူမကိုကျရှုံးပြိုလဲခြင်းမှ မည်သည့်အရာက ကာကွယ်ပေးခဲ့ပါမည်နည်း။ သူမကိုကာကွယ်ပေးမည့်အရာမှာ သူမ၏အရှင် ဘုရားသခင်က ပြောခဲ့သောအရာများအပေါ်၌ထားရှိသော သူ၏ယုံကြည်ခြင်း နှင့်စိတ်ချခြင်းတို့ မဟုတ်ပါလား။

ယုံကြည်ခြင်းဆိုသည်မှာ ဘုရားသခင်ပြောသော နှုတ်ကပတ်တော်ကို ယုံကြည်ခြင်းဖြစ်သည်။ သက်သေအထောက်အထားများက ကျွန်ုပ်တို့ကို အခြားလမ်းသို့ ညွှန်ပြနေပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်က အခြားတစ် လမ်းသို့ညွှန်ပြနေသည့်အချိန်များ ရှိတတ်ပါသည်။ ယုံကြည်ခြင်းသည် သဘော မပေါက်နားမလည်နိုင်သောအချိန်၌ပင် နာခံမှုရှိသည်။ ယုံကြည်ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သဘောတူလက်ခံသည့်အနေဖြင့် ယုတ္တိ တန်၍ သဘာဝကျသောအရာများကိုပင် လိုလိုလားလားခုခံဆီးတားလိုပါ လိမ့်မည်။ ယုံကြည်ခြင်းသည် ဘုရားသခင်နှင့်ဘုရားသခင်၏ နှုတ်ကပတ် တော်အပေါ်တွင် မိမိ၏စိတ်ချယုံကြည်မှုကို အပြည့်အဝထားရှိပါလိမ့်မည်။ စာတန်က "သက်သေအထောက်အထားတွေ အားလုံးငါမှန်တယ်လို့ ပြနေကြတယ်" ဟုပြောဆိုချိန်တွင် ယုံကြည်ခြင်းက "ငါဘုရားသခင်ပြောတာ ကိုပဲ ယုံကြည်ဆဲဖြစ်တယ်" ဟုတုန့်ပြန်ပါသည်။ စာတန်က "ဒီပုံစံနဲ့ တုန့်ပြန်တာတကယ့်ကို သဘာဝကျတယ်" ဟုပြောချိန်တွင် ယုံကြည်ခြင်းက "ငါဒီလိုတုန့်ပြန်စရာ မလိုဘူးလို့ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်က ငါ့ကိုပြော

ပြထားတယ်”ဟုတုန့်ပြန်ပါသည်။

ယုံကြည်ခြင်းသည် ဘုရားသခင်ပြောသော နှုတ်ကပတ်တော်ကို ယုံကြည်သည်သာမဟုတ်၊ မဖြစ်နိုင်သောအရာများအတွက်လည်း ဘုရားသခင်ကို ကိုးစားယုံကြည်ပါသည်။ ဤအရာများသည် လက်လှမ်းမမီ၊ ဖြစ်နိုင်ချေမရှိဟု ထင်မှတ်ရသောအချိန်တွင် ယုံကြည်ခြင်းက ဘုရားသခင်အတွက် မဖြစ်နိုင်သောအရာမရှိဟု အသိအမှတ်ပြု ဝန်ခံခြင်းဖြစ်သည်။ ယုံကြည်ခြင်းသည် ဖြစ်လေ့ဖြစ်ထမဟုတ်သော ထူးဆန်းသည့်အရာများ ဖြစ်ပျက်နေသောအချိန်၌ပင် အဆုံးတိုင်တည်ကြည်ပါလိမ့်မည်။ အကြောင်းမှာ ၎င်းသည်အရာအားလုံးကိုပြုလုပ်နိုင်စွမ်းသော ဘုရားသခင်အပေါ်၌ မယိမ်းမယိုင်စိတ်ချယုံကြည်နေသောကြောင့်ဖြစ်သည်။ စာတန်သည် စိတ်ပျက်အားလျော့စေဖို့ ရှာကြံသောအချိန်တွင် ယုံကြည်ခြင်းက “ဘုရားသခင်သည် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်တော်မူသည်” ဟု တုန့်ပြန်ပါသည် (မာကု ၁၀း၂၇)။

ယုံကြည်ခြင်းသည် မဖြစ်နိုင်သောအရာများကိုလည်း ကြိုးပမ်းလုပ်ဆောင်ပါသည်။ ယုံကြည်ခြင်းသည် ၎င်း၏ကန့်သတ်ချက်(အားနည်းချက်)များနှင့် အလုပ်တာဝန်၏ဖြစ်နိုင်ချေ မရှိခြင်းတို့ကို သိနားလည်ထားသော်လည်း အောင်မြင်ခြင်းကိုရယူရန်အတွက် သခင်ဘုရား၏ခွန်အားစွမ်းပကား၌ မဆုတ်မနစ်လုံ့လထုတ်၍ လုပ်ဆောင်ပါလိမ့်မည်။ စာတန်က “အဲဒီအရာကို ယုံကြည်ဖို့ ဘယ်သူ့ကိုမှ မင်းမမျှော်လင့်နိုင်ပါဘူး” ဟုပြောချိန်တွင် ယုံကြည်ခြင်းက “ဘုရားသခင်ရဲ့ကျေးဇူးတော်အားဖြင့် သူတို့ယုံကြည်မှာပါ” ဟုတုန့်ပြန်ပါသည်။ ယုံကြည်ခြင်းသည် သွားရာလမ်းကြောင်းပေါ်၌ ပစ်လွှတ်လိုက်သော အတားအဆီး၊ အနှောက်အယှက်များကြောင့် နောက်မဆုတ်တတ်ပါ။ ယုံကြည်ခြင်းသည် ပစ်လွှတ်လိုက်သော စိတ်ပျက်အားလျော့ခြင်းများကို ခုန်

ကျော်၍ မဖြစ်နိုင်သောအရာများကိုလုပ်ဆောင်သည့် ဘုရားသခင်အပေါ်၌ စိတ်ချယုံကြည်မှုနှင့်အတူ သည်းခံကြိုးပမ်းပါသည်။

ယုံကြည်ခြင်းကို အံတု၍စာတန်မည်သည့်အရာကို လုပ်ဆောင်နိုင်သနည်း။ ဤစိတ်ချယုံကြည်၏ရှေ့မှောက်တွင် စာတန်သည် အစွမ်းအစမဲ့နေပါသည်။ ကျိုးကြောင်းဆီလျော်မှုရှိသော ငြင်းခုံဆွေးနွေးမှုများသည် အလုပ်မဖြစ်ပါ။ စိတ်ပျက်အားလျော့စေရန်အတွက်လည်းကောင်း၊ စိတ်အာရုံပြောင်းလွဲစေရန်အတွက်လည်းကောင်း ကြိုးပမ်းမှုသည် အရေးနိမ့်သွားရပါလိမ့်မည်။ တပ်မက်မှုနှင့် လောဘလွန်ကျူးခြင်းတို့သည် ယုံကြည်ခြင်းအားဖြင့် ငြိမ်းသတ်ခြင်းခံကြပါမည်။ ယုံကြည်ခြင်းဒိုင်းလွှားသည် မီးတောက်နေသော ဤမြှားများကို ငြိမ်းသတ်လိုက်ပါသည်။

ယုံကြည်ခြင်းသည် မည်သည့်နေရာမှ ရောက်လာပါသနည်း။ ကျွန်ုပ်တို့၏ပင်ကိုသဘောသဘာဝတွင် ကျွန်ုပ်တို့၌ယုံကြည်ခြင်းမရှိကြောင်းကို သင်နှင့်ကျွန်ုပ်သိထားကြသည်။ ၁ကော ၁၂း၉ တွင် ယုံကြည်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လက်ခံရရှိရသော ဝိညာဉ်စွမ်းရည်ဆုကျေးဇူးတစ်ခုဖြစ်ကြောင်း ကျွန်ုပ်တို့ဖတ်ရှုရသည်။ အခြားသောစွမ်းရည်ဆုကျေးဇူးများနည်းတူ၊ ယုံကြည်ခြင်းစွမ်းရည်ဆုကျေးဇူးကို ကျွန်ုပ်တို့၏အသက်တာ၌ ရင့်ကျက်ခြင်းသို့ကြီးထွားလာရန် လေ့ကျင့်လုပ်ဆောင်ပေးရမည်ဖြစ်သည်။ ရောမ ၁၀း၁၇ တွင် ရှင်ပေါလုက ယုံကြည်ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြားနာခြင်းမှရောက်လာသည်ဟု ရေးသားခဲ့သည်။ ရှင်ယာကုပ်ကလည်း ကျွန်ုပ်တို့၌ ယုံကြည်ခြင်းရှိသည်ဟု ပြောဆိုကြသော်လည်း အသက်တာ၌ လက်တွေ့ရယူကျင့်သုံးခြင်းမရှိလျှင် ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် အချည်းနှီးဖြစ်သည်ဟု ပြောထားပါသည် (ယာကုပ် ၂း၁၄-၁၇)။ တစ်

နည်းအားဖြင့်ဆိုရလျှင်၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့နား ထောင်၍ ကျွန်ုပ်တို့၏အသက်တာ၌ လက်တွေ့ရယူကျင့်သုံးကြသည်နှင့်အမျှ ယုံကြည်ခြင်းသည်လည်း ကျွန်ုပ်တို့၌ ရင့်ကျက်လာပါသည်။

ဤနေရာ၌ ကျွန်ုပ်တို့နားလည်ထားဖို့ လိုအပ်သောအရာမှာ စာတန်သည် မိမိ၏မီးတောက်နေသော မြှားများဖြင့်ကျွန်ုပ်ကို အဆက်မပြတ် ပစ်ခတ်နေသည်ဟူသော အချက်ဖြစ်သည်။ တစ်ခါတစ်ရံတွင် ထိုမီးတောက် နေသော မြှားများကိုငြိမ်းသတ် ဖျက်ဆီးပေးသောအရာမှာ ကျွန်ုပ်တို့၏ယုံကြည် ခြင်းတစ်ခုတည်းသာဖြစ်နေပေလိမ့်မည်။ ဤယုံကြည်ခြင်းကို ဘုရားသခင့် ဝိညာဉ်တော်၏ စွမ်းရည်ဆုကျေးဇူးတစ်ခုအဖြစ်နှင့် ကျွန်ုပ်တို့ကိုပေးအပ်ထား ခြင်းဖြစ်ပြီး၊ ဘုရားသခင်ပြောသော နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ယုံကြည် သည်နှင့်အမျှ ယုံကြည်ခြင်းလည်း ရင့်ကျက်ကြီးထွားလာပါသည်။

ဤယုံကြည်ခြင်းဒိုင်းလွှားကို သင်ဆွဲကိုင်လျက်ရှိနေခဲ့ပါသလား။ ဘုရားသခင်အား မိမိ၏ယုံကြည်ခြင်းစွမ်းရည်ဆုကျေးဇူးဖြင့် သင့်ကိုလွှမ်းခြုံ ဝတ်ဆင်ပေးရန် ယခုပင်တောင်းလျှောက်ပါ။ ဤအရာသည် ခရစ်ယာန်များ ဝတ်ဆင်ရမည့် စစ်ဝတ်တန်ဆာ၏ လိုအပ်သောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဤအရာမပါပဲ သင်တိုက်ပွဲကိုမဆင်နွှဲနိုင်ပါ။ ဘုရားသခင်နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နာခံခြင်းဖြင့် သင်တုန့်ပြန်သည်နှင့်အမျှ ဤဆုတောင်း ချက်ကိုလည်း ဘုရားသခင်က ဖြေကြားပေးမည့်အကြောင်း မျှော်လင့်ထားပါ။ ဤဒိုင်းလွှားကို မြဲမြဲဆုပ်ကိုင်ထားပါ။ ဘုရားသခင်အပေါ်၌ ထားရှိသော သင့်ရဲ့ စိတ်ချယုံကြည်မှုမှ သင့်ကိုမည်သည့်အရာကမျှ ခါချခွင့်မပေးပါနှင့်။ သင်သည် ဘုရားသခင်နှင့် ဘုရားသခင်၏နှုတ်ကတပ်တော်တွင် ခိုနားလျှင် ဘုရားသခင် သည် သင့်အပေါ်တွင် ပျက်ကွက်မည်မဟုတ်ပါ။

စဉ်းစားသုံးသပ်ရန်အချက်များ

- မီးတောက်နေသော ဤမြှားများ၏မည်သည့်သက်သေအထောက်အထားကို သင့်အသက်တာ၌ မြင်တွေ့ရပါသနည်း။ ဥပမာအချို့ကို ပေးပါ။
- ယုံကြည်ခြင်းဆိုသည်မှာ အဘယ်နည်း။ ယုံကြည်ခြင်းသည် မည်သည့်နေရာမှရောက်ရှိလာပါသနည်း။
- ရန်သူ၏တိုက်ခိုက်မှုကို အောင်နိုင်ရန်ယုံကြည်ခြင်းက ကျွန်ုပ်တို့ကို မည်သို့ကူညီပေးပါသနည်း။
- ရန်သူ၏တိုက်ခိုက်မှုများကို အောင်နိုင်ရန် သင့်ယုံကြည်ခြင်းက သင့်ကို စွမ်းဆောင်ပေးခဲ့သည့်အချိန်များ သင့်အသက်တာတွင်ရှိခဲ့ပါသလား။ ဥပမာတစ်ခုပေးပါ။

ဆုတောင်းရန်အချက်များ

- ဘုရားသခင်နှင့် ဘုရားသခင်၏နှုတ်ကပတ်တော်၌ သင့်ယုံကြည်ခြင်းကြီးထွား တိုးပွားလာရန် ဘုရားသခင်ကိုတောင်းလျှောက်ပါ။ ယုံကြည်ခြင်းသည် ၄င်းကိုလက်ခံမည့်သူတိုင်းနှင့် အရေးတယူဆောင်ရွက်မည့်သူတိုင်းထံ၌ လက်ဆောင်တစ်ခုအဖြစ် ပေးအပ်ထားခြင်းကြောင့် ကိုယ်တော်ကို ကျေးဇူးတင်ချီးမွမ်းပါ။
- ရန်သူ၏ မီးတောက်နေသောမြှားများကို သိရှိမှတ်မိ၍ ခုခံဆီးတားရန်ကူညီမစပေးဖို့ ဘုရားသခင်အားတောင်းလျှောက်ပါ။
- ရန်သူ၏ မီးတောက်နေသော မြှားများဖြင့် တိုက်ခိုက်ခြင်းကို ခံနေရ

သောသူတစ်ယောက်ယောက်ကို သင်သိပါသလား။ ထိုပုဂ္ဂိုလ်အတွက် ဆုတောင်းပေးဖို့ အချိန်အနည်းငယ်ယူပါ။

၃၁

## ကယ်တင်ခြင်းတည်းဟူသော သံခမောက်လုံး

ဧဖက် ၆း၁၇ ကိုဖတ်ရှုပါ။

ကျွန်ုပ်တို့သည် စစ်ဝတ်စုံ၏ ပဉ္စမမြောက်တန်ဆာအကြောင်းကို ယခုပြောကြားသွားမည်ဖြစ်သည်။ ရှင်ပေါလုက ကျွန်ုပ်တို့ကို ကယ်တင်ခြင်း သံခမောက်လုံးကို ယူကြဖို့ပြောနေပါသည်။ စစ်ဝတ်စုံ၏ ဤတန်ဆာများကို အလွန်အမင်းချဲ့ကား၍ ဖတ်ရှုနေရန်လိုအပ်သည်ဟု ကျွန်ုပ်မယုံကြည်ပါ။ ရှင်ပေါလုကကယ်တင်ခြင်းရင်အုပ်တန်ဆာ (သို့) ကယ်တင်ခြင်းခါပန်းဟု မပြောဘဲ၊ ကယ်တင်ခြင်း သံခမောက်လုံးဟု အဘယ်ကြောင့် ပြောခဲ့ပါသနည်း။ ကျွန်ုပ်တို့မသိပါ။ ကျွန်ုပ်တို့ကိုလည်းပြောပြမထားပါ။ ဤနေရာ၌အရေးကြီးသောအချက်မှာ စစ်ဝတ်စုံ၏ တန်ဆာတစ်ခုစီက လူ့ကိုယ်ခန္ဓာ၏မည်သည့်နေရာနှင့်အံဝင်ခွင်ကျဖြစ်သည်ဟူသော အချက်မဟုတ်၊ ထိုတန်ဆာများက မည်သည့်အရာကို ကိုယ်စားပြုထားသည်ဟူသောအချက်ဖြစ်သည်။ ဤနေရာ၌ ကယ်တင်ခြင်း သံခမောက်လုံးနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့အသေးစိတ်ဖော်ပြရန်အချက်များစွာရှိနေသည်။

ဤနေရာတွင် ရှင်ပေါလုက ကျွန်ုပ်တို့ကိုကယ်တင်ခြင်းသံခမောက်လုံးအား “ရယူ” ကြဖို့ပြောထားသည်။ “ရယူသည်” ဟူသောစကားလုံးသည် အလွန်အရေးပါသည်။ ဤစကားလုံးကို King James ကျမ်းစာတွင် “လက်ခံ

ရရှိသည်” ဟု ၅၂ ကြိမ်ခန့် ဘာသာပြန်ဆိုထားသည်။ ဤကယ်တင်ခြင်း အတွက် တစ်စုံတစ်ခုကို မိမိတို့ပြုလုပ်ဖို့လိုအပ်သည်ဟု ယုံကြည်ထားသော သူများရှိသည်။ သူတို့က မိမိတို့သည်ကောင်းမြတ်သော အသက်တာကို ရှင်သန်လျှင် (သို့) မှန်ကန်သင့်တင့်သောအရာများကို ယုံကြည်လျှင် ဤသံခ မောက်လုံးကို ဆုလာဒ်တစ်ခုအဖြစ်ပေးအပ်ခြင်း ခံရမည်ဟုယုံကြည်ထားကြ သည်။ မိမိတို့၏ စွမ်းစွမ်းတမံကြိုးစားအားထုတ်မှုများကို ဘုရားသခင်က သတိပြုမိ၍ ဤအံ့ဖွယ်ကယ်တင်ခြင်းကို ဆုလာဒ်တစ်ခုအဖြစ်နှင့် တရားဝင် ပေးအပ်ခြင်းခံရမည်ဟု မျှော်လင့်ရင်း ဘုရားသခင်ကမိမိ၏နှုတ်ကပတ်တော်၌ ချပြထားသော စံချိန်စံညွှန်းများကို ပြည့်မီရန်အသက်တာကို အကောင်းဆုံး နေထိုင်ကြဖို့ ကြိုးစားအားထုတ်ကြပါသည်။ ဤနေရာတွင် ရှင်ပေါလုက ဖေက် အသင်းသားများအား ကယ်တင်ခြင်းသည် ၎င်းတို့ကြိုးစားအားထုတ်၍ လုပ်ယူရသောအရာမဟုတ်ကြောင်းပြောနေပါသည်။ ကယ်တင်ခြင်းဆိုသည် မှာ လက်ခံရယူဖို့အသင့်ရှိနေသောအရာ ဖြစ်သည်ဟုပြောပြနေပါသည်။

ထင်ရှားသော ပန်းချီဆရာတစ်ဦး၏အကြောင်းကို ပြောလေ့ရှိကြ သည်။ တစ်နေ့တွင်သူသည် မြို့တစ်မြို့သို့သွားခဲ့ပြီး၊ လမ်းပေါ်တွင်အလွန် ဟောင်းနွမ်းဆုတ်ပြဲနေသောအဝတ်ကို ဝတ်စားထားသည့် အဖိုးအိုတစ် ယောက်ကို မြင်တွေ့ခဲ့သည်။ နာမည်ကြီးပန်းချီဆရာက ထိုသူကိုချဉ်းကပ်၍ ပန်းချီကားတစ်ချပ်အတွက် ကိုယ်ဟန်ပြပေးခြင်းဖြင့် ဝင်ငွေရှာလိုပါသလားဟု မေးခဲ့သည်။ အဖိုးအိုကလည်း သဘောတူခဲ့ပြီး၊ နောက်တစ်နေ့တွင် တွေ့ကြဖို့ ချိန်းဆိုခဲ့သည်။ ထိုချိန်းဆိုထားသောအချိန်ရောက်ချိန်တွင် အိမ်ရှေ့မှတံခါး ခေါက်သံတစ်ခု ထွက်ပေါ်လာခဲ့သည်။ ပန်းချီဆရာကြီးကလည်း တံခါးကို သွားဖွင့်ရာ တံခါးဝ၌မျက်နှာကို သန့်သန့်ရှင်းရှင်းရိတ်ထား၍ အဝတ်အစား

များကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသောသူကို ရပ်လျှက်တွေ့လိုက်ရသည်။ ထိုသူက "ခင်ဗျားတောင်းဆိုထားတဲ့အတိုင်း ကျွန်တော်ရောက်လာပြီ" ဟု ပြောလိုက်သည်။ ပန်းချီဆရာကြီးကလည်း ထိုသူ့ကိုကြည့်ရင်း "ဒီမှာခင်ဗျ၊ ဒီပန်းချီကားအတွက် ကျွန်တော်လိုချင်တဲ့သူက အဝတ်အစားစုတ်စုတ်ပြဲပြဲနဲ့ ညစ်ပတ်နေတဲ့သူဖြစ်တယ်။ ခင်ဗျားက အဲဒီလူမှမဟုတ်တာ" ဟုပြောလိုက်သည်။ ပန်းချီဆရာကြီးက ထိုသူကို ဆုတ်ပြဲပြီး ညစ်ပတ်နေသော အဝတ်အစားများကို ဝတ်ဆင်ခဲ့သည့်အတိုင်းပင် လိုအပ်ခဲ့ပါသည်။ သခင်ဘုရားကလည်း ကျွန်ုပ်တို့ကိုဤအတိုင်း လိုချင်ခဲ့ပါသည်။ သခင်ဘုရားလုပ်ဆောင်ပေးသွားခဲ့သောအမှုတော်မပါပဲ၊ ကောင်းကင်ဘုံကို တစ်နည်းတစ်လမ်းဖြင့် ဝင်စားနိုင်သည်ဟု မှတ်ယူခြင်းသည် သခင်ဘုရားလုပ်ဆောင်ပေးသွားခဲ့သော အမှုတော်ကိုအဘယ်မျှ စော်ကားရာရောက်ကြောင်း စဉ်းစားသုံးသပ်ဖူးပါသလား။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်လုပ်ဆောင်မှုများဖြင့် ကောင်းကင်ဘုံကို ဝင်စားဖို့ ကြိုးစားခြင်းသည် "ကိုယ်တော်၊ ကိုယ်တော်ကားတိုင်ပေါ်မှာ အသေခံခဲ့ခြင်းကို ကျွန်တော်မလိုအပ်ဘူးထင်တယ်။ ကျွန်တော်ဘာသာ ကျွန်တော်လုပ်နိုင်မယ်လို့ထင်တယ်" ဟုပြောဆိုခြင်းနှင့် အတူတူပင်ဖြစ်သည်။

ရှင်ပေါလု၏ ပြောဆိုချက်သည် ဤနေရာတွင် အလွန်ရှင်းနေပါသည်။ ရှင်ပေါလုက "အလုပ်ကိုကြိုးကြိုးစားစားလုပ်ကြ၊ ဒါဆိုရင်ကယ်တင်ခြင်းသံခမောက်လုံးကို သင်တို့ရရှိလိမ့်မယ်" ဟု မပြောခဲ့ပါ။ "ရယူလိုက်ပါ"ဟု ရှင်းရှင်းလေးပြောထားပါသည်။

၄ရာ ၅ မှ နေမန်အကြောင်းကို ပြန်သတိရမိပါသလား။ သူသည် ရှုရိ (ဆီးရီးယား) စစ်တပ်မှ ဗိုလ်ချုပ်မင်းတစ်ဦးဖြစ်ပြီး အလွန်ဆိုးဝါးသော နူနာရောဂါကို ခံစားနေခဲ့ရပါသည်။ နေမန်၏အစေခံကျွန် ဣသရေလမိန်းမ

ငယ်က ပရောဖက်ဧလိရှဲသည် ၎င်း၏အနာရောဂါကို ကုစားပေးနိုင်ကြောင်း ပြောပြခဲ့သည်။ ဤဖြစ်နိုင်ချေအလားအလာရှိမှုကို စိတ်လှုပ်ရှားနေခြင်းနှင့် အတူ ဧလိရှဲနှင့်တွေ့ဖို့ ဣသရေလပြည်သို့ ခရီးနှင်ခဲ့သည်။ ဧလိရှဲ၏နေအိမ်သို့ ရောက်ရှိသွားချိန်တွင် ပရောဖက်ကြီးက ၎င်းကိုနှုတ်ဆက်ဖို့ အိမ်ပြင်ထွက်ရန်ကိုပင် ငြင်းဆိုခဲ့သည်။ ထိုအစား၊ နေမန်ကို ယောဒန်မြစ်သို့သွား၍ ခုနစ်ကြိမ်တိုင် ရေချိုးရန်ပြောလိုက်သည်။ နေမန်က မိမိကိုစော်ကားသည်ဟု ခံစားခဲ့သည်။

> နေမန်ကလည်း "အကယ်၍ပရောဖက်သည် ထွက်လာမည်။ ငါ့အနားမှာရပ်လျက် မိမိဘုရားသခင် ထာဝရဘုရား၏နာမကိုခေါ်၍ မိမိလက်နှင့် သုံးသပ်သဖြင့်နူနာကို ပျောက်စေမည်ဟု ငါထင်၏။ ဒမာသက်ပြည်၌ အာဗနမြစ်၊ ဖာဖာမြစ်တို့သည် ဣသရေလမြစ်အလုံးစုံထက်သာ၍ ကောင်းသည်မဟုတ်လော။ ထိုမြစ်၌ ငါရေချိုး၍မသန့်ရှင်းရသလောဟုဆိုလျက် အမျက်ထွက်၍ပြန်သွား၏။ " (ဓမ္မရာဇဝင်စတုတ္ထစောင် ၅း၁၁-၁၂)

သို့သော်အစေခံကျွန်များက နေမန်ကို ပရောဖက်ကြီးပြောဆိုသည့်အတိုင်းလုပ်ဆောင်ရန် နားချခဲ့ကြသည်။ နေမန်သည် ယောဒန်မြစ်သို့သွားခဲ့ပြီး (သံသယစိတ်နှင့် မယုံကြည်မှုများစွာနှင့် ဖြစ်နိုင်သည်)၊ ခုနစ်ကြိမ်တိုင်တိုင်ရေချိုးခဲ့သည်။ ခုနစ်ကြိမ်မြောက်ရေချိုးအပြီး ရေထဲမှထွက်လာသောအခါတွင် အနာရောဂါမှာလည်း ပျောက်ကင်းသွားခဲ့သည်။ နေမန်ကမိမိအနာရောဂါပျောက်ကင်းဖို့ ခက်ခက်ခဲခဲလုပ်ဆောင်ခဲ့ရလိမ့်မည်ဟု မျှော်လင့်နေခဲ့ပါသည်။ ခမ်းနားကြီးကျယ်သော အခမ်းအနားနှင့်ပွဲလမ်းများကို သူမျှော်လင့်နေခဲ့သည်။ သို့သော် သူ၏အနာရောဂါပျောက်ကင်းခြင်းသည် ရယူခြင်းသာ

ဖြစ်ခဲ့သည်။ နေမန်လုပ်ဆောင်ဖို့လိုအပ်သည့် တစ်ခုတည်းသောအရာမှာ ထိုအနာရောဂါပျောက်ကင်းခြင်းကို ရယူလိုက်ခြင်းသာဖြစ်သည်။ ထိုသို့ပြုလုပ်ရခြင်းသည် အလွန်ရိုးရှင်းလှသောကြောင့် နေမန်က ငြင်းပယ်လုနီးပါးဖြစ်ခဲ့သည်။

လူမည်မျှသည် နေမန်နှင့်တူကြသနည်း။ ကယ်တင်ခြင်းသည် ဤမျှလောက်ရိုးရှင်းခဲ့လိမ့်မည်ဟု သူတို့မယုံကြည်နိုင်ကြပါ။ ဤနေရာတွင် ရှင်ပေါလုက ကျွန်ုပ်တို့လုပ်ဆောင်ဖို့ လိုအပ်သည့်တစ်ခုတည်းသောအရာမှာ ရယူလိုက်ခြင်းသာဖြစ်သည်ဟု ကျွန်ုပ်တို့ကိုပြောနေပါသည်။ သခင်ယေရှုကအရာအားလုံးကိုလုပ်ဆောင်ပေးသွားခဲ့ပြီးဖြစ်သည်။

သင့်ဘက်မှမည်သည့်အရာမျှ လုပ်ဆောင်ဖို့မလိုအပ်ပါ။ သင့်ကို သင်ဆေးကြောသန့်စင်၍ ပို၍ကောင်းမြတ်သောအသက်တာတစ်ခုကို ရှင်သန်ဖို့မလိုပါ။ သခင်ယေရှုက သင်ဖြစ်တည်နေသည့်အတိုင်းဖြင့် ရောက်လာဖို့ ဖိတ်ကြားနေပါသည်။ ကိုယ်တော်သည် သင့်ကိုအရှိအတိုင်း လက်ခံအသိအမှတ်ပြုပါလိမ့်မည်။ ကယ်တင်ခြင်းသည် လက်ခံရရှိခြင်းသက်သက်ဖြစ်သည်။ ရှင်ပေါလုက "ကယ်တင်ခြင်းတည်းဟူသော သံခမောက်လုံးကိုယူကြလော့" ဟုရေးခဲ့သည်။ ကယ်တင်ခြင်းအတွက် လုပ်ဆောင်စရာမှာ ထိုအရာသာဖြစ်သည်။ သင်နောက်ထပ်စောင့်စားနေဖို့ မလိုအပ်ပါ။ သင်ခက်ခက်ခဲခဲကြိုးစားလုပ်ဆောင်ဖို့လည်း မလိုအပ်ပါ။ သင့်ကိုသင် ဆေးကြောသန့်စင်ပေးဖို့လည်း မလိုအပ်ပါ။

ရှင်ပေါလုက ကျွန်ုပ်တို့အားရယူကြဖို့ ပြောထားသည့်ကယ်တင်ခြင်းသည် မည်သည့်အရာဖြစ်သနည်း။ ထိုကယ်တင်ခြင်းသည် ကျွန်ုပ်တို့၏အနီးတစ်ဝိုက်မှ ဝိညာဉ်ရေးအင်အားစုများနှင့် ဆိုင်ပြိုင်တိုက်လှန်သောတိုက်ပွဲတွင်

ကျွန်ုပ်တို့ကိုမည်သို့ ကာကွယ်စောင့်မပေးပါသနည်း။ ရှေးဦးစွာဖြင့်၊ ကျွန်ုပ်တို့သည် ပင်ကိုသဘာဝအားဖြင့် အပြစ်သားများဖြစ်ကြကြောင်းကို နားလည်သဘောပေါက်ထားကြပါစို့။ အပြစ်သားများဖြစ်ကြသည့်အလျောက် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ခွဲကွာနေကြပြီး ကိုယ်တော်ရှင်၏အမျက်တော်အောက်တွင် ရှိနေကြပါသည်။ ကျွန်ုပ်တို့ဘက်မှမည်သို့ပင် ကြိုးစားလုပ်ဆောင်နေကြစေကာမူ၊ ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်၏အစွန်းအထင်းကို သန့်စင်ဖယ်ရှားနိုင်ကြမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ကောင်းမှုကုသိုလ်နှင့် ယုံကြည်ချက်များသည် အဆိပ်ခပ်ထားသောရေခွက်ရှိ အနံ့မွှေးကြိုင်သော ကြည်လင်သည့်ရေနှင့် တူသည်။ ရေသည်အနံ့၊ အရသာရှိ၍ တစ်မူထူးခြားသည့်ပုံပေါက်နေသော်လည်း အဆိပ်သည် ထိုရေထဲတွင်ရှိနေမြဲဖြစ်သည်။ ကျွန်ုပ်တို့သည် အလွန်ကျိုးပျက်လွယ်သောအခြေအနေတွင် အမှန်ရှိနေခဲ့ကြပါသည်။ ကျွန်ုပ်တို့၏အသက်တာများသည် သန့်ရှင်းသောဘုရားသခင်ထံ၌ ပြစ်မှုတစ်ခုဖြစ်နေခဲ့သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်၏တရားစီရင်ခြင်းနှင့် အမျက်တော်အောက်တွင် ရှိနေခဲ့ကြသည်။ ထိုအချိန်တွင် သခင်ယေရှုကြွဆင်းလာခဲ့ပြီး ကျွန်ုပ်တို့၏ အပြစ်ဒုစရိုက်များအတွက် အပြစ်ဒဏ်ကို ခံယူသွားခဲ့သည်။ ကျွန်ုပ်တို့သည် အပြစ်လွှတ်ခြင်းကို ခံရဖို့အလို့ငှါ ကိုယ်တော်သည် လိုလိုလားလား အသေခံသွားခဲ့ပါသည်။

ဤကယ်တင်ခြင်းအား သင်လက်ခံရရှိခဲ့သည်ကို သင်မည်သို့သိသနည်း။ ပထမအနေဖြင့် ဘုရားသခင်သည် မိမိ၏နှုတ်ကပတ်တော်အပေါ်၌ သစ္စာရှိသောကြောင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရရှိထားကြောင်းကို သိကြပါလိမ့်မည်။ သခင်ယေရှုက ကျွန်ုပ်တို့သည်ကိုယ်တော်ကို ယုံကြည်လျှင် အပြစ်စီရင်ခြင်းခံရမည်မဟုတ်ကြောင်း ကျွန်ုပ်တို့ကိုပြောထားသည် (ယောဟန်

၃း၁၈)။ ယောဟန် ၆း၃၇ ကလည်း ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့လာကြလျှင်၊ ကျွန်ုပ်တို့ကိုငြင်းပယ်မောင်းထုတ်မည်မဟုတ်ကြောင်း ပြောထားသည်။ ဤအရာများသည် မုသားမပြောနိုင်သော ဘုရားသခင်၏ ကတိတော်များဖြစ်ကြသည်။ ဘုရားသခင်ပြောသော နှုတ်ကပတ်တော်ကို ယုံကြည်ပါ။ ဘုရားသခင်ထံ ယခုလာ၍သင့်ရဲ့ယုံကြည်ကိုးစားမှုနှင့် စိတ်ချမှုများအားလုံးကို ကိုယ်တော်အပေါ်၌ထားပါ။ ထိုသို့ပြုလုပ်သောအခါတွင် သင်သည်ထူးကဲသော စိတ်ခံစားမှုများကို ခံစားချင်မှခံစားရပေလိမ့်မည်။ သို့သော် စိတ်ခံစားမှုများ၏လှည့်စားခြင်းကို မခံပါနှင့်။ ဤအရာသည် သင်နှင့်ဘုရားသခင်ကြား၌ ပြုလုပ်သောဥပဒေရေးရာ အပေးအယူကိစ္စတစ်ခုဖြစ်သည်။ သင်သည် သင့်ရဲ့ယုံကြည်ကိုးစားမှု ကိုယ်တော်အပေါ်၌ထားရှိခဲ့ပြီး၊ သင့်ရဲ့ကယ်တင်ခြင်းအတွက်ကိုယ်တော်လုပ်ဆောင်ပေးသွားခဲ့သောအရာကိုသာ ယုံကြည်ခဲ့လျှင်ကိုယ်တော်ပြောသောနှုတ်ကပတ်တော်ကို ယုံကြည်လိုက်ပါ။ ဤကယ်တင်ခြင်းကို ကျွန်ုပ်တို့လက်ခံရရှိလိုခြင်းထက် ကိုယ်တော်ရှင်ကကျွန်ုပ်တို့ကို ပို၍ပေးချင်ပါသည်။

ဒုတိယအနေဖြင့်၊ သင့်တွင်ကယ်တင်ခြင်း သံခမောက်လုံးရှိထားသည်ကို သင်သိနိုင်ပါသည်။ အကြောင်းမှာ သင့်အသက်တာ၌ရှိသော ဘုရားသခင့်ဝိညာဉ်တော်၏အတွင်းဘက် သက်သေခံချက်ကြောင့်ဖြစ်သည်။ ရောမ ၈း၁၆ ကကျွန်ုပ်တို့သည် ဘုရားသခင်၏ သားသမီးများဖြစ်ကြကြောင်းကို အာမခံရင်း ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ထံ၌ သက်သေခံကြောင်းပြောပြထားသည်။ ကယ်တင်ခြင်းသံခမောက်လုံးကို သင်လှမ်းယူသောအချိန်တွင် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်က ထိုအပေးအယူကိစ္စကို သင့်နှလုံးသားထဲ၌လာရောက်ကိန်းဝပ်ခြင်းအားဖြင့် တံဆိပ်ခတ်နှိပ်လိုက်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ အသံတော်ကိုကြားနိုင်ရန်

သင့်ရဲ့ဝိညာဉ်ရေးနားများပွင့်လာခဲ့ကြပါသည်။ ဝိညာဉ်တော်သည် သင့်ရဲ့ကယ်တင်ခြင်း၏ အာမခံချက်ကို သင့်ထံ၌ပေးရသည်ကို ပျော်မွေ့နေပါသည်။ သင်သည် ဘုရားသခင်၏သားသမီးအမှန်ဖြစ်ကြောင်း သင့်အားသိစေရသည်ကို ပျော်မွေ့နေပါသည်။ ထိုအတွင်းဘက် အာမခံချက်ကို သင့်စိတ်နှလုံးထဲတွင် သင်ခံစားရပါလိမ့်မည်။ အတွင်းဘက်၌ သင်နှင့် သခင်ခရစ်တော်၏ ဆက်ဆံရင်းနှီးမှုကို အတည်ပြုပေး၍ သင့်ရဲ့ကယ်တင်ခြင်းကို အာမခံပေးနေသောအရာသည် ဘုရားသခင့်ဝိညာဉ်တော်၏ အသံတော်ပင် ဖြစ်သည်။

နောက်ဆုံးအနေဖြင့်၊ ကယ်တင်ခြင်းသံခမောက်လုံးကို သင်ရယူထားပြီဖြစ်ကြောင်း သင်အသေအချာသိနိုင်ပါသည်။ အကြောင်းမှာ သင်သည် သင့်အသက်တာ၌ သက်သေအထောက်အထားများကို တွေ့မြင်ရမည်ဖြစ်သောကြောင့်ဖြစ်သည်။ သင့်စိတ်ဆန္ဒများနှင့် ရည်မှန်းချက်များတွင် အပြောင်းအလဲတစ်ခုကို သင်ကြုံတွေ့ခံစားရပါလိမ့်မည်။ ယခင်ကသင်ပျော်မွေ့ခဲ့သောအရာများတွင် ယခုသင်ပျော်မွေ့တော့မည်မဟုတ်ပါ။ ဘုရားသခင်နှင့်စပ်ဆိုင်သောရာများအား နက်နက်နဲနဲဆာလောင်တောင့်တခြင်းကို သင်စတင်ခံစားရပါလိမ့်မည်။ သင့်အနီးတစ်ဝိုက်မှ လူတို့က ထိုပြောင်းလဲမှုများကို မြင်တွေ့ကြပါလိမ့်မည်။ သင်သည်လူသစ်ဖြစ်လာပါလိမ့်မည်။ သခင်ယေရှုက မိမိ၏အသက်တာကို သင့်အထဲတွင် ရှင်သန်စေပါလိမ့်မည်။ ဤအရာများနှင့်စပ်လျဉ်း၍ သတိပြုထားရန်အရေးကြီးသောအချက်မှာ ဤအသက်တာပြောင်းလဲမှုများသည် သာ၍ကောင်းမြတ်သောအသက်တာကို ရှင်သန်ဖို့သင့်ရဲ့ကိုယ်ပိုင်ကြိုးစားအားထုတ်မှုများ၏ ရလာဒ်မဟုတ်ကြပါဟူသော အချက်ဖြစ်သည်။ ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်သည် သင့်ကိုအတွင်းသဏ္ဌာန်၌ပြောင်းလဲနေသောကြောင့် ဤအရာများဖြစ်ပျက်လာရခြင်းဖြစ်သည်။

ဤကျမ်းချက်သည် ခရစ်ယာန်များအား လိပ်မူထားသည်ကို မှတ်သားထားရပေမည်။ အခန်းငယ် ၁၀ တွင်ရှင်ပေါလုက ဇေက်အသင်းသားများကို ညီအစ်ကိုများအဖြစ် လိပ်မူပြောဆိုခဲ့သည်။ ထိုသို့ဆိုလျှင်၊ ရှင်ပေါလုသည် ကယ်တင်ခြင်းခံရပြီးသောသူများကို ၄င်းတို့ကယ်တင်ခြင်းခံရပြီးချိန်၌ ကယ်တင်ခြင်းသံခမောက်လုံးကို ရယူကြဖို့ အဘယ်ကြောင့်ပြောခဲ့ပါသနည်း။ ဤအရာကို ဇဝေဇဝါဖြစ်နေခဲ့သောကြောင့် သခင်ဘုရားထံ၌ မေးလျှောက်ရန် ညနက်လမ်းလျှောက်ခြင်းတစ်ခုကို ကျွန်ုပ်ပြုလုပ်ခဲ့ပါသည်။ ကြယ်ရောင်များနှင့်တောက်ပနေသော ကောင်းကင်ကိုကျွန်ုပ်ကြည့်မိသွားခဲ့သည်။ ကျွန်ုပ်တို့နေထိုင်နေကြသော စကြဝဠာကြီး၏ကျယ်ပြန့်နက်ရှိုင်းမှုကို အံ့အားသင့်နေခဲ့သည်။ အဆုံးအစမရှိသော စကြဝဠာကြီးထဲတွင် ကျွန်ုပ်သည်အစက်အပြောက်လေးတစ်ခုဖြစ်နေခဲ့သည်။ စကြဝဠာကြီး၏ ကျယ်ပြန့်နက်နဲမှုများကို မတ်တပ်ရပ်ရင်း ချင့်ချိန်စဉ်းစားနေချိန်တွင် ဘုရားသခင်က "ဝိန်း၊ ငါရဲ့ကယ်တင်ခြင်းကဒီဟာနဲ့အတူတူပဲ။ ငါ့ရဲ့ကယ်တင်ခြင်းဟာ မင်းအတွက်ခံစားခဲ့ဖူးသောအရာများအားလုံးထက်ပိုပြီး ကျယ်ပြန့်တယ်၊ ပိုပြီးနက်ရှိုင်းတယ်" ဟုကျွန်ုပ်ကိုပြောခဲ့သည်။ ဤအရာသည် ရောမ ၁၁း၃၃-၃၅ ရှိရှင်ပေါလု၏ အတွေ့အကြုံနှင့်ဆင်တူသည်။ ရှင်ပေါလုက သခင်ဘုရားသည် မိမိကြုံတွေ့ခံစားနိုင်ခဲ့မည့်အရာအားလုံးထက်ပို၍ ကြီးမားကြောင်းကို နားလည်သဘောပေါက်ခဲ့သည်။

ခရစ်ယာန်တစ်ဦးအနေဖြင့် အသက်ရှင်ရသည့်နေ့တိုင်းသည် ဤအံ့ဖွယ်ကယ်တင်ခြင်းကို အသစ်ကြုံတွေ့ခံစားရန် နေ့သစ်တစ်နေ့ဖြစ်နေပါသည်။ နေ့ရက်တိုင်းသည် ဤရေတွင်းထဲမှ နက်သထက်နက်သောအနက်မှ ရေကိုခပ်ယူရသောအခွင့်အရေးတစ်ခုဖြစ်သည်။ ကျွန်ုပ်၏အသက်တာရှိ ဤကယ်တင်ခြင်း၏အကျိုးရလာဒ်ဖြစ်သော ငြိမ်သက်ခြင်းနှင့်အပြစ်လွှတ်ခြင်းအသစ်

ကိုနေ့စဉ် ကျွန်ုပ်ရယူရသည်။ ကျွန်ုပ်၏ကယ်တင်ခြင်းသည် အပြစ်ဒုစရိုက်မှ ကယ်နှုတ်ပေးခြင်းနှင့် ဘုရားသခင်၏မျက်မှောက်တော်ရှိသော အနာဂတ်တစ်ခုအတွက် မျှော်လင့်ချက်အသစ်ကို ကျွန်ုပ်အားနေ့စဉ်ပေးပါသည်။ အပြစ်ဒုစရိုက်၏ ကျွန်ပြုခံရခြင်း၊ သေခြင်း၊ ထာဝရအမျက်တော်မှ ကျွန်ုပ်ကိုကယ်တင်ပေးခဲ့သော ကိုယ်တော်ထံ၌ နေ့စဉ်အသစ်သောအပ်နှံမှုကို ကျွန်ုပ်ပြုသည်နှင့်အမျှ ကျွန်ုပ်တို့သည် ဤမယုံနိုင်ဖွယ်ရာ ကယ်တင်ခြင်းကို ပို၍ပို၍ ကြုံတွေ့ခံစားရပါသည်။ ကျွန်ုပ်သည် နက်သထက်နက်နက်တူး၍ ကျွန်ုပ်၏အသက်တာ၌ ဤကယ်တင်ခြင်း၏ အသီးအပွင့်ကို ပို၍ပို၍လက်ခံရရှိသည်နှင့်အမျှ ကျွန်ုပ်သည် နတ်ဆိုး၏ညှို့ယူဆွဲဆောင်မှုကို ပို၍ခုခံဆီးတားလာနိုင်ပါသည်။

ဖိလိပ္ပိ ၃း၁၂-၁၄ တွင် ရှင်ပေါလုက မိမိသည်သခင်ခရစ်တော်နှင့် စပ်ဆိုင်သောအရာများကို ဖမ်းကိုင်နိုင်ဖို့ အင်တိုက်အားတိုက်ပြေး၍ လိုက်လျှက်ရှိနေကြောင်း ဖိလိပ္ပိအသင်းသားများကို ပြောပြခဲ့သည်။ သူသည်ရှေ့၌ရှိနေသောအရာများဆီသို့ အားစိုက်နေခဲ့ပါသည်။ သူသည်ပန်းတုန်းတိုင်ဆီသို့ အင်တိုက်အားတိုက် ဆက်သွားနေခဲ့ပါသည်။ ရှင်ပေါလုက ဖိလိပ္ပိအသင်းသားများကို ရှေ့သို့ဆက်သွားကြရန် ပြောခဲ့ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အပြစ်လွှတ်ခြင်းနှင့် ငြိမ်သက်ခြင်းရေတွင်းကို ဘယ်သောအခါတွင်မျှ ကုန်ခမ်းစေနိုင်ကြမည်မဟုတ်ပါ။ ဤကယ်တင်ခြင်းနှင့်စပ်ဆိုင်သော ကျွန်ုပ်တို့၏ အတွေ့အကြုံသည် ဤဘဝဤအသက်တာတွင် လုံးလုံးပြည့်စုံလိမ့်မည် မဟုတ်ပါ။ သခင်ခရစ်တော်၌ရှိသော အရာအားလုံးကို သဘောပေါက် နားလည်၍ ကြုံတွေ့ခံစားရန် ထာဝရကာလ ပင်လျှင်လုံလောက်မည် မဟုတ်ပါ။

သခင်ဘုရားကို ယုံကြည်လက်ခံ၍ ထိုနေရာသို့မိမိတို့ရောက်ရှိနေကြပြီဟု ထင်မှတ်နေသောသူများစွာရှိသည်။ သူတို့သည် ယခုလက်ရှိထက် လုံးလုံးမကြီးထွားလာကြတော့ပါ။ သူတို့သည် သခင်ခရစ်တော်၌ ကလေးသူငယ်များ

အဖြစ် ဆက်လက်ရှိနေခဲ့ကြပြီး၊ ရန်သူ၏အဓိကပစ်မှတ်များဖြစ်လာကြရသည်။ ကျွန်ုပ်တို့သည် ကာကွယ်စောင့်မခြင်းကိုခံလိုလျှင် ဤသံခမောက်လုံးကို ရယူကြဖို့ လိုအပ်သည်ဟုရှင်ပေါလုက ပြောပြနေပါသည်။ ကျွန်ုပ်တို့သည် ဤကယ်တင်ခြင်းရေတွင်းမှ နေ့စဉ်နက်နက်နဲနဲခပ်ယူကြရပါမည်။ ဘုရားသခင်၏ ဤကယ်တင်ခြင်းက ၎င်း၏အသီးအပွင့်ကို ကျွန်ုပ်တို့အထဲ၌နေ့စဉ် သီးပွင့်ရန် ကျွန်ုပ်တို့အခွင့်ပေးဖို့ လိုအပ်သည်။

ကယ်တင်ခြင်း သံခမောက်လုံးသည် အခြေခံအုတ်မြစ်နှင့်သက်ဆိုင်သည်။ ဤအရာမရှိလျှင် သင်သည်သခင်ခရစ်တော်မပါသော ထာဝရကာလတစ်ခုကို ဖြတ်သန်းရန် လျှာထားသတ်မှတ်ခံထားရပါသည်။ သင့်ရဲ့ကယ်တင်ခြင်းကို သင်စိတ်ချထားဖို့ရန် အဘယ်မျှအရေးကြီးသနည်း။ ယနေ့တွင် သင်သည် ဘုရားသခင်၏ သားသမီးတစ်ယောက်ဖြစ်နေသည်ကို သိထားပါသလား။ လူတိုင်းသည် ဘုရားသခင်၏သားသမီးမဟုတ်ကြပါ။ မိမိတို့၏ အပြစ်ဒုစရိုက် အတွက် သခင်ခရစ်တော်က ကိုယ်စားပေးခဲ့သော အဖိုးအခကို ယုံကြည်ခြင်းဖြင့်လှမ်းယူ၍ လက်ခံရရှိသောသူများကသာ ဤကယ်တင်ခြင်းကို သိရှိနားလည်နိုင်ကြသည်။

သင်သည် သခင်ယေရှုထံ လက်ကမ်းခဲ့ပါသလား။ ဘုရားသခင်၏ မိသားစုအတွင်းရှိ သင့်ရဲ့နေရာကိုသင့်အထဲမှ ဘုရားသခင်၏ဝိညာဉ်တော်က သင့်ကိုအခိုင်အမာပြောပြပါသလား။ သခင်ယေရှုသည် သင့်အထဲ၌ရှင်သန်၍ အပြစ်ဒုစရိုက်မှ သင့်ကိုရွေးနှုတ်နေကြောင်း သက်သေအထောက်အထားကို သင်မြင်တွေ့ပါသလား။ သင်သည် သန့်ရှင်းစင်ကြယ်သောအတွေး၊ သန့်ရှင်းစင်ကြယ်သောစကား၊ သန့်ရှင်းစင်ကြယ်သောအပြုအမူတို့၌ ဤကယ်တင်ခြင်း၏မျက်မှောက် စစ်မှန်မှုကိုနေ့စဉ်ကြုံတွေ့ခံစားရပါသလား။ ဤမေးခွန်းများ

ကို သင်မည်သို့ဖြေရမည်ကို မသေချာလျှင် ယခုချက်ချင်း သခင်ဘုရားထံသို့ သွားဖို့သင့်ကို ကျွန်ုပ်စိန်ခေါ်တိုက်တွန်းပါသည်။ သင့်အပြစ်များကို ဝန်ချတောင်းပန်၍ ယုံကြည်မည့်သူများအားလုံးထံ၌ အခမဲ့ပေးသနားထားသော ကယ်တင်ခြင်းသံခမောက်လုံးကို လက်ခံရယူဖို့ လက်ကမ်းပေးလိုက်ပါ။ ထိုသံခမောက်လုံးကိုဆောင်း၍ ယုံကြည်စိတ်ချမှုရှိရှိဖြင့် ဝတ်ဆင်လိုက်ပါ။ ထိုအရာသည် ဘုရားသခင်၏ သားသမီးတစ်ယောက်ဖြစ်သော သင့်အခြေအနေကိုပြသည့် သင်္ကေတတစ်ခုဖြစ်သည်။

စဉ်းစားသုံးသပ်ရန်အချက်များ

- သခင်ဘုရားပေးသနားတော်မူသော ကယ်တင်ခြင်းကို သင်လက်ခံရရှိခဲ့ဖူးပါသလား။ သင်မည်သို့သိသနည်း။ သင့်အသက်တာ၌ ဤကယ်တင်ခြင်း၏ သက်သေအထောက်အထားက အဘယ်နည်း။
- ဤနှစ်ကာလများ၌ ဤကယ်တင်ခြင်းအကြောင်း သင်နားလည်သဘောပေါက်ထားပုံတွင် ကြီးထွားတိုးတက်မှု ရှိနေခဲ့ပါသလား။ ဤကယ်တင်ခြင်းသည် ယခင်ကအချိန်များထက် ယခုတွင်ပို၍ တန်ဖိုးရှိနေပါသလား။
- ယနေ့တွင် ဤကယ်တင်ခြင်း၏ မည်သည့်အသီးအပွင့်ကို သင်ကြုံတွေ့ခံစားရပါသနည်း။
- ဤကယ်တင်ခြင်းနှင့် ကျွန်ုပ်တို့နေ့စဉ်ဆက်လက်၍ ကြုံတွေ့ခံစားနေရသည့် ၎င်း၏အသီးအပွင့်က ကျွန်ုပ်တို့ကိုရန်သူ၏ တိုက်ခိုက်မှုများမှ မည်သို့ကာကွယ်ပေးပါသနည်း။

ဆုတောင်းရန်အချက်များ

- ကိုယ်တော်ရှင်ပေးသနားတော်မူသော အံ့ဖွယ်ကယ်တင်ခြင်းအတွက် ကိုယ်တော်ကို ကျေးဇူးတင်ချီးမွမ်းပါ။
- သင့်ရဲ့ကယ်တင်ခြင်းအတွက် သခင်ယေရှုကအထမြောက်ပြည့်စုံစေခဲ့သောအရာအတွက် နေ့စဉ်အသစ်သောကျေးဇူးတင်စိတ်ကို သင့်အားပေးသနားရန် ဘုရားသခင်ထံ၌တောင်းလျှောက်ပါ။
- ဘုရားသခင်က သင့်ကိုပေးသနားခဲ့သည့် ကယ်တင်ခြင်းနှင့် စပ်လျဉ်းသော သင့်ရဲ့အတွေ့အကြုံနှင့် ထိုကယ်တင်ခြင်း၏ အသီးအပွင့်၌ သင့်ကိုကြီးထွားရင့်ကျက်လာရန် ကူညီမစပေးဖို့ ဘုရားသခင်ကို တောင်းလျှောက်ပါ။
- သခင်ဘုရား၏ ကယ်တင်ခြင်းကို မသိသေးသော မိတ်ဆွေ(သို့) ဆွေမျိုးတစ်ယောက်အတွက် ဆုတောင်းပေးရန် အချိန်ယူပါ။

# ဂလာတိသြဝါဒစာ နှင့် ဖေက်သြဝါဒစာ

၄၂

# ဝိညာဉ်တော်၏ဓါး

ဧဖက် ၆း၁၇ ကိုဖတ်ရှုပါ။

စစ်ဝတ်စုံ၏နောက်ဆုံးတန်ဆာမှာ ဝိညာဉ်တော်၏ဓါးဖြစ်သည်။ ဤဓါးသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်ဟု ရှင်ပေါလုက ကျွန်ုပ်တို့ကိုပြောပြနေပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို "အဘယ့်ကြောင့် ဝိညာဉ်တော်၏ဓါး" ဟုဆိုထားပါသနည်း။ ကျွန်ုပ်တို့၏ရှေ့မှောက်၌ရှိသော တိုက်ပွဲတွင် ထိုဓါးကကျွန်ုပ်တို့ကို မည်သို့ကူညီပေးပါသနည်း။ ဤမေးခွန်းများကို အနည်းငယ်အသေးစိတ်၍ စဉ်းစားသုံးသပ်ကြပါစို့။

ဤနေရာတွင် "ဘုရားသခင်၏နှုတ်ကပတ်တော်" ကိုမည်သည့် အရာဟုပြောထားပါသနည်း။ "ဘုရားသခင်၏နှုတ်ကပတ်တော်" ဟူသော စကားစုကိုသမ္မာကျမ်းစာတွင် မှုတ်သွင်းတော်မူထားသော သမ္မာကျမ်းစာများကို အများဆုံးရည်ညွှန်းပါသည် (ဟေရှာယ ၄၀း၈၊ မာကု ၇း၁၃)။ သို့သော်၊ ရှင်ပေါလုကဤစကားစုကို ဧဝံဂေလိတရားအားဟောပြော ခြင်းကို ရည်ညွှန်းရန်အတွက်လည်း အသုံးပြုခဲ့ပါသည် (၂ကော ၂း၁၇၊ ဖိလိပ္ပိ ၁း၁၄)။ ဤကျမ်းပိုဒ်၌ ရည်ညွှန်းပြောဆိုထားသည့် "နှုတ်ကပတ်တော်" ဆိုသည်မှာ သမ္မာကျမ်းစာနှင့် ၎င်း၏သွန်သင်ချက်များဖြစ်သည်ဟု စိတ်ချစွာပြောနိုင်ပါသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်ကို "ဝိညာဉ်တော်၏ဓါး" ဟု အဘယ်

ကြောင့်ခေါ်ဆိုသနည်း။ ဤနေရာ၌ "ဝိညာဉ်တော်" ဟူသောရည်ညွှန်းချက်သည် "သန့်ရှင်းသောဝိညာဉ်တော်" ဖြစ်ကြောင်း ကျွန်ုပ်တို့ နားလည်သဘောပေါက်ကြပါသည်။ သမ္မာကျမ်းစာကို "သန့်ရှင်းသောဝိညာဉ်တော်၏ဓါး" ဟုခေါ်ဆိုရာတွင် အဓိကအကြောင်းအရင်းနှစ်ခုရှိသည်။

ပထမမှာ၊ ဝိညာဉ်တော်သည် ဤသမ္မာကျမ်းစာကို ရေးသားဖန်တီးသူဖြစ်သည်။ ဤအချက်သည် ၂ပေ ၁း၂၀-၂၁ ရှိတမန်တော်ပေတရု၏ ရှင်းလင်းပြတ်သားသော သွန်သင်ချက်ဖြစ်သည်။

> ကျမ်းစာ၌ပါသော အနာဂတ္တိစကားမည်သည်ကား၊ ကိုယ်အလို အလျောက်အနက်မပေါ်ဟု ရှေ့ဦးစွာသိမှတ်ကြလော့။ အကြောင်းမူကား၊ အနာဂတ္တိစကားသည် လူအလိုအားဖြင့် ဖြစ်ဘူးသည်မဟုတ်။ ဘုရားသခင်၏ သန့်ရှင်းသူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကို ခံရ၍ဟောပြောကြ၏။

ယနေ့တွင် ကျွန်ုပ်တို့၌ရှိထားသော ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းဟူသောသမ္မာကျမ်းစာကို သန့်ရှင်းသောဝိညာဉ်တော်က မှုတ်သွင်းထားပါသည်။ ဝိညာဉ်တော်သည် ဤနှစ်ကျမ်းလုံး၏ ရေးသားဖန်တီးသူအမှန်ဖြစ်သည်။ ဤအကြောင်းအရင်းကြောင့် ဤကျမ်းချက်တွင် "နှုတ်ကပတ်တော်"ဟူသော စကားလုံးသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် စပ်ဆိုင်သည်ဟု မှတ်ယူထားသည်။

ဒုတိယအနေဖြင့်၊ ဝိညာဉ်တော်သည် ဘုရားသခင့်လူမျိုးများ၏ အသက်တာ၌ ဘုရားသခင်၏အမှုတော်ကို အထမြောက်ပြည့်စုံလာစေရန်အတွက် နှုတ်ကပတ်တော်ကို အသုံးပြုရန်ရွေးချယ်၍ လုပ်ပိုင်ခွင့်အာဏာပေးထားသောကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဝိညာဉ်တော်၏

ဓါးဟုခေါ်ဆိုရခြင်းဖြစ်သည်။ ယောဟန် ၁၇း၁၇ က ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် သန့်ရှင်းစင်ကြယ်ခြင်း (သခင်ခရစ်တော်နှင့် ပို၍သဏ္ဍာန်တူလာရန် လုပ်ဆောင်ခြင်း) အဖြစ်သို့ ရောက်ရှိကြရသည်ဟု ဆိုထားသည်။ ၂တိ ၃း၁၆-၁၇ တွင် သမ္မာကျမ်းစာနှင့် စပ်လျဉ်း၍ ရှင်ပေါလုကကျွန်ုပ်တို့အား ပြောပြထားသည့်အရာကို နားထောင်ကြည့်ပါ။

> ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့် ဖြစ်၍၊ ဘုရားသခင်၏လူတို့သည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြုစုခြင်းအလို့ငှါ ပြင်ဆင်သောသူဖြစ်မည့်အကြောင်း၊ ဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောက်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်းကျေးဇူးများကိုပြုတတ်၏။

ဤနေရာတွင် ဘုရားသခင်၏နှုတ်ကပတ်တော် (သမ္မာကျမ်းစာ) သည် ကျွန်ုပ်တို့၏အသက်တာကို သခင်ခရစ်တော်၌ မွမ်းမံတပ်ဆင်ရန်ဟူသောရည်ရွယ်ချက်ကို ရှိထားကြောင်း ရှင်ပေါလုကကျွန်ုပ်တို့ကို အလွန်ရှင်းလင်းပြတ်သားစွာ ပြောပြထားပါသည်။ ဤသမ္မာကျမ်းစာများကို ကျွန်ုပ်တို့၏အသက်တာ၌ ထည့်သွင်းကျင့်သုံးစေခြင်းမှာ သန့်ရှင်းသောဝိညာဉ်တော်၏အမှုတော်ဖြစ်သည်။ ဝိညာဉ်တော်သည် ဤသမ္မာကျမ်းစာများထဲသို့ အသက်ကိုမှုတ်သွင်း၍ ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ စိုက်ပျိုးကာအသီးအပွင့်ကို သီးပွင့်စေပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုသာမပါလျှင်၊ သမ္မာကျမ်းစာ၏ စကားလုံးများသည် လူသားများ၏အသက်တာ၌ နက်နဲသောဝိညာဉ်ရေးအကျိုးသက်ရောက်မှုကို ပေးနိုင်ကြမည်မဟုတ်ပါ။

၁ကော ၂း၁၄ တွင် ဤသို့ဖတ်ရှုရသည်။

ဇာတိပကတိလူသည် ဘုရားသခင်၏ဝိညာဉ်တော်အရာတို့ကို

> မခံမယူ။ ထိုအရာတို့သည် မိုက်မဲသောအရာဖြစ်သည်ဟု ထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာ ပိုင်းခြား၍ နားလည်နိုင်သောကြောင့်၊ ဇာတိပကတိလူသည် နားမလည်နိုင်။

သမ္မာကျမ်းစာကို ကျွန်ုပ်တို့စစ်မှန်စွာ နားလည်နိုင်သည့်တစ်ခုတည်းသောနည်းလမ်းမှာ သန့်ရှင်းသောဝိညာဉ်တော်၏ အသိဉာဏ်ပွင့်စေခြင်းအားဖြင့်သာဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့ကိုလုပ်ကျွေးပြုစုသောအခါ ဘုရားသခင်သည်ကျွန်ုပ်တို့ကိုတိုက်ရိုက်စကားပြောတော်မူပါသည်။ ထိုအရာသည် ကျွန်ုပ်တို့၌အသက်ဖြစ်လာသည်။ ၎င်း၏လက်တွေ့ရယူကျင့်သုံးစရာများကိုလည်း ကျွန်ုပ်တို့၏အသက်တာ၌ ယခင်ကမမြင်ခဲ့ဖူးသောနည်းလမ်းများဖြင့် ကျွန်ုပ်တို့မြင်တွေ့လာကြပါသည်။ သမ္မာကျမ်းစာများသည် ကျွန်ုပ်တို့ကို ရင့်ကျက်ခြင်းသို့ ဆောင်ယူလာရာ၌ ဘုရားသခင်အသုံးပြုသောနည်းလမ်းဖြစ်သည်။

ရှင်ပေါလုက သက်သာလောနိတ်မြို့မှ ယုံကြည်သူများထံ စာရေးပေးပို့ရာတွင် ၎င်းတို့အား ၁သက် ၁း၅ တွင် ဤသို့ပြောခဲ့သည်။

> ငါတို့သည်သင်တို့နှင့်အတူနေသောအခါ သင်တို့အတွက် အဘယ်သို့သောသူဖြစ်သည်ကို သင်တို့သိကြသည်နှင့်အညီ၊ငါတို့ဟောပြောသောဧဝံဂေလိတရားသည်၊ သင်တို့၌ စကားသက်သက်ဖြစ်သည် မဟုတ်။ တန်ခိုးနှင့်၎င်း၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့်၎င်း၊ ဝိစိကိစ္ဆာမရှိဘဲ အမှန်သိခြင်းနှင့်၎င်း ပြည့်စုံသောတရားဖြစ်၏။

ရှင်ပေါလု၏ တရားဟောပြောခြင်းသည် စကားလုံးများဖြင့်သာ မဟုတ်၊ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့်လည်းဖြစ်ခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် မိမိမှုတ်သွင်းတော်မူထားသော နှုတ်ကပတ်

တော်ကို ယူဆောင်၍တမန်တော်များက ထိုနှုတ်ကပတ်တော်အား ဟောကြားရာ၌ လုပ်ပိုင်ခွင့်အာဏာပေးရခြင်းတွင် အလွန်အားရတော်မူကြောင်း အလွန်ထင်ရှားနေပါသည်။ ဤအချင်းအရာကို ယနေ့အချိန်အထိလုပ်ဆောင်ရသည်ကို  အလွန်အားရကျေနပ်လျှက်ရှိပါသည်။

သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ပိုင်ခွင့်အာဏာပေးခြင်းကို ခံစားရသော ဘုရားသခင်၏နှုတ်ကပတ်တော်ဓါးသည် စာတန်၏အင်အားစုများကို ခုခံဆီးတားရာတွင် အလွန်ထိရောက်မှုရှိသော အကွယ်အကာတစ်ခုဖြစ်သည်။ သခင်ဘုရားကို သိကျွမ်းလာခဲ့သည့်အချိန်ကို သင်သတိရကောင်းရပါလိမ့်မည်။ ထိုအချိန်မတိုင်မီတွင် သင်သည်သမ္မာကျမ်းစာ၏ အစိတ်အပိုင်းအချို့ကို ဖတ်ရှုခဲ့သော်လည်း၊ မည်သည့်တို့ထိမှုမှ မခံစားရဘဲရှိနေခဲ့ပေမည်။ သို့သော်၊ တစ်နေ့တွင် သင်သည်ထိုနှုတ်ကပတ်တော် ဟောပြောခြင်းကို ထိုင်နားထောင်ခဲ့ပြီး၊ ထိုနှုတ်ကပတ်တော်၏ ဆုပ်ကိုင်ဖမ်းစားခြင်းကို ခံခဲ့ရသည်။ သင့်နှလုံးသားများကျိုးပဲ့ကြေကွဲခဲ့၍၊ မျက်ရည်များသည် ပါးပင်တလျှောက်စီးကျခဲ့ရသည်။ ဘုရားသခင်သည် ထိုစကားလုံးများဖြင့် သင့်ကိုတိုက်ရိုက်စကားပြောနေသယောင်ထင်မှတ်ခဲ့ရသည်။ သင်သည် ၁သက် ၁း၅ ၌ ရှင်ပေါလုပြောပြခဲ့သော တန်ခိုးတော်ကို ကြုံတွေ့ခံစားနေခဲ့ပါသည်။ ထိုနှုတ်ကပတ်တော်သည် အလွန်အစွမ်းထက်ခဲ့သောကြောင့်  သင်ခုခံနိုင်စွမ်းမရှိခဲ့ပါ။ ထိုနှုတ်ကပတ်တော်သည် သင့်ကိုအပြစ်ဖော်ပြ၍ သင့်အသက်တာရှိ စာတန်၏လိမ်လည်လှည့်ဖြားမှုများမှ သင့်ကိုလွတ်မြောက်စေခဲ့ပါသည်။ ထိုနှုတ်ကပတ်တော်သည် ယနေ့တွင် ကမ္ဘာတစ်ဝှမ်းမှ မရေမတွက်နိုင်သောအသက်တာများစွာကို ပြောင်းလဲနေပါသည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့မျက်ခြည်ပြတ်သွားဖို့

စာတန်လုပ်ဆောင်ပါလိမ့်မည်။ ဒေဝိဥယျာဉ်ကြီးထဲ၌ ဧဝကိုသူစုံစမ်းနှောက်ယှက်ချိန်တွင် စာတန်သည်ဘုရားသခင်က ဧဝကိုပေးခဲ့သောစကားပေါ်တွင် ဗဟိုပြုခဲ့သည်။ ဘုရားသခင်၏ ရှင်းလင်းပြတ်သားသော ညွှန်ကြားချက်များအပေါ်၌ သူမကိုသံသယဖြစ်စေနိုင်ခဲ့လျှင် သူမကိုအပိုင်ကိုင်နိုင်ပြီဟု စာတန်သိထားသည်။ တစ်ခါတစ်ရံတွင် ရန်သူ၏တိုက်ခိုက်မှုများကို ဆန့်ကျင်ခုခံရန် ကျွန်ုပ်တို့၌ရှိထားသည့် တစ်ခုတည်းသောအကာအကွယ်မှာ သမ္မာကျမ်းစာ၏ သွန်သင်ချက်ဖြစ်သည်။ ရှင်မဿဲခရစ်ဝင်ကျမ်းတွင် သခင်ယေရှုစုံစမ်းနှောက်ယှက်ခံရချိန်က စာတန်ကိုခုခံဆီးတား၍ မိမိ၏အကာအကွယ်အဖြစ် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဆွဲကိုင်ထားခဲ့သည်။

ဘုရားသခင်ပြောသောအရာများအပေါ်၌ သင့်ကိုသံသယဖြစ်စေဖို့ စာတန်သည် မိမိတတ်နိုင်သမျှအရာအားလုံးကို လုပ်ဆောင်မည့်အကြောင်း သေချာသိထားပါ။ ယခင်နှင့်လုံးလုံးမတူပဲ၊ စာတန်သည် ကျွန်ုပ်တို့၏လူမှုအသိုင်းအဝိုင်းကို သမ္မာကျမ်းစာ၏ ရှင်းလင်းပြတ်သား၍ မှုတ်သွင်းခံရသော သွန်သင်ချက်များအား ကျော်ခိုင်းသွားရန် ဖန်တီးနေခဲ့ပါသည်။ သမ္မာကျမ်းစာ၏သွန်သင်ချက်များအပေါ်၌ တည်ထောင်ထားသော တက္ကသိုလ်ကြီးများနှင့် ဓမ္မတက္ကသိုလ်ကြီးများသည် ဤသွန်သင်ချက်များကို ဘေးဖယ်၍ခေတ်သစ်လမ်းစဉ်များကို ပို၍မျက်နှာသာပေးနေကြပါသည်။ ကျွန်ုပ်တို့၏နိုင်ငံတစ်ကြောမှအသင်းတော်များက သမ္မာကျမ်းစာ၏ အခွင့်အာဏာရှိခြင်းကို မေးခွန်းထုတ်နေခဲ့ကြပါသည်။ ခရစ်ယာန်အသိုင်းအဝိုင်းများက သမ္မာကျမ်းစာနှင့်အညီ စာမတတ်ပေမတတ်ဖြစ်နေခြင်းမှာ ယခင်နှင့်လုံးလုံးမတူတော့ပါ။ ကျွန်ုပ်တို့၏ သားသမီးများသည် သမ္မာကျမ်းစာ၏ သွန်သင်ချက်များကို လုံးလုံးမသိပဲ ကြီးပြင်းလာနေကြပါသည်။

ကျွန်ုပ်တို့ ခေတ်ကာလတွင် စာတန်သည်သမ္မာကျမ်းစာ၏ ဩဇာအာဏာနှင့်ကျိုးကြောင်းညီညွတ်ခြင်းတို့ကို လူတို့အယုံအကြည်မဲ့သွားစေရန် အစွမ်းကုန်ကြိုးစားအားထုတ် လုပ်ဆောင်နေခဲ့ပါသည်။ အကျိုးရလာဒ်မှာကား အကျင့်စာရိတ္တပျက်ပြားခြင်းကို လူပုံအလယ်၌ပေါ်ပေါ်ထင်ထင် ပြုလုပ်ခြင်းနှင့် မရေမရာရှုပ်ထွေးမှုဒီရေလှိုင်းတစ်ခု ရိုက်ခတ်ခြင်းဖြစ်သည်။ ဤအရာသည် စာတန်နှင့်၎င်း၏ကြိုးစားအားထုတ်မှုများအတွက် မြေဩဇာကောင်းသောမြေဖြစ်သည်။ အသင်းတော်သည် ပတ်ဝန်းကျင်အသိုင်းအဝိုင်းကြား၌ ၎င်း၏အများယုံကြည်လက်ခံနိုင်မှုရှိခြင်းကို ဆုံးရှုံးနေပါသည်။ အကြောင်းမှာ အသင်းတော်သည် များသောအားဖြင့် ဘုရားသခင့်နှုတ်ကပတ်တော်၏ ရှင်းလင်းပြတ်သားသော သွန်သင်ချက်များကို စွန့်လွှတ်ခဲ့သောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏ ခါးကိုချထားဖို့ ကျွန်ုပ်တို့မပြုလုပ်နိုင်ပါ။ သမ္မာကျမ်းစာ၏ ရှင်းလင်းပြတ်သားသော လမ်းပြမှုကို ယခင်ကထက်ကျွန်ုပ်တို့ပို၍ လိုအပ်နေကြပါသည်။ သံလိုက်အိမ်မြှောင်တစ်ခုအလား၊ ဤနှုတ်ကပတ်တော်သည် မရေမရာရှုပ်ထွေးမှုအန္တရာယ်ကြီးနှင့် ကျွန်ုပ်ကိုဝန်းရံထားသော လိမ်လည်လှည့်ဖြားမှုများကို အန္တရာယ်ကင်းစွာဖြတ်သန်းကျော်လွှားနိုင်ဖို့ ကျွန်ုပ်တို့ကို လမ်းပြပေးပါလိမ့်မည်။

စာတန်သည်သမ္မာကျမ်းစာကို မဟုတ်မမှန်ကြောင်း ထင်ရှားစေရန် ကြိုးစားအားထုတ်မည်သာမဟုတ်၊ သမ္မာကျမ်းစာကို တလွဲအဓိပ္ပါယ်ပြန်ဆို၍ တလွဲလက်တွေ့ရယူကျင့်သုံးကြရန်အတွက်လည်း ကြိုးစားအားထုတ်ပါလိမ့်မည်။ မဿဲ ၄ ရှိသခင်ယေရှုအား စုံစမ်းနှောက်ယှက်ခြင်းတွင် စာတန်သည် မိမိ၏အကျိုးအမြတ်အတွက် သမ္မာကျမ်းစာကို အသုံးပြုဖို့ ဝန်မလေးခဲ့ပါ။ ဤအရာသည် ကျွန်ုပ်တို့၏ခေတ်ကာလ၌ ယုံကြည်ချက်မှားယွင်းနေသောသူများကို အောင်မြင်နေစေသော အကြောင်းအရင်းမဟုတ်ပါလား။

ခမ္မသွန်သင်ချက်အယူဝါဒများ၌ ကျွန်ုပ်တို့အငြင်းပွားနေမှုများတွင် စာတန်သည် ကျွန်ုပ်တို့ကိုဝင်ပါစေဖို့ လှုံ့ဆော်ပါလိမ့်မည်။ သမ္မာကျမ်းစာ အပေါ်၌ စာတန်ကသံသယဖြစ်စေခြင်း (သို့) သမ္မာကျမ်းစာကို စာတန်က တလွဲအဓိပ္ပါယ်ပြန်ဆိုစေခြင်းသည် ပို၍များသောပျက်စီးထိခိုက်မှုကို ကမ္ဘာ တစ်ဝှမ်း၌ ယနေ့ဖြစ်စေမှု ရှိ၊ မရှိကိုပြောရန်မှာ ခက်ခဲပါသည်။ တစ်ဖက် တွင် ဘုရားသခင့်နှုတ်ကပတ်တော်၏ သြဇာအာဏာရှိခြင်းကို ငြင်းပယ်နေ သည့် လောကီသီးသန့်ဝါဒ (ဥပဒေ၊ ပညာရေးစသောလောကီကိစ္စများ၌ ဘာသာအယူဝါဒရေးရာ လွှမ်းမိုးမှုမရှိစေရေးဝါဒ)သည် ပေါ်ထွန်းလာနေပြီး၊ အခြားတစ်ဖက်တွင်လည်း သမ္မာကျမ်းစာကို တလွဲအဓိပ္ပါယ်ပြန်ဆိုခြင်းကြောင့် ဖြစ်ပေါ်လာသည့် အစွန်းရောက်သောစိတ်သဘောထားကွဲလွဲခြင်းနှင့် အယူ သန်ခြင်းများလည်း ရှိနေကြသည်။ ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းအသိုင်းအဝိုင်း ၌ ထင်ရှားနေသောအရာမှာ ရန်သူသည်ဝိညာဉ်တော်၏ဓါးကို တိုက်ခိုက်ဖို့ အကောင်းဆုံးကြိုးစားလုပ်နေသည်ဟူသော အချက်ဖြစ်သည်။ စစ်မှန်သော ယုံကြည်သူတစ်ယောက်၏ လက်ထဲတွင်ဤလက်နက်သည် မည်မျှအစွမ်းထက် မြက်ကြောင်းကို ရန်သူကသိနေပါသည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဓါးတစ်လက်အဖြစ်အဘယ် ကြောင့်ခေါ်ဆိုရသည်ကို စကားလုံးအနည်းအကျဉ်းပြောချင်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဓါးဟုခေါ်ဆိုရခြင်းမှာ ထိုနှုတ်ကပတ်တော် ကဆောင်ယူလာသော တရားစီရင်ခြင်းကြောင့်ဖြစ်သည်။ ဤကမ္ဘာမြေပေါ်၌ တရားစီရင်ခြင်းကို ဆောင်ယူလာမည့်ပြောင်လက်စွာပွတ်တိုက်၍ ထက်မြက် စွာသွေးထားသည့် ဓါးတစ်လက်အကြောင်းကို ယေဇကျေလ ၂၁ ကပြောပြ ထားသည်။ ဗျာဒိတ် ၁၉း၁၅ တွင် သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်း

အကြောင်းကို ကျွန်ုပ်တို့ဖတ်ရှုရသည်။ ကိုယ်တော့်ကို ခံတွင်းထဲမှ အလွန်ထက်သော သံလျက်ဓါးထွက်လာသောသူအဖြစ် ဖော်ကျူးထားသည်။ ထိုသံလျှက်ဓါးသည် တရားစီရင်ခြင်းသံလျက်ဓါးဖြစ်သည်။ တစ်နေ့တွင် ကျွန်ုပ်တို့တစ်ဦးချင်းသည် သမ္မာကျမ်းစာ၏စံချိန်စံညွှန်းအတိုင်း တိုင်းတာသတ်မှတ်ခြင်းကိုခံကြရပါမည်။ ကျွန်ုပ်တို့ထင်မှတ်ထားသောအရာက အဆုံးတွင် အရေးကြီးမည်မဟုတ်ပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်သာလျှင် ကျွန်ုပ်တို့စစ်ဆေးအကဲဖြတ်ပေးသူဖြစ်လာပါမည်။ ဤနှုတ်ကပတ်တော်သည် ငရဲသားနတ်ဆိုးအပေါင်းတို့ကိုလည်း တရားစီရင်ပါလိမ့်မည်။ စာတန်ကိုယ်တိုင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သော သခင်ယေရှု၏ရှေ့တော်မှောက်တွင် ရပ်၍ပြစ်ဒဏ်ချမှတ်စီရင်ခြင်းခံရပါမည်။

ဤနှုတ်ကပတ်တော်ကို သံလျက်ဓါးဟုခေါ်ဆိုရခြင်းမှာ ကျွန်ုပ်တို့၏စိတ်နှလုံးကို ထိုးဖောက်နိုင်၍ ကျွန်ုပ်တို့၏အတွေးများနှင့် ရည်ရွယ်ချက်များကို ထိုးထွင်းသိမြင်နိုင်သောကြောင့်ဖြစ်သည် (ဟေဗြဲ ၄း၁၂)။ သင်သည် ဤသံလျက်ဓါး၏ တန်ခိုးတော်ကို သင့်အသက်တာ၌ ခံစားကောင်းခံစားခဲ့ပေမည်။ ဤဓါးသည်အပြစ်ရှိကြောင်းကို ဖော်ထုတ်ပြသပေးပါသည်။ အလင်းရောင်တစ်ခုကဲ့သို့ ကျွန်ုပ်တို့၏စိတ်နှလုံးမှ အမှောင်မိုက်ဆုံးသော လျှို့ဝှက်ချက်များကိုလည်း ဖွင့်ပြပေးပါသည်။ ခွဲစိတ်ဆရာဝန်တစ်ဦး၏ ဓါးကဲ့သို့ အလိုမရှိသောအပြစ်ဒုစရိုက်နှင့် ဆန့်ကျင်ပုန်ကန်ခြင်းတို့ကို ဖြတ်ထုတ်ဖယ်ရှားပေးပါသည်။ မီးကဲ့သို့ ကျွန်ုပ်တို့၏ ခုခံဆန့်ကျင်မှုများကို အရည်ပျော်သွားစေ၍၊ ကျွန်ုပ်တို့၏ စိတ်သဘောထားများကို စိန်ခေါ်တိုက်တွန်းပေးသည်။ ကျွန်ုပ်တို့ကို သန့်ရှင်းစင်ကြယ်စေ၍ သင့်ရဲ့ကယ်တင်ရှင်ထံသို့ သင့်ကိုပို၍နီးကပ်စွာ ဆောင်ယူသွားရန် မိမိသံလျက်ဓါးကို အသုံးပြုရခြင်းသည် ဘုရားသခင့်၏ ဝိညာဉ်တော်အားရကျေနပ်သောအရာဖြစ်သည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ဓါးတစ်လက်ဖြစ်ကြောင်းကို တွေ့မြင်နိုင်သည့်အခြားနည်းလမ်းမှာ ရန်သူ၏တိုက်ခိုက်မှုများကို တားဆီးကာကွယ်နိုင်သည့် ၄င်း၏အစွမ်းအစဖြစ်သည်။ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့လိုအပ်နေသောအချိန်၌ ဉာဏ်ပညာကိုဆောင်ယူလာပေး၍ စိတ်ပျက်အားငယ်သောအချိန်၌ ကျွန်ုပ်တို့ကို နှစ်သိမ့်ပေးကာ၊ မရေမရာရှုပ်ထွေးမှုများဖြစ်နေချိန်တွင် ငြိမ်သက်ခြင်းကိုပေးပါသည်။ ကျွန်ုပ်တို့စိတ်ပျက်အားလျော့၍ မရေမရာနှင့် ရှုပ်ထွေးသွားစေရန်အတွက် ရန်သူ၏အဆက်မပြတ်တိုက်ခိုက်မှုများကို ဤနှုတ်ကပတ်တော်ဖြင့် ကျွန်ုပ်တို့ကိုတားဆီးကာကွယ်ကြပါသည်။ သံသယစိတ်များနှင့်ရှိနေသောအချိန်တွင် ဤနှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏ယုံကြည်စိတ်ချမှုဖြစ်လာသည်။ အပြုမှား၊ အယူမှားများထံ၌ မလဲကျသွားရန် ကျွန်ုပ်တို့ကိုကာကွယ်ပေးပါသည်။

ဤဓါး၏အသီးအပွင့်ကို ကျွန်ုပ်တို့၏အသက်တာ၌ တွေ့မြင်ရခြင်းကို ရန်သူက သည်းမခံနိုင်ပါ။ ကျွန်ုပ်တို့အထဲ၌ရိတ်သိမ်းရဖို့ စာတန်ကအစွမ်းကုန်ကြိုးစားလုပ်ဆောင်ခဲ့သော မှားယွင်းသည့်စိတ်သဘောထားအား ဖြတ်တောက်ဖယ်ရှားခံနေရသည့်အဖြစ်ကို တွေ့မြင်သောအခါ စာတန်ကြောက်ရွံ့တွန့်ဆုတ်သွားပါသည်။ ဖုံးကွယ်ထားသော ရည်ရွယ်ချက်များနှင့် လျှို့ဝှက်ထားသော အပြစ်ဒုစရိုက်များကို ဖော်ထုတ်ရန်အတွက် ကျွန်ုပ်တို့အသက်တာ၏ အတွင်းကျဆုံးလျှို့ဝှက်နေရာများဆီသို့ ဤဓါးထိုးဖောက်ဝင်ရောက်သွားချိန်တွင် စာတန်ဝမ်းနည်းကြေကွဲရပါသည်။ ဤဓါးကိုရွယ်လိုက်သည်နှင့် စာတန်မှာ ထွက်ပြေးသွားဖို့ တွန်းအားပေးခံရပါသည်။ တစ်နေ့တွင် ဤဓါးသည် နောက်ဆုံးအကြိမ်အဖြစ် သူ့အပေါ်တွင်ရောက်လာပါလိမ့်မည်။ သခင်ဘုရား၏နှုတ်မှစကားတစ်ခွန်း၊ ကိုယ်တော်ရှင့်ဓါးတစ်ချက်အဝှေ့တွင် စာတန်နှင့်

၄င်း၏ကောင်းကင်တမန်များမှာ နောက်ဆုံးရှုံးနိမ့်ခြင်းနိဂုံးကို ရောက်ရှိသွားကြပါလိမ့်မည်။

ဝိညာဉ်ရေးတိုက်ပွဲ၌ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ယနေ့တွင်အဘယ်မျှအရေးပါနေပါသနည်း။ ရန်သူ၏တိုက်ခိုက်မှုများကို တားဆီးကာကွယ်ရန်အတွက် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နည်းလမ်းလက်နက်တစ်ခုအဖြစ် သင်ရှုမြင်ပါသလား။ ဤခါး၏စေ့စေ့စပ်စပ်စစ်ဆေးခြင်းအောက်တွင် သင့်အသက်တာကို လိုလိုလားလားထားရှိပါသလား။ သခင်ယေရှုထံ၌ ဘုန်းကြီးခြင်းကိုဆောင်ယူမလာသော သင့်အသက်တာမှအစိတ်အပိုင်းများကို ဖြတ်တောက်ဖယ်ရှားဖို့ ဤခါးကိုလိုလိုလားလားခွင့်ပြုပေးလိုပါသလား။ တစ်ခါတစ်ရံတွင် ဤအရာများသည် စိတ်ထိခိုက်နာကျင်ရသောဖြစ်စဉ်တစ်ခုဖြစ်သော်လည်း ရန်သူကိုသင်အနိုင်ယူနိုင်ဖို့ဆိုလျှင် မလုပ်မဖြစ်လုပ်ရမည့်အရာဖြစ်သည်။

သင့်ရှေ့၌ရှိနေသော တိုက်ပွဲတွင်ဘုရားသခင့် နှုတ်ကပတ်တော်၏တန်ခိုးတော်ကို သင်လျှော့မတွက်နိုင်ပါ။ သင်စုံစမ်းနှောက်ယှက်ခြင်းခံရသောအချိန်တွင် ထိုနှုတ်ကပတ်တော်ကို ဖက်တွယ်ထားပါ။ သင်စိတ်ပျက်အားလျော့၍ဝမ်းနည်းအားငယ်နေချိန်တွင် ထိုနှုတ်ကပတ်တော်၏ ကတိတော်များကို ရယူလိုက်ပါ။ အသိအမြင်များနှင့် ဉာဏ်ပညာကိုသင်လိုအပ်သောအချိန်တွင် ထိုနှုတ်ကပတ်တော်ကို သေသေချာချာလေ့လာပါ။ သင်သံသယစိတ်များနှင့်ပြည့်နေသောအချိန်တွင် ထိုနှုတ်ကပတ်တော်ကို အကြွင်းမဲ့ယုံကြည်ကိုးစားပါ။ ထိုနှုတ်ကပတ်တော်ကို စိတ်ချယုံကြည်မှု၊ ရဲရင့်မှုတို့နှင့်အတူ ထုတ်ပြောပါ။ လမ်းပြပေးခြင်းနှင့် လမ်းညွှန်ချက်များအတွက် ထိုနှုတ်ကပတ်တော်ကို နေ့စဉ်ရှာကြံဖတ်ရှုပါ။ ဤနှုတ်ကပတ်တော်သည် ပြုပြင်ပြောင်းလဲပေးနိုင်စွမ်းသော

နှုတ်ကပတ်တော်ဖြစ်သည်။ ဤနှုတ်ကပတ်တော်၏ အသက်တာပြောင်းလဲစေနိုင်သော တန်ခိုးတော်သည် သင့်ဖြစ်တည်မှု၏ အလယ်ဗဟိုအထိ ဝင်ရောက်ထိုးဖောက်နိုင်ပါသည်။ ရန်သူ၏ လိမ်လည်လှည့်ဖြားများကို တန်ပြန်တိုက်ခိုက်နိုင်သော တန်ခိုးသည် ဤနှုတ်ကပတ်တွင်သာရှိသည်။ ဤနှုတ်ကပတ်တော်ထံမှ မည်သည့်အရာကမျှ သင့်ကိုအာရုံမလွှဲစေပါနှင့်။ ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ်၌ သစ္စာရှိခြင်းတွင်သာ အောင်နိုင်ခြင်းကို မြင်တွေ့ရနိုင်ပါသည်။

စဉ်းစားသုံးသပ်ရန်အချက်များ

- ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဝိညာဉ်တော်၏ဓါးဟု အဘယ်ကြောင့်ခေါ်သနည်း။
- ရန်သူ၏တိုက်ခိုက်မှုများကို ခုခံဆီးတားရာတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်က သင့်အတွက် အကာအကွယ်မည်သို့ ဖြစ်နေခဲ့ပါသနည်း။
- ဤနှုတ်ကပတ်တော်ကို ရန်သူကတိုက်ခိုက်နေသည့်သက်သေအထောက်အထား သင့်အနီးတစ်ဝိုက်တွင် ရှိပါသလား။ ရန်သူကို ဆိုင်ပြိုင်တိုက်လှန်သော ကျွန်ုပ်တို့၏တိုက်ပွဲ၌ ဝိညာဉ်တော်၏ဓါးသည် အဘယ်မျှအရေးပါသည်ကို ဤအရာကမည်သို့ပြောပြပါသနည်း။
- ယနေ့တွင် ဤဓါးသည် သင့်အသက်တာ၌ မည်သည့်အတိုင်းအတာအထိ အလုပ်လုပ်နေပါသနည်း။

ဆုတောင်းရန်အချက်များ

- သမ္မာကျမ်းစာသည် သင့်အတွက်ခွန်အားပေးတိုက်တွန်းခြင်းနှင့် ကောင်းကြီးမင်္ဂလာဖြစ်နေခဲ့သည့်အပေါ်၌ သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။ ဤနှုတ်ကပတ်တော်သည် သင့်ရဲ့အကွယ်အကာ ဖြစ်နေခဲ့သောကြောင့် ကိုယ်တော်ကိုကျေးဇူးတင်ချီးမွမ်းပါ။
- ကိုယ်တော်၏ နှုတ်ကပတ်တော်ကို ဆာလောင်ခြင်းနှင့် ငတ်မွတ်ခြင်း တို့ကို တိုးမြှင့်ပေးဖို့ ဘုရားသခင်ကို တောင်းလျှောက်ပါ။
- အသက်တာကိုပြောင်းလဲပေးနိုင်သော ဤဓါး၏တန်ခိုးတော်အတွက် သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။ ဤနှုတ်ကပတ်တော်သည် ရန်သူကို ဆုတ်ခွါထွက်ပြေးစေမည့်အတွက်လည်း ကိုယ်တော့်ကို ကျေးဇူးတင်ချီးမွမ်းပါ။

# ဂလာတိသြဝါဒစာ နှင့် ဖေက်သြဝါဒစာ

## ၃၃
# ဝိညာဉ်တော်အားဖြင့် ဆုတောင်းကြလော့

ဧဖက် ၆း၁၈ ကိုဖတ်ရှုပါ။

ယခုအချိန်အထိ ကျွန်ုပ်တို့မြင်တွေ့ခဲ့ကြသောအရာမှာ ခရစ်ယာန်စစ်ဝတ်စုံသည် သခင်ခရစ်တော်အတွက် ကျွန်ုပ်တို့လုပ်ဆောင်သောအရာထက် သခင်ခရစ်တော်၌ရှိသော ကျွန်ုပ်တို့၏အရိုက်အရာနှင့် ပို၍စပ်ဆိုင်နေသည်ဟူသော အချက်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ကျွန်ုပ်တို့၏ရှေ့၌ရှိသော တိုက်ပွဲကိုအောင်မြင်ခြင်းအမှုသည် ကျွန်ုပ်တို့လုပ်ဆောင်သောအရာထက် သခင်ခရစ်တော်၌ကျွန်ုပ်တို့မည်သူမည်ဝါဖြစ်ကြသည်ဟူသော အချက်တွင်ပို၍ မူတည်သည်။ ကျွန်ုပ်တို့၏ရှေ့မှောက်၌ရှိသော တိုက်ပွဲကိုကျွန်ုပ်တို့အနိုင်ယူလိုလျှင် ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကို သခင်ခရစ်တော်၏ကိုယ်ကျင့်စာရိတ္တဖြင့် ဝတ်ဆင်ကြရမည်ဖြစ်သည်။ ဤအရာသည် ရန်သူကသည်းမခံနိုင်သော အရာတစ်ခုဖြစ်သည်။ သခင်ယေရှု၏ကိုယ်ကျင့်စာရိတ္တများ ကျွန်ုပ်တို့အထဲ၌ ထုတ်ဖော်ပြသနေသည်ကို စာတန်မြင်တွေ့ရသောအခါ၊ သူထွက်ပြေးရပါလိမ့်မည်။ ကျွန်ုပ်တို့သည် ရန်သူကိုအနိုင်ယူလိုလျှင်၊ သခင်ယေရှုက ကျွန်ုပ်တို့အတွက် လုပ်ဆောင်ပေးသွားခဲ့သောအရာနှင့် ကိုယ့်ကိုယ်ကို ဝတ်ဆင်လွှမ်းခြုံထားကြရပါမည်။ သို့သော်၊ ဤအရာအပြင်၊ ရှင်ပေါလုကဧဖက်အသင်းသားများအား ၎င်းတို့ပြုလုပ်ဖို့လိုအပ်သည်ဟု ပြောထားသောအခြားအရာတစ်ခု

ရှိနေသေးသည်။

*ကာလအစဉ်ဆုတောင်းပဌနာပြုခြင်း*

ရှင်ပေါလုက "ကာလအစဉ်ဆုတောင်းပဌနာပြုကြလော့" ဟု ပြောခဲ့သည်။ ဤအရာသည် စာတန်နှင့်၎င်း၏နတ်ဆိုးများကို ဆိုင်ပြိုင်တိုက်လှန်သောတိုက်ပွဲရှိ ကျွန်ုပ်တို့၏အခန်းကဏ္ဍဖြစ်သည်။ ရှင်ပေါလုက ဧဖက်အသင်းသားများအား "ကာလအစဉ်" ဆုတောင်းကြရန် ပြောခဲ့သည်ကိုသတိပြုပါ။

ကျွန်ုပ်တို့သည် အခက်အခဲများကို ရင်ဆိုင်ရသောအချိန်၌သာ ဆုတောင်းကြရမည်မဟုတ်ပါ။ သို့သော်၊ ဤသည်မှာ ကျွန်ုပ်တို့လုပ်နေကျအရာဖြစ်နေသည်။ မြောက်မြားစွာသောအချိန်တွင် ကျွန်ုပ်တို့သည် ချောင်ပိတ်မိ၍ လွတ်မြောက်ဖို့လမ်းမရှိသော အချိန်၌သာသခင်ဘုရား၏ ဉာဏ်ပညာနှင့် တန်ခိုးတော်ကိုရှာကြံဖို့ စဉ်းစားကြသည်။ ရှင်ပေါလုက ဧဖက်အသင်းသားများအား ဆုတောင်းခြင်းကို ဘဝရှင်သန်နေထိုင်မှုတစ်ခု (ပုံမှန်လုပ်နေကျအရာ)အဖြစ်ပြုလုပ်ကြဖို့ လိုအပ်ကြောင်းပြောခဲ့သည်။ သူတို့သည် စာတန်ကတိုက်ခိုက်လာမည့်အချိန်အထိ စောင့်စားနေဖို့မဟုတ်ပါ။ သူတို့သည် စာတန်၏တိုက်ခိုက်မှုများကိုတာဆီးဖို့ ဆုတောင်းကြရမည်ဖြစ်သည်။

ရှင်ပေါလုက ကျွန်ုပ်တို့သည် အပယ်ငရဲ၏အင်အားစုများကို မပြတ်မလပ်ဆုတောင်းခြင်းဖြင့် တရစပ်တိုက်ခိုက်နေရမည်ဟု ပြောနေပါသည်။ မီးတောက်နေသောမြှားများအလား၊ ဤဆုတောင်းချက်များသည် ရန်သူ၏တပ်စုကိုထိုးဖောက်ဝင်ရောက်၍ ရန်သူတည်ဆောက်ထားသော ခြေကုပ်များကို ဖြိုချပစ်ပါသည်။ စာတန်သည် အသင်းတော်အား ဆန့်ကျင်တိုက်ခိုက်ခြင်းကိုဘယ်သောအခါတွင်မျှ ရပ်တန့်သွားမည်မဟုတ်ကြောင်းကို သေချာမှတ်ထားပါ။ သူသည်တစ်နေ့ပြီးတစ်နေ့ စိတ်ဝမ်းကွဲခြင်းနံရံကြီးများအား တည်ဆောက်ခြင်းကို မလျော့တမ်းလုပ်ဆောင်နေပါသည်။ သူသည်နာကျည်းခါးသီး

မှုနှင့် မုန်းတီးမှုများဖြင့် ပစ်ပေါက်ခြင်းကိုလက်လျှော့သွားမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည်လည်း ဆုတောင်းခြင်းကို လက်လျှော့သွား၍မရပါ။ ကျွန်ုပ်တို့သည် ရန်သူ၏မြှားချက်များကို ကျွန်ုပ်တို့၏မြှားများဖြင့် ဆန့်ကျင်တုန့်ပြန်ရမည်ဖြစ်သည်။ ဆုတောင်းခြင်းဖြင့်၊ ဘုရားသခင်၏ တန်ခိုးတော်သည် စာတန်၏ ခြေကုပ်များအပေါ်သို့ ဖြေလွှတ်ခြင်းကိုခံရပါသည်။

ထွက်မြောက်ရာ ၁၇ ရှိ အာမလက်လူမျိုးတို့အား မောရှေတိုက်ခိုက်ခဲ့သည့် အဖြစ်အပျက်ကို သင်သတိရမိပါသလား။ ဤအာမလက်လူမျိုးများသည် ဘုရားသခင်၏ လူများကိုဖျက်ဆီးဖို့သနားညှာတာမှုကင်းစွာ တိုက်ခိုက်နေကြပါသည်။ ဤအချိန်တွင် မောရှေသည် ဘုရားသခင်၏တောင်ဝှေးတော်ကို လက်ထဲတွင်ကိုင်ထားလျှက် မိမိ၏လက်တို့ကို မြှောက်ထားခဲ့ပါသည်။ မောရှေ၏လက်များကိုမြှောက်ထားသမျှ ကာလပတ်လုံးရန်သူ၏တပ်များမှာ ရှုံးနိမ့်ခဲ့ကြသည်။ သို့သော်၊ မောရှေ၏လက်များသည် အားကုန်လာ၍အောက်သို့ကျလာကြသည်နှင့် ရန်သူတို့ကတိုက်ပွဲကို စတင်အနိုင်ရလာကြပါသည်။ စာတန်အားဆန့်ကျင်တိုက်ခိုက်ခြင်းတွင်လည်း ဤအတိုင်းပင်ဖြစ်သည်။ ဆုတောင်းခြင်းသည် အောင်မြင်ခြင်းကို ဆွတ်ယူပေးပါသည်။

ရှင်ပေါလုသည် ဖေက်အသင်းသားများအား ဆုတောင်းရာ၌လည်း အားကြီးသောသူများဖြစ်ကြဖို့ စိန်ခေါ်ခဲ့သည်။ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏ရှင်သန်နေထိုင်ပုံဖြစ်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်များကို ဆုတောင်းခြင်းနှင့် ရွှဲရွှဲစိုစိုနေစေရမည်။ ကျွန်ုပ်တို့၏ အမှုတော်လုပ်ငန်းများကိုလည်း ဆုတောင်းခြင်းနှင့် ရွှဲရွှဲစိုနေစေရမည်။ စာတန်နှင့်၎င်း၏ ကောင်းကင်တမန်များကို ဆိုင်ပြိုင်တိုက်လှန်သော တိုက်ပွဲတွင်ဆုတောင်းခြင်းသည် အာရုံစူးစိုက်ရမည့်အရာဖြစ်လာဖို့ လိုအပ်သည်။ ဘုရားသခင်၏တန်ခိုးတော်သည်ဆုတောင်းခြင်းအားဖြင့် လွှင့်ထုတ်ခြင်းကိုခံရသည်။ အချိန်တိုင်း၊

နေရာတိုင်း၌ ဆုတောင်းရန်လိုအပ်ပုံကို ကျွန်ုပ်တို့မျက်ခြေပြတ် သွားခဲ့သော ကြောင့် ယနေ့တွင်စာတန်အလွန်ရှေ့ရောက်ခရီးပေါက်နေရခြင်း ဖြစ်နိုင်ပါ သလား။ ကျွန်ုပ်တို့သည်စာတန်ကို ဆိုင်ပြိုင်တွန်းလှန်ရန်အတွက် လူ့ကြိုးစား အားထုတ်မှုကိုပို၍ မလိုအပ်ပါ။ ဆုတောင်းခြင်းကိုသာ ပို၍လိုအပ်ကြပါသည်။ သမ္မာကျမ်းစာသည် ဤစည်းမျဉ်းဥပဒေသနှင့်ပြည့်နေပါသည်။

"လူတို့သည် အားမလျော့ဘဲ ကြိုးစား၍ဆုတောင်းရမည် အကြောင်း ကို ဥပမာစကားအားဖြင့် မိန့်တော်မူသည်ကား" (လုကာ ၁၈း၁)။

"မြော်လင့်လျက် ဝမ်းမြောက်ကြလော့။ ဆင်းရဲဒုက္ခရောက်သောအခါ သည်းခံကြလော့။ ဆုတောင်းပဌနာပြုခြင်းအမှုကို အမြဲပြုကြလော့" (ရောမ ၁၂း၁၂)။

"အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာပြုသောအားဖြင့်၊ သင်တို့ တောင်းပန်လိုသောအရာများတို့ကို ဘုရားသခင်အား ကြားလျှောက် ကြလော့" (ဖိလိပ္ပိ ၄း၆)။

"ဆုတောင်းပဌနာပြုခြင်းအမှုကို အမြဲပြု၍၊ ကျေးဇူးတော်ကို ချီးမွမ်းလျက် စောင့်ရှောက်ကြလော့" (ကောလောသဲ ၄း၂)။

"မခြားမလပ်ဆုတောင်းပဌနာပြုကြလော့" (၁သက် ၅း၁၇)။

ဤတိုက်ပွဲတွင် ဆုတောင်းခြင်းသည် အဘယ်မျှအရေးပါသည်ကို အလွယ်တကူမြင်တွေ့နိုင်ပါသည်။ ကျွန်ုပ်တို့၏ရှေ့တွင်ရှိသော တိုက်ပွဲတွင် ကျွန်ုပ်တို့အနိုင်ရလိုလျှင် ကျွန်ုပ်တို့သည်အချိန်တိုင်း၊ နေရာတိုင်း၌ ဆုတောင်း

ရန် ဆက်ကပ်အပ်နှံထားသောသူများဖြစ်ကြဖို့ လိုအပ်သည်။

*ဆုတောင်းပဌနာပြုခြင်းအမျိုးမျိုးတို့ဖြင့် ဆုတောင်းကြလော့*

ရှင်ပေါလုသည် ဧဖက်အသင်းသားများအား ၄င်းတို့သည်အမျိုးမျိုးသောဆုတောင်းပဌနာပြုခြင်းဖြင့် ဆုတောင်းကြရမည်ဖြစ်ကြောင်းကိုလည်းပြောပြခဲ့သည်။ ဤဆွေးနွေးမှုတွင် ဆုတောင်းခြင်းနှစ်မျိုးကိုသာ ကျွန်ုပ်ကြည့်ရှုသွားချင်ပါသည်။ ချီးမွမ်းခြင်းနှင့်ကြားဝင်တောင်းလျှောက်ပေးခြင်း ဖြစ်ကြသည်။ ပထမဆုတောင်းခြင်းအမျိုးအစားဖြစ်သည့် ကျေးဇူးတင်ခြင်းနှင့် ချီးမွမ်းခြင်းဟူသော ဆုတောင်းခြင်းနှင့်စပ်လျဉ်း၍ ရန်သူသည်ဤဆုတောင်းချက်မျိုးများကြောင့် အလျင်အမြန်ရှုံးနိမ့်သွားခဲ့သောအချိန်များရှိပါသည်။ စာတန်ကသင့်ကို ဖိအားပေးနေသည်ဟု ခံစားသောအခါတွင် သခင်ဘုရား ကသင့်ကိုပေးသနားခဲ့သော ကောင်းကြီးမင်္ဂလာများအတွက် ကျေးဇူးတင်ချီးမွမ်းခြင်းအတွက် သင့်အသံကိုမြှင့်လိုက်ပါ။ ဤအရာ၏အကျိုးရလာဒ်များကို သင့်ရှေ့မှောက်တွင် ရှိနေသောတိုက်ပွဲတွင် ရှုစားပါ။ ရိုးသားမှန်ကန်သော ကျေးဇူးတော်ချီးမွမ်းခြင်းအသံကို ရန်သူကြားသောအခါ ဆုတ်ခွါထွက်ပြေးသွားပါလိမ့်မည်။

ကျွန်ုပ်အမှုတော်ဆောင်ခဲ့သော မောရေးရှပ်ကျွန်းရှိ အသင်းတော်၌ ရန်သူချဉ်းကပ်ဝင်ရောက်လာခဲ့ပြီး၊ ကြီးမားသောစိတ်ဝမ်းကွဲမှုကြီး ဖြစ်ပေါ်စေခဲ့သည့်အဖြစ်ကို ကျွန်ုပ်သတိရမိသည်။ ဤအသင်းတော်သည် တစ်ချိန်တစ်ခါက ထိုဒေသရှိအသိုင်းအဝိုင်းကြားတွင် စစ်မှန်သောသက်သေတစ်ခုဖြစ်ခဲ့သည်။ သို့သော်၊ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာများသည် သူတို့ထံမှရုပ်သိမ်းသွားခဲ့သည်။ ကာလအတန်ကြာ မည်သူမျှသခင်ယေရှုအား ယုံကြည်

ခြင်းသို့ ပြောင်းလဲမလာခဲ့ကြပါ။ လာရောက်လည်ပတ်၍ ပါဝင်သူများက အလွန်ထင်ရှားသိသာသော စိတ်ဝမ်းကွဲခြင်းကို အသင်းတော်၌ခံစားခဲ့ကြသည်။ ယုံကြည်သူများသည် တစ်ယောက်နှင့်တစ်ယောက် အဆင်မပြေ၊ မသင့်မတင့်ဖြစ်နေခဲ့ကြသည်။ နာကျည်းခါးသီးမှုနှင့် စိတ်ဝမ်းကွဲခြင်းသည် လုပ်ငန်းတစ်ခုလုံး၌စိမ့်ဝင်ပျံ့နှံ့သွားခဲ့သည်။ ဤအချိန်ကာလတစ်လျှောက်လုံးတွင် ဤအမှုတော်၌ ကျေးဇူးတင်ခြင်းနှင့် ချီးမွမ်းခြင်း လိုအပ်နေမှုကို ကိုယ်တော်ရှင်ကကျွန်ုပ်၏စိတ်နှလုံးထဲ၌ ခတ်နှိပ်ခဲ့သည်။ အသင်းတော်တစ်ပါးအဖြစ်နှင့် သခင်ဘုရားကို ကျွန်ုပ်တို့ ချီးမွမ်းနိုင်မည့်အရာများကို ကျွန်ုပ်စတင်ရှာကြံခဲ့သည်။ အသင်းသားတစ်ဦး၏ အသက်တာ၌ နာကျည်းခါးသီးခြင်းနှင့် မတုန့်ပြန်ဘဲ၊ ချစ်ခြင်းမေတ္တာဖြင့်တုန့်ပြန်ရန် သခင်ဘုရားအလုပ်လုပ်သည်ကို ကျွန်ုပ်တို့မြင်တွေ့ကြသောအခါ ကျေးဇူးတော်ကိုချီးမွမ်းကြသည်။ ဘုရားသခင်လုပ်ဆောင်နေသောအရာကို ကျွန်ုပ်တို့စတင်အာရုံစူးစိုက်လာကြသည်နှင့် အရာအားလုံးသည် စတင်ပြောင်းလဲလာသည်။ မရှေးမနှောင်းတွင် ကျွန်ုပ်တို့သည် သခင်ဘုရားကိုချီးမွမ်းဖို့ အကြောင်းအရင်းများကို ပို၍ပို၍စတင်မြင်တွေ့လာကြသည်။ သိပ်မကြာမီတွင် ထိုဖိနှိပ်ချုပ်ချယ်ခံရမှုသည် စတင်ပျောက်ကွယ်သွားခဲ့သည်။ စာတန်သည် ကျေးဇူးတင်ချီးမွမ်းခြင်းကို သည်းမခံနိုင်ခဲ့ပါ။ ဘုရားသခင်၏လူများက ၎င်းတို့ ပြဿနာများ၏ အပျက်သဘောဆောင်သောစိတ်နှင့် စူးစိုက်နေကြသည့်ကာလပတ်လုံး စာတန်သည် ထိုနေရာ၌နေရသည်ကိုနှစ်သက်သည်။ သို့သော်ဘုရားသခင့်လူများ၏ စိတ်နှလုံးသည် ချီးမွမ်းခြင်းများနှင့်ပြည့်လာသောအခါ စာတန် မနေနိုင်တော့ပါ။ ကျေးဇူးတင်ချီးမွမ်းခြင်းဆုတောင်းချက်များအားဖြင့် ရန်သူ၏ခြေကုပ်များမှာ ပြိုလဲပျက်စီးသွားကြရသည်။

ဒုတိယဆုတောင်းခြင်းမျိုးသည် ကြားဝင်တောင်းလျှောက်ပေးခြင်း (သို့) ဆုတောင်းသနားခံခြင်းဖြစ်သည်။ ဤဆုတောင်းခြင်းမျိုးတွင် ကျွန်ုပ်တို့၏ လိုအပ်ချက်များကိုလည်းကောင်း၊ အမှုတော်လုပ်ငန်းနှင့်အသက်တာ၌ ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာကိုလည်းကောင်း တောင်းလျှောက်ကြပါသည်။ ကျွန်ုပ်တို့၏ရှေ့၌ရှိနေသော တိုက်ပွဲတွင် ဤဆုတောင်းခြင်းမျိုးကိုလည်း ကျွန်ုပ်တို့လိုအပ်ကြသည်။ ကျွန်ုပ်တို့၏ရှေ့၌ရှိနေသော တိုက်ပွဲကိုရင်ဆိုင်တိုက်လှန်ရန်အတွက် ကျွန်ုပ်တို့လိုအပ်သောအရာများအား ပေးသနားရသည်ကို ဘုရားသခင်နှစ်သက်ပျော်မွေ့တော်မူသည်။ ယာကုပ် ၄း၂ က ကျွန်ုပ်တို့သည် မတောင်းလျှောက်ကြသောကြောင့် ကျွန်ုပ်တို့၌ မရှိရခြင်းဖြစ်ကြောင်း ပြောပြထားသည်။ ကျွန်ုပ်တို့လိုအပ်သောအရာများကို ဘုရားသခင်ထံ၌ တောင်းလျှောက်ကြဖို့ ကျွန်ုပ်တို့ကို သမ္မာကျမ်းစာ၌ အဖန်တလဲလဲဆင့်ခေါ်ထားပါသည်။ သင်သည်ရန်သူကို ရင်ဆိုင်ဖို့ဉာဏ်ပညာလိုအပ်ပါသလား။ ဘုရားသခင်ကို တောင်းလျှောက်ပါ။ ဘုရားသခင်က ပေးမည်ဟုကတိပေးထားသည် (ယာကုပ် ၁း၅)။ သင်သည်ခွန်အားစွမ်းပကား (သို့) သည်းခံခြင်းကို လိုအပ်နေပါသလား။ ဆုတောင်းခြင်းဖြင့် ရယူဖို့သာလိုအပ်ပါသည် (၁ရာ ၃၀း၆)။ ရန်သူကို ရင်ဆိုင်ရန်အတွက် ကျွန်ုပ်တို့လိုအပ်သောအရာများသည် အဆင်သင့်ရှိနေကြပါသည်။ ကျွန်ုပ်တို့လုပ်ရမည့် တစ်ခုတည်းသောအရာမှာ တောင်းဖို့ဖြစ်သည်။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၏ တန်ခိုးတော်အပြည့်အစုံကို ယခုမြင်တွေ့ကြရပါမည်။ ကျွန်ုပ်တို့တောင်းလျှောက်ကြသောကြောင့် ခြေကုပ်ခံတပ်များပြိုလဲ ဖျက်ဆီးခံကြရပါသည်။ နာမကျန်းဖြစ်သူများသည် ဘုရားသခင်၏ အလိုတော်နှင့်အညီ ပျောက်ကင်းသွားကြပါသည်။ အကြောင်းမှာ ထိုသူတို့ကို ဘုရားသခင်၏ အနာငြိမ်းခြင်းလက်တော်၌ ကျွန်ုပ်တို့

အပ်နှံခဲ့ကြသောကြောင့်ဖြစ်သည်။ တစ်စုံတစ်ယောက်က ဆုတောင်းသောကြောင့် အပြစ်သားမှာ ကယ်တင်ခြင်းခံရ၍ မူလအရိုက်အရာ၌ ပြန်လည်ထားရှိ ခြင်းကိုခံရသည်။ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့အားဘုရားသခင်၏ တန်ခိုးတော်ကို တိုက်ရိုက်အသုံးပြုစေပါသည်။ ရန်သူသည် ဤအရာ၏ရှေ့တွင် တန်ခိုးအစွမ်းမဲ့သွားရပါသည်။

*ဝိညာဉ်တော်၌ (အားဖြင့်) ဆုတောင်းခြင်း*

ဤကျမ်းပိုဒ်တွင် ကျွန်ုပ်တို့ကြည့်ရှုဖို့ လိုအပ်သည့်နောက်ဆုံးအချက်တစ်ခုရှိသည်။ ဤအချက်၏အရေးပါပုံကို ကျွန်ုပ်အထူးပြောလိုသောကြောင့် အဆုံးပိုင်း၌ ချန်လှပ်ထားရခြင်းဖြစ်သည်။ ရှင်ပေါလုကကျွန်ုပ်တို့အား "ဝိညာဉ်တော်၌(အားဖြင့်)" ဆုတောင်းကြလော့ဟု ဤနေရာ၌ပြောထားပါသည်။ ဤစကားစုသည် မည်သည့်အရာကိုဆိုလိုပါသနည်း။ ဆုတောင်းခြင်း၌ တွေ့ရသောစုံစမ်းနှောက်ယှက်ခြင်းမှာ သခင်ဘုရားထံသို့ ကျွန်ုပ်တို့၏ကိုယ်ပိုင်အယူအဆများနှင့်အတူ ရောက်လာကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျွန်ုပ်တို့၏မိတ်ဆွေများနှင့် ဆွေမျိုးများ၏အသက်တာ၌ မည်သို့အလုပ်လုပ်ပေးရန် လိုအပ်သည်ကို လမ်းညွှန်ကြသည်။ ဤစကြာဝဠာကြီးအား မည်သို့စီမံခန့်ခွဲရမည်၊ မည်သူ့ကိုအနာငြိမ်းစေရမည်ကို ဘုရားသခင်အား ကျွန်ုပ်တို့ပြောပြကြသည်။ ဤကဲ့သို့သော ဆုတောင်းခြင်းမျိုးသည် ဤနေရာ၌ ရှင်ပေါလုပြောနေသော ဆုတောင်းခြင်းမျိုးမဟုတ်ပါ။ ရှင်ပေါလုသည် ဆုတောင်းခြင်း၌ "အမည်တပ်ပြောလိုက်၊ တောင်းယူလိုက်" (name it, claim it) ဟူသော စိတ်သဘောထားမျိုးကို ထောက်ခံအားပေးနေခြင်းမဟုတ်ပါ။

ကျွန်ုပ်တို့သည် ဝိညာဉ်တော်၌(အားဖြင့်) ဆုတောင်းကြရမည်ဖြစ်သည်ဟု ရှင်ပေါလုက ကျွန်ုပ်တို့ကိုပြောပြချိန်တွင် ကျွန်ုပ်တို့သည်ဝိညာဉ်

တော်၏ ဦးဆောင်ခြင်း၊ လမ်းညွှန်ခြင်း၊ စေ့ဆော်ခြင်းတို့နှင့်အညီ ဆုတောင်းကြဖို့လိုအပ်သည်ဟု ပြောပြနေကြောင်း ကျွန်ုပ်ယုံကြည်မိသည်။ ဤကဲ့သို့သော ဆုတောင်းခြင်းသည် ဘုရားသခင့်သန့်ရှင်းသောဝိညာဉ်တော်၏ စေ့ဆော်ခြင်း၊ ဘုရားသခင့်နှုတ်ကပတ်တော်၏ သွန်သင်ချက်တို့နှင့် ကျွန်ုပ်တို့တစ်သားတည်းဖြစ်နေသော အခါ၌သာဖြစ်လာနိုင်ပါသည်။ ဝိညာဉ်တော်၌ (အားဖြင့်) ဆုတောင်းခြင်းနှင့် စပ်လျဉ်း၍ R.A Torrey ၏ပြောဆိုထားချက်ကို နားထောင်ကြည့်ပါ။

> ကျွန်ုပ်တို့သည် ဘုရားသခင်၏ မျက်မှောက်တော်သို့ တိုးဝင်ကြသောအချိန်တွင် ချည့်နဲ့အားနည်းခြင်း၊ ကျွန်ုပ်တို့အတွက် အကောင်းဆုံးအရာကို မသိနားမလည်ခြင်း၊ မည်သည့်အရာအားတောင်းလျှောက်သင့်သည်ကို မသိနားမလည်ခြင်း၊ ထိုအရာအတွက် မည်သို့ဆုတောင်းရမည်ကို မသိနားမလည်ခြင်း၊ အသိစိတ်ထဲ၌ မှန်ကန်စွာဆုတောင်းရန်လုံးလုံးမတတ်နိုင်ခြင်းတို့ကို အသိအမှတ်ပြု၍ မှန်ကန်စွာဆုတောင်းတတ်ရန် ကျွန်ုပ်တို့ကိုသွန်သင်ပေးဖို့ သန့်ရှင်းသောဝိညာဉ်တော်ကို မော်ကြည့်၍ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို လမ်းညွှန်ပေး၍ ကျွန်ုပ်တို့၏စိတ်ဆန္ဒများကို ဦးဆောင်ပေးကာ ကျွန်ုပ်တို့၏ဖွင့်ဟချက်များကို လမ်းပြပေးရန် ကျွန်ုပ်တို့ကိုယ်ကို ဝိညာဉ်တော်အပေါ်၌ အကြွင်းမဲ့ပုံအပ်ထားရမည်။ ကျွန်ုပ်တို့၏ မသိနားမလည်ခြင်းကို ဝန်ခံအသိအမှတ်ပြုရမည့်နေရာသည် ဆုတောင်းခြင်းမှာထက် အခြားနေရာမရှိပါ။ ဘုရားသခင်၏မျက်မှောက်တော်ဆီသို့ နမော်နမဲ့အပြေးအလွှားတိုးဝင်လာပြီး၊ ကျွန်ုပ်တို့၏စိတ်၌ပထမဆုံးပေါ်ထွက်လာသောအရာကို တောင်းလျှောက်ခြင်း (သို့)

စဉ်းစားဆင်ခြင်ခြင်းကင်းမဲ့သောအခြားသူတစ်ဦးက ဆုတောင်းပေးဖို့တင်ပြလာသောကြောင့် တောင်းလျှောက်ခြင်းသည် ဝိညာဉ်တော်၌(အားဖြင့်)ဆုတောင်းခြင်း မဟုတ်သကဲ့သို့ မှန်ကန်သော ဆုတောင်းခြင်းလည်းမဟုတ်ပါ။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို စောင့်စား၍ မိမိကိုယ်ကိုသန့်ရှင်းသော ဝိညာဉ်တော်ထံ၌ အညံ့ခံပေးအပ်ကြရမည်။ ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်က မှုတ်သွင်းတော်မူသော ဆုတောင်းချက်သည် ခမည်းတော်ဘုရားက ဖြေကြားသော ဆုတောင်းချက်ဖြစ်သည် (Torrey, R.A. The Person and Work of the Holy Spirit: Grand Rapids : Zondervan Publishing House, 1947, Pgs. 131, 132)။

တော်ရေး (Torrey) မှန်ကန်ကြောင်း ကျွန်ုပ်ယုံကြည်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ရည်ရွယ်ချက်ကမည်သည့်အရာဖြစ်မည်ကို စဉ်းစားတွေးတောခြင်းမရှိဘဲ၊ ဤအရာအတွက်နှင့် ထိုအရာအတွက်ဆုတောင်းရန် ဆုတောင်းခြင်းသို့ စဉ်းစားဆင်ခြင်ခြင်းကင်းမဲ့စွာ အပြေးအလွှားနှင့် မည်သို့မကြာခဏတိုးဝင်ကြပါသနည်း။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်ခြင်းနှင့် စေ့ဆော်ခြင်းအတိုင်း ဆုတောင်းကြဖို့ လိုအပ်ကြောင်း ရှင်ပေါလုကပြောနေပါသည်။ ကျွန်ုပ်တို့၏အလိုကိုရှာကြံရင်း ဇာတိပကတိ၌ တောင်းသောကျွန်ုပ်တို့၏ဆုတောင်းချက်များကို စာတန်စိုးရိမ်ပူပန်ပေးဖို့ မလိုအပ်ပါ။ ဤနည်းလမ်းအတိုင်း ဆက်လက်၍ဆုတောင်းနေဖို့ သင့်ကိုပင် တိုက်တွန်းကောင်း တိုက်တွန်းနေပေမည်။ ရှင်ယာကုပ်က ဤကဲ့သို့သော ဆုတောင်းခြင်းမျိုးကို ယာကုပ် ၄း၃ တွင် ပြောပြခဲ့သည်။

"ဆုတောင်းလျှင်လည်း ကာမဂုဏ်ခံစားစရာဘို့ ရှိစေခြင်းငှါ၊ အလွဲတောင်းသောကြောင့်မရကြ။"

စာတန်သည် ကျွန်ုပ်တို့အား ဇာတိပကတိ၌ ဆုတောင်းခြင်းကို ဆက်လက်ပြုစေရသည်ကို အလွန်ပျော်ရွှင်သည်။ အကြောင်းမှာ၊ ကျွန်ုပ်တို့သည် သူ့အတွက်ခြိမ်းခြောက်မှုတစ်ခု မဖြစ်ကြသောကြောင့်ဖြစ်သည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် စိတ်ဓါတ်ကျလာကြပြီး စိတ်ပျက်အားလျော့သွားကြပါလိမ့်မည်။ သို့သော်၊ သန့်ရှင်းသောဝိညာဉ်တော်ကိုယ်တိုင်က မှုတ်သွင်းတော်မူထားသော ဆုတောင်းချက်များမှာ အလွန်ထူးခြားကြပါသည်။ ဤဆုတောင်းချက်များသည် တန်ခိုးနှင့်ပြည့်နေကြသည်။ ဤဆုတောင်းချက်များသည် အပယ်ငရဲအင်အားစုများကို နောက်ဆုတ်ထွက်ပြေးစေသော ဆုတောင်းချက်များဖြစ်ကြသည်။ ဝိညာဉ်တော်၏လမ်းပြမှု၌ ဆုတောင်းသောသူများကို စာတန် မဆီးတားနိုင်ပါ။

ဆုတောင်းခြင်းဆိုသည်မှာ ဘုရားသခင်က ဤစကြဝဠာကြီးကို မည်သို့စီမံခန့်ခွဲသင့်သည်ဟု ကျွန်ုပ်တို့၏အထင်ကို ဘုရားသခင်အားပြောပြခြင်းထက်ပိုပါသည်။ စစ်မှန်သောဆုတောင်းခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြခြင်းကိုခံရသည်။ ဤဆုတောင်းခြင်းသည် ဝိညာဉ်တော်၏ မှုတ်သွင်းခြင်းကိုခံရသည်။ ဘုရားသခင်သည် ဤဆုတောင်းချက်များကို အဖြေပေးပါလိမ့်မည်။ တမန်တော်ရှင်ယောဟန်က ဤအချက်ကို ၁ယော ၅း၁၄-၁၅ တွင်အလွန်ရှင်းလင်းစွာပြောဆိုထားပါသည်။

> ငါတို့သည် ဘုရားသခင့်အထံတော်၌ ရဲရင့်ခြင်းအကြောင်းဟူမူကား၊ ငါတို့သည် အလိုတော်နှင့်အညီတစုံတခုသောဆုကိုတောင်းလျှင်၊ ဘုရားသခင်သည် နားထောင်တော်မူ၏။ ဆုတောင်းသမျှသော စကားတို့ကို နားထောင်တော်မူသည်ကို ငါတို့သိလျှင်၊ အထံတော်၌ တောင်းသော ဆုတို့ကိုရမည်ဟု သိရကြ၏။”

ဘုရားသခင်၏နှုတ်ကပတ်တော်ကို နားလည်သဘောပေါက်ခြင်းနှင့် ဘုရားသခင့် ဝိညာဉ်တော်၏စေ့ဆော်ခြင်းတို့အားဖြင့်သာလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်နှင့်ညီညွတ်သောအရာများကို တောင်းလျှောက်နိုင်ကြပါသည်။ ကျွန်ုပ်သည် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်နှင့် မိတ်သဟာယဖွဲ့ခြင်း၌ ရှိနေမှသာစစ်မှန်သော ဆုတောင်းချက်ကိုပြုလုပ်နိုင်ပါသည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ဦးဆောင်ခြင်းအတွက် စိတ်နှလုံးကိုဖွင့်ထားလျှင် သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့အား မည်သို့ဆုတောင်းရမည်ကို ပြသပေးပါလိမ့်မည်။ ကျွန်ုပ်တို့ ဆုတောင်းဖို့လိုအပ်သောအရာများ၌ကျွန်ုပ်တို့ကိုလမ်းညွှန်ပေးပါလိမ့်မည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အတွက်ပင် ဆုတောင်းပေးမည်ဖြစ်သကဲ့သို့ ကျွန်ုပ်တို့ကိုလည်း ဆုတောင်းနိုင်ရန်စွမ်းဆောင်ပေးပါလိမ့်မည်(ရောမ ၈း၂၆ ကို ကြည့်ပါ)။ အခွင့်အရေးရှိတိုင်း ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်က စေ့ဆော်၍ မှုတ်သွင်းထားသော ဆုတောင်းချက်များကိုတောင်းပါ။ ဤကဲ့သို့ သောဆုတောင်းချက်မျိုးသည် အလွန်တန်ခိုးကြီး၍ ရန်သူကိုအလျင်အမြန် ဆုတ်ခွာသွားစေပါသည်။

စဉ်းစားသုံးသပ်ရန်အချက်များ

- မည်သည့်အချိန်၌ ကျွန်ုပ်တို့ဆုတောင်းရမည်နည်း။
- ဇာတိပကတိ၌ (အားဖြင့်) ဆုတောင်းခြင်းနှင့် ဝိညာဉ်တော်၌ (အားဖြင့်) ဆုတောင်းခြင်းတို့၏ ကွဲပြားခြားနားချက်မှာ အဘယ်နည်း။
- ရန်သူ၏တိုက်ခိုက်မှုများကို ဆန့်ကျင်တွန်းလှန်ရာ၌ အလွန်အားကြီးသောအင်အားကို ဖြစ်စေသည့်ဆုတောင်းချက်မှာ မည်ကဲ့သို့သော ဆုတောင်းချက်ဖြစ်သနည်း။

- သင့်ရဲ့ကိုယ်ပိုင်ဆုတောင်းခြင်းအသက်တာနှင့် စပ်လျဉ်း၍ဘုရားသခင်က ဤကျမ်းချက်အားဖြင့် သင့်ကိုမည်သည့်အရာအား ပြောပြနေပါသနည်း။

ဆုတောင်းရန်အချက်များ

- ဆုတောင်းရန် အထူးအခွင့်အရေးများနှင့် ဘုရားသခင်က မိမိ၏အံ့ဖွယ်ရည်ရွယ်ချက်များကို အထမြောက်ပြည့်စုံစေဖို့ သင့်ရဲ့ဆုတောင်းချက်များအားဖြင့် အလုပ်လုပ်ရန် ရွေးချယ်ခြင်းအတွက်ကျေးဇူးချီးမွမ်းပါ။
- သင့်ရဲ့ဆုတောင်းခြင်းအသက်တာ၌ သင့်ကိုကူညီပေးဖို့ ဘုရားသခင်ထံတောင်းလျှောက်ပါ။ ဝိညာဉ်တော်၏ လမ်းညွှန်ပေးသည့်အတိုင်းမည်သို့ဆုတောင်းရမည်ကို သွန်သင်ပေးဖို့ ကိုယ်တော့်ကိုတောင်းလျှောက်ပါ။

ဂလာတိသြဝါဒစာ နှင့် ဖေက်သြဝါဒစာ

# ၃၄
# စောင့်ရှောက်ကြလော့

ဖေက် ၆း၁၈ ကိုဖတ်ရှုပါ။

ဤဆင်ခြင်နှလုံးသွင်းခြင်းတွင်၊ ကျွန်ုပ်တို့၏ ရှေ့မှောက်၌ရှိနေသော ဝိညာဉ်တိုက်ပွဲနှင့် ဆက်စပ်နေသည့် နောက်ဆုံးတင်ပြသုံးသပ်ချက် နှစ်ချက်နှင့်အတူ ဘုရားသခင်ပြင်ဆင်ပေးသော စစ်ဝတ်စုံအား ကျွန်ုပ်တို့ စေ့စပ်သေချာစွာတွေးခေါ်သုံးသပ်ခြင်းကို နိဂုံးချုပ်သွားကြပါမည်။

*စောင့်ရှောက်ကြလော့ (သတိရှိနိုးကြားကြလော)*

ဤနေရာ၌ ရှင်ပေါလုက ဖေက်အသင်းသားများအား ပြောပြခဲ့သည့် ပထမအရာမှာ ၄င်းတို့သတိရှိ နိုးကြားနေကြဖို့ဖြစ်သည်။ ဤကျမ်းပိုဒ်၏ ကျမ်းဘောင်အသွားအလာကို သတိရမှတ်မိနေကြပါစို့။ ကျွန်ုပ်တို့သည် ကြီးမားသော ဝိညာဉ်ရေးတိုက်ပွဲကြီးတစ်ခုတွင် ပါဝင်ဆင်နွှဲနေကြကြောင်းကို ရှင်းလင်းပြောကြားဖို့ ရှင်ပေါလု ကြိုးစားနေခဲ့ပါသည်။ ကျွန်ုပ်တို့အများစုက ကျွန်ုပ်တို့၏ ရှေ့မှောက်၌ရှိနေသော တိုက်ပွဲအကြောင်းကို ဆင်ခြင်စဉ်းစားခြင်းမရှိဘဲ မိမိတို့၏အသက်တာကို ရှင်သန်နေကြပါသည်။ ဤတိုက်ပွဲသည် စာတန်၏စိတ်နှလုံးထဲ၌ အလေးအနက်ထားသော တိုက်ပွဲဖြစ်ကြောင်း သင်တို့ကို အသေအချာပြောပါရစေ။ ဤအရာသည် စာတန်အလွန်မက်မော

သောအရာဖြစ်သကဲ့သို့ စိတ်ထဲတွင် စွဲလန်းနေသောအရာလည်းဖြစ်သည်။ စာတန်၏ အာရုံစူးစိုက်မှုတစ်ခုလုံးသည် ဘုရားသခင်၏ လုပ်ဆောင်မှုများကို ဖျက်ဆီးရန်ဖြစ်သည်။ စာတန်နှင့် ၎င်း၏ကောင်းကင်တမန်များသည် ဘုရားသခင်က သင့်အသက်တာ၌ လုပ်ဆောင်လိုနေသော အမှုတော်ကို အာရုံလွဲပြောင်းစေ၍ ဖျက်ဆီးရန် အလွန်ပင်ပန်းကြီးစွာ အလုပ်လုပ်နေကြပါသည်။ ဤတိုက်ပွဲကို သင်ငြင်းပယ်၍မရပါ။ ထိုသို့ငြင်းပယ်ခြင်းသည် သမ္မာကျမ်းစာ၏ အခွင့်အာဏာရှိခြင်းကို ငြင်းပယ်ခြင်းဖြစ်သည်။ တမန်တော်ရှင်ပေတရုက ၁ပေ ၅း၈တွင် ဤသို့ဖော်ပြထားခဲ့သည်။

> သမ္မာသတိရှိလျက် မအိပ်ဘဲ စောင့်နေကြလော့။ သင်တို့၏ရန်သူတည်းဟူသော မာရ်နတ်သည်၊ ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏။”

သင်သည် စာတန်၏သတ်ဖြတ်ဖျက်ဆီးရမည့်သူများစာရင်းတွင် ပါနေကြောင်းကို သေချာယုံကြည်ထားနိုင်ပါသည်။ သူသည် မိမိ၏ မီးတောက်နေသောမြှားကို သင့်ထံသို့ ပစ်လွှတ်ဖို့ အသင့်တော်ဆုံးအချိန်ကို စောင့်စားနေပါသည်။ သင့်နား၌ စာတန်တီးတိုးပြောဆိုနေသံကို သင်ကြားကောင်းကြားနေရပေမည်။ သင့်ကို စိတ်အနှောင့်အယှက်ပေး၍ ဒေါသထွက်နေစေကြောင်းကို သင်ခံစားကောင်း ခံစားနေပါမည်။ သင်မမျှော်လင့်ထားသောအချိန်တွင်၊ စာတန်သည် ၎င်း၏ စုံစမ်းနှောင့်ယှက်ခြင်းအပြည့်ပါသော အိတ်ကိုထမ်းလျှက် သင့်ဆီသို့ တန်းတန်းမတ်မတ်ပြေးဝင်လာပါလိမ့်မည်။ ဤနေရာ၌ ရှင်ပေါလုက ဖေက်အသင်းသားများအား ပြောပြနေသောအရာများမှာ ၎င်းတို့သည် မိမိတို့၏ ရှေ့မှောက်၌ရှိနေသော တိုက်ပွဲကို သိရှိထားခြင်းဖြင့် အသက်တာကို ရှင်သန်ကြရန်ဖြစ်သည်။

သတိရှိနိုးကြားသည် (စောင့်မျှော်သည်) ဟူသောစကားလုံးကို "နိုးနေပါ" ဟုလည်း ဘာသာပြန်ဆိုနိုင်ပါသည်။ ဗျာဒိတ် ၃း၂-၃တွင် သခင်ဘုရားက သာဒိမြို့ရှိအသင်းတော်အား ပြောပြထားသောအရာကို နားထောင်ကြည့်ပါ။

မအိပ်ဘဲ စောင့်၍နေလော့။ ကျန်ရစ်၍သေလုသောအရာတို့ကို ပြုစုလော့။ သင်၏အကျင့်သည် ငါ၏ဘုရားသခင့်ရှေ့၌ မစုံမလင် ရှိသည်ကို ငါတွေ့ပြီ။ ထိုကြောင့်၊ သင်သည်ခံယူ၍ နာထောင်ပြီး သည်အရာကို အောက်မေ့၍ စောင့်မျှော်လော့။ နောင်တရလော့။ စောင့်၍မနေလျှင်၊ သူခိုးကဲ့သို့သင်ရှိရာသို့ ငါလာမည်။ လာမည့် အချိန်နာရီကိုလည်း သင်မသိရ။"

သခင်ယေရှုသည် မိမိ၏အစေခံရှင်ယောဟန်အားဖြင့် မိမိ၏လူတို့ကို နိုးထနေကြရန် ပန်ကြားခဲ့ပါသည်။ သူတို့သည် မနိုးထခဲ့ကြလျှင် သေဆုံးသွားနိုင်ကြကြောင်းကို ဤနေရာတွင် သတိပြုပါ။ ဤနေရာ၌ တွေ့ရသော ဘုရားသခင်လူများ၏ အိပ်စက်ခြင်းသည် အပြစ်ကင်းသော အိပ်စက်ခြင်း မဟုတ်ပါ။ သေခြင်းနှင့်ယှဉ်သော အိပ်စက်ခြင်းဖြစ်သည်။ သူတို့အိပ်စက်သည်နှင့် စာတန်သည် သူတို့၏ဝိညာဉ်ရေး ဖြတ်လက်တက်ကြွခြင်းများ အားလုံးကို ဖောက်ထုတ်ကုန်ခမ်းသွား စေခဲ့ပါမည်။ သူတို့သည် ထိုအခြေအနေမှ နိုးထခြင်းမရှိလျှင် ပျက်စီးခြင်းသို့ ရောက်ရှိသွားကြရပါမည်။ သခင်ယေရှုက သူတို့၏အိပ်စက်ခြင်းသည် အပြစ်ဒုစရိုက်ဖြစ်ကြောင်း သူတို့ကို ပြောခဲ့ပါသည်။ သူတို့နောင်တရဖို့ လိုအပ်ခဲ့သည်။

ဤစကားလုံးများသည် ကျွန်ုပ်တို့၏ ခေတ်ကာလမှ အသင်းတော် အတွက်မဖြစ်ခဲ့လျှင် ကျွန်ုပ်အလွန်အံ့ဩသွားရပါလိမ့်မည်။ ရန်သူက ကျွန်ုပ်တို့

၏ အသိုင်းအဝိုင်းကြီးကို ရုပ်ပျက်ဆင်းပျက် ဖျက်ဆီးနေစဉ်တွင် ကျွန်ုပ်တို့ အိပ်ပျော်နေခဲ့ကြသည့် အပြစ်ရှိခဲ့ကြပါလား။ အသင်းတော် တစ်ခုလုံးသည် နာကျည်းခါးသီးမှုများ၊ မနာလိုမှုများ၏ ဝါးမြိုခြင်းကိုခံရပြီး ရန်သူ၏ လက်ထဲတွင် ကြရောက်သွားခဲ့သည်ကို ကျွန်ုပ်တို့မြင်တွေ့နေခဲ့ကြပါသည်။ အသင်းတော် ဂိုဏ်းခွဲတစ်ခုလုံးက ဘုရားသခင့်နှုတ်ကပတ်တော်၏ ရှင်းလင်း ပြတ်သား၍ အခွင့်အာဏာရှိသော သွန်သင်ချက်များအား ကျော်ခိုင်းသွား ကြသည်ကို ကျွန်ုပ်တို့မြင်တွေ့နေခဲ့ကြပါသည်။ ယုံကြည်သူများသည် အစဉ် အလာများနှင့် ဂိုဏ်းဂဏအစွဲသန်ခြင်းဝါဒထဲ၌ စုပ်ယူသိမ်းသွင်းခြင်းကို ခံရ၍ မိမိတို့၏ ယုံကြည်ခြင်း၌ ဆင်ခြင်တုံ တရားများအားလုံးကို ဆုံးရှုံးခဲ့ကြသည်ကို ကျွန်ုပ်တို့မြင်တွေ့နေခဲ့ကြ ရပါသည်။ တစ်နှစ်ပြီးတစ်နှစ် ဝိညာဉ်ရေး၌ တိုးတက်မှုလက္ခဏာကို မပြသော မိမိတို့၏ ဝိညာဉ်ရေးအသက်တာ၌ တန့်နေ ရခြင်းတွင် ရောင့်ရဲနေကြသောသူများကြောင့် ကျွန်ုပ်တို့အလွန် စိတ်ပျက်နေ ခဲ့ကြပါသည်။ ကျွန်ုပ်တို့၏ ရုပ်မြင်သံ ကြားဖန်သားပြင်ပေါ်၌လည်းကောင်း၊ "ထိပ်ဆုံးစာရင်းဝင်" ရေပန်းစားသောသီချင်းများ၌လည်းကောင်း၊ အရောင်း ရဆုံးစာအုပ်များ၌လည်းကောင်း ကိုယ်ကျင့်တရားဖောက်ပြန်ပျက်စီးခြင်းကို ကျွန်ုပ်တို့မြင်တွေ့နေကြရပါသည်။ လာမည့်နှစ်ကာလများတွင် ပေါ်ထွက်လာ မည့်အနာဂတ်မျိုးဆက်သစ်များက "ဒါတွေဖြစ်နေခဲ့တဲ့အချိန်မှာ ယုံကြည်သူ တွေက ဘယ်ရောက်နေကြတာလဲ" ဟုကျကျနနမေးကောင်းမေးကြပါလိမ့် မည်။ ကျွန်ုပ်တို့အိပ်ပျော်နေခဲ့ကြပါသလား။ ဤအရာသည် မည်သည့်နည်း နှင့်မျှ အပြစ်ကင်းသောအိပ်စက်ခြင်း မဟုတ်နိုင်ပါ။ ကျွန်ုပ်တို့အိပ်ပျော်ကြ သည်နှင့်အမျှ ရန်သူသည်ကျွန်ုပ်တို့၏ အသင်းတော်များနှင့် အသိုင်းအဝိုင်း ထဲမှအသက်များကိုစုပ်ယူနေပါသည်။ ဤအရာသည် သေခြင်းနှင့်ယှဉ်သော အိပ်စက်ခြင်းဖြစ်သည်။

နိုးထဖို့ဆင့်ခေါ်ခြင်းသည် အလွန်စစ်မှန်သောအရာဖြစ်သည်။ ရောမ ၁၃း၁၁ တွင် ရှင်ပေါလုက ဤသို့ပြောထားသည်။

ထိုမှတပါး၊ ငါတို့ကိုကယ်တင်သော ကျေးဇူးတော်သည် ငါတို့ယုံကြည်သောနေ့ရက်၌ နီးသည်ထက် ယခုသာ၍နီးသောကြောင့်၄င်း. . .။

နောက်ဆုံးသောကာလ၏ နေ့ရက်များသို့ ချဉ်းကပ်လာသည်နှင့် အမျှ ကျွန်ုပ်တို့သည် ပို၍အန္တရာယ်ကိုသေချာစွာ သတိထားစောင့်ကြည့်ဖို့ လိုအပ်လာသည်။ စာတန်သည် မိမိ၏ကြိုးစားအားထုတ်မှုများကို နှစ်ဆမြှင့်တင်ပါလိမ့်မည်။ ဤအချိန်အခါသည် တိုက်ပွဲဆင်နွှဲနေရသည့်အချိန်အခါဖြစ်သောကြောင့် အိပ်စက်ဖို့မဖြစ်နိုင်ပါ။

ဓမ္မရာဇဝင်စတုတ္ထစောင် ၆ တွင် အလွန်စိတ်ဝင်စားဖွယ်ကောင်းသော ဧလိရှဲနှင့်၄င်း၏ အစေခံတို့အကြောင်းကို ကျွန်ုပ်တို့ဖတ်ရှုရပါသည်။ ရန်သူရှုရိ(ဆီးရီးယား)ဘုရင်သည် ဘုရားသခင်၏ ပရောဖက်ကို ဖမ်းဆီးဖို့ ကြိုးစားခဲ့ပြီး၊ ဧလိရှဲနေထိုင်နေသောမြို့ကို ဝန်းရံပိတ်ဆို့ခဲ့သည်။ ရန်သူများက မြို့အားဝန်းရံပိတ်ဆို့နေကြသည်ကို ဧလိရှဲ၏အစေခံကမြင်တွေ့သောအခါ မိမိ၏အသက်တာအတွက် အလွန်စိုးရိမ်ကြောက်ရွံ့နေခဲ့ပါသည်။ မိမိ၏အစေခံကျွန်သည် အပြင်၌ရှိနေသောအရာကို အမှန်တကယ်မြင်တွေ့နိုင်ဖို့ ဘုရားသခင်သည် ၄င်း၏မျက်စိကို ဖွင့်ပေးမည့်အကြောင်း ဧလိရှဲဆုတောင်းခဲ့သည်။ ဘုရားသခင်က အစေခံ၏မျက်စိကိုဖွင့်ပေးသောအခါ မီးမြင်း၊ မီးရထားနှင့် ပြည့်နေသောအတောင်များကို တွေ့မြင်ခဲ့သည်။ ဧလိရှဲနှင့်၄င်း၏ အစေခံကျွန်တို့ကို ကာကွယ်စောင့်ရှောက်ပေးရန်အတွက် ဘုရားသခင်၏ကောင်းကင်တမန်များကို စေလွှတ်ထားပါသည်။ ကျွန်ုပ်တို့၏အနီးတစ်ဝိုက်၌ ပြင်းထန်စွာဖြစ်ပျက်နေသော မျက်စိဖြင့်မမြင်နိုင်သည့် ဝိညာဉ်ရေးတိုက်ပွဲကို ရုတ်တရက်

ချက်ချင်းမြင်တွေ့ရခြင်းသည် မည်သည့်အရာနှင့်တူမည်ကို ကျွန်ုပ်သိချင်နေမိပါသည်။ ထိုသို့သာမြင်တွေ့ခဲ့ရလျှင် ကျွန်ုပ်တို့သည် ယခင်အတိုင်းပြန်ဖြစ်ခဲ့ကြမည်မဟုတ်ဟု ကျွန်ုပ်ယုံကြည်မိသည်။ ပကတိမျက်စိဖြင့် မမြင်နိုင်သောတိုက်ပွဲ ပြင်းပြင်းထန်ထန်ဖြစ်ပျက်နေပါသည်။ ကျွန်ုပ်တို့သည် သတိကြီးစွာထားရမည်။

## သန့်ရှင်းသူအပေါင်းအဖို့ ဆုတောင်းကြလော့

ဤကျမ်းချက်၌ ကျွန်ုပ်တို့နားလည်သဘောပေါက်ဖို့ လိုအပ်သည် ဒုတိယအချက်ရှိနေသေးသည်။ ရှင်ပေါလုက ဧဖက်အသင်းသားများအား ၎င်းတို့၏ ရှေ့မှောက်၌ရှိနေကြသော တိုက်ပွဲအရ၊ ၎င်းတို့သည် သန့်ရှင်းသူအပေါင်းတို့အတွက် အမြဲဆုတောင်းပေးရန် လိုအပ်ကြောင်းကိုပြောခဲ့သည်။ ဤအချက်က အလွန်အရေးပါသောအရာတစ်ခုကို ကျွန်ုပ်အားပြောပြနေပါသည်။ ဤတိုက်ပွဲတွင် ကျွန်ုပ်တို့သည်တစ်ဦးကိုတစ်ဦး ဂရုစိုက်စောင့်ကြည့်ပေးကြဖို့ လိုအပ်ပါသည်။

အထူးသဖြင့် ဤကျမ်းဘောင်အသွားအလာတွင် ရှင်ပေါလုကသူသည်ဧဝံဂေလိတရားကို ဟောပြောရာ၌သာ၍ကြီးသော ရဲရင့်ခြင်းကိုပေးသနားခံရမည့်အကြောင်း ဆုတောင်းပေးကြဖို့ ယုံကြည်သူများကို စိန်ခေါ်တိုက်တွန်းခဲ့ပါသည်။ သခင်ဘုရားက မိမိ၏အစေခံများ၊ ဧဝံဂေလိတရားဟောကြားရာတွင် ကျွန်ုပ်တို့ကိုနောက်မှရပ်တည် ပံ့ပိုးပေးကြဖို့မျှော်လင့်ထားသည်။ ကျွန်ုပ်တို့၏ဆုတောင်းချက်များဖြင့် ကျွန်ုပ်တို့သည် ညီအစ်ကိုမောင်နှမများနှင့်အတူတကွလက်တွဲ၍ သခင်ခရစ်တော်၏ အမှုကိစ္စ၌တိုက်ပွဲဝင်နိုင်ကြပါသည်။

ဂလာတိ ၆ တွင် ရှင်ပေါလုက ဂလာတိအသင်းသားများအား ၎င်း

တို့သည်ရှေ့၌ရှိနေသော တိုက်ပွဲတွင်တစ်ဦးကိုတစ်ဦး ဂရုစိုက်စောင့်ကြည့်ပေးကြဖို့ပြောခဲ့သည်။ ဂလာတိ ၆း၁ တွင် ရှင်ပေါလုက ၎င်းတို့သည် ညီအစ်ကိုတစ်ယောက်က တစ်စုံတစ်ခုသောအပြစ်ဒုစရိုက်ကို ကျူးလွန်နေသည်ကို မြင်တွေ့ကြလျှင် ထိုသူကိုသိမ်မွေ့နူးညံ့ခြင်းနှင့်အတူ ကူညီမစ၍မူလအခြေအနေ၌ ပြန်လည်ထားရှိကြရန် မိမိတို့၏အပိုင်းကဏ္ဍကို စွမ်းစွမ်းတမံလုပ်ဆောင်ကြဖို့ ပြောခဲ့သည်။ အခန်းငယ် ၂ တွင် တစ်ဦး၏ဝန်ထုပ်ကိုတစ်ဦးကကူညီသယ်ပိုးပေးကြဖို့ကိုလည်း ရှင်ပေါလုက ဂလာတိအသင်းသားများကို ပြောခဲ့သည်။ ဂလာတိအသင်းသားများသည် ယုံကြည်ခြင်း၌ မိမိတို့၏ညီအစ်ကိုမောင်နှမများဖြစ်ကြသောသူများအပေါ်၌ ကောင်းမှုကိုပြုလုပ်ကြရန် အခွင့်အရေးအားလုံးကို ရယူကြရမည်ဖြစ်သည် (ငယ် ၁၀)။ မည်သူကမျှတိုက်ပွဲကို တစ်ကိုယ်တည်းတိုက်ခိုက်ဖို့မလိုအပ်ပါ။ မိသားစုတစ်ခုအဖြစ်နှင့်ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦးစောင့်ကြည့်ကာကွယ်ပေးကြရမည်ဖြစ်သည်။

အပယ်ငရဲ၏ အင်အားစုများကို ကျွန်ုပ်တိုက်ခိုက်ခုခံဖို့ ရှေ့သို့တဟုန်ထိုးချီတက်ရာတွင် ကျွန်ုပ်ကိုအကာအကွယ်ပေးကြမည့် ဆုတောင်းသူရဲကောင်းများအဖွဲ့တစ်ဖွဲ့ကို ကျွန်ုပ်ရှိထားကြောင်းကို သိနေရခြင်းသည် အလွန်ဝမ်းမြောက်ဖွယ်အရာတစ်ခုမဟုတ်ပါလား။ တိုက်ပွဲကို ကျွန်ုပ်တို့တစ်ကိုယ်တည်းတိုက်ခိုက်ရန်မှာ ဘုရားသခင်၏ရည်ရွယ်ချက်မဟုတ်ခဲ့ပါ။ ကိုယ်တော်သည်ကျွန်ုပ်တို့ကိုလိုအပ်သော စစ်ဝတ်တန်ဆာများဖြင့် ဝတ်ဆင်လွှမ်းခြုံပေးမည့်အကြောင်းကတိပြုခဲ့ပါသည်။ ဆုတောင်းခြင်းများဖြင့် ကျွန်ုပ်တို့သည် နတ်ဆိုး၏အမာခံခြေကုပ်များကို တရစပ်တိုက်ခိုက်နေကြပါသည်။ ရန်သူကိုဆိုင်ပြိုင်တိုက်လှန်သော ဤမဟာတိုက်ပွဲကြီးတွင် ကျွန်ုပ်တို့သည်အတူတကွလက်တွဲ၍အလွန်အင်အားကြီးမားသော စစ်တပ်ကြီးတစ်တပ်အဖြစ်နှင့် တစ်ဦးကိုတစ်ဦး

စောင့်ကြည့်ကာကွယ်ပေး၍ တစ်ဦးကိုတစ်ဦး ကူညီပံ့ပိုးပေးကြပါသည်။ ကျွန်ုပ်တို့၏စစ်ဝတ်တန်ဆာများကို နေရာတကျဝတ်ဆင်ထားရှိ၍၊ ဆုတောင်းခြင်းကို လက်နက်အဖြစ်စွဲကိုင်ကာ၊ ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများကို ခြံရံလျှက် ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏နာမတော်၌ ချီတက်ကြပါသည်။ ကိုယ်တော်ရှင်၌ ကျွန်ုပ်တို့သည်အောင်မြင်သောသူထက် အောင်မြင်သောသူများဖြစ်ကြပါသည်။

စဉ်းစားသုံးသပ်ရန်အချက်များ

- ကျွန်ုပ်တို့၏အနီးတစ်ဝိုက်(ကျွန်ုပ်တို့၏အသင်းတော်၊ ကျွန်ုပ်တို့၏အသိုင်းအဝိုင်း)၌ရန်သူရှိနေပါသည်ဟူသော သက်သေအထောက်အထားရှိပါသလား။
- သင်သည် နိုးနိုးကြားကြားရှိနေခဲ့ပါသလား။ သင်တို့၏အသိုင်းအဝိုင်း (သို့) သင်တို့၏ အသင်းတော်ဝိုက်မြည်းအိပ်ပျော်နေသည့် အစိတ်အပိုင်းတစ်ခုခုရှိနေပါသလား။
- သင့်ရဲ့အမှုတော်လုပ်ငန်းကို ဆုတောင်းခြင်းဖြင့်လွှမ်းခြုံထားခြင်း ရှိပါသလား။ ထိုလွှမ်းခြုံခြင်းသည် မည်မျှအရေးပါသနည်း။
- သင်သည် ဆုတောင်းခြင်းအားဖြင့် သင့်ရဲ့ညီအစ်ကိုမောင်နှမများကို ပံ့ပိုးပေးနေပါသလား။ သင်လုံ့လဝီရိယရှိစွာဆုတောင်းပေးရမည့်သူတစ်ယောက်ယောက်ရှိပါသလား။

ဆုတောင်းရန်အချက်များ

- ယနေ့တွင် သင့်အနီးတစ်ဝိုက်၌ရှိနေသော တိုက်ပွဲ၏သဘောသဘာဝကိုပို၍သတိထားမိလာရန် ပြုလုပ်ပေးဖို့ဘုရားသခင်ကို တောင်းလျှောက်ပါ။
- သင့်ကိုပို၍ နိုးကြားတက်ကြွလာရန်နှင့် တိုက်ပွဲကိုအလေးအနက်ထားလာရန် ကူညီမစပေးဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။
- အခြားသူများကို ၎င်းတို့၏ရှေ့၌ရှိနေသော တိုက်ပွဲ၏သရုပ်အမှန်ကိုသိမြင်လာကြဖို့ သင်လုပ်ဆောင်ရန် လိုအပ်သောအရာများကို ပြသပေးဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။
- ယနေ့တွင် ရုန်းကန်နေရသော မိတ်ဆွေတစ်ယောက်အတွက် ဆုတောင်းပေးဖို့ အချိန်အနည်းငယ်ယူပါ။

# ဂလာတိသြဝါဒစာ နှင့် ဧဖက်သြဝါဒစာ

၃၅

## နိဂုံးချုပ်အမှာစကား

ဖေက် ၆း၁၉-၂၄ ကိုဖတ်ရှုပါ။

ရှင်ပေါလုသည် ဖေက်မြို့မှယုံကြည်သူများကို ကာလအစဉ်ဝိညာဉ်တော်အားဖြင့် ဆုတောင်းနေကြဖို့ စိန်ခေါ်တိုက်တွန်းနေခဲ့ပါသည်။ ဤအခန်းငယ် ၁၉ နှင့် ၂၀ တွင် ရှင်ပေါလုက အထူးသဖြင့် မိမိနှင့်ဘုရားသခင်က မိမိကိုဆင့်ခေါ်၍ လုပ်ဆောင်စေခဲ့သော အမှုတော်အတွက် ဆုတောင်းပေးဖို့ သူတို့ကို ပန်ကြားခဲ့သည်။ ဘုရားသခင်သည် သူ့ကိုအကြောက်အရွံ့မရှိဘဲ ဟောကြားနိုင်ရန် ကူညီမစပေးဖို့ ဆုတောင်းပေးကြရန် သူတို့ကိုပန်ကြားခဲ့သည်။ ရှင်ပေါလု၏ ဤဆုတောင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ဤနေရာ၌ ဖော်ပြဆွေးနွေးဖို့ လိုအပ်သောကြောင်းအရာအချို့ရှိသည်။

ရှေးဦးစွာ ရှင်ပေါလုသည် ဘုရားသခင်၏လျှို့ဝှက်နက်နဲသောအရာများကို ထုတ်ဖော်ဟောပြောရာတွင် မိမိ၏ပင်ကိုဉာဏ်ပညာကို အားကိုးအားထားမပြုကြောင်းကို သတိပြုပါ။ ရှင်ပေါလုက သူသည်နှုတ်ပါးစပ်ကို ဖွင့်ဟလိုက်သောအချိန်တိုင်းတွင် စကားလုံးများကို ရရှိခံစားရမည့်အကြောင်း ဆုတောင်းပေးကြဖို့ ဖေက်အသင်းသားများကို တောင်းဆိုခဲ့သည်။ ဤစကားလုံးများသည် ရှင်ပေါလု၏စကားလုံးများမဟုတ်၊ သန့်ရှင်းသောဝိညာဉ်တော်က မှုတ်သွင်းထားသော စကားလုံးများဖြစ်သည်။ ၁ကော ၂ တွင် ရှင်ပေါလုက

ကောရိန္သုအသင်းသားများအား မိမိသည်၎င်းတို့ထံသို့လာရောက်ချိန်တွင် မိမိ၏ပင်ကိုဉာဏ်ပညာအားဖြင့် ၎င်းတို့၏အလယ်၌ ဟောပြောသွန်သင်ခြင်းကို မပြုလုပ်ဖို့စိတ်ဆုံးဖြတ်ထားခဲ့ကြောင်း အသိပေးခဲ့ပါသည်။ တမန်တော်များအားလုံးအနက်၊ ရှင်ပေါလုသည် ပညာအတတ်ဆုံးပုဂ္ဂိုလ်ဖြစ်ကောင်းဖြစ်ခဲ့နိုင်သည်။ ထို့ကြောင့်သူသည် အခြားသူများကို စည်းရုံးသိမ်းသွင်းရာ၌ မိမိ၏ပညာရေးနှင့်ဗဟုသုတများကို ယုံကြည်ကိုးစားရန်မှာ အလွန်လွယ်ကူနေခဲ့ပါလိမ့်မည်။ ဤကဲ့သို့သော အပြုအမူမျိုးမှ ဘုရားသခင်ကသူ့ကို ကာကွယ်ပေးရန်မှာ ရှင်ပေါလု၏ဆုတောင်းချက်ဖြစ်သည်။

ဒုတိယအနေဖြင့် ရှင်ပေါလုသည် စိုးရိမ်ကြောက်ရွံ့ခြင်းကို ရုန်းကန်နေရကြောင်းကို သတိပြုပါ။ တမန်တော်ဆိုသည်မှာ စိုးရိမ်ကြောက်ရွံ့ခြင်းကို မသိသောသူတစ်ယောက်ဖြစ်သည်ဟု ကျွန်ုပ်တို့မကြာခဏရှုမြင်တတ်ကြသည်။ သို့သော်၊ ကောရိန္သုအသင်းသားများထံ စာရေးသားပေးဖို့ခဲ့ရာတွင် သူသည်၎င်းတို့ထံသို့လာရောက်ခဲ့ချိန်တွင် အားနည်းခြင်း၊ အလွန်ကြောက်ရွံ့တုန်လှုပ်ခြင်းနှင့် အတူရောက်လာခဲ့ကြောင်းကို ၎င်းတို့အားပြောပြခဲ့သည် (၁ကော ၂း၃)။ တမန်တော်ကြီးသည် စိုးရိမ်ကြောက်ရွံ့ဖို့ လူ့အကြောင်းပြချက်အားလုံးကို ရှိထားသည်။ သူသည်သခင်ဘုရား၏ နာမတော်၌ပြောဆိုဟောကြားချိန်တွင် မိမိ၏တရားနာပရိသတ်ကြီးကို မကြာခဏစိတ်ဆိုးဒေါသထွက်စေခဲ့သည်။ မိမိဟောပြောသောတရားဒေသနာကိုလည်း အမြဲတမ်းလက်ခံခဲ့ကြမည်မဟုတ်ကြောင်းကိုလည်း သူသိနေခဲ့သည်။ ထို့ကြောင့်၊ သူသည်သခင်ဘုရားက ပေးထားသော နှုတ်ကပတ်တော်များကို ဟောပြောဖို့ ရဲရင့်ခြင်းကိုလိုအပ်ခဲ့သည်။ ဘုရားသခင်၏ နက်နဲသောအရာများကို ဟောပြောခြင်းအမှုတော်သည် သူရဲဘောကြောင်သောသူများအတွက် မဟုတ်ပါ။ ရှင်ပေါလုသည်

သံကြိုးနှင့်ချည်နှောင်ခြင်းကို ခံထားရသောဘုရားသခင်၏ သံတမန်တစ်ဦးဖြစ်ခဲ့သည်။ သခင်ယေရှု၏နှုတ်ကပတ်တော်များကို ဟောပြောခြင်းက ဤအထင်ကရ တမန်တော်ကြီးကို အကျဉ်းကျစေခဲ့သည်။

နောက်ဆုံးအနေဖြင့်၊ တမန်တော်ကြီးသည် မိမိ၏နှုတ်ပါးစပ်ကို လိုလိုလားလားဖွင့်ဟဖို့လိုအပ်ခဲ့ကြောင်းကို ဤကျမ်းပိုဒ်များတွင် သတိပြုပါ။ ဘုရားသခင်သည် ယေဘူယျအားဖြင့် မိမိ၏နာမတော်ကို ဖွင့်ဟဟောပြောကြဖို့ ကျွန်ုပ်တို့ကို အတင်းအဓမ္မမတိုက်တွန်းပါ။ ထိုသို့ပြုမည့်အစား၊ ကျွန်ုပ်တို့က ကျွန်ုပ်တို့၏နှုတ်လျှာကို ကိုယ်တော်ထံလိုလိုလားလားဆက်ကပ်ပေးအပ်သောအချိန်၌သာ ကိုယ်တော်ကကျွန်ုပ်တို့ကို အသုံးပြုပါသည်။ ရှင်ပေါလုက မိမိနှုတ်ပါးစပ်ကို ဖွင့်ဟသည်နှင့် ဘုရားသခင်ကလည်း ထိုအရာကိုအသုံးပြုပါသည်။ ဘုရားသခင်သည် သဘောသဘာဝအားဖြင့် သိမ်မွေ့နူးညံ့သောသူဖြစ်သည်။ ရှင်ပေါလုကသာ အိမ်၌ထိုင်နေ၍ ဘုရားသခင်ကမိမိ၏နှုတ်ပါးစပ်အားလာရောက် ဖွင့်ဟပေးမည့်အချိန်ကသာ စောင့်စားနေခဲ့လျှင်၊ သူသည် ဘုရားသခင်၏ ဘုန်းတော်အတွက်အထမြောက် ပြည့်စုံစေခဲ့သောအရာများကို လုံးလုံးပြုလုပ်နိုင်ခဲ့လိမ့်မည်မဟုတ်ပါ။ တမန်တော်ကြီးက မိမိ၏နှုတ်ပါးစပ်ကို ဖွင့်ဟသောအချိန်တိုင်းသည် ယုံကြည်ခြင်းဖြင့် ပြုလုပ်ဆောင်ရွက်ချက်ဖြစ်ခဲ့သည်။ သခင်ဘုရားသည် မိမိ၏နှုတ်ပါးစပ်ကိုသင့်တင့်မှန်ကန်သော စကားလုံးများဖြင့် ဖြည့်တင်းပေးမည်ဟု ရှင်ပေါလုယုံကြည်ကိုးစားနေဖို့ လိုအပ်ခဲ့သည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အား ရပ်တည်ချက်တစ်ခု ရှိထားကြဖို့ကိုလည်း မျှော်လင့်ထားသည်။ ကျွန်ုပ်တို့ကိုယုံကြည်ခြင်းဖြင့် ရှေ့သို့ချီတက်ကြဖို့ ဘုရားသခင်မျှော်လင့်ထားသည်။ ဘုရားသခင်က သင့်ကိုစကားလုံးများပေးသနားဖို့သင်ဆုတောင်းသောအခါတွင် သင်သည်ထိုစကားလုံးကို ပြောကြားဖို့

ပါးစပ်ဖွင့်ထားရန်လိုအပ်သည်။ ဘုရားသခင်က သင့်ကိုမယုံကြည်သူများနှင့် ဆက်သွယ်ပေးဖို့ သင်ဆုတောင်းသောအခါ၊ သင်သည်ယုံကြည်ခြင်းဖြင့် လှုပ်ရှား၍ သင့်အနီးတစ်ဝိုက်တွင်ရှိနေသော ထိုသူတို့ထံ အရောက်သွားဖို့လိုအပ်ပါသည်။ သင်သည် ယုံကြည်ခြင်းအားဖြင့် ခြေလှမ်းစဖို့ဆန္ဒမရှိလျှင် ဆုတောင်းခြင်းသည်လည်း အကျိုးမရှိပါ။

ရှင်ပေါလုက မိမိ၏သာသနာပြုခရီး၌ အတူတကွလိုက်ပါလာသော မိတ်ဆွေဖြစ်သူ တုခိတ်အကြောင်းကို အနည်းငယ်မှတ်ချက်ပေးရင်း စာစောင်ကိုနိဂုံးချုပ်ခဲ့သည်(တမန်တော် ၂၀း၄ ကိုကြည့်ပါ)။ တမန်တော်ကြီးသည် မိမိ၏လှုပ်ရှားသွားလာမှုအား သိသိသာသာကန့်သတ်ချုပ်ချယ်ခံနေရချိန်တွင် ဇေဖက်အသင်းသားများအား မိမိ၏အခြေအနေကို အသိပေးဖို့အတွက်လည်းကောင်း၊ ၎င်းတို့ကို ယုံကြည်ခြင်း၌ ခွန်အားပေးတိုက်တွန်းရန်အတွက်လည်းကောင်းတုခိတ်ကိုစေလွှတ်ခဲ့ပါသည်။ တုခိတ်သည် ဤစာကိုဇေဖက်အသင်းသားများထံ ယူဆောင်ပေးပို့ခဲ့သောသူ ဖြစ်နိုင်ပါသလား။ တုခိတ်သည် ဇေဖက်အသင်းသားများ၏ သတင်းများနှင့်အတူ တမန်တော်ရှင်ပေါလုထံ ပြန်လာမည့်သူဖြစ်ခဲ့မည်မှာလည်း သံသယပွားစရာမရှိပါ။

တမန်တော်ကြီးက မိမိ၏စာကိုနိဂုံးချုပ်ရာတွင် ဇေဖက်အသင်းသားများအား ခမည်းတော်ဘုရားနှင့် သခင်ယေရှုခရစ်တို့ထံမှလာသော ငြိမ်သက်ခြင်း၊ ချစ်ခြင်း၊ ယုံကြည်ခြင်းနှင့် ကျေးဇူးတော်တို့ဖြင့် ကောင်းကြီးပေးခဲ့သည်။ ဇေဖက်အသင်းသားများအတွက် ထားရှိသောတမန်တော်ကြီး၏ စိတ်ဆန္ဒမှာ သခင်ယေရှု၏ကြွယ်ဝပြည့်စုံခြင်းသည် ၎င်းတို့အတွက်လည်း ဖြစ်စေရမည်ဟူသောအချက်ဖြစ်သည်။ ဘုရားသခင်သည် ကျေးဇူးတော်အားဖြင့် အသင်းတော်ကို ဖန်တီးခဲ့ပြီး၊ စည်းလုံးညီညွတ်သော အသိုင်းအဝိုင်းတစ်ခု၌ ရှင်သန်

ရန်လိုအပ်သောအရာများကိုလည်းကောင်း၊ ဒုစရိုက်အင်အားစုများအားလုံးဆိုင်ပြိုင်တိုက်လှန်ရာ၌ အောင်မြင်သောတိုက်ပွဲကို ဆင်နွှဲနိုင်ရန်အတွက်လိုအပ်သောအရာများကိုလည်းကောင်း မွမ်းမံတပ်ဆင်ပေးခဲ့ပါသည်။ ဤစာစောင်၌ ပါရှိသောအရာများကို သိရှိ၍လက်တွေ့ကျင့်ကြံခြင်းက ဖေဖက်အသင်းသားများကို ၎င်းတို့ရင်ဆိုင်ကြုံတွေ့ရမည့် အခက်အခဲများနှင့် စစ်ကြောခြင်းများအားလုံးတွင် ကာကွယ်စောင့်ရှောက်ပေးခဲ့ပါလိမ့်မည်။ ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့၏အထဲ၌ရှိသော သခင်ခရစ်တော်၏ ပကတိပြည့်စုံခြင်း၌ ဘုရားသခင်ဘုန်းကြီးခြင်းအတွက် ကြီးထွားကြပါစေသော်။

စဉ်းစားသုံးသပ်ရန်အချက်များ

- ဆုတောင်းခြင်းသည် တမန်တော်ရှင်ပေါလုအတွက် မည်မျှအရေးပါသည်ကို ဤကျမ်းချက်က ကျွန်ုပ်တို့အားမည်သို့သွန်သင်ပေးထားပါသနည်း။
- သခင်ဘုရား၏ နာမတော်ကို ဖွင့်ဟပြောဆိုရန်သင့်ကို မည်သည့်အရာက စိုးရိမ်ကြောက်ရွံ့နေစေပါသနည်း။
- ကျွန်ုပ်တို့၏ နှုတ်ပါးစပ်ကို ဖွင့်ဟခြင်းနှင့် ဘုရားသခင်အား ထိုနှုတ်ပါးစပ်ကို ဖြည့်တင်းစေခြင်းတို့၏ ဆက်နွယ်မှုမှာ အဘယ်နည်း။ ဘုရားသခင်သည် ယေဘုယျအားဖြင့် မိမိ၏အလိုတော်ကို ကျွန်ုပ်တို့အား အတင်းအဓမ္မမပြုလုပ်စေပါဟု အဘယ်ကြောင့် သင်မှတ်ယူပါသနည်း။

ဆုတောင်းရန်အချက်များ

- ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ထုတ်ဖော်ပြောကြားရာ၌ သင်လိုအပ်နေသော ရဲရင့်ခြင်းကို ပေးသနားရန်ကိုယ်တော်ထံ၌ တောင်းလျှောက်ပါ။
- ဘုရားသခင်၏ ကျေးဇူးတော်၊ ချစ်ခြင်းနှင့် ငြိမ်သက်ခြင်းတို့ကို ပို၍နက်နက်နဲနဲ ခံစားတွေ့ကြုံမှုတစ်ခုကို သင့်အားပေးသနားရန် ကိုယ်တော်ထံ၌ တောင်းလျှောက်ပါ။
- မိမိ၏နာမတော်၌ ပြောဆိုဟောကြားရန် (သို့) အမှုတော်ဆောင်ရန် သင့်ကို သေသေချာချာလုပ်ပိုင်ခွင့်အာဏာပေးခဲ့သောအချိန်များ အတွက် ဘုရားသခင်ကို ကျေးဇူးတင်ချီးမွမ်းပါ။ ဘုရားသခင်၏ ဘုန်းတော်အတွက် ထိုကဲ့သို့သောအခွင့်အခါကောင်းများကို ပို၍ ပေးသနားဖို့ ကိုယ်တော်ထံ၌ တောင်းလျှောက်ပါ။

## *Light To My Path* စာအုပ်ဖြန့်ချီရေး

Light To My Path (LTMP) စာအုပ်ဖြန့်ချီရေးအဖွဲ့သည် စာအုပ်စာပေရေးသားပြုစုခြင်းနှင့် ဖြန့်ဖြူးခြင်းသာသနာလုပ်ငန်းဖြစ်ပြီး၊ အာရှ၊ လက်တင်အမေရိကနှင့် အာဖရိကနိုင်ငံများရှိ လိုအပ်ချက်များနှင့် မပြည့်စုံသော ခရစ်ယာန်အမှုဆောင်များအား လက်ကမ်းပေးနေသော သာသနာပြုလုပ်ငန်းဖြစ်သည်။ ဤဖွံ့ဖြိုးဆဲနိုင်ငံများရှိ ခရစ်ယာန်အမှုဆောင်များစွာ၌ သမ္မာကျမ်းစာသင်တန်းရှိလာရန် (သို့) သူတို့၏သာသနာလုပ်ငန်းအတွက် သမ္မာကျမ်းစာလေ့လာရာတွင် လိုအပ်သောအထောက်အကူပြုပစ္စည်းများကို ဝယ်ယူနိုင်ရန်နှင့် ကိုယ်ပိုင်လေ့လာမှုများအတွက် အရင်းအမြစ်များမရှိကြပါ။ F. Wayne Mac Leod သည် Action International Ministries ၏အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး သူသည် အကူအညီလိုအပ်သေ ကမ္ဘာ့တဝှမ်းရှိသင်းအုပ်ဆရာများနှင့် ခရစ်ယာန်အမှုဆောင်များအား အခမဲ့(သို့) အရှုံးခံ၍ ဖြန့်ဖြူးပေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဤစာအုပ်များကို ရေးသားခဲ့သည်။

ယနေ့တွင် ထောင်ပေါင်းများစွာသော စာအုပ်များသည် နိုင်ငံပေါင်းခြောက်ဆယ်ကျော်ရှိ ဒေသန္တရအသင်းများ၏ တရားဟောခြင်း၌လည်းကောင်း၊ သင်ကြားခြင်း၌လည်းကောင်း၊ ဧဝံဂေလိလုပ်ငန်းများ၌လည်းကောင်း၊ ခွန်အားပေးတိုက်တွန်းခြင်းများ၌လည်းကောင်း အသုံးပြုလျက်ရှိကြသည်။ ဤစာအုပ်အတွဲများ၌ရှိနေသော စာအုပ်များအားဘာသာအမျိုးမျိုးတို့ဖြင့် ပြန်ဆိုထားပြီးဖြစ်သည်။ ရည်ရွယ်ချက်မှာ ခရစ်ယာန်အားလုံးအတွက် စာအုပ်အလုံအလောက်ရရှိနိုင်ရန် အတတ်နိုင်ဆုံးပြုလုပ်ပေးခြင်းဖြစ်သည်။

LTMP သာသနာလုပ်ငန်းသည် ယုံကြည်ခြင်း၌တည်ထားသော

## ဂလာတိသြဝါဒစာ နှင့် ဧဖက်သြဝါဒစာ

အမှုတော်ဖြစ်သည့်အားလျော်စွာ၊ ကမ္ဘာတဝှမ်းရှိ ယုံကြည်သူများအား ခွန်အား ပေးခြင်း၊ နှိုးဆော်တိုက်တွန်းခြင်းများအတွက် စာအုပ်များကို ဖြန့်ဖြူးနိုင်ရန် လိုအပ်သော အရင်းအမြစ်များအတွက် ကျွန်ုပ်တို့သည် ဘုရားသခင်အား ယုံကြည်ပုံအပ်ထားသည်။ ဤစာအုပ်များအား အခြားဘာသာစကားဖြင့် ပြန်ဆိုခြင်းအတွက်၎င်း၊ ဤထက်မကပို၍ ဖြန့်ဝေနိုင်ရန်အတွက်၎င်း၊ ဘုရား သခင်လမ်းဖွင့်ပေးရန် သင်ဆုတောင်းပေးနိုင်ပါသလား။

Light To My Path သာသနာလုပ်ငန်းနှင့်စပ်လျဉ်းသော နောက်ထပ် အသေးစိတ်အချက်အလက်များကိုသိလိုလျှင် ကျွန်ုပ်တို့၏ website ဖြစ်သော http://ltmp-homepage.blogspot.ca ၌လေ့လာပါ။

မြန်မာဘာသာဖြင့် ပြန်ဆိုထားသော စာအုပ်များနှင့်စပ်လျဉ်း၍ စုံစမ်းလိုလျှင် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပါ။


Light To My Path Myanmar

GPO Box 1021

Yangon, Myanmar 18111.

Ph:  09779912305